http://www.dhammadownload.com

ဤစာအုပ်၌

၁။ ဦးကာကျော် ဝိထိပိုင်း အဓိပ္ပါယ်များ (စာမျက်နှာ)	၁
၂။ ဦးကာကျော် ဝိထိမုတ်ပိုင်း အဓိပ္ပါယ်များ	၄၈
၃။ ဦးကာကျော် ရုပ်ပိုင်း အဓိပ္ပါယ်များ	၁၁၁
၄။ ဦးကာကျော် သမ္ဘုဇည်းပိုင်း အဓိပ္ပါယ်များ	၁၅၇
၅။ ဦးကာကျော် ပစ္စည်းပိုင်း အဓိပ္ပါယ်များ	၁၉၂
၆။ ဦးကာကျော် ကမ္မဋ္ဌာန်းပိုင်း အဓိပ္ပါယ်များ	၂၂၈
၇။ မုတ်သားပွယ်ရာ ခေါင်းစဉ်မာတိကာ	၂၇၁

ခုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

ပဋ္ဌာန်းပြဋ္ဌာန်းပြုပုံ (ကြီး)
ပဌမတွဲ (ဒုတိယတွဲ + တတိယတွဲ)

ခ၆၀၀

လတ်၊ ကြီး

အဘိဓမ္မာအောင်ပန်း

(ဒုတိယတွဲ + တတိယတွဲ)

(ဓမ္မဒါန)

အရှင်ဉာဏာသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု ကောဇာ - ၁၃၆၉ ခု

http://www.dhammadownload.com

ခ၆၀၀

ပ(ပ+ပ)။ ကုန်ကုန်ပြည်စစ်ပြီးမီ ပြည်ပမှ (။ပြည်ဖျက်) ပြည်ပသားပြောင်ပြန်

လတ်! ကြီး

အာဘိဓမ္မာအောင်ပန်း

(ဒုတိယတွဲ + တတိယတွဲ)

(ဓမ္မဒါန)

အရှင်ဉာဏာသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု

ကောဇာ - ၁၃၁၅ ခု

http://www.dhammadownload.com

ခ၆၀၀

လတ်! ကြီး

အဘိဓမ္မာအောင်ပန်း

(ဒုတိယတွဲ + တတိယတွဲ)

(ဓမ္မဒါန)

အရှင်ဉာဏာသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု

ကောဇာ - ၁၃၆၉ ခု

http://www.dhammadownload.com

ဤစာအုပ်၌

၁။ ဦးကာကျော် ဝိထိပိုင်း အဓိပ္ပါယ်များ (စာမျက်နှာ)	၁
၂။ ဦးကာကျော် ဝိထိမှတ်ပိုင်း အဓိပ္ပါယ်များ	၄၈
၃။ ဦးကာကျော် ရုပ်ပိုင်း အဓိပ္ပါယ်များ	၁၁၁
၄။ ဦးကာကျော် သမ္ဘဝည်းပိုင်း အဓိပ္ပါယ်များ	၁၅၇
၅။ ဦးကာကျော် ပစ္စည်းပိုင်း အဓိပ္ပါယ်များ	၁၉၂
၆။ ဦးကာကျော် ကမ္မဋ္ဌာန်းပိုင်း အဓိပ္ပါယ်များ	၂၂၈
၇။ မှတ်သားဖွယ်ရာ ခေါင်းစဉ်ဟာတိကာ	၂၇၁

ခုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

http://www.dhammadownload.com

လတ်, ကြီး

စာမေးပွဲများအတွက်

အဘိဓမ္မာအောင်ပန်း

(ဒုတိယတွဲ+တတိယတွဲ)

ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ- ၂၅၅၁ ခု ကောဇာ- ၁၃၆၉ ခု

http://www.dhammadownload.com

စီစဉ်ရေးသားသူ၏ ဆန္ဒ

ဤစာအုပ်ကို ရေးသားရာ၌ စာရေးသူ၏ဆန္ဒမှာ "မှတ်စုကောင်း စာအုပ်တစ်အုပ်" ဖြစ်စေလိုမှုပင် ဖြစ်ပေသည်။

ထို့ကြောင့် ဆရာမထေရ်တို့ ပို့ချပေးတော်မူခဲ့သော မှတ်စုမှတ်တမ်းများကို ယခုခေတ်ပေါ် ပုစ္ဆာဟောင်းများနှင့် တကွ စီစဉ်ရေးသားထားပြီး စာဖြေလိုသူ အရှင်မြတ်တို့အတွက် မိမိတို့ ရည်မှန်းထားသော စာမေးပွဲများ လွယ်လင့်တကူ အောင်ပန်းဆင်နိုင်စေရန်ရည်သန်လျှက် ဋီကာကျော်အဓိပ္ပါယ်များကို ပြည့်ပြည့်စုံစုံ စီစဉ်ကာ "ဤ**အဘိဓမ္မာဓောင်ပန်း**" အမည်ရှိ စာအုပ်ကို ရေးသား ထုတ်ဝေလိုက်ရပါသည်။

ကျေးဇူးစကား

ဤစာအုပ်ကို စေတနာ, သဒ္ဓါတရား လက်ကိုင်ထား ကာ ကွန်ပျူတာ စာစီ, စာရိုက်ခြင်း၊ ထို့ပြင် "မှတ်သားဖွယ်ရာ ခေါင်းစဉ် မာတိကာ" ပြုလုပ်ပေးခြင်း စသည်တို့ကို ကမကထ ပြုလုပ်ပေးသော "**လစန္ဒာ**" ကွန်ပျူတာမှ *အရှင်ကုသလ* (**ကသဲကုန်း**)–အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

အရှင်ဉာဏသာမိ
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
ပရိယတ္တိ သာသနဟိတ ဒီဃနိကာယဘာဏက
ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ (ပထမ)
မဇ္ဈိမနိကာယ ဝိဒူ

(17-7-2007)

http://www.dhammadownload.com

အဘိဓမ္မာဒေသနာပန်း

(ဒုတိယတွဲ+တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိထိပိုင်း ဦးကာဇကျော် အဓိပ္ပာယ်မျှား

➢ **ဝိထိ အဓိပ္ပါယ်** ။ ။ အာဝဇ္ဇန်း-စသော စိတ်တို့၏ အစဉ်အဆက်သည် "ဝိထိ" မည်ပါသည်။

➢ [စာပိုဒ်-၁] **စိတ္တုပ္ပါဒါနမိဒန္ဒဝံ-၌ ဥပ္ပါဒ-အရ** ။ ။ (ဥပ္ပဇ္ဇတိ ဘေတန စိတ္တန္တိ ဥပ္ပါဒေါ-ဟု ဝစနတ္ထပြု၍) စေတသိက်ကို ယူရပါမည်။

➢ **စိတ္တုပ္ပါဒ-အရ** ။ ။ (စိတ္တသ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ-ဟု ဝစနတ္ထပြု၍) စေတသိက်ကိုပင် ယူရပါမည်။ (တစ်နည်း) [စိတ္တဉ္စ စိတ္တုပ္ပါဒေါစ စိတ္တုပ္ပါဒါ-ဟု ဥတ္တရပဒေ ပုဗ္ဗပဒလောပ ဒွန်သမာသ်ပြု၍] နာမက္ခန္ဓာလေးပါးကို ယူရပါမည်။

(တစ်နည်း) စိတ္တုပ္ပါဒ-အရ- စိတ်, စေတသိက်ဟုဆိုအပ်သော နာမက္ခန္ဓာ ၄-ပါးကို ယူရပါမည်။

➢ **စိတ္တုပ္ပါဒဿ ပဒေသက်-၌ စိတ္တုပ္ပါဒ-အရ** ။ ။စိတ်ကိုသာ ယူရပါမည်။

➢ **ပကိဏ်းပိုင်းကို ဥတ္တရဲ-ဟု ဆိုရခြင်းအကြောင်း** ။ ။ ပကိဏ်းပိုင်းကို ဝေဒနာသင်္ဂဟ-စသည်ကို ဝေဖန်သောအားဖြင့် မြတ်သောကြောင့်-- တည်း။

➢ **သင်္ဂဟမုတ္တမဲ-၌ ဥတ္တရဟူသည်** ။ ။ ဝေဒနာသင်္ဂဟ စသည်ကို ဝေဖန်သော အားဖြင့် မြတ်ခြင်းဟု ဆိုလိုပါသည်။

➢ **သင်္ဂဟ-အရ** ။ ။ ပကိဏ္ဏကသင်္ဂဟကို ယူရပါမည်။ (တစ်နည်း) စိတ်, စေတသိက်, ပကိဏ်းတို့ကို ယူရပါမည်။

➢ **ဦးကာ၌ "ပုန"ဟု ဆိုရခြင်းအကြောင်း** ။ ။ စိတ်, စေတသိက်တို့၏ သင်္ဂဟကို တစ်ကြိမ်ပြုပြီး ပြပြီးဖြစ်သောကြောင့် "ပုန"ဟု ဆိုပါသည်။

➢ **ဘူမိပုဗ္ဗလဘေဒေန-၌ ဘူမိ-အရ** ။ ။ (အသိတိ ဝိထိစိတ္တာနိ-စသော ဂါထာကိုထောက်၍) ကာမ, ရူပ, အရူပ-ဟူသော ဌာနဘုံတို့ကို ယူရပါမည်။

➢ **ဘူမိ-အရ လောကုတ္တရာဘုံကို မယူရခြင်းအကြောင်း** ။ ။ အဝတ္ထာဘုံ၌ ဖြစ်သောကြောင့်ဌင်း, ဘူမိဝိဘာဂ၌ ဌာနဘုံသုံးပါးကိုသာ ဆိုလတ္တံ့ဖြစ်သောကြောင့် ဌင်း လောကုတ္တရာဘုံကို မယူရပါ။ (မဏိသာရမဉ္ဇူ)

➢ **ပုဗ္ဗလ-အရ** ။ ။ ပုဂ္ဂလဘေဒ၌ ဆိုလတ္တံ့သော သုဂတိအဟိတ်, ဒုဂ္ဂတိ -

http://www.dhammadownload.com

အဟိတ်, ဒွိဟိတ်, တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ကို ယူရပါမည်။

* **ပုဗ္ဗနိယာမိတဖြစ်ပုံ** ။ ။ ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်သည် ပဋ္ဌဝေါကာရ ဘဝဂုံပဏ္ဍေဒ ၁၅-ပါးနောင် ဖြစ်၏ဟု ရှေ့စိတ်ကိုမှတ်သားခြင်းသည် "ပုဗ္ဗနိယာမိတ"ဖြစ်ပါသည်။

* **အပရနိယာမိတဖြစ်ပုံ** ။ ။ ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ပဋ္ဌဝိညာဉ်စိတ်တို့ ဖြစ်ကုန်၏ဟု နောက်စိတ်ကို မှတ်သားခြင်းသည် "အပရနိယာမိတ" ဖြစ်ပါသည်။

➢ **ပုဗ္ဗာပရနိယာမိတ အဓိပ္ပါယ်** ။ ။ ဤစိတ်သည် ဤမျှအတိုင်းအရှည်ရှိကုန်သော စိတ်တို့မှနောက်၌ဖြစ်၏။ ဤမည်သောစိတ်၏ အခြားမဲ့၌ ဤမျှလောက်ကုန်သော စိတ်တို့ဖြစ်ကုန်၏ဟူ၍ ရှေ့စိတ် နောက်စိတ်တို့ကို သတ်မှတ်၍ ပြခြင်းသည် "ပုဗ္ဗာပရနိယာမိတ" မည်ပါသည်။

➢ **ပဝတ္တိသင်္ခေပဝိဟာရမည်ပုံ** ။ ။ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ စိတ်, စေတသိက်တို့၏ ဖြစ်ပုံကိုပြရာ သင်ဟသည် "ပဝတ္တိသင်ဟ" မည်ပါသည်။

➢ **[စာပိုဒ်-၂] ဝတ္ထု, ဒွါရ, ဘာဝမျက်စိတို့ကို ပက်ကန်းပိုင်းနှင့် ပြဆိုပြီးဖြစ်ပါ လျက် ဝိထိပိုင်းနှင့် တစ်မနှိုပ်ပြဆိုရကျိုး** ။ ။ ဆဏ္ဍာခြောက်ပါး အပြည့်အစုံပြု၍ ပ္ပဝတ္တိ သင်ဟကို ပြလိုသောကြောင့် (၀ါ) ပြခြင်းအကျိုးငှာ တစ်ဖန်ထပ်၍ ဆိုရပါသည်။

➢ **[စာပိုဒ်-၃] ဝိသယပ္ပဝတ္တိ မည်ပုံ** ။ ။ အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းသည်ရင်း, အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်ရင်း "ဝိသယပ္ပဝတ္တိ" မည်ပါသည်။

မေး ။ ။ **ဝိသယပ္ပဝတ္တိမည်ပုံကို အရှင်အနုရုဒ္ဓါ အလိုကျ သင်ဟထောက်၍ ဖြေပါ။**

ဖြေ ။ ။ ဝိထိ စာပိုဒ်-(၇) လာ ပဋ္ဌဒွါရေ မနောဒွါရေ-ဟူသော သင်ဟပါဠိကိုထောက်၍ အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းသည် ဝိသယပ္ပဝတ္တိ မည်ပါသည်။

➢ **ဝိသယပ္ပဝတ္တိ–၌ ဝိသယ–အရ** ။ ။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံတို့ကို ယူရပါမည်။

➢ **မဝတ္ထိ–ဟူသည်** ။ ။ [ကမ္မံ ၀ါ ကမ္မနိမိတ္တံ၀ါ ဂတိနိမိတ္တံ ကမ္မဗလေန ဆန္ဒဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ-ကိုထောက်၍] ပစ္စုပဋ္ဌာန (၀ါ) အာပါထာဂမနကို ဆိုလိုပါသည်။

➢ **[စာပိုဒ်-၅] ဓာတ်အရာ၌ မနောဝိညာဏဓာတ်မှ သီးခြားပြု၍ မနောဓာတ်ကို သီးခြားဆိုရခြင်းအကြောင်း** ။ ။ ဓာတ်အထူးအပြားသို့ ရောက်သည်ရှိသော် ဓာတ်ထူးသည်၏အဖြစ်သည် ပမာဏဖြစ်သောကြောင့် သီးခြားအမှုကို အထူးသိခြင်းအမှုမှ သီးခြားပြု၍ "မနောဓာတ်"ကို သီးခြားဆိုပါသည်။

➢ **ဝိညာဏဆဏ္ဍအရာ၌ မနောဝိညာဏဝိထိမှ သီးခြားပြု၍ "မနောဝိထိ" ဟု မဆိုရခြင်းအကြောင်း** ။ ။ ဝိညာဉ်အထူးအပြားသို့ ရောက်သည်ရှိသော် အလုံးစုံသော

http://www.dhammadownload.com

သိခြင်းဟူသမျှသည် အထူးသိခြင်း၌ အကျုံးဝင်သည်သာဖြစ်သောကြောင့် ဝိညာဉ်ခြောက်ပါးဟု ဆိုပါသည်။ သီးခြားပြု၍ မနောဝိထိ-ဟု မဆိုရပါ။ (ဒီပနီ)

➢ [စာပိုဒ်-၆] **စက္ခုဒ္ဒါရဝိထိ အဓိပ္ပါယ်** ။ ။ စက္ခုဒ္ဒါရ၌ဖြစ်သော စိတ်တို့၏ အဆက်ဆက်သည် "စက္ခုဒ္ဒါရဝိထိ" မည်ပါသည်။ (သောတဒ္ဒါရဝိထိ-စသည် နည်းတူ သိပါလေ။)

➢ **စက္ခုဝိညာဏဝိထိ အဓိပ္ပါယ်** ။ ။ စက္ခုဝိညာဉ်နှင့်တကွ တူသောအာရုံ၊ တူသောဒ္ဒါရ ရှိသည်၏အဖြစ်ဖြင့် အတူတကွဖြစ်ခြင်းကြောင့် စက္ခုဝိညာဉ်နှင့် စပ်ခြင်း ရှိသော စိတ်အစဉ်အဆက်သည် "စက္ခုဝိညာဏဝိထိ" မည်ပါသည်။

➢ **စက္ခုဝိညာဏဝိထိ ၂-စု အထူး** ။ ။ စိတ်ပိုင်းလာ စက္ခုဝိညာဏဝိထိ-အရ စက္ခုပသာဒရုပ်၌မှီသော စက္ခုဝိညာဉ်ဌေးကို ယူရပါသည်။ ဝိထိပိုင်းလာ စက္ခုဝိညာဏ ဝိထိ-အရ စက္ခုဒ္ဒါရ၌ဖြစ်သော စိတ် ၄၆-ပါးကို ယူရပါသည်။ဤသို့ ထူးပါသည်။

➢ **ဒ္ဒါရပ္ပဝတ္ထာ-ပါ၌ဖြင့် သိစေအပ်သော အဓိပ္ပါယ်** ။ ။ ဒ္ဒါရပ္ပဝတ္ထာပါ၌ဖြင့် ဘဝင်စိတ်များသည် ဝိထိစိတ်များကဲ့သို့ ဆက်ခါ ဆက်ခါဖြစ်သော်လည်း ဒ္ဒါရ၌ မဖြစ်သောကြောင့် ဝိထိ မမည်ဟု ပြပါသည်။

မေး ။ ။ ပဋ္ဌဒ္ဒါရ၊ မနောဒ္ဒါရ၊ ဒ္ဒါရဝိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ အပြားကို ခွဲပြပါ။

ဖြေ ။ ။ **ပဋ္ဌဒ္ဒါရ ဝိသယပ္ပဝတ္တိ-** အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ၊

မနောဒ္ဒါရ ဝိသယပ္ပဝတ္တိကား- ဝိဘူတာရုံ၊ အဝိဘူတာရုံ တို့ဖြစ်ပါသည်။

ဒ္ဒါရဝိမုတ် ဝိသယပ္ပဝတ္တိကား- ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဖြစ်ပါသည်။

➢ **ပဋ္ဌဒ္ဒါရ၌ ဝိသယပ္ပဝတ္တိ ၄-မျိုးပြားရခြင်းအစကြောင်း** ။ ။ တဒါရမ္မဏဝါရ၊ ဇဝနဝါရ၊ ဝေါဋ္ဌပ္ပနဝါရ၊ မောယဝါရ-တို့၏အစွမ်းအားဖြင့် လေးမျိုးပြားသောကြောင့် ပဋ္ဌဒ္ဒါရ၌ ဝိသယပ္ပဝတ္တိ ၄-မျိုးပြားရပါသည်။

➢ **အတိမဟန္တာရုံ မည်ပုံ** ။ ။ စိတ္တက္ခဏတစ်ချက်လွန်သည်ဖြစ်၍ ထင်ခြင်းသို့ ရောက်သော စိတ္တက္ခဏ ၁၆-ချက် အသက်ရှိသော အာရုံသည် အတိမဟန္တာရုံ မည်ပါသည်။

➢ **မဟန္တာရုံမည်ပုံ** ။ ။ စိတ္တက္ခဏ ၂-ချက်, ၃-ချက် လွန်ခြင်းရှိသည်ဖြစ်၍ ၁၅-ချက်, ၁၄-ချက် စိတ္တက္ခဏ အသက်ရှိသော အာရုံသည် မဟန္တာရုံ မည်ပါသည်။

[စိတ္တက္ခဏ ၂-ချက် လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော စိတ္တက္ခဏ ၁၅-ချက် အသက်ရှိသော အာရုံသည်ဝင်း၊ စိတ္တက္ခဏ ၃-ချက် လွန်သည်ဖြစ်၍ ထင်ခြင်းသို့ ရောက်သော စိတ္တက္ခဏ ၁၄-ချက် အသက်ရှိသော အာရုံသည်ဝင်း မဟန္တာရုံ မည်ပါသည်။]

http://www.dhammadownload.com

➢ **မရိတ္တာရုံမည်ပုံ** ။ ။ စိတ္တက္ခဏ ၄-ချက်မှစ၍ စိတ္တက္ခဏ ၉-ချက်တိုင်အောင် လွန်ခြင်းရှိသည်ဖြစ်၍ စိတ္တက္ခဏ ၁၃-ချက်မှစ၍ စိတ္တက္ခဏ ၈-ချက်တိုင်အောင် အသက်ရှိသော အာရုံသည် "ပရိတ္တာရုံ" မည်ပါသည်။

[စိတ္တက္ခဏ ၄-ချက်လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော စိတ္တက္ခဏ ၁၃-ချက် အသက်ရှိသော အာရုံသည်၎င်း၊ စိတ္တက္ခဏ ၅-ချက်/၁၂-ချက်၊ ၆-ချက်/၁၁-ချက်၊ ၇-ချက်/၁၀-ချက်၊ ၈-ချက်/၉-ချက်၊ ၉-ချက်/၈-ချက် အသက်ရှိသော အာရုံသည်၎င်း "ပရိတ္တာရုံ" မည်ပါသည်။]

➢ **အတီပရိတ္တာရုံမည်ပုံ** ။ ။ စိတ္တက္ခဏ ၁၀-ချက်မှစ၍ စိတ္တက္ခဏ ၁၅-ချက်တိုင်အောင် လွန်ခြင်းရှိသည်ဖြစ်၍ စိတ္တက္ခဏ ၇-ချက်မှစ၍ စိတ္တက္ခဏ ၂-ချက်တိုင်အောင် အသက်ရှိသောအာရုံသည် အတိပရိတ္တာရုံ မည်ပါသည်။

[စိတ္တက္ခဏ ၁၀-ချက်လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော စိတ္တက္ခဏ ၇-ချက် အသက်ရှိသော အာရုံသည်၎င်း၊ စိတ္တက္ခဏ ၁၁-ချက်/၆-ချက်၊ ၁၂-ချက်/၅-ချက်၊ ၁၃-ချက်/၄-ချက်၊ ၁၄-ချက်/၃-ချက်၊ ၁၅-ချက်/၂-ချက် အသက်ရှိသော အာရုံသည်၎င်း "အတိပရိတ္တာရုံ" မည်ပါသည်။]

➢ **ဝိဘူတာရုံ မည်ပုံ** ။ ။ ထင်ရှားသော အာရုံသည် ဝိဘူတာရုံ မည်ပါသည်။

➢ **အဝိဘူတာရုံ မည်ပုံ** ။ ။ မထင်ရှားသော အာရုံသည် "အဝိဘူတာရုံ" မည်ပါသည်။

➢ **[စာပိုဒ်-၈] ဥပ္ပါဒဋ္ဌိတိ–စသော စကားကို အားထုတ်ရကျေး** ။ ။ အတိမဟန္တာရုံ စသည်တို့၏ အပြားအားဖြင့် အာရုံတို့ကို ပိုင်းခြားမှတ်သားခြင်းသည် အဘယ် အပြားအားဖြင့် ဖြစ်သနည်းဟု မေးပြီး၍ စိတ္တက္ခဏ အစွမ်းဖြင့် ပိုင်းခြားသတ်မှတ်ခြင်းကို ထင်ရှားပြခြင်းငှာ "ဥပ္ပါဒဋ္ဌိတိ" စသော စကားကို အားထုတ်ရသည်။

➢ **ဥပ္ပါဒ (ဥပါဒ်) မည်ပုံ** ။ ။ သဘောတရားကို ရခြင်းသည် ဥပ္ပါဒ (ဥပါဒ်) မည်ပါသည်။

➢ **ဋ္ဌိတိ (ဋ္ဌီ) မည်ပုံ** ။ ။ ဥပါဒ်, ဘင် နှစ်မျိုးတို့၏အလယ်၌ ဘင်သို့ရှေးရှုသော ဖြစ်ခြင်းသည် ဋ္ဌိတိ (ဋ္ဌီ) မည်ပါသည်။

➢ **ဘင် (ဘင်) မည်ပုံ** ။ ။ သဘောတရားတို့၏ ပျက်စီးခြင်းသည် ဘင် (ဘင်) မည်ပါသည်။

မေး ။ ။ **ဋ္ဌိဇာ** ရှိသင့်/**မရှိသင့်** ကေစိဆရာတို့အလိုကျ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ ။ ။ စိတ္တယမိုက် ပါဠိတော်၌ ဥပါဒ်နှင့်ဘင်ကိုသာ ဟောမ်ိ ဋ္ဌိဇာကို မဟော-
သောကြောင့် ဋ္ဌိဇာ မရှိသင့်ပါ။ [အကျယ်] ➢

http://www.dhammadownload.com

[အကျယ်] စိတ္တယမိုက်၌ ဥပ္ပန္နံ ဥပ္ပဇ္ဇမာန်-စသော ပုဒ်တို့၏ဝိဘင်း၌ ဘဂ်ကျွေး ဥပ္ပန္နံ နောစ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒကွေး ဥပ္ပန္နဠေ ဥပ္ပဇ္ဇမာနဠ စသည်ဖြင့် ဘင်နှင့် ဥပါဒ်တို့ကိုသာ ဟောတော်မူ၍ ဌီခဏကို ဟောတော်မမူသောကြောင့်ရင်း။ စိတ်၏ ဌီခဏရှိခဲ့သော် " ဌိတိကွေး ဘဂ်ကွေးစ"ဟု ဟောတော်မူထိုက်သောကြောင့်ရင်း "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ ဌိတသ အညထတ္တံ ပညာယတိ"ဟူသော သုတ္တန်ပါဠိတော်ပါ၌ကြောင့် ဌီခဏကို အလိုရှိပြားအုံ၊ ထိုသုတ္တန်ပါဠိတော်ပါ၌၌လည်း တစ်ခုတည်းသောတရား၌ တစ်ပါးသောအပြား မဖြစ်နိုင်သောကြောင့်ရင်း ထင်ရှားခြင်းအနက်ဟော ပညာယတိကြိယာကို ဆိုသောကြောင့်ရင်း ရှုပ်နာမ်အစဉ်အဆက်၏ တည်ခြင်းဟူသော ဌီကိုသာ အလိုရှိ၍ ခဏဌီကို အလိုမရှိအပ်သောကြောင့်ရင်း၊ အဘိဓမ္မာ ပါဠိတော်ဝယ် ရထိုက်သော တရားကို မဟောဘို့ရန် အကြောင်းမရှိသောကြောင့်ရင်း၊ သဘာဝဓမ္မအားလျှော်စွာ ဆုံးမရာ အဘိဓမ္မာပိဋကတ်၌ ဟောတော်မမူခြင်းသည် မရှိခြင်းကိုသာ ပြသောကြောင့်ရင်း စိတ်၏ ဌီခဏ မရှိသင့်ပါ။

➢ **ဦးကာဆရာအလို စိတ်၏ ဌီခဏရှိနိုင်ခြင်းအကြောင်း** ။ ။ ဥပါဒ်, ဘင်တို့၏ တစ်ခုသော တရားလျှင် တည်ရာရှိပါသော်လည်း ဥပါဒ်ခဏသည် ဘင်ခဏမှ တစ်မျိုး တစ်ခြား, ဘင်ခဏသည် ဥပါဒ်ခဏမှ တစ်မျိုးတစ်ခြားဖြစ်သောကြောင့် ဥပါဒ် အခိုက်အတန့်မှ ကွဲပြားသော ဘင်အခိုက်အတန့်ကို အလိုရှိသကဲ့သို့ ထို့အတူ ဥပါဒ် အခိုက်အတန့် ဘင်အခိုက်အတန့်တို့မှကွဲပြားသော ဘင်သို့ရှေးရှုသော အခိုက်အတန့်ကို ဌီဟု အလိုရှိထိုက်သောကြောင့် စိတ်၏ ဌီခဏ ရှိနိုင်ပါသည်။

➢ **ဥပါဒ်နှင့်ဘင်တို့၏ ဓကခမ္မာဓရ (တစ်ခုသောတရားလျှင်တည်ရာ) မတူတော်လျှင် ရောက်နိုင်သော အပြစ်** ။ ဥပါဒ်နှင့်ဘင်တို့ တရားတစ်ခုတည်း၌ မတည်ဘဲ တရားတစ်မျိုးစီ တည်ကြလျှင် အဖြစ်တရားကတခြား, အပျက်တရားကတခြား ဤသို့ ကွဲပြား၍ အသင့်ယုတ္တိ မရှိသော ဩဘိတျဟီနဒေါသ သင့်ရောက်နိုင်ပါသည်။

➢ **ဌီခဏရှိပါလျှက် စိတ္တယမိုက်၌ ဌီခဏကို မဇောခြင်းအကြောင်း** ။ ။ ရှုပ်၏ ဥပါဒ်တစ်ခုကို ဥပစယ, သန္တတိ-ဟူ၍ နှစ်ပါးအပြားအားဖြင့် ခွဲခြား၍ ဟောတော်မူ သကဲ့သို့ ဝေနေယျတို့၏အလိုအား မဆန့်ကျင်စေလိုသောကြောင့်ရင်း, မိဂပဒဝဎ္ဍန နည်းကို ပြတော်မူလိုသောကြောင့်ရင်း ဟောတော်မမူပါ။

ဓမ ။ ။ သခ်တတရားချင်း တူညီပါလျက် အဘယ့်ကြောင့် စိတ်သက်မှာတို့၏ ရှုပ်-
သက်မှာ ရှည်ရသည်ကို ဦးကာလာအတိုင်း ရှင်းပြပါ။

➢ **စိတ်သက်မှာတို့၏ ရှုပ်သက်မှာ ရှည်ရခြင်းအကြောင်း** ။ ။ နာမ်တရားသည် အာရုံကိုယူတတ်သော ဂါဟက-တရားဖြစ်၏၊ ထိုဂါဟက-တရား၏ အာရုံယူမှုကိစ္စ

http://www.dhammadownload.com

သည် စိတ္တက္ခဏတစ်ချက်ကာလဖြင့် ပြီးသောကြောင့် နာမ်တရားသည် အချုပ်မြန်၏ ထို့ကြောင့် စိတ်သက်(နာမ်သက်) မှာ တိုရပါသည်။

ရူပ်တရားသည် အာရုံအဖြစ်ဖြင့် အယူခံရသော ဂဟေတဗ္ဗတရားဖြစ်၏၊ ထို ဂဟေတဗ္ဗ တရား၏ အာရုံအယူခံရသော ကိစ္စသည် စိတ္တက္ခဏ ၁၇-ချက်ကာလဖြင့် ပြီးသောကြောင့် ရူပ်တရားသည် အချုပ်နှေး၏၊ ထို့ကြောင့် ရူပ်သက်မှာ ရှည်ရပါသည်။

ဓမ်း ။ ။ "ရူပ်သည် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိ၏"ဟူရာဝယ် ထိုရူပ်တရား၌ ပါဝင်ခွင့် မရသော ရူပ်များကို အကြောင်းနှင့်တကွ အသီးသီးဖော်ပြပါ။(၄၈-ခုလတ်)

ဓမ်း ။ ရူပဓမ္မာနမာယူ-၌ မပါဝင်သော ရူပ်တို့ကို အကြောင်းနှင့်တကွ ထုတ်ပြပါ။

➢ **ရူပဓမ္မာနမာယူ-၌ မပါဝင်စသော ရူပ်များ** ။ ဝိညတ်ဒွေးသည် စိတ္တက္ခဏ ၁-ချက်ခန့် အသက်ရှည်သောကြောင့်ထင်း၊ လက္ခဏရူပ်တို့တွင် ဥပစယ, သန္တတိ-ဟူသော ဇာတိရူပ်သည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှည်သောကြောင့်ထင်း၊ အနိစ္စတာ-သည် စိတ်၏ဘင်ခဏမျှသာ အသက်ရှည်သောကြောင့်ထင်း၊ ဇရတာသည် ခဏယ ၄၉-ချက်မျှ အသက်ရှည်သောကြောင့်ထင်း ရူပဓမ္မာနမာယူ-၌ ဝိညတ်ဒွေးနှင့်, လက္ခဏရူပ် လေးခုတို့ မပါဝင်ပါ။

➢ **ဝိညတ်ဒွေး၏ စိတ္တက္ခဏ ၁-ချက်မျှသာ အသက်ရှိခြင်း သိရဖို့**

ဝိညတ်ဒွေးကို စိတ္တာနုပရိဝတ္တိဓမ္မတို့၌ ဘုရားရှင် ဟောကြားထားသည်ကို ထောက်၍ စိတ္တက္ခဏ တစ်ချက်သာ အသက်ရှိကြောင်း သိရပါသည်။

ဓမ်း ။ ။ စိတ်တူ သဘောတူဟူ၍ ပြေဆိုနေကြသော လောကစကားကဲ့သို့ပင် အဘိဓမ္မာ သဘာဝများ၌လည်း (က) စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ နာမ်တရားများ (ခ) စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ ရူပ်တရားများကို ညွှန်ပြပါ။ (၁၃၅၀-ခု လတ်)

➢ **စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ နာမ်တရားများ** ။ ။ စေတသိက် ၅၂-ပါးဖြစ်ပါသည်။

➢ **စိတ်တစ်ခုနှင့် ဖြစ်ပျက်တူ ရူပ်တရားများ** ။ ။ ဝိညတ်ဒွေး ဖြစ်ပါသည်။

➢ **စိတ်နှင့် အသက်တူစသော ရူပ်** ။ ။ ဝိညတ်ဒွေး ဖြစ်ပါသည်။

➢ **နာမ် (စိတ်) ဓမ္မာက် အသက်တိုစသော ရူပ်** ။ ။ ဥပစယ, သန္တတိ, အနိစ္စတာ-တို့ ဖြစ်ပါသည်။

➢ **စိတ်ထက် အသက်ရှည်စသော ရူပ်များ** ။ ။ ဝိညတ်ဒွေး, ဥပစယ, သန္တတိ, အနိစ္စတာ တို့မှတစ်ပါး ကျန် ၂၃-ပါး ဖြစ်ပါသည်။

➢ **ရူပဓမ္မာနမာယူ၌ ရူပ-အရ အသဘာဝရူပ် (အာကာသဓာတ်နှင့် လဟုတာ-စသော ရူပ်သုံးပါး) လေးပါး ယူရခြင်းအကြောင်း** ။ ။ အာကာသဓာတ်နှင့် လဟုတာ စသော ရူပ်သုံးပါးတို့သည် ပရမတ္ထအစစ်ဖြစ်သော သဘာဝရူပ်တရားတို့ ထင်ရှားရှိ

http://www.dhammadownload.com

နေသမျှ ထိုအာကာသဓာတ် အစရှိသော အသဘာဝရုပ် ၄-ပါးတို့ကို စိတ္တကွဏ ၁၇-ချက် ရှိသကဲ့သို့ ရအပ်သောကြောင့် -- တည်း။ (၆)

➢ **ရှုပ်သက် စိတ္တကွဏ ၁၆–ဈက်ရှိသည်ဟု ဂေါစိဆရာတို့ ဆိုရခြင်း အကြောင်း**

ပဋိစ္စသမုပ္ပါဒ် အဌကထာ၌ "ဂေါဒသ စိတ္တကွဏာ အတီတာ ဟောန္တိ အထာ ဝသေသ ပဋ္ဌစိတ္တကွဏာယုကေ"ဟု မိန့်ဆိုခြင်းကြောင့်ရင်း, ဥပါဒ်လျှင် ဥပါဒ်ခြင်းပင် ရုပ်အာရုံသည် ဘဝင်လှုပ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း-- တည်း။

➢ **ရှုပ်သက် စိတ္တကွဏ ၁၆–ဈက်သာ ရှိသည်ဆိုသော ဂေါစိစကား အနှစ်သာရ မရှိ (၀ါ) မမှန်ခြင်းအကြောင်း ။ ။** ပဋိသန္ဓေစိတ်နှင့် တကွဖြစ်ဘက် ရုပ်တရားသည် ပဋိသန္ဓေစိတ်မှစ၍ ၁၇-ချက်မြောက်သော စိတ်နှင့် အတူချုပ်၏၊ ပဋိသန္ဓေစိတ်၏ ဒို့ခဏ၌ဖြစ်သော ရုပ်သည် ၁၈-ချက်မြောက်သော စိတ်ဥပါဒ်ခဏနှင့် အတူချုပ်၏ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အဌကထာ၌ပင် စိတ္တကွဏ ၁၇-ချက် တိုက်ရိုက်လာသော ကြောင့် မမှန်ပါ။

ဖေး ။ တာနိ ပန သတ္တရသ စိတ္တကွဏာနိ ရူပဓမ္မာနမာယု-၌ သတ္တရသ စိတ္တကွဏာနိ ကို သမာသ်–ဝါကျ နှစ်မျိုးကြံကာ အနက်ဖေးပြပါ။

ဖြေ ။ ။ ပန၊စိတ်သက်မှတစ်ပါး ရုပ်သက်ကိုဆိုအံ့။တာနိ၊ထိုသို့သဘောရှိကုန်သော။

သတ္တရသ စိတ္တကွဏာနိ၊တစ်ဆယ့်ခုနှစ်ချက်သော စိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည်။ရူပဓမ္မာနံ၊ဝိညတ်ငွေး လက္ခဏာရုပ်လေးခုသည် ကြဉ်အပ်သော ၂၂-ပါးသော ရုပ်တို့၏။အာယု၊အသက်တို့တည်း။ **(သမာသ်ကြံ၍ ပေးသည်။)**

ပန၊စိတ်သက်မှတစ်ပါး ရုပ်သက်ကိုဆိုအံ့။တာနိ၊ထိုသို့သဘောရှိကုန်သော။သတ္တရသ၊တစ်ဆယ့်ခုနှစ်ချက်ကုန်သော။စိတ္တကွဏာနိ၊စိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည်။ရူပဓမ္မာနံ၊ဝိညတ်ငွေး လက္ခဏာရုပ်လေးခုသည် ကြဉ်အပ်သော ၂၂-ပါးသော ရုပ်တို့၏။အာယု၊အသက်တို့တည်း။ **(ဝါကျကြံ၍ ပေးသည်။)**

➢ **ဂေါစိတ္တကွဏ–အရ ။ ။** စိတ်၏ တစ်ခုသောခဏနှင့် တစ်ခုသော ခဏကဲ့သို့သော ခဏအပေါင်းကို ယူရပါမည်။

➢ **ဂေါစိတ္တကွဏာတီတာနိ–အရ ။ ။** ပဋ္ဌာရုံကို လွန်၍ဖြစ်သော တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏရှိသောကြောင့် အတီမဟန္တဖြစ်သော ပဋ္ဌာရုံကို ယူရမည်

➢ **ဗဟုစိတ္တကွဏာတီတာနိ–အရ ။ ။** မဟန္တ, ပရိတ္တ, အတိပရိတ္တဖြစ်သော ပဋ္ဌာရုံကို ယူရမည်။ (ဒီပနီ-၁၅)

➢ **ဂေါစိတ္တကွဏာတီတာနိ၀ါ ဗဟုစိတ္တကွဏာတီတာနိ၀ါ–ဟု ဆိုရခြင်းအကြောင်း**

အောက်ထစ်ဆုံးအားဖြင့် စိတ္တကွဏတစ်ကြိမ်မျှသော်လည်း လွန်ပြီးမှသာလျှင် ရုပ်

http://www.dhammadownload.com

၏ ထင်ခြင်းသို့ ရောက်ခြင်းငှာ စွမ်းနိုင်သောကြောင့်--တည်း။

➢ **ဌိတမ္ပဏ္ဍာသာ ထင်ရှင်းအကြောင်း/ဌိတိမ္ပဏ္ဍာနေဝ-ဟု အရှင်အနုရုဒ္ဓါ ဆိုရှင်းအကြောင်း ။ ။** ကေစိတ္တကွကာတိတ (၀ါ) ဗဟုစိတ္တကွကာတိတဖြစ်သော ပဏ္ဍာရုံတို့၌ ဌိခဏ၌သာ ပြည့်စုံသော အကြောင်းအထောက်အပံ့ကိုရ၍ အားကောင်းသောကြောင့် ဌိခဏ၌သာ ထင်ခြင်းသို့ ရောက်ပါသည်။ (၀ါ) ဌိတိမ္ပတ္တာနေဝ-ဟု အရှင်အနုရုဒ္ဓါ ဆိုရပါသည်။ (ဒီပနီ)

အမှာ ။ ။ ဤ၌ ဌိဟူသည် ပဏ္ဍာရုံ၌ ဌိကိုဆိုလိုသည်၊ စိတ်၏ ဌိကို မဆိုလိုပါ။

➢ **ဌိတိမ္ပဏ္ဍာနေဝ-၌ ၀ေ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** ဥပါဒိခဏ၌သာ ထင်ခြင်းသို့ရောက်၏ဟုဆိုသော ကေစိဆရာ(၀ါ) မူလဋီကာဆရာ၏ ၀ါဒကို တားမြစ်ပါသည်။ (ဒီပနီ)

➢ **ပဏ္ဍာရမ္ဘကာနိ-၌ ပဏ္ဍာရမ္ဘက-အရ ။ ။** များသော ရူပ်ကလာပ်တို့၌ တည်ကုန်သော ရူပါရုံ သဒ္ဒါရုံနှင့် တစ်ခုခုသော ရူပ်ကလာပ်, များသော ရူပ်ကလာပ်တို့၌ တည်ကုန်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ၄ပါးကို ယူရပါမည်။

➢ **ပဏ္ဍာရမ္ဘကာနိ ပဋ္ဌါဝေ အာပါထ မာဂစ္ဆ ဣတိ အဓိပ္ပါယ်/ ပဏ္ဍာရုံတို့ ပဋ္ဌမသာဒတို့၌ ထင်ခြင်းသို့ရောက်မုံ ။ ။** ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိ, မိမိတို့၏ တည်ရာဌာန၌ တည်ကုန်၍သာလျှင် အာရုံအဖြစ်သို့ရောက်သောကြောင့် နှလုံးသွင်းအားလျော်စွာ များစွာသော ကလာပ်၌တည်ကုန်၍ ထင်ခြင်းသို့ ရောက်ပါသည်။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒတို့၏ မှီရာတို့၌ ကပ်ငြိကုန်၍သာ ဝိညာဉ်၏အကြောင်းဖြစ်သောကြောင့် တစ်ခု တစ်ခုသော ကလာပ်၌တည်၍ဝင်း, များစွာသောကလာပ်၌ တည်၍ဝင်း ထင်ခြင်းသို့ ရောက်ပါသည်။

➢ **ပဋ္ဌဝိညာဉ်စိတ်တို့၏ မှီရာ ပသာဒများ ။ ။** ဘဝင်စလန၏ အနန္တရပစ္စည်းဖြစ်၍ဖြစ်သော ဘဝင်နှင့်တကွဖြစ်သော ပဋ္ဌပသာဒတို့သည် မှီရာဖြစ်ပါသည်။

(တစ်နည်း) အပရေဆရာတို့အလို- ပဋ္ဌဒွါရာ၀ဇ္ဇန်းနှင့် တကွဖြစ်သော ပဋ္ဌပသာဒတို့သည် မှီရာဖြစ်ပါသည်။

ဓမ်း ။ ။ သစ်ပင်များလှုပ်သကဲ့သို့ လှုပ်သည်ကိုပင် ဘဝင်လှုပ်သည်ဟု ဆိုပါသလော အဘယ်သို့ဖြစ်သည်ကို "ဘဝင်လှုပ်သည်"ဟု ဆိုရပါသနည်း။

➢ **ဘဝင်လှုပ်သည်-ဟူသည် ။ ။** ရှေးဘဝင်နှင့် မတူသော အာ၀ဇ္ဇန်း-စသော ဝိထိစိတ်များဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဘဝင်စိတ်များဖြစ်ခြင်းကို "ဘဝင်လှုပ်သည်"ဟု ဆိုပါသည်။

ဓမ်း ။ ။ "ဘဝင်လှုပ်"ဟူသော စကားဝှေ၏ အဓိပ္ပာယ်ကို အနွယ်/ဗျတိရေကအားဖြင့်

http://www.dhammadownload.com

ဖော်ပြပါ။

စမြ ။ ။ မတူသော အာဝဇ္ဇန်း-စသော ဝိထိစိတ်များဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဘဝင်စိတ်ဖြစ်ခြင်းကို လှုပ်သည်ဟု ဆိုပါသည်။ (အနွယ)
မိမိဖြစ်ရာ အရပ်မှ အခြားအရပ်၌ ပြောင်းရွှေ့တည်ခြင်းကို လှုပ်သည်ဟု မဆိုလိုပါ။ (ဗျတိရေက)

ဓမေ ။ ။ ပဠွဂါရေ အာပါထ မာဂဿတိ-၌ ရှုပါရုံသည် စက္ခုဒ္ဒါရ၌သာ ထင်နိုင်ပါသ - လော? အဘယ်ဒ္ဒါရ၌လည်း ထင်နိုင်ပါသေးသနည်း၊ သာဓကပြ ဖြေဆိုရ၏ ရှုပါရုံ၏ ထင်ရာဖြစ်သော ယင်းဒ္ဒါရနှစ်ပါးတို့၏ အထူးကိုလည်း ဖော်ပြပါ။

စမြ ။ ။ ရှုပါရုံသည် စက္ခုပသာဒ (စက္ခုဒ္ဒါရ)အား ထင်ခြင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘဝင် (မနောဒ္ဒါရ)သို့ ထင်ခြင်းသို့ ရောက်နိုင်ပါသည်။ (သာဓက) ဒ္ဓိကဗ္ဗတ္ထု ဘဝင်ဝေ စလိတေ။

➢ **ထင်စြင်းသို့ ရောက်ရာ ဒ္ဒါရနှစ်ပါးအထူး** ။ ။ ၁။ စက္ခုဒ္ဒါရအား ထင်ခြင်းသို့ ရောက်ခြင်းသည် စက္ခုဝိညာဉ်ဖြစ်ခြင်း၏သာ အကြောင်းမည်၏၊ ပဠွဂါရာဝဇ္ဇန်း ဖြစ်ခြင်း၏ အကြောင်းမမည်။ ၂။ မနောဒ္ဒါရအား ထင်ခြင်းသို့ရောက်ခြင်းသည်သာ စက္ခုဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းလည်းဟုတ်၏၊ အာဝဇ္ဇန်းဖြစ်ခြင်း၏ အကြောင်းလည်းဟုတ်၏၊ (ဒီပနီ)

➢ **ဘဝင်လှုပ်ရွှေ့ခြင်းအကြောင်း** ။ ။ ပသာဒပါးပါးတို့၌ လျှောက်ပတ်သော အရပ်ဌာနတွင် တည်ရှိသည်၏ အစွမ်းအားဖြင့် အာရုံသို့ ထိခိုက်လာသောကြောင့် ဘဝင်လှုပ်ရပါသည်။

➢ **ဘဝင်နှစ်ကြိမ် လှုပ်ရွှေ့ခြင်းအကြောင်း** ။ ။ လျှင်သော အဟုန်ဖြင့် ပြေးသွားသော ယောက်ျားသည် ရပ်တည်လိုသော် ချက်ခြင်း မရပ်တည်နိုင်သေးဘဲ ခြေတစ်လှမ်း နှစ်လှမ်း လွန်ပြီးမှသာ ရပ်တည်နိုင်သကဲ့သို့ ပဠွဂါသာဒတို့၌ သင့်လျော်သော အရပ်၌ ပိုင်းခြား၍တည်သည်၏ အစွမ်းဖြင့် အာရုံထိခိုက်လတ်သော် ပသာဒ၌ ထိခိုက်ခြင်း၏ အစွမ်းကြောင့် ဘဝင်အစဉ်သည် ချက်ခြင်း မပြတ်ဘဲ နှစ်ကြိမ်ဖြစ်ပြီးမှသာ ပြတ်ရပါသည်၊ ထို့ကြောင့် ဘဝင်နှစ်ကြိမ်လှုပ်ရပါသည်။

➢ **ဘဝင်စလနမည်ပုံ** ။ ။ ပဌမဘဝင်စိတ်သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ ဖြစ်သောကြောင့် "ဘဝင်စလန" မည်ပါသည်။

➢ **ဘဝင်ုပစ္ဆေဒ မည်ပုံ** ။ ။ ဒုတိယဘဝင်စိတ်သည် ထိုဘဝင်အစဉ်၏ ပြတ်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် "ဘဝင်ုပစ္ဆေဒ" မည်ပါသည်။

ဓမေ ။ ။ ရှုပါရုံက စက္ခုပသာဒကို ထိခိုက်ပါလျက် အဘယ့်ကြောင့် ဟဒယဝတ္ထုရှုပ်

http://www.dhammadownload.com

၌ မှီသော ဘဝင်လှုပ်ရသည်ကို ဦးကာကျော် ဥပမာသွင်း၍ ဖြေရှင်းခဲ့ပါ။

➢ **ရူပါရုံက စက္ခုပသာဒကို ထိနိုက်ပါလျက် ဟဒယဝတ္ထုရှုပ်ကို မှီသော ဘဝင်လှုပ်ရခြင်းအကြောင်း** ။ ။ စည်မျက်နှာတစ်ဖက်တွင်တည်သော သကာခဲ၌ ယင်ကောင်နားနေရာ အခြားမျက်နှာတစ်ဖက်ကို ဒုတ်-စသည်ဖြင့် ရိုက်နှက်သည်ရှိသော် အစဉ်အားဖြင့် စည်ကျက်ထားသော သားရေ ကြိုးစသည် လှုပ်သဖြင့် သကာခဲပါလှုပ်ပြီး ယင်ကောင်ပျံသွားသကဲ့သို့ ထိုနည်းတူစွာ ရူပါရုံ-စသည်က ပသာဒကို ထိခိုက်လေရာ ထိုပသာဒရှုပ်တို့၏မှီရာ မဟာဘုတ်တို့ လှုပ်သည်ရှိသော် အစဉ်အားဖြင့် မဟာဘုတ်နှင့် ဆက်စပ်နေသော ကြွင်းရှုပ်တို့လှုပ်သဖြင့် ဟဒယဝတ္ထု လှုပ်ရပါသည်၊ ဟဒယဝတ္ထု လှုပ်သဖြင့် ယင်း၌မှီသော ဘဝင်လှုပ်ရပါသည်၊ ဤသို့ အစဉ်အဆက်အစွမ်းအားဖြင့် တစ်စပ်တည်းဖြစ်သောကြောင့် ရူပါရုံက စက္ခုပသာဒကို ထိခိုက်ပါသော်လည်း ဟဒယဝတ္ထု၌မှီသော ဘဝင်လှုပ်ရပါသည်။ [**အကျဉ်း**] ရှုပ်နာမ်တရားတို့သည် တစ်ခုတည်းသောသန္တာန် အစဉ်အဆက်အစွမ်းအားဖြင့် တစ်စပ်တည်းဖြစ်သောကြောင့် ရူပါရုံက စက္ခုပသာဒကို ထိခိုက်ပါသော်လည်း ဟဒယဝတ္ထု၌မှီသော ဘဝင်လှုပ်ရပါသည်။

ဓမ်း ။ ။ **မျက်စိဖြင့် ရူပါရုံကို မြင်ရာ၌ စက္ခုပသာဒဖြင့် မြင်သလော?** စက္ခုဝိညာဉ်ဖြင့် **မြင်သလော? သင်ဟသာဓကဖြင့် တင်ပြပါ။**

ဖြေ ။ ။ စက္ခုဝိညာဉ်ဖြင့် မြင်ပါသည်။ (သာဓက) တမေဝ ရူပ် ပဿန္တံ့ စက္ခုဝိညာဏ်

ဓမ်း ။ ။ **ရူပ်မြင်သံကြားကို ကြည့်ရှုရာ၌ စက္ခုပသာဒရှုပ်က မြင်ပါသလော?**စက္ခုဝိညာဉ်စိတ်က **မြင်ပါသလော?** မြတ်ဗုဒ္ဓအဘိဓမ္မာ ရှုထောင့်မှ အကြောင်းသွင်း၍ ရှင်းလင်းပြပါ။ (၁၃၄၇-ခု လတ်)

ဖြေ ။ ။ ရှုပ်သည် ကန်းသည်ဖြစ်၍ အာရုံကိုမြင်ခြင်း၌ မစွမ်းနိုင်သောကြောင့် ရှုပ်မြင်သံကြားကို ကြည့်ရှုရာ၌ စက္ခုပသာဒရှုပ်က မမြင်နိုင်ပါ၊ စက္ခုဝိညာဉ်စိတ်ကသာ မြင်ပါသည်။

➢ **တမေဝ ရူပ် ပဿန္တံ့ စက္ခုဝိညာဏ်-ဟု ဆိုရခြင်းအကြောင်း** ။ ။ရှုပ်သည် အကန်းဖြစ်၍ ရူပါရုံကိုမြင်ခြင်း၌ မစွမ်းနိုင်၊ စက္ခုဝိညာဉ်ကသာ ရူပါရုံကို မြင်နိုင်သောကြောင့် တမေဝ ရူပ် ပဿန္တံ့ စက္ခုဝိညာဏ်-ဟု ဆိုရပါသည်။

ဓမ်း ။ ။ **စက္ခုဝိညာဉ်စိတ်က မြင်နိုင်/မမြင်နိုင်သော ဓာတ်ရိုက ရူပါရုံများကို** အကြောင်းသွင်း၍ ရှင်းပြပါ။

ဖြေ ။ ။ အရောင်အလင်းကို တားမြစ်မှု မရှိသည့်အတွက် အာလောက-ဟူသော အကြောင်းတရားနှင့် ပြည့်စုံသောကြောင့် --ဖန်မှန်-စသည် ခြားကွယ်နေသော အခြားတစ်ဘက်မှ ရူပါရုံကို စက္ခုဝိညာဉ်စိတ်က မြင်နိုင်ပါသည်။

http://www.dhammadownload.com

အရောင်အလင်းကို တားဆီးထားသည့်အတွက် အာလောက-ဟူသော အကြောင်းတရား မရှိသောကြောင့် - နံရံတံတိုင်း-စသည် ခြားကွယ်နေသော ရူပါရုံကိုကား စက္ခုဝိညာဉ်စိတ်က မမြင်နိုင်ပါ။

➢ **ယံကိဉ္စိ လဒ္ဓပစ္စယံ–ဒ္ဒှ လဒ္ဓပစ္စယ အဓိပ္ပါယ်** ။ ။ ယောနိသော မနသိကာရ စသည်တို့၏ အစွမ်းဖြင့် ရအပ်သောအကြောင်းရှိသောကြောင့် ဇောသည် "လဒ္ဓပစ္စယ" မည်ပါသည်။

➢ **လဒ္ဓပစ္စယ သဗ္ဗမ်/အရ** ။ ။ (၁) ယောနိသောမနသိကာရ (၂) အယောနိသော မနသိကာရ (၃) နိရာနုသယသန္တာန်တို့ ဖြစ်ပါသည်။

မေး ။ ။ ယံကိဉ္စိ လဒ္ဓပစ္စယံ-ဒ္ဒှ မည်သည့်အကြောင်းကြောင့် မည်သည့်အကျိုး ဖြစ်ပါသနည်း။

ဖြေ ။ ။ ယောနိသော မနသိကာရကြောင့် မဟာကုသိုလ်ဇော ၈-ခု၊ အယောနိသော မနသိကာရကြောင့် အကုသိုလ်ဇော ၁၂-ခု၊ နိရာနုသယသန္တာန်ဖြစ်လျှင် ဟသိတုပ္ပါဒ်, မဟာကြိယာဇော ၈-ခုတို့ ဖြစ်ကြပါသည်။

မေး ။ ။ အာရုံတစ်ခုတည်းဖြစ်ပါလျက် ကုသိုလ်, အကုသိုလ်, ကြိယာတို့ ကွဲပြားအောင် မည်သည့်တရားက ခွဲခြားပြသည်ကို ဖော်ပြခဲ့ပါ။(၁၃၅၃-ခု လတ်)

ဖြေ ။ ။ အာရုံတစ်ခုတည်းဖြစ်သော်လည်း ကုသိုလ်, အကုသိုလ်, ကြိယာကွဲပြားအောင် ယောနိသောမနသိကာရ (ကုသိုလ်) အယောနိသောမနသိကာရ (အကုသိုလ်) နိရာနုသယသန္တာန(ကြိယာ) တရားများက ခွဲခြားပြပါသည်။

➢ **ဃယဘုဃယျန သဘ္ဘာကွတ္ထေ ဧဝတိ–ဒ္ဒှ "ဃယဘုဃယျန"သဒ္ဒါ ဆိုရမြင်းအကြောင်း**

မိန်းမောတွေဝေရာအခါ၌ ၆-ကြိမ်, သေခါနီးအခါ၌ ၅-ကြိမ် စောသေး၏ဟု သိစေလိုသောကြောင့် "ယေဘုယျေန"သဒ္ဒါကို ဆိုရပါသည်။

➢ **တဒါရုံ၏ ဇောသို့ အစဉ်လိုက်ပုံ /ဧဝနာနုဗန္ဓာနိ အဓိပ္ပါယ်** ။ ။ ရေညာသို့ ဆန်တက်သော လှေသင်္ဘောနောက်သို့ မြစ်ရေအယဉ်သည် အနည်းငယ် အစဉ်လိုက်သကဲ့သို့ ဝိပါက်စိတ်တို့သည် ယူရိုးယူစဉ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကို မယူဘဲ ဇောသည်ယူအပ်သော အာရုံကို ယူသောအားဖြင့် ဖြစ်ခြင်းကို ဇောသို့ အစဉ်လိုက်သည်ဟု ဆိုပါသည်။

➢ **တဒါရမ္မဏ အဓိပ္ပါယ်** ။ ။ ရေညာသို့ ဆန်တက်သော လှေသင်္ဘောနောက်သို့ စိုးစဉ်းအနည်းငယ်ကာလမျှ မြစ်ရေအယဉ်သည် အစဉ်လိုက်သကဲ့သို့ ထို့အတူ စိုးစဉ်း အနည်းငယ်သော ကာလမျှ ဇောနောက်သို့ အစဉ်လိုက်တတ်သော သန္ဓိရဏ ၃ ပါး, မဟာဝိပါက် ၈-ပါးတို့ကို "တဒါရမ္မဏ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com

➢ ဇွ တဒါရမ္မဏာပါကာနိ ယထာရဟံ ပဝတ္တန္တိ–၌ ယထာရဟံ အဓိပ္ပါယ်

အာရုံ, ဇော, သတ္တဝါအားလျော်စွာဖြစ်ခြင်းကို "ယထာရဟံ"ဟု ဆိုပါသည်။ [ကာမအာရုံ, ကာမဇော, ကာမသတ္တဝါ-ဟူသော အဂ်ါသုံးပါးနှင့်ပြည့်စုံမှ တဒါရုံကျ၏ မဟဂ္ဂတ်-စသော အာရုံ, အပွနာဇော, ဗြဟ္မာသတ္တဝါဖြစ်ခဲ့သော် တဒါရုံ မကျပါ။ ဤ အဓိပ္ပါယ်ကို ရည်ရွယ်၍ "ယထာရဟံ" ပါဠိကို ဆိုပါသည်။] (ဝိထိစာပိုဒ်-၂၉)

➢ တဒါရုံဝိပါက်စိတ်များဖြစ်ပုံ ။ ။ အနိဋ္ဌာရုံ၌ အကုသလဝိပါက်တဒါရုံ စသည်ဖြင့်ရင်း၊ ကြီယာသောမနသဇော ၄-ခုနောင် သောမနဿတဒါရုံ ၅-ခု စသည်ဖြင့်ရင်း ဆိုင်ရာ အာရုံ, ဇောတို့နောင် ဆိုင်ရာတဒါရုံဖြစ်ခြင်းသည်ပင် "ယထာရဟ" ဖြစ်ခြင်း ဖြစ်ပါသည်။

➢ ဘဝေါ ပရံ ဘဝင်ပါတော–၌ ဘဝင်ပါတော အဓိပ္ပာယ်/ ဘဝင်ကျသည်–ဟူသော စကား၏ အဓိပ္ပါယ် ။ ။ ဝိထိစိတ်တို့၏ အစွမ်းအားဖြင့် မဖြစ်မူ၍ ဘဝင်ကျသကဲ့သို့ ဘဝင်၏အစွမ်းအားဖြင့် ဖြစ်ခြင်းကို "ဘဝင်ပါတော"ဟု ဆိုပါသည်။

➢ အဓမ္မာပမာ (သရက်သီးဥပမာ) စသည်ကို ထုတ်ဆောင်ရကျိုး ။ ။ ဝိထိစိတ်အစဉ်ဖြစ်ပုံကို လွယ်ကူစွာ မှတ်ယူနိုင်ခြင်းအကျိုးငှာ အမ္ဗောပမာ (သရက်သီးဥပမာ) စသည်ကို ထုတ်ဆောင်ပါသည်။

➢ ဝိထိစိတ်အစဉ်ဖြစ်ပုံကို ပြဆိုရာ၌ အဓမ္မာပမာ (သရက်သီးဥပမာ) ။ ။ လောကဌ် ယောက်ျားတစ်ယောက်သည် သရက်သီးမှည့်နေသော သရက်ပင်ရင်းဝယ် ဦးခေါင်းခြုံပြီး အိပ်ပျော်နေစဉ် အနီးဌ် သရက်သီးတစ်လုံး ကြွေကျလာသော အသံကြောင့် အိပ်ပျော်ရာမှ နိုးလာသဖြင့် ဦးခေါင်းခြုံကိုဖွင့်ပြီး မျက်စိဖြင့်ကြည့်လိုက်သောအခါ သရက်သီးကိုမြင်၍ ကောက်ယူကာ နှိပ်ကြည့် နမ်းကြည့်လေရာ အမှည့်မှန်းသိရပြီး သုံးဆောင်စားသောက်လျှက် သလိပ်တို့နှင့်တကွ မျိုချကာ ထိုနေ့ရာ၌ပင် ပြန်အိပ်နေလေသည်။

➢ ဥပမာ–ဥပဓေယျ တွဲစပ်ပုံ ။ ။ (၁) ယောက်ျား၏ အိပ်ပျော်ရာအခါကဲ့သို့ ဘဝင်ကျရာအခါကို မှတ်ရမည်။ (၂) သရက်သီးကြွေကျရာ အခါကဲ့သို့ အာရုံ၏ ပသာဒ ၌ ထိခိုက်ရာအခါကို မှတ်ရမည်။ (၃) သရက်သီး အသံကြောင့် နိုးရာအခါကဲ့သို့ ဆင်ခြင်ရာ အခါကို မှတ်ရမည်။ (၄) ဖွင့်၍ကြည့်ရာအခါကဲ့သို့ စက္ခုဝိညာဉ်ဖြစ်ရာအခါကို မှတ်ရမည်။ (၅) ယူအပ်ရာအခါကဲ့သို့ သမ္ပဋိစ္ဆိုင်းဖြစ်ရာအခါကို မှတ်ရမည်။ (၆) နှိပ်ကြည့်ရာအခါကဲ့သို့ သန္တီရဏာဖြစ်ရာအခါကို မှတ်ရမည်။ (၇) နမ်းရှူရာအခါကဲ့သို့ ဝုဋ္ဌေါဖြစ်ရာအခါကို မှတ်ရမည်။ (၈) သုံးဆောင်ရာအခါကဲ့သို့ ဇောဖြစ်ရာအခါကို မှတ်ရမည်။ (၉) ခံတွင်း၌ သလိပ်နှင့်တကွ မျိုချရာအခါကဲ့သို့ တဒါရုံဖြစ်ရာအခါကို မှတ်ရမည်။ (၁၀) တစ်ဖန်ပြန်အိပ်သော အခါကဲ့သို့ တစ်ဖန်ဘဝင်ကျရာအခါကို မှတ်

http://www.dhammadownload.com

ရပါမည်။

➢ **အဓမ္မာပမာ (သရက်သီးဥပမာ)ဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ ပသာဒ၌ ထိခိုက်ခြင်း ကိစ္စသည် အာရုံ၏ ကိစ္စဖြစ်သည်၊ အာရုံ၌ နှလုံးသွင်းခြင်းကိစ္စသည် အာဝဇ္ဇန်း၏ ကိစ္စဖြစ်သည်၊ မြင်ခြင်းကိစ္စသည် စက္ခုဝိညာဉ်၏ ကိစ္စဖြစ်သည်၊ ခံယူခြင်း စသည်မျှ ဖြစ်သောကိစ္စသည် သမ္ပဋိစ္ဆိုင်းစသည်တို့၏ ကိစ္စဖြစ်သည်၊ အာရုံ၏ အရသာကို ခံစားခြင်းကိစ္စသည် ဇော၏ ကိစ္စဖြစ်သည်၊ ထိုဇောသည် ခံစားအပ်သည့် အာရုံကိုသာ လျှင် အစဉ်လိုက်၍ ခံစားခြင်းကိစ္စသည် တဒါရုံ၏ကိစ္စဖြစ်သည်၊ ဤသို့ ကိစ္စအစွမ်းဖြင့် ရှုပါရုံ-စသောတရားတို့ အချင်းချင်း မရောမယှက် ဖြစ်ကြသည်ကို ပြပါသည်။

ဓမ်း ။ ။ စိစဉ်ညွှန်ကြားသူ မရှိပါဘဲ ဝိထိစိတ်တို့သည် အဘယ်အစွမ်းအားဖြင့် အစဉ်အတန်း ဖြစ်ပေါ်ရသည်ကို ဖြေဆိုပါ။ (၁၃၅၂-ခု လတ်)

(စိစဉ်ညွှန်ကြားသူ မရှိဘဲ ဝိထိစိတ်တို့ဖြစ်ပုံ)

ဓမ်ပြ ။ ။ စိစဉ်ညွှန်ကြားသူ မရှိသော်လည်း ဝိထိစိတ်တို့သည် ဥတုနိယာမ, ဗီဇနိယာမ စသည်တို့ကဲ့သို့ စိတ္တနိယာမ အစွမ်းဖြင့် အစဉ်အတန်းဖြစ်ပေါ်ရပါသည်။

ဓမ်း ။ ။ "မြင်မြင်ချင်းကွယ် ချစ်မိတယ်"ဟု လောကသဘာဝ ပြောဆိုနေကြရာဝယ် မြင်မြင်ချင်း ချစ်စိတ်(တဏှာစိတ်) ဖြစ်/မဖြစ်ကို ဝိထိပုံစံ တစ်ခုချလျှက် ရှင်းပြခဲ့ပါ။

ဓမ်ပြ ။ ။ တိ, နှ, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ရှုံ, ရှုံ-ဘ

မြင်သော စက္ခုဝိညာဉ် အခိုက်အတန့်၌ တဏှာလောဘ ချစ်စိတ်မဖြစ်နိုင်သေးပါ။ ဇော အခိုက်အတန့်ရောက်မှ တဏှာ, လောဘ ချစ်စိတ်များ ဖြစ်နိုင်ပါသည်။

ဓမ်း ။ ။ မဟာန္တာရုံဝိထိ၌ ကာမဇော ကာမသတ္တဝါ ကာမအာရုံ အဂါစုံပါလျက် အဘယ့်ကြောင့် တဒါရုံ မကျပါသနည်း။

➢ **မဟန္တာရုံ ဝိထိ၌ တဒါရုံ မကျနိုင်ခြင်းအကြောင်း** ။ ။ ဒုတိယမဟန္တာရုံဝိထိ၌ သတ္တမဇောဝယ် အာရုံချုပ်သွားသောကြောင့် တဒါရုံ မကျပါ။ ပထမ မဟန္တာရုံဝိထိ၌ တဒါရုံနှစ်ကြိမ် မကျလောက်သောကြောင့် ပထမ တဒါရုံ မဖြစ်ပါ။

[အတိတဘဝင် ၃-ချက်လွန်ပြီးမှ ကြွင်းကျန်နေသော စိတ္တက္ခဏ ၁၄-ချက် အသက်ရှိသော အာရုံဝယ် နှ, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ-ဟု ဝိထိစိတ်များ ဖြစ်သောအခါ စိတ္တက္ခဏ ၁၇-ချက်စေ့၍ အာရုံချုပ်သွားသောကြောင့် တဒါရုံ မကျနိုင်ပါ။ ပထမ မဟန္တာရုံဝိထိ၌ အတိတဘဝင် နှစ်ကြိမ်လွန်ပြီးနောက် နှ, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ-ဟုဖြစ်ရာ စိတ္တက္ခဏ ၁၆-ချက်သာရှိ၍ ရှုပါရုံအသက်စေ့ရန် စိတ္တက္ခဏ ၁-ချက်သာ လိုတော့၏။ ယင်းစိတ္တက္ခဏ ၁-ချက်သာလိုသော အာရုံ

http://www.dhammadownload.com

၌ တဒါရုံနှစ်ကြိမ် မဖြစ်လောက်သောကြောင့် ဒုတိယတဒါရုံ မဖြစ်၊ ဒုတိယ တဒါရုံ မဖြစ်သောကြောင့် ပထမတဒါရုံလည်း မဖြစ်ပါ။]

➢ **ချုပ်သွားသော အတိတ်အာရုံကို အာရုံပြု၍ တဒါရုံ မကျနိုင်ခြင်းအကြောင်း**

ဝိထိစိတ်တစ်ခုတည်း၌ ပဋ္ဌဒ္ဒါရာဝဇ္ဇန်းစသော တစ်ချို့စိတ်က ပစ္စုပ္ပန် အာရုံပြု၍ တစ်ချို့စိတ်က အတိတ်အာရုံကို အာရုံပြုသောအားဖြင့် အာရုံမကွဲပြားကောင်းသောကြောင့် ချုပ်သွားသော အတိတ်အာရုံကို အာရုံပြု၍ တဒါရုံ မကျပါ။

➢ **တဒါရုံ တစ်ကြိမ်တည်း မကျသင့်ခြင်းအကြောင်း** ။ ။ ဒွေ တဒါရမ္မဏပါကာနိ ဟု ဆိုသောကြောင့် တဒါရုံ တစ်ကြိမ်တည်း မကျသင့်ပါ။

စေး ။ ။ ပထမ မဟန္တာရုံဝိထိ၌ သတ္တမဇောနောင် စိတ္တက္ခဏတစ်ချက် ကြွင်း၍ ပထမ တဒါရုံ ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဖြေ ။ ။ တဒါရုံနှစ်ကြိမ်ဖြစ်ခြင်းကိုသာ အဋ္ဌကထာ၌ သတ်မှတ်ထား၏။ တစ်ကြိမ်ဖြစ်ခြင်းကို မသတ်မှတ်အပ်သောကြောင့် ပထမတဒါရုံ မဖြစ်ပါ။

➢ **တဒါရုံ နှစ်ကြိမ်ဖြစ်ခြင်းကို သိနိုင်ခြင်းအကြောင်း** ။ ။ အဋ္ဌသာလိနီ အဋ္ဌကထာ ဝိပါကဒ္ဒါရကထာ၌ ဝါရတိုင်းမှာပင် တဒါရမ္မဏာနိ ဒွေ-ဟု နှစ်ကြိမ်သာဖြစ်ကြောင်း လာသောကြောင့် တဒါရုံသည် နှစ်ကြိမ်သာ ဖြစ်လေ့ရှိ၏ဟု သိနိုင်ပါသည်။

➢ **ပရိတ္တာရုံဝိထိ၌ ဇဝနပ္ပဗန္ဓိ အနုပ္ပဗန္ဓိတ္တာ-ဟု ဆိုရခြင်းအကြောင်း/ပရိတ္တာရုံဝိထိ၌ ဇော မပြစ်ခြင်းအကြောင်း** ။ ။ ဝုဋ္ဌောစိတ်ဖြစ်သည်မှနောက်၌ စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော အာရုံသည် နည်းသောအသက်ရှိသည့်အတွက် ထက်ဝန်းကျင် အားနည်းသောကြောင့် ဇောဖြစ်ဖွံ့ရန် ကျေးလူးမပြုနိုင်၊ ဇောသည် ၇-ချက်ပြည့်အောင် ဖြစ်လေ့ရှိသည်၊ ဤ၌ ၇-ချက် မဖြစ်လောက်သောကြောင့် "ဇဝနပ္ပဗန္ဓိ အနုပ္ပဗန္ဓိတ္တာ"ဟု ဆိုပါသည်။

➢ **ပရိတ္တာရုံဝိထိ၌ ဇော ၆-ကြိမ်ဖြစ်နိုင်ပါလျှက် ဇော မပြစ်ခြင်းအကြောင်း**

ကာမဇောများသည် စင်စစ်အားဖြင့် ၇-ကြိမ်သာ ဖြစ်နိုးထုံးစံရှိသောကြောင့် ဇော မပြစ်နိုင်ပါ။

➢ **ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌော-သာ ဈာနခြင်းအကြောင်း** ။ ။ ဝိထိစိတ်ဖြစ်လာသည်ရှိသော် ဝုဋ္ဌောသို့ မရောက်ဘဲ အကြားဌ၌ စက္ခုဝိညာဉ်စသည်တို့ဝယ် ရပ်တန့်၍ ဝိထိစိတ်ဖြစ်ခြင်း၏ ဆုတ်နှစ်ပျောက်ကွယ်မှု မရှိကောင်းသောကြောင့် ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌော-သာ ခေါ်ရပါသည်။

➢ **ဇောနိဗ္ဗာနတို့အလို- တိက္ခတ္တုံသဒ္ဒါသည်** ။ ။ သဒ္ဒါ၏ ပြေပြစ်ချောမောသည်၏ အဖြစ်မျှသာ အကျိုးရှိသည်ဟု ဆိုပါသည်။

http://www.dhammadownload.com

➢ **ကေစိဆရာတို့အလို– ဝုဒ္ဓော ၂–ကြိမ်သာ ကျရောင်းအစကြောင်း ။** ။ ကေစိဆရာတို့အလိုအားဖြင့် တိကွတ္တုံသဠါကို စကားပြေပြစ်ခြင်းအကျိုးငှာ ဆိုခြင်းဖြစ်သောကြောင့် ဝုဒ္ဓော ၂-ကြိမ်သာ ကျရပါသည်။

➢ **ဦးကာဆရာအလို– ဝုဒ္ဓော ၂–ကြိမ်ဖြစ်စေ, ၃–ကြိမ်ဖြစ်စေ ကျနိုင်ခြင်းအစကြောင်း/ ကေစိဝါဒ မသင့်ခြင်းအစကြောင်း ။** ။ ဦးကာဆရာအလိုအားဖြင့် ဖွိကွတ္တုံ ဝေါဌဗ္ဗနမေဝ ပဝတ္တတိ-ဟု (တိ-သဠါ မပါဘဲ) ဆိုသော်လည်း စကားပြေပြစ်သည်သာ ဖြစ်သောကြောင့်ရင်း။ ဝုဒ္ဓော ၃-ကြိမ်ဖြစ်မှုကို တားမြစ်ထားသော စကား တစ်စုံ တစ်ခုမျှ အဋ္ဌကထာ ဦးကာတို့၌ မလာရှိသောကြောင့်ရင်း (သဘာဝယုတ္တိ)

သီဟိုဠ် အဋ္ဌကထာဆရာတို့လည်း ဖွိကွတ္တုံ ဝါ တိကွတ္တုံ ဝါ-ဟု ဖွင့်ဆိုထားသောကြောင့်ရင်း (အာဂမယုတ္တိ) ဝုဒ္ဓော ၂-ကြိမ်ဖြစ်စေ, ၃-ကြိမ်ဖြစ်စေ ကျနိုင်ပါသည်။ (ဝါ) ကေစိဝါဒ မသင့်ပါ။

ဓမ်း ။ ။ ပရိတ္တာရုံဝိထိနှင့် ပတ်သက်၍ မူလဦးကာဆရာ အယူအဆကို ပြည့်စုံစွာ-ဖော်ပြ၍ သင်ဟကျမ်း၌ ပရိတ္တာရုံဝိထိကို ယင်းဦးကာနည်းဖြင့် မသတ်မှတ်ဘဲ အဋ္ဌကထာနည်းဖြင့်သာ သတ်မှတ်ရကြောင်းကို ဥပမာနှင့်တကွ ရှင်းပြပါ.

ဖြေ ။ ။ [မူလဦးကာဝါဒ] မူလဦးကာကျမ်းပြုဆရာက ပရိတ္တာရုံဝိထိ၌ ဝုဒ္ဓောနှစ်-ကြိမ်သုံးကြိမ်ဖြစ်ခြင်း၏ သတ်မှတ်မှုကို အလိုမရှိ၊ အာဝဇ္ဇန်းသည် ကုသိုလ်, အကုသိုလ် ကြိယာဇောတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏ဟု ပဋ္ဌာန်းပါ၌ဇတော်၌ ဟောတော်မူထားသောကြောင့်ရင်း။ အာဝဇ္ဇန်းဟူသည် ဝုဒ္ဓောစိတ်ပင် ဖြစ်သောကြောင့်ရင်း။ ဤပရိတ္တာရုံဝိထိ၌ဖြစ်သော ဝုဒ္ဓောနောင် ဓကန်ကာမဇော်များ စောရမည်၊ ထို့ကြောင့် အာရုံက ချုပ်ခါနီး၍ ဇော ၇-ကြိမ် မစောလောက်လျှင် မုဒ္ဓာကာလ, မရဏာသန္နကာလတို့ကဲ့သို့ ဇော ၄-ကြိမ်, ၅-ကြိမ် ချပေးရမည်၊ ဤသို့ ဇော-၄-ကြိမ်, ၅-ကြိမ် ကျခြင်းဖြင့်သာ ပရိတ္တာရုံဝိထိကို သတ်မှတ်ထိုက်၏။ ဝုဒ္ဓော-၂-ကြိမ်, ၃-ကြိမ်ကျခြင်းဖြင့် မသတ်မှတ်ထိုက်။

မူလဦးကာဆရာ၏ ဝိထိပုံစံ

တိ, တိ, တိ, တိ, နု, ဘ, ပ, စ, သ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဘ

တိ, တိ, တိ, တိ, တိ, နု, ဘ, ပ, စ, သ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဘ(စိတ္တကွဏ ၁၆-ချက်)

မူလဦးကာဝါဒကို ဦးကာကျော်ဆရာ ဖော်ပြပုံ

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတစ်သော တိဟိတ်ဝိပါက် တေရသ-တို့ကို အနန္တရပစ္စည်းအဖြစ်ဖြင့် ဘုရားရှင်ဟောကြားထားသော်လည်း ရဟန္တာတို့၏ စုတိကိစ္စတစ်ခိုက် ယင်းတိဟိတ်ဝိပါက် တေရသ-တို့သည် (ပင်ပြစ်ကို အကြွင်းမဲ့ဖြတ်သည်၏ အဖြစ်ဖြင့်

http://www.dhammadownload.com

ဘဝကုန်ပြီးသောကြောင့်) မည်သည့်ပဋိသန္ဓေကိစ္စကိုမျှ အနန္တရသတ္တိဖြင့် ကျေးလူး မပြုသကဲ့သို့ [ဥပမာ] ထို့အတူ ဝုဋ္ဌေသည်လည်း အတိမဟန္တာရုံ, မဟန္တာရုံ-ဟူသော အကြောင်းချို့တဲ့ခြင်းကြောင့် (မဏိမဠ္ဠ) အာရုံနည်းသည်၏အဖြစ်ကြောင့် (ဒီပနီ) ကာမာဝစရကုသိုလ်, အကုသိုလ်, ကြိယာဇောတို့အား အနန္တရသတ္တိဖြင့် ကျေးလူး မပြုနိုင်ပါ။ (၀၊) ဝုဋ္ဌေနောင် ကာမဇော မဖြစ်နိုင်ပါ။ ထို့ကြောင့် အဋ္ဌကထာတို့၌လာသော ဇောမကျဘဲ ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ်ကျသော နည်းဖြင့်သာ ဤသင်ဟကျမ်း၌ ပရိတ္တာရုံ ဝိထိကို အရှင်အနုရုဒ္ဓါဆရာ သတ်မှတ်ထားပါသည်။

ဓမ်း ။ ။ အတိပရိတ္တာရုံဝိထိ၌ စိတ္တက္ခဏ ၇-ချက်မျှ အာရုံအသက်အကြွင်း ရှိပါသေးလျက် အဘယ့်ကြောင့် ဝိထိစိတ်မဖြစ်ပါသနည်း။ (၁၃၂၄-ခု လတ်)

ဓမ်း ။ ။ နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ-ဟုဆိုရာ၌ ဝိထိစိတ်မဖြစ်ပုံကို အကြောင်းပြ၍ ဖြေပါ။

➢ **အတိပရိတ္တာရုံဝိထိ၌ ဝိထိစိတ် မ့ဖြစ်ခြင်းအကြောင်း/နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ ဟု ဆိုရကြောင်း** ။ ။ အတိတဘဝင် ၁၀-ချက် လွန်ပြီးနောက် စိတ္တက္ခဏ ၇-ချက် အသက်အကြွင်းရှိသော အာရုံသည် ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ်ဖြစ်ခြင်းငှာ မလောက်သောကြောင့် အတိပရိတ္တာရုံဝိထိ၌ ဝိထိစိတ် မဖြစ်ပါ/နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ-ဟု ဆိုရသည်။

➢ **ဘဝင်စလနမေဝ-၌ အဝေါရဏာပလပြေါ၌ကား** ။ ။ (ဦးကာကျော်အလို) နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ ဖြစ်ပါသည်။ (အပရေဆရာတို့အလို) နတ္ထိ ဘဝင်ုပစ္ဆေဒေါ ဖြစ်ပါသည်။

➢ **ဓဝ-သဒ္ဒါအကျိုးကို "နတ္ထိ ဘဝင်ုပစ္ဆေဒေါ"ဟုဆိုသော အပရေဝါဒ မသင့်ခြင်းအကြောင်း** ။ ။ဘဝင်ုပစ္ဆေဒ၏ မရှိခြင်းသည် "နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ"ဟူသော စကားဖြင့်ပင် ပြီးစီး၏။ အကြောင်းကား- ဝိထိစိတ်ဖြစ်မှသာ ဘဝင်စိတ်ပြတ်၏။ (၀၊) ဘဝင်ုပစ္ဆေဒဖြစ်၏။ ဝိထိစိတ်မဖြစ်ဟုဆိုလျှင် ဘဝင်မပြတ် (၀၊) ဘဝင်ုပစ္ဆေဒ မဖြစ်ဟူသော အနက်အဓိပ္ပါယ် ပြီးသောကြောင့် အပရေဝါဒ မသင့်ပါ။

➢ **အတိပရိတ္တာရုံဝိထိ၌ ဘဝင်ုပစ္ဆေဒ မဖြစ်ဟု မယူသင့်ခြင်းအကြောင်း** ။

အတိမဟန္တာရုံဝိထိ၌ ဘဝင်ုပစ္ဆေဒကိုပင် ဘဝင်စလန-ဟု ဆိုထားသောကြောင့်ၜင်း၊ ဘဝင်စလနမေဝ-၌ ဓဝ-သဒ္ဒါ၏အကျိုးကို နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ-ဟု ဆိုထားသောကြောင့်ၜင်း ဘဝင်ုပစ္ဆေဒ မဖြစ်ဟု မယူသင့်ပါ။

➢ **နတ္ထိ ဘဝင်ုပစ္ဆေဒေါ-ဟု မဆိုရခြင်းအကြောင်း** ။ ။ ဘဝင်ုပစ္ဆေဒ နာမည်ဖြင့် အောက်၌လည်း သီးခြားမဆိုသောကြောင့် သာမညအားဖြင့် ဘဝင်စလနမေဝ-ဟုသာ ဆိုသည်၊ နတ္ထိ ဘဝင်ုပစ္ဆေဒေါ-ဟု မဆိုရပါ။

➢ **ဘဝင်စလနမေဝ-၌ ဘဝင်စလန-အရ** ။ ။ ဒွိကဒ္ဓတ္ထိ ဘဝင်ေစလိတေ-ဟူသော

http://www.dhammadownload.com

စကားအတိုင်း ဘဝင်နှစ်ကြိမ်ကို ယူရပါမည်။

➢ **မောယဝါရ အမည်ရနိုင်သော ဝါရများ** ။ ။ အလုံးစုံသော အခြင်းအရာအားဖြင့် ဝိထိစိတ်ဖြစ်ခြင်း မရှိသောကြောင့် နောက်ဆုံးဝါရ (အတိပရိတ္တာရုံဝိထိ)ကိုသာ မောယ ဝါရ-ဟု သင်္ကြိုဟ်ကျမ်း၌ ဆိုပါသည်။

အဌသာလိနီအဋ္ဌကထာ၌ကား တဒါရုံမှ ကင်းဆိတ်သောကြောင့် ဒုတိယဝါရ (မဟန္တာရုံဝိထိ) ကို မောယဝါရ-ဟု ဆိုပါသည်။ဇောမှ ကင်းဆိတ်သောကြောင့် တတိယ ဝါရ (ပရိတ္တာရုံဝိထိ) ကို မောယဝါရ-ဟု ဆိုပါသည်။

➢ **အနက်ပေး မှတ်မွှယ်** ။ ။ အာရမ္မဏဘူတာ-၌ အာရမ္မဏ-သဒ္ဒါသည် အာရုံ အကြောင်း-ဟူသော အနက်နှစ်မျိုးကိုဟော၏။ ထိုတွင် စတုန္ဓ ဝါရာနံ-အရ တဒါရမ္မဏ ဝါရ, ဇဝနဝါရ, ဝေါဋ္ဌပ္ပနဝါရတို့ကို ယူခိုက်/ **အာရမ္မဏဘူတာ**-အာရုံဖြစ်၍ဖြစ်သော ဟု အနက်ပေးရမည်။ မောယဝါရ-ကို ယူခိုက်/ ထင်လာသော အာရုံသည် ဘဝင်စိတ် များ၏ အာရုံမဟုတ်၊ ဘဝင်စိတ်များဖြစ်ဖို့ရန် (ဝါ) အတိပရိတ္တာရုံဝိထိ ဖြစ်ဖို့ရန် - အကြောင်းမျှသာ ဖြစ်သောကြောင့် **အာရမ္မဏဘူတာ**-အကြောင်းဖြစ်၍ဖြစ်သော- ဟု အနက်ပေးရမည်၊ အာရုံ-ဟူသော အနက် မပေးရ။

➢ **လဒ္ဓစဒါသ (ရအင်စသောအပြစ်)** ။ ။ မောယဝါရကိုယူခိုက်/အာရမ္မဏဘူတာ ပုဒ်အရ အကြောင်းဟူသောအနက်ကို မယူဘဲ အာရုံဟူသောအနက်ကို ယူခဲ့သော် ထင်လာသော အတိပရိတ္တာပဋ္ဌာရုံသည် ဘဝင်စိတ်များ၏ အာရုံဖြစ်၏ဟူသော အဓိပ္ပါယ် ရောက်နေ၏။ ဤ အတိပရိတ္တာရုံဝိထိ၌ ဘဝင်စိတ်များသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကိုသာ အာရုံပြု၍ ထင်လာသော အတိပရိတ္တာပဋ္ဌာရုံကို အာရုံမပြုသော ကြောင့် စတုန္ဓ ဝါရာနံ အာရမ္မဏဘူတာ-ဟူသော သင်ဟာစကားသည် မကောင်းသဖြင့် ပြီးစေအပ်သော စကား (ဝါ) မှားမှားယွင်းယွင်း ဆိုထားသောစကားဟူသော အပြစ် ရောက်ပါသည်။

[စာပိုဒ်-၁၆] ➢ **ပဋ္ဌဒ္ဓါစရ ယထာရဟံ-၌ ယထာရဟံ အဓိပ္ပါယ်** ။ ။ ထိုထို စက္ခု စသော ဒ္ဒါရအားလျော်စွာ ဖြစ်ခြင်းကိုငင်။ ထိုထို ယောနိသောမနသိကာရ-စသော အကြောင်းအားလျော်စွာ ဖြစ်ခြင်းကိုငင်။ ထိုထို ကာမအာရုံ စသည်တို့အားလျော်စွာ ဖြစ်ခြင်းကိုငင်း "ယထာရဟံ"ဟု ဆိုပါသည်။

➢ **စတုမ္ပညာသ ဝိဇ္ဇာရာ-၌ အကျယ်အားဖြင့် ၅၄-ပါး ဖြစ်ရခြင်းအကြောင်း**

ကာမာဝစရစိတ်အားလုံး ပဋ္ဌဒ္ဓါရ၌ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့် ပဋ္ဌဒ္ဓါရ၌ဖြစ်သော စိတ်တို့သည် ၅၄-ပါး ဖြစ်ရပါသည်။

ဇေး ။ ။ မနောဒ္ဓါရဝိထိ၌ အတိမဟန္တာရုံ အစရှိသည်ဖြင့် နာမည် မသတ်မှတ်ဘဲ

http://www.dhammadownload.com

ဝိဘူတာရုံ အဝိဘူတာရုံ-ဟုသာ နာမည်သတ်မှတ်ရခြင်းကြောင်းကို ဖြေဆိုပါ။

ဓမ္မ ။ ။ အဘယ့်ကြောင့် မနောဒွါရဝီထိကို အတိမဟန္တာရုံဝီထိ စသည်ဖြင့် အရှင်အနုရုဒ္ဓါ မသုံးစွဲပါသနည်း။

➢ **ဝိဘူတာရုံ အဝိဘူတာရုံ-ဟုသာ နာမည်သတ်မှတ်ရခြင်းအကြောင်း / မနောဒွါရဝီထိကို အတိမဟန္တာရုံ စသည်ဖြင့် မသုံးစွဲခြင်းအကြောင်း** ။ ။ မနောဒွါရိကစိတ် ၆၇-ပါးတို့သည် ပဋ္ဌဒွါရိကစိတ်တို့ကဲ့သို့ ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုသည်မဟုတ်၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံကိုလည်း အာရုံပြုသည်၊ အတိမဟန္တာရုံစသည်၏အစွမ်းဖြင့် အာရုံကို ပိုင်းခြားခြင်းငှာ မတတ်ကောင်းသောကြောင့်-- ဝိဘူတာရုံ, အဝိဘူတာရုံ-ဟုသာ နာမည်သတ်မှတ်ရပါသည်။

ဓမ္မ ။ ။ မနောဒွါရဝီထိ၌ အဘယ့်ကြောင့် ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု ဆိုရကြောင်းဖြေဆိုပါ။ (၁၃၇-၃ လတ်)

ဓမ္မ ။ ။ ဘုံဘဝတွင် အာရုံတို့ချယ်လှယ်နေမှုကို ပေါ်လွင်အောင် မနောဒွါရဝီထိ-ကာမလောကဝါရ၌ ဝိဘူတ, အဝိဘူတ-ဟု ဆိုရခြင်းအကြောင်းကို ဖြေဆိုပါ။

➢ **မနောဒွါရဝီထိ၌ ဝိဘူတာရုံ, အဝိဘူတာရုံ-ဟု ဆိုရကြောင်း** ။ ။ မနောဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်သာ မဟုတ်၊ အတိတ်, အနာဂတ်ကိုလည်း အာရုံပြုသဖြင့် အတိမဟန္တ-စသည်တို့၏အစွမ်းဖြင့် အာရုံကို ပိုင်းခြားမှတ်သားမှုကို ပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် ထင်ထင်ရှားရှား ထင်လာသောအာရုံကို ဝိဘူတာရုံ, မထင်မရှား ထင်လာသော အာရုံကို အဝိဘူတာရုံ-ဟု ဆိုပါသည်။

➢ **ယဒိ ဝိဘူတမာရမ္မဏံ-စသော စကားကို မိန့်ဆိုရခြင်းအကြောင်း** ။ ။ မနောဒွါရိကစိတ်တို့၏ အတိမဟန္တာရုံ စသည်တို့၏ အစွမ်းဖြင့် အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းကို ပြုခြင်းငှာ မတတ်ကောင်းသောကြောင့် ထင်ရှားသောအာရုံ, မထင်ရှားသော အာရုံတို့၏ အစွမ်းဖြင့် အာရုံကို သတ်မှတ်ခြင်းငှာ "ယဒိ ဝိဘူတ မာရမ္မဏံ" စသော စကားကို မိန့်ဆိုရပါသည်။

[စာပိုဒ်-၁၉] ➢ **ဧကစတ္တာလီသ (၄၁) ဖြစ်ရခြင်းအကြောင်း** ။ ။ ပဋ္ဌဒွါရ၌ သီးခြားဖြစ်ကုန်သော ဌေးပဋ္ဌပိညာဉ်တစ်ဆယ်, မနောဓာတ်သုံးပါးတို့၏ အစွမ်းဖြင့် ၁၃-ပါးသော စိတ်တို့၏ မနောဒွါရ၌ မဖြစ်သောကြောင့် ဧကစတ္တာလီသ(၄၁) ဖြစ်ရသည်။

➢ **ပဋ္ဌဒွါရာဝေဏိကစိတ်** ။ ။ ဌေးပဋ္ဌပိညာဉ်-၁၀၊ မနောဓာတ် ၃-ပါး+၁၃ပါး။

➢ **မနောဒွါရာဝေဏိကစိတ်** ။ ။ အပ္ပနာဇော ၂၆-ပါး ဖြစ်ပါသည်။

အပ္ပနာဝေနဝါရ ဝဏ္ဏနာ

ဓမ္မ ။ ။ ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာတရားများ ဖြစ်ပေါ်မှုသည် အလွန်ထင်ရှား

http://www.dhammadownload.com

ပါလျက် အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတ အပြားမရှိဟု ဆိုရခြင်းအကြောင်းကို ရှင်းလင်းပြပါ။ (၁၃၄၇-ခု လတ်)

➢ **အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတ အပြားမရှိဟု ဆိုရခြင်းအကြောင်း**

ကသိုဏ်းပညတ်-စသော အာရုံများ ထင်ရှားရာအခါ၌သာလျှင် အပ္ပနာဇောများ ဖြစ်နိုင်သောကြောင့် မနောဒ္ဓါရ အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတ အပြားမရှိဟု ဆိုရပါသည်။

➢ **မနောဒ္ဓါရ အပ္ပနာဇောဝါရ၌ ကာမဇောဝါရကဲ့သို့ ဝိဘူတ, အဝိဘူတ–ဟူ အာရုံနှစ်မျိုး မကွဲပြားရခြင်းအကြောင်း**

➢ **အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ တစ်မျိုးသာ ရှိရခြင်းအကြောင်း** ။ ။ကသိုဏ်းပညတ်-စသော အာရုံများ ထင်ရှားရာအခါ၌သာလျှင် အပ္ပနာဇောများ ဖြစ်နိုင်သောကြောင့်--အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ တစ်မျိုးသာ ရှိရပါသည်။

မေး ။ ။ **အပ္ပနာဇေနဝါရေ ပန ဝိဘူတာဝိဘူတဘေဒေ နတ္ထိ–၌** ဝိဘူတာရုံ, အဝိဘူတာရုံ နှစ်မျိုးလုံးမရှိသည်ကို ဆိုလိုပါသလော? အဘယ်ကို ဆိုလိုပါသနည်း။

ဖြေ ။ ။ ဝိဘူတာရုံ အဝိဘူတာရုံ နှစ်မျိုးလုံး မရှိသည်ကို မဆိုလိုပါ။ ကသိုဏ်းပညတ်-စသော အာရုံများ ထင်ရှားရာအခါ၌သာလျှင် အပ္ပနာဇောများ ဖြစ်နိုင်သောကြောင့် ဝိဘူတာရုံတစ်မျိုးသာ ရှိသည်ဟု ဆိုလိုပါသည်။

➢ **အာရုံထင်ရှားရှိမှသာ ဇောနိုင်သည့် မနောဒ္ဓါရိကဇော** ။ ။ အပ္ပနာဇော-၂၆ ပါး ဖြစ်ပါသည်။

မေး ။ ။ ဝိဘူတာရုံ ဇောဝါရနှင့် အနေကန်ဖြစ်နိုင်သော ဇောဝါရများ၏ အမည်ကိုဖော်ပြ၍ ၎င်းဇောဝါရတို့၌ တဒါရုံ ကျနိုင်/မကျနိုင်ကိုလည်း ခွဲခြား၍ အကြောင်းပြဖြေဆိုပါ။ (၁၃၂၈-ခု လတ်)

➢ **ဝိဘူတာရုံ ဇောနှစ်ခုနှင့် ဇောဝါရကား** ။ ။ အပ္ပနာဇောဝါရဖြစ်ပါသည်။

➢ **ဝိဘူတာရုံ အဇနကနှစ်ခုနှင့် ဇောဝါရကား** ။ ။ ကာမဇောဝါရ ဖြစ်ပါသည်။

➢ **ကာမဇောဝါရ၌သာ တဒါရုံ ကျရခြင်းအကြောင်း** ။ ။ တဒါရုံသည် ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်သာလျှင် ဖြစ်ရသောကြောင့် ကာမဇောဝါရ၌သာ တဒါရုံ ကျရပါသည်။

➢ **အပ္ပနာဇောဝါရ၌ တဒါရုံ မကျရခြင်းအကြောင်း** ။ ။ အပ္ပနာဇောသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်ရင်း, တဒါရုံကိုဖြစ်စေတတ်သော ကာမာဝစရကံနှင့် ဘုံအားဖြင့်တူသော သဘောမရှိသောကြောင့်ရင်း အပ္ပနာဇောဝါရ၌ တဒါရုံ မကျပါ။

မေး ။ ။ ယောဂီသူတော်စင်တို့ ကြိုးစားအားထုတ်မှုကြောင့် ဈာန်တရားဖြစ်ပေါ်လာ

http://www.dhammadownload.com

သောအခါ ယင်းစျာန်စိတ်အစဉ်တွင် ပါဝင်သော ကာမဇောတို့၏ (က) အမည် (ခ) စိတ်သရုပ် (ဂ) အာရုံတို့ကို အသီးသီး ဖြေဆိုပါ။ (၁၃၄၈-ခုလတ်)

ဖြေ ။ ။ (က) ပရိက်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဖြစ်ပါသည်။ (ခ) မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု ဖြစ်ပါသည်။ (ဂ) စျာန်၏အာရုံဖြစ်သော ကသိုဏ်းပညတ် ဖြစ်ပါသည်။

ဓမ္မ ။ ။ အပ္ပနာဇောဝါရ၌ ဉာဏသမ္ပယုတ် ကာမာဝစရဇောတို့၏ ပရိက်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ အမည်ရခြင်း၏ အကြောင်းတို့ကို ဖော်ပြပါ။

➢ **ပရိက် မည်ပုံ** ။ ။ပထမစိတ်သည် အပ္ပနာကို ပြုပြင် စီရင်တတ်သောကြောင့် "ပရိက်" မည်ပါသည်။

➢ **ဥပစာ မည်ပုံ** ။ ။ ဒုတိယစိတ်သည် အပ္ပနာ၏အနီး၌ ဖြစ်သောကြောင့် "ဥပစာ" မည်ပါသည်။ (တစ်နည်း) အပ္ပနာသို့ ကပ်ရောက်၍ ဖြစ်တတ်သောကြောင့် ဒုတိယစိတ်သည် "ဥပစာ" မည်ပါသည်။

➢ **အနုလောမ (အနုလုံ) မည်ပုံ** ။ ။ တတိယစိတ်သည် အပ္ပနာဝီထိ-မှ ရှေ့အဖို့၌ ပရိက်ဇောတို့အားလုံး၊ အထက်အဖို့၌ အပ္ပနာဇောအားလုံး လျော်သောကြောင့် အနုလောမ (အနုလုံ) မည်ပါသည်။

➢ **ဂေါတြဘူ မည်ပုံ** ။ ။ စတုတ္ထစိတ်သည် ကာမအနွယ်, ပုထုဇဉ်အနွယ်တို့ကို လွှမ်းမိုးတတ်သောကြောင့်လည်း၊ မဟဂ္ဂုတ်အနွယ် လောကုတ္တရာ အရိယာ အနွယ်တို့ကို တိုးပွားစေတတ်သောကြောင့်လည်း "ဂေါတြဘူ" မည်ပါသည်။

➢ **ဂေါတ္တ-အရ** ။ ။ ကာမအနွယ် ပုထုဇဉ်အနွယ်တို့ကို ယူရပါမည်။ (တစ်နည်း) ဂေါတ္တ-အရ- မဟဂ္ဂုတ်အနွယ် လောကုတ္တရာအနွယ်တို့ကို ယူရပါမည်။

➢ **ဘူ-အရ/ဂေါတြဘူ-အရ** ။ ။ စတုတ္ထဇောစိတ်ကို ယူရပါမည်။

ဓမ္မ ။ ။ စျာနဝီထိ, မဂ္ဂဝီထိတို့၌ပါသော ဂေါတြဘုစိတ်တို့၏ သဘာဝအားဖြင့်လည်း အာရုံအားဖြင့်လည်း ထူးခြားပုံကို ရှင်းပြပါ။

➢ **ဂေါတြဘု ၂-စု အထူး** ။ ။ စျာနဝီထိ၌ပါသော ဂေါတြဘုသည် ကာမအနွယ်ကို နှိပ်စက်၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေပါသည်။ [အာရုံအားဖြင့်] တတ္ထ ဟိ ပဒီဘာဝ နိမိတ္တ မာရ ဒ္ဒ ဥပစာရသမာဓိ အပ္ပနာသမာဓိစ ပဝတ္တန္တိ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၇) ကို ထောက်၍ ပဒီဘာဝနိမိတ်ကို အာရုံပြုပါသည်။

သောတာပတ္တိ မဂ္ဂဝီထိ၌ပါသော ဂေါတြဘုသည် ပုထုဇဉ်အနွယ်ကို နှိပ်စက်၍ လောကုတ္တရာအနွယ်(အရိယာအနွယ်)ကို ပွားစေပါသည်။ [အာရုံအားဖြင့်] ကမ္မဋ္ဌာန်းစာပိုဒ်-(၅၇) ကို ထောက်၍ နိဗ္ဗာန်ကို အာရုံပြုပါသည်။

http://www.dhammadownload.com

ဓမ ။ ။ အပ္ပနာ၏ အနီးဌာ်ဖြစ်သောကြောင့် ဥပစာရမည်၏ဟုဆိုလျှင် စတုတ္ထစိတ်သည်သာ ဥပစာရ မည်သင့်သည် မဟုတ်ပါလော?

➢ **စတုတ္ထစိတ်သည် ဥပစာရ မမည်ဘဲ ဒုတိယစိတ်သည်သာ ဥပစာရမည်ခြင်းအကြောင်း** ။ ။ အလွန်မနီးသော်လည်း အလွန်မဝေးသော အရပ်ဌာ်ဖြစ်သော တရားသည် အနီးဌာ်ဖြစ်သည်မည်သောကြောင့် စတုတ္ထစိတ်သည် ဥပစာရ မမည်ဘဲ ဒုတိယစိတ်သည်သာ ဥပစာရ မည်ပါသည်။

ဓမ ။ ။ အဌသာလိနီ အဌကထာ စသည်တို့ဌာ် ပရိကံ စသည်တို့ကို အဘယ်အမည်ဖြင့် သုံးစွဲထားပါသနည်း။

ဓမ ။ ။ အဌသာလိနီ အဌကထာ စသည်တို့ဌာ် နောက်ဆုံးဇော တစ်ကြိမ်ကိုသာ ဂေါတြဘု နာမည်သုံး၍ ရှေ့ဇော ၃-ကြိမ် (သို့မဟုတ်) ၂-ကြိမ်တို့ကို ပရိကံ-ဟုဝင်း, ဥပစာရ-ဟုဝင်း, အနုလုံ-ဟုဝင်း အမည်တစ်မျိုးအနေဖြင့် သုံးစွဲပါသည်။

➢ **ဉာဏဝိပ္ပယုတ်ဒေါသနောင် အပ္ပနာဇော မကျန်ခဲခြင်းအကြောင်း** ။ ။ ဉာဏ်ကင်းသော ဒွိဟိတ်ဇောသည် မြဲမြံခိုင်ခန့်သော သဘောမရှိသည့်အတွက် အပ္ပနာအားအနုန္တရုပနိဿယသတ္တိဖြင့် ကျေးဇူး မပြုနိုင်သောကြောင့်--တည်း။ (ဒီပနီ)

➢ **ရှေ့ဒေါက် သစ္ဘာတွဲမုံ့** ။ ။ ကာမဇောများအတွက်ပြသော စတုက္ခတ္တုပုဒ်ကို အပ္ပနာဇောအတွက် ပြထားသော ပဌမပုဒ်နှင့် တွဲရမည်၊ တိက္ခတ္တုံပုဒ်ကို စတုတ္ထပုဒ်နှင့် တွဲရပါမည်။

➢ **စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ–ဌာ် စတုက္ခတ္တုံပုဒ်ကို အစထား၍ ဆိုရကြောင်း**

ပရိကံ-စသော နာမည်တို့၏ အကြောင်းအကျန်မရှိ လေးမျိုးရသင့်သော ဝါရကို ပြခြင်းအကျိုးငှာ (ဝါ) ပြလိုသောကြောင့် စတုက္ခတ္တုံပုဒ်ကို အစထား၍ ဆိုရပါသည်။

➢ **စတုတ္ထံ ပဌမံ ဝါ–ဟု ပဌမံပုဒ်ကို နောက်ထား၍ ဆိုရခြင်းအကြောင်း**

[စတုက္ခတ္တုံပုဒ်နှင့် တွဲရမည့် ပဌမံပုဒ်ကို ရှေးဦးစွာ ပြဆိုသင့်သော်လည်း] အရေအတွက် အစဉ်၏အစွမ်းဖြင့် ပြလိုသောကြောင့် စတုတ္ထံ ပဌမံ ဝါ-ဟု ပဌမံပုဒ်ကို နောက်ထား၍ ဆိုရပါသည်။

➢ **စတုက္ခတ္တုံ တိက္ခတ္တုမေဝဝါ–ဌာ် ဓေ–သဒ္ဒါ ဝါ–သဒ္ဒါတို့၏ ရည်ရွယ်ချက်**

စတုက္ခတ္တုံ တိက္ခတ္တုမေဝဝါ-ဌာ် ဓေ-သဒ္ဒါ ဝါ-သဒ္ဒါတို့ကို ရှေ့ပုဒ်ဌာ်လည်း ထိုင်၍ စတုက္ခတ္တုမေဝဝါ တိက္ခတ္တုမေဝဝါ-ဟု အဓိပ္ပါယ်ယူရပါမည်၊ ထိုတွင် ပဌမ ဓေ-သဒ္ဒါဖြင့် ငါးကြိမ်မြောက် ဂေါတြဘုဖြစ်ခြင်းကို တားမြစ်ပါသည်၊ ဒုတိယ ဓေ-သဒ္ဒါဖြင့် အနုလုံ ဂေါတြဘု-ဟု နှစ်ကြိမ်မြောက်ဌာ် ဂေါတြဘုဖြစ်ခြင်းကို တားမြစ်ပါသည်။

ဝါ–သဒ္ဒါဖြင့် မနှပညပုဂ္ဂိုလ်အား ဥပစာရသမာဓိဇော ၄-ကြိမ်သာ ဖြစ်၏၊ ၃-

http://www.dhammadownload.com

ကြိမ် မဖြစ်၊ တိကွဒပညာပုဂ္ဂိုလ်အား ၃-ကြိမ်သာ ဖြစ်၏။ ၄-ကြိမ် မဖြစ်ဟု ပြပါသည်။

➢ **ယထာရဟံ စတ္ဌော ပဒ္ဓမ်ဝါ-၌ ယထာရဟံ အဓိပ္ပါယ်/အပ္ပနာဇောဖြစ်ပုံ**

ဓိပ္ပါဘိညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘု-ဟူသော ကာမာဝစရဇော ၃-ကြိမ်နှောင် လေးကြိမ်မြောက်၌ အပ္ပနာဇောဖြစ်၏။ ဒန္ဓာဘိညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟူသော ကာမာဝစရဇော လေးကြိမ်နှောင် ငါးကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်၏။ ဤသို့ ဓိပ္ပါဘိညာ, ဒန္ဓာဘိညာပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ခြင်းကို "ယထာရဟံ"ဟု ဆိုပါသည်။

ဓမ်း ။ ။ အပ္ပနာဇောများသည် အဘယ့်ကြောင့် လေးကြိမ်အောက်အယုတ် သုံးကြိမ် ငါးကြိမ်ထက်အလွန် ခြောက်ကြိမ် ခုနှစ်ကြိမ်တို့၌ မဖြစ်ကြပါသနည်း၊ ဦးကာ အမြင်ဖြင့် တင်ပြဖြေဆိုပါ။

➢ **အပ္ပနာဇောများ ၄-ကြိမ်အောက်အယုတ် ၃-ကြိမ်မြောက်၌ မဖြစ်ခြင်း အကြောင်း** ။ ။အာသေဝနပစ္စည်းကို မရသော အနုလုံသည် ဂေါတြဘုကို ဖြစ်စေခြင်းငှာ မတ္တမ်းနိုင်သောကြောင့် ၄-ကြိမ်အောက်အယုတ် ၃-ကြိမ်မြောက်၌ အပ္ပနာဇောများ မဖြစ်ပါ။

➢ **၅-ကြိမ်ထက်အလွန် ၆-ကြိမ် ၇-ကြိမ်တို့၌ အပ္ပနာဇော မဖြစ်ခြင်းအကြောင်း**

အာသေဝနပစ္စည်းကို ရပါသော်လည်း ၆-ကြိမ်မြောက် ၇-ကြိမ်မြောက်၌ အပ္ပနာကျလျှင် ချောက်ကမ်းပါးနှင့် နီးကပ်နေသော ယောက်ျားသည် တည့်မတ်စွာ ရပ်တည်ခြင်းငှာ မတ္တမ်းနိုင်သကဲ့သို့ ဘဝင်နှင့်နီးကပ်နေသောကြောင့် အပ္ပနာ၏အစွမ်းဖြင့် မတည်နိုင်ပါ။ ထို့ကြောင့် ၅-ကြိမ်ထက်အလွန် ၆-ကြိမ် ၇-ကြိမ်တို့၌ အပ္ပနာဇော မဖြစ်ပါ။

➢ **ယထာဘိနိဟာရဝေသန-၌ ယထာဘိနိဟာရ အဓိပ္ပါယ်** ။ ။ မဟဂ္ဂုတ်အားလျော်သော သမထဘာဝနာစိတ်, လောကုတ္တရာမဂ်ဖိုလ်အားလျော်သော ဝိပဿနာဘာဝနာစိတ်တို့ကို မိမိအာရုံသို့ ရှေ့ရှုဆောင်ခြင်းကို "ယထာဘိနိဟာရ"ဟု ဆိုသည်။

ဓမ်း ။ ။ တတော ပရံ ဘဝင်ပါတောဝ ဟောတိ-ဟူသော စကားမျှကို **မဆိုမူ၍** - အပ္ပနာဝသာနေ-ဟု ထပ်ဆင့်ဆိုရကြောင်းကို ရှင်းပြပါ။ (၁၃၃၉-ခု လတ်)

➢ **အပ္ပနာဝသာနေ-ဟု ထပ်၍ ဆိုရခြင်းအကြောင်း** ။ ။ တတော ပရံ ဘဝင်ပါတောဝ ဟောတိ-ဟူသော စကားမျှကိုသာဆိုလျှင် လေးကြိမ်မြောက် ငါးကြိမ်မြောက်ဖြစ်သော အပ္ပနာဇော တစ်ကြိမ်နှောင် ဘဝင်သာ ကျတော့သည်၊ မဂ္ဂဝိထိ၌ မဂ်ဇော တစ်ကြိမ်နှောင် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ် မကျတော့ဟုဂင်း။ သမာပတ္တိဝိထိ၌ ဈာန်ဇော ဖိုလ်ဇောများ အကြိမ်များစွာ မဖြစ်တော့ဟုဂင်း မှတ်ယူမည်စိုးသောကြောင့် "အပ္ပနာဝသာနေ"ဟု ထပ်၍ ဆိုရပါသည်။

http://www.dhammadownload.com

➢ **တဒေတာ ပရံ ဘဝင်ပါဒေတာ-ဟု ဧဝ-သဒ္ဒါနှင့်တကွ ဆိုရမည်ကြောင်း**

မဟာဝိဟာရဝါသီဂိုဏ်းမှ တစ်ပါးသော ဇေတဝနဝါသီ အဘယဂိရိဝါသီဂိုဏ်း ဆရာတို့က လောကီ အပွနာခေါ် အာဒိကမ္မိက စျာနဝိထိတို့၌ အာဒိကမ္မိက အပွနာ ဇော တစ်ကြိမ်နောင် ဇော ၇-ကြိမ်ပြည့်ရန်အတွက် မနွှပုဂ္ဂိုလ်သန္တာန်၌ ကာမဇော ၂-ကြိမ်, တိက္ခပုဂ္ဂိုလ်သန္တာန်၌ ကာမဇော ၃-ကြိမ် ဖြစ်သေး၏ဟု ယူဆမှုကို တားမြစ်ခြင်း ငှာ ဧဝ-သဒ္ဒါနှင့်တကွ "ဘဝင်ပါတောဝ" ဟု ဆိုရပါသည်။

ဧမေ ။ ။ နိကာယန္တရိယ-တို့အလို အာဒိကမ္မိကစျာနဝိထိ ဖြစ်ပုံကို ဝိထိပုံစံချပြ၍ ယင်း ဝိထိ အရှင်အနုရုဒ္ဓါဆရာ လက်ခံ/လက်မခံ ပါဠိထောက်၍ ဖြေပြပါ။

နိကာယန္တရိယ ဆရာတို့အလို အာဒိကမ္မိကစျာနဝိထိ

နု, ဒ, မ, ပ, ဥ, နု, ဂေါ, အာဒိကမ္မိက စျာန်ဇောတစ်ကြိမ်, ကာမဇော ၂-ကြိမ်, ဘဝင် (ဒန္ဓာဘိညပုဂ္ဂိုလ်)

နု, ဒ, မ, ဥ, နု, ဂေါ, အာဒိကမ္မိက စျာန်ဇောတစ်ကြိမ်, ကာမဇော ၃-ကြိမ်, ဘဝင် (ခိပ္ပါဘိညပုဂ္ဂိုလ်)

အထက်ပါဝါဒကို ဘဝင်ပါတောဝပါဠိဖြင့် (ဝါ) ဧဝ-သဒ္ဒါဖြင့် အာဒိကမ္မိကစျာန် ဇောတစ်ကြိမ်နောင် ဘဝင်သာ ကျ၏။ ကာမဇော မစော-ဟု တားမြစ်ထားသောကြောင့် အရှင်အနုရုဒ္ဓါဆရာ လက်မခံပါ။

ဧမေ ။ ။ "အသွင်မတူ အိမ်သူမဖြစ်"ဟူ၍ ပြောဆိုနေကြသော လောကဆိုရိုးစကား ကဲ့သို့ပင် မြတ်ဗုဒ္ဓအဘိဓမ္မာလာ အပွနာဇောဝါရ မနောဒ္ဓါရဝိထိများ၌ ဝေဒနာ ယှဉ်ပုံ အသွင်မတူသော ကာမသောမနဿ ဥပစာရသမာဓိဇောနောင် ဥပေက္ခာ အပွနာသမာဓိဇောများ နှောင်းနိုင်ခွင့် မရှိခြင်းအကြောင်းကို ရေးသားဖြေဆိုပါ

➢ **ကာမ ဒေါသမနဿ ဥပစာရသမာဓိဇောနောင် ဥပေက္ခာ အပွနာသမာဓိဇော များ နှောင်းနိုင်ခွင့် မရှိခြင်းအကြောင်း** ။ ။ဝေဒနာပြားသော ဇောအချင်းချင်း အာသေဝန ပစ္စည်းအဖြစ်ကို ထုတ်ဆောင်ဟောကြားမှု မရှိခြင်းကြောင့်--ကာမသောမနဿ ဥပစာရ သမာဓိဇောနောင် ဥပေက္ခာ အပွနာသမာဓိဇောများ နှောင်းနိုင်ခွင့် မရှိပါ။

➢ **ဒေါသမနဿ ကာမဇောနောင် ဒေါသမနဿ အပွနာဇောကိုသာ ကျရခြင်း အကြောင်း** ။ ။ စတုတ္ထစျာန်၏အစွမ်းဖြင့်ရင်း။ သုက္ခဝိပဿကပုဂ္ဂိုလ် စသည်တို့၏ အစွမ်းဖြင့်ရင်း, မဂ်ဖိုလ်၏အစွမ်းဖြင့်ရင်း သောမနဿ အပွနာဇောကိုသာ ကျရပါသည်။

➢ **ဒေါသမနဿ အပွနာဇော ကျနိုင်သော ပုဂ္ဂိုလ်များ** ။ ။ လောကီ ပဌမစျာန် ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့ကို ဝင်စားသောပုဂ္ဂိုလ် [စျာနဝိထိကို ရည်ရွယ်] မဂ်, ဖိုလ်ရသော သုက္ခဝိပဿကပုဂ္ဂိုလ် [မဂ္ဂဝိထိကို ရည်ရွယ်] အောက်စျာန်

http://www.dhammadownload.com

လေးပါးကိုသာ ပါဒကသမ္မသိတပြု၍ မဂ်, ဖိုလ်ရသောပုဂ္ဂိုလ်၊ တစ်ဖန် ယင်းစျာန်နှင့် ယှဉ်သော ဖိုလ်ဝင်စားသော ပုဂ္ဂိုလ် [မဂ္ဂ/ဖလသမာပတ္တိဝိထိကို ရည်ရွယ်] များ သန္တာန်၌ သောမနဿ အပွနာဇောများ ကျနိုင်ပါသည်။

➢ **မဟာကုသိုလ် ဉာဏသမ္မယုတ်ဇောနောင် ကြိယာ အပွနာဇောများ မကျနိုင်ခြင်းအကြောင်း/မဇ္ဈောင်းနိုင်ခြင်းအကြောင်း** ။ ။ ကွဲပြားသော သန္တာန်ဖြစ်သောကြောင့် မကျနိုင်ပါ။ (တစ်နည်း) ကုသိုလ်ဇောသည် ပုထုဇဉ်သေက္ခတို့ သန္တာန်၌ဖြစ်၍ ကြိယာဇောက ရဟန္တာသန္တာန်၌ဖြစ်ရကား သန္တာန်ကွဲပြားသောကြောင့်-- မကျနိုင်ပါ။

➢ **ကုသိုလ်ဇောနောင် ဖိုလ်ဝိပါက် ကျရခြင်းအကြောင်း** ။ ။ သမာပတ္တိဝိထိ၌ ဖြစ်သောကြောင့် ကုသိုလ်ဇောနောင် ဖိုလ်ဝိပါက် ကျရပါသည်။

➢ **ဓမ္မဋ္ဌိမဠ ဖလဘွယမဇဗေတိ-၌ ယူရမည်ဝိထိ** ။ ။ ဖလသမာပတ္တိဝိထိကို ယူရပါမည်။

➢ **ပုထုဇ္ဇနာနုဒေသကွာနုံ-၌ ပုထုဇ္ဇန-အရ** ။ ။ ဒုဟေတုကာန မဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိစေဝ အပွနာဇဝနာနိစ နု လဒ္ဓန္တိ-ကို ထောက်၍ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ အပွနာဇောများ မစောနိုင်သောကြောင့် ပုထုဇ္ဇန-အရ တိဟိတ်ပုထုဇဉ်ကိုသာ ယူရပါမည်။

➢ **ဒေသကွ-အရ** ။ ။ လောကုတ္တရဇဝနာနိစ ယထာရဟံ အရိယာနမေဝ သမ္ပတ္တိ-ကိုထောက်၍ မဂ္ဂဋ္ဌာန် ၄-ယောက်တို့သန္တာန်၌ ဆိုင်ရာမဂ်ဇောများသာ စောနိုင်သောကြောင့် သေက္ခ-အရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ကိုသာ ယူရပါမည်။

➢ **ဦးကာကျော်အလို-ဒွတ္တိသ သုခပုညမှာ-ဒေသာဂါထာ၌ ဒွတ္တိသ-အရ** - အရဟတ္တဖိုလ်, ဝိပါက်, ကြိယာကြဉ် လောကီ လောကုတ္တရာစျာန်လေးပါးအပေါင်းဖြစ်သော ဇောတို့ကို ယူရပါမည်။

➢ **ဒွါဒသ-အရ** ။ ။ အရဟတ္တဖိုလ်, ဝိပါက်, ကြိယာကြဉ် လောကီ-လောကုတ္တရာ ပဉ္စမစျာန်ဇောတို့ကို ယူရပါမည်။

➢ **အဋ္ဌ-အရ** ။ ။သောမနဿ ကြိယာစျာန်ဇော ၄-ခုအပေါင်းနှင့် သောမနဿ အရဟတ္တဖိုလ်စျာန်ဇော ၄-ခု အပေါင်းတို့ကို ယူရပါမည်။

➢ **ဆ-အရ** ။ ။ ဥပေက္ခာသဟဂုတ် ရူပ-အရူပ ကြိယာ ၅-ခုအပေါင်းနှင့် ဥပေက္ခာသဟဂုတ် အရဟတ္တဖိုလ်တို့ကို ယူရပါမည်။

ဘဝါရမ္ဘဏနိယမဝဏ္ဏနာ

➢ **သဗ္ဗတ္ထာပိ ပဒေသတ္ထ အနိစ္စ-၌ သဗ္ဗတ္ထ-အရ** ။ ။ ပဉ္စဒ္ဓါရ, မနောဒ္ဓါရတို့ကို ယူရပါမည်။

http://www.dhammadownload.com

ဧမေ ။ ။ ဣဋ္ဌေ ကုသလဝိပါကာနိ-၌ ဣဋ္ဌ-အရ ယူရမည့်အာရုံကို အကြောင်းနှင့် တကွ ဖြေဆိုပါ။ (၁၃၆၂-ခု လတ်၊ စစ်ကိုင်းတိုင်း)

➢ **ဣဋ္ဌဿ ကုသလဝိပါကာနိ-၌ ဣဋ္ဌ-အရ** ။ ။ အတိဣဋ္ဌာရုံကို သီးခြားဆိုလတ့် ဖြစ်သောကြောင့် ဣဋ္ဌ-အရ- ဣဋ္ဌမဗျတ္တာရုံကိုသာ ယူရပါမည်။(ဝိထိ-၂၇ ထောက်)

ဧမေ ။ ။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်၍ စိတ်ပါဝင်စားစွာဖြင့် သင်ယူနာကြားနေသူ၏ သန္တာန်၌ ဖြစ်ပေါ်နေသော အကျိုးဝိပါက်စိတ်များနှင့် ဇောစိတ်များကို ဖော်ပြပါ။ (၁၃၄၇-ခု လတ်)

ဖြေ ။ ။ (အကျိုးဝိပါက်စိတ်များ) ကုသလဝိပါက် သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံစိတ်များ ဖြစ်ပါသည်။ (ဇောစိတ်များကား) စိတ်ပါဝင်စားစွာဖြင့်-ဟု ဆိုသဖြင့် မဟာကုသိုလ် သောမနဿဇော ၄-ခုတို့ ဖြစ်ပါသည်။

➢ **ဝိပါက်အမှန် အဓိပ္ပါယ်** ။ ။ သဘာဝအနိဋ္ဌာရုံနှင့် တွေ့သောအခါ၌ အကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏ တဒါရုံများဖြစ်၏၊ သဘာဝဣဋ္ဌမဗျတ္တာရုံနှင့် တွေ့သောအခါ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တဒါရုံများဖြစ်၏၊ သဘာဝအတိဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ ကုသလဝိပါက် သောမနဿ သန္တီရဏ တဒါရုံများဖြစ်၏။ ဤသို့ ဝိပါက်စိတ်များသည်-ကံ၏ အာနုဘော်ကြောင့် ဖြစ်ရသည့်အတွက် ကြေးမုံအပြင်၌ထင်သော မျက်နှာရိပ်သည် ပကတိမျက်နှာမှ ပြောင်းရွှေ့၍ တစ်မျိုးတစ်ခြား မထင်နိုင်သကဲ့သို့ ထို့အတူ ပြုပြင်ပြောင်းလဲ၍ အာရုံကိုယူခြင်း မရှိသောကြောင့် အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မှန်ကန်ကြသည်ကို "ဝိပါက်အမှန်"ဟု ခေါ်ပါသည်။

[**အကျဉ်း**] ဇော၏ ရှေ့နောက်ဝိပါက်စိတ်များ၌ ဣဋ္ဌ, အတိဣဋ္ဌ, အနိဋ္ဌ-ဟူသော အာရုံအားလျော်စွာ သောမနဿ, ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်သည်ကို "ဝိပါက်အမှန်"ဟု ခေါ်ပါသည်။

➢ **ဇော အဖြေနှင့် အဓိပ္ပါယ်** ။ ။ ကုသိုလ်, အကုသိုလ်ဇောတို့သည် သညာဝိပလ္လာသ မကင်းသေးသော ပုထုဇဉ် သေက္ခတို့သန္တာန်၌ဖြစ်သောကြောင့် အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဗျတ္တအခြင်းအရာ, အနိဋ္ဌမဗျတ္တ အခြင်းအရာအားဖြင့်ရင်း၊ အနိဋ္ဌာရုံကိုလည်း အတိဣဋ္ဌ အခြင်းအရာ, ဣဋ္ဌမဗျတ္တ အခြင်းအရာအားဖြင့် ယူတတ် အာရုံပြုတတ်ပါသည်။

သဒ္ဓါတရား ခေါင်းပါးသောသူတို့အား ဘုရား-စသော အတိဣဋ္ဌာရုံကို ဖူးမြင်ရသော်လည်း လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စော၏၊ ရတနာသုံးပါးကို မကြည်ညိုကုန်သော တိတ္ထိ-စသောသူတို့အား ဘုရား-စသော အတိဣဋ္ဌာရုံ အစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌာရုံ အခြင်းအရာအားဖြင့် ဒေါသဇော စော

http://www.dhammadownload.com

၏။ **မစင်, ခွေးကောင်ပုပ် အစရှိကုန်သော အနိဋ္ဌာရုံ၌ ခွေး, ကျီး, လင်းတတို့အား အတိက္ကဋ္ဌ အခြင်းအရာအားဖြင့် သောမနဿဇော စောကုန်၏။** ထို **မစင် ခွေးကောင်ပုပ်-စသော အနိဋ္ဌာရုံ၌ပင် နက်နဲသော ဉာဏ်သဘောရှိသောသူတို့အား လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကုန်၏။**

ဤသို့လျှင် ကုသိုလ်, အကုသိုလ်ဇောတို့သည် အာရုံသဘောကို အခါခပ်သိမ်း မလိုက်ဘဲ ဝေဒနာယှဉ်ပုံ ဗလောင်းဗလဲ ဖြစ်သည်ကို ရည်ရွယ်၍ "ဇောအပြန်" ဟု ခေါ်ပါသည်။

[**အကျဉ်း**] ကုသိုလ်, အကုသိုလ်ဇောများကား အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာ ဝေဒနာယှဉ်ပုံ မမှန်ဘဲ ဗလောင်းဗလဲ ပြောင်းလွဲဖောက်ပြန်သည်ကို "ဇော အပြန်"ဟု ခေါ်ပါသည်။

➢ **အတိက္ကန္တဋ္ဌေ ဣဋ္ဌမဇ္ဈတ္တာကာရ=အတိက္ကန္တာရုံ၌ ဥပေက္ခာဇော စောပုံ**

သဒ္ဓါတရား ခေါင်းပါးသောသူတို့အား ဘုရား-စသော အတိက္ကဋ္ဌာရုံကို ဖူးမြင်ရသော်လည်း လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောပါသည်။

➢ **အတိက္ကန္တဋ္ဌေ အနိဋ္ဌာကာရ=အတိက္ကန္တာရုံ၌ ဒေါသဇော စောပုံ** ။ ။ ရတနာ သုံးပါးကို မကြည်ညိုကုန်သော တိတ္ထိ-စသောသူတို့အား ဘုရား-စသော အတိက္ကဋ္ဌာရုံ အစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌာရုံ အခြင်းအရာအားဖြင့် ဒေါသဇော စောပါသည်။

➢ **အနိဋ္ဌေ အတိက္ကန္တာကာရ= အနိဋ္ဌာရုံ၌ သောမနဿဇော စောပုံ** ။ ။ မစင်, ခွေးကောင်ပုပ် အစရှိကုန်သော အနိဋ္ဌာရုံ၌ ခွေး, ကျီး, လင်းတတို့အား အတိက္ကဋ္ဌ အခြင်းအရာအားဖြင့် သောမနဿဇော စောကြပါသည်။

➢ **အနိဋ္ဌေ ဣဋ္ဌမဇ္ဈတ္တာကာရ=အနိဋ္ဌာရုံ၌ ဥပေက္ခာဇော စောပုံ** ။ ။ မစင် ခွေးကောင်ပုပ်-စသော အနိဋ္ဌာရုံ၌ပင် နက်နဲသော ဉာဏ်သဘောရှိသောသူတို့အား လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကြပါသည်။

➢ **ဇောပြန်သော်လည်း ဝိပါက်မပြန်ပုံ** ။ ။ မစင်, ခွေးကောင်ပုပ်-စသော အနိဋ္ဌာရုံကို တွေ့မြင်ရာ၌ ခွေး, ကျီး, လင်းတတို့အား ဝမ်းသာသော အခြင်းအရာအားဖြင့် သောမနဿဇော စောသော်လည်း ဇော၏ ရှေ့အဖို့ဖြစ်သော ပဋိဝိညာဉ် သမ္မဋိဆိုင်း သန္ဓိရဏနှင့် နောက်အဖို့ဖြစ်သော တဒါရုံတို့သည်ကား အနိဋ္ဌာရုံအားလျော်စွာ ဥပေက္ခာဝေဒနာ-သာ ဖြစ်ရပါသည်။

ဓမ္မ ။ ။ **ဘုရားရှင်ကို တွေ့မြင်ရပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်နေသူအား ရှေ့နောက်ဆက်လျက် ဖြစ်သင့်သော ဇော, တဒါရုံတို့၏ ဝေဒနာကို ပိုင်းခြားပြပါ။** (၁၃၃၆-ခု ကြီး)

http://www.dhammadownload.com

ရှေ့ဆုံး ဖြစ်သင့်သောဧကော။ ဥပေက္ခာဧက ဖြစ်ပါသည်။

နောက်ဆုံး ဖြစ်သင့်သော တဒါရုံ။ သောမနဿတဒါရုံ ဖြစ်ပါသည်။ (အတိတ္တဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္ဓိရဏ တဒါရမ္မဏာနိ-ကိုထောက်ပါ။)

ဓမ်း ။ ။ မြတ်ဘုရား ရှေတိုဂုံ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြသော ပုဂ္ဂိုလ်တို့တွင် ဥပေက္ခာဧက, ဒေါသဧက ဖြစ်နိုင်သော ပုဂ္ဂိုလ်များကို ဖြေဆိုပါ။

➢ **မြတ်ဘုရား ရှေတိုဂုံ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြသော ပုဂ္ဂိုလ်တို့တွင် ဥပေက္ခာဧက ဖြစ်နိုင်သော ပုဂ္ဂိုလ်**။ သဒ္ဓါတရားခေါင်းပါးသူ ဖြစ်ပါသည်။

➢ **ဒေါသဧက ဖြစ်နိုင်သော ပုဂ္ဂိုလ်**။ ရတနာသုံးပါးကို မကြည်ညိုကုန်သော တိတ္ထိ-စသော သူတို့ ဖြစ်ပါသည်။

➢ **အတိတ္တဋ္ဌာရုံ၌ သောမနဿ သန္ဓိရဏ တဒါရုံများသာ ဖြစ်ရခြင်းအကြောင်း**

ကံ၏အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော ဝိပါက်တို့သည် မှန်၌ထင်လာသော မျက်နှာရိပ်ကဲ့သို့ အထူးကြံဆခြင်း မရှိမူ၍ ဖြစ်ခြင်းကြောင့်-- တည်း။

➢ **ဧကာ**၏ ဖောက်ပြန် **ပြောင်းလဲရခြင်းအကြောင်းနှင့် ပြောင်းလဲပုံ** ။ ။ ကုသိုလ် အကုသိုလ်ဧကတို့သည် ဝိပလ္လာသ မယယ်ရသေးသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောကြောင့် အတိတ္တဋ္ဌာရုံ၌ ဣဋ္ဌမဇ္ဈတ္တ အခြင်းအရာ, အနိဋ္ဌအခြင်းအရာ အားဖြင့် ပြောင်းလဲပါသည်၊ အနိဋ္ဌာရုံ၌ ဣဋ္ဌ အခြင်းအရာ, ဣဋ္ဌမဇ္ဈတ္တ အခြင်းအရာ အားဖြင့် ပြောင်းလဲပါသည်။

➢ **ဝိပါက်အမှန်ဖြစ်ရခြင်းအကြောင်း** ။ ။ အကျိုးဝိပါက်သည် အကြောင်းကံ၏ အာနုဘော်ကြောင့် ဖြစ်ရသည့်အတွက် အာရုံအားလျော်စွာ အမှန်ဖြစ်ရပါသည်။

➢ **သောမနဿသဟဂတကိရိယဇဝနာဝသာနေ-စသောစကားကို အနုရုဒ္ဓါ ဆရာ မိန့်ဆိုခြင်းအကြောင်း** ။ ။ ရဟန္တာပုဂ္ဂိုလ်တို့မှာ စိတ်၏ ဖောက်လွဲဖောက်ပြန်ဖြစ်မှုဟူသော စိတ္တဝိပလ္လာသ မရှိသည့်အတွက် ထိုရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်လေ့ရှိသော ကြိယာဧကတို့သည်လည်း ဝိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာသာလျှင် ဖြစ်ကြသောကြောင့် သောမနဿသဟဂတကိရိယဇဝနာဝသာနေ-စသောစကားကို အရှင် အနုရုဒ္ဓါဆရာ မိန့်ဆိုရပါသည်။

➢ **ကြိယာဧကများ အာရုံအားလျော်စွာ ဖြစ်ရခြင်းအကြောင်း** ။ ။ ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်ဖောက်ပြန်မှု မရှိသောကြောင့် ကြိယာဧကတို့သည် အာရုံအားလျော်စွာ ဖြစ်ရပါသည်။

➢ **ဝိပါက်လည်းအမှန် ဧကာလည်းအမှန်** ။ ။ ဝိပလ္လာသကင်းသော ရဟန္တာများ သန္တာန်၌သာ ဖြစ်သောကြောင့် ကြိယာဧကများသည် အတိတ္တဋ္ဌာရုံနှင့် တွေ့ကြုံသော

http://www.dhammadownload.com

အခါ သောမနဿကြိယာဇော စော၍ ယင်းနောင် သောမနဿတဒါရုံကျ၏၊ ဣဋ္ဌ မဇ္ဈတ္တာရုံ, အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံသောအခါ ဥပေက္ခာကြိယာဇောစော၍ ယင်းနောင် ဥပေက္ခာ တဒါရုံကျ၏၊ ဤသို့ ရဟန္တာသန္တာန်၌ဖြစ်သော ဝိပါက်နှင့်ကြိယာဇောများ သည် အာရုံအားလျော်စွာ ဝေဒနာယုဉ်မှု မှန်ကန်သည်ကို "ဝိပါက်လည်းအမှန် ဇော လည်း အမှန်"ဟု ဆိုပါသည်။

ဓမ္မ ။ ။ ကြိယာဇောများသည် အာရုံအားလျော်စွာ ဖြစ်၏ဟူသော သင်ဟစကားသည် ဝက်မင်ယန်နှင့် ပြိတ္တာကိုမြင်၍ ဘုရားရှင်နှင့် ရှင်မဟာမောဂ္ဂလာန်တို့ ပြုံးရယ်-ကြ၏-ဟူသော စကားနှင့် ဆန့်ကျင်/မဆန့်ကျင် ဝေဖန်ပြပါ။

ဓမ္ဘ ။ ။ သင်ဟ စကားသည် ပကတိ အနေအထားအားဖြင့်ဖြစ်သော ကြိယာဇော များကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်၊ ဝက်မင်ယန်နှင့် ပြိတ္တာကိုမြင်၍ ဘုရားရှင် နှင့် ရှင်မောဂ္ဂလာန်တို့ ပြုံးရယ်ကြခြင်းသည် စိတ္တာဘိသခါရကြောင့်ဖြစ်၏၊ ဝက်မင်ယ နှင့် ပြိတ္တာတို့သည် အနိဋ္ဌာရုံဖြစ်သော်လည်း စိတ်ကိုပြုပြင်၍ ကြည့်ရှုရာအခါဖြစ်၍ ဥပေက္ခာဇော မစောဘဲ သောမနဿဇော စော၏၊ ထို့ကြောင့် မဆန့်ကျင်ပါ။

(တစ်နည်း) ဝက်မင်ယန်နှင့် ပြိတ္တာတို့ကိုမြင်ရာဝယ် အနိဋ္ဌာရုံဖြစ်သည့်အားလျော် စွာ ဘုရားရှင်နှင့် ရှင်မောဂ္ဂလာန်တို့သန္တာန်ဝယ် ဥပေက္ခာဇော စော၏၊ ထိုအခါ ပြုံး တော် မမူသေး။ ထို့နောက် ယင်းသတ္တဝါတို့ကဲ့သို့ အံ့သြဖွယ်ရာ ဆန်းကြယ်စွာသော ဂတိ၌ ဖြစ်ရမည့်အကြောင်း မကောင်းသောတရားများ မိမိသန္တာန်၌ မရှိတော့သဖြင့် (ကိုယ်တော်တို့၏သန္တာန်၌ မရှိတော့သဖြင့်) ကိုယ်တော်တို့၏ သမ္ပတ္တိဂုဏ်ကို အာရုံပြု ၍ သောမနဿဇော စော၏၊ ဤသို့ အနိဋ္ဌာရုံ အတိဏ္ဍာရုံ အားလျော်စွာ ဥပေက္ခာ ဇောနှင့် သောမနဿဇောတို့ စောသောကြောင့် မဆန့်ကျင်ပါ။(ပရမတ္ထသရူပဘေဒနီ)

➢ **ကြိယာဇောနောင် တဒါရုံ မကျနိုင်ဟူ စကစိဆရာတို့ ဆိုရခြင်းအကြောင်း**

ကေစိဆရာတို့က ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ-ဟု ပဋ္ဌာန်းပါဠိကိုထောက်၍ ကုသိုလ် အကုသိုလ်ဇောနောင် တဒါရုံကျ၏၊ ကြိယာ ဇောနောင် တဒါရုံ မကျဟု ဆိုကြပါသည်။

➢ **ကြိယာဇောနောင် တဒါရုံ မကျနိုင်ဟူသော စကား မှန်/မမှန်** ။ ။(အတျာ ကတေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ-ဟု ကြိယာဇောနောင် တဒါရုံကျ ကြောင်း ဟောတော်မူခဲ့လျှင်) ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ်နောင် တဒါရုံ ကျသည်ဟု မှတ်ယူမည်စိုးသောကြောင့် ကြိယာဇောနောင် တဒါရုံကျထိုက်လျက် မဟော ခြင်း ဖြစ်ပါသည်၊ (ဥပမာ) ဓမ္မသင်္ဂဏီ၌ ဒုကဒေသနာပျက်မည်စိုး၍ ဟဒယဝတ္ထုကို မဟောဘဲ ချန်ထားသကဲ့သို့တည်း၊ ထို့ကြောင့် ကေစိဆရာတို့စကား မမှန်ပါ။

http://www.dhammadownload.com

➢ **ဒေါသဇောနောင် သောမနဿ တဒါရုံ (ဘဝင်) မကျနိုင်ခြင်းအကြောင်း**

အချင်းချင်း ဆန့်ကျင်ဘက်သဘောရှိသောကြောင့် ဒေါသဇောနောင် သောမနဿ တဒါရုံ (ဘဝင်) များ မကျနိုင်ပါ။

➢ **တဒါရုံကိုမှတ်ရာ၌ ဂေဟိကနည်း/အနေကဂေဟိကနည်း** ။ ။ ဇောဖြင့် တဒါရုံကို မှတ်ခြင်းသည် ဂေဟိကနည်း ဖြစ်ပါသည်။ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်တို့ဖြင့် တဒါရုံကို မှတ်ခြင်းသည် အနေကဂေဟိကနည်း ဖြစ်ပါသည်။

➢ **ဇောနောင် တဒါရုံကျမုံ့** ။ ။ မဟာကုသိုလ် ၈-ပါး၊ ဒေါသမူဌေးမှတစ်ပါး အကုသိုလ်ဇော ၁၀-ပါး၊ သောမနဿသဟဂုတ် ကြိယာဇော ၅-ပါးတို့နောင် သုခ သဟဂုတ် တဒါရုံ ၅-ပါးတို့တွင် ထိုက်သင့်သော တဒါရုံ ၁-ပါးပါး ကျပါသည်။

အကုသိုလ်ဇော ၁၂-ပါး၊ မဟာကုသိုလ်ဇော ၈-ပါး၊ ဥပေက္ခာကြိယာဇော ၄-ပါး တို့နောင် ဥပေက္ခာသဟဂုတ် တဒါရုံ ၆-ပါးတို့တွင် သင့်တော်သော တဒါရုံ ၁-ပါးပါး ကျပါသည်၊ ဤနည်းသည် ဂေဟိကဖြစ်သောကြောင့် အရှင်အနုရုဒ္ဓါ ခွင့်ပြုသောနည်း ဖြစ်ပါသည်။

➢ **ဇောနောင် တဒါရုံကျရာ၌ ခွင့်မပြုသော နည်း** ။ ။ (၁) ဉာဏသမ္ပယုတ်ဇော နောင် ဉာဏသမ္ပယုတ်တဒါရုံ ၄-ပါးကျ၏၊ (၂) ဉာဏဝိပ္ပယုတ်ဇောနောင် ဉာဏ ဝိပ္ပယုတ်တဒါရုံ ၄-ပါးကျ၏၊ (၃) အကုသိုလ်ဇောနောင် အဟိတ်တဒါရုံ ၃-ပါးကျ၏၊ ဤနည်းသည် အနေကဂေဟိကဖြစ်သောကြောင့် အရှင်အနုရုဒ္ဓါ ခွင့်မပြုသောနည်း ဖြစ် ပါသည်။

➢ **ဉာဏသမ္ပယုတ်ဇောနောင် ဉာဏသမ္ပယုတ်တဒါရုံ ကျရမည်ဟူသော စကား ကေန်မဟုတ် (၀၊) အနေကဂေဟိကဖြစ်ပုံ** ။ ။ အကုသိုလ်ဇောတို့၌ အလေ့အကျက်များ သော ပုဂ္ဂိုလ်အား ကုသိုလ်ဇော တရံတခါ စောသည်ရှိသော် အကုသိုလ်ဇောနောင် အဖြစ်များမှ အလေ့အကျက်ကြောင့် တိဟိတ်ဇောနောင်မှလည်း အဟိတ်တဒါရုံ ကျ နိုင်ပါသည်။ ကုသိုလ်ဇောတို့၌ အလေ့အကျက်များသော ပုဂ္ဂိုလ်အား အကုသိုလ်ဇော တရံတခါ စောသည်ရှိသော် ကုသိုလ်ဇောနောင် အဖြစ်များမှ အလေ့အကျက်ကြောင့် အကုသိုလ်ဇောနောင်မှလည်း တိဟိတ်တဒါရုံ ကျနိုင်ပါသည်။

➢ **၁။ အာဂန္တုကဘဝင်ကျမုံ့ (၀၊) ဖြစ်ပုံ** ။ ။ သောမနဿ ပဋိသန္ဓေရှိသော တိတ္ထိ-စသော ပုဂ္ဂိုလ်အား ဘုရား-စသော အတိဂ္ဂဗ္ဗာရုံကို မြင်တွေ့ရာ၌ ပြစ်မှားသော စိတ်ရှိ သည်ဖြစ်၍ ဒေါသဇော စောသည်ရှိသော် (၁) အချင်းချင်း ဆန့်ကျင်ဘက်သဘော ရှိသောကြောင့် ဒေါသဇောနောင် သောမနဿတဒါရုံ မကျနိုင်၊ (၂) အတိဂ္ဂဗ္ဗာရုံဖြစ် သောကြောင့် အတိဂ္ဂဗ္ဗေ ပန သောမနဿသဟဂတာနေဝ သန္ဓိရဏ တဒါရမ္မဏာနိ

http://www.dhammadownload.com

ဟူသော ပါဠိအရ ဥပေက္ခာတဒါရုံလည်း မကျနိုင်၊ တဒါရုံ မကျခဲ့သော် သောမနဿ ဘဝင်ချလျှင်လည်း ဒေါသဇောနှင့် ဆန့်ကျင်၏။ [ဤကား ဘဝင် မကျနိုင်ပုံတည်း]

သို့ဖြစ်၍ ရှေးရှေးသောအခါကာလ၌ မိမိလေ့ကျက်နေကြ နှလုံးသွင်းမြဲဖြစ်သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္ဓိရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စ တပ်လျက် တစ်ကြိမ်ဖြစ်ရ၏၊ ထို့နောင်မှာမူ ပဋိသန္ဓေနှင့်တူသော သောမနဿဘဝင် ဆက်၍ ကျလေသည်။

[ပဉ္စဒ္ဒါရ] **အာဂန္တုက ဘဝင်ဝိထိ ပုံစံ** ။ ။ တိ, နု, ဒ, ပ, စ, သ, ဏ, ဝ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, အာဂန္တုကဘဝင်, မူလဘဝင် (တိတ္ထိပုဂ္ဂိုလ်)

➢ **အာဂန္တုကဘဝင် အဓိပ္ပါယ်** ။ ။ မူလဓာတ်ခံ သောမနဿနှင့် ပဝတ္တိအခါ ဒေါမနဿ နှစ်ပါးတို့၏ အစဉ်မတည့်ကြသဖြင့် ဝိထိတစ်ပိုင်းတစ်စဖြစ်ကာ ဘဝင် မကျနိုင်ဘဲ ထိုနေရာဝယ် ဝိထိစိတ်ပြည့်စုံစေရန် ဂဟေပမာ အပိုဖြစ်လာသော ဘဝင်မျိုးကို "အာဂန္တုကဘဝင်"ဟု ခေါ်ပါသည်။

➢ ၂။ **အာဂန္တုကဘဝင်ကျမုံ့ (ဝါ) ဖြစ်ပုံ** ။ ။ ဈာနလာဘီ သောမနဿ ပဋိသန္ဓိက ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော ကာမဋ္ဌာနနိဝရဏ-စသော အကြောင်းကြောင့် ဈာန်လျောသည်ရှိသော် ယင်းဈာန်ကို အာရုံပြု၍ ဝိပွဿနာရဖြစ်သောအခါ ဒေါသဇော စောင်၏၊ ကာမအာရုံ မဟုတ်သောကြောင့် (ဝါ) မဟဂ္ဂတ်ဈာန် အာရုံဖြစ်သောကြောင့် ယင်းဒေါသဇောနောင် တဒါရုံ မကျနိုင်၊ တဒါရုံ မကျခဲ့သော် သောမနဿဘဝင်ချလျှင် ဒေါသဇောနှင့် ဆန့်ကျင်၏။ ဥပေက္ခာဘဝင်ကျလျှင် မူလပဋိသန္ဓေနှင့် ဆန့်ကျင်၏၊ သို့ဖြစ်၍ ဥပေက္ခာသဟဂုတ် သန္ဓိရဏစိတ်သည် ရှေးအခါက မိမိလေ့ကျက်နေကျ ကာမအာရုံကို 'အာရုံပြုလျှက် အာဂန္တုကဘဝင်ကိစ္စတပ်ခါ တစ်ကြိမ်ဖြစ်ရပါသည်။

➢ **အာဂန္တုကဘဝင်ဝိထိပုံစံ (မစနာဒ္ဒါ၈)**

နု, ဒ, မ, ဒေါသဇော ၇-ကြိမ် အာဂန္တုကဘဝင်, မူလဘဝင်

➢ **သင်ဟ၌ ယဒိ ဘဝင်သမ္ဘဝေါ နတ္ထိ–ဟု မဆိုခြင်းအကြောင်း** ။ ။ ဇောနောင် အတိမဟတ္တာရုံ ဝိဘူတာရုံဝိထိဖြစ်လျှင် တဒါရုံချရမည်၊ မဟတ္တာရုံ အဝိဘူတာရုံ ဝိထိဖြစ်လျှင် ဘဝင်ချရမည်၊ ထိုတွင် ဒေါမနဿဝေဒနာနောင် သောမနဿပဋိသန္ဓိကပုဂ္ဂိုလ် သန္တာန်၌ ဒေါသဇောနောင် ဘဝင်မကျနိုင်ကြောင်းကို "သောမနဿ ပဋိသန္ဓိကဿ" စသော ပါဠိဖြင့်ပြသည်၊ ထို့ကြောင့် "ယဒိ ဘဝင်သမ္ဘဝေါ နတ္ထိ"ဟု သင်ဟ၌ မဆိုပါ။

➢ **အာဂန္တုကဘဝင် ၈၃နိုင်သည့်အင်္ဂါ** ။ ။ (၁) သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူ ဖြစ်ခြင်း (၂) ဒေါသဇောနောင်ဖြစ်ခြင်း (၃) တဒါရုံ မကျနိုင်ခြင်းတို့ ဖြစ်ပါသည်။

(သာဓက) သောမနဿ ပဋိသန္ဓိကဿ ဒေါမနဿသဟဂတဇဝနာဝသာနေ

http://www.dhammadownload.com

တဒါရမ္မဏ သမ္ဘဝေါ နတ္ထိ။

➢ **အာဂန္တုဘဝင် ကျွန်ုပ်ရာအခါ ။ ။** (၁) သောမနဿနှင့် ပဋိသန္ဓေနေသော တိတ္ထိ-စသော ပုဂ္ဂိုလ်အား ဘုရား-စသော အတိဂ္ဂဒ္ဒာရုံ၌ ပြစ်မှားသော စိတ်ရှိသည် ဖြစ်၍ ဒေါသဇောဖြစ်ရာအခါ။ (၂) တစ်စုံတစ်ခုသော မလျောက်ပတ်သော အကြောင်း ကြောင့် လျှောကျပြီးသော လောကီဈာန်ကို အာရုံပြု၍ နှလုံးမသာယာသောအားဖြင့် ဒေါသဇောဖြစ်ရာအခါတို့ ဖြစ်ပါသည်။

➢ **ပရိစိတပုဗ္ဗ-ဇ္ဈာ ပုဗ္ဗ-အရ ။ ။** ပုဗ္ဗေနိဝါသာနုဿတိ-စသော ပါဠိရပ်တို့၌ ကဲ့သို့သော အတိတဘဝကို မယူရ၊ တသို့ ဘဝေ-ဟု ဖွင့်သောကြောင့် ယခုဘဝကို သာ ယူရပါမည်။

➢ **ပရိစိတ-ဟူသည် ။ ။** အဖန်ဖန်ယူခြင်းကို ဆိုပါသည်။

➢ **ပရိစိတပုဗ္ဗ-အရ ။ ။** ယခုဘဝ၌ပင် များသောအားဖြင့် ရှေး၌ယူအပ်သော အာရုံကို ယူရပါမည်။

➢ **အာဂန္တုကဘဝင် အမည်ရသော စိတ်များ (ပဋ္ဌာန်၊) ။ ။** (သင်ဟအလို) ဥပေက္ခာသန္ဓိရဏ ၂-ပါး ဖြစ်ပါသည်။ (ဒီပနီ-အလို) ဥပေက္ခာသန္ဓိရဏ ၂-ပါးနှင့် မဟာဝိပါက်ဥပေက္ခာသဟဂုတ် ၄-ပါး ပေါင်း ၆-ပါး ဖြစ်ပါသည်။

➢ **အာဂန္တုကဘဝင်စိတ်သည် အာဝဇ္ဇန်းကင်းလျက် ကာမအာရုံသစ်ကို ယူနိုင်သည်ဟု သိရှေခြင်းအစကြောင်း ။ ။** အာဝဇ္ဇန်း မပါလျှင် အာရုံသစ်ကို မယူနိုင်ဟု ရှေးဆရာတို့ အဆိုမရှိသည့်အပြင် နိရောဓသမာပတ်မှထသော အနာဂါမ် ရဟန္တာ၏ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်စိတ်တို့ အာဝဇ္ဇန်းကင်းလျက် နိဗ္ဗာန်အာရုံယူသည်ကို တွေ့မြင်ရသောကြောင့်--တည်း။

➢ **တစ်ပိဏ်တည်းမှာ အာရုံကွဲစကင်းသော စိတ်များ/အာဝဇ္ဇန်းကင်းလျက် အာရုံယူနိုင်စသော စိတ်များ ။ ။** (၁) သောတာပတ္တိမဂ္ဂဝိထိ၌ ဂေါတြဘူစိတ်၊ (၂) အထက်မဂ္ဂဝိထိ၌ ဝေါဒါနိစိတ်၊ (၃) ဖလသမာပတ္တိဝိထိ၌ ဖိုလ်စိတ်များ။ (၄) နိရောဓသမာပတ်မှ ထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်၊ (၅) အာဂန္တုကဘဝင်စိတ်တို့ ဖြစ်ပါသည်။

➢ **ဥစယက္ခာသဟဂုတ် သန္ဓိရဏ အာဂန္တုကဘဝင်စိတ်သည် ၅-ကိစ္စတို့တွင် ဖြစ်နိုင်စသော ကိစ္စ + မဖြစ်နိုင်သော ကိစ္စများ**

➢ **စသောမနဿ ပဋိသန္ဓိကပုဂ္ဂိုလ်၏ ဒေါသဇောနောင် ဥစယက္ခာသဟဂုတ် သန္ဓိရဏစိတ်ဖြစ်ရာဝယ် ယင်းစိတ်သည် ။ ။** (၁) ဒေါသဇော၏ အာရုံကို မယူခြင်းကြောင့် တဒါရုံကိစ္စတပ်၍လည်း မဖြစ်နိုင်ပါ။ (၂) သမ္ပဋိစ္ဆိုင်းစိတ် ခံယူပြီးသော အာရုံ

http://www.dhammadownload.com

ကို စုံစမ်းသည်၏အစွမ်းဖြင့် မဖြစ်ခြင်းကြောင့် သန္ဓိရဏကိစ္စတပ်၍လည်း မဖြစ်နိုင်။ (၃) ပဋိသန္ဓေအခါ မဟုတ်သောကြောင့် ပဋိသန္ဓေကိစ္စ တပ်၍လည်း မဖြစ်နိုင်။ (၄) စုတိအခါ မဟုတ်သောကြောင့် စုတိကိစ္စတပ်၍လည်း မဖြစ်နိုင်။ (၅) ပါရိသေသနည်း အားဖြင့် ဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝင်ကိစ္စတပ်၍ ဖြစ်ပါသည်။

စမ်း ။ ။ တစ်ဘဝ၌ ပဋိသန္ဓေနှင့် ဘဝင်တို့ သမ္မယုတ္တဓမ္မ အာရုံအားဖြင့် တူရမည် ဟူသော စကား၏ ယေဘုယျဖြစ်ပုံကို ရှင်းပြ၍ မုချစကားဖြစ်အောင် အဓိပ္ပါယ် ယူနည်းကိုလည်း ဖြေဆိုခဲ့ပါ။

➢ **တစ်ဘဝ၌ ပဋိသန္ဓေနှင့် ဘဝင်တို့ သမ္မယုတ္တဓမ္မ အာရုံအားဖြင့် တူရမည် ဟူသော စကား၏ ဃယဘုယျဖြစ်ပုံ** ။ ။ရှေး၌ လေ့ကျက်အပ်ဖူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုကဘဝင်စိတ်ဖြစ်သည်ကိုထောက်၍ တစ်ဘဝ၌ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့ သမ္မယုတ္တဓမ္မအားဖြင့်ငင်း, အာရုံအားဖြင့်ငင်း တူရမည်ဟု ဆိုလတ္တံသော ဝိထိမုတ်ပိုင်း စာပိုဒ် (၄၉) လာ စကားရပ်သည် ယေဘုယျ-သာ ဖြစ်ပါသည်။ (သို့သော် အာဂန္တုကဘဝင်အရာမှ တစ်ပါး ကျန်သောအရာတို့၌ ပဋိသန္ဓေ, ဘဝင်, စုတိ တို့ အမြဲတမ်း တူကြသည်။)

➢ **ယင်းစကားရပ်ကို မုဒ္ဓစကားဖြစ်စေအောင် အဓိပ္ပါယ်ယူနည်း** ။ ။ ဒီပနီ၌ တစ်ဘဝ၌ ပဋိသန္ဓေနှင့်ဘဝင်တို့ တူရမည်ဟု ဆိုသောစကားသည် မူလဘဝင်ကို ရည်ရွယ်၍ဆိုသည်၊ အာဂန္တုကဘဝင်သည် ပဋိသန္ဓေနှင့် မတူသော်လည်း အပြစ်မရှိဟု ဆိုကုန်၏၊ ထို့ကြောင့် ယင်းဝဏ္ဏနာ်အလို ပဋိသန္ဓိ ဘဝင်ဥ-စသော စကားရပ်သည် မုချ စကားရပ်ပင် ဖြစ်ပါသည်။

စမ်း ။ ။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါမနဿဇောနောင် တဒါရုံ မဖြစ်နိုင်သောအခါ အဘယ့်ကြောင့် ဥပေက္ခာသန္ဓိရဏစိတ် ဖြစ်ပါသနည်း၊ ရှင်း လင်းစွာ ဖော်ပြပါ။ (၁၃၂၇-ခု ကြီး)

➢ **သောမနဿနှင့် ပဋိသန္ဓေခန့်ခဲ့သော ပုဂ္ဂိုလ်၏ ဒေါမနဿဇောနောင် တဒါရုံ ဖြစ်နိုင်သောအခါ ဥပေက္ခာသန္ဓိရဏစိတ် ဖြစ်ရခြင်းအကြောင်း** ။ ။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောနောင် တဒါရုံမဖြစ်နိုင်သောအခါ ဘဝင်ဖြစ်ရမည်၊ ထို ဘဝင်သည်လည်း သောမနဿဘဝင်ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏။ ဥပေက္ခာ ဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် ဆန့်ကျင်နေပြန်၏၊ ထို့ကြောင့် ဥပေက္ခာသန္ဓိရဏစိတ် သည် အာဂန္တုကဘဝင်အဖြစ်ဖြင့် ဖြစ်ရပါသည်။ (ဝိထိစာပိုဒ်-၂၈)

➢ **အာဂန္တုကဘဝင်စိတ် ဖြစ်ပေါ်လာရပုံ** ။ ။သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူ အား ဒေါသဇော၏အဆုံး၌ တဒါရုံဖြစ်ခွင့် မရသောအခါ ဘဝင်ကျလိမ့်မည်၊ ထိုဘဝင်

http://www.dhammadownload.com

သည် သောမနဿဘဝင်ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏။ ဥပေက္ခာဘဝင်ဖြစ်ကလည်း မူလပဋိသန္ဓေနှင့် ဆန့်ကျင်နေပြန်၏။ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ ဘဝင်ကျဖို့လည်း အခက်အခဲ ကြုံတွေ့နေသောအခါ ရှေ့နောက် သင့်လျော်စေရန် ဥပေက္ခာသန္ဓိရဏစိတ်သည် ရှေ့ကလေ့ကျက်ခဲ့ဖူးသော ကာမအာရုံတစ်ခုခုကို အာရုံပြုလျှက် အာဂန္တုကဘဝင်စိတ်အဖြစ်ဖြင့် ဖြစ်ပေါ်လာရပါသည်။

➢ **ကာမဇော အဆုံးဌာန တဒါရုံကျရခြင်းအကြောင်း ။ ။** ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကာမာဝစရက်ကြောင့် ဖြစ်ရသောကြောင့် ကာမဇော အဆုံးဌာန တဒါရုံ ကျရပါသည်။ (၁၃၆၁-ခု လတ်၊ မန္တလေးတိုင်း)

➢ **ရူပ, အရူပ, လောကုတ္တရာဇောတို့၏ အခြားမဲ့ခ် တဒါရုံ မကျနိုင်ကြောင်း**

➢ **မဟဂ္ဂတ် လောကုတ္တရာဇောတို့နောင် တဒါရုံ မကျနိုင်ခြင်းအကြောင်း**

ရူပ, အရူပ, လောကုတ္တရာဇောတို့သည် မိမိကို မဖြစ်စေတတ်သောကြောင့်ရင်း မိမိဖြစ်စေတတ်သော ကာမာဝစရက်နှင့် ဘုံအားဖြင့် မတူသောကြောင့်ရင်း (၀၊) ဇနကကံနှင့် တူသည်၏အဖြစ် မရှိသောကြောင့်ရင်း တဒါရုံ မကျနိုင်ပါ။

[ဥပမာ] အိမ်မှ အပြင်ကိုထွက်လိုသော ကလေးသူငယ်သည် မိဘ (သို့မဟုတ်) ဦးကြီး, ဦးလေး စသည်တို့၏ လက်ကိုဆွဲပြီး အခြားမင်းချင်းယောကျ်ား-စသော သူစိမ်း၏ လက်ကိုဆွဲကိုင်၍ မထွက်သကဲ့သို့ ထို့အတူ ဘဝင်၏ ကံ-စသော အာရုံမှ အခြားသော အာရုံဖြစ်သော တဒါရုံသည် မိမိကိုဖြစ်စေဟတ်သော ကုသိုလ် အကုသိုလ်ဇောနောက်သို့ဖြစ်စေ, ယင်းဇောနှင့်တူသော ကာမာဝစရကြိယာဇောနောက်သို့ဖြစ်စေ အစဉ်လိုက်၏။ (၀၊) ကာမဇောတို့နောင်မှသာ တဒါရုံကျ၏။ကာမာဝစရဇောနှင့်မတူသော မဟဂ္ဂတ်, လောကုတ္တရာဇောနောက်သို့ အစဉ်မလိုက် (၀၊) မဟဂ္ဂတ်, လောကုတ္တရာဇောတို့နောင် တဒါရုံ မကျပါ။

➢ **မဟဂ္ဂတ် လောကုတ္တရာဇောတို့နောင် တဒါရုံ မကျနိုင်ကြောင်း ဥပမာ-ဥပမေယျ နီးနေ့ာပြုံ ။ ။** (၁) အိမ်နှင့် ဘဝင်အာရုံ၊ (၂) အိမ်အပြင်ဘက်အရပ်နှင့် ဒွါရ ခြောက်ပါးခ် ထင်လာသော အာရုံ ၆-ပါး။ (၃) ကလေးသူငယ်နှင့် တဒါရုံ၊ (၄) ဦးကြီး ဦးလေးနှင့် ကာမကြိယာဇော၊ (၅) ဖခင်နှင့် ကာမ အကုသိုလ်ဇော၊ (၆) သူစိမ်း ယောကျ်ားနှင့် မဟဂ္ဂတ် လောကုတ္တရာဇော တို့ဖြစ်ပါသည်။

➢ **ကာမ သဗ္ဗဘဝါတို့သန္ဓာန်ခ် ဌာန သာ တဒါရုံကျနိုင်ခြင်းအကြောင်း/ ပြဟ္မာတို့အား တဒါရုံ မဖြစ်ခြင်း အကြောင်း ။ ။** ပြဟ္မာတို့၏ သန္ဓာန်ခ် ဌာ တဒါရုံ၏ အားကြီးသော အကြောင်းဖြစ်သော ကာမာဝစရပဋိသန္ဓေဟူသော မျိုးစေ့မရှိသောကြောင့်-- ပြဟ္မာတို့အား တဒါရုံ မဖြစ်ပါ။

http://www.dhammadownload.com

➢ ကာမပဋိသန္ဓေဓိ၏ မရှိဘဲ ဗြဟ္မာတို့အား ဖြစ်နိုင်စသော ကာမဝိပါက် ။ ။

တဒါရုံဝိပါက် (၁၁) ပါးသည် ကာမပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် ဗြဟ္မာတို့၏ သန္တာန်၌ မဖြစ်နိုင်သော်လည်း စက္ခုနှေ့, သောတိနှေ့ဖြစ်ခြင်း အာနုဘော်ကြောင့် ဗြဟ္မာတို့၏ သန္တာန်ဝယ် စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေးတို့ ဖြစ်နိုင်ပါသည်။

စက္ခုဒ္ဓါရုဝိထိ သောတဒ္ဓါရုဝိထိ ကွဲပြားရာ၌ စိတ္တနိယာမကြောင့် သမ္ပဋိစ္ဆိုင်းဒွေးနှင့် သန္တီရဏာ ၃-ခုတို့ဖြစ်နိုင်၏။ ထို့ကြောင့် စက္ခုဝိညာဉ်-စသော ကာမဝိပါက် ၉-ပါးသည် ကာမပဋိသန္ဓေမျိုးစေ့ကင်းလျက် ဖြစ်နိုင်သောစိတ်များ ဖြစ်ပါသည်။

➢ ကာမပဋိသန္ဓေမျိုးစေ့ မရှိဘဲ ဗြဟ္မာတို့အား ဖြစ်နိုင်စသော ကာမဝိပါက်

➢ ကာမပဋိသန္ဓေမျိုးစေ့ မရှိစသော်လည်း ဗြဟ္မာတို့အား စက္ခုဝိညာဉ်စသည်တို့ ဖြစ်နိုင်ခြင်းအစကြောင်း ။ ။ စက္ခုနှေ့, သောတိနှေ့ဖြစ်ခြင်း၏ အစွမ်းသတ္တိကြောင့်ရင်း ဒွါရ အထူးအပြား, ဝိထိအထူးအပြား၌ စိတ်၏ဖြစ်ပုံ မြဲခြင်းကြောင့်ရင်း ဗြဟ္မာတို့အား စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏာ ၃-ပါး ပေါင်း ၉-ပါး ဖြစ်နိုင်ပါသည်။

➢ ကာမပဋိသန္ဓေမျိုးစေ့ မရှိဘဲ ဗြဟ္မာတို့အား မဖြစ်နိုင်သော ကာမဝိပါက်

ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေး, မဟာဝိပါက်စိတ် ၈-ပါး။

➢ ကာမအာရုံ၌သာ တဒါရုံကျ၍ မဟဂ္ဂတ် လောကုတ္တရာ ပညတ်အာရုံတို့၌ တဒါရုံ မကျနိုင်ခြင်းအစကြောင်း ။ ။ ကာမာဝစရအာရုံတို့၌ လေ့ကျက်အပ်သောကြောင့် ကာမ အာရုံ၌သာ တဒါရုံ ကျပါသည်။

မဟဂ္ဂတ်, လောကုတ္တရာ, ပညတ်အာရုံတို့၌ မလေ့ကျက်အပ်သောကြောင့် မဟဂ္ဂတ် လောကုတ္တရာ ပညတ်အာရုံတို့၌ တဒါရုံ မကျနိုင်ပါ။

[ဥပမာ] ထိုကလေးသူငယ်သည် မိဘ (သို့မဟုတ်) ဦးကြီး, ဦးလေးနောက်သို့ လိုက်သော်လည်း တော, တောင်-စသော မလေ့ကျက်သော အရပ်သို့သွားလျှင် မလိုက်ဘဲ အိမ်ဦးခန်းလွင်ပြင်, ကစားရာအရပ်-စသော လေ့ကျက်အပ်သော အရပ်သို့သွားမှသာ လိုက်သကဲ့သို့ ထို့အတူ တဒါရုံသည် မလေ့ကျက်အပ်သော ရူပါဝစရအာရုံ စသည်နောက်သို့ မလိုက်ဘဲ လေ့ကျက်အပ်သော ကာမအာရုံနောက်သို့သာ လိုက်ပါသည်။

➢ ဥပမာ–ဥပဓေယျ ယှဉ်တွဲပုံ ။ ။ မလေ့ကျက်အပ်သော အရပ်ဌာနသည် မဟဂ္ဂတ် လောကုတ္တရာ ပညတ်အာရုံနှင့် တူပါသည်။ လေ့ကျက်အပ်သော အရပ်ဌာနသည် ကာမအာရုံနှင့် တူပါသည်။

➢ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ သုံးပါးနုံမှ တဒါရုံ ကျရခြင်းအစကြောင်း

ကာမတဏှာလျှင် အရင်းခံရှိသော ကံကြောင့် ဖြစ်ရသောကြောင့် ကာမဇော၏

http://www.dhammadownload.com

အဆုံးဌ်သာ တဒါရုံ ကျရပါသည်။

တဒါရုံ၏ အားကြီးသော မှီရာဖြစ်သော ကာမာဝစရမျိုးစေ့ မရှိသောကြောင့် ပြဟ္မာတို့အား တဒါရုံ မကျဘဲ ကာမသတ္တဝါတို့အားသာ တဒါရုံ ကျရပါသည်။

ကာမအာရုံမှတစ်ပါးသော မဟဂ္ဂတ် လောကုတ္တရာ ပညတ်အာရုံတို့သည် တဒါရုံ၏ လေ့ကျက်ရာ မဟုတ်သောကြောင့် ကာမအာရုံဌ်သာ တဒါရုံ ကျရပါသည်။

ဇဝနနိယမဇ္ဈေနှာ

➢ **သေခါနီးကာလဌ် ကာမဇဝတို့ နံ့.နံ့.ခေးခေး ဖြစ်ရခြင်းအကြောင်း**

သေခါနီးအခါဌ် ဟဒယရုပ် အားမရှိသည့်အတွက် ဇော၏ နံ့သည်ဖြစ်ရ်ဖြစ်သော အဟုန်ရှိသောကြောင့် သေခါနီးကာလဌ် ကာမဇဝတို့ နံ့နံ့ခေးခေး ဖြစ်ရပါသည်။

➢ **မရဏကာလာဒိသု–ဌ် အာဒိ–အရ ။ ။** မုဒ္ဓာကာလ-မိန်းမောတွေဝေရာအခါကို ယူရပါမည်။

➢ **သေခါနီးအခါဌ် ဇော ၅–ကြိမ် စောရခြင်းအကြောင်း ။ ။** သေခါနီးအခါဌ် ဟဒယဝတ္ထုရုပ် အားနည်းသည့်အတွက် နံ့သော အရှိန်အဟုန်ရှိသောကြောင့် ဇော ၅-ကြိမ်သာ စောရပါသည်။

➢ **မုဒ္ဓာကာလဌ် ဇော ၅–ကြိမ်စောရခြင်းအကြောင်း ။ ။** မုဒ္ဓာကာလဌ် ကင်းသော သညာရှိသည့်အတွက် (၀၊) ဒုက္ခဝေဒနာ လွှမ်းမိုးနှိပ်စက်သည့်အတွက် နံ့သော အရှိန်အဟုန်ရှိသောကြောင့် ဇော ၅-ကြိမ်သာ စောရပါသည်။

➢ **ဘဝဝတော မန (ပ) ကာလာဒိသု–ဌ် ဘဝဝတော–သဒ္ဒါသည် နိဒဿနမ္ပသာ ဖြစ်ခြင်းအကြောင်း ။ ။** ဘုရားရှင်မှတစ်ပါး အရှင်သာရိပုတ္တြာ, အရှင်မောဂ္ဂလာန်စသော အရှင်မြတ်တို့ အဆောတလျင် တန်ခိုးပြာဋိဟာပြရာဌ် ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ်ဖြစ်သောကြောင့် (၀၊) ဇော ၇-ကြိမ် မပြည့်သောကြောင့် သင်္ဂဟ-ဌ် ဘဝဝတော-သဒ္ဒါသည် နိဒဿနနည်း, ဥပလက္ခဏနည်း ဖြစ်ပါသည်။

➢ **စတ္တာရိ ပဌဝါ–ဟူစသော စကားကို ။ ။** ထက်မြက်သော ပညာဇွေရှိသော ပုဂ္ဂိုလ်, နံ့သော ပညာဇွေရှိသော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ယူရပါမည်။

➢ **စတ္တာရိ ပဌဝါ ပစ္စဝေက္ခဏာနိ–ဌ် စတ္တာရိ ပဌဝါ သဒ္ဒါကို ပုဗ္ဗိုလ် အလိုက်ခွဲပုံ ။ ။** [အနုဋီကာကျမ်းပြု အာစရိယခမ္ဘပါလထေရ်က တိကို့ဒ္ဓြိယပုဂ္ဂိုလ်သန္တာန်ဌ် ပစ္စဝေက္ခဏာဇော ၄-ကြိမ်, မုဒိုဒ္ဓြိယပုဂ္ဂိုလ်သန္တာန်ဌ် ၅-ကြိမ်ဖြစ်၏၊ ပုဂ္ဂိုလ်ခပ်သိမ်းမှာ ၄-ကြိမ် ၅-ကြိမ် မဖြစ်နိုင်ဟုဆို၏။ ထို့ကြောင့် ယင်းဆရာ အလိုအားဖြင့်] ဘုရားရှင်သန္တာန်ဌ် ၄-ကြိမ်, အခြားပုဂ္ဂိုလ်တို့သန္တာန်ဌ် တိကို့ဒ္ဓြိယဖြစ်လျှင် ၄-ကြိမ်, မုဒိုဒ္ဓြိယဖြစ်လျှင် ၅-ကြိမ်စော၏ဟု ယူရပါမည်။

http://www.dhammadownload.com

ခ **မဟာဂ္ဂတ်စေတို့ ၁-ကြိမ်သာ စောရခြင်းအကြောင်း** ။ ။ မဟာဂ္ဂတ်ဇောတို့သည် တစ်ဖန်အာသေဝန် မရှိသည့်အတွက် အားနည်းသောကြောင့် အာဒီကမ္မိက ဝိထိ၌ ၁-ကြိမ်သာ စောရပါသည်။

➢ **အဘိညာဉ်စေတို့ ၁-ကြိမ်သာ စောရခြင်းအကြောင်း** ။ ။[အဘိညာဉ်ဇော တို့ကို တန်ခိုးအမျိုးမျိုး ဖန်ဆင်ခြင်းကိစ္စ ပြီးစီးရန် အားထုတ်ကြ၏၊ ယင်း] အဘိညာဉ် ဇောတို့သည် တန်ခိုးဖန်ဆင်းမှုကိစ္စ ပြီးသည်မှနောက်၌ ပြုဖွယ်ကိစ္စ မရှိသောကြောင့် အာဒီကမ္မိကအခါ၌ဖြစ်စေ, ဝသီဘော်ရောက်ရာအခါ၌ဖြစ်စေ ၁-ကြိမ်သာ စောပါသည်

➢ **သဗ္ဗခါပိ ဇောဝါရမေဝ ဇဝန္တိ–၌ သဗ္ဗခါပိပုဒ်ကို ဆိုချေခြင်းအကြောင်း**

အာဒီကမ္မိကဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတဇဝနာနိ-ဟူသော ဝါကျ၌ရှိသော ပဌမကပ္ပနာယံ-ဟူသော အာဓာရပုဒ်သည် အဘိညာဇဝနာနိစ-စသော နောက်ဝါကျ သို့ လိုက်လာလျှင် အဘိညာဉ်ဇောတို့သည် အာဒီကမ္မိကအခါ၌ တစ်ကြိမ်စောတ်။ အပြဲ တမ်း တစ်ကြိမ်စောသည်မဟုတ်ဟု အဓိပ္ပါယ်ရောက်၏၊ထို့ကြောင့် "သဗ္ဗခါပိ" ပုဒ်ကို ဆိုရပါသည်။

(တစ်နည်း) အဘိညာဉ်ဇောတို့သည် ရှေးဦးစွာဖြစ်ရာအခါ၌ဖြစ်စေ, လေ့ကျက်အပ် သော ဝသီဘော်ရှိရာ အခါ၌ဖြစ်စေ မည်သည့်အခါမဆို တစ်ကြိမ်သာ စောသည်ဟု သိစေလိုသောကြောင့် "သဗ္ဗဒါပိ" ပုဒ်ကို ဆိုရပါသည်။

➢ **သဗ္ဗခါပိ ဇောဝါရမေဝ ဇဝန္တိ–၌ သဗ္ဗခါ–အရ** ။ ။ (၁) ပဌမပ္ပတ္တိကာလ-ရှေးဦး စွာ ဖြစ်ရာအခါ၊ (၀ါ) အာဒီကမ္မိကအခါ၊ (၂) စိဏ္ဏဝသီကာလ-လေ့ကျက်အပ်သော ဝသီဘော်ရှိရာ အခါတို့ကို ယူရပါမည်။

➢ **မဗ္ဗပ္ပါဒ မည်ပုံ** ။ ။ မဂ်တို့သည်ပင် ဖြစ်ခြင်းကြောင့် မဂ္ဂပ္ပါဒ မည်ပါသည်။

➢ **မဂ်ဇော ၁-ကြိမ်သာ စောရခြင်းအကြောင်း** ။ ။ ထိုထိုကိလေသာတို့ကို ပယ် ခြင်းကိစ္စ ပြီးသည်မှနောက်၌ ပြုဖွယ်ကိစ္စ မရှိသောကြောင့် မဂ်ဇောသည် တစ်ကြိမ်သာ စောရပါသည်။

ဓမ ။ ။ ဖလသမာပတ္တိဝိထိ၌ကဲ့သို့ မဂ္ဂဝိထိ၌လည်း ဖိုလ်စိတ်အကြိမ်များစွာ ဖြစ်သင့် သည် မဟုတ်ပါလော? အဘယ့်ကြောင့် မဂ္ဂဝိထိ၌ ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ရသည်ကို ရှင်းပြပါ။ (၁၃၅၄-ခု လတ်)

➢ **မဂ္ဂဝိထိ၌ ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ရခြင်းအကြောင်း** ။ ။ တစ်ခုသော အာဝဇ္ဇန်းရှိသော ဝိထိမှာ ဇော ၇-ကြိမ်လျှင် အလွန်ဆုံးအတိုင်းအရှည်ရှိသောကြောင့် မဂ္ဂဝိထိ၌ (ဖိုလ်စိတ်အကြိမ်များစွာ မဖြစ်ဘဲ) ၂-ကြိမ် ၃-ကြိမ် ဖြစ်ရပါသည်။

(တစ်နည်း) တစ်ခုသော အာဝဇ္ဇန်းရှိသော ဝိထိ၌ ဇော ၇-ကြိမ်ဟူသော လွန်

http://www.dhammadownload.com

သော အတိုင်းအရှည်ရှိသောကြောင့် ဒိပ္ပါဘိညပုဂ္ဂိုလ်သန္တာန်၌ ၄-ကြိမ်မြောက်ဖြစ်သော မဂ်ဇော ၁-ကြိမ်နောင် ဖိုလ်ဇော ၃-ကြိမ်ဖြစ်ရသည်၊ ဒန္ဓာဘိညပုဂ္ဂိုလ်သန္တာန်ဝယ် ၅-ကြိမ်မြောက်ဖြစ်သော မဂ်ဇော ၁-ကြိမ်နောင် ဖိုလ်ဇော ၂-ကြိမ်ဖြစ်ရပါသည်။

ခ **ဧဒေ ဘိက္ခေ မလစိတ္တာနိ ယထာရဟံ–ဣဒ် ယထာရဟံ အဓိပ္ပါယ်** ။ ။ ၅-ကြိမ်မြောက် မဂ်ဇောကျလျှင် ယင်းနောင် ဖိုလ်ဇော ၂-ကြိမ်, ၄-ကြိမ်မြောက်၌ မဂ်ဇော ကျလျှင် ယင်းနောင် ဖိုလ်ဇော ၃-ကြိမ်ဖြစ်ခြင်းကို "ယထာရဟံ"ဟု ဆိုပါသည်။

➢ **နိရောဓသမာပတ္တိကာလေ–အရ** ။ ။ နိရောဓသမာပတ္တိခဏ၌ စတုတ္ထာရုပ္ပဇော မရှိသောကြောင့် သမီပျူပစာအားဖြင့် နိရောဓသမာပတ်ဝင်စားခါနီး အခါကို သာ ယူရပါမည်။

➢ **နိရောဓသမာပတ် အဓိပ္ပါယ်** ။ ။ အစဉ်အတိုင်း ချုပ်ခြင်း၏အစွမ်းဖြင့် စိတ် စေတသိက် (စိတ္တဇရူပ်)တို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏။ (ဇ)

➢ **နိရောဓသမာပတ်ဝင်စား–မဝင်စားပုဂ္ဂိုလ်** ။ ။ နိရောဓသမာပတ်ကို ပုထုဇဉ်သောတာပန် သကဒါဂါမ်အားလုံးနှင့် သုက္ခဝိပဿကဖြစ်သော အနာဂါမ် ရဟန္တာတို့ မဝင်စားနိုင်ကြပါ။ ထိုတွင် ဈာန်မရသော တိဟိတ်ပုထုဇဉ်နှင့် ဖလဌာန် ၄-ယောက်တို့သည် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်မရှိသောကြောင့် မဝင်စားနိုင်။

ဈာနလာဘီဖြစ်သော သောတာပန် သကဒါဂါမ်တို့သည် အချို့သော ဩရ မ္ဘာဂိယ သံယောဇဉ်တို့ကို မပယ်အပ်သေးသောကြောင့်ရင်း၊ သမထဝိပဿနာ-ဟု ဆိုအပ်သော ယုဂနဒ္ဓတရားတို့၏ အားနည်းသည့်အတွက် စိတ်, စေတသိက်တို့၏ မဖြစ်ခြင်းဟုဆိုအပ်သော နိရောဓ၏ အကြောင်းဖြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့်ရင်း မဝင်စားနိုင်ပါ။ (မဏိသာရမဋ္ဌ)

စတုဝေါကာရဘုံ၌တည်သော အနာဂါမ် ရဟန္တာတို့သည် အနုပုဗ္ဗသမာပတ် မရှိသောကြောင့် (၀ါ) ရူပါဝစရဈာန် မရှိသောကြောင့် နိရောဓသမာပတ် မဝင်စားနိုင်။

ပဉ္စဝေါကာရဘုံ၌တည်သော သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော အနာဂါမ် ရဟန္တာတို့သည်သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ပါသည်။ (သာရတ္ထ-၁၊၃၈၁)

➢ **နိရောဓသမာပတ် ဝင်စား/မဝင်စားနိုင်စသော အရေ** ။ ။ အနုပုဗ္ဗသမာပတ် ထင်ရှားရှိသောကြောင့် ပဉ္စဝေါကာရဘုံ၌သာ နိရောဓသမာပတ် ဝင်စားနိုင်ပါသည်။

ပဌမဈာန်-စသည်တို့၏ ဖြစ်ခြင်းမရှိသောကြောင့် (၀ါ) ရူပဈာန်မရှိသောကြောင့် စတုဝေါကာရဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်ပါ။

ကေစိ-အလို- ဟဒယဝတ္ထု မရှိသောကြောင့် စတုဝေါကာရဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်။ (ဝိသုဒ္ဓိမဂ်-၂၃၄၇)

http://www.dhammadownload.com

➢ **နိဗ္ဗာနသမာပတ် ဝင်စားရခြင်းအစကြောင်း ။** ။ သခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းခံ ငြီးငွေ့၍ မျက်မှောက်ဘဝ၌ပင် စိတ်မရှိသည်ဖြစ်၍ သခါရတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်လျှက် ချမ်းသာစွာ နေလိုသောကြောင့်--တည်း။ (ဝိသုဒ္ဓိမဂ်)

➢ **ကာမဘုံ၌ ၃-ရက်သာ နိဗ္ဗာနသမာပတ် ဝင်စားနိုင်ခြင်းအကြောင်း**

၇-ရက်ကာလ အပိုင်းအခြားကို အဓိဋ္ဌာန်ပြုထားသောကြောင့် ကာမဘုံ၌ ၇-ရက်သာ နိရောဓသမာပတ်ဝင်စားနိုင်သည်၊ ထိုသို့ (၇)ရက်ကာလ အပိုင်းအခြားသာ အဓိဋ္ဌာန်ရခြင်းမှာ မျှားသောအားဖြင့် အာဟာရကိုမှီ၍ အသက်ရှင်ကုန်သော သတ္တဝါတို့အား ဥပါဒိန္နကရူပ် အစဉ်၌ဖြစ်သော တစ်နေ့ စားမျိုအပ်သော အစာအာဟာရသည် (၇)ရက်ကာလမျှသာ မျှတနိုင်သောကြောင့်--တည်း။ (သာရတ္ထ၊၁၊ ၃၈၀)

➢ **သေသူနှင့် နိဗ္ဗာနသမာပတ်ဝင်စားသူတို့ တူပုံ/ထူးပုံ ။** ။ သေသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့သည် ကာယသခါရ, ဝစီသခါရ, စိတ္တသခါရ ချုပ်ငြိမ်းခြင်းအဖြစ် တူကြပါသည်။ ဤကား တူပုံ ဖြစ်ပါသည်။

သေသောသူသည် အသက်ကုန်၏၊ ဥသွာ (ကမ္မလတေဇော) ငြိမ်း၏၊ ဣန္ဒြေများ ပျက်စီး၏။ နိရောဓသမာပတ်ဝင်စားသူသည် အသက်မကုန်၊ ဥသွာတေဇောတော် မငြိမ်း ဣန္ဒြေများ မပျက်စီး၊ ဤသို့ ထူးပါသည်။ (ဝိသုဒ္ဓိမဂ်-၂၃၅၂)

➢ **နိဗ္ဗာနသမာပတ်ကို "နိပ္ပန္န"ဟု ဆိုသင့်ခြင်းအစကြောင်း ။** ။ နိရောဓသမာပတ်သည် သဘာဝအားဖြင့် မရှိသောကြောင့် သခ်တလည်းမဟုတ်၊ အသခ်တလည်း မဟုတ်လောကီလည်းမဟုတ်၊ လောကုတ္တရာလည်းမဟုတ်၊ သို့သော် နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဝင်စားသည်မည်သောကြောင့် "နိပ္ပန္န"ဟူ၍ ဆိုသင့်၏။ "အနိပ္ပန္န"ဟူ၍ကား မဆိုသင့်။ (ဝိသုဒ္ဓိမဂ်-၂၃၅၁)

➢ **အနာဂါမိမလ် ၀ါ အရဟတ္တမလ် ၀ါ–ဟု ဆိုရခြင်းအစကြောင်း ။** ။ အနာဂါမ်ရဟန္တာတို့သည်သာ နိရောဓသမာပတ် ဝင်စားနိုင်၏၊ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့ နိရောဓသမာပတ် မဝင်စားနိုင်သောကြောင့်-- ဟု ဆိုရပါသည်။

➢ **အနာဂါမိမလ် ၀ါ အရဟတ္တမလ် ၀ါ–၌ သဒ္ဓါနည်းကြံပုံ ။** ။ လက္ခဏဝန္တပုဒ်သည် လက္ခဏကြိယာပုဒ်နှင့် သဒ္ဓါစည်းကမ်းအရ ဝိဘတ်ချင်းတူရ၏၊ ဤ၌ နိရုဒ္ဓေ-ဟူသော လက္ခဏကြိယာပုဒ်နှင့် အနာဂါမိမလ်-စသော လက္ခဏဝန္တနှစ်ပုဒ်တို့ ဝိဘတ်မတူကြသဖြင့် အနာဂါမိမလ်-စသော နှစ်ပုဒ်သည် သို့ဝိဘတ်မှ သိဝိဘတ်သို့ ဖောက်ပြန်သော ဝိဘတ္တိဝိပလ္လာသနည်းဟု ကြံရသည်။ သို့မဟုတ် အနာဂါမိမလ်-စသော နှစ်ပုဒ်၌ ပထမာဝိဘတ်သည် ဘာဝေန ဘာဝလက္ခဏအနက်၌ သက်သည်ဟု ကြံရသည်။

➢ **ယထာရဟမေကဝါရံ–၌ ယထာရဟံ အဓိပ္ပါယ် ။** ။ အနာဂါမ်ပုဂ္ဂိုလ်အား

http://www.dhammadownload.com

အနာဂါမိဖိုလ်ဇော ၁-ကြိမ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော ၁-ကြိမ် ထိုက်သည် အားလျော်စွာ ဖြစ်ခြင်းကို "ယထာရဟံ"ဟု ဆိုပါသည်။

➢ **ဝုဋ္ဌာနုကာလဠ် ဖိုလ်ဇော ၁-ကြိမ်သာ စောရခြေကြောင်း ။ ။** နိရောဓသမာပတ်၏ အကျိုးအဆက်ဖြစ်သောကြောင့် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောများ ၁-ကြိမ်သာ စောရပါသည်။ (ဒီပနီ)

➢ **သဗ္ဗဗ္ဗာပီ သမာပတ္တိဝိထိယံ-ဠ် သမာပတ္တိဝိထိ-အရ ။ ။** ဈာနသမာပတ္တိဝိထိ ဖလသမာပတ္တိဝိထိတို့ကို ယူရပါမည်။

➢ **သဗ္ဗဗ္ဗာပီ သမာပတ္တိဝိထိယံ-ဠ် သဗ္ဗဗ္ဗာပီ-အရ နိရောဓသမာပတ္တိဝိထိ မပါဝင်ခြင်းအကြောင်း ။ ။** နိရောဓသမာပတ်အတွင်း၌ ဝိထိစိတ်လုံးဝ မဖြစ်သောကြောင့် နိရောဓသမာပတ်သည် ဝိထိမဟုတ်၊ ထို သဗ္ဗဗ္ဗာပီ-အရ နိရောဓသမာပတ်ကို ချန်ထားသည်။ (ဘာသာဋီကာ)

➢ **ဘဝင်္ဂသောတောဝိယ ဝိထိနိယမော နတ္ထိ-ဠ် သန္ဓာယဘာသိတ ။ ။** ဘဝင်္ဂသောတောဝိယ ဝိထိနိယမော နတ္ထိ-ဟူသော စကားသည် လေ့ကျက်အပ်သော ဝသီဘော် ရှိရာအခါကို ရည်ရွယ်၍ ဆိုပါသည်။ (ဒီပနီ)

➢ **သမာပတ္တိဝိထိဠ် ဈာန်ဇော ဖိုလ်ဇောများ အကြိမ်များစွာ စောရခြင်းအကြောင်း**
မဟဂ္ဂတ်ဇော ဧလာကဗ္ဗဏာဇောတို့ အကြိမ်များစွာ စောရခြင်းအကြောင်း

သမာပတ္တိဝိထိ၌ နေ့ညဉ့်ပတ်လုံး ဈာန်ဇော, ဖိုလ်ဇောများ ဖြစ်သောကြောင့် အကြိမ်များစွာ စောရပါသည်။

➢ **ဘဝေသောနိ လဗ္ဘန္တိ ဇဝနာနိ ဗဟူနိပိ-ဠ် ဘပိသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ် ။ ။** အပိသဒ္ဒါဖြင့် လောကီဈာန်ဇောတို့သည် ပထမကပ္ပနာအခါ၌ ၁-ကြိမ် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့ ၁-ကြိမ်၊ မဂ္ဂါနုဇ္ဇရဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ် စောသေးသည်ဟူသော အဓိပ္ပါယ်ကို သိစေသည်

➢ **ဇဝနာနိ ဗဟူနိပိ-ဠ် အပိ-သဒ္ဒါဖြင့် ဖေါင်းအပ်သော အနက် ။ ။** (၁) အာဒိကမ္မိက ဈာနဝိထိ၌ မဟဂ္ဂတ်ဈာန်ဇော ၁-ကြိမ်၊ (၂) နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်ဇော ၁-ကြိမ်၊ (၃) မဂ္ဂဝိထိ၌ မဂ္ဂါနုဇ္ဇရဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ်၊ (၄) နိရောဓသမာပတ်၏ ရှေ့၌ စတုတ္ထာရုပ္ပဇော ၂-ကြိမ်ဖြစ်ခြင်းတို့ကို ပေါင်းခြင်း သဘ္ဂိဏ္ဍာအနက် ရှိပါသည်။

ပုဗ္ဗလဘောဝဏ္ဏနာ

➢ **အနုသယဠ ။ ။** ပုဗ္ဗာပရနိယာမိတ၏အစွမ်းဖြင့် ဝိထိစိတ်တို့၏ဖြစ်ပုံကို ပြပြီး ၍ ယခုအခါ၌ ပုဂ္ဂလဘေဒ၏အစွမ်းဖြင့် ဖြစ်ထိုက်သော ဝိထိစိတ်တို့၏ အပိုင်းအခြား

http://www.dhammadownload.com

ကို ပြခြင်းငှာ ဒုဟေတုကာန-စသော စကားရပ်ကို မိန့်ဆိုအပ်သည်။

➢ **ဒုဟေတုကာနမဟေတုကာနဠ –စသော စကားရပ်ကို မိန့်ဆိုရခြင်း**

ဒွိဟိတ်, သုဂတိအဟိတ်, အပါယိကဒုဂ္ဂတိအဟိတ်, တိဟိတ်တို့၏အစွမ်းဖြင့် ပုထုဇဉ် ၄-ယောက်၊ မဂ္ဂဋ္ဌ, ဖလဋ္ဌတို့၏အစွမ်းဖြင့် အရိယာပုဂ္ဂိုလ် ၈-ယောက်အားဖြင့် တစ်ကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ထိုက်သော ဝိထိစိတ်တို့၏ အပိုင်းအခြားကို ပြခြင်းအကျိုးငှာ ဖြစ်ထိုက်သော စိတ်တို့မှ ရှေးဦးစွာ ထိုပုဂ္ဂိုလ်တို့ ကြဉ်ထိုက်သော စိတ်တို့ကို ပြလိုသောကြောင့် "ဒုဟေတုကာနမဟေတုကာနဠ"စသော စကားကို မိန့်ဆိုရပါသည်။

➢ **ဒွိဟေတုက (ဒွိဟိတ်) မည်ပုံ။** ။ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော အလောဘ, အဒေါသ-ဟူသော ဟိတ်နှစ်ပါးရှိသော ပုဂ္ဂိုလ်သည် ဒွိဟေတုက (ဒွိဟိတ်) မည်၏။

➢ **အဟေတုက (အဟိတ်) မည်ပုံ။** ။ ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော ဟိတ်မရှိသော ပုဂ္ဂိုလ်သည် (၀၊) ဥပေက္ခာသန္တီရဏ နှစ်ပါးနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်သည် အဟေတုက (အဟိတ်ပုဂ္ဂိုလ်) မည်ပါသည်။

➢ **ဒုဂ္ဂတိအဟိတ်မည်ပုံ။** ။ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိအဟိတ် မည်ပါသည်။

➢ **သုဂတိအဟိတ်မည်ပုံ။** ။ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်သည် သုဂတိအဟိတ် မည်ပါသည်။

➢ **ဘာဝနာအလုပ် အားထုတ်နေစသော ဒွိဟိတ်ပုဂ္ဂိုလ်အား တစ်မဂ် တစ်ပိုလ် မရနိုင်ခြင်းအကြောင်း/**

ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်များသန္တာန်၌ အပွနာဇဏများ မရနိုင်ခြင်းအကြောင်း / ဈာန်မဂ်ပိုလ်မရနိုင်စသော ဥဋ္ဌိုလ်များ။ ။

အပွနာဇဏကို တားမြစ်တတ်သော ဒွိဟိတ် ပဋိသန္ဓေ, အဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်များ ထင်ရှားရှိသောကြောင့်--ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်များ သန္တာန်၌ အပွနာဇဏများ မရနိုင်ပါ။

➢ **ဝိပါကာဝရဏစိတ်သရှစ်** ။ ။ ဒွိဟိတ်ပဋိသန္ဓေ ၄-ပါး၊ အဟိတ်ပဋိသန္ဓေ ၂-ပါး ဤ ၆-ပါးသော စိတ်တို့ကို "ဝိပါကာဝရဏစိတ်" ဟု ခေါ်သည်။

➢ **ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်များသန္တာန်၌ ကြိယာဇဏများ မရနိုင်ခြင်းအကြောင်း** ။ ။ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်များသည် **အပွနာဇဏ** မရသောကြောင့် **ရဟန္တာ** မဖြစ်နိုင်၊ **ရဟန္တာ** မဖြစ်နိုင်သောကြောင့် **ကြိယာဇဏများ** မရနိုင်ပါ။

http://www.dhammadownload.com

➢ **သုဂတိအဟိတ် ပုဂ္ဂိုလ်သန္တာန်၌ ဒွိဟိတ်တဒါရုံ ဖြစ်နိုင်ပုံကို သိရစေကြောင်း**

သဟေတုကံ ဘဝဂ်ီ အဟေတုကဿ ဘဝဂ်ိဿ အနန္တရပစ္စယေန ပစ္စယော (ဒွိဟိတ်တဒါရုံသည် အဟိတ်ကုသလဝိပါက်ဘဝင်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏) ဟု ဟောတော်မူသောကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌ ပဝတ္တိအကျိုးကို ပေးသော ကံအမျိုးမျိုးကြောင့် သဟိတ်ဘဝင်တွင် ပါဝင်သော ဒွိဟိတ်တဒါရုံ ဖြစ်နိုင်၏ဟု သိရပါသည်။

မှတ်ချက်/ ဒွိဟိတ်ပုဂ္ဂိုလ်သန္တာန်၌ကား ဒွိဟိတ်တဒါရုံ ဖြစ်သည်ဟု အထူးပြောဖွယ်မလို၊ (ဒွိဟိတ်ပုဂ္ဂိုလ်သန္တာန်၌ ဒွိဟိတ်တဒါရုံ ဧကန်ဖြစ်၏ဟူလို)

ဧမေ ။ ။ နာနာကမ္မေန ဒွိဟေတုက တဒါရမ္မဏံ သမ္ဘဝတိ-ဟူသောပါဠိ၌ ဒွိဟိတ်-တဒါရုံကို ဖြစ်စေနိုင်သော နာနာကမ္မကို သင်ဟသာဧကဖြင့် ဖော်ပြပါ။

➢ **ဒွိဟိတ်တဒါရုံကို ဖြစ်စေနိုင်သော နာနာကမ္မ** ။ ။ တိဟေတုကမောမကံ ဒွိဟေတုကမုတ္တဋ္ဌ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိ ဒတ္တာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသ ဝိပါကာနိ ဝိပစ္စတိ(ဝိထိမုတ်စာပိုဒ်-၇၂) ကိုထောက်၍ တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌဖြစ်သော ပဝတ္တိ အကျိုးကိုပေးသော မဟာကုသိုလ်ကံ ၈-ပါးဖြစ်သည်။

➢ **သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့အား မဟာဝိပါက် ဉာဏသမ္ပယုတ် မရနိုင်ခြင်းအကြောင်း / တိဟိတ်တဒါရုံ မဖြစ်နိုင်ခြင်းအကြောင်း** ။ ။ မူလပဋိသန္ဓေစိတ်က ညံ့ဖျင်းထိုင်းမှိုင်းသောကြောင့်--မရနိုင်ပါ။

➢ **ဧကေတိပါလဆေရ် ၀ါဒ** ။ ။ အာစရိယဧကေတိပါလထေရ်က "သဟေတုကံ ဘဝဂ်ီ"ဟု ဒွိဟိတ် တိဟိတ်နှစ်မျိုးလုံးနှင့်ဆိုင်သော သာမညစကားကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌လည်း တိဟိတ်တဒါရုံ (ဉာဏသမ္ပယုတ်ဝိပါက်) ဖြစ်နိုင်၏ဟု ဆိုပြီးလျှင် ဤသင်ဟကျမ်း၌ ရေးသားထားသော သုဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်ဝယ် ဉာဏသမ္ပယုတ် မရှိဟုပြသော "တထာ ဉာဏသမ္ပယုတ္တ ဝိပါကာနိစ"ဟူသော စကားကို ပြောင်သလို လှောင်သလိုအနေဖြင့် "သောဒဝ ပုန္ဓိတဗ္ဗော၊ ယော တသ္မ ကတ္တာ"ဟု ဆိုသည်။ ထိုသို့ ဆရာဧကေတိပါလ-က ပြောင်သလို လှောင်သလို ပြောဆိုထားပါသော်လည်း "တထာ ဉာဏသမ္ပယုတ္တ ဝိပါကာနိစ"ဟူသော စကားကတော့ အရှင်အနုရုဒ္ဓါကို မေးပြီးမှ အများသိအောင် ဆိုထားသလို ခိုင်မြဲနေ၏။

ထို့ကြောင့် အရှင်အနုရုဒ္ဓါ ပြဆိုထားသည့်အတိုင်း သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါးကြဉ်၍ ဝိထိစိတ် ၄၁-ပါးစီ ရ၏ဟု မှတ်ပါ။

မှတ်ချက်/ ဆရာဧကေတိပါလထေရ်အလို သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်

http://www.dhammadownload.com

၌ "မဟာဝိပါက် ဉာဏသမ္မယုတ် ၄-ပါး" ရသောကြောင့် ဝိထိစိတ် ၄၅-ပါးစီ ဖြစ်၏ဟု မှတ်ရပါမည်။

➢ **အပရေဝါဒ** ။ ။ အပရေဆရာတို့က သုဂတိအဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံ ဖြစ်နိုင်၏ဟု ဆိုကုန်၏။

➢ **အပရေဝါဒနှင့် သင်္ဂီဟဆရာဝါဒကို ညှိကြပုံ** ။ ။ ထိုအပရေဆရာတို့အလို ဉာဏသမ္မယုတ်ဝိပါက် မရကြောင်း ပြဆိုထားသော "တထာ ဉာဏသမ္မယုတ္တ ဝိပါကာ နိစ သုဂတိယံ"ဟူသော စကားသည် သုဂတိအဟိတ်ပုဂ္ဂိုလ်အတွက်သာ ဖြစ်၏။ ဒွိဟိတ်ပုဂ္ဂိုလ်နှင့် မဆိုင်၊ ထို့ကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌ ဝိထိစိတ် ၄၁-ပါး၊ ဒွိဟိတ်ပုဂ္ဂိုလ်သန္တာန်၌ ၄၅-ပါး ဖြစ်ကုန်၏ဟု ဆရာတို့ဆိုကုန်၏။ (ဤကား အပရေ-နောက်လိုက် ဆရာတို့၏ ကျမ်းညှိပုံတည်း။)

ဆင်ခြင်၍ လက်စံပါ (ဒီပံသီဘာ သမ္ဘဒ္ဒိန္ဓိတဒ္ဒ) ။ ။ တိဟေတုကံ ဘဝဂ်၊ ဒုဟေတုကသ ဘဝဂ်သ အနုန္တရပစ္စယေန ပစ္စယော-ဟု ပမာဏပြုလောက်သော ပါဠိ သာဓကမရှိသောကြောင့်ရင်း၊ အရှင်အနုရုဒ္ဓါကိုယ်တိုင် သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်နှစ်မျိုးလုံးနှင့် ဆက်ဆံအောင် "ဇဝတ္တာမူလသန္ဓိယာ"ဟု အကြောင်းပြစကားကိုဆိုပြီး ယင်းပုဂ္ဂိုလ်နှစ်ယောက်သန္တာန်၌ ဝိထိစိတ် ၄၁-ပါးဟု စိတ်ရုပ်ကို အညီအမျှ ပိုင်းခြားပြထားသောကြောင့်ရင်း၊ စဉ်းစားပြီးမှ လက်ခံကြပါလေ၊ ကြားရုံမျှဖြင့် ဇကန်လက်မခံကြပါနှင့်ဦးဟု ဦးကာကျော်ဆရာက အပရေဝါဒကို သုံးသပ်ပြသည်။

➢ **သုဂတိယံဖြင့် ပြဆိုအပ်စသော အဓိပ္ပါယ်** ။ ။ ဒုဟေတုကာနု မဟေတုကာနုဠ္ဌ ၌ အဟေတုက-အရဝယ် သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် နှစ်မျိုးနှင့်ဆက်ဆံသောကြောင့် သုဂတိအဟိတ်ကိုင်ခဲ့၍ "သုဂတိယံ"ဟု သင်ဟဋ္ဌ အထူးပြုထားသည်။

ဒွိဟိတ်ပုဂ္ဂိုလ်အတွက်ကား "သုဂတိယံ"ဟု ဆိုဖွယ်မလို၊ သင်ဟဋ္ဌ "တထာ ဉာဏသမ္မယုတ္တ ဝိပါကာနိစ သုဂတိယံ"ဟု ဉာဏသမ္မယုတ်ဝိပါက် မရကြောင်းကို တိုက်ရိုက်ဆိုသဖြင့် ဉာဏဝိပ္ပယုတ်ဝိပါက်ကား ရနိုင်၏ဟု ခွင့်ပြုရာရောက်၏။

ထို့ကြောင့် "သုဂတိယံ"ဟူသော စကားသည် သာမတ္ထိယအားဖြင့် ဉာဏဝိပ္ပယုတ်ဝိပါက်ကို သုဂတိဘုံ၌သာ ရ၏ဟု ပြလိုခြင်း ဖြစ်သည်။

➢ **တထာ ဉာဏသမ္မယုတ္တာ ဝိပါကာနိစ သုဂတိယံ-ဠ် သုဂတိယံ-အရ** ။ ။

သုဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်တည်းကိုဆိုလျှင် (အပရေဆရာအလို) လူ.ဘုံနှင့် စာတုမဟာရာဇ်ဘုံကိုသာ ယူရပါမည်။ သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ် နှစ်ယောက်လုံးကိုဆိုလျှင်- (သင်ဟဆရာ့အလို) ကာမသုဂတိ ၇-ဘုံကိုသာ ယူရမည်။

➢ **တိဟေတုက (တိဟိတ်ပုဂ္ဂိုလ်) ဖမည်ပုံ** ။ ။ ပဋိသန္ဓေဝိညာဉ်နှင့်တကွ အလောဘ

http://www.dhammadownload.com

ဟိတ်, အဒေါသဟိတ်, အမောဟဟိတ် သုံးပါးရှိသောကြောင့် တိဟေတုက (တိဟိတ် မဂ္ဂိလ်) မည်ပါသည်။

➢ **တိဟေတုဇကသုစ ခိဏာသဝါနံ–ဣ တိဟေတုက–အရ ။ ။** တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိလ် ၈-ယောက်တို့ကို ယူရပါမည်။

➢ **ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ် အကုသိုလ်ဇောများ မရနိုင်ခြင်းအကြောင်း**

အချင်းခပ်သိမ်း အနုသယကိုပယ်သဖြင့် အလုံးစုံသော ကုသိုလ်, အကုသိုလ်တို့သည် အနုသယနှင့်တကွ ချုပ်သွားသောကြောင့်-- မရနိုင်ပါ။ (ဒီပနီ)

➢ **သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကြိယာဇောတို့ မရနိုင်ခြင်းအကြောင်း**

သေက္ခ, ပုထုဇဉ်တို့သည် အနုသယမကင်းသေးသောကြောင့် ကြိယာဇောများ မရနိုင်ပါ။ (တစ်နည်း) ရဟန္တာတို့၏ သီးခြားစိတ်များ ဖြစ်သောကြောင့် ကြိယာဇောများ မရနိုင်ပါ။

➢ **သေက္ခ ဓေါ်ပုံ ။ ။** သိက္ခာသုံးပါးဌ ပြည့်စုံစွာ ဖြည့်ကျင့်မှု မရှိသေးသောကြောင့် အလေ့အားဖြင့် ဖြည့်ကျင့်ခြင်းသဘောရှိရကား "သေက္ခ"ဟု ခေါ်ပါသည်။

➢ **ဒိဋ္ဌဓတသမ္ပယုတ္တဝိစိကိစ္ဆာဇေနာနိစ ဇေသက္ခာနံ–ဣ ဇေသက္ခ–အရ ။ ။**

အနာဂါမ်ကို သီးခြားဆိုလတ့် ဖြစ်သောကြောင့် သောတာပန်, သကဒါဂါမ်တို့ကို ယူရပါမည်။ (ဦးကာကျော်) ဗားကရာနိသျှင့် ဒီပနီတို့အလို- အောက်ဖလဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့ကို ယူရပါမည်။

➢ **သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သန္တာန်ဌ ဒိဋ္ဌဓတသမ္ပယုတ်ဇော ဝိစိကိစ္ဆာသမ္ပယုတ်ဇောနှင့် ကြိယာဇောများ မရနိုင်ခြင်းအကြောင်း ။ ။** သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သန္တာန်ဌ သောတာပတ္တိမဂ်ဖြင့်ပင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်အပ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌဓတသမ္ပယုတ်ဇော ၄-ပါးနှင့် ဝိစိကိစ္ဆာသမ္ပယုတ်ဇောများ မရနိုင်ပါ [ထို့ပြင် စသဒ္ဒါဖြင့် ဇင်အပ်သော ကြိယာဇောများလည်း မရနိုင်ပါ။]

➢ **အနာဂါမ်ပုဂ္ဂိုလ်တို့အား ဒေါသမူဇော မရနိုင်ခြင်းအကြောင်း ။ ။** အနာဂါမ်ပုဂ္ဂိုလ်တို့အား အနာဂါမိမဂ်ဖြင့် ပယ်အပ်ပြီးသောကြောင့် ဒေါသမူဇော မရနိုင်ပါ။ [ထို့ပြင် စသဒ္ဒါဖြင့် ဆွဲငင်အပ်ကုန်သော ဒိဋ္ဌဓတသမ္ပယုတ်ဇော ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်ဇော, ကြိယာဇောများလည်း မရနိုင်ပါ။]

➢ **ဇောကုတ္တရေဇော ၈–နုတို့ အရိယာ ၈–ယောက်သန္တာန်ဌ ၁–ပါးစီသာ ဖြစ်ရခြင်းအကြောင်း ။ ။** မဂ်ဇော လေးပါးတို့သည် စိတ္တက္ခဏ တစ်ချက်သာရှိသည်ဖြစ်၍ ဆိုင်ရာမဂ္ဂဌာန်ပုဂ္ဂိုလ်, အခြားသော ပုဂ္ဂိုလ်တို့သန္တာန်ဌ မဖြစ်သောကြောင့် မဂ္ဂဌာန်လေးယောက်သန္တာန်ဌ တစ်ပါးစီသာ ဖြစ်ရပါသည်။ အောက်အောက် ဖလဌာန်ပုဂ္ဂိုလ်

http://www.dhammadownload.com

တို့သည် အထက်အထက် သမာပတ်ကို မရသေးသောကြောင့် အောက်ဖလဌာန်ပုဂ္ဂိုလ်များသန္တာန်၌ အထက်အထက်သော သမာပတ်များ မဖြစ်နိုင်ကုန်။

အကြွင်းမဲ့ မပယ်အပ်သေးသော ကံ, ကိလေသာတို့ကို ချုပ်စေခြင်းဖြင့် ပုထုဇဉ် အဖြစ်မှ သောတာပန်အဖြစ်သို့ ရောက်သကဲ့သို့ သောတာပန်အဖြစ်စသည်မှ သကဒါဂါမ်အဖြစ် စသည်သို့ ရောက်သွားသောအခါ အောက်အောက်ဖလသမာပတ်များ ချုပ်ငြိမ်းခဲ့ပြီးဖြစ်သောကြောင့် အထက်အထက် ဖလဌာန်ပုဂ္ဂိုလ်များသန္တာန်၌ အောက်အောက် ဖလသမာပတ်များ မဖြစ်ကုန်။ ထို့ကြောင့် လောကုတ္တရာဇော ၈-ခုတို့ အရိယာ ၈-ယောက်သန္တာန်၌ တစ်ပါးစီသာ ဖြစ်ရပါသည်။

➢ **အာဝေဏိကဇောများ** ။ ။ (၁) **ပုထုဇ္ဇနာဝေဏိကဇော** ။ ။ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်ဇောတို့သည် ပုထုဇဉ်တို့သန္တာန်၌သာ ဖြစ်သောကြောင့် "ပုထုဇ္ဇနာဝေဏိကဇော" မည်ပါသည်။(၂) **အရိယာဝေဏိကဇော**= လောကုတ္တရာဇော ရှစ်ခုတို့သည် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့သန္တာန်၌သာ ဖြစ်သောကြောင့် "အရိယာ ဝေဏိကဇော" မည်ပါသည်။ (၃) **သေက္ခာဝေဏိကဇော** = အရဟတ္တဖိုလ်မှတစ်ပါး လောကုတ္တရာဇော ၇-ခုတို့သည် သေက္ခပုဂ္ဂိုလ်များသန္တာန်၌သာ ဖြစ်သောကြောင့် "သေက္ခာဝေဏိကဇော" မည်ပါသည်။ (၄) **အသေက္ခာဝေဏိကဇော/ခီဏာသဝါဝေ ဏိကဇော** = ကြိယာဇော (၁၈) ပါးနှင့် အရဟတ္တဖိုလ်ဇောတို့သည် ရဟန္တာသန္တာန်၌သာ ဖြစ်သောကြောင့် "အသေက္ခာဝေဏိကဇော/ခီဏာသဝါဝေဏိကဇော" မည်၏။

➢ **မဟာလူသား အရိယာမျှားသာ ရထိုက်ဆသောစိတ်** ။ ။ လောကုတ္တရာစိတ်နှင့် ကြိယာဇောများ ဖြစ်ပါသည်။(ကြိယာဇောများကား ရဟန္တာ အရိယာနှင့်သာ ဆိုင်သည်)

➢ **မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီး ကိုယ်ပိုင်ရထိုက်ဆသော ဇော စိတ်များ** ။ ။ လောကုတ္တရာစိတ် (၈) ပါး ဖြစ်ပါသည်။

➢ **အသေက္ခ ခေါ်မူ** ။ ။ သိက္ခာသုံးပါးခ်ည် ပြည့်စုံစွာ ဖြည့်ကျင့်ပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို "အသေက္ခ"ဟု ခေါ်ပါသည်။

ဇေး ။ ။ အသေက္ခပုဂ္ဂိုလ်တို့အား အချင်းခပ်သိမ်း စတုစတ္တာလီသ ဖြစ်သင့်/မဖြစ်သင့် "သမ္ဘဝါ"ပုဒ်ကိုထောက်၍ ရှင်းပြပါ။ (၁၃၃၇-ခုကြီး)

➢ **စဘုပညာသ သမ္ဘဝါ–ခ်ဋ္ဌ သမ္ဘဝါ အဓိပ္ပါယ်** ။ ။ ဈာနလာဘီဖြစ်သော ရဟန္တာသန္တာန်၌သာ ဝိထိစိတ် (၄၄) ပါးဖြစ်သောကြောင့်ရင်း၊ အဈာနလာဘီ ရဟန္တာသန္တာန်၌ကား မဟဂ္ဂတ်ကြိယာဇော ၉-ပါးနှုတ်၍ (၃၅) ပါးသာ ဖြစ်သောကြောင့်ရင်း [အသေက္ခပုဂ္ဂိုလ်တို့အား အချင်းခပ်သိမ်း စတုစတ္တာလီသ မဖြစ်သင့်ပါ။] သင်ဟု၍ "သမ္ဘဝါ" ဟု ဆိုပါသည်။

http://www.dhammadownload.com

➢ **မဂ္ဂဝိထိ၌ မဂ်နောင် ဘဝင်မကျဘဲ ဖိုလ်ဇောပြစ်ခြင်းအကြောင်း** ။ ။ မဂ်သည် ကောင်းသောသဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသည်၏ အဖြစ်ကြောင့် ဈာနဝီထိ၌ ဈာန်နောင်ဘဝင်ကျသကဲ့သို့ မဂ္ဂဝီထိ၌ မဂ်နောင် ဘဝင်မကျဘဲ ဖိုလ်ဇော ဖြစ်ရပါသည်။ (ဝီထိလက်ရိုး)

➢ **မဂ်စိတ် ၄-စုတို့ မိမိဆိုင်ရာ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်မှ တစ်ပါးသော ပုဂ္ဂိုလ်တို့၌ မပြစ်ခြင်းအကြောင်း** ။ ။ မဂ်စိတ် ၄-ခုတို့သည် စိတ္တက္ခဏတစ်ချက်မျှသာ ရှိသောကြောင့် မိမိဆိုင်ရာ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မပြစ်ကြပါ။

➢ **စောက်စောက်အရိယာ (ဖလင်္ဂါန်) ပုဂ္ဂိုလ်တို့သင်္ဃာန်၌ အထက် အထက်ဖိုလ်ဇောများ မပြစ်ခြင်းအကြောင်း** ။ ။ အောက်အောက် အရိယာပုဂ္ဂိုလ်တို့သည် အထက် အထက် ဖလသမာပတ်ကို မရဖူးသေးသောကြောင့်-- မပြစ်ကြပါ။

➢ **အထက် အထက် အရိယာပုဂ္ဂိုလ်တို့သင်္ဃာန်၌ ရရှိပြီးသော စောက်စောက် ဖိုလ်ဇောများ ဆက်လက် မပြစ်ခြင်းအကြောင်း** ။ ။ အထက် အထက် အရိယာပုဂ္ဂိုလ်တို့သည် အောက်အောက်မဂ်ဖြင့် မပယ်ခွါအပ်သေးသော ကံကိလေသာတို့ကို ချုပ်ပျောက်စေသည့်အတွက် သောတာပန်-စသော ပုဂ္ဂိုလ်တို့မှ သကဒါဂါမ်-စသော ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်ခြင်းဖြင့် အောက်အောက်ဖိုလ်များ ငြိမ်းပျောက်သွားသောကြောင့် အထက် အထက် အရိယာပုဂ္ဂိုလ်တို့သင်္ဃာန်၌ ရရှိပြီးသော အောက်အောက်ဖိုလ်ဇောများ ဆက်လက် မပြစ်ကြပါ။

➢ **အနာဂါမ်ပုဂ္ဂိုလ်သင်္ဃာန်၌ သကဒါဂါမိဖိုလ်ဇော မပြစ်ခြင်းအကြောင်း**

အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် မပယ်ခွါအပ်သေးသော ကံကိလေသာတို့ကို ချုပ်ပျောက်စေသည့်အတွက် သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်မှ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခြင်းဖြင့် အောက်ဖြစ်သော သကဒါဂါမိဖိုလ် ငြိမ်းပျောက်သွားသောကြောင့် အနာဂါမ်ပုဂ္ဂိုလ်သင်္ဃာန်၌ သကဒါဂါမိဖိုလ်ဇော မပြစ်ပါ။

➢ **အသေက္ခာနံ စတုစတ္တာလီသ-စသော ဂါထာကို မိန့်ဆိုရခြင်းအကြောင်း**

ထိုထိုပုဂ္ဂိုလ်တို့သင်္ဃာန်၌ ပယ်အပ်ပြီးသော ဇောတို့ကို ကြည့်၍ ပါရိသေသနည်းအားဖြင့် ရဟိုက်သောဇောတို့ကို ပေါင်း၍ပြလိုသောကြောင့်-- မိန့်ဆိုရပါသည်။

➢ **အသေက္ခာနံ စတုစတ္တာလီသ-၌ ဇာသေက္ခ-အရ** ။ ။ ကာမဘုံ၌တည်တုန်သော ဈာနလာဘီ ရဟန္တာပုဂ္ဂိုလ်တို့ကို ယူရပါမည်။

➢ **ဒသက္ခ-အရများ** ။ ။ (၁) တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇနာနိ-၌ **ဒသက္ခ-အရ**- အောက်ဖလင်္ဂါန်ပုဂ္ဂိုလ် ၃-ယောက်တို့ကို ယူရပါမည်။ (၂) ဗိဒ္ဓဂတ သမ္မယုတ္တာဝိဓိကိစ္စာဇနာနိစ သေက္ခာနံ-၌ **ဒသက္ခ-အရ**- သောတာပန်နှင့် သကဒါဂါမ်

http://www.dhammadownload.com

တို့ကိုသာ ယူရပါမည်။ (၃) သေက္ခာနမုဒ္ဓိသေ-၌ ဧသေက္ခ-အရ- သေက္ခပုဂ္ဂိုလ် ၂-ယောက်လုံးကို ယူရပါမည်။

ဘူမိဝိဘာဂဝဏ္ဏနာ

➢ **ကာမဘုံ၌ ဝိထိစိတ်အားလုံး ရနိုင်ခြင်းအကြောင်း** ။ ။ ကာမဘုံ၌ ဒွါရ ၆-ပါး, ပုဂ္ဂိုလ် ၁၂-ယောက် ဖြစ်နိုင်သောကြောင့် ဝိထိစိတ်အားလုံး ရနိုင်ပါသည်။

➢ **သဗ္ဗာနိပိ ဝိထိစိတ္တာနိ ယထာရဟ မုပလဗ္ဘန္တိ-၌ ယထာရဟံ အဓိပ္ပါယ်**

ကာမဘုံ၌ ဝိထိစိတ် (၈၀)လုံးရသော်လည်း ထိုထို သုဂတိဘဝ, ဒုဂ္ဂတိဘဝအားလျော်စွာဂင်း။ ထိုထို တိဟိတ်ပုထုဇဉ်, သေက္ခ, အသေက္ခအားလျော်စွာဂင်း ထိုက်သလို ဖြစ်ခြင်းကို "ယထာရဟံ"ဟု ဆိုပါသည်။

➢ **ရူပဘုံ၌ ဓေါသမူဒွေးနှင့် မဟာဝိပါက် ၈-ပါးတို့ကိုသာ ကြဉ်ရှေ့ခြင်းအကြောင်း**

➢ **ရူပါဝစရဘူမိယံ ပဋိယဇဝနတဓါရမ္မဏဝဇ္ဇိတာနိ-၌ ဓေါသမူဒေနှင့် တဓါဂ္ဂံ မဟာဝိပါက်ကိုသာ ကြဉ်ရှေ့ခြင်းအကြောင်း** ။ ။ သဗ္ဗတ္ထာပိစ တံတံ ပသာဒရဟိတာနံ တံတံ ဒွါရိကဝိထိစိတ္တာနိ နိ လဗ္ဘန္တေဝ-ဖြင့် ယာနဝိညာဏာဒိဆက္ကကို ပယ်လတ်ဖြစ်သောကြောင့် ရူပဘုံ၌မဖြစ်သော ဝိထိစိတ် ၁၆-ပါးတို့တွင် ဓေါသမူဒွေးနှင့် မဟာဝိပါက် ၈-ပါးတို့ကိုသာ ကြဉ်ရပါသည်။ (၀၊) ပယ်မြစ်သည်။ (၀၊) ရူပါဝစရဘူမိယံ ပဋိယဇဝနတဓါရမ္မဏဝဇ္ဇိတာနိ-ဟု ဆိုပါသည်။

➢ **သဗ္ဗတ္ထာပိစ တံတံ ပသာဒရဟိတာနံ-၌ ဆဗ္ဗတ္ထ-အရ** ။ ။ ကာမဘုံ, ရူပဘုံ အရူပဘုံတို့ကို ယူရပါမည်။(ဦးကာကျော်) [တစ်နည်း] ရူပဘုံ, အရူပဘုံတို့ကို ယူရပါမည်။ (ဒီပနီ)

ဓေမ ။ ။ ကေစိဆရာအလို ရူပဘုံ၌ ရနိုင်/မရနိုင်သော ဝိထိစိတ်သရုပ်တို့ကို အသီးသီး ထုတ်ပြပါ။

➢ **ကေစိဆရာအလို ရူပဘုံ၌ မရနိုင်သော ဝိထိစိတ်** ။ ။ ကေစိဆရာတို့က ရူပဘုံ၌ အနိဋ္ဌာရုံမရှိသောကြောင့် အနိဋ္ဌာရုံကို အာရုံပြုသော အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၄-ပါးတို့ကို မရနိုင်ပါ။

လောဘမူ-၈၊ မောဟမူ-၂ ကုသလဝိပါက်စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက် သန္တီရဏ ၂-ပါး၊ အဟိတ်ကြိယာ ၃-ပါး၊ မဟာကုသိုလ်-၈၊ ပါး၊ မဟာကြိယာ ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး။ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း (၆၀) ရနိုင်ပါသည်။

➢ **သဝိဟ-၌ စတုသဋ္ဌိ ဝေဒနာရုမ-ဟု ဆိုရကြောင်း** ။ ။ (ထိုသို့ ကေစိဆရာတို့ ဆိုကုန်သော်လည်း) ရူပဘုံ၌တည်ကုန်လျက် ဤလူ့ပြည်ကို ပကတိမျက်စိဖြင့်

http://www.dhammadownload.com

ကြည့်ကုန်သော ပြဟ္မာတို့အား အနိဋ္ဌာရုံ ဖြစ်နိုင်သောကြောင့် သင်ဟဉ် "စတုသဋ္ဌိ တထာရူပေ"ဟု ဆိုပါသည်။

➢ **ယထာသမ္ဘဝံ ဘဝစိန္တရိတာ-ဠ် ယထာသမ္ဘဝံ အဓိပ္ပါယ် ။ ။** ထိုထိုဘဝါရဏ်ဌင်း။ ထိုထို ဘဝတို့ဌင်း ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကို "ယထာသမ္ဘဝံ"ဟု ဆိုသည်

➢ **ယာဝတာယုကမဇ္ဇာနိန္ဒ-ဠ် ယာဝတာယုက်ပုဒ်အရ ပိုင်းခြားပုံ ။ ။** ဘဝသစ်ဌ ပဋိသန္ဓေ, ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်, မနောဝါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘမူ ဇော ၇-ကြိမ်ဟု စိတ်အစဉ်ဖြစ်ရာဝယ် (၁) ဥပပတ္တိဘဝကို ဒုစ်သက်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော မနောဝါရိကဝိထိဌပါသော မနောဝါရာဝဇ္ဇန်းမှစ၍ စုတိတိုင်အောင်သော ကာလ၊ (၂) ယင်းဝိထိဌပါသော မနောဝါရာဝဇ္ဇန်းမှစ၍ စုတိရှေ့ ဘဝင်တိုင်အောင်သော ကာလတို့ကို ယာဝတာယုက်ပုဒ်အရ အသက်ရှည်သမျှကာလပတ်လုံးဟု ဆိုး၏။

မှတ်ဖျက်/ ဆိုခဲ့ပြီး ပိုင်းခြားချက်နှစ်မျိုးတို့တွင် ပထမနည်းသည် ဝိထိစိတ်နောင် စုတိကျသော မရဏာသန္နဝိထိကို ရည်ရွယ်သည်၊ ဒုတိယနည်းသည် ဝိထိစိတ်နောင် ဘဝင်နောင် စုတိကျသော မရဏာသန္နဝိထိကို ရည်ရွယ်သည်။

အထက်ပါပိုင်းခြားချက် ကာလအတွင်း၌ ဆဠါရဝိထိစိတ်များ ဘဝင်ခြားလျက် ဆက်ဖြစ်နေသည်ဟုဆိုသော်လည်း နိရောဓသမာပတ်ဝင်စားသောအခါ စိတ်အစဉ်ပျက်လျှက် ရှိ၏။ ထို့ကြောင့် ဣရိယာပထဝေါ ဆဠါရိက စိတ္တပ္ပဝတ္တိ-စသော စကားရပ်သည် နိရောဓသမာပတ်ဝင်စားသောအခါမှ တစ်ပါးသော အခါကိုသာ ရည်ရွယ်၍ ဆိုထားသည်ဟု မှတ်ရမည်။

➢ **ဝိထိစိတ်များ မဖြစ်ရာကာလ ။ ။** ဘဝင်စိတ်ဖြစ်သော ကာလနှင့် နိရောဓသမာပတ် ဝင်စားသောကာလတို့ ဖြစ်ပါသည်။

➢ **ကုသိုလ်လည်းမရ ဂေါလည်း မကြီးတော့စသော ပုဂ္ဂိုလ် -** ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသည်။ (ဝိထိစာပိုဒ်- ၄၃-ကိုထောက်)

➢ **ရယ်ရွှင်မှု မဖြစ်နိုင်စသော ဗြဟ္မာများ -** အရူပပြဟ္မာနှင့် အသညသတ်ပြဟ္မာတို့ ဖြစ်ပါသည်။ (ဝိထိစာပိုဒ် ၅၁/၅၃-တို့ကိုထောက်)

➢ **အရိယာပုဂ္ဂိုလ်များ နတ်ကနားစပေးမှု ဖြေ/မဖြေ -** သေကွပုဂ္ဂိုလ်တို့သန္တာန်၌ ဒိဋ္ဌဂတသမ္ပယုတ်ဇော ဝိစိကိစ္ဆာသဟဂုတ်ဇောများ မရနိုင်သောကြောင့် အရိယာပုဂ္ဂိုလ်များ နတ်ကနားပေးမှု မပြုပါ။ (ဝိထိစာပိုဒ်-၄၅) ကိုထောက်။

➢ **ရှပ်မြင်သံကြား ကြည့်ရှုမှု ဖြစ်နိုင်စသော ဗြဟ္မာ -** ရူပပြဟ္မာ ဖြစ်ပါသည်။ (ဝိထိစာပိုဒ်- ၅၀/၅၂) ကိုထောက်။

ဦးကာကျော် ဝိထိပိုင်း အဓိပ္ပါယ်များ ပြီး၏။

http://www.dhammadownload.com

ဝိထိမှတ်ပိုင်း ဋီကာစကျော် အဓိပ္ပါယ်များ

➢ **အနုသန္ဓေ** ။ ။ ပဝတ္တိကာလ၌ ဖြစ်ပုံပြ ပဝတ္တိသင်္ဂဟကို ပြပြီး၍ ယခုအခါ၌ ပဋိသန္ဓေအခါ၌ ဖြစ်ပုံပြ ပဝတ္တိသင်္ဂဟကို ပြခြင်းငှာ **ဝိထိစိတ္တဝသာစနဝံ** - စသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ ရေးသားသည်။

➢ **ဝိထိစိတ္တဝသာစနဝံ၊ ပဝတ္တိယမ္ပဒိရိတော–ဣ** ။ ။ ပဋိသန္ဓေနောင် ပဌမဘဝင် စိတ်မှ စ၍ စုတိ မတိုင်မီသောကာလကို ဤ၌ "ပဝတ္တိကာလ"ဟု ဆိုသည်။

➢ **သန္ဓိယံ ဓါနိ ဝုစ္စတိ–ဣ သန္ဓိ–အရ** ။ ။ (၁) မုချအားဖြင့် ပဋိသန္ဓေအခါကို ယူရပါမည်။ (၂) ဥပစာ (သမီပူပစာ) အားဖြင့် ထိုပဋိသန္ဓေအခါနှင့် နီးသောကြောင့် စုတိအခါကို ယူရပါမည်။

➢ **သန္ဓိယံ ဓါနိ ဝုစ္စတိ–ဣ သန္ဓိယံ–ဟု ဆိုရခြင်းအစကြောင်း** ။ ။ ပဋိသန္ဓေအခါ၌ စိတ်, စေတသိက်တို့၏ဖြစ်ပုံကို ပြဆိုအပ်သည်ရှိသော် ဘဝင်အခါ စုတိအခါတို့၌ စိတ် စေတသိက်တို့၏ ဖြစ်ပုံကိုလည်း ဆိုခြင်းကိစ္စပြီးသောကြောင့် "သန္ဓိယံ"ဟူ၍သာ အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုထားသည်။ (ဒီပနီ)

ဤ**အလို့ သန္ဓိယံ–အရ** ။ ။ ပဋိသန္ဓေအခါ, ဘဝင်အခါ, စုတိအခါတို့ကို ယူရမည်။

မှတ်ချက်/ သင်္ဂဟပိုဒ်ရေ (၁၆၊၁၇၊၁၈) တို့ကိုထောက်လျှင် ပဋိသန္ဓေအခါ, ဘဝင်အခါ, စုတိအခါ သုံးမျိုးလုံးပင် ယူသင့်သည်။

ဘူမိစတုက္ကဝဏ္ဏနာ

➢ **အပါယ–ဣ အယ မည်ပုံ** ။ ။ သုံးပါးသော ချမ်းသာတို့၏ဖြစ်ကြောင်း ဖြစ်သောကြောင့် ကုသိုလ်ကောင်းမှုသည် "အယ" မည်ပါသည်။

➢ **အပါယ (အပါယ်) မည်ပုံ** ။ ။ ကုသိုလ်ကောင်းမှုမှ မျှားသောအားဖြင့် ကင်းသောကြောင့် အပါ၊ယ (အပါယ်) မည်ပါသည်။

မှတ်ချက်/ **နဂါး, ဂဠုန်-စသော** အချို့တိရစ္ဆာန်တို့သန္တာန်၌ ကုသိုလ်ဖြစ်ခြင်းရှိသောကြောင့် ယေ၊ယျေန(မျှားသောအားဖြင့်) ဟု ဋီကာ၌ ဆိုသည်။

➢ **ဘူမိ (ဘုံ) မည်ပုံ** ။ ။ အပါယ်သည်ပင်လျှင် သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဘူမိ (ဘုံ) မည်ပါသည်။

➢ **အပါယဘူမိ (အပါယ်ဘုံ) မည်ပုံ** ။ ။ ကုသိုလ်ကောင်းမှုမှ မျှားသောအားဖြင့် ကင်းသောကြောင့် အပါယ်မည်၏၊ အပါယ်သည်ပင်လျှင် သတ္တဝါတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် ဘုံမည်၏၊ ထို့နှစ်ပါးသော သဘောကြောင့် အပါယီဘူမိ (အပါယ်ဘုံ) မည်ပါသည်။

➢ **ဂတိ မည်ပုံ** ။ ။ ကုသိုလ်ကောင်းမှုပြုသောသူတို့သည် ရောက်အပ်သော

http://www.dhammadownload.com

ကြောင့် "ဂတိ" မည်ပါသည်။

➢ **သုဂတိ မည်ပုံ** ။ ။ များသောအပြားရှိသော စည်းစိမ်၏တည်ရာဖြစ်သော ကြောင့် တင့်တယ်သော ဂတိသည် "သုဂတိ" မည်ပါသည်။

➢ **ကာမသုဂတိ မည်ပုံ** ။ ။ ကာမတဏှာနှင့် တကွဖြစ်သော သုဂတိသည် ကာမသုဂတိ မည်ပါသည်။

➢ **ကာမသုဂတိဘုံ မည်ပုံ** ။ ။ ထိုကာမသုဂတိသည်ပင် ဘုံဖြစ်သောကြောင့် ကာမသုဂတိဘုံ မည်ပါသည်။

➢ **နိရယ ခေါ်ပုံ** ။ ။ ချမ်းသာမှထွက်သွားသော (ဝါ) ကင်းသော် အရပ်ကို နိရယ-ဟု ခေါ်ပါသည်။

➢ **အယ ၂-စု အထူး** ။ ။ အပါယ-၌ အယ-သဒ္ဒါသည် ကုသိုလ်ကောင်းမှု အနက်ကို ဟောပါသည်။ နိရယ-၌ အယ-သဒ္ဒါသည် ချမ်းသာသုခအနက်ကို ဟောပါ သည်။ ဤသို့ ထူးပါသည်။

➢ **တိရစ္ဆာန်မည်ပုံ** ။ ။ လူတို့ကဲ့သို့ မတ်မတ် မဟုတ်ဘဲ အလျားလိုက် သွားတတ် သောကြောင့် "တိရစ္ဆာန်" မည်ပါသည်။ (တစ်နည်း) အောက်အဖို့အားဖြင့် သွားတတ် သောကြောင့် "တိရစ္ဆာန်" မည်ပါသည်။

➢ **ဃာနိ မည်ပုံ** ။ ။ တူသော ဇာတ်ရှိသည့်အတွက် သတ္တဝါတို့၏ မရောနှော သော်လည်း ရောနှောသကဲ့သို့ ဖြစ်ကြောင်းဖြစ်သောကြောင့် ခန္ဓာတို့၏ ဖြစ်ပုံအထူး သည် (ဝါ) ဇာတ်သည် "ယောနိ" မည်ပါသည်။

➢ **တိရစ္ဆာနယောနိ မည်ပုံ** ။ ။ တိရစ္ဆာန်တို့၏ ခန္ဓာဖြစ်ပုံအထူးသည် (ဝါ) ဇာတ် သည် "တိရစ္ဆာနယောနိ" မည်ပါသည်။

➢ **ပေတ မည်ပုံ** ။ ။ ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်သောကြောင့် "ပေတ" (ပြိတ္တာ) မည်ပါသည်။

➢ **ပေတ-အရ** ။ ။ နိဗ္ဗာမတဏှိကပြိတ္တာ, ခုပ္ပိပါသပြိတ္တာ. ဝန္တာသပြိတ္တာ စသည် တို့ကို ယူရပါမည်။

➢ **နိဗ္ဗာမတဏှိကပြိတ္တာ မည်ပုံ** ။ ။ ခန္ဓာကိုယ်အကြွင်းမဲ့ မီးလောင်သည်၏ အဖြစ်ကြောင့် မွတ်သိပ်ခြင်းရှိသော ပြိတ္တာသည် "နိဗ္ဗာမတဏှိကပြိတ္တာ" မည်၏။

➢ **ခုပ္ပိပါသပြိတ္တာ မည်ပုံ** ။ ။ အမြဲတန်း အစာငတ်, ရေငတ်နေသော ပြိတ္တာ သည် "ခုပ္ပိပါသပြိတ္တာ" မည်ပါသည်။

➢ **ဝန္တာသပြိတ္တာ မည်ပုံ** ။ ။ သူတစ်ပါးတို့၏ တံတွေး အံဖတ်ကို စားရသော ပြိတ္တာသည် "ဝန္တာသပြိတ္တာ" မည်ပါသည်။

http://www.dhammadownload.com

➢ **ဝေတ္ထိဝိသယ မည်မုံ့** ။ ။ ပြိတ္တာအပေါင်း၏ နေရာအရပ်သည် "ပေတ္တိဝိသယ" မည်ပါသည်။

➢ **တိရစ္ဆာနဝေယာနိ-အရ** ။ ။ ငရဲဘုံ, အသူရကာယ်ဘုံတို့ကဲ့သို့ သီးခြားပိုင်းခြား အပ်သော အရပ်မရှိသောကြောင့် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်ကို ယူရပါမည်။

➢ **ဝေတ္ထိဝိသယ-အရ** ။ ။ ငရဲဘုံ, အသူရကာယ်ဘုံတို့ကဲ့သို့ သီးခြားပိုင်းခြား အပ်သော အရပ်မရှိသောကြောင့် ပြိတ္တာတို့၏ ခန္ဓာကိုယ်ကို ယူရပါမည်။

(တစ်နည်း) တော, တောင်ခြေ အစရှိသော အရပ်တို့၌ ထိုတိရစ္ဆာန်, ပြိတ္တာတို့ အမြဲနေကုန်သောကြောင့် ထိုကဲ့သို့ အမြဲနေရာ တော, တောင်ခြေဌာန၏အစွမ်းဖြင့် သြကာသကိုလည်း ယူရပါမည်။

➢ **တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ ဗိုင်းခြားမုံ့** ။ ။ ငရဲဘုံ, အသူရကာယ်ဘုံတို့ကဲ့သို့ သီးခြားပိုင်းခြားအပ်သော အရပ်မရှိသောကြောင့် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်ကိုပင် တိရစ္ဆာန်ဘုံဟုဝင်း၊ ပြိတ္တာတို့၏ ခန္ဓာကိုယ်ကိုပင် ပြိတ္တာဘုံဟုဝင်း ခေါ်ဆိုရသည်။

(တစ်နည်း) တိရစ္ဆာန်, ပြိတ္တာတို့၏ အမြဲနေထိုင်ရာ တော, တောင်ခြေအရပ်ကို တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ-ဟု ခေါ်ဆိုရပါမည်။

မှတ်ချက်/ အထက်ပါနှစ်နည်းတို့တွင် ပဌမနည်းအလို- ခန္ဓာကိုယ်ကို "ဘုံ"ဟု ခေါ်သည်။ ဒုတိယနည်းအလို- သြကာသကို "ဘုံ"ဟု ခေါ်သည်။

➢ **တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံတို့အရ ယူရမည်ဘုံဌာန** ။ ။ ငရဲဘုံ, အသူရကာယ်ဘုံ တို့ကဲ့သို့ သီးခြားပိုင်းခြားအပ်သော အရပ်မရှိသောကြောင့် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် ကိုပင် တိရစ္ဆာန်ဘုံအရ၊ ပြိတ္တာတို့၏ ခန္ဓာကိုယ်ကိုပင် ပြိတ္တာဘုံအရ ယူရပါမည်။

(တစ်နည်း) တိရစ္ဆာန်, ပြိတ္တာတို့၏ အမြဲနေထိုင်ရာ တော, တောင်ခြေအရပ်ကို တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ-အရ ယူရပါမည်။

➢ **အသုရာ မည်မုံ့** ။ ။ အစိုးရခြင်း, မြှူးထူးခြင်း စသည်တို့ဖြင့် မမြှူးထူးတတ် သောကြောင့် ပြိတ္တာအသုရာတို့သည် "အသုရာ" မည်၏။ (တစ်နည်း) တာဝတိ$\bar{\text{ံ}}$သာ နတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် နတ်အသုရာတို့သည် "အသုရာ" မည်၏။

➢ **အသုရာ ၂-မျိုး** ။ ။ (၁) ပြိတ္တာအသုရာ၊ (၂) နတ်အသုရာတို့ ဖြစ်ပါသည်။

➢ **အသုရာ ၂-မျိုးကို ခြစ်ရာဘုံဌာနနှင့်တကွ တွဲစပ်မုံ့** ။ ။ ပြိတ္တာအသုရာ- အပါယ်ဘုံ။ ဝေပစိတ္တ အသုရာ(နတ်အသုရာ) - တာဝတိ$\bar{\text{ံ}}$သာဘုံ။

ဖေး ။ ။ အသုရကာယော-၌ ပြိတ္တာအသုရာနှင့် နတ်အသုရာ နှစ်မျိုးတို့တွင် အဘယ် ကို ယူရမည်ဟု အကြောင်းပြဖြေဆိုပါ။

➢ **အသုရကာဝေယာ-၌ အသုရာ-အရ** ။ ။ နတ်အသုရာများကို တာဝတိ$\bar{\text{ံ}}$သာ

http://www.dhammadownload.com

နှတ်တို့၌ ရေတွက်ယူရသောကြောင့် ပြိတ္တာအသုရာတို့ကိုသာ ယူရပါ၏။

ဓမ်း ။ ။ လူကောင်း လူတော်တစ်ယောက် ဖြစ်နိုင်ရန် လိုအပ်သော ဂုဏ်အင်္ဂါရပ်များ ကို ဦးကာရှင်၏ "မနုဿ' အဖွင့်ကိုရှု၍ ရှင်းလင်းဖြေဆိုပါ။

➢ **လူကောင်း လူတော်တစ်ယောက် ဖြစ်နိုင်ရန် လိုအပ်သော ဂုဏ်အင်္ဂါရပ်များ** (၁) သတိရှိသူဖြစ်ခြင်း၊ (၂) ရဲရင့်သူဖြစ်ခြင်း။ (၃) ပြဟ္မစရိယကို ကျင့်သုံးနိုင်သူ ဖြစ်ခြင်း အင်္ဂါရပ်များ လိုအပ်ပါသည်။

ဓမ်း ။ ။ "လူသာလျှင် ပဓာန" ဟု ပြောရလောက်အောင် အခြားသတ္တဝါများနှင့် မတူ တမူထူးခြား "လူသား"၏ အဓိပ္ပါယ်ကို ဦးကာအရှင် သတ်မှတ်ပြသည့်အတိုင်း ဖော်ပြပါ။ (၁၃၆၂-ခု လတ်၊ တနင်္သာရီတိုင်း)

➢ **လူသား-၏ အဓိပ္ပါယ်** ။ ။ သတိ, ရဲရင့်သည်၏အဖြစ်, ပြဟ္မစရိယအား လျှောက်ပတ်သည်၏အဖြစ်-စသော ဂုဏ်တို့ဖြင့် မြင့်မြတ်သော စိတ်ရှိသောကြောင့် "လူသား"ဟု ခေါ်ဆိုရပါသည်။

➢ **လူသားအစစ်ဖြစ်သော မှုဏ္ဍိလ်** ။ ။ ဇမ္ဗူဖိပ်ခေါ် မရှိမဒေသ၌နေသော လူသားများ ဖြစ်ပါသည်။

➢ **လူ-အတူပြစ်သော မှုဏ္ဍိလ်** ။ ။ ဇမ္ဗူဖိပ်ကျွန်းနေ လူများနှင့် အဆင်းအသွင် အပြင် စသည်အားဖြင့်တူသော အရံကျွန်းငယ်၌နေသော လူများ, ဇမ္ဗူဖိပ်ကျွန်းကြီးမှ တစ်ပါးသော ကျွန်းကြီး၌နေသော လူများ ဖြစ်ပါသည်။

ဓမ်း ။ ။ မုဆိုးအားဖြင့် "မနုဿ" မည်ခြင်း၏ အကြောင်းကို ခိုင်လုံသော သက်သေ ပုဏ္ဏိလ်အထောက်အထားပြု၍ ရေးသားဖြေဆိုခဲ့ပါ။ (၁၃၅၂-ခု လတ်)

➢ **မနုဿ မည်ခြင်းအကြောင်း** ။ ။ သတိ, ရဲရင့်သည်၏အဖြစ်, ပြဟ္မစရိယအား လျှောက်ပတ်သည်၏အဖြစ်-စသော ဂုဏ်တို့ဖြင့် မြင့်မြတ်သော စိတ်ရှိသောကြောင့် "မနုဿ" မည်ပါသည်။

လွန်မြတ်သော သတိ၏ ရင့်ကျက်ခြင်းသို့ရောက်ကုန်သော ဘုရား, ပစ္စေကဗုद्ध ရဟန္တာ စသည်တို့ မနုဿပင် ဖြစ်တော်မူကြခြင်းက ခိုင်လုံသော သက်သေ အထောက် အထား ဖြစ်ပါသည်။

➢ **မနုဿ-အရ** ။ ။ ဇမ္ဗူဖိပ်ကျွန်း၌ နေထိုင်ကုန်သော သူတို့ကို မုဆိုးအားဖြင့် ယူရပါမည်။ ဇမ္ဗူဖိပ်ကျွန်း၌ နေသူတို့နှင့် ရှုပ်ပုံသဏ္ဌာန် စသည်ခြင်းတူသောကြောင့် ဇမ္ဗူဖိပ်ကျွန်း၌ ပါဝင်သော ကျွန်းငယ်များ, အခြားကျွန်းကြီးသုံးကျွန်းနှင့် ကျွန်းငယ်တို့၌ နေထိုင်သူတို့ကို သဒိသုပစာရအားဖြင့် ယူရပါမည်။

➢ **ဓလောကီဆရာတို့အလို့ မနုဿ မည်ပုံ** ။ ။ မနုမည်သော ကမ္ဘာဦးမင်း၏

http://www.dhammadownload.com

သား, သမီးဖြစ်သောကြောင့် "မနုဿ" မည်ပါသည်။

➢ **ဤအလို မနုဿ-အရ** ။ ။ မနုနော အပစ္စာ မနုဿာ-ဟု ဝစနတ္ထပြု၍ မနု အရ ကမ္မာဦးကဖြစ်သော ပင်းကို ယူရပါမည်။ မနုဿ-အရ လူအားလုံးကို ယူရပါမည်။ (မုဒ္ဓ+ဥပစာ ကြံ့ဖွယ်မလို)

➢ **မနုဿာ-အရ** ။ ။ မနုဿာနံ နိဝါသာ မနုဿာ-ဟု နိဝါသ တဒ္ဓိတ် ဝစနတ္ထပြု၍ လူ့ဘုံကို ယူရပါမည်။

➢ **စာတုမဟာရာဇိကာ မည်ပုံ** ။ ။ နတ်မင်းကြီးလေးယောက်တို့၏ ခစားရခြင်း သဘောရှိသောကြောင့် "စာတုမဟာရာဇိကာ" မည်ပါသည်။ (တစ်နည်း) နတ်မင်းကြီး လေးယောက်တို့၏ နေရာဌာနဖြစ်သောကြောင့် "စာတုမဟာရာဇိကာ" မည်၏။

➢ **စာတုမဟာရာဇိကာ-အရ** ။ ။ စတ္တာရော မဟာရာဇာနော စတုမဟာရာဇ-ဟု ဒဿမာသ်ပြု၍ ကုဝေရ-စသော နတ်မင်းကြီးလေးယောက် ရ၏။ စတု မဟာ ရာဇေ ဘတ္တိ ဇတေသန္တိ စာတုမဟာရာဇိကာ-ဟု(ဇတေသံ ဘတ္တိတဒ္ဓိတ်) ဝစနတ္ထပြု၍ စာတုမဟာရာဇ်နတ်များ ရ၏။

(တစ်နည်း) စတ္တာရော မဟာရာဇာနော စတုမဟာရာဇ-ဟု ဝစနတ္ထပြု၍ နတ်မင်းကြီးလေးယောက်ကို မယူဘဲ ဌာနူပစာအားဖြင့် နတ်မင်းကြီးလေးယောက်၏ နေရာဘုံဌာနကို ယူရမည်။စတုမဟာရာဇေ ဘဝါ စာတုမဟာရာဇိကာ-ဟု ဘဝတဒ္ဓိတ်ပြု၍ စတုမဟာရာဇ်နှဟ်များကို ယူရပါမည်။ စတုမဟာရာဇိကာနံ နိဝါသာ စာတုမဟာ ရာဇိကာ-ဟု နိဝါသတဒ္ဓိတ်ပြု၍ စာတုမဟာရာဇ်ဘုံကို ယူရပါမည်။

➢ **ဘာဝတိံသာ မည်ပုံ** ။ ။ မာယမည်သော လုလင်နှင့်တကွ သုံးကျိပ်သုံးယောက်သော ကုသိုလ်ပြုဘက်ပုဂ္ဂိုလ်တို့နှင့် အတူတကွ ရောက်ရာနေရာဌာနဖြစ်သောကြောင့် "ဘာဝတိံသာ" မည်ပါသည်။

➢ **ဇေတ္ထိသ ခေါ်ပုံ** ။ ။ ရှေးအခါက မစလရွာ၌ လမ်းပြင်ခြင်းစသော ကုသိုလ်ကောင်းမှုကို အတူတကွပြုလုပ်ကြသော မာယလုလင်ခေါင်းဆောင်သည့် သုံးကျိပ်သုံးယောက်သော ပုဂ္ဂိုလ်များကို "တေတ္တိသ"ဟု ခေါ်သည်။

➢ **ဇေတ္ထိသ-အရ** ။ ။ တေတ္တိသ ဇေ ဇ္ဈ နိဗ္ဗတ္တာတိ တေတ္တိသံ-ဟု ဇေ ဇ္ဈ နိဗ္ဗတ္တ တဒ္ဓိတ်ပြု၍ ဒုတိယနတ်ပြည်ကို ကောက်ယူရပါမည်။

➢ **တာဝတိံသ ဂျပ်ပြီးပုံ** ။ ။ တေတ္တိသပုဒ်မှ ဝဏ္ဏာဝိကာရ နိရုတ္တိနည်းဖြင့် တေ-ကို တာပြု။ ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် ဝ-လာ၊ ဝဏ္ဏလောပ နိရုတ္တိနည်းဖြင့် တ-တစ်လုံးကိုချေ၊ တာဝတိံသ ပြီး၏။

➢ **တာဝတိံသာ-အရ** ။ ။ တာဝတိံသ နိဝါသော ဇေတသန္တိ တာဝတိံသာ-ဟု

http://www.dhammadownload.com

အသ နိဝါသတဒ္ဓိတ်ဝစနတ္ထပြု၍ တာဝတိံသာနတ်များကို ယူရပါမည်။

➢ **တာဝတိံသာ-၏ အမည် ။ ။** သဟသဲ့ စာတုမဟာရာဇိကာနံ သဟသဲ့ တာဝတိံသာနံ (အံ၊၁၊ ၂၂၈) ကိုထောက်၍ ဤစကြာဝဠာ-မှ တစ်ပါးသော စကြာဝဠာတို့၌လည်း တာဝတိံသာနတ်ပြည်များ ရှိကြောင်းသိနိုင်၏၊ ထို့ကြောင့် အခြားသော တာဝတိံသာနတ်ပြည်တို့၌ အထက်ကဆိုခဲ့ပြီးသည့်အတိုင်း သုံးကျိပ်သုံးယောက်သော ပုဂ္ဂိုလ်တို့၏ နေရာမဖြစ်နိုင်ရကား တာဝတိံသာ-ဟူသော အမည်သည် ဒုတိယ နတ်ပြည်၏ ရုဋ္ဌိအားဖြင့်ခေါ်ဝေါ်အပ်သော အမည်ဖြစ်ပါသည်။

➢ **ယာမာနတ် မည်ပုံ ။ ။** ဆင်းရဲမှုကင်းသောကြောင့် "ယာမာနတ်" မည်၏။

➢ **ယာမာ-အရ ။ ။** ဒုက္ခတော ယာတာ အပယာတာတိ ယာမာ-ဟု ဝစနတ္ထပြု၍ ဆင်းရဲဒုက္ခမှ ကင်းဝေးသော နတ်တို့ကို ယူရပါမည်။ (တစ်နည်း) ယာမာနံ နိဝါသာ ယာမာ-ဟု ဝစနတ္ထပြု၍ ယာမာနတ်တို့၏ နေရာဖြစ်သော ဘုံကို ယူရမည်။

➢ **တာသိတာနတ် မည်ပုံ ။ ။** မိမိ၏ စည်းစိမ်ချမ်းသာဖြင့် နှစ်သက်ခြင်းသို့ရောက်သောကြောင့် "တုသိတာနတ်" မည်ပါသည်။

➢ **တုသိတာ-အရ ။ ။** တုသံ ဣတာတိ တုသိတာ-ဟု ဝစနတ္ထပြု၍ မိမိ အသရေ၏ ပြည့်စုံခြင်းဖြင့် နှစ်သက်ရွှင်လန်းခြင်းသို့ရောက်သော နတ်တို့ကို ယူရပါမည်။

(တစ်နည်း) တုသိတာနံ နိဝါသာ တုသိတာ-ဟု ဝစနတ္ထပြု၍ တုသိတာနတ်တို့၏ နေရာဖြစ်သော ဘုံကို ယူရပါမည်။

➢ **နိမ္မာနရတီနတ် မည်ပုံ ။ ။** ကိုယ်တိုင်ဖန်ဆင်းအပ်သော စည်းစိမ်၌ မွေ့လျော်ခြင်း ရှိသောကြောင့် "နိမ္မာနရတိနတ်" မည်ပါသည်။

➢ **ပရနိမ္မိတ ဝသဝတ္တီနတ် မည်ပုံ ။ ။** အစေအပါးနတ်များက အလိုက်သိစွာ ဖန်ဆင်းအပ်သော စည်းစိမ်တို့၌ မိမိအလိုသို့ လိုက်စေနိုင်သောကြောင့် "ပရနိမ္မိတ ဝသဝတ္တီနတ်" မည်ပါသည်။

➢ **ပရနိမ္မိတ ဝသဝတ္တီ-အရ ။ ။** ပရနိမ္မိတေသု ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တီနော-ဟု ဝစနတ္ထပြု၍ သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်တို့၌ မိမိအလိုကို ဖြစ်စေတတ်သော နတ်တို့ကို ယူရမည်။ (တစ်နည်း) ပရနိမ္မိတဝသဝတ္တီနံ နိဝါသာ ပရနိမ္မိတဝသဝတ္တီ-ဟု ဝစနတ္ထပြု၍ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ နေရာဖြစ်သော ဘုံကို ယူရပါမည်။

➢ **ကာမသုဂတိ (၇)ဘုံ၏ တည်ရာဌာန ။ ။** ကာမသုဂတိ ၇-ဘုံသည် တစ်ဘုံနှင့် တစ်ဘုံ ယူဇနာ ၄-သောင်း ၂-ထောင်စီ ကွာဝေးလျှက် တည်ပါသည်။

➢ **ဗြဟ္မာ မည်ပုံ ။ ။** ထိုထိုဈာန် အဘိညာဉ်-စသော ဝုဏ်အထူးတို့ဖြင့် တိုးပွား

http://www.dhammadownload.com

တတ်သောကြောင့် "ပြဟ္မာ" မည်ပါသည်။

➢ **ဗြဟ္မပါရိသဇ္ဇာ–ဗ္ဗ ဗြဟ္မ–အာရ ။ ။** ပါရိသဇ္ဇာ-ဟူသော သဒ္ဒါတစ်ပါးအနီးဌ် တည်သောကြောင့် မဟာပြဟ္မာကို ယူရပါမည်။

➢ **ဗြဟ္မပါရိသဇ္ဇာ မည်ပုံ ။ ။** မဟာပြဟ္မာတို့အား လုပ်ကျွေးခစားတတ်သည့် သဘောရှိ၍ ထိုမဟာပြဟ္မာတို့ ပရိသတ်ဌ်ဖြစ်သောကြောင့် ပြဟ္မပါရိသဇ္ဇာ မည်၏။

➢ **ဗြဟ္မပုဏ္ဏရောဟိတာ မည်ပုံ ။ ။** မဟာပြဟ္မာတို့၏ ပုရောဟိတ်အရာဌ် တည်သောကြောင့် "ပြဟ္မပုရောဟိတာ" မည်ပါသည်။

➢ **မဟာဗြဟ္မာမည်ပုံ ။ ။** အဆင်းလှသည်၏အဖြစ်ဖြင့်သော်၎င်း အသက်ရှည်ခြင်းစသော ဂုဏ်အားဖြင့်သော်၎င်း ပြဟ္မပါရိသဇ္ဇာ-စသော အောက်ပြဟ္မာတို့ထက် မြတ်သောကြောင့် "မဟာပြဟ္မာ" မည်ပါသည်။

➢ **ပဌမဈာန် ၃–ဘုံ တည်စနုပ် ။ ။** ထိုပြဟ္မာ သုံးမျိုးတို့သည် မွန်မြတ်သော ရတနာ အရောင်တို့ဖြင့် တောက်ပသည်ဖြစ်၍ တူမျှသော ပဌမဈာန်ဘုံအပြင်ဌ် တည်နေကြကုန်၏၊ ဘုံအနိမ့် အမြင့်အားဖြင့် တည်သည်မဟုတ် (၀ါ) နေသည်မဟုတ်၊ (ထိုပဌမဈာန် ၃-ဘုံသည် လူ့ဘုံနှင့် ယူဇနာ ၅-သန်း ၇-သိန်း ၆-သောင်း ကွာဝေး၏။)

➢ **ပရိတ္တာဘာ မည်ပုံ ။ ။** အထက်ပြဟ္မာတို့အောက် နည်းသော ကိုယ်ရောင်ရှိသောကြောင့် "ပရိတ္တာဘာ" မည်ပါသည်။

➢ **အပ္ပမာဏာဘာ မည်ပုံ ။ ။** အတိုင်းအရှည် မရှိသော ကိုယ်ရောင်ရှိသောကြောင့် "အပ္ပမာဏာဘာ" မည်ပါသည်။

➢ **အာဘဿရာ မည်ပုံ ။ ။** သပ္ပိတိကဈာန်ကြောင့်ဖြစ်သော ခန္ဓာအစဉ်ရှိသည်၏ အဖြစ်ကြောင့် တိမ်တိုက်မှ လျှပ်စစ်အရောင်ထွက်သကဲ့သို့ ထိုမှ ဤမှ ထွက်သော အရောင်ရှိရကား "အာဘဿရာ" မည်ပါသည်။ (တစ်နည်း) ဆီမီးတိုင်မှ ဆီမီးလျှံကဲ့သို့ ခန္ဓာကိုယ်မှ ပြတ်၍ ပြတ်၍ ကျလျှက်ထွက်သော အရောင်ရှိသောကြောင့် "အာဘဿရာ" မည်ပါသည်။ (တစ်နည်း) ဆိုခဲ့ပြီးသော အရောင်နှစ်မျိုးဖြင့် ထွန်းလင်းတောက်ပလေ့ရှိသောကြောင့် "အာဘဿရာ" မည်ပါသည်။

[ဆိုခဲ့ပြီးသော နှစ်ဝိကပ်ဌ် ဝစနတ္ထအားဖြင့် တူ၏၊ သို့သော် ပဌမဝိကပ်ဌ် ကိုယ်မှ မပြတ်တောက်ပစွာ ထွက်သောအရောင်ကို ပြသည်။ ဒုတိယဝိကပ်ဌ် ကိုယ်မှ ပြတ်တောက်လျှက် ထွက်သောအရောင်ကို ပြသည်။ ဤကဲ့သို့ ထူးပါသည်။]

➢ **အာဘဿရာဗြဟ္မာတို့၏ ခန္ဓာကိုယ်မှ အရောင်ထွက်ရခြင်းအကြောင်း**

အာဘဿရာပြဟ္မာတို့သည် ဝိတိနှင့်တကွဖြစ်သော ဈာန်ကြောင့်ဖြစ်သော ခန္ဓာအစဉ်ရှိသောကြောင့် ခန္ဓာကိုယ်မှ အရောင်ထွက်ရပါသည်။

http://www.dhammadownload.com

➢ **ပရိတ္တသုဘာ-၌ သုဘာ-အရ** ။ ။ ဘာတိ ဒိဗ္ဗတိတိ ဘာ၊ သုန္ဒရာ ဘာ သုဘာ-ဟု ဝစနတ္ထပြု၍ တခဲနက် မတုန်လှုပ်သော ကိုယ်ရောင်ကို ယူရပါမည်။

➢ **ပရိတ္တသုဘာ မည်ပုံ** ။ ။ အထက်ဘုံမြဟ္မာတို့သည် ပိုင်းခြားအပ်သော တခဲနက်သော ကိုယ်ရောင်တို့ရှိသောကြောင့် "ပရိတ္တသုဘာ" မည်ပါသည်။

➢ **အပ္ပမာဏသုဘာ မည်ပုံ** ။ ။ အတိုင်းအရှည်ပမာဏ မရှိသော တခဲနက်သော ကိုယ်ရောင်ကိုယ်ဝါတို့ရှိသောကြောင့် "အပ္ပမာဏသုဘာ" မည်ပါသည်။

➢ **သုဘကိဏ္ဏာ မည်ပုံ** ။ ။ အရောင်အပေါင်းဟုဆိုအပ်သော တခဲနက်သော ကိုယ်ရောင်တို့ဖြင့် ရောပြွမ်းသောကြောင့် "သုဘကိဏ္ဏာ" မည်ပါသည်။

➢ **ဝေဟပ္ဖလ် မည်ပုံ** ။ ။ စျာန်၏ အာနုဘော်ကြောင့်ဖြစ်သော ပြန့်ပြောသော အကျိုးရှိသောကြောင့် "ဝေဟပ္ဖလ်" မည်ပါသည်။

➢ **အသညေ မည်ပုံ** ။ ။ သညာဝိရာဂဘာဝနာကြောင့်ဖြစ်သော ရူပ်အစဉ်မျှသာ ရှိသည်၏အဖြစ်ကြောင့် သညာ မရှိရကား (နာမက္ခန္ဓာ မရှိရကား) "အသညေ" မည်၏။

➢ **အသညသတ် မည်ပုံ** ။ ။ သညာဝိရာဂဘာဝနာကြောင့်ဖြစ်သော ရူပ်အစဉ်မျှသာ ရှိသည်၏အဖြစ်ကြောင့် သညာသည်ရင်း၊ ထိုသညာလျှင် အဦးပဓာန ပြုသဖြင့် ကြွင်းနာမ်ခန္ဓာ လေးပါးတို့သည်ရင်း မရှိသောကြောင့် "အသညသတ်" မည်ပါသည်။

➢ **အသညေ-၌ သညာ-အရ** ။ ။ သညာ, ထိုသညာကို အဦးပဓာနပြုသဖြင့် ဆိုအပ်ကုန်သော သညာမှကြွင်းသော နာမက္ခန္ဓာများကို ယူရပါမည်။

➢ **သုဒ္ဓါဝါသ မည်ပုံ** ။ ။ | ရွန့်ရင်းကြမ်းတမ်းသော ကာမရာဂါနုသယ, ပဋိဃာနုသယ မရှိသည့်အတွက်| (ဒီပနီ) စင်ကြယ်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၏သာ နေရာဖြစ်သောကြောင့် "သုဒ္ဓါဝါသ" မည်ပါသည်။

➢ **ဤအလို- သုဒ္ဓ-အရ** = အနာဂါမ်, ရဟန္တာကို ယူရပါမည်။ **သုဒ္ဓါဝါသ-အရ** သုဒ္ဓါဝါသဘုံကို ယူရပါမည်။

(တစ်နည်း) ချစ်ခြင်း, မုန်းခြင်း မရှိသောကြောင့် စင်ကြယ်သော ဘုံနေရာရှိသော အနာဂါမ် ရဟန္တာတို့သည် "**သုဒ္ဓါဝါသ**" မည်ပါသည်။

➢ **ဤအလို သုဒ္ဓ-အရ** ▬ စင်ကြယ်သော သုဒ္ဓါဝါသဘုံကို ယူရပါမည်။

သုဒ္ဓါဝါသ-အရ ▪ အနာဂါမ်, ရဟန္တာတို့ကို ယူရပါမည်။

➢ **အဝိဟာ မည်ပုံ** ။ ။ အနည်းငယ်သော ကာလ၌ မိမိဘုံကို မစွန့်တတ်သော ကြောင့် "အဝိဟာ" မည်ပါသည်။

➢ **အတပ္ပါ မည်ပုံ** ။ ။ တစ်စုံတစ်ခုသော စိတ်ပူလောင်မှုဖြင့် မပူလောင်တတ်သောကြောင့် "အတပ္ပါ" မည်ပါသည်။

http://www.dhammadownload.com

➢ **သုဒ္ဓသာ မည်ပုံ** ။ ။ အလွန်ကောင်းသော ရုပ်အဆင်းရှိသည်ဖြစ်၍ ချမ်းသာသဖြင့် ရှုမြင်အပ်သောကြောင့် "သုဒ္ဓသာ" မည်ပါသည်။

➢ **သုဒ္ဓသီ မည်ပုံ** ။ ။ အလွန်စင်ကြယ်သော စက္ခုဝိညာဉ်ရှိသည်၏ အဖြစ်ကြောင့် ချမ်းသာသဖြင့် ရှုပါရုံကို မြင်တတ်ရကား "သုဒ္ဓသီ" မည်ပါသည်။

➢ **အကနိဋ္ဌာ မည်ပုံ** ။ ။ လွန်သော ထူးသောပြည့်စုံခြင်း ရှိသည်ဖြစ်၍ တစ်စုံတစ်ခုသော ဂုဏ်ဖြင့် ငယ်ကုန်သည်၏အဖြစ် မရှိသောကြောင့် "အကနိဋ္ဌာ"မည်၏

➢ **အာကာသာနဉ္စာယတန-အရ** ။ ။ ကောင်းကင်ပညတ်အာရုံ ရ၏။(တစ်နည်း) ပထမ အရူပဝိပါက် နာမက္ခန္ဓာ ၄-ပါးရ၏။

➢ **အာကာသာနဉ္စာယတနဘူမိ-အရ** ။ ။ ပဌမ အရူပဝိပါက် နာမက္ခန္ဓာလေးပါးဟူသော အဝတ္ထာဘုံရ၏။ (တစ်နည်း) ပဌမ အရူပဝိပါက် နာမက္ခန္ဓာ ၄-ပါးတို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဟူသော ဌာနဘုံရ၏။

မှတ်ချက်/ ပဌမနည်းအလို- ခန္ဓာကိုကောက်ရ၍ အဝတ္ထာဘုံ၊ ဒုတိယနည်းအလို သြကာသကို ကောက်ရ၍ ဌာနဘုံကို ကောက်ရသည်။

➢ **သုဒ္ဓါဝါဒသသု သမ္ဘဝေ-ဣ သမ္ဘဝေ-အရ** ။ ။ ပုထုဇဉ်အဖြစ် အစရှိသော အပြား၊ (တစ်နည်း) ဘုရားပွင့်တော်မူရာအခါ, ပွင့်တော်မမူရာအခါဟူသော အပြားတို့ကိုသာ ယူရပါမည်။ (တစ်နည်း) သုဒ္ဓါဝါသ ၅-ဘုံကို ယူရပါမည်။

➢ **သုဒ္ဓါဝါသဘုံ၌ အနာဂါမိမဂ္ဂဌာန် မရနိုင်ခြင်းအကြောင်း** ။ ။ သကဒါဂါမိဖလဌာန် ပုဂ္ဂိုလ်တို့ကို မရ-ဟု ပယ်လိုက်သဖြင့် အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်ကိုလည်း ပယ်ခြင်းကိစ္စ ပြီးစီးသောကြောင့် သုဒ္ဓါဝါသဘုံ၌ အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်ကို မရနိုင်ပါ။

➢ **ဧသသဗ္ဗာဓနသု လဗ္ဘန္တိ-ဝယ် ဧသသဗ္ဗာဓနသု-ဣ ဧသသအပါဒါနိ်ကား=** သုဒ္ဓါဝါသ ၅-ဘုံ၊ အပါယ်ဘုံ၊ အသညသတ်ဘုံတို့ဖြစ်ပါသည်။ **ဧသသ-အရကား** ကြွင်းသော လူ,ဘုံစသော ၂၁-ဘုံ ဖြစ်ပါသည်။

ပဋိသန္ဓိစတုက္ကဝဏ္ဏနာ

➢ **သြက္ကန္တိ အဓိပ္ပါယ်** ။ ။ တမလွန်ဘဝမှ လာ၍ ဤဘဝ၌ ဝင်ရောက်သကဲ့သို့ ဖြစ်သောကြောင့် ပဋိသန္ဓေကို "သြက္ကန္တိ"ဟု ခေါ်သည်။

➢ **ဇစ္စန္ध မည်ပုံ** ။ ။ ပဋိသန္ဓေအခါ မျက်စိကန်းသော သူသည် "ဇစ္စန္ध"မည်၏။

ဝေး ။ ။ ဇာတိယာ အန္ဓော ဇစ္စန္ဓော-ဟူသော ဝစနတ္ထအရ အဏ္ဏဇ, ဇလာဗုဇ သတ္တဝါတိုင်း ပဋိသန္ဓေအခါ၌ စက္ခုမဖြစ်သောကြောင့် ဇစ္စန္ဓမည်ရာ၏လော? ရှင်းပြပါ။

ဖြေ ။ ။ အဏ္ဏဇ, ဇလာဗုဇသတ္တဝါတိုင်း ပဋိသန္ဓေအခါ၌ စက္ခုပသာဒရုပ် မဖြစ်သေးသော်လည်း ယင်းသတ္တဝါတို့ ဇစ္စန္ဓ မမည်ပါ။ စင်စစ်အားဖြင့် စက္ခုပသာဒ ဖြစ်

http://www.dhammadownload.com

ထိုက်ရာအခါ သတ္တမ သတ္တာဟ၌လည်း စက္ခုဖြစ်ခြင်းကို တားမြစ်တတ်သောက်က တားမြစ်လိုက်သော ပဋိသန္ဓေအကျိုးပေးက်ကြောင့်ဖြစ်စေ, အခြားသော ပဝတ္တိက် တစ်မျိုးမျိုးကြောင့်ဖြစ်စေ စက္ခု မဖြစ်သောသတ္တဝါသည်သာ ဇစ္စန္ဓ မည်ပါသည်။

ဓမ ။ ။ ဇာတိယာ အန္ဓော ဇစ္စန္ဓော-ဟု ဝစနတ္ထပြုရာဝယ် ဇာတိ-အရကို သတ္တဝါ အားလျော်စွာ ခွဲခြားကောက်ပြပါ။

➢ **ဇစ္စန္ဓော-၌ ဇာတိ-အရ** ။ ။ သံသေဒ ဩပပါတိက သတ္တဝါအတွက်-ပဋိသန္ဓေအခါ၊ ဂဗ္ဘသေယျကသတ္တဝါအတွက်- စက္ခုဖြစ်ထိုက်ရာ သတ္တမသတ္တာဟအခါတို့ကို ယူရပါမည်။

➢ **[အပရေဆရာတို့အလို-] ဇစ္စန္ဓ မည်ပုံ** ။ ။ မိခင်ဝမ်း၌ မွေးဖွားဆဲအခါ၌သာ ကန်းသူသည် "ဇစ္စန္ဓ" မည်ပါသည်။

➢ **အပရေဆရာတို့အလို ဇစ္စန္ဓော၌ ဇာတိ-အရ** ။ ။ အဓိဝမ်းမှ မွေးဖွားရာအခါကိုသာ ယူရပါမည်။

[**ပသူတီယံယေဝ**-၌ ဧဝ-သဒ္ဒါဖြင့် စက္ခုဖြစ်ထိုက်ရာအခါ၌ ကန်းသူ, ပဋိသန္ဓေအခါ၌ ကန်းသူများသည် ဇစ္စန္ဓ မမည်ဟုပြသည်။ ထိုသို့ အဓိပ္ပါယ်ယူသောကြောင့် ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်များ အဓိဝမ်းတွင်း၌ စက္ခု မချို့နိုင်၊ (ဝါ) အဓိဝမ်းတွင်း၌ စက္ခု ချို့လျှင် ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ် မဖြစ်နိုင်၊ သုဂတိအဟိတ်သာ ဖြစ်ရမည်ဟု ဆိုကုန်၏]

➢ **ဇစ္စန္ဓာဒီနံ-၌ အာဒိ-အရ** ။ ။ ဇစ္စန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ-ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊ ဇစ္စမူဂ-ပဋိသန္ဓေအားဖြင့် အ,သူ၊ ဇစ္စဇဋ-ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ၊ ဇစ္စမ္မတ္တက-ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ၊ ပဏ္ဏက-ပဏ္ဏာက်၊ ဥဘတောဗျဉ္ဇနက-ဥဘတောဗျည်း၊ နပုံသက-နပုံး၊ မမ္မ-စကားထစ်အ,သူ စသောပုဂ္ဂိုလ်တို့ကို ယူရပါမည်။

အပရေဆရာတို့က ဇစ္စန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် အချို့သုဂတိအဟိတ် ပဋိသန္ဓေရှိသူတို့သည် စက္ခု-စ,သော ဣန္ဒြေများ မချို့သော်လည်း အကြောင်းအရာ တစ်ခုခုကို ချက်ခြင်းမသိနိုင်၊ အတန်ငယ်စဉ်းစားပြီးမှ သိကြ၏၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့ကိုလည်း ယူရမည်ဟု ဆိုသည်။

➢ **ဘုမ္မသိတာ မည်ပုံ** ။ ။ ဘုမ္မစိုးနတ်တို့ကဲ့သို့ ဖြစ်ခြင်းရှိသည်ဖြစ်၍ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်ကုန်သောကြောင့် "ဘုမ္မသိတာ" မည်ပါသည်။

➢ **ဝိနိပါတိက မည်ပုံ** ။ ။ ချမ်းသာအပေါင်းမှ ချို့တဲ့သောကြောင့် "ဝိနိပါတိက" မည်ပါသည်။

➢ **ကာမသုဂတိယံ မနုဿာနဉ္စေ၀-၌ ကာမသုဂတိယံ-အရ** ။ ။ ဇစ္စန္ဓာဒိ လူသား

http://www.dhammadownload.com

များအတွက် လူ,ဘုံနှင့် ဝိနိပါတိကာသုရာများအတွက် စာတုမဟာရာဇ်ဘုံကိုသာ ယူရပါမည်။

➢ **သမ္ဘဏ္ဍာပိ ကာမသုဂတိယံ–ဣ ကာမသုဂတိယံ–အရ ။ ။** ကာမသုဂတိ ၇-ဘုံကို ယူရပါမည်။

➢ **အပါယ် ၄–ဘုံသား, လူ, ဝိနိပါတိက အသုရာတို့၏ အသက်တမ်းကား ဤ ဧရ, ဤမျှဟု ပိုင်းခြားမှု မရှိနိုင်ကြောင်း/ သက်တမ်းသတ်မှတ်ချက် မရှိခြင်းအကြောင်း**

အချို့သတ္တဝါတို့ ရှည်သောအသက်ရှိသောကြောင့်ဝင်း၊ အချို့သတ္တဝါတို့ အသင်္ချေယတိုင်အောင် အလွန်ရှည်သော အသက်ရှိသောကြောင့်ဝင်း (အပါယ် ၄-ဘုံသား, လူ, ဝိနိပါတိက အသုရာတို့သည်) သက်တမ်းသတ်မှတ်ချက် မရှိပါ။

➢ **ဧတသ္မ စတုန္နံ အပါယာနံ မနုဿာနံ–ဣ မနုဿာနံ–အရ ဇမ္ဗုဒီပ်ကျွန်းသားတို့ကို ယူရမည်မဟု ဆိုရကြောင်း ။ ။** ထိုဇမ္ဗုဒီပ်ကျွန်းသားတို့၏ အာယုကပ်သည် တိုးတက်ခြင်း, ဆုတ်ယုတ်ခြင်း ဖြစ်နိုင်သောကြောင့်-- ဆိုရပါသည်။ (ဒီပနီ)

➢ **အပါယ်ဘုံသားနှင့် လူတို့အသက်အပိုင်းအခြား မရှိပုံ မှန်ကန်ကြောင်းကား**

ကာလနဂါ:မင်း, မန္ဒတ်စကြာမင်း, အချို့သော ဘုမ္မစိုးနတ်တို့သည် ရှည်သော အသက်ရှိသောကြောင့် -- မှန်ကန်ပါသည်။

➢ **အချို့သတ္တဝါများ အသက်ရှည်ခြင်း အချို့သတ္တဝါများ အသက်အထူးရှည်ခြင်း အကြောင်း ။ ။** ကံသာလျှင် ပမာဏဖြစ်သောကြောင့်--တည်း။

➢ **အပါယ်ပုဂ္ဂိုလ်တို့အား ကံသာလျှင် ပမာဏဖြစ်ခြင်းအကြောင်း ။ ။** [အပါယ်ပုဂ္ဂိုလ် စသည်တို့တွင်] အပါယ်ဘုံ၌ အကုသိုလ်ကံ မကုန်သေးသမျှ စုတေခြင်း မရှိသောကြောင့် အပါယ်ပုဂ္ဂိုလ်တို့အား ကံသာလျှင် ပမာဏ ဖြစ်ရပါသည်။

➢ **ဘုမ္မဒိုင်းနတ်, ဝိနိပါတိကအသုရာတို့ ကံသာလျှင် ပမာဏဖြစ်ခြင်းအကြောင်း**

ဘုမ္မဒိုင်းနတ်, ဝိနိပါတိက အသုရာတို့၌ အချို့သတ္တဝါတို့သည် (၇)ရက်ကာလ အစရှိသည်မျှ အသက်တည်နိုင်၍ အချို့သတ္တဝါတို့သည် တစ်ကမ္ဘာပတ်လုံး အသက်တည်နိုင်သောကြောင့်-- ကံသာလျှင် ပမာဏ ဖြစ်ရပါသည်။

➢ **လူတို့ ကံသာလျှင် ပမာဏဖြစ်ခြင်းအကြောင်း ။ ။** လူတို့အား ရံခါအသင်္ချေယျကပ် တစ်ကပ်လုံးအသက်ရှည်သောကြောင့်ဝင်း၊ ရံခါ ဆယ်နှစ်မျှ အသက်ရှည်သောကြောင့်ဝင်း လူတို့သည် ကံသာလျှင် ပမာဏ ဖြစ်ရပါသည်။

ဧမး ။ ။ ရံခါလူများ အသင်္ချေယျအသက်ရှည်၍ ရံခါ ဆယ်နှစ်မျှ အသက်ရှည်သောကြောင့် အာယုပွမာဏ မြဲသည်ဟုဆိုလျှင် ယောစိရံ-စသော မဟာပဓာနသုတ်စကားနှင့် ဆန့်ကျင်ရာသလော?

http://www.dhammadownload.com

➢ **ယော စိရံ ဇီဝတိ-စသော စကားနှင့် မဆန့်ကျင်ပုံ ။ ။** ယော စိရံ ဇီဝတိ-စသော မဟာပဓာနသုတ်သည် ဘုရားရှင်လက်ထက်တော်တည်းဟူသော ယခုခေတ် အခါကို ရည်ရွယ်၍ ဟောထားခြင်းဖြစ်၏၊ ထို့ကြောင့် မဆန့်ကျင်ပါ။

➢ **စာတုမဟာရာဇ်နတ်သက်တို့ လူ့သက်ဖြင့် ဧရေတွက်ပုံ ။ ။** လူ့ပြည်၌ နှစ်ပေါင်း ငါးဆယ်သည် စာတုမဟာရာဇ်နတ်ပြည်၌ ၁-ရက်ဖြစ်၏၊ ထိုနတ်ပြည်၌ဖြစ်သော ရက်အားဖြင့် ရက်ပေါင်း ၃၀-သည် ၁-လဖြစ်၏၊ ယင်းလပေါင်း ၁၂-လသည် ၁-နှစ်ဖြစ်၏၊ ယင်းနှစ်ပေါင်း ၅၀၀-သည် စာတုမဟာရာဇ်နတ်တို့၏ သက်တမ်းဖြစ်၏၊ ထိုနှစ်ပေါင်း ၅၀၀-သည် လူ့ပြည်၌ နှစ်ပေါင်း ၉-သန်းနှင့်တူပါသည်။

မှတ်ချက်/ တာဝတိံသာနတ်တို့၏ သက်တမ်းကို သိလိုလျှင် စာတုမဟာရာဇ်နတ်သက်ကို နေ့ နှစ်ဆတက်နည်း, နှစ်-နှစ်ဆတက်နည်းဖြင့် (ဝါ) လေးဆတက်နည်းဖြင့် ရေတွက်ရမည်။

➢ **စတုဋ္ဌေဏ်ပါ၌အရ ၄-ဆတက်ပုံ ။ ။** လူတို့၏တွက်ကိန်းဖြင့် အနှစ်ငါးဆယ်ကြာသော စာတုမဟာရာဇ်နတ်တို့၏ ၁-ရက်ကို နှစ်ဆတက်လျှင် လူတို့၏တွက်ကိန်းဖြင့် အနှစ် ၁၀၀-ကြာသော တာဝတိံသာနတ်တို့၏ ၁-ရက်ဖြစ်၏၊ (ဤကား နေ့ကို နှစ်ဆတက်သော ဗိဝသဂုဏ-တည်း)

ထိုကဲ့သို့ နှစ်ဆတက်ပြီးသောရက်ဖြင့် လ, နှစ်ဖွဲ့၍ စာတုမဟာရာဇ်သက်တမ်း (၅၀၀)ကို နှစ်ဆတက်လျှင် တာဝတိံသာနတ်သက် (၁၀၀၀) ဖြစ်၏၊ (ဤကား နှစ်ကို နှစ်ဆတက်ပုံတည်း) ဤသို့ နေ့ကိုလည်းနှစ်ဆတက်, နှစ်ကိုလည်းနှစ်ဆတက်၍ တာဝတိံသာနတ်တွက်ကိန်း တစ်ထောင်သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်ပါသည်။

➢ **နဝသတဇ္ဇက, စသော ဝါဏာကို မိန့်ဆိုရခြင်းအကြောင်း ။ ။** ပြရန်မိုဃ်တဝသဝတ္ထိနတ်တို့၏ နတ်အရေအတွက်သက်တမ်းကို ပြဆိုပြီး၍၊ ယခုအခါ၌ လူ့အရေအတွက် သက်တမ်းကို မိမိကိုယ်တိုင်ပင် ပြတော်မူလိုသောကြောင့်-- နဝသတဇ္ဇေက စသော စကားကို မိန့်ဆိုရပါသည်။

➢ **ဒုတိယဈာနဘူမိယံ-ဟူစသော စကားကို ။ ။** စတုတ္ထနည်း၏ အစွမ်းဖြင့် သင်ဟဆရာ မိန့်ဆိုထားသည်၊ ထို့အတူ တတိယဈာနဘူမိယံ, စတုတ္ထဈာနဘူမိယံ-ဟူသော စကားတို့ကိုလည်း စတုတ္ထနည်း၏အစွမ်းဖြင့် ဆိုထားသည်။

➢ **စတသု ဒြိဟူမပါရိသဒ္ဓာနံ ဒေဝါနံ ကပ္ပဿ-ဠ္ဠ ကပ္ပ-အရ ။ ။** ပထမဈာန် ၃-ဘုံ၌ရှိသော ဗြဟ္မာတို့သည် မဟာကပ်၏အစွမ်းအားဖြင့် အသက်မရှည်ကြ၊ မဟာကပ်တစ်ခု အတွင်း၌သာလျှင် ပျက်စီးကြသောကြောင့် ကပ္ပ-အရ အသင်္ခေယျကပ်ကိုသာ ယူရပါမည်။

http://www.dhammadownload.com

➢ **ကပ္ပသ-အရ အသခ္ခေါ်ယျကပ်ကိုသာ ယူရကြောင်း ကြောင်း+ကျိုးအဆက်ဆက်**

ပထမစျာန် ၃-ဘုံတို့သည် တစ်ခုသော မဟာကပ်၌လည်း မပျက်စီးနိုင်သည် မည်သည် မရှိ၊ ပျက်စီးရသည်သာ ဖြစ်သောကြောင့် ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်ပါ။ ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် မဟာကပ်၏အစွမ်းဖြင့် အသက်အပိုင်းအခြား မဖြစ်သင့်ပါ။ မဟာကပ်၏အစွမ်းဖြင့် အသက်အပိုင်းအခြား မဖြစ်သင့်သောကြောင့် ကပ္ပသ-အရ အသခ္ခေါ်ယျကပ်ကိုသာ ယူရပါသည်။

➢ **ကပ္ပသ တတိယောဘာဝေါ-၌ ကပ္ပသ-အရ အသခ္ခေါ်ယျကပ်ကိုသာ ယူ ရခြင်းအကြောင်း /➢ ကပ္ပသ တတိယောဘာဝေါ-၌ ကပ္ပ-အရ ။** ။ပထမစျာန် ဘုံပြဟ္မာတို့သည် တစ်ခုသောကမ္ဘာ၌လည်း (၀၊) တစ်ခုသောသံဝဋ္ဋကပ်၌လည်း ပျက် စီးခြင်းရှိသည့်အတွက် ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် **ကပ္ပ-အရ** အသခ္ခေါ်ယျကပ်ကိုသာ ယူရပါမည်။

➢ **ဥပမှုကခေါ်၊ ဇကော ကခေါ်-တို့၌ ကပ္ပ-အရ ။** ။ အသခ္ခေါ်ယျကပ်ကိုယူ။

➢ **ကပ္ပသ တတိယော ဘာဝေါနှင့် ဇကော ကခေါ်တို့၌ ကပ္ပ, အရစျင်း ခြားနား ပုံ ။** ။ ကပ္ပသ တတိယော ဘာဝေါ၌ ကပ္ပ-အရ အသခ္ခေါ်ယျကပ်ကို ယူရမည်၊ ဇကော ကခေါ်၌လည်း အသခ္ခေါ်ယျကပ်ကိုပင် ယူရမည်ဖြစ်၍ ကပ္ပ-အရချင်း မထူးပါ။

[အသခ္ခေါ်ယျကပ် သုံးပုံတစ်ပုံနှင့် အသခ္ခေါ်ယျ တစ်ကပ်လုံး ယူခြင်းမျှသာ ခြား နားသည်။] (၁၃၁၆-ခု လတ်)

➢ **ပထမစျာန်ပြဟ္မာတို့၏ သက်တမ်းကို အသခ္ခေါ်ယျကပ်ဖြင့် ရေတွက်ရခြင်း အကြောင်း/ မဟာကပ်ဖြင့် မရေတွက်ရခြင်းအကြောင်း/ကပ္ပသ တတိယော ဘာဝေါ ၌ ကပ္ပသ-အရ မဟာကပ်ကို မယူရခြင်းအကြောင်း ။** ။ ပထမစျာန်ဘုံ ပြဟ္မာတို့သည် တစ်ခုသောကမ္ဘာ၌လည်း (၀၊) တစ်ခုသောသံဝဋ္ဋကပ်၌လည်း ပျက်စီးခြင်းရှိသည့် အတွက် ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်သောကြောင့်--တည်း။

➢ **ကမ္ဘာပျက်ပုံ ။** ။ ဤကမ္ဘာလောကသည် ကမ္ဘာဖျက်မီးကြောင့် (၇)ကြိမ် ပျက် စီးရသည်၊ ၈-ကြိမ်မြောက် ၁-ကြိမ်၌ ကမ္ဘာဖျက်ရေကြောင့် ပျက်စီးရသည်၊ တစ်ဖန် မီးကြောင့် ၇-ကြိမ်ပျက်စီး၏။ ၈-ကြိမ်မြောက် ၁-ကြိမ်၌ ရေကြောင့် ပျက်စီးရ၏၊ ဤ သို့ ၈-ပါးသော အဋ္ဌကတို့ (၀၊) ၆၄-ကြိမ် ပြည့်သောအခါ နောက်ဆုံး ၁-ကြိမ်၌ ကမ္ဘာ ဖျက်လေကြောင့် ပျက်စီးရ၏။ ထို မီး, ရေ, လေတို့တွင် ပထမစျာန်ဘုံအပြင်ကို အစပြု ၍ မီးကြောင့် ပျက်စီး၏။ ဒုတိယစျာန်ဘုံ အပြင်နှင့် တတိယစျာန်ဘုံ အပြင်ကို အစ ပြု၍ ရေကြောင့်ပျက်စီး၏။ စတုတ္ထစျာန်ဘုံအပြင်ကို အစပြု၍ လေကြောင့် ပျက်စီးရ ၏။ ဤသို့ ကမ္ဘာကြီး ပျက်စီးပါသည်။

http://www.dhammadownload.com

➢ **ပရိဇ္ဇာဘာနံ ဒွေ ကပ္ပါနိ စသည်၌ ကပ္ပ,အရ ။ ။** မဟာကပ်ကို ယူရမည်။ အသင်္ချေယျကပ်ကို မယူရပါ။

➢ **ဒုတိယစျာန်, စသော ခြေတွာတို့၏ သက်တမ်းကို မဟာကပ်ဖြင့် ရေတွက်ရခြင်း အကြောင်း/ အသင်္ချေယျကပ်ဖြင့် မရေတွက်ရခြင်းအကြောင်း ။ ။** ဒုတိယစျာန်ဘုံ စသည်တို့၌နေသော ခြေတွာတို့သည် တစ်ခုသော ကမ္ဘာ၌လည်း ပျက်စီးခြင်း မရှိသည့်အတွက် တစ်ကမ္ဘာပြည့်အောင် ဖြစ်နိုင်သောကြောင့်-- တည်း။

➢ **မဟာကပ်ပမာဏ/အသင်္ချေယျကပ် ပမာဏ/အသင်္ချေယျကပ်ဟူသည်**

တစ်ယူဇနာ အလျားအနံရှိသော မုန်ညင်းဖြူစေ့ အပုံကြီးမှ အနှစ်တစ်ရာ လွန်တိုင်း လွန်တိုင်း မုန်ညင်းစေ့တစ်စေ့ တစ်စေ့ကို ပယ်ရှားပြစ်သည်ရှိသော် မုန်ညင်းစေ့ပုံကြီး ကုန်သွားသော်လည်း နှစ်အရေအတွက် ကုန်ခမ်းခြင်းသဘော မရှိသောကပ်သည် မဟာကပ် မည်ပါသည်။ ယင်းမဟာကပ်၏ လေးဘို့တစ်ဘို့သည် အသင်္ချေယျကပ် မည်ပါသည်။

➢ **အန္တရကပ် ပမာဏနှင့် မဟာကပ်၏ စတုတ္ထဘာဂ ပမာဏ ။ ။** သတ္တန္တရကပ် ရောဂန္တရကပ်, ဒုဿိက္ခန္တရကပ် သုံးပါးတို့အနက် တစ်ပါးပါးဖြင့် ပျက်စီးခြင်းကြောင့် သတ္တဝါများ ပျက်စီးကြပြီး ကြွင်းကျန်သော သတ္တဝါတို့၏ကုသိုလ်က် အာနုဘော်ကြောင့် ဆယ်နှစ် သက်တမ်းမှစ၍ အသင်္ချေယျကပ် သက်တမ်းတိုင်အောင် တိုးလာ၏။ တစ်ဖန် မသူတော်တရားကို ဆောက်တည်ခြင်းကြောင့် အသင်္ချေယျကပ်သက်တမ်းမှ ဆယ်နှစ် သက်တမ်းတိုင်အောင်ဆုတ်ယုတ်ပြီး ကပ်သုံးပါးအနက် တစ်ပါးပါးဖြင့်သတ္တဝါတို့ပျက်စီးကြရာအခါတိုင်အောင်သော ကာလသည် "**အန္တရကပ်**" မည်၏။

[**အကျဉ်းချုပ်**] ၁၀-နှစ်သက်တမ်းမှ အသင်္ချေယျကပ်တိုင်အောင်, အသင်္ချေယျသက်တမ်းမှ ၁၀-နှစ်သက်တမ်းတိုင်အောင် တက်ကပ် ဆုတ်ကပ် တစ်စုံသည် "**အန္တရကပ်**" မည်၏။ ယင်း အန္တရကပ် ၆၄-ကပ်သည် မဟာကပ်၏ စတုတ္ထဘာဂရှိသော အသင်္ချေယျကပ် မည်၏။

[**ရခဏ္ဍဝါ အလို**] အန္တရကပ် ၂၀-သည် မဟာကပ်၏ စတုတ္ထဘာဂ ပမာဏရှိသော အသင်္ချေယျကပ် မည်၏။ အသင်္ချေယျကပ် ၄-ကပ်သည် မဟာကပ်မည်၏။

➢ **ဝေဟပ္ဖလ်နှင့် အသညသတ်တို့သည် ပဋိသန္ဓေကွဲပြားပါလျက် သက်တမ်းအားဖြင့် တူညီကြခြင်းအကြောင်း ။ ။** ဝေဟပ္ဖိုလ်နှင့်အသညသတ်တို့သည် ပဋိသန္ဓေကွဲပြားသော်လည်း ပဌမစျာန်ဟူသော ကုသိုလ်အကြောင်းကံလည်း တူသောကြောင့်ရင်း၊ စတုတ္ထစျာန်ဘုံချင်းလည်း တူသောကြောင့်ရင်း သက်တမ်း တူညီရပါသည်။

➢ **ဇာစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့ တူ၏ဟူသည် ။ ။** ဘုံအားဖြင့်ရင်း,

http://www.dhammadownload.com

ဇာတ်အားဖြင့်ရင်း, ဖသ-စသော သမ္ပယုတ္တဓမ္မအားဖြင့်ရင်း, သခ်ါရအားဖြင့်ရင်း တူခြင်းကို ဆိုလိုပါသည်။

➢ **ဘဝင် ၃-ပါး** ။ ။ (၁) ဝေဟပ္ပါလ်ဘုံသည် "**မုဏ္ဍနဘဝင်**" မည်၏။ (၂) အကနိဋ္ဌဘုံသည် "**အရိယာဘဝင်**" မည်၏။ (၃) နေဝသညာနာသညာယတနဘုံသည် "**ဆဋ္ဌဘဝင်**" မည်၏။

ကမ္မစတုဿဝဏ္ဏနာ

➢ **ဇနကက် မည်ပုံ** ။ ။ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက်နာမကွန္ဓာ ကဋတ္တာရူပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်စေတနာသည် "ဇနကက်" မည်၏။

[ဇနကက်သည် ပဋိသန္ဓေကျိုးပေးသောအခါ၌ ကမ္မပထမြောက်သော စေတနာသာ ဖြစ်ရမည်၊ ပဝတ္တိအကျိုးပေးသောအခါ၌ ကမ္မပထမြောက်သော စေတနာသည်ရင်း ကမ္မပထ မမြောက်သော စေတနာသည်ရင်း၊ အယုတ်ဆုံးအားဖြင့် ပဠဒ္ဓါရိက ဇော စေတနာသည်ရင်း၊ အိပ်မက်သော စေတနာသည်ရင်း ဇနကက် ဖြစ်နိုင်၏] (ဒီပနီ)

➢ **ဥပတ္ထမ္ဘကက် မည်ပုံ** ။ ။ မိမိကိုယ်တိုင် အကျိုးမပေးစွမ်းနိုင်သော်လည်း ဇနကက်၏ အကျိုးတရားများ ကြာမြင့်စွာဖြစ်စေရန် ယင်းဇနကက်ကို ထောက်ပံ့တတ်သော ကုသိုလ် အကုသိုလ်စေတနာသည် ဥပတ္ထမ္ဘကက် မည်၏။ [ဤကား ပထမနည်းအလို ဇနကက်ကို ထောက်ပံ့သည်။]

(တစ်နည်း) မိမိကိုယ်တိုင် အကျိုးမပေးစွမ်းနိုင်သော်လည်း ကုသိုလ်ဇနကက်၏ အကျိုးဖြစ်သော ဣဋ္ဌအကျိုး, အကုသိုလ်ဇနကက်၏ အကျိုးဖြစ်သော အနိဋ္ဌအကျိုးများ ပြတ်စဲခြင်း၏ အကြောင်းမဖြစ်ရန်ရင်း၊ တိုးပွားခြင်း၏ အကြောင်းဖြစ်ရန်ရင်း၊ အကြောင်းဇနကက်၏ အစွမ်းသတ္တိရှိသည့်အတိုင်း ဆိုခဲ့ပြီး ဣဋ္ဌအကျိုး, အနိဋ္ဌအကျိုးများကို ကြာမြင့်စွာဖြစ်နေအောင် ထောက်ပံ့တတ်သော ကုသိုလ် အကုသိုလ်စေတနာသည် "**ဥပတ္ထမ္ဘတက်**" မည်၏။ [ဤကား ဒုတိယနည်းအလို ဇနကက်၏ အကျိုးဝိပါက်ကို ထောက်ပံ့သည်။]

➢ **နည်း ၂-ပါး ထူးခြားချက်** ။ ။ ဥပတ္ထမ္ဘကက် အဓိပ္ပါယ်နှစ်မျိုးတို့တွင်, ပထမနည်းအလို ဇနကက်ကို ထောက်ပံ့သော စေတနာသည် ဥပတ္ထမ္ဘကက် မည်၏၊ ဒုတိယနည်းအလို ဇနကက်၏ အကျိုးဝိပါက်ကို ထောက်ပံ့သော စေတနာသည် ဥပတ္ထမ္ဘကက် မည်၏။ ဤသို့ ထူးသည်။

➢ **ဒုတိယနည်း၌ အကျိုးတို့ကိုထောက်ပံ့ပုံ ၂-မျိုး** ။ ။ ဥပတ္ထမ္ဘကက်သည် ဇနကက်၏ ဣဋ္ဌအကျိုး, အနိဋ္ဌအကျိုးများကို ထောက်ပံ့ရာ၌ (၁) အစဉ်ပြတ်စဲခြင်း၏ အကြောင်းမဖြစ်ခြင်း၊ (၀ါ) အစဉ်ပြတ်မသွားအောင် ထောက်ပံ့ခြင်း (ဝိစ္ဆေဒပစ္စယာနုပ္ပတ္တိ)၊ (၂)

http://www.dhammadownload.com

တိုးပွားခြင်း၏ အကြောင်းဖြစ်ခြင်း (၀၊) ပင်ကိုယ်အစဉ်မှ တိုးတက်ကြီးပွားအောင် ထောက်ပံ့ခြင်း (ဥပဗြူဟနပစ္စယုပ္ပတ္တိ) ဟု နှစ်မျိုးရှိသည်။

➢ **ဥပဇ္ဇာမ္ဘကက်၏ ကံတစ်ပါးကို ထောက်ပံ့ပုံ** ။ ။ မရဏာသန္နအခါ၌ မရဏာသန္န ကုသိုလ်ဇောဟူသော ဥပဇ္ဇာမ္ဘကကံသည် ကုသိုလ်ဇနကကံကို အကျိုးပေးခွင့်ရအောင် ထောက်ပံ့၏။ အကုသိုလ်မရဏာသန္နဇောဟူသော ဥပဇ္ဇာမ္ဘကကံသည် အကုသိုလ် ဇနကကံကို အကျိုးပေးခွင့်ရအောင် ထောက်ပံ့၏။

➢ **ဥပပီဠကကံ မည်ပုံ** ။ ။ ကုသိုလ်ဇနကကံ၏ ဣဋ္ဌအကျိုး, အကုသိုလ်ဇနကကံ၏ အနိဋ္ဌအကျိုးများ ကြာမြင့်စွာဖြစ်နေခြင်းကို (ဥပယာတကကံကဲ့သို့ တခါတည်း မဖြတ်လိုက်ဘဲ) တားမြစ်တတ်သော အလုံးစုံသော ကုသိုလ် အကုသိုလ် စေတနာသည် "ဥပပီဠကကံ" မည်၏။ (တစ်နည်း) တစ်ပါးသော ဇနကကံသည် ဖြစ်စေအပ်သောအကျိုး၏ အနာရောဂါဖြစ်ခြင်း, ဓာတ်လေးပါးတို့ မညီညွတ်ခြင်းစသည်တို့၏ အကြောင်းကို တားမြစ်နှိပ်စက်ခြင်းအားဖြင့် ကြာမြင့်စွာဖြစ်ခြင်းကို တားမြစ်တတ်သော အမှတ်မရှိ တစ်စုံတစ်ခုသော ကံသည် "ဥပပီဠကကံ" မည်၏။

➢ **ဥပယာတကကံ မည်ပုံ** ။ ။ မူလဖြစ်သော ဇနကကံ,က အားနည်းနေ၍ ယင်းအားနည်းသော ဇနကကံ၏ အကျိုးကို လုံးဝဖြတ်တောက်၍ မိမိက,သာ အကျိုးပေးသော ကံသည် "ဥပယာတကကံ" မည်ပါသည်။

➢ **ဇနကကံနှင့် ဥပယာတကကံ အထူး** ။ ။ ဇနကကံသည် တစ်ပါးသောကံ၏ အကျိုးကို မဖြတ်တောက်ဘဲ မိမိအကျိုးကို ဖြစ်စေ၏၊ ဥပယာတကကံသည် တစ်ပါးသော အားနည်းသောကံ၏ အကျိုးကိုဖြတ်၍ မိမိအကျိုးကို ဖြစ်စေ၏၊ ဤသို့ထူးသည်

➢ **(အပရေဆရာတို့အလို) ဥပပီဠကကံနှင့် ဥပယာတကကံ အဓိပ္ပါယ်** ။ ။

အကုသိုလ် ဥပပီဠကကံသည် များသောအနာရှိခြင်း, ဓာတ်ချောက်ခြားခြင်း-စသော အကြောင်းကိုဆောင်ခြင်းဖြင့် ဣဋ္ဌအကျိုးကိုလည်း၊ ကုသိုလ် ဥပပီဠကကံသည် အနာကင်းခြင်း, ဓာတ်ညီညွတ်ခြင်း-စသော အကြောင်းကိုဆောင်ခြင်းဖြင့် အနိဋ္ဌ အကျိုးကိုလည်း အကြားအကြား၌ ဖြေးဖြေးတားမြစ်နှိပ်စက်ပါသည်။

ဥပယာတကကံသည် အားနည်းသောကံတစ်ပါး၏အကျိုးကို အချင်းခပ်သိမ်းဖြတ်တောက်၍ အခြားသော ဇနကကံအား အကျိုးပေးခွင့်ကို ပေး၏။ မိမိကိုယ်တိုင်က အကျိုးမပေးနိုင်၊ ဤသို့ အဓိပ္ပါယ်ယူလိုက်သဖြင့် ဇနကကံသည် အကျိုးပေးနိုင်၏၊ ဥပယာတကကံကား အကျိုးမပေးနိုင်ဟု ဇနကကံနှင့် ဥပယာတကကံတို့ သဘောမတူဘဲ ကွဲပြားသွားတော့၏။ (ဤကား အပရေဝါဒ-တည်း)

➢ **ကိစ္စဝေသန–၆ ကိစ္စ–အရ** ။ ။ ဇနန, ဥပတ္ထမ္ဘန, ဥပပီဠန, ဥပဃာတန-ဟူ

http://www.dhammadownload.com

သော ကိစ္စ ၄-ပါးကို ယူရပါမည်။

➢ **ဂရုကတ် မည်ပုံ** ။ ။ ကြီးလေးသော အပြစ်ရှိသောက်, ကြီးလေးသော အစွမ်းသတ္တိရှိ၍ အခြားကံတစ်ပါးက တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကံသည် "ဂရုကတ်" မည်ပါသည်။ (တစ်နည်း) အကုသိုလ်ပက္ခ၌ ကြီးသောအပြစ်ရှိသော တစ်ပါးသောကံသည် မတားစွမ်းနိုင်သော ပဋ္ဌာနန္တရိယက်, နိယတမိစ္ဆာဒိဋ္ဌိကံတို့သည်ဝင်း။ ကုသိုလ်ပက္ခ၌ ကြီးသောအာနုဘော်ရှိသော တစ်ပါးသောကံသည် မတားစွမ်းနိုင်သော မဟဂ္ဂတ်ကုသိုလ်ကံတို့သည်ဝင်း "ဂရုကတ်" မည်ပါသည်။

ဓမ ။ ။ အဘယ့်ကြောင့် အဘယ်ကံကို **ဂရုတက်**-ဟု ခေါ်ပါသနည်း။

ဓမ ။ ။ အပြစ်လည်းကြီး အာနုဘော်လည်းကြီးသည့်အတွက် အခြားသော ကံတပါးတို့ တားမြစ်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ကြီးလေးသောကြောင့် ပဋ္ဌာနန္တရိယက်, နိယတမိစ္ဆာဒိဋ္ဌိက်, မဟဂ္ဂတ်ကံများကို ဂရုကတ်-ဟု ခေါ်ပါသည်။

ဓမ ။ ။ အကုသိုလ်ဂရုကတ်, ကုသိုလ်ဂရုကတ်တို့ကို အကြောင်းနှင့်တကွ ညွှန်ပြပါ

➢ **အကုသိုလ်ဂရုကတ်** ။ ။ ပဋ္ဌနန္တရိယက်, နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် စုတိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် ကြီးလေးသောကြောင့် အကုသိုလ်ဂရုကတ် မည်ပါသည်။

➢ **ကုသိုလ် ဂရုကတ်** ။ ။ မဟဂ္ဂတ်ကုသိုလ်ကံသည် စုတိ၏အခြားမဲ့၌ အကျိုးပေးသော အားဖြင့် ကြီးလေးသောကြောင့် "ကုသိုလ်ဂရုကတ် မည်ပါသည်။

➢ **ဂရုကတ်–ဟု အမည်ရသော ကံများ** ။ ။ အကုသိုလ်အရာ၌ ပဋ္ဌာနန္တရိယက်, နိယတမိစ္ဆာဒိဋ္ဌိက်၊ ကုသိုလ်အရာ၌ မဟဂ္ဂတ်ကံတို့သည် ဂရုကတ်အမည်ရကြပါသည်။

ဓမ ။ ။ ကုသိုလ်အရာ၌ အလွန်အာနုဘော်ကြီးသော လောကုတ္တရာကုသိုလ်ကံသည် အဘယ့်ကြောင့် ဂရုကတ် မမည်ပါသနည်း။

➢ **လောကုတ္တရာကုသိုလ်ကံသည် ဂရုကတ် မမည်ခြင်းအကြောင်း** ။ ။ လောကုတ္တရာကုသိုလ်ကံသည် ပဋိသန္ဓေကို မဖြစ်စေတတ်သောကြောင့် ဂရုကတ် မမည်ပါ။

➢ **ဂရုကတ်၏ ရှေးဦးစွာ အကျိုးပေးတတ်ပုံ** ။ ။ အာသန္နက်-စသော ကံသုံးပါးရှိပါသော်လည်း ဂရုကတ်သည်သာ ရှေးဦးစွာ အကျိုးပေးရပါသည်။[ဥပမာ] အနည်းငယ်သော ရေကို ကြီးမားသောရေအယဉ်က လွှမ်းမိုး၍ သွားသကဲ့သို့တည်း။

➢ **အာသန္နက် မည်ပုံ** ။ ။ သေခါနီးအခါ မရဏာသန္နဝိထိသို့ မရောက်မီ ရှေ့နားခ၌ အောက်မေ့အပ်သော ကံသည်ဝင်း, ပြုအပ်သောကံသည်ဝင်း "အာသန္နက်" မည်ပါသည်။ [ဂရုကတ် မရှိခဲ့သော် အာသန္နက်-စသော ကံသုံးပါးတို့တွင် အာသန္နက်က ရှေးဦးစွာ အကျိုးပေးပါသည်။]

http://www.dhammadownload.com

➢ **အာစိဏ္ဏက် မည်ပုံ ။ ။** ရှည်မြင့်စွာသော နေ့ညပတ်လုံး အမြဲမပြတ်ပြုအပ်သော ကံသည်၎င်း, တစ်ကြိမ်ပြုပြီးသော်လည်း နောက်၌ အဖန်တလဲလဲ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်, ပူပန်ခြင်းကိုဖြစ်စေတတ်သော ကံသည်၎င်း "အာစိဏ္ဏက်" မည်ပါသည်။ [ရှေ့ကံနှစ်ပါး မရှိခဲ့သော် အာစိဏ္ဏက်က အကျိုးပေး၏။]

➢ **ကဋတ္တာက် မည်ပုံ ။ ။** ဂရုကက်-စသော ရှေ့ကံသုံးပါးအဖြစ်သို့ မရောက်သော ပြုအပ်ကာမှုဖြစ်သောကြောင့် 'က'ဟုခေါ်ဆိုနိုင်သော ကံမျိုးသည် "ကဋတ္တာက်" မည်ပါသည်။

➢ **ကဋတ္တာက်၏ ပဋိသန္ဓေအကျိုးပေးနိုင်သည့်အင်္ဂါ ။ ။** ၁။ ရအပ်သော အာသေဝန-ပစ္စည်းရှိရခြင်း၊ ၂။ ဂရုကက်-စသော ရှေ့ကံသုံးပါး မရှိရခြင်းဟူသော အကြောင်းနှင့် ပြည့်စုံမှ ပဋိသန္ဓေအကျိုးကို ပေးပါသည်။

➢ **ပါကဒါနပရိယာယေန–ဟု ဆိုရခြင်းအကြောင်း ။ ။** ကံ ၄-ပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံရှိကုန်အံ့၊ ဂရုကက်သည် ရှေးဦးစွာ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏၊ ယင်းက် မရှိခဲ့သော် အာသန္နက်သည် အကျိုးပေး၏၊ ယင်းအာသန္နက် မရှိခဲ့သော် အာစိဏ္ဏက်သည် အကျိုးပေးလေ၏။ ယင်းအာစိဏ္ဏက် မရှိခဲ့လျှင် ကဋတ္တာက် အကျိုးပေးလေ၏။ ဤသို့ ကံ ၄-ပါး၏ အလှည့်အစဉ်အတိုင်း အကျိုးပေးသောကြောင့် "ပါကဒါနပရိယာယေန"ဟု ဆိုပါသည်။ (ဝါ) ပါကဒါနပရိယာယက်-ဟု ဆိုပါသည်။

➢ **ပါကဒါနပရိယာယအားဖြင့် အကျိုးပေးသောက်တို့တွင် အနည်းယော်သော ရေနှင့်တူသော ကံ - အာသန္နက်, အာစိဏ္ဏက်, ကဋတ္တာက်-တို့ ဖြစ်ပါသည်။**

ကြီးစွာသော ရေအယဉ်နှင့်တူသော ကံ - ဂရုကက် ဖြစ်ပါသည်။

➢ **ဂရုကက်–စသော ကံလေးပါးတို့ အစဉ်အတိုင်းအကျိုးပေးပုံ ။ ။** ကံ ၄-ပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံရှိကုန်အံ့၊ ဂရုကက်သည် ရှေးဦးစွာ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးပါသည်၊ ယင်းက် မရှိခဲ့သော် အာသန္နက်သည် အကျိုးပေးပါသည်၊ ယင်းအာသန္နက် မရှိခဲ့သော် အာစိဏ္ဏက်သည် အကျိုးပေးပါသည်၊ ယင်း အာစိဏ္ဏက် မရှိခဲ့လျှင် ကဋတ္တာက် အကျိုးပေးပါသည်။

➢ **အာစိဏ္ဏက်ထက် အာသန္နက်–က ရှေးဦးစွာ အကျိုးစပးပုံ / အာစိဏ္ဏက် သည် အာသန္နက်ထက် ပိုမိုအားရှိပါလျက် အကျိုးပေးရာတွင် စနောက်ကျရခြင်းအကြောင်း**

နွားခြံအတွင်းသို့ နွားများထည့်သွင်းရာဝယ် အားကောင်းသောနွားများက ရှေးဦးစွာ ဝင်ကြရ၍ အားမကောင်းသော နွားအို, နွားပိန်-စသည်တို့က နောက်မှဝင်ကြရ၏။ ခြံတံခါးဖွင့်၍ နွားများထုတ်သောအခါ အတွင်းဘက်၌ အားကောင်းသော နွားများ

http://www.dhammadownload.com

ရှိသော်လည်း ခြံတံခါးနှင့်အနီးဆုံးဖြစ်သော ယုတ်စွအဆုံး အားနည်းသောနွားအိုသည်သာ ရှေးဦးစွာထွက်ရသကဲ့သို့ ထို့အတူ ဂရုကက်-မှတစ်ပါး အခြားသော ကံသုံးပါးရှိသော်လည်း သေခါနီးအခါနှင့် (၀၊) မရဏာသန္နဇောဝီထိ နီးကပ်နေသောကြောင့် - အာသန္နကံသည်သာ အာစိဏ္ဏကံထက် ရှေးဦးစွာ အကျိုးပေးရပါသည်။/ အာစိဏ္ဏကံသည် အာသန္နကံထက် ပိုမိုအားရှိသော်လည်း အကျိုးပေးရာတွင် နောက်ကျရသည်။

➢ **ပါတဒါနပရိယာယအားဖြင့် အကျိုးပေးသောကံတို့တွင် နွားဆို့ကြီးနှင့် တူသော ကံ ။** အာသန္နကံ ဖြစ်သည်။ **နွားပျိုနှင့်တူသော ကံ ။** အာစိဏ္ဏကံ ဖြစ်သည်။

➢ **ဒိဋ္ဌဓမ္မဝေဒနီယ်–၌ ဒိဋ္ဌဓမ္မ–အရ ။ ။** ဒိဋ္ဌော ဓမ္မော ဒိဋ္ဌဓမ္မော-ဟု ဝစနတ္ထပြု၍ မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်အတ္တဘောကို ယူရပါမည်။

➢ **ဝေဒနီယ်–အရ ။ ။** ဝေဒိတဗ္ဗံ အနုဘဝိတဗ္ဗန္တိ ဝေဒနီယ-ဟု ဝစနတ္ထပြု၍ အကျိုးတရားကို ယူရပါမည်။

➢ **ဒိဋ္ဌဓမ္မဝေဒနီယ်–အရ ။ ။** ဒိဋ္ဌဓမ္မေ ဝေဒနီယ ဒိဋ္ဌဓမ္မဝေဒနီယ-ဟု ဝစနတ္ထပြု၍ မုချအားဖြင့် အကျိုးတရားကို ယူရပါမည်။ ဖလူပစာရအားဖြင့် အကျိုး၏အမည်ကို အကြောင်းကံ၌တင်စား၍ ပစ္စုပ္ပန်ဘဝ၌ အကျိုးကိုဖြစ်စေနိုင်သော ကံကို ယူရမည်။

➢ **ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပုံ ။ ။** ပစ္စုပ္ပန်အတ္တဘောဘ၌ အကျိုးပေးသော ပဌမဇော စေတနာသည် "ဒိဋ္ဌဓမ္မဝေဒနီယကံ" မည်ပါသည်။

➢ **ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ပစ္စုပ္ပန်အတ္တဘောဘ၌ အကျိုးစေပုံခြင်းအကြောင်း ၂–ပါး**

၁။ အားရှိသည်၏အဖြစ်သို့ရောက်ခြင်း၊ ၂။ ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းဖြင့် မျက်မှောက်ဘဝ၌ အကျိုးပေးစွမ်းနိုင်သောသတ္တိနှင့်တကွဖြစ်ခြင်းဟူသော အကြောင်းနှစ်ပါးကြောင့် ပဌမဇောစေတနာသည် ပစ္စုပ္ပန်အတ္တဘောဘ၌ အကျိုးပေးသည်။

➢ **ပဌမဇောစေတနာသည် အားရှိခြင်းအကြောင်း ၂–ပါး ။ ။** ၁။ ဆန့်ကျင်ဘက်ကုသိုလ် အကုသိုလ်တရားတို့သည် မလွှမ်းမိုးအပ်ခြင်း၊ ၂။ အကြောင်းထူးဖြင့် ရအပ်သော သတ္တိထူးရှိခြင်းတို့ ဖြစ်ပါသည်။

➢ **ပဌမဇောစေတနာ၏ မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ခြင်းအကြောင်း**

ပဌမဇောစေတနာသည် ဆန့်ကျင်ဘက်တရားတို့ကို မလွှမ်းမိုးနိုင်ခြင်းစသော အကြောင်းနှစ်ချက်ကြောင့် အားရှိသော ဇောအစဉ်ဝယ် ဂုဏ်ထူးဝိသေသရှိသော ဘုရားရဟန္တာတို့၌ ကျေးဇူးပြုခြင်း, ကျေးဇူးမဲ့ပြုခြင်းကြောင့်ရင်း၊ အာသေဝနပစ္စည်းကို မရသည့်အတွက်နည်းသော အကျိုးရှိသောကြောင့်ရင်း ဤပစ္စုပ္ပန်ဘဝ၌ပင် အဟိတ် ဝိပါက် ၁၅-ပါး၊ ကမ္မဇရူပ်, ဓနလာဘ-စသော ဥတုဇရူပ်ဟူသော ပဝတ္တိအကျိုးကိုပေးသည်။

➢ **ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးစိတ်များ ။ ။** အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ

http://www.dhammadownload.com

အတွက် ကုသလဝိပါက်စိတ် ၇-ပါး၊ ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယက်အတွက် အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်ပါသည်။

မေး ။ ။ ပဌမဇော်စေတနာမှန်သမျှသည် ဒိဋ္ဌဓမ္မအကျိုးကို ပေးစွမ်းနိုင်ပါသလော?

အကြောင်းပြု၍ ဖြေဆိုပါ။ (၁၃၃၈-ခု အလတ်တန်း)

ဖြေ။ ။ ပဌမဇော်စေတနာမှန်သမျှသည် ဒိဋ္ဌဓမ္မအကျိုးကို မပေးစွမ်းနိုင်ပါ။

ဆန့်ကျင်ဘက်တရားတို့သည် မလွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်ရင်း, အကြောင်းထူးကြောင့် ရအပ်သော သတ္တိထူးရှိသည်၏အဖြစ်ကြောင့်ရင်း, အားရှိသည်၏အဖြစ်သို့ရောက်သော လွန်ကဲသောသတ္တိရှိသော ပဌမဇော်စေတနာသည်သာလျှင် ဒိဋ္ဌဓမ္မအကျိုးကို ပေးစွမ်းနိုင်ပါသည်။

➢ **ဥပပဇ္ဇဝေဒနီယက်မည်မှု**။ ။ မျက်မှောက်ဘဝမှ အခြားမဲ့ဘဝ၌ဖြစ်၍ ခံစားအပ်သော အကျိုးတရားသည် (၀၊) အကြောင်းကံသည် "ဥပပဇ္ဇဝေဒနီယက်"မည်၏။

(တစ်နည်း) အခြားမဲ့အတ္တဘောင် (၀၊) ဒုတိယဘဝ၌ အကျိုးပေးတတ်သော သတ္တမဇော်စေတနာသည် "ဥပပဇ္ဇဝေဒနီယက်" မည်ပါသည်။

➢ **သတ္တမဇော်စေတနာ၏ ဒုတိယဘဝ၌ အကျိုးပေးခြင်းအကြောင်း (၃) ပါး**

၁။ ဒါန, စသော ပါဏာတိပါတ, စသော ကိစ္စကိုပြီးစေခြင်း

၂။ အပြီးအဆုံးသို့ရောက်စေနိုင်သော သန္ဓိဌာပကစေတနာဖြစ်ခြင်း

၃။ အကြောင်းထူးကြောင့် ရအပ်သောသတ္တိအထူးရှိခြင်းဟူသော အကြောင်း (၃)ပါးကြောင့် သတ္တမဇော်စေတနာသည် ဒုတိယဘဝ၌ အကျိုးပေးသည်။

မေး။ ။ ဥပပဇ္ဇဝေဒနီယက်သည် အကယ်၍ ပဋိသန္ဓေကျိုးကို မပေးသည်ရှိသော် ပဝတ္တိအကျိုးကိုလည်း ပေးနိုင်/မပေးနိုင် အကြောင်းပြဆုံးဖြတ်ပါ။

ဖြေ။ ။ ဥပပဇ္ဇဝေဒနီယက်သည် (သတ္တမဇော်စေတနာ)သည် ပဋိသန္ဓေကျိုးကို ပဌမပေးပြီးမှသာ ပဝတ္တိအကျိုးကို ဆက်လက်ပေးနိုင်သည်။

ပဋိသန္ဓေကျိုးကို မပေးလိုက်ရဘဲ ပဝတ္တိအကျိုးကို သက်သက်မပေးနိုင်,အကြောင်းကား-စုတိ၏ အခြားမဲ့၌ဖြစ်သော ဒုတိယဘဝသည် ဥပပဇ္ဇဝေဒနီယက်၏ အကျိုးပေးဘို့ရာ အခွင့်ဖြစ်၍ တတိယဘဝ-စသည်ကား ယင်းက်၏အကျိုးပေးဘို့ရာ အခွင့်အခါ မဟုတ်သောကြောင့် ဖြစ်ပါသည်။

အမှာ။ ။ ပဋိသန္ဓေကျိုးကို ပေးလိုက်ရလျှင် ဘဝတစ်ရာတိုင်အောင်လည်း ပဝတ္တိကျိုးကို ဆက်လက်ပေးနိုင်၏ဟု ဆရာတို့မိန့်ဆိုကုန်၏။ အထက်ပါအာစရိယဝါဒကို ဒီပနီ၌ ပယ်ထား၏။ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယ ဘဝသည်သာ ဥပပဇ္ဇဝေဒနီယက်၏ အကျိုးပေးရာကာလဖြစ်၏။တတိယဘဝသည်ကား အပရာပရိယဝေဒနီယက်၏

http://www.dhammadownload.com

အကျိုးပေးရာကာလဖြစ်၏။ဘဝတစ်ရာတိုင် အကျိုးပေး၏ဟုဆိုလျှင် ဥပပဇ္ဇဝေဒနီယက်သည် အပရာပရိယဝေဒနီယက်နှင့် ရောယှက်သွားသောကြောင့် အာစရိယဝါဒ မသင့်ဟု ဒီပနီ၌ ပယ်ထားသည်။

➢ **အပရာပရိယဝေဒနီယက်မည်ပုံ။** ။ "ပဋိပက္ခေဟိ အနဘိဘူတတာယ ပစ္စယ ဝိသေသေန ပဋိလဒ္ဓဝိသေသတာယ"ဟူသော အကြောင်းမှကင်းခြင်းကြောင့် ဒိဋ္ဌဓမ္မ ဝေဒနီယက်အဖြစ်သို့လည်း မရောက်သော "သန္ဓိဌာပက စေတနာဘူတော ပဋိလဒ္ဓ ဝိသေသာ"ဟူသော အကြောင်းမှကင်းခြင်းကြောင့် ဥပပဇ္ဇဝေဒနီယက်အဖြစ်သို့လည်း မရောက်သော အလယ်ဇော စေတနာ ၅-ချက်သည် အပရာပရိယဝေဒနီယက်မည်၏။

(တစ်နည်း) မျက်မှောက်ဘဝ ဒုတိယဘဝမှတစ်ပါးသော တတိယဘဝမှစ၍ အနာဂတ်နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး, ပဝတ္တိ အကျိုးပေးသော အလယ်ဇော ၅-ချက်စေတနာသည် အပရာပရိယဝေဒနီယက်မည်၏။

➢ **အဟောသိကံမည်ပုံ။** ။ အကျိုးတရားဖြစ်ပြီး ဖြစ်ဆဲ, ဖြစ်လတ္တံ့,မဟုတ်ဟု ဆိုအပ်သောကံသည် "အဟောသိကံ" မည်၏။

စမ်း ။ ။ **မဟာကုသိုလ်စိတ်စေတနာသည်** ဇောကိစ္စတပ်ခိုက် အကြိမ်မည်မျှ ဖြစ်နိုင်ခွင့်ရှိသည်ကိုဇင်း။ မည်သည့်အကြိမ်၌ မည်သည့်ကံဖြစ်ပေါ်၍ မည်သည့်ဘဝ၌ အကျိုးပေးသည်ကိုဇင်း။ ဖြေဆိုပါ။

ဖြေ ။ ။ မဟာကုသိုလ်စိတ် စေတနာသည် ဇောကိစ္စတပ်ခိုက် ပကတိအခါ ၇-ကြိမ် ဖြစ်ခွင့်ရှိပါသည်၊ မရဏာသန္နအခါ ၅-ကြိမ်၊ မြတ်စွာဘုရား၏ ယမကပါဋိဟာရိယ ကာလ စသည်တို့၌ ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ် ဖြစ်ခွင့်ရှိပါသည်။

ပကတိအခါ ၇-ကြိမ်တွင် ပထမဇောအကြိမ်၌ ဒိဋ္ဌဓမ္မဝေဒနီယက် ဖြစ်ပေါ်၍ ဤဘဝ၌ အကျိုးပေးပါသည်။ သတ္တမဇောအကြိမ်၌ ဥပပဇ္ဇဝေဒနီယက် ဖြစ်ပေါ်၍ ဒုတိယဘဝ၌ အကျိုးပေးပါသည်၊ အလယ်ဇော ၅-ချက်အကြိမ်၌ အပရာပရိယ ဝေဒနီယက်ဖြစ်ပေါ်၍ တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေးပါသည်။

စမ်း။ ။ ပါဂကာလ၏အစွမ်းဖြင့် ပြားသော ကံတရားတို့၏အကျိုးပေးရာကာလကို ဇောစေတနာဖြင့် သတ်မှတ်ပြပါ။ [၁၃၆၂-ခု လတ်, ဧရာဝတီတိုင်း]

➢ **ပါဂကာလ၏အစွမ်းဖြင့် ပြားသော ကံတရားတို့၏အကျိုးပေးရာကာလ**

(၁) ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယက် မည်၏။ ပစ္စုပ္ပန် မျက်မှောက်ဘဝ၌ အကျိုးပေးပါသည်။ (၂) သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယက် မည်၏။ ဒုတိယဘဝ၌ အကျိုးပေးပါသည်။ (၃) အလယ်ဇော ၅-ချက် စေတနာသည် အပရာပရိယ ဝေဒနီယက် မည်၏။ တတိယဘဝမှ စ၍ နိဗ္ဗာန်မရမီအကြား အခွင့်သာ

http://www.dhammadownload.com

သည့် ကာလတွင် အကျိုးပေးပါသည်။ (၄) ရှေးကံသုံးပါးတို့၏ မိမိတို့ အကျိုးပေးရာ ကာလကို အကျိုးမပေးဘဲ ကျော်လွန်သော် အဟောသိကံ မည်၏။ ကျော်လွန်သွားသော ကာလရှိပါသည်။

ဓမ္ဓ။ ။ ပါကကာလ၏အစွမ်းဖြင့် ကံလေးမျိုးရှိသည့်အနက် ရှေ့ကံသုံးမျိုးကို ဇောဖြင့် ပိုင်းခြားသတ်မှတ်ပြ၍ ၎င်းကံသုံးမျိုးတို့၏ အဟောသိကံဖြစ်သွားပုံကိုလည်း ဦးကာကျော် အာဘော်ကျ ရှင်းပြခဲ့ပါ။ [၁၃၅၃-ခု လတ်]

ဓမ္ဓ။ ။ ဒိဋ္ဌဓမ္မဝေဒနီယကံ-ပထဝေ၊ ဥပပဇ္ဇဝေဒနီယကံ-သတ္တမဝေ၊ အပရာပရိယ ဝေဒနီယကံ-အလယ်ဇော ၅-ချက် ဖြစ်ပါသည်။

[ရှင်းကံသုံးမျိုးတို့ **အဟောသိကံဖြစ်သွားပုံ**] မိမိ မိမိ၏အကျိုးပေးရာကာလကို လွန်သော ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံတို့သည်ရင်း, အရဟတ္တမဂ်ဖြင့် ဝဋ်မြစ်နှစ်ပါးကို ပယ်လိုက်သဖြင့် သံသရာကျင်လည်မှု ပြတ်သောအခါ အပရာပရိယဝေဒနီယကံသည်ရင်း အဟောသိကံမည်၏။

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ**သည် မျက်မှောက်ဘဝ၀ယ် စုတိစိတ်၏အတွင်း၌ အကျိုးပေးခွင့် မရသော် အဟောသိကံမည်၏။

၂။ **ဥပပဇ္ဇဝေဒနီယကံ**သည် ဒုတိယဘဝ၀ယ် ယင်းဘဝစုတိအတွင်း၌ အကျိုးပေးခွင့် မရသော် အဟောသိကံမည်၏။

၃။ **အပရာပရိယဝေဒနီယကံ**သည် တတိယဘဝမှစ၍ ပရိနိဗ္ဗာနစုတိစိတ်အတွင်း၌ အကျိုးပေးခွင့် မရသော် အဟောသိကံမည်၏။

➢ အဟောသိဝေကမ္မံ နတ္ထိ ဝိပါကော အဟောသိ အတ္ထိ ဘဝိဿတိ-၌

(၁) "**အဟောသိဝ ကမ္မံ နတ္ထိ ဝိပါကော အဟောသိ**"ဟူသောစကားကို မိမိ၏အကျိုးပေးရာကာလကို လွန်ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ၏ အစွမ်းဖြင့် ဦးကာကျော်ဆရာဆိုသည်။

(၂) "**အဟောသိဝ ကမ္မံ နတ္ထိ ဝိပါကော အတ္ထိ**"ဟူသောစကားကို အခြားမဲ့ အတိတ်ဘဝ၌ ပြုအပ်ခဲ့ပြီးသော အကျိုးမပေးသော ဥပပဇ္ဇဝေဒနီယကံကိုရင်း, ရဟန္တာ၏လွန်လေပြီးသော ဘဝတို့၌ ပြုအပ်ပြီးသော အပရာပရိယဝေဒနီယကံကိုရင်း ရည်ရွယ်၍ဆိုသည်။

(၃) "**အဟောသိဝ ကမ္မံ နတ္ထိ ဝိပါကော ဘဝိဿတိ**"ဟူသောစကားကို နောင်ဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သောပုဂ္ဂိုလ်၏ ရှေးရှေးသောဘဝတို့၌ ပြုအပ်ပြီးသော အကျိုးမပေးသော အပရာပရိယဝေဒနီယကံကို ရည်ရွယ်၍ဆိုသည်။

http://www.dhammadownload.com

➢ **ပါဏကာလဝစသေန–၌ ပါဏကာလ အရ။** ။ ပစ္စုပ္ပန်ကာလတို့၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝကာလ, တတိယဘဝကာလမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် တပါးပါးသောကာလ-ဟူသော ရှေးက ၃-ပါးအတွက် ပိုင်းခြားသတ်မှတ်ချက် ကာလ ၃-မျိုးကိုရင်း, အဟောသိက်အတွက် ဆိုခဲ့ပြီးပိုင်းခြားသတ်မှတ်ချက်ကာလမရှိခြင်း [တဲကာလာဘာဝ]ကိုရင်း ယူရပါမည်။

➢ **အကျိုးပေးရာ ပိုင်းခြားချက်ကာလမရှိပါဘဲလျက် အဟောသိက်ကို ပါဏကာလက်–ဟု ဆိုရခြင်းအကြောင်း။** ။ ပစ္စုပ္ပန်ဘဝ, ဒုတိယဘဝ, ယဒါကဒါစိ ဘဝ-ဟူသော ပိုင်းခြားချက်ကာလသုံးပါးကို လွန်ခြင်းကြောင့်သာလျှင် အဟောသိက် အားပါဏကာလက်-ဟု ခေါ်ဝေါ်နိုင်သောကြောင့် ပိုင်းခြားချက်ကာလမရှိသော်လည်း အဟောသိက်သည် ပါဏကာလက်မည်နိုင်ပါသည်။ (ဝါ) ဆိုနိုင်ပါသည်။

➢ **ပါဏဌာနဝစသေန-၌ ပါဏဌာန အရ။** ။ (ဋီကာကျော်အလို) ပဋိသန္ဓေကျိုးဖြစ်ရာဘုံကို ယူရမည်။[ဒီပနီအလို] အပါယ်-စသော အကျိုးပေးရာဘုံဌာနကို ယူရမည်။

➢ **တတ္ထ အကုသလံ ကာယကမ္မံ–စသော စကားကို အားထုတ်ရကျိုး**

အကုသိုလ်-စသောက်တို့၏ ကာယကမ္မဒွါရစသည်တို့၏ အစွမ်းဖြင့်ဖြစ်ပုံကိုရင်း, ထိုဖြစ်ပုံကို ညွှန်ပြခြင်းကို အဦးပြုသဖြင့် အကုသိုလ်-စသောက်တို့၏ ပါဏာတိပါတစသည်တို့၏အစွမ်းဖြင့် ဒသဝိဓ-စသော အပြားကိုရင်း ပြခြင်းငှာ တတ္ထ အကုသလံ-စသော ဝါကျကို အရှင်အနုရုဒ္ဓါဆရာ အားထုတ်တော်မူသည်။

➢ **ကာယကမ္မ-၌ ကာယ အရ။** ။ ကာယဝိညာဏ်-စသောပုဒ်တို့၌ကဲ့သို့ ကာယပသာဒရူပ်ကို မယူရ၊ ကာယဝိညတ်ဟူသော ကာယဒွါရရူပ်ကို ယူရပါမည်။

➢ **ပါဏာတိပါစတာ-၌ ပါဏ အရ။** ။ ဝေါဟာရ (ပညတ်)အားဖြင့် သတ္တဝါကို ယူရမည်။ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ယူရပါမည်။

➢ **အတိပါတ–အရ။** ။ လျင်စွာ ကျစေခြင်းကြီယာ (ဝါ) လျင်စွာ ကျစေကြောင်း ဝဓကစေတနာကို ယူရပါမည်။

➢ **ပါဏာတိပါတ–အရ/ပါဏာတိပါတမည်ပုံ။** ။ တစ်ပါးသောသတ္တဝါ၌ (ဝါ) တစ်ပါးသော ဇီဝိတိန္ဒြေ၌ သတ္တဝါဟု (ဝါ) ဇီဝိတိန္ဒြေ-ဟု အမှတ်ရှိသောသူ၏ ဇီဝိတိန္ဒြေကိုဖြတ်တတ်သည့် ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ဝဓကစေတနာသည် "ပါဏာတိပါတ" မည်၏။

အမှာ။ ။ မိမိကိုယ်ကို သတ်သောသူအား ပါဏာတိပါတမဖြစ်ဟု ဒီပနီ-၌ ဆို၏။

➢ **အဒိန္နာဒါနအရ /အဒိန္နာဒါနမည်ပုံ။** ။ သူတစ်ပါးဥစ္စာ၌ သူတစ်ပါးဥစ္စာဟု အမှတ်ရှိသောသူ၏ ထိုသူတစ်ပါးဥစ္စာကို ခိုးယူတတ်သော ကာယပယောဂ,ဝစီပယောဂ

http://www.dhammadownload.com

ကို ဖြစ်စေတတ်သော ထေယျစေတနာသည် "အဒိန္နာဒါန" မည်ပါသည်။

➢ **အဒိန္နေ-အရ ။ ။** သူတစ်ပါး၏ ဥစ္စာကို ယူရပါမည်။

➢ **အာဒါန-အရ ။ ။** ခိုးယူခြင်းကြိယာ (၀ါ) ခိုးယူကြောင်းဖြစ်သော ထေယျစေတနာကို ယူရပါမည်။

➢ **ကာဓေသုမိစ္ဆာစာရ-အရ /ကာဓေသုမိစ္ဆာစာရမည်ပုံ။ ။** သူတော်မဟုတ်သူယုတ်တို့၏အကျင့်ကို မှီဝဲခြင်းအစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော အဂန္တုဗဒ္ဓာနကို လွန်ကျူးကြောင်း စေတနာသည် "ကာမေသုမိစ္ဆာစာရ" မည်ပါသည်။

➢ **ကာဓေသု အရ။ ။** လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော ကိလေသာ ကာမကို ယူရပါမည်။ [**တစ်နည်း**] မဂ်၏တည်ရာ ဖောဋ္ဌာဗ္ဗာရုံဟူသော ဝတ္ထုကာမကို ယူရပါမည်။

➢ **မိစ္ဆာစာရ-အရ ။ ။** ယုတ်ယုတ်မာမာ ကျင့်ခြင်း (၀ါ) ယုတ်ယုတ်မာမာ ကျင့်ကြောင်း ဝိတိက္ကမစေတနာကို ယူရပါမည်။

ဓမ်း။ ။ အရက်သေစာသောက်စားပြီး အိပ်နေသူအား အကုသိုလ်မဖြစ်ဟု ပြောဆိုနေကြသော တက္ကဗေဒသမားတို့၏ အယူအဆ မှားယွင်းကြောင်းကို ဦးကာဆရာ အာဘော် သွင်း၍ ဖြေရှင်းပြပါ။ [၁၃၅၁-ခု လတ်]

ဓမ်း။ ။ ဒုစရိုက်ဆယ်ပါးတွင် သီးခြားမပါဝင်သောကြောင့် အရက်သေစာသောက်စားခြင်းသည် အပြစ်မရှိဟုဆိုက သင်လက်ခံပါမည်လော, အကြောင်းပြ ဖြေဆိုပါ။

➢ **စသရည်အရက်စသောက်ခြင်းကို အကုသလကမ္မပထတရား ၁၀-ပါးနှင့် မသွင်းရခြင်း အဓိကြောင်း**

➢ **သုရာပါနကို ကာဓေသုမိစ္ဆာစာရ ဒုစရိုက်၌ သွင်းယူရကြောင်း**

➢ **အကုသလကမ္မပထ တရားနှင့် သုရာပါန မပါဝင်ရခြင်းအဓိကြောင်း**

➢ **ဒုစရိုက် ၁၀-ပါးတွင် သုရာပါန မပါဝင်ရခြင်းအဓိကြောင်း။ ။** ရသာရုံ-ဟုဆိုအပ်သော ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာကျင့်သောကြောင့် သုရာပါနကိုလည်း ကာမေသုမိစ္ဆာစာရ-၌ သွင်းယူရပါမည်။ ထို့ကြောင့် မပါဝင်ရပါ။

➢ **ဝိညတ်မည်ပုံ။ ။** အလိုဆန္ဒကို သိစေတတ်သောကြောင့်ရင်း, မိမိကိုသိအပ်သောကြောင့်ရင်း ဝိညတ်မည်ပါသည်။

➢ **ကာယဝိညတ်မည်ပုံ။ ။** ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း-စသည်ကိုဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်လွန်ကဲသော ရူပ်ကလာပ်၏ အမူအရာအထူးသည် ကာယဝိညတ်မည်ပါသည်။ (**တစ်နည်း**) လှုပ်ရှားသောကိုယ်ဖြင့် မိမိအလိုကို သူတစ်ပါးတို့အား သိစေတတ်သောကြောင့်ရင်း။ မိမိဟူသော ဝိညတ်ကိုယ်တိုင် လှုပ်ရှားသော

http://www.dhammadownload.com

ကိုယ်ဖြင့် သူတစ်ပါးတို့သည် သိစေအပ်သောကြောင့်ရင်း "ကာယဝိညတ်" မည်၏။

➢ **ကာယဝိညတ္တိ–အရ** ။ ။ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ် လွန်ကဲသော ရူပ်ကလာပ်၏ ထူးခြားသော အမူအရာကို ယူရပါမည်။

➢ **ကာယဝိညတ်၏ သဘာဝ** ။ ။ သန္ဓ မ္ဘန စသည်တို့ကို အတူတကွပြုလေ့ရှိခြင်းပင် ဖြစ်ပါသည်။

ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသည်ကို ဖြစ်စေရာဝယ် ကိုယ်ကိုဖြစ်စေ, ကိုယ်၏အစိတ်အပိုင်းကိုဖြစ်စေ ပျော့စေ့စေ့ မနေအောင် ထောက်ပံ့ထားခြင်းကို **သန္ဓ မ္ဘန**-ဟု ခေါ်ပါသည်။ အောက်သို့ ကျမသွားအောင် ဆောင်ထားခြင်းကို **သန္ဓာရဏ**-ဟု ခေါ်ပါသည်။ လှုပ်ရှားစေခြင်း, ရွှေ့စေခြင်းကို **သဇ္ဇာလန**-ဟု ခေါ်ပါသည်။

➢ **ဝိညတ်ကို ဝိကာရရူပ်–ဟု ဆိုရခြင်းအကြောင်း** ။ ။ ဝိညတ်သည် ပရမတ်စစ်မဟုတ်, အခြားဓာတ်တို့ထက် သတ္တိလွန်ကဲသော ဝါယောဓာတ်ပါရှိသော စိတ္တဇ ကလာပ်၏ ထူးခြားသော အမူအရာဖြစ်သောကြောင့် "ဝိကာရရူပ်"ဟု ဆိုရပါသည်။

➢ **ကာယဒ္ဓါရေ–၌ ကာယနှင့် ဒ္ဓါရမည်ခြင်းအကြောင်း** (၁/၂)

၁။ ➢ **ကာယဝိညတ်၏ ကာယမည်ခြင်း အကြောင်း** ။ ။ အဂ်ါကြီးငယ်ကို လှုပ်ရှားစေတတ်သော ကိုယ်ဖြစ်သောကြောင့် ကာယဝိညတ်သည် "ကာယ" မည်ပါသည်။

၂။ ➢ **ကာယဝိညတ်၏ ဒ္ဓါရမည်ခြင်း အကြောင်း** ။ ။ ပါဏာတိပါတ-စသောကံတို့၏ ဖြစ်ခြင်းအကြောင်းသောကြောင့် ကာယဝိညတ်သည် "ဒ္ဓါရ" မည်၏။

➢ **ကာယဒ္ဓါရဧစေါ်ပုံ**။ ။ အဂ်ါကြီးငယ်ကို လှုပ်ရှားစေတတ်သောကိုယ်ဖြစ်သောကြောင့်ရင်း၊ ပါဏာတိပါတ-စသောကံတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်ရင်း ကာယဝိညတ်ကို "ကာယဒ္ဓါရ" ဟု ခေါ်ပါသည်။

➢ **ကာယဒ္ဓါရနှစ်ခုအထူး**။ ။ တထာသောတာဒယော သောတဒ္ဓါရာဒီနိ-ကို ထောက်၍-ပကိဏ်းပိုင်း၌ ကာယပသာဒရူပ်ကို ကာယဒ္ဓါရဟု ခေါ်သည်။

ကာယဝိညတ္တိသခ်ါတေ ကာယဒ္ဓါရေ-ကို ထောက်၍-ဝိထိမုတ်ပိုင်း၌ ကာယဝိညတ်ကို ကာယဒ္ဓါရ-ဟု ခေါ်သည်။

ဓမ်း။ ။ ဝိညတ်သည် ကံဟူသောစေတနာအား ၂၄-ပစ္စည်းတို့တွင် တစ်စုံတစ်ခုသော ပစ္စည်းဖြင့် ကျေးဇူးမပြု၊ စေတနာသမ္မယုတ္တဓမ္မကသာ ဝိညတ်အား သဟဇာတ ပစ္စည်း စသည်ဖြင့် ကျေးဇူးပြု၏။ထို့ကြောင့် စေတနာဟူသော ကံကိုသာ ဝိညတ် ဖြစ်ခြင်း အကြောင်းဟု ဆိုသင့်၏။ဝိညတ်ကို စေတနာဟူသောကံ၏ဖြစ်ကြောင်းဟု မဆိုသင့်သည် မဟုတ်ပါလော? ရှင်းပြပါ။

http://www.dhammadownload.com

➢ **ဝိညတ်ကိုသာ ကံ၏ဖြစ်ကြောင်းတရား-ဟု ဆိုရခြင်းအစကြောင်း**

စေတနာဟူသောကံကိုသာ ဝိညတ်၏ဖြစ်ကြောင်းဟု ဆိုသင့်သော်လည်း ဝိညတ်မဖြစ်သမျှ (၀၊) လက်ရွယ်မှု, ဓားခုတ်မှု-စသည်တို့မဖြစ်သမျှ ပါဏာတိပါတ-စသောကံများ အထမမြောက်နိုင်၊ ဝိညတ်ဖြစ်မှသာ (၀၊) လက်ရွယ်မှု, ဓားခုတ်မှု စသည်တို့ဖြစ်မှသာ ပါဏာတိပါတ-စသောကံများ အထမြောက်နိုင်၏၊ (၀၊) ဝိညတ္တိသမုဋ္ဌာပကဖြစ်သော စေတနာကို (စေတနာသမ္မယုတ္တမမ္မကို) ပါဏာတိပါတ-စသော ကာယကံ-ဟု ခေါ်ဝေါ်ရ၏။ထို့ကြောင့် ဝိညတ်ကိုသာ ကံ၏ ဖြစ်ကြောင်းတရားဟု ဆိုရသည်။

➢ **ကာယဒ္ဒါရေဇာဟူလ္လဝုတ္တိတော-ဌ**။ ။ ကာယဒ္ဒါရေဝုတ္တိတော-ဟု (ဗာဟုလ္ လ သဒ္ဒါမပါဘဲ) ဆိုခဲ့သော် (၁) ဒ္ဒါရဖြင့်ကံကို ပိုင်းခြားမှတ်သားမရနိုင်ခြင်း, (၂) ကံဖြင့် ဒ္ဒါရကို ပိုင်းခြားမှတ်သား မရနိုင်ခြင်းဟူသော စောဒနာ (**အပြစ်**) နှစ်ချက် ဖြစ်ပေါ်နေ၏။

| **ဒ္ဒါရဖြင့်ကံကို ပိုင်းခြားမှတ်သားမရနိုင်ပုံ** | (၁) ကာယဒ္ဒါရဖြစ်သော် ကံသည် ကာယကံမည်၏၊ ယင်းသို့ သတ်မှတ်ထားသော်လည်း သူတစ်ပါးအသတ်ကို နှုတ်ဖြင့် သတ်ခိုင်းရာ သူတစ်ပါးဥစ္စာကို ခိုးခိုင်းရာအခါတို့၌ ပါဏာတိပါတ, အဒိန္နာဒါန-ဟူသော ကာယကံသည် ဝစီဒ္ဒါရ၌လည်းဖြစ်နေသောကြောင့် ဒ္ဒါရဖြင့်ကံကို ပိုင်းခြားမှတ်သား မရနိုင်ခြင်းဟူသော စောဒနာတစ်ချက် ဖြစ်ပေါ်နေ၏။

| **ကံဖြင့်ဒ္ဒါရကို ပိုင်းခြားမှတ်သားမရနိုင်ပုံ** | (၂) ကာယကံ၏အကြောင်းဖြစ်သော ဒ္ဒါရသည် ကာယဒ္ဒါရမည်၏၊ ယင်းသို့ သတ်မှတ်ထားသော်လည်း ကိုယ်အမှုအရာ ဖြင့်သာ မုသားဆိုမှု, ကုန်းတိုက်မှုပြုရာအခါတို့၌ ကာယဒ္ဒါရသည်လည်း မုသာဝါဒ, ပိသုဏာဝါစာ-စသော ဝစီကံ၏အကြောင်းဖြစ်နေသောကြောင့် ကံဖြင့်ဒ္ဒါရကို ပိုင်းခြားမှတ်သားမရနိုင်ခြင်းဟူသော စောဒနာတစ်ချက်ဖြစ်ပေါ်နေ၏။

အထက်ပါစောဒနာနှစ်ချက်ကိုဖယ်၍ များသောဖြစ်ခြင်းအားဖြင့် ပိုင်းခြား သတ်မှတ်ပုံကို ပြခြင်းငှာ (၀၊) ပြလိုသောကြောင့် "ဗာဟုလ္ လ"သဒ္ဒါထည့်၍ **ဗာဟုလ္လဝုတ္တိတော** ဟု ဆိုသည်။

(**အကျဉ်းချုပ်**) ကာယကံသည် ကာယဒ္ဒါရ၌ များသောအားဖြင့်သာဖြစ်သည်၊အမြဲ ဖြစ်သည်မဟုတ်, အပွကအားဖြင့် "သေစားသေစေ"ဟု အမိန့်ချသောမင်း-စသည်တို့ အား ဝစီဒ္ဒါရ၌လည်း ဖြစ်သေး၏ဟူသောအနက်ကို သိစေလိုသောကြောင့် **ဗာဟုလ္ လ** သဒ္ဒါကို ထည့်၍ "ဗာဟုလ္လဝုတ္တိတော" ဟု ဆိုပါသည်။

➢ **(၁) ဒ္ဒါရဖြင့် ကံကို ပိုင်းခြား၍ မရနိုင်ပုံ**

➢ **ဗာဟုလ္လဝုတ္တိတော အဓိပ္ပါယ်**။ ။ (၁) သူတစ်ပါးအသက်ကို သတ်ခိုင်းရာအခါ စသည်တို့၌ ပါဏာတိပါတ-စသောကံသည် ဝစီဒ္ဒါရ၌ရံခါဖြစ်၏၊ သို့သော် ကာယဒ္ဒါရ၌

http://www.dhammadownload.com

သာ များသောအားဖြင့်ဖြစ်သောကြောင့် တဒ္ဓဟုလနည်းအားဖြင့် ကာယဂ်-ဟုသာ ခေါ်ရသည်။ (ဥပမာ) တောဋ္ဌသွားလာမှုများသောကြောင့် ဝနေ စရတိတိ-ဟူသော ဝစနတ္ထအရ ဝနစရကအမည်ရပြီးသော တောမုဆိုးသည် ရံခါမြို့ရွာတို့ဋ္ဌသွားနေသော်လည်း ဂါမစရက-ဟု အမည်မပြောင်းဘဲ ဝနစရက-ဟုသာ အမည်နေရသကဲ့သို့တည်း။ [ဤစကားရပ်ဖြင့် ဒွါရဖြင့် ကံကိုပိုင်းခြားမရခြင်းဟူသော ပထမစောဒနာကို ဖြေပြသည်]

➢ (၂) ကံဖြင့် ဒွါရကို ပိုင်းခြား၍ မရနိုင်ပုံ

(၂) ကိုယ်အမူအရာဖြင့် မုသားပြောရအခါစသည်တို့ဋ္ဌ ကာယဒွါရသည် ရံခါ ဝစီကံ၏အကြောင်းဖြစ်၏။သို့သော် များသောအားဖြင့် ကာယ၏သာ အကြောင်းဖြစ်သောကြောင့် ကာယဒွါရ-ဟု ခေါ်ရသည်။ (ဥပမာ) နေထိုင်သူ ပုဏ္ဏားအရေအတွက်များသောကြောင့် ဗြာဟ္မဏဂဟိမ-အမည်ရပြီးသော ပုဏ္ဏားရွာသည် ထိုရွာဋ္ဌ ကုန်သည်-စသည် အနည်းငယ်ရှိသော်လည်း ဝဿဂါမ-စသည် မပြောင်းလွဲဘဲ ဗြာဟ္မဏဂါမ-ဟုသာ အမည်ရနေသကဲ့သို့တည်း။ [ဤစကားရပ်ဖြင့် ကံဖြင့် ဒွါရကိုပိုင်းခြားမရခြင်းဟူသော ဒုတိယစောဒနာကို ဖြေသည်။]

➢ **မုသာ-အရ ။ ။** မဟုတ် မမှန်သော ဗိဋ္ဌ, အဗိဋ္ဌ-စသော ဝတ္ထုကို ယူရမည်။

➢ **ဝါဒ-အရ ။ ။** ပြောဆိုကြောင်း စေတနာကို ယူရပါမည်။

➢ **မုသာဝါဒ-အရ /မုသာဝါဒမည်ပုံ။ ။** မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကိုသိစေလိုသောသူ၏သန္ဓာန်ဋ္ဌဖြစ်သော ဟုတ်မှန်သောအားဖြင့် သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် "မုသာဝါဒ" မည်၏။

မိမိစကားကြောင့် သူတစ်ပါးတို့အကျိုးစီးပွား ပျက်စီးသွားမှသာ ယင်းမုသာဝါဒသည် ကမ္မပထမြောက်၏, မိမိပစ္စည်းကိုတောင်းရာဋ္ဌ ရှိပါလျှက် မရှိဟုပြောရာဋ္ဌ သူတစ်ပါးအကျိုးစီးပွားမပျက်သောကြောင့် **ကမ္မပထ မမြောက်ပါ**။

➢ **ကမ္မပထ အခိပ္ပါယ်။ ။** အပါယ်ဒုဂ္ဂတိသို့ ရောက်ကြောင်းစေတနာကို ကမ္မပထ-ဟုခေါ်သည်။

➢ **ပိသုဏာဝါစာမည်ပုံ ။ ။** ချစ်ခင်နေသောသူတစ်ပါးတို့ကို ကွဲပြားစေလိုခြင်းကြောင့်သော်၎င်း, မိမိကိုချစ်ခင်စေလိုခြင်းကြောင့်သော်၎င်း, သူတစ်ပါးတို့ကွဲပြားခြင်းကို ပြုတတ်သော ဝစီပယောဂကိုဖြစ်စေတတ်သော သံကိလိဋ္ဌစေတနာသည် "ပိသုဏာဝါစာ" မည်၏။

ကုန်းတိုက်စကားပြောကြားရာဋ္ဌ ကုန်းတိုက်အပ်သောပုဂ္ဂိုလ်နှစ်ယောက် ကွဲပြားသွားမှသာ ကမ္မပထ ဖြစ်တော်၏။

http://www.dhammadownload.com

➢ **ပိသုဏာ-အရ ။ ။** မုခ္ဒအားဖြင့် ညိညွတ်ခြင်းကို မှန်မှန်ညက်ညက်ပြုတတ်ပစ်လွှင့်ဖျက်ဆီးတတ်သော ကုန်းတိုက်စကားကို ယူရပါမည်။ ဥပစာ(ဖလူပစာ) အားဖြင့် ထိုစကားကို ပြောဆိုကြောင်း စေတနာကို ယူရပါမည်။

➢ **ဖရုသဝါစာ-အရ /ဖရုသဝါစာမည်မုံ့။ ။** အနာပေါ်ဒုတ်ကျသကဲ့သို့ မခံသာသော အရပ်ကို ထိခိုက်ပြောဆိုသော ဝစီပယောဂကိုဖြစ်စေတတ်သော စင်စစ်ကြမ်းတမ်းသော စေတနာသည် "ဖရုသဝါစာ" မည်၏။

➢ **ဖရုသဝါစာ ဖြစ်/မဖြစ် ။ ။** စကားကြမ်းတမ်းသော်လည်း စိတ်စေတနာနူးညံ့လျှင် ဖရုသဝါစာမဖြစ်, စကား နူးညံ့သော်လည်း စိတ်စေတနာကြမ်းတမ်းလျှင် ဖရုသဝါစာဖြစ်၏။]

➢ **သမ္ဖ-ဋ္ဌ သံဥပသာရပုစ်အရ။ ။** စီးပွားချမ်းသာရ၏။

➢ **သမ္ဖ အရ။ ။** မိမိသူတစ်ပါးတို့အား ကျေးလူးမပြုတတ်သော အကျိုးမဲ့ဖြစ်သော အလုံးစုံသော စကားရ၏။

➢ **ပလာပ-အရ ။ ။** ပြောဆိုကြောင်း စေ့တနာကို ယူရပါမည်။

➢ **သမ္ဖပ္ပလာပ အရ/သမ္ဖပ္ပလာပမည်မုံ့။ ။** သီတာမိဖုရားကို ဆောင်ယူခြင်း, ဘာရတမင်းတို့စစ်တိုက်ခြင်း-အစရှိသော အကျိုးမဲ့သောအကြောင်းအရာကို သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကိုဖြစ်စေတတ်သော သံကိလိဋ္ဌစေတနာသည် "သမ္ဖပ္ပလာပ" မည်၏။

[ပြောအပ်သောအကြောင်းအရာကို နားထောင်သူတို့က အဟုတ်အမှန်ဟု ယုံကြည် မှတ်ယူမှသာ **ကမ္ဘပထ** ဖြောက်၏။]

➢ **ဝစီဝိညတ္တိသခါဒေ-ဋ္ဌ ဝစီ အရ ။ ။** ဝါစာ-စကားသံကို ယူရပါမည်။

➢ **ဝစီဝိညတ်မည်မုံ့ ။ ။** စကားသံဖြင့် အလိုဆန္ဒကိုသိစေတတ်သောကြောင့် ဝစီဝိညတ်မည်၏။ (ဘစ်နည်း) မိမိကို သိအပ်သောကြောင့် "ဝစီဝိညတ်" မည်၏။

➢ **ဝစီဝိညတ္တိ-အရ ။ ။** နှုတ်မြွက်ခြင်းကိုပြုတတ်သော ပယောဂကိုဖြစ်စေတတ်သော စိတ္တလဟုတ်ဓာတ်လွန်ကဲသော ရူပ်ကလာပ်၏ အမူအရာအထူးကို ယူရပါမည်။

➢ **ဝစီဒ္ဓါစရဏ် ဝစီမည် ခြင်းအစကြောင်း ။ ။** လှုပ်ရှားသော ဝါစာဖြစ်သောကြောင့် "ဝစီ" မည်ပါသည်။

➢ **ဝစီဒ္ဓါစရဏ် ဒ္ဓါရေမည်ခြင်းအစကြောင်း ။ ။** မုသာဝါဒ-စသောကံတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် "ဒ္ဓါရ" မည်ပါသည်။

➢ **ဝစီဒ္ဓါရ အဓိပ္ပါယ်။ ။** လှုပ်ရှားစေသော ဝါစာဖြစ်သောကြောင့်ရင်း၊ မုသာဝါဒ-စသော ကံတို့၏ဖြစ်ကြောင်းဖြစ်သောကြောင့်ရင်း ဝစီဝိညတ်ရူပ်ကို ဝစီဒ္ဓါရ

http://www.dhammadownload.com

ဟုခေါ်ပါသည်။

➢ **ဝစီနှစ်ပါးအထူး။** ။ ဝစီဝိညတ္တိသဒ်တေ-၌ ဝစီအရ-ဝါစာကို ယူရမည်။ ဝစီ ဒ္ဒါရေ-၌ ဝစီအရ-ဝစီဝိညတ်ကို ယူရမည်။ ဤသို့ထူးပါသည်။

➢ **အဘိဇ္ဈာမည်ပုံ။** ။ ဤစည်းစိမ်ဥစ္စာသည် ငါ၏စည်းစိမ်ဥစ္စာဖြစ်ပါမူ ကောင်းလေစွ-ဟု သူတစ်ပါးစည်းစိမ်ဥစ္စာကို လောဘဖြင့် ကြံစည်ခြင်းသည် အဘိဇ္ဈာမည်၏။

ထိုအဘိဇ္ဈာသည် သူတစ်ပါးစည်းစိမ်ဥစ္စာကို ငါ၏စည်းစိမ်ဥစ္စာဖြစ်ပါမူ ကောင်းလေစွ-ဟု မိမိအထံသို့ ညွှတ်စေမှုသာ ကမ္မပထမြောက်၏၊ သူတစ်ပါးစည်းစိမ်ဥစ္စာကို လိုခြင်းရုံမျှဖြင့် **ကမ္မပထ မမြောက်ပါ။**

➢ **ဗျာပါဒမည်ပုံ။** ။ ဤသတ္တဝါပျက်စီးပါမူ ကောင်းလေစွဟု သူတစ်ပါးပျက်စီးခြင်းကို ကြံစည်သော ဒေါသသည် "ဗျာပါဒ" မည်၏။

ထိုဗျာပါဒသည် သူတစ်ပါးပျက်စီးခြင်းကိုကြံစည်မှုသာ ကမ္မပထမြောက်၏၊ သူတစ်ပါး ဒေါသဖြစ်ရုံမျှဖြင့် **ကမ္မပထ မမြောက်ပါ။**

➢ **မိစ္ဆာဒိဋ္ဌိမည်ပုံ။** ။ နတ္ထိ ဒိန္နံ ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော ဖောက်ပြန်သောအားဖြင့် မြင်ခြင်းသည် " မိစ္ဆာဒိဋ္ဌိ" မည်၏။

မိစ္ဆာဒိဋ္ဌိအရာ၌ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိတို့သည်သာ **ကမ္မပထ မြောက်၏။**

➢ **အဘိဇ္ဈာ၏ စေတနာပက္ခိကဖြစ်ပုံ။** ။ သူတစ်ပါးဥစ္စာကို ကိုယ်တိုင်ခိုးယူရာဝယ် ကာယဝိညတ်ကိုဖြစ်စေတတ်သော စိတ်ဖြစ်၏။ ထိုစိတ်နှင့်ယှဉ်သော အဘိဇ္ဈာလည်းပါရှိ၏။ထိုအခါ ခိုးယူကြောင်းစေတနာသည် အဒိန္နာဒါနကမ္မပထမြောက်၏။အဘိဇ္ဈာကားသီးခြား မနောကမ္မပထ-မဖြစ်, ထိုစေတနာ၏ဘက်သားဖြစ်ပါသည်။

(**အမှာ**) ပါဏာတိပါတစေတနာဖြစ်ရာ၌ ဗျာပါဒဒေါသ၏ စေတနာပက္ခိကဖြစ်ပုံ သူဥစ္စာကို ခိုးသော်လည်း အပြစ်မရှိဟု မိစ္ဆာအယူပါရှိလျှင် မိစ္ဆာဒိဋ္ဌိ၏စေတနာပက္ခိကဖြစ်ပုံကို သိပါ။

➢ **ဒေါသမူလေန အယန္တိ-၌ ဒေါသမူလ-အရ။** ။ ဒေါသစေတသိက်ဟူသော ဒေါသမူလကိုဝင်း, ဒေါသမူလရှိသော ဒေါသမူစိတ်ကိုဝင်း ယူရမည်။

➢ **ပြုံးရယ်လျှက် သတ်စသော်လည်း ဒေါသကြောင့်သာ သတ်ပုံ။** ။ မင်းတို့သည် ပြုံးရယ်လျှက် ခိုးသူအားသတ်မိန့်ပေးသော်လည်း ယင်းပါဏာတိပါတကံသည် လောဘမူစိတ်ကြောင့် ဖြစ်သည်မဟုတ်, ဒေါသမူစိတ်ကြောင့် ဖြစ်သည်ဟု မှတ်ရမည်။

အစကြောင်းကား- ခိုးသူအားသတ်မိန့်မပေးမီ ရှေ့တို့၌ လောဘမူသောမနသဖြင့် ပြုံးရယ်ပြီး ထို့နောက် ဒေါသမူစိတ်ဖြင့်သာ သတ်မိန့်ပေးသောကြောင့်တည်း။

http://www.dhammadownload.com

➢ **လောဘမူဓလေန – အရ ။ ။** လောဘစေတသိက်ဟူသော လောဘမူလ, လောဘမူလရှိသော လောဘမူတို့ကို ယူရမည်။

➢ **မိစ္ဆာဒိဋ္ဌိသည် လောဘမူလကြောင့်ဖြစ်ရခြင်းအကြောင်း။ ။** မိစ္ဆာဒိဋ္ဌိသည် ငါ ငါ၏ဥစ္စာ-အစရှိသည်ဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းထိုက်သော အတ္တ, အတ္တနိယ စသော ဝတ္ထုတို့၌ လောဘပြဌာန်းခြင်းရှိသည်ဖြစ်၍ မှားယွင်းစွာ နှလုံးသွင်းသောကြောင့် လောဘမူလကြောင့် ဖြစ်ရပါသည်။

➢ **မောဟကြောင့်ဖြစ်ပုံကို မဆိုရခြင်းအကြောင်း။ ။** မောဟသည် အလုံးစုံသော အကုသိုလ်တရားတို့နှင့် ဆက်ဆံနေသည့်အတွက် ထူးခြားအောင်မပြုတတ်သောကြောင့် သင်ဟု၍ မောဟကြောင့်ဖြစ်ပုံကို အထူးမပြဆိုပါ။

➢ **လောဘကြောင့် အဒိန္နာဒါနဖြစ်ပုံ။ ။** အလွန်အလိုရှိအပ်သော (ဝါ) ဣဋ္ဌာရုံ ဖြစ်သော ဝတ္ထုဖြင်ကိုသော်၎င်း, အလွန်အလိုမရှိအပ်သော (ဝါ) ဣဋ္ဌမဏ္ဍာရုံဖြစ်သော ဝတ္ထုဖြင်ကိုသော်၎င်း, မိမိနှင့်ဆွေမျိုးဥာတိတို့ကို ငတ်မွတ်ခြင်းဘေး-စသည်မှ စောင့်ရှောက်ခြင်းအကျိုး စသည်တို့ကို ရည်ရွယ်၍ ခိုးသောသူ၏ အဒိန္နာဒါနသည် လောဘမူလကြောင့် ဖြစ်ပါသည်။

➢ **ဒေါသမူလကြောင့် အဒိန္နာဒါနဖြစ်ပုံ။ ။** ရန်ကိုအပ်နှင်းခြင်း (ဝါ) လက်စားချေခြင်းအကျိုးငှာ ခိုးသောသူ၏ အဒိန္နာဒါနသည် ဒေါသမူလကြောင့် ဖြစ်ပါသည်။

➢ **မောဟမူလကြောင့် အဒိန္နာဒါနဖြစ်ပုံ။ ။** နီတိကျမ်းလာ လူမိုက်ကိုဒဏ်တပ်ရမည်, လူကောင်း သူကောင်းကို ပူဇော်ရမည်ဟူသောစကားကို ပမာဏပြု၍ လူမိုက်ကို ဝန်ဒဏ်ဖြင့် နှိပ်နှင်းခြင်းအကျိုးငှာ ယင်းပုဂ္ဂိုလ်၏ဥစ္စာကို ဆောင်ယူသောမင်း, မိမိဥစ္စာ ဟူသောအမှတ်ဖြင့် တိုင်းပြည်အသုံးအဆောင်ပစ္စည်းကို ဆောင်ယူသုံးစွဲသောပုဏ္ဏား, ကံ, ကံ၏အကျိုးကိုမယုံကြည်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့၏ အဒိန္နာဒါနသည် မောဟမူလကြောင့် ဖြစ်ပါသည်။

➢ **ဒါနမည်ပုံနှင့် ဒါန၏တရားကိုယ်။ ။** အနုသယနှင့်တကွ ခန္ဓာအစဉ်ရှိသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ သူတစ်ပါးတို့အား ပူဇော်လို ခိုးမြှောက်လိုသောကြောင့် မိမိ၏ထင်းရှားရှိသောဝတ္ထုကို စွန့်လှူခြင်း၏ အစွမ်းဖြင့်ဖြစ်သော ပရိစ္စာဂစေတနာသည် ဒါနမည်ပါသည်။

မလှူမီရှေးဦး၌ဖြစ်သော ပုဗ္ဗစေတနာ, လှူပြီးသောမနုဿစိတ်ဖြင့် အဖန်တလဲလဲ အမှတ်ရသည်၏အစွမ်းအားဖြင့်ဖြစ်သော အပရစေတနာတို့လည်း ဒါနမည်ပါသည်။ (ဂင်းတို့လည်း ဒါနမည်ပါသည်။)

➢ **အညတြာပိ ဝိညတ္တိယာ မနဿိယေ၀–၌ ဝိညတ္တိ–အရ ။ ။** ကာယဝိညတ်,

http://www.dhammadownload.com

ဝစီဝိညတ်ကို ယူရပါမည်။

➢ **မန-အရ ။ ။** အကုသိုလ်ဇော-ဟုဆိုအပ်သော မနောဒွါရကို ယူရပါမည်။

➢ **"ထောင်မြင်ရာစွန်, ပေးလှူခြင်းမျိုးသည်" ဒါနုပမြောက်/မပြောက်**

ပူဇော်လို အိုးမြောက်လိုသောအားဖြင့်ဖြစ်သော စေတနာသာ ဒါနမည်ကြောင်း ဦးကာ၌ ဆိုထားသောကြောင့် "ထောင်မြင်ရာစွန်, ပေးလှူခြင်းမျိုးသည်" ဒါနမမြောက်ပါ။

➢ **သီလမည်ပုံ။ ။** ကာယက်, ဝစီက်တို့ကို ကောင်းစွာထားတတ်သောကြောင့် သီလမည်၏။ (**ဘစ်နည်း**) ကုသိုလ်တရားကိုကပ်၍ ဆောင်တတ်သောကြောင့် (၀၊) လွန်စွာဆောင်တတ်သောကြောင့် သီလမည်၏။

နိစ္စသီလစသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလ တို့ကို ဆောက်တည်သောပုဂ္ဂိုလ်, ဖြည့်ကျင့်စောင့်ရှောက်သောပုဂ္ဂိုလ်, ယင်းသီလတို့ကို မဆောက်တည်ဘဲ တွေ့ကြုံလာသော ကာယ, ဝစီဒုစရိုက်တို့မှရှောင်ကြဉ်သောပုဂ္ဂိုလ်, ရှင်သာမဏေပြုသောပုဂ္ဂိုလ်, ရဟန်းခံရာ သိမ်တွင်း၌ ပါတိမောက္ခသံဝရသီလကို ဆောက်တည်သူ စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်သူတို့သန္တာန်၌ဖြစ်သော စေတနာသည် "**သီလ**" မည်၏။

➢ **ဘာဝနာမည်ပုံ။ ။** ကသိုဏ်းစသော လေးဆယ်သော ကမ္မဋ္ဌာန်းအာရုံတို့၌ရင်း ခန္ဓာအစရှိကုန်သော တေဘူမကသင်္ခါရအာရုံတို့၌ရင်း, ပရိကမ်ပြုခြင်း, သုံးသပ်ခြင်းတို့ ၏အစွမ်းဖြင့်ဖြစ်သော အပွနာသို့မရောက်သော ဂေါတြဘူအဆုံးရှိသော ကာမာဝစရ စေတနာသည် ဘာဝနာမည်၏။

အပြစ်မရှိသော အတတ်ပညာစသည်ကို သင်ယူကြောင်းစေတနာကိုလည်း ဤ ဘာဝနာ၌ သွင်းယူရပါမည်။

ဓမ ။ ။ စာပေပရိယတ္တိကို ကြိုးစားသင်ယူနေသောပုဂ္ဂိုလ်၏ ဓမ္မသဝနကုသိုလ်ကို ဒါန, သီလ, ဘာဝနာ (၃)ပါးတို့တွင် ထည့်သင့်ရာ၌ အကြောင်းပြ၍ ထည့်သွင်းပြပါ။

ဓမ္ဗြ ။ ။ အပြစ်မရှိသော အတတ်ပညာစသည်ကို သင်ယူကြောင်းစေတနာကိုလည်း ဘာဝနာ-၌ သွင်းယူရသောကြောင့် - စာပေပရိယတ္တိကို ကြိုးစားသင်ယူနေသော ပုဂ္ဂိုလ်၏ ဓမ္မသဝနကုသိုလ်ကို ဒါန, သီလ, ဘာဝနာ (၃)ပါးတို့တွင် ဘာဝနာ ၌ ထည့်သွင်းရပါမည်။

➢ **ဘာဝနာ (၂)မျိုး ဟူပုံ/ထူးပုံ။ ။** ပုညကြိယဝတ္ထုအရာ၌ရင်း, ကမ္မဋ္ဌာန်းပိုင်း ၌ရင်း, သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်မျိုးလုံးကို ယူရသည် (ဟူပုံ)

ပုညကြိယဝတ္ထုအရာ၌ အပွနာသို့မရောက်သေးသော ကာမာဝစရဘာဝနာဖြစ်

http://www.dhammadownload.com

သည်, တရားကိုယ်အားဖြင့် စေတနာကိုသာ ကောက်ရသည်၊ ကမ္မဌာန်းဌာကား-အပ္ပနာ သို့ရောက်/မရောက်သော ဘာဝနာကိုဆိုလိုသည်။တရားကိုယ်အားဖြင့် ဧကဂ္ဂတာ ပညာကိုသာ ကောက်ရသည်။ (ဤကား ထူးပုံဖြစ်ပါသည်။)

➢ **အပစာယနမည်ပုံ။** ။ မိမိထက်အသက်အရွယ်ကြီးသူ, သီလစသောဂုဏ်ကြီး သူတို့အား သက်နိုးစသော တစ်စုံတစ်ခုသောလာဘ်လာဘကို မျှော်ကိုးတောင့်တမှု မရှိဘဲ မည်စ်နွမ်းသောအလိုဆန္ဒကို ခရီးဦးကြိုဆိုမှုစသော အစီအရင်ကိုပြုကြောင်း စေတနာသည် "အပစာယန"_ မည်၏။

➢ **ဝေယျာဝစ္စမည်ပုံ။** ။ မိမိထက်အသက်အရွယ်ကြီးသူ, သီလစသောဂုဏ်ကြီး သူ, ဂိလာန, ဧည့်သည်အာဂန္တုတို့၏ အမှုကြီးငယ်ကို တစ်စုံတစ်ခုသော လာဘ်လာဘ ကို မျှော်လင့်တောင့်တမှုမရှိဘဲ မည်စ်နွမ်းသောအလိုဆန္ဒဖြင့် ပြုလုပ်ကြောင်းစေတနာ သည် "ဝေယျာဝစ္စ" မည်ပါသည်။

➢ **ဝေယျာဝစ္စကုသိုလ်ရရှိစေအောင် ဆည်းပူးအားထုတ်နည်း။** ။ အသက်သိက္ခာ ဂုဏ်ဝါကြီးရင့်သူတို့၌ရင်း, ဂိလာနတို့၌ရင်း, လာဘ်လာဘကို မငဲ့ဘဲ မည်စ်နွမ်းသော အလိုအဇ္ဈာသယဖြင့် ထိုထိုကိစ္စကိုပြုလျှင် ဝေယျာဝစ္စကုသိုလ်ရနိုင်ပါသည်။

➢ **ပတ္တိဒါနမည်ပုံ။** ။ မိမိသန္တာန်၌ဖြစ်သော ကုသိုလ်အတို့ကို သူတစ်ပါးတို့နှင့် ဆက်ဆံလိုသော စေတနာသည် ပတ္တိဒါနမည်ပါသည်။

➢ **ပတ္တိဒါနကုသိုလ်ဖြစ်စေအောင် အမျှပေးစေပုံ။** ။ မိမိသန္တာန်၌ဖြစ်သော ကုသိုလ် အတို့ကို သူတစ်ပါးတို့နှင့် ဆက်ဆံလိုသော စေတနာဖြင့် အမျှပေးဝေရပါမည်။

➢ **ပတ္တာနုစမာဒနမည်ပုံ။** ။ သူတစ်ပါးတို့အမျှပေးဝေသော ကုသိုလ်ကိုဖြစ်စေ, အမျှမပေးဝေသော ကုသိုလ်ကိုဖြစ်စေ, ဝန်တိုမှုအညစ်အကြေးကင်းသောစိတ်ဖြင့် အဖန်ဖန် ဝမ်းမြောက်ကြောင်းစေတနာသည် ပတ္တာနုမောဒနမည်ပါသည်။

➢ **ဘာဝနာမယပုညကြီးယကုသိုလ်ဖြစ်စေအောင် ပိဋကတ်စာပေ သင်ယူနည်း**

မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကို ကြားနာရ၏။ ထိုတရား၌ ဟော အပ်သည့်အတိုင်း ကျင့်သည်ရှိသော် လောကီဂုဏ်ထူး, လောကုတ္တရာဂုဏ်တို့နှင့် ပြည့် စုံသူဖြစ်အုံ့၊မိမိကိုယ်တိုင် ဗဟုသုတရှိလျှင် သူတစ်ပါးတို့အား တရားဟောခြင်းအစရှိ သည်တို့ဖြင့် ဆိုးမြောက်အုံ့-ဟု ရည်ရွယ်၍ မိမိ, သူတစ်ပါး စီးပွားချမ်းသာ ပျံ့နှံ့စေခြင်း၏ အစွမ်းဖြင့်ဖြစ်သော မည်စ်နွမ်းသော အလိုဆန္ဒဖြင့် သင်ယူရပါမည်။

➢ **ဓမ္မဿဝနမည်ပုံ။** ။ မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကို ကြားနာ ရ၏၊ ထိုတရား၌ ဟောအပ်သည့်အတိုင်း ကျင့်သည်ရှိဇသော် လောကီဂုဏ်ထူး, လော ကုတ္တရာဂုဏ်တို့နှင့် ပြည့်စုံသူဖြစ်အုံ့ (အတ္တဟိတ) မိမိကိုယ်တိုင် ဗဟုသုတရှိလျှင်

http://www.dhammadownload.com

သူတစ်ပါးတို့အား တရားဟောခြင်းအစရှိသည်တို့ဖြင့် ဆိုးမြောက်အံ့ (ပရဟိတ)-ဟု ရည်ရွယ်၍ မိမိ, သူတစ်ပါး စီးပွားချမ်းသာပြန့်နှံ့စေခြင်း၏အစွမ်းဖြင့်ဖြစ်သော မည်စ်နွမ်းသော အလိုဆန္ဒဖြင့် အကျိုးစီးပွားညွှန်ကြားမှုကို နာကြားကြောင်းစေတနာသည် ဓမ္မသဝနမည်ပါသည်။

* အပြစ်မရှိသော အတတ်စသည်ကို ကြားနာကြောင်းစေတနာကိုလည်း ဤ ဓမ္မသဝနဟု ခေါ်ဝေါ်ရပါမည်။

➢ **ဓမ္မဒေသနာမည်ပုံ။** ။ လာဘ်လာဘ ပူဇော်သက္ကာရအစရှိသည်တို့၌ ငဲ့ကွက်မှုကင်းသောကြောင့် ယောနိသော မနသိကာရရှိသောသူ၏ စီးပွားကို ညွှန်ပြကြောင်းစေတနာသည် ဓမ္မဒေသနာမည်ပါသည်။

အပြစ်မရှိသော အတတ်စသည်ကို ညွှန်ပြကြောင်းစေတနာကိုလည်း ဓမ္မဒေသနာ ၌ပင် သွင်းယူရပါမည်။

စေး။ ။ **"တရားတစ်ပွဲ တစ်သိန်းခွဲ"** ဟု ကြေးနှုန်းသတ်မှတ်၍ တရားဟောခြင်းသည် ဓမ္မဒေသနာကုသိုလ်ဖြစ်/မဖြစ် ဦးကာကျော်အာဘော်သွင်းကာ ဖြေရှင်းပြပါ။

ဖြေ။ ။ လာဘသက္ကာရစသည်ကို မငဲ့ဘဲ ယောနိသော မနသိကာရဖြင့် စီးပွားချမ်းသာကို ညွှန်ပြကြောင်းစေတနာသည်သာ ဓမ္မဒေသနာမည်သင့်သောကြောင့် ကြေးနှုန်းသတ်မှတ်၍ တရားဟောခြင်းသည် ဓမ္မဒေသနာကုသိုလ် မဖြစ်ပါ။

စေး။ ။ သင်္ချာ, အင်္ဂလိပ်-စသည်ကို သင်ယူခြင်း, သင်ကြားပေးခြင်းတို့သည် ပုညကြိယဝတ္ထုဖြစ်/မဖြစ် အကြောင်းပြစိစစ်ပါ။ (၁၃၆၂-ခု လတ် ရှမ်းပြည်နယ်)

ဖြေ။ ။ အပြစ်မရှိသော အတတ်ပညာကို သင်ယူခြင်း, သင်ကြားပေးခြင်းစေတနာသည်လည်း ဓမ္မသဝန, ဓမ္မဒေသနာ၌ အကျုံးဝင်သောကြောင့် သင်္ချာ, အင်္ဂလိပ် - စသည်ကို သင်ယူခြင်း သင်ကြားပေးခြင်းတို့သည် ပုညကြိယဝတ္ထုဖြစ်ပါသည်။

➢ **ဒိဋ္ဌုကမ္မမည်ပုံ** ။ ။ အတ္ထိ ဒိန္နံ-အစရှိသောနည်းဖြင့်ဖြစ်သော မှန်ကန်စွာမြင်ခြင်း၏အစွမ်းဖြင့် အသိဉာဏ်ကို (ဝါ) အယူကို ဖြောင့်မှန်အောင် ပြုခြင်းသည် "ဒိဋ္ဌုကမ္မ"မည်ပါသည်။

➢ **ဒိဋ္ဌုကမ္မံ-၌ ဒိဋ္ဌိ အရ။** ။ ကမ္မသကတဉာဏ်-ဟုဆိုအပ်သော သမ္မာဒိဋ္ဌိကို ယူရပါမည်။

မေး။ ။ ဉာဏဝိပ္ပယုတ်ဖြစ်၍ ဉာဏ်မပါသောကြောင့် ဉာဏ်ကိုဖြောင့်အောင် မပြုနိုင်ရကား ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်၌ ဒိဋ္ဌုကမ္မပုညကြိယဝတ္ထု မရထိုက်ပါလော?။

➢ **ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်၌ ဒိဋ္ဌုကမ္မပုညကြိယဝတ္ထု ရနိုင်ခြင်းအကြောင်း** ရှေ့အဖို့ နောက်အဖို့တို့၌ဖြစ်သော စေတနာတို့ကိုလည်း ထိုထိုပုညကြိယဝတ္ထု

http://www.dhammadownload.com

၌ သွင်းယူရသောကြောင့် ဥဏာဝိပ္ပယုတ်စေတနာကိုလည်း ရနိုင်ပါသည်။ (၀၊) ဥဏာ ဝိပ္ပယုတ်စိတ္တုပ္ပါဒ်သည်လည်း ဒိဋ္ဌဂုကမ္မ အမည်ရနိုင်ပါသည်။

➢ **ပုညကြိယဝတ္ထု ၁၀-ပါးကို ဒါန, သီလ, ဘာဝနာ-၌ သွင်းယူပုံ**

၁။ ➢ **ပတ္တိဒါန, ပတ္တာနုမောဒနာ-တို့ကို ဒါန-၌ သွင်းယူရခြင်းအကြောင်း**

ပတ္တိဒါန ပတ္တာနုမောဒနတို့ကို ဒါနသဘောရှိသောကြောင့် ဒါန-၌ သွင်းယူရပါသည်။ [**အကျယ်**] ဒါနသည် ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ ပတ္တိဒါန, ပတ္တာနုမောဒနတို့သည်လည်း ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဤသို့ တူသော ဆန့်ကျင်ဘက်ရှိကုန်သည့်အတွက် တူသောလက္ခဏာရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒနတို့ကို ဒါန-၌ သွင်းယူရပါသည်။

➢ **ဒါန-၏ ပဋိပက္ခတရား - ဣဿာနှင့် မစ္ဆရိယ ဖြစ်ပါသည်။**

၂။ ➢ **အပစာယနနှင့် ဝေယျာဝစ္စ-တို့ကို သီလ၌ သွင်းယူရခြင်းအကြောင်း**

စာရိတ္တသီလဖြစ်သောကြောင့် အပစာယနနှင့် ဝေယျာဝစ္စတို့ကို သီလ၌ သွင်းယူရပါသည်။

၃။ ➢ **ဓမ္မဒေသနာ, ဓမ္မဿဝန, ဒိဋ္ဌုဇုကမ္မ-တို့ကို ဘာဝနာ၌ သွင်းယူခြင်းအကြောင်း**

ကုသိုလ်တရားတို့ကို အဖန်ဖန် မှီဝဲတတ်သောကြောင့် ဓမ္မဒေသနာ, ဓမ္မဿဝန, ဒိဋ္ဌဇုကမ္မတို့ကို ဘာဝနာ-၌ သွင်းယူရပါသည်။

➢ အပရေဆရာတို့အလို- **ဓမ္မဒေသနာ, ဓမ္မဿဝန-တို့ကို ဘာဝနာ၌ သွင်းယူခြင်းအကြောင်း** ။ ။ တရားဟော, တရားနာပုဂ္ဂိုလ်တို့သည် ဓမ္မဒေသနာတော်ကို အစဉ်လိုက်ပြီး ဝိပဿနာဉာဏ်ကိုဖြစ်စေကာ ဟောကြနာကြကုန်၏။ ထိုသို့ ဟောကြ နာကြခြင်း ဓမ္မဒေသနာ, ဓမ္မဿဝနတို့သည် လက္ခဏာထိုးထွင်းသိမှု (၀၊) သစ္စာ ၄-ပါး ထိုးထွင်းသိမှုကို ဖြစ်စေသောကြောင့် ဓမ္မဒေသနာ, ဓမ္မဿဝနတို့ကို ဘာဝနာ-၌ သွင်းယူရပါသည်။

➢ သက်ဝါ၁-အလို **ဓမ္မဒေသနာကို ဒါန-၌ သွင်းယူခြင်းအကြောင်း**

ဓမ္မဒါန သဘောရှိသောကြောင့်ရင်း, သဗ္ဗဒါနံ, ဓမ္မဒါနံ, ဇိနာတိ-ဟု ဘုရားရှင် ဟောတော်မူသောကြောင့်ရင်း, ဓမ္မဒေသနာကို ဒါန-၌ သွင်းယူရပါသည်။

➢ **ဒိဋ္ဌုဇုကမ္မကို ပုညကြိယဝတ္ထု ၁၀-ပါးလုံး၌ သွင်းယူခြင်းအကြောင်း**

ဒိဋ္ဌဇုကမ္မကို အလုံးစုံသော ပုညကြိယဝတ္ထုတို့၏ အကျိုးပြီးဘို့ရန် မှတ်ကြောင်း လက္ခဏာဖြစ်သောကြောင့် ပုညကြိယဝတ္ထု ၁၀-ပါးလုံး၌ သွင်းယူရပါသည်။

➢ **ဥညကိရိယဝတ္ထု ၁၀-ပါးမှ ၃-ပါးဖြစ်ပုံ** ။ ။ ပတ္တိဒါန, ပတ္တာနုမောဒနာ ၂-ပါးတို့ကို ဒါနမှ၌ သွင်းယူရသောကြောင့်ရင်း။ အပစာယန, ဝေယျာဝစ္စ ၂-ပါးတို့ကို သီလ

http://www.dhammadownload.com

၌ သွင်းယူရသောကြောင့်ရင်း။ ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာ၌ သွင်းယူရသောကြောင့်ရင်း ပုညကိရိယဝတ္ထု ၁၀-ပါးမှ ၃-ပါးဖြစ်ရပါသည်။

➢ **ရူပါဝစရကုသိုလ်ကံသည် ကာယ ဝစီ မနောကံ-ဟု သုံးပါးအပြားမရှိ မနောကံတစ်မျိုးတည်းသာ ဖြစ်ရခြင်းအကြောင်း/ရူပါဝစရကုသိုလ်ကံ၏ မနောကမ္မအမည်ရခြင်းအကြောင်း။** ။ ဝိညတ်ကိုဖြစ်စေခြင်းသဘောမရှိရကား-ကာယဒွါရ, ဝစီဒွါရတို့၌ မဖြစ်ခြင်းကြောင့် ရူပါဝစရကုသိုလ်ကံသည် မနောကံသာဖြစ်ရပါသည်။

➢ **ဒါနသီလဘာဝနာ သုံးပါးအပြားမရှိ ဘာဝနာတစ်မျိုးသာဖြစ်ရခြင်းအကြောင်း/ရူပါဝစရကုသိုလ်ကံသည် ဘာဝနာမယအမည်ရခြင်းအကြောင်း။** ။ ရူပါဝစရကုသိုလ်ကံသည် ဒါန, သီလ၏အစွမ်းဖြင့် မဖြစ်သောကြောင့် ဘာဝနာတစ်မျိုးသာဖြစ်ရပါသည်။ **အမှာ။** ။ ပေးကမ်းလှူဒါန်းမှု, သီလဆောက်တည်မှုပြုရုံမျှဖြင့် ရူပါဝစရကုသိုလ်စိတ် မဖြစ်နိုင်, သမထဘာဝနာကို ပွားများမှသာ ရူပါဝစရကုသိုလ်ဖြစ်နိုင်၏ဟု ဆိုလိုသည်။

➢ **ရူပါဝစရကုသိုလ်ကံသည် အပွနာသို့ရောက်ခြင်းအကြောင်း/အပွနာပဋ္ဌာပြစ်ခြင်းအကြောင်း။** ။ ရှေ့အဘို့၌ဖြစ်သော ဘာဝနာများသည် ကာမာဝစရဘာဝနာများ ဖြစ်သောကြောင့် ရူပါဝစရကုသိုလ်ကံသည် အပွနာသို့ရောက်ပါသည်။

➢ **ရူပါဝစရကုသိုလ်ကံ ၅-ပါးသာရှိရမုံ့။** ။ ရူပါဝစရကုသိုလ်သည် ပဌိပဒါအပြား, အာရုံအပြားအားဖြင့် များစွာရှိသော်လည်း အောက်အောက်စျာန်အင်္ဂါတို့ကို လွန်၍ ဖြစ်သော စျာန်အင်္ဂါအပြားအားဖြင့် ငါးပါးသာရှိသည်။

➢ **အရူပကုသိုလ်ကံ ၄-မျိုးပြားမုံ့။** ။ ၁။ ကသိုဏ်းကိုခွာ၍ရအပ်သော ကောင်းကင်ပညတ်အာရုံ, ၂။ ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဉ် အာရုံ, ၃။ ပဌမာရုပ္ပဝိညာဉ်မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်အာရုံ, ၄။ နတ္ထိဘောပညတ်လျှင် အာရုံရှိ[illegible] တတိယာရုပ္ပဝိညာဉ်အာရုံ။ ဤအာရုံတို့၏အပြားအားဖြင့် အရူပကုသိုလ်ကံ ၄-မျိုးပြားရပါသည်။

ဧမေ။ ။ အဓိမောက္ခနှင့်မယှဉ်သောကြောင့် အားအနည်းဆုံးဖြစ်သော ဝိစိကိစ္ဆာစေတနာ သည် ပဋိသန္ဓေကျိုးကိုပေးနိုင်ပါလျက် အဓိမောက္ခနှင့်ယှဉ်သောကြောင့် ဝိစိကိစ္ဆာ ထက် အားကောင်းသော ဥဒ္ဓစ္စစေတနာသည် အဘယ်ကြောင့် ပဋိသန္ဓေကျိုးမပေးပါသနည်း။

➢ **ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုး မပေးခြင်းအကြောင်း** ။ ။ ဥဒ္ဓစ္စစေတနာ သည် ပဋိသန္ဓေကျိုး ပေးခြင်းသဘော မရှိသောကြောင့် ပဋိသန္ဓေကျိုးကို မပေးပါ။

➢ **အပါယ်ဘုံ၌ ပဝတ္တိကျိုးကိုသာပေးသော အကုသိုလ်ကံ။** ။ ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုး ပေးခြင်းသဘော မရှိသောကြောင့် -- ဥဒ္ဓစ္စစေတနာဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ဥဒ္ဓစ္စကဲ့သည် အပါယ်ပဋိသန္ဓေကျိုး မပေးနိုင်ခြင်းအကြောင်း**

➢ **ဇောဟာကုသလကမ္မမုဒ္ဓစ္စရတိတဲ့–ဌ် ဥဒ္ဓစ္စကြောင့်ရခြင်းအကြောင်း**။ ။ ဥဒ္ဓစ္စ စေတနာသည် [အားကောင်းသော်လည်း] ပဋိသန္ဓေကျိုးပေးခြင်း သဘောမရှိသော ကြောင့် -- ဥဒ္ဓစ္စကဲ့သည် အပါယ်ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ။

မှန်၏၊ စေတနာအားကောင်းလျှင် ပဋိသန္ဓေကျိုးပေးနိုင်၏၊ အားမကောင်းလျှင် မပေးနိုင်ဟူသောစီစဉ်မှုသည် ပဋိသန္ဓေကျိုး ပေးခြင်းသဘောရှိသောတရားတို့နှင့် သက်ဆိုင်၏၊ နဂိုက ပဋိသန္ဓေကျိုးပေးခြင်းသဘောမရှိသော ဥဒ္ဓစ္စစေတနာအတွက် အားကောင်းမှုသည် ပဋိသန္ဓေကျိုးကို ပေးရာ၌ သက်ဆိုင်သော အကြောင်းမဟုတ်ပေ။

ဖေး။ ။ ဥဒ္ဓစ္စသဟဂုတ်ကဲ့၏ ပဋိသန္ဓေကျိုးပေးခြင်းသဘော မရှိပုံကို အဘယ်သို့ သိနိုင်ပါသနည်း။

ဖြေ။ ။ သောတာပတ္တိမဂ်သည် ပယ်ထိုက်သောတရားတို့၌ ဥဒ္ဓစ္စသဟဂုတ်ကဲ့၏ မလာသောကြောင့် (၀ါ) မပါသောကြောင့် ဥဒ္ဓစ္စသဟဂုတ်ကဲ့၏ ပဋိသန္ဓေကျိုးပေးခြင်း သဘောမရှိပုံကို သိနိုင်ပါသည်။

➢ **ဒဿနေန ပဟာတဗ္ဗအကုသိုလ်**။ ။နိဗ္ဗာန်ကို ရှေးဦးစွာမြင်သောကြောင့် ဒဿန-ဟု အမည်ရသော သောတာပတ္တိမဂ်သည် ပယ်အပ်သောကြောင့်-ဒိဋ္ဌဂတသဟဂုတ်စိတ္တုပ္ပါဒ်, ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်တို့သည် **ဒဿနေနပဟာတဗ္ဗ** (သောတာပတ္တိမဂ်သည် ပယ်ထိုက်သော) **အကုသိုလ်** မည်ပါသည်။

၂။ **ဘာဝနာယပဟာတဗ္ဗ အကုသိုလ်**။ ။ ဘာဝနာအမည်ရသော အရဟတ္တမဂ်က ပယ်အပ်သောကြောင့်-ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်သည် **ဘာဝနာယပဟာတဗ္ဗ** (အထက်မဂ် ၃-ပါးသည် ပယ်ထိုက်သော) **အကုသိုလ်** မည်ပါသည်။

၃။ **သိယာဒဿနေန ပဟာတဗ္ဗ သိယာဘာဝနာယပဟာတဗ္ဗ အကုသိုလ်**

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်တို့၏ အပါယဂမနီယ ဖြစ်သော အခိုက်အတန့်ကို သောတာပတ္တိမဂ်သည် ပယ်အပ်သောကြောင့်ရင်း, ကြွင်းသော ထူထဲသော အခိုက်အတန့် , မထူထဲသော အခိုက်အတန့်တို့ကို အထက်မဂ် ၃-ပါးတို့က ထိုက်သင့်သလို ပယ်အပ်သောကြောင့်ရင်း-ဒိဋ္ဌဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်နှင့် ဒေါသမူဒွေးတို့သည် **သိယာဒဿနေနပဟာတဗ္ဗ သိယာဘာဝနာယပဟာတဗ္ဗ** (အချို့သောတာပတ္တိမဂ်က ပယ်ထိုက်သော အကုသိုလ်, အချို့အထက်မဂ် ၃-ပါးက ပယ်ထိုက်သော) **အကုသိုလ်**မည်ပါသည်။

➢ **အထက်မဂ် ၃–ပါးကို ဘာဝနာ–ဟု ခေါ်ရခြင်းအကြောင်း**။ ။ သောတာပတ္တိမဂ်တွေ့မြင်ပြီးသောနိဗ္ဗာန်ကို ပွားစေသည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် အရဟတ္တမဂ်,

http://www.dhammadownload.com

အနာဂါမိမဂ်, သကဒါဂါမိမဂ်တို့ကို ဘာဝနာ-ဟုခေါ်သည်။

ဓမ္မာ။ ။ ဆိုခဲ့ပြီး အကုသိုလ် ၃-မျိုးတို့တွင် ဥဒ္ဓစ္စစေတနာသည် ဒဿနေနပဟာတဗ္ဗ, သိယာဒဿနေနပဟာတဗ္ဗ တရားနှစ်မျိုးလုံး၌ မပါဝင်သောကြောင့် ဒဿနေနပဟာတဗ္ဗ, သိယာဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ-ဟု ဟိတ်ပါ၌ရှေးသင့်သော်လည်း ဒဿနေန ပဟာတဗ္ဗတရားချင်းတူသောကြောင့် ယင်းအကုသိုလ်နှစ်မျိုးလုံးကို ပေါင်း၍ ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ-ဟု ဧကဒေသူပစာအားဖြင့် ဟိတ်ပါ၌ရေးခဲ့ပါသည်။

➢ **လဒ္ဓစေါသ အဆက်ဆုတ်။** ။ ၁။ ဥဒ္ဓစ္စသဟဂုတ်စေတနာက ပဋိသန္ဓေကျိုးပေးနိုင်၏ဟုဆိုလျှင် သုဂတိဘုံ-၌ မပေးနိုင်သောကြောင့် အပါယ်ပဋိသန္ဓေကျိုး ပေးရခြင်းအပြစ်ရောက်၏။ ၂။ အပါယ်ပဋိသန္ဓေကျိုးပေး၏ဟုဆိုလျှင် အပါယဂမနီယဖြစ်သော ယင်းဥဒ္ဓစ္စစေတနာကို သောတာပတ္တိမဂ်က မချွတ်ဧကန် ပယ်ရခြင်းဟူသော အပြစ်ရောက်၏။ ၃။ ဥဒ္ဓစ္စစေတနာသည် အပါယ်ပဋိသန္ဓေကျိုးပေး၍ ယင်းကိုသောတာပတ္တိမဂ်က မပယ်သတ်လျှင် သေက္ခပုဂ္ဂိုလ် ၃-ယောက်တို့ အပါယ်ကျနိုင်ခြင်းဟူသော အပြစ်ရောက်၏။ **အခြားခင်းကား**-စတူဟပါယေဟိစ ဝိပ္ပမုတ္တော။ (ခုဒ္ဓကပါဋ-၆) အဝိနိပါတခမ္မော၊ (ပါရာဇိကဏ်-၁၁) ဤသို့သောပါဠိတော်များနှင့်ဆန့်ကျင်သောကြောင့် တည်း။ အပါယဂမနီယဖြစ်သော ဥဒ္ဓစ္စစေတနာရှိ၏ဟုဆိုလျှင် (၀ါ) ဥဒ္ဓစ္စစေတနာကို သောတာပတ္တိမဂ်က ပယ်၏ဟုဆိုလျှင် ယင်းအပါယဂမနီယဖြစ်သော ဥဒ္ဓစ္စစေတနာကို ဝိဘင်းပါဠိ-၌ ဘုရားရှင်ဟောတော်မူရာ၏။ ဟောကား-မဟောခဲ့၊ ထို့ကြောင့် အပါယဂမနီယဖြစ်သော ဥဒ္ဓစ္စစေတနာ မရှိနိုင်ပါ။(၀ါ) ဥဒ္ဓစ္စစေတနာသည် **သိယာ ဒဿနေနပဟာတဗ္ဗအကုသိုလ်** မမည်ပါ။

ဓမ်း။ ။ သိယာ အပါယဂါမိနိယော ရာဂေါ ဒေါသော မောဟော တဒေ[illegible] ကိလေသာ-ဟူ၍ ဒဿနေန ပဟာတဗ္ဗတရားကို ဟောပြထားသောကြောင့် တဒေကဋ္ဌာ ကိလေသာ-ပုဒ်ဖြင့် ဥဒ္ဓစ္စစေတနာကို ဒဿနေန ပဟာတဗ္ဗတရားထဲ၌ ထည့်သွင်းယူအပ်သည် မဟုတ်ပါလော?။

➢ **ဥဒ္ဓစ္စစေတနာကို ဒဿနေန ပဟာတဗ္ဗတရားထဲ၌ ထည့်သွင်း မယူသင့်ခြင်းအခြောင်း** ။ ။ ဥဒ္ဓစ္စစေတနာကို ဘာဝနာယ ပဟာတဗ္ဗအဖြစ်ဖြင့် တိုက်ရိုက်ဟောထားသောကြောင့် ယင်းကို ဒဿနေန ပဟာတဗ္ဗတရားထဲ၌ ထည့်သွင်းမယူသင့်ပါ။

[**သာဓက**] ကတမေ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာ, ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ။

ဓမ်း။ ။ ပဋိသမ္ဘိဒါမဂ်ဝိဘင်းပါဠိတော်၌ဝယ် ယသ္မိသမယေ (၀) အတ္ထပဋိသမ္ဘိဒါ-ဟု ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်ကိုထုတ်၍ ယင်း၏အကျိုးကိုလည်း တေသံ ဝိပါကေ-

http://www.dhammadownload.com

ဟု ဟောပြထားသောကြောင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို ပေးနိုင်သည် မဟုတ်ပါလော?။

ဖြေ။ ။ ယင်းဝိဘင်းပါဠိတော်၌ အကျိုးဟူသည် ပဋိသန္ဓေကျိုးကို ရည်ရွယ်၍ ဟောသည် မဟုတ်, ပဝတ္တိကျိုးကိုသာ ရည်ရွယ်၍ ဟောခြင်းဖြစ်သည်, မှန်၏။ ပဌာန်းကျမ်း၌ ဒဿနေန ပဟာတဗ္ဗစေတနာကိုသာ သဟဇာတနာနာဘက်ကိုက ကမ္မပစ္စည်း အဖြစ်ဖြင့် ဟောတော်မူ၏။ ဘာဝနာယ ပဟာတဗ္ဗစေတနာကိုကား သဟဇာတကမ္မပစ္စည်းအဖြစ်ဖြင့်သာ ဟောတော်မူ၍ နာနာဘက်ကိုက ကမ္မပစ္စည်းအဖြစ်ဖြင့် နာနာဘက်ကိုကကမ္မပစ္စည်းအဖြစ်ဖြင့် ဟောတော်မမူ၊ နာနာဘက်ကိုကကမ္မပစ္စည်း မတပ်သောတရားသည် ပဋိသန္ဓေကျိုးကိုမပေးနိုင်ပါ၊ ထို့ကြောင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုး မပေးနိုင်။

➢ **ဧကေဝါဒ**။ ။ ဧကေဆရာတို့က ပဌာန်းကျမ်း၌ ဥဒ္ဓစ္စစေတနာကို နာနာဘက်ကိုက ကမ္မပစ္စည်းအဖြစ်ဖြင့် ဟောတော်မမူသောကြောင့် ယင်းဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးနှစ်မျိုးလုံးကို မပေးနိုင်ဟုဆိုသည်။

➢ **ဧကေဝါဒမသင့်ခြင်းအကြောင်း**။ ။ ပဋိသမ္ဘိဒါမဂ် ဝိဘင်းပါဠိတော်၌ "တေသံ ဝိပါကေ"စသည်ဖြင့် ဥဒ္ဓစ္စစေတနာ၏ ပဝတ္တိကျိုးပေးနိုင်ပုံကို ဟောထားသောကြောင့်ဌင်း, ပဌာန်းပါဠိတော်၌ ပဋိသန္ဓေကျိုးပေးမှု မရှိခြင်းကိုသာ ရည်ရွယ်၍ နာနာဘက်ကိုက ကမ္မပစ္စည်းအဖြစ်ဖြင့် မဟောခြင်းဖြစ်သောကြောင့်ဌင်း, အထက်ပါ ဧကေဝါဒမသင့်ပါ။

➢ **ပဝတ္တိအကျိုးရှိစသော်လည်း မဟောခြင်းအစကြောင်း**။ ။ ပဌာန်းကျမ်း၌ ဥဒ္ဓစ္စစေတနာ၏ ပဝတ္တိကျိုးကိုရည်ရွယ်၍ နာနာဘက်ကိုက ကမ္မပစ္စည်းအဖြစ်ဖြင့် ဟောခဲ့သည်ရှိသော် ပဋိသန္ဓေကျိုးကိုပေးနိုင်၏ဟု မှတ်ယူမည်စိုးသောကြောင့် ရသင့်သော်လည်း ဥဒ္ဓစ္စစေတနာ၏ပဝတ္တိကျိုးကို နာနာဘက်ကိုက ကမ္မပစ္စည်းအဖြစ်ဖြင့် မဟောပါ။

➢ **ဝါဒန္တရ**။ ။ အာစရိယဗုဒ္ဓမိတ္တထေရ်စသည်တို့က (၁) ဘာဝနာယ ပဟာတဗ္ဗ ဥဒ္ဓစ္စစေတနာ (၂) နှ ဘာဝနာယ ပဟာတဗ္ဗဥဒ္ဓစ္စစေတနာ-ဟု နှစ်မျိုးခွဲပြီး (၁) နံပါတ်စေတနာသည် သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်၏၊ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး နှစ်မျိုးလုံး မပေးနိုင်၊ (၂) နံပါတ်စေတနာသည် ပုထုဇဉ်သန္တာန်၌ဖြစ်၏၊ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး နှစ်မျိုးစလုံးပေးနိုင်၏ဟု ဖွင့်ဆိုကုန်၏။

➢ **သဗ္ဗတ္ထာပိ ကာမလောဓက–၌ သဗ္ဗတ္ထာ**။ ။ သုဂတိ, ဒုဂ္ဂတိနှစ်မျိုးကိုယူရပါမည်။ (၀ါ) သုဂတိ, ဒုဂ္ဂတိစုံသောကြောင့် "သဗ္ဗတ္ထ" ဟု ဆိုသည်။

➢ **ယထာရဟံ ဝိပစ္စတိ–၌ ယထာရဟံ**။ ။ ဒွါရအာရုံအားလျော်စွာ အကျိုးပေးသည်ကို "ယထာရဟံ" ဟု ဆိုပါသည်။

[အကုသိုလ်က ၁၂-ပါးသည် ရှုပဘုံ၌ အကုသလဝိပါက်ကိုဖြစ်စေရာဝယ် ဌင်းဘုံ၌

http://www.dhammadownload.com

ဃာနာဒိတ္တယမရှိရကား-ယင်းဝိညာဉ်စိတ်တို့လည်း မရှိနိုင်၊ ထို့ကြောင့် အကုသလ ဝိပါက် ၄-ပါးကိုသာ ဖြစ်စေ၏ဟု ရယ်ရွယ်၍ "ယထာရဟံ"ဟု မိန့်ဆိုသည်။]

➢ **ကာမကုသိုလ်ကံက အပါယ်ဘုံ၌ ပဝတ္တိကျိုးပေးခြင်းအကြောင်း။** ။ အပါယ်ဘုံ၌ နဂါးမင်း, ဂဠုန်မင်း-စသော သတ္တဝါတို့၏စည်းစိမ်ကို တွေ့မြင်ရာအခါ တရားဟောကြွလာသော ရှင်မောဂ္ဂလာန်ထေရ်ကို ဖူးမြင်ရာအခါ, တရားတော်ကိုနာကြားရာအခါ စန္ဒကူးနံ့ဖြင့်ထုံအပ်သော သက်နီးတော်တို့ကို နမ်းရှူရာအခါ, တရားနာပရိတ်သတ်များ တန်ဖိုးဖြင့်ရွာချသောမိုးရေကို သောက်သုံးရာအခါ, လေပြေလေညင်း တိုက်ခတ်ရာအခါ စသည်တို့သည် ကုသိုလ်ကံ၏အကျိုးဖြစ်သောကြောင့် ကာမကုသိုလ်ကံသည် အပါယ် ၄-ဘုံ၌လည်း (၀၊) ကာမ ၁၁-ဘုံ၌လည်း အကျိုးပေးပါသည်။

➢ **ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိဘုံ၌သာ အကျိုးပေးနွှင့်ရှိပါလျှက်, အပါယ်ဘုံ၌ ပဝတ္တိကျိုးပေးရြေခြင်းအကြောင်း** ။ ။ အပါယ်ဘုံ၌ နဂါး, ဂဠုန်-အစရှိသော သတ္တဝါတို့၏ ကြိုးကျယ်သောစည်းစိမ်ချမ်းသာလျှင် အရာရှိသော ဝိပါက်ဝိညာဉ်သည်ထင်း, ရှင်မောဂ္ဂလာန်ကို ဖူးမြင်ရသော ငရဲသူ, ငရဲသားတို့မှာဖြစ်သော ဝိပါက်ဝိညာဉ်စသည်သည်ထင်း, ကုသိုလ်ကံ၏အကျိုးသာဖြစ်သင့်သောကြောင့် ကာမာဝစရကုသိုလ်ကံသည် အပါယ်ဘုံ၌ ပဝတ္တိအကျိုးကို ပေးရသည်။

➢ **ကာမကုသိုလ်ကံက ရူပဘုံ၌ ပဝတ္တိအကျိုးပေးခြင်းအကြောင်း**။ ။ ဘုံချင်းမတူသော ရူပကုသိုလ်ကံ၏ အဟိတ်ဝိပါက်အကျိုး မရှိသောကြောင့်ထင်း, ကာမဂုဏ်ကို စက် ဆုတ်သော ရူပကုသိုလ်ကံသည် ကာမအာရုံလျှင် အာရုံရှိသောအဟိတ်ဝိပါက်များကို အကျိုးပေးဘို့ရန် မသင့်လျော်သောကြောင့်ထင်း, မဟဂ္ဂတ် လောကုတ္တရာကုသိုလ်များသည် ဇနေတိ သဒိသ ပါဂ်အရ-တူသော အကျိုးကိုပေးသောကြောင့်ထင်း, ရူပါ၀စရကုသိုလ်ကံကြောင့် အဟိတ်ဝိပါက်များမဖြစ်နိုင်ရကား- ကာမကုသိုလ်ကံသည် ရူပဘုံ၌ အဟိတ်ကုသလဝိပါက် ၅-ပါးကို ဖြစ်စေနိုင်ပါသည်။

➢ **ယထာရဟံအဓိပ္ပါယ်**။ ။ ကာမကုသိုလ်ကံသည် ၁၆-ပါးသော အကျိုးဝိပါက်ကို ဖြစ်စေရာ၌ မဟာဝိပါက်စိတ် ၈-ပါးတို့ကို ကာမသုဂတိ ၇-ဘုံ၌သာထင်း, အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတို့ကို ကာမ ၁၁-ဘုံလုံး၌ထင်း, ထိုအဟိတ်ဝိပါက်တို့တွင် ဃာနာဒိတ္တယကြဉ် ၅-ပါးသောစိတ်တို့ကို အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ထင်း, ထိုက်သင့်သလိုဖြစ်စေ၏၊ ဤကို ရည်ရွယ်၍ "ယထာရဟံ ဝိပစ္စတိ"ဟု ဆိုသည်။ (ဒီပနီ)

ဓမ်း။ ။ သီလသက်သက်ကို ဆောက်တည်ရုံမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက် ရောက်နိုင်/ မရောက်နိုင် သာဓကပြရှင်းလင်းဖြေဆိုပါ။ (၁၃၅၀-ခု လတ်)

ဓမ်း။ ။ ဒါနကုသိုလ်သက်သက်ဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက် ရောက်နိုင်/မရောက်နိုင် သင်ဟ

http://www.dhammadownload.com

သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ။ သီလဆောက်တည်ရုံမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်နိုင်ပါ။ (သာဓက)

ကာမာဝစရကုသလမ္မိ ကာမသုဂတိယမေဝ ပဋိသန္ဓိဇနေတိ။ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပ လောကေ စ ယထာရဟံ ဝိပစ္စတိ။

➢ **ဥက္ကဋ္ဌက် မည်ပုံ။** ။ ကုသိုလ်အခြံအရံကိုရခြင်းကြောင့် ထူးခြားသော ကုသိုလ်သည် ဥက္ကဋ္ဌက်မည်၏။ (တစ်နည်း) ကံပြုရာကာလမှနောက်၌ အဖန်ဖန်ထုံ့မွမ်းခြင်း၏ ဖြစ်ခြင်းကြောင့် ထူးခြားသောကုသိုလ်သည် ဥက္ကဋ္ဌက်မည်၏။ (တစ်နည်း) ကုသိုလ်မပြုမီ ပုဗ္ဗစေတနာအခိုက်နှင့် ကုသိုလ်ပြုပြီးနောက် အပရစေတနာအခိုက်တို့၌ ဝမ်းမြောက် ဝမ်းသာကုသိုလ်ဇောများ ခြံရံနေသောကံသည် ဥက္ကဋ္ဌက်မည်၏။ (တစ်နည်း) ကံပြုရာကာလမှနောက်၌ အဖန်ဖန်ထုံ့မွမ်းမှုကို ရခြင်းအားဖြင့် မပြတ်မလပ်လေ့ကျက် အပ်သောကံသည် "ဥက္ကဋ္ဌက်" မည်ပါသည်။

➢ **ဥက္ကဋ္ဌကုသိုလ်ကံ၏ တိဟိတ်/ဒွိဟိတ်ဖြစ်ပုံ** ။ ။ ဥက္ကဋ္ဌကုသိုလ်သည် ပုဗ္ဗစေတနာအခိုက်၌ ကမ္မသကတဉာဏ်ပါလျှင် တိဟိတ်ဥက္ကဋ္ဌ, မပါလျှင် ဒွိဟိတ်ဥက္ကဋ္ဌ ဖြစ်သည်။

➢ **ဩမကကံ မည်ပုံ။** ။ ကုသိုလ်ပြုရာဝယ် ပုဗ္ဗစေတနာ အပရစေတနာအခိုက်တို့၌ ဂုဏ်သတင်းကြီးမားလိုခြင်း-စသော အကုသိုလ်ခြံရံလျှက် ပြုအပ်သောကံသည် ဩမကကံမည်၏။ (တစ်နည်း) အပရစေတနာအခိုက်၌ ပြုမိတာမှားလေခြင်း-စသည်ဖြင့် ဝိပ္ပဋိသာရ ဖြစ်နေသောကံသည် " ဩမကကံ" မည်ပါသည်။

➢ **ဩမကကုသိုလ်ကံ၏ တိဟိတ်/ဒွိဟိတ်ဖြစ်ပုံ** ။ ။ ဩမကကံသည် မုဇ္ဈစေတနာ အခိုက်၌ ကမ္မသကတဉာဏ်ပါလျှင် တိဟိတ်ဩမက၊ မပါလျှင် ဒွိဟိတ်ဩမက။

➢ **ပဋိသန္ဓိဒတ္တာ-၌ ပဋိသန္ဓိအရ။** ။ တစ်ခုသောကံသည် မျှားစွာသော ဘဝတို့၌ ပဋိသန္ဓေကျိုး မပေးနိုင်သောကြောင့် တစ်ဘဝပဋိသန္ဓေကျိုးကိုသာ ယူရမည်။ [ပဝတ္တိ အကျိုးကိုကား ဘဝတစ်ရာတိုင်အောင်ငင်း, ဘဝတစ်ထောင်တိုင်အောင်ငင်း-စသည်ဖြင့် ပေးနိုင်၏၊ ယင်းပဝတ္တိကျိုးကိုရယ်ရှယ်၍ တိရစ္ဆာနဂတေ ဒါနံ ဒတ္တာ သတဂုဏာ ဒက္ခိဏာ ပါဋိဂဿိတဗ္ဗာ-စသော ပါဠိရပ်ကို ဘုရားရှင် ဟောတော်မူ၏။]

တိဟိတ်ဩမကကုသိုလ်သည် အလွန်အားနည်းသော်လည်း ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာပေး၏၊ ထို့အောက်ယုတ်သော အဟိတ်ပဋိသန္ဓေကျိုးကို မပေး။

➢ **တိဟိတ်ဩမကကုသိုလ်သည် အဟိတ်ပဋိသန္ဓေကျိုးကို မပေးခြင်း အကြောင်း။** ။ တိဟိတ်ဩမကကုသိုလ်၌ပါသော ဉာဏ်သည် ဇစ္စန္ဓ-အစရှိသော

http://www.dhammadownload.com

ဝိပတ္တိ၏ အကြောင်းဖြစ်သော မောဟ၏ (၀၊) အလုံးစုံသော အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ရကား ဇစ္ဆန္ဒ-အစရှိသော ဝိပတ္တိပဋိသန္ဓေ၏ အကြောင်းမဖြစ်နိုင်သောကြောင့် တိဟိတ်သြမကကုသိုလ်ကံသည် အဟိတ်ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။

➢ **ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေအကျိုး မပေးခြင်းအကြောင်း** အကုသိုလ်ကံသည် အလောဘနှင့်မယှဉ်သည့်အတွက် အလောဘ၏အကျိုးကို [ဒွိဟိတ်ပဋိသန္ဓေကျိုးကို] မပေးစွမ်းနိုင်သကဲ့သို့ ထို့အတူ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ဉာဏ်မယှဉ်သည့်အတွက် ဉာဏသမ္မယုတ် (တိဟိတ်) ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်သောကြောင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးနိုင်၏။ တိဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်။

ဓမ်း။ ။ ပဋိသန္ဓိဒါမဂ်ပါဠိတော်၌ သုဂတိဘဝ-၀ယ် ၅-ပါးသောဟိတ်တို့၏ သတ္တိကြောင့် ဉာဏသမ္မယုတ်ပဋိသန္ဓေဖြစ်ပုံကိုရင်း, ထို့အပြင် ၆-ပါးသောဟိတ်တို့၏ သတ္တိကြောင့် ဉာဏဝိပ္ပယုတ်ပဋိသန္ဓေဖြစ်ပုံကိုရင်း, ဟောတော်မူသကဲ့သို့ ဤအတူ သုဂတိဘဝ-၀ယ် ၇-ပါးသောဟိတ်တို့၏ သတ္တိကြောင့် ဉာဏဝိပ္ပယုတ်ပဋိသန္ဓေဖြစ်ပုံကို ဟောတော်မမူသောကြောင့် တိဟိတ်သြမကက်က ဒွိဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်သည် မဟုတ်ပါလော။

ဖြေ။ ။ ဒွိဟိတ်သြမကက်သည် မိမိအောက်ယုတ်လျော့သော အဟိတ်ပဋိသန္ဓေကျိုးကို ပေးသကဲ့သို့ ထို့အတူ တိဟိတ်သြမကက်သည်လည်း စွမ်းနိုင်သည်၏အဖြစ်အားဖြင့် မိမိအောက် ယုတ်လျော့သော ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးနိုင်သောကြောင့် အထက်၌ စောဒကပုဂ္ဂိုလ် စောဒနာတိုင်း မဟုတ်ပါ။

➢ **ပဋိသန္ဓိဒါမဂ်-၌ မဟောဖြင်းအကြောင်း။** ။ ထိုသို့ တိဟိတ်သြမကက်က ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးပါသော်လည်း အကြောင်းကံနှင့်အကျိုးဝိပါက်တို့ တူပုံကို ပြခြင်းအကျိုးငှာ သာဝသေသပါဠိကို ဟောတော်မူလိုသောကြောင့် ပဋိသန္ဓိဒါမဂ်-၌ တိဟိတ်သြမကက်က ဒွိဟိတ်ပဋိသန္ဓေကျိုး ပေးနိုင်ပုံကို ရှင်သာရိပုတ္တရာမထေရ် မဟောပါ။

➢ **လဒ္ဓစေါသ။** ။ ပဋိသန္ဓိဒါမဂ်-၌ မဟောသောကြောင့် တိဟိတ်သြမကက်က ဒွိဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်ဟုဆိုလျှင် (၀၊) ပဋိသန္ဓိဒါမဂ်လာ စကားရပ်သည် နိရဝသေသပါဠိဟုဆိုလျှင် စတုန္ဓံ ဟေတူနံ ပစ္စယာ-စသည်ဖြင့် ဒွိဟိတ်သြမကက်က အဟိတ်ပဋိသန္ဓေကျိုး ပေးပုံကိုလည်း ဟောပြ မထားသောကြောင့် ဒွိဟိတ်သြမကက်က အဟိတ်ပဋိသန္ဓေကျိုးကို မပေးနိုင်ခြင်းဟူသော အပြစ်ရောက်၏။

➢ **အသခ်ါရဲ့ သသခ်ါရ-စသော ဂါထာအဓိပ္ပါယ် ကေစိဆရောတို့ယူဆပုံ။** ။ မျက်နှာလှူပ်သည်ရှိသော် မှန်အတွင်း၌ထင်နေသော မျက်နှာရိပ်လှူပ်သကဲ့သို့ ထို့အတူ အသခ်ါရိက ကုသိုလ်ကံသည် အသခ်ါရိကအကျိုးကိုသာ ဖြစ်စေနိုင်၏။ သသခ်ါရိကအကျိုးကို

http://www.dhammadownload.com

မဖြစ်စေနိုင်။ဤသို့ အကြောင်းကံကြောင့်သာလျှင် အသခ်ါရိက သသခ်ါရိကကွဲပြားသည်

➢ **ကေစိထိုးရခြင်းအကြောင်း။** ။ အကျိုးဝိပါက်၏ သခ်ါရအပြားကို သေခါနီး ကာလ၌ ထင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ်-စသောအကြောင်း၏ အစွမ်းဖြင့်သာ အလိုရှိအပ်၏၊ ကံ၏အစွမ်းဖြင့် အလိုမရှိအပ်၊ ထို့ကြောင့် မဟာဓမ္မရက္ခိတထေရ်၏ဝါဒ ကို ကေစိ-ဟု အမည်တပ်ရသည် (ဝါ) ကေစိထိုးရသည်။

➢ **ပရိတ္တ, မဗျိုမ, ပဏီတ အခ်ိုပ္ပါယ်။** ။ ၁။ ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သော အရာဝတ္ထုကဲ့သို့ နည်းသောအာနုဘော်ရှိသောစျာန်သည် ပရိတ္တမည်၏။ ၂။ ပြဌာန်း သည်၏အဖြစ်သို့ (ဝါ) မွန်မြတ်သည်၏အဖြစ်သို့ ဆောင်အပ်သောစျာန်သည် ပဏီတ မည်၏။ ၃။ ပရိတ္တ, ပဏီတ-နှစ်ပါးတို့၏ အလယ်၌ဖြစ်သောစျာန်သည် မဗျိုမမည်၏။

➢ **အဋ္ဌကထာအလို။** ။ ၁။ ရအပ်ခါမျှဖြစ်သော အဖန်ဖန်မမှီဝဲအပ်သောစျာန် သည် ပရိတ္တမည်၏။ ၂။ အလွန်မပွားစေအပ်သော မပြည့်စုံသောဝသီဘော်ရှိသော စျာန်သည် မဗျိုမမည်၏။ ၃။ အလွန်အကဲကောင်းမွန်စွာ ပွားစေအပ်သောပြည့်စုံသော ဝသီဘော်ရှိသောစျာန်သည် ပဏီတ မည်၏။

➢ **အရှင်အနုရုဒ္ဓါအလို။** ။ ၁။ အနည်းငယ် အာသေဝနပစ္စည်းကို ရသောစျာန် သည် "ပရိတ္တ"မည်၏။ ၂။ မနည်းမများ အာသေဝနပစ္စည်းကိုရသော စျာန်သည် **မဗျိုမမည်၏။** ၃။ အလွန်အကဲ အာသေဝနပစ္စည်းကိုရသောစျာန်သည် ပဏီတမည်၏။

➢ **သကဝါဒအလို။** ။ ၁။ ယုတ်ညံ့ကုန်သော ဆန္ဒ, ဝိရိယ, စိတ္တ, ဝိမံသတို့ကြောင့် ဖြစ်သောစျာန်သည် ပရိတ္တမည်၏။ ၂။ အလယ်အလတ်ဖြစ်ကုန်သော ဆန္ဒ-စသော အဓိပတိ ၄-ပါးတို့ကြောင့်ဖြစ်သောစျာန်သည် **မဗျိုမမည်၏။** ၃။ မွန်မြတ်သော ဆန္ဒ-စသော အဓိပတိ ၄-ပါးတို့ကြောင့်ဖြစ်သောစျာန်သည် ပဏီတမည်၏။

➢ **အဘိညာဉ်ကုသိုလ်၏ ပဋိသန္ဓေကျိုးမပေးခြင်းအကြောင်း။** ။ အာသေဝန ပစ္စည်းကို မရသောကြောင့် အဘိညာဉ်ကုသိုလ်သည် ပဋိသန္ဓေကျိုး မပေးပါ။

➢ **ပဌမဈာနံ ဘာဝေတွာ–၌ ပဌမဈာနံ အရ။** ။ အဘိညာဉ်အဖြစ်သို့မရောက် သေးသော ပရိတ္တ, မဗျိုမ, ပဏီတဖြစ်သော ပဌမစျာန်ကို ယူရပါမည်။

➢ **ပဌမဈာနံ ဘာဝေတွာ–၌ အဘိညာဉ်ကိစ္စတပ်သော ပဌမစျာန် မပါသင့်ခြင်း အကြောင်း။** ။ အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမစျာန်သည် ဘုံ၏အစွမ်းဖြင့်တူ သော အာသေဝနပစ္စည်းကိုမရ၍ အားနည်းသောကြောင့် အကျိုးမပေး၊ ထို့ကြောင့် အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမစျာန်ကိုမယူရ။ (ဝါ) အဘိညာဉ်ကိစ္စတပ်သော ပဌမစျာန်မပါသင့်ပါ။

ဖေး။ ။ ပဌမဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု-၌ မယူရသော ပဌမစျာန်ကိုထုတ်ပြပြီး

http://www.dhammadownload.com

လျှင် မယူရခြင်း၏အကြောင်း အဆက်ဆက်ကိုလည်း ပြည့်စုံစွာရေးသားပါ။ ဓမ္ပြ။ ။ ပဌမဈာနံ ဘာဝေတွာ-၌ အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမဈာန်ကို မယူရပါ။ [**အကြောင်းအဆက်ဆက်**] အဘိညာဉ်ကုသိုလ်သည် တစ်ကြိမ်သာဖြစ်၍ မိမိနှင့်တူသောဘုံရှိသော ရူပါဝစရဇော့မှ အာသေဝနပစ္စည်းကိုမရ, အာသေဝနပစ္စည်းကိုမရခြင်းကြောင့် အားနည်းသည်, အားနည်းခြင်းကြောင့် အကျိုးပေးခြင်းသဘောမရှိ, အကျိုးပေးခြင်းသဘောမရှိသောကြောင့် ဤ၌ မယူရပါ။

➢ **သညာဝိရာဂဘာဝနာ** ။ ။ နာမက္ခန္ဓာ ၄-ပါးကို စက်ဆုတ်သော ရူပပဌမဈာန်ကို "သညာဝိရာဂဘာဝနာ" ဟု ခေါ်သည်။

➢ **ဘာဝနာကို ပွားများရခြင်း၏အကြောင်း** ။ ။ သညာဝိရာဂဘာဝနာဖြင့် ထိုပုဂ္ဂိုလ် ရောက်ထိုက်သောဘဝ၌ နာမ်တရားမဖြစ်ခြင်းသဘောသို့ ရောက်စေခြင်းကြောင့် ဘာဝနာကို ပွားများရသည်။

➢ **သညာဝိရာဂဘာဝနာသည် နာမ်တရား မဖြစ်ခြင်းအကြောင်း** ။ ။ ပဌမဈာန်ဟုဆိုအပ်သော ဘာဝနာဗလကြောင့် သညာဝိရာဂဘာဝနာသည် နာမ်တရား မဖြစ်ပါ။

➢ **ဘာဝနာဗလ၏ ဖြစ်ကြောင်းဖြစ်ရာ အာရုံ**

နာမ်တရားဖြစ်ခြင်း၏အပြစ်ကို မြင်သောကြောင့်ရင်း, နာမ်တရားတို့မဖြစ်ခြင်း၌ မြတ်သည်၏အဖြစ်ကို ဆုံးဖြတ်သောကြောင့်ရင်း, ဝါယောကသိုဏ်း အာရုံ၌ရင်း, [**ကေစိ ဆရောအလို့**] အာကာသ ကသိုဏ်းအာရုံ၌ရင်း, ဘာဝနာဗလဖြစ်ပါသည်။

➢ **အာဒီနဝဒဿနာကာရ(၁၆)အပြစ်ကိုရှုခြင်းပုံ** ။ ။ သညာရောဂေါ [သညာသည် ရောဂေါတည်း] သညာဂဏ္ဍော [သညာသည် အိုင်းအနာတည်း]-ဟုရင်း, ဒီစိတ္တံ စိတ္တံ စိတ္တံ [စိတ်သည် ဒီဒီထွေးထိုက်၏, စိတ်သည် စက်ဆုတ်ဘွယ်ဖြစ်ခြင်း၏အကြောင်းတည်း]-ဟုရင်း, နာမ်တရားဖြစ်ခြင်း၏ အပြစ်ကိုမြင်ပါသည်။

➢ **အသညသတ်ဘုံ၌ ဖြစ်နိုင်/မဖြစ်နိုင်သောပုဗ္ဗိုလ်** ။ ။ တိတ္ထိဘောင်၌ ရှင်ရဟန်းပြုသော ကမ္မကြိယဝါဒီတိတ္ထိတို့သည်သာ အသညသတ်ဘုံ၌ဖြစ်နိုင်၏။ ဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်းပြုသော ဗုဒ္ဓသာဝကတို့သည် မဖြစ်နိုင်ကုန်၊ အကမ္မဝါဒီ တိတ္ထိများ သန္တာန်၌ ဈာနဘာဝနာပင် မဖြစ်နိုင်၊ ထို့ကြောင့် ယင်းပုဂ္ဂိုလ်များလည်း မရောက်နိုင်။

➢ **အသညသတ်ပြဟ္မာများတည်စနစ်** ။ ။ အသညသတ်ပြဟ္မာများသည် သွားခြင်း ဂ္ဂရိယာပုတ်မှတစ်ပါး လျောင်း, ထိုင်, ရပ်-ဟူသော ဂ္ဂရိယာပုတ် ၃-ပါးတို့တွင် လူပြည်မှ စုတေခဲ့သော ဂ္ဂရိယာပုတ်ဖြင့် ကမ္ဘာငါးရာ နေထိုင်ကုန်၏။

➢ **အနာဂါမိစနာ ပန သုဒ္ဓါဝါဝေသေ ဥပ္ပဇ္ဇန္တိ–ဟု ဆိုရခြင်းအကြောင်း**

(သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်, အရဟတ္တဖလဌာန် ၃-

http://www.dhammadownload.com

ယောက် ဖြစ်နိုင်ပါသော်လည်း) ပဋိသန္ဓေနေနိုင်သူမှာ အနာဂါမ်သာ ဖြစ်သောကြောင့် အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ-ဟု ဆိုရပါသည်။

➢ **အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ အဓိပ္ပါယ်။** ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ဘဝတို့၌ ပွားများခဲ့သော ပဠမဈာန်ကြောင့်ဖြစ်စေ အနာဂါမ်ဖြစ်ပြီးမှ ပွားများခဲ့အပ်သော ပဠမဈာန်ဘာဝနာကြောင့်ဖြစ်စေ, သုဒ္ဓါဝါသ ဘုံ၌ဖြစ်ကုန်၏။ ထို့သို့ဖြစ်ရာ၌ သဒ္ဓိန္ဒြေလွန်ကဲရာ၌ အဝိဟာဘုံ-စသည်ဖြင့် ဣန္ဒြေ အစဉ်အတိုင်းဖြစ်ကုန်၏။

မေး။ ။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ-၌ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ၅-ဘုံတို့တွင် ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်သည်ဟု မှတ်ရမည်လော?

ဖြေ။ ။ သဒ္ဓိန္ဒြေလွန်ကဲသောပုဂ္ဂိုလ်သည် အဝိဟာဘုံ၌ဖြစ်သည်၊ ဝီရိယိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်သည် အတပ္ပါဘုံ၌ဖြစ်သည်၊ သတိန္ဒြေလွန်ကဲသောပုဂ္ဂိုလ်သည် သုဒဿာ ဘုံ၌ ဖြစ်သည်၊ သမာဓိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်သည် သုဒဿီဘုံ၌ ဖြစ်သည်၊ ပညိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်သည် အကနိဋ္ဌာဘုံ၌ဖြစ်သည်။

စေး။ ။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ-အရ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဘယ်ပုံ ဘယ်နည်းအားဖြင့် သုဒ္ဓါဝါသ ၅-ဘုံတို့၌ ဖြစ်ကြပါသနည်း၊ ရှင်းလင်းပြပါ။

ဖြေ ။ ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာလျှင် ပုထုဇဉ်စသည်ဖြစ်ရာ ကာလ၌သော်ငင်း၊ အနာဂါမ်ဖြစ်ပြီးရာကာလမှ နောက်၌သော်ငင်း ပဠမဈာန်ကို သုံးပါးအပြားရှိ အောင် ပွားများ၍ သဒ္ဓါ အစရှိသော ဣန္ဒြေ ၅-ပါးတို့၏ လွန်ကဲခြင်းဟူသော အစဉ်အားဖြင့် သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်ကြရပါသည်။

➢ **ပဠမဈာနံ ပရိဇ္ဈာ ဘာဝေတွာ–အစရှိသော စကားရပ်ကို-** ထိုထိုဈာန်၏ သီးခြား ဖြစ်သောဘုံ [အာဝေဏိကဘုံ]-၏အစွမ်းဖြင့် မိန့်ဆိုထားခြင်းဖြစ်သည်၊ သမာပတ်ရှစ်ပါး ရရှိထားသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် ဖိဖိရအပ်သော သမာပတ်၏ အကျိုးပေးရာ သုဒ္ဓါဝါသကြဉ်သော ဘုံတို့တွင် အလိုရှိသောဘုံ၌ဖြစ်နိုင်၏၊ ထိုပုဂ္ဂိုလ် သုံးယောက်တို့သည် ကာမဘုံ၌ နိကန္တိကရှိခဲ့သော် ယင်းဘုံ၌ ဥပစာဈာန်နှင့်ယှဉ်သော ကာမာဝစရက်ကြောင့် ဖြစ်နိုင်ကုန်၏။

အမှာ။ ။ ဤမည်သောဘုံ၌ဖြစ်ရပါမူ ကောင်းလေစွဟု တောင့်တမှုကို [တဏှာ] နိကန္တိက ဟုခေါ်သည်။ (ဒီမနိုအလို) ဆိုခဲ့ပြီး ပုဂ္ဂိုလ်သုံးယောက်တို့တွင် ပုထုဇဉ်ပုဂ္ဂိုလ် သည် နိကန္တိကရှိခဲ့သော် ကာမဘုံ၌လည်း ဖြစ်နိုင်သေး၏၊ သောတာပန်, သကဒါဂါမ်တို့ သည် ဈာန်မလျှောလျှင် ကာမဘုံ၌ နိကန္တိက မဖြစ်နိုင်သောကြောင့် ဈာန်လျှောမှသာ နိကန္တိကဖြစ်နိုင်ကုန်၏။

http://www.dhammadownload.com

➢ **ဧသောတာပန်, သကဒါဂါမ်တို့ ဈာန်ဧလျှောနိုင်/မလျှောနိုင်။** ။ သောတာပန်, သကဒါဂါမ်တို့သည် ထိုထိုအာဝါသ-စသော ပလိဘောဓ၏အစွမ်းဖြင့်သာ ဈာန်လျှောနိုင်၏။ မဂ်လျှင် အပေါင်းအဖော်ရှိသောဈာန်ဖြင့် နိဝရဏတရားတို့ကို ကောင်းစွာခွာအပ်သောကြောင့် ကာမရာဂတို့၏အစွမ်းဖြင့်ကား ဈာန်မလျှောနိုင်ပါ။ (ဒီပနီ)

➢ **အနာဂါမ်ပုဂ္ဂိုလ်တို့ဖြစ်နိုင်ဧသောဘုံ။** ။ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂကို အချင်းခပ်သိမ်း ပယ်ပြီးသောကြောင့် ကာမဘုံ၌ နိကန္တိကမဖြစ်နိုင်၊ ထို့ကြောင့် အနာဂါမ်သည် အသည်းသတ်ကြည်သော ပြဟ္မာ ၁၉-ဘုံတွင် အလိုရှိရာဘုံ၌ဖြစ်နိုင်၏၊ မှန်၏။ သုဒ္ဓါဝါသဘုံ၌ အနာဂါမ်တို့သာဖြစ်ကြရမည်၊ သောတာပန်-စသော အောက်ပုဂ္ဂိုလ်တို့ မဖြစ်နိုင်၊ ဤသို့သောသတ်မှတ်ချက်ကားရှိ၏၊ အနာဂါမ်တို့သည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ရမည်။ အခြားဘုံတို့၌ မဖြစ်ရ ဤသို့သော သတ်မှတ်ချက်ကားမရှိ၊ ထို့ကြောင့် ဆိုခဲ့ပြီးအတိုင်း ၁၉-ဘုံ၌ ဖြစ်နိုင်သည်ဟု မှတ်ရမည်။

➢ **သုက္ခဝိပဿက (ဈာန်မရ) အနာဂါမ်များ ပြဟ္မာဘုံ၌ဖြစ်နိုင်ခြင်းအကြောင်း။**

သုက္ခဝိပဿကအနာဂါမ်တို့သည် အိပ်ပျော်နေစဉ် လည်းပင်ဖြတ်အသတ်ခံရသော်လည်း ဈာန်မရဘဲ မစုတေနိုင်, ဈာန်ရပြီးမှသာ စုတေနိုင်၏။**အကြောင်းကား**-သမာဓိ၌ ဖြည့်ကျင့်မှုကို ပြုလေ့ရှိကုန်သောကြောင့်-တည်း။

ဝေး။ ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံ၌ဖြစ်ကုန်၏ဟု ဆိုရာဝယ် ဈာန်မရသော ကာမဘုံသား အနာဂါမ်ပုဂ္ဂိုလ်တို့သည် မည်သို့လျှင် သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သမာဓိကိုဖြည့်ဆည်းပူးအပ်ပြီးဖြစ်သောကြောင့် နဂိုက ဈာန်မရစေကာမူ သေခါနီးအခါ၌ကား ဇောဝိတ်မုချ သမာပတ်ကိုဖြစ်စေနိုင်သည်၊ ဤနည်း အားဖြင့် သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်ကြပါသည်။ (၁၃၄၈-ခု လတ်)

➢ **သုက္ခဝိပဿက အနာဂါမ်ပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ ပြန်လည်ဖြစ်သင့်/မဖြစ်သင့် ။** ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုက္ခဝိပဿကဖြစ်စေကာမူ သမာဓိ၌ ဖြည့်ဆည်းပူးပြီးဖြစ်သည့်အတွက် သေခါနီးကာလ၌ ဇောဝိတ်စင်စစ်အားဖြင့်သာလျှင် သမာဓိကို ဖြစ်စေကုန်သောကြောင့် ကာမဘုံ၌ ပြန်မဖြစ်ပါ။

➢ **အမျိုးသမီးများပြဟ္မာမင်းဖြစ်နိုင်/မဖြစ်နိုင်။** ။ အရိယာအမျိုးသွီးတို့သည်၎င်း, ပုထုဇဉ်အမျိုးသွီးတို့သည်၎င်း, အခြားမဲ့ဘဝ၌ အကနိဋ္ဌဘုံတိုင်အောင် ဖြစ်နိုင်သော်လည်း ပြဟ္မာမင်း မဖြစ်နိုင်၊ အဇ္ဈာသယယုတ်ညံ့သောကြောင့် ပါရိသဇ္ဇ, ပုရောဟိတ ပြဟ္မာသာ ဖြစ်နိုင်၏။

➢ **ဘဝသီသ-ဘုံများ** ။ ။ ဝေဟပ္ဖလ်ဘုံ, အကနိဋ္ဌာဘုံ, စတုတ္ထာရူပ္ပဟူသော

http://www.dhammadownload.com

နေဝသညာ နာသညာယတနဘုံ-တို့ဖြစ်ပါသည်။

မေး။ ။ အကနိဋ္ဌာဘုံရှိ အရိယာပြဟ္မာများသည် မိမိဖြစ်ရာဘုံမှ တစ်ခြားဘုံသို့ပြောင်း၍ မဖြစ်နိုင်ခြင်းအကြောင်း ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ။ ။ အကနိဋ္ဌာဘုံသည် မြတ်သောဘုံဖြစ်သောကြောင့် အရိယာပြဟ္မာများသည် မိမိဖြစ်ရာဘုံမှ တစ်ခြားဘုံသို့ပြောင်း၍ မဖြစ်နိုင်ပါ။

ရှင်းလင်းဈာန်/ဝေဟပ္ပါလ်, အကနိဋ္ဌ, နေဝသညာ နာသညာယတန-ဘုံတို့သည် မြတ် သော ဘုံဖြစ်သောကြောင့် ယင်းဘုံ၌ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်များသည် အခြားဘုံ တို့သို့ ပြောင်း၍မဖြစ်ကုန်၊ သို့သော် ဝေဟပ္ပါလ်, နေဝသညာပြဟ္မာတို့သည် ဣဒ္ဓေ မရင့်ကျက်သေးလျှင် မိမိဘုံ၌ပြန်၍ ဖြစ်ကုန်သေး၏။

အကနိဋ္ဌပြဟ္မာတို့သည် တစ်ဘဝတည်း၌ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော ကြောင့် မိမိဘုံ၌လည်းထပ်၍ မဖြစ်နိုင်ကုန်။ ကြွင်းသော ပြဟ္မာတို့တွင် အထက်ပြဟ္မာ ဘုံ၌ဖြစ်ကုန်သော ပြဟ္မာတို့သည် အောက်အောက်ဘုံတို့၌လည်း မဖြစ်နိုင်ကုန်။

မေး။ ။ ဇနေတိ သဒ္ဒိသံ ပါဂ်အရ- ရူပါဝစရကုသိုလ်ဂ်များ၏တူသော အကျိုးဝိပါက် များ ဖြစ်စေပုံတို့ကို ဘုံနှင့်တွဲဖက်၍ အကျဉ်းချုပ် ရေးသားခဲ့ပါ။

➢ ရူပါဝစရကုသိုလ်ဂ်များ၏တူစေသော အကျိုးဝိပါက်များဖြစ်စေပုံ

၁။ ရူပါဝစရပဌမဈာန်ကုသိုလ်ဂ်သည် ပဌမဈာန် ၃-ဘုံ၌ ပဌမဈာန်ဝိပါက် ပဋိသန္ဓေ ဘဝင် စုတိ-အကျိုးကိုဖြစ်စေသည်။

၂။ ရူပါဝစရဒုတိယဈာန် တတိယဈာန်ကုသိုလ်ဂ်သည် ဒုတိယဈာန် ၃-ဘုံ၌ ဒုတိယဈာန်, တတိယဈာန်ဝိပါက်, ပဋိသန္ဓေ ဘဝင် စုတိ-အကျိုးကိုဖြစ်စေသည်။

၃။ ရူပါဝစရစတုတ္ထဈာန်ကုသိုလ်ဂ်သည် တတိယဈာန်ဘုံ၌ စတုတ္ထဈာန်ဝိပါက်, ပဋိသန္ဓေ ဘဝင် စုတိ-အကျိုးကိုဖြစ်စေသည်။

၄။ ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်ဂ်သည် စတုတ္ထဈာန် ၇-ဘုံ၌ ပဉ္စမဈာန်ဝိပါက်, ပဋိသန္ဓေ ဘဝင် စုတိ-အကျိုးကိုဖြစ်စေသည်။

➢ စုတိပဋိသန္ဓိကွာမဝဏ္ဏနာ

➢ အာယုကွယမရဏမည်ပုံ။ ။ ဂ်အစွမ်းသတ္တိရှိသော်လည်း ထိုထိုဘဝတို့၌ ပိုင်း ခြားသတ်မှတ်အပ်သော သက်တမ်းကုန်၍ သေခြင်းမျိုးသည် အာယုကွယမရဏမည် ၏။ [ယင်းသေခြင်းမျိုးသည် မီးစာကုန်၍ ငြိမ်းသောဆီမီးနှင့်တူ၏။]

➢ အာယုကွယေန-၌ အာယုအရ။ ။ ကာလဝန္တဖြစ်သော ဇီဝိတိန္ဒြေကို မယူရ၊ ယထာပရိစ္ဆိန္နသ-ဟု ဖွင့်သောကြောင့် သက်တမ်းကာလကို ဌာနူပစာရအားဖြင့် ယူပါ။

➢ ကမ္မကွယမရဏမည်ပုံ။ ။ ထိုထိုဘဝတို့၌ ပိုင်းခြားအပ်သော သက်တမ်းအကြွင်း

http://www.dhammadownload.com

အကျွန်သည်ရင်း၊ ဂတိ, ကာလ, ဥပဓိ, ပယောဂ-ဟူသော အကြောင်းများ ညီညွတ်ခြင်းသည်ရင်း ရှိပါသော်လည်း လက်ရှိဘဝကို ပြီးစေတတ် ထူထောင်ပေးတတ်သော ဇနကကံ၏ အကျိုးပေးစွမ်းနိုင်သောသတ္တိကုန်၍ သေရခြင်းမျိုးသည် ကမ္မဇယမရဏမည်၏။ [ယင်းသေခြင်းမျိုးသည် ဆီခမ်း၍ ငြိမ်းသောဆီမီးနှင့်တူ၏။]

➢ **ကမ္မဇယေန-ဒ္ဒိ ကမ္မ-ဓရ ။ ။** တံတံ ဘဝသာဓကသကိုထောက်၍ ဇနကကံကို ယူရပါမည်။

➢ **ဥဘယကမ္မယ မရဏမည်ပုံ ။ ။** သက်တမ်းကာလနှင့် ကံ၏အစွမ်းသတ္တိနှစ်ပါးလုံးကုန်၍ သေခြင်းသည် ဥဘယကမ္မယမရဏမည်၏။ [ယင်းသေခြင်းသည် မီးစာကုန် ဆီခမ်း၍ ငြိမ်းသောဆီမီးနှင့်တူ၏။]

➢ **ဥပစ္ဆေဒက မရဏမည်ပုံ။ ။** သက်တမ်းကာလနှင့် ကံ၏အစွမ်းသတ္တိနှစ်ပါးလုံးရှိသေးလျှက် ရှေးဘဝကပြုခဲ့သော အကုသိုလ် ဥပယာတကကံ, ဥပစ္ဆေဒကကံ၏ အစွမ်းသတ္တိကြောင့် လက်နက်တစ်စုံတစ်ခုဖြင့် မိမိလည်ပင်းကိုဖြတ်ခြင်း, အဆိပ်သောက်ခြင်း-စသော လွဲလပယောဂတို့ဖြင့် သေရခြင်းသည် ဥပစ္ဆေဒက မရဏမည်၏။

(**တစ်နည်း**) ယခုဘဝမှာပင် ဘုရား, ရဟန္တာ-စသော ဂုဏ်အားဖြင့် ကြီးမြတ်သော သူတော်ကောင်းတို့၌ ပြစ်မှားနှိပ်စက်မိလျှင် ဥပယာတက [**ဥပစ္ဆေဒက**] ကံထိုက်၏။ ဥပစ္ဆေဒကကံ၏ တားမြစ်မှုကြောင့် လက်ရှိဘဝကို တည်ထောင်ပေးလိုက်သော ဇနကကံ၏ အစွမ်းသတ္တိကုန်ဆုံးသွား၏။ ထို့ကြောင့် လက်ရှိဘဝခန္ဓာအစဉ်ကို ဆက်၍မဖြစ်စေနိုင်သည်ဖြစ်၍ ဒုသိမာရ်နတ်, ကလာဝုမင်းတို့ကဲ့သို့ ချက်ခြင်းဖြစ်မြဲတိုင်းသော အတ္တဘောမှ ရွှေ့လျောသောအားဖြင့် သေခြင်းသည် (၀၊) သေခြင်းမျိုးသည် ဥပစ္ဆေဒက မရဏမည် ၏။ [ယင်းသေခြင်းမျိုးသည် မီးစာနှင့်ဆီမကုန်သေးဘဲ လေပြင်းတိုက်ခတ်မှု (**သို့မဟုတ်**) တမင်ငြိမ်းသတ်မှုတို့ကြောင့် ငြိမ်းသောဆီမီးနှင့်တူ၏။]

အမှာ။ ။ သေခြင်း ၄-ပါးတို့တွင် ဥပစ္ဆေဒက မရဏသည် **အကာလမရဏ** သေချိန်မရောက်ဘဲ သေခြင်းမည်၏။ ကြွင်း ၃-ပါးကား **ကာလမရဏ** သေချိန်ရောက်၍ သေခြင်းမည်၏။

➢ **ဥပစ္ဆေဒက မရဏဖြင့် မသေနိုင်စသောမှုဏ္ဍိုလ်များ။ /သူတစ်ပါးလက်ချက်ဖြင့် အသက်မသေနိုင်သော မှုဏ္ဍိုလ်များ ။ ။** (၁) ငရဲသားများ (၂) မြောက်ကျွန်းသူ, မြောက်ကျွန်းသားများ (၃) ဘုမ္မစိုးနတ်မှတစ်ပါး အခြားနတ်များ ဖြစ်ပါသည်။

➢ **မရဏကာလေ ဓရ ။ ။** စုတိစိတ်ကျဆဲခဏကို မယူရ, သမီပူပစာရအားဖြင့် စုတိစိတ်၏အနီးဖြစ်သော အခါကို ယူရပါမည်။

(**တစ်နည်း**) မရဏာသန္နကာလေ-ဟု ဆိုအပ်လျှက် အာသန္န-ဟူသော အလယ်ပုဒ်

http://www.dhammadownload.com

ကို ဖျေထားသောကြောင့် သေခါနီးအခါကို ယူရပါမည်။

➢ **ပဋိသန္ဓေနက် ကမ္မဝါ–ဌ် ကမ္မအရ ။ ။** ဥဒ္ဒစ္စစေတနာကြောင့်သော အကုသိုလ်က ၁၁-ခု, မဟာကုသိုလ်က ၈-ခု, ပေါင်း ၁၉-ခုသောက်ကို ယူရပါမည်။

➢ **ပဋိသန္ဓေနက် ကမ္မဝါ–ဌ် ကမ္မ–အရ မဟဂ္ဂတ်ကုသိုလ်တ်ကို မယူရခြင်း အကြောင်း ။ ။** ကာမပဋိသန္ဓေသည် မဟဂ္ဂတ်တရားများကို အာရုံမပြုနိုင်သောကြောင့်ရင်း, ယင်း မဟဂ္ဂတ် ပဋိသန္ဓေသည်လည်း ကံကိုအာရုံမပြုဘဲ ကမ္မနိမိတ်ကိုသာ အာရုံပြုသောကြောင့်ရင်း ကမ္မ-အရ မဟဂ္ဂတ်ကုသိုလ်တ်များကို မယူရပါ။

➢ **ကမ္မနိမိတ် အရ ။ ။** ကာမ မဟဂ္ဂတ်ဖြစ်သော အာရုံ ၆-ပါးရ၏။

➢ **ဂတိနိမိတ္တ–ဌ် ဂတိ အရ ။ ။** ကာမ ၁၁-ဘုံကို ယူရပါမည်။

➢ **ဂတိနိမိတ္တ–ဌ် ဂတိ–အရ ဒြေဟာဘုံများကို မယူရခြင်းအကြောင်း**

မဟဂ္ဂတ်ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကို အာရုံမပြုသောကြောင့် -- မယူရပါ။

➢ **ဂတိနိမိတ္တ အရ ။ ။** ရူပါရုံကို ရ၏။ (ဦးကာ) ကာမအာရုံ ၆-ပါးရ၏။ (ဒီပနီ)

➢ **မရဏကာလေ ယထာရဟ–ဌ် ယထာရဟ အဓိပ္ပါယ် ။ ။** ထိုထိုဂတိ၌ ဖြစ်ရဦးမည့်သတ္တဝါတို့အားသာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါး ထင်၏။ မည့်သည့်ဂတိမျှဖြစ်တော့မည်မဟုတ်သော ရဟန္တာပုဂ္ဂိုလ်အား ကံ-စသော အာရုံတစ်ပါးပါး မထင်နိုင်ဟု သတ္တဝါတို့အားလျော်စွာ ထင်လာခြင်းကို ယထာရဟ-ဟု ဆိုသည်။

➢ **ရဟန္တာ၏ မရဏာသန္ဓေဇော၏အာရုံ ။ ။** ရဟန္တာ၏ မရဏာသန္ဓေဇောများသည် နာမ်, ရူပ်, လက္ခဏာ, ပညတ်တရားတို့ကို အာရုံပြုပါသည်။

ရဟန္တာ၏ ပရိနိဗ္ဗာနစုတိကား - ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံ တစ်ပါးပါးကို အာရုံပြုပါသည်။

➢ **အဘိမုခီဘူတ အဓိပ္ပါယ် ။ ။** တစ်ပါးသောက်များကို အကျိုးပေးခွင့်မပြုဘဲ မိမိအကျိုးပေးခွင့်ရအောင်ပြု၍ ထင်လာခြင်းသဘောကို အဘိမုခီဘူတ-ဟု ခေါ်သည်။

➢ **ကမ္မနိမိတ္တဝါ–ဌ် ကမ္မနိမိတ် ၂–မျိုး ။ ။** ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်၊ ဥပကရဏဘူတကမ္မနိမိတ် တို့ဖြစ်ပါသည်။

➢ **ဥပလဒ္ဓပုဗ္ဗ အဓိပ္ပါယ် ။ ။** စေတီတော်ကို ဖူးမြင်ရခြင်း-စသည်တို့၏ အစွမ်းဖြင့် ရှေးဌ၌ ရအပ်ဖူးသောအာရုံသည် "ဥပလဒ္ဓပုဗ္ဗ" မည်ပါသည်။

➢ **ဥပကရဏဘူတ အဓိပ္ပါယ် ။ ။** ပန်း, ဆီမီး-စသည်တို့၏ အစွမ်းဖြင့် အဆောက်အဦးဖြစ်သော အခြံအရံအာရုံသည် "ဥပကရဏဘူတ" မည်ပါသည်။

➢ **ဂတိနိမိတ္တဝါ–ဌ် ဂတိနိမိတ် ၂–မျိုး ။ ။** ဥပလဘိတဗ္ဗ ဂတိနိမိတ်၊ ဥပဘောဂ ဂတိနိမိတ်-တို့ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ဥပလဘိတဗ္ဗ အဓိပ္ပါယ်** ။ ။ တိုက်ရိုက်ရအပ် ရောက်ထိုက်သောအာရုံသည် ဥပလဘိတဗ္ဗ မည်ပါသည်။

➢ **ဥပစောဂဘူတ အဓိပ္ပါယ်** ။ ။ နတ်သမီး, ဗိမာန်, ပဒေသာပင်, ငရဲမီး-အစရှိသော ခံစားရမည့်အသုံးအဆောင်အာရုံများသည် ဥပဘောဂဘူတ မည်ပါသည်။

➢ **ဥပစောဂဘူတာ-၌ ဂတိနိမိတ် ၂-မျိုး** ။ ။ (၁) နတ်သမီး, ဗိမာန်, ပဒေသာပင်, အမိဝမ်းရေး-အစရှိသည်၌တည်သော ရူပါရုံသည် သုဂတိနိမိတ်။ (၂) ငရဲမီး, ငရဲထိန်း-အစရှိသည်၌တည်သော ရူပါရုံသည် ဒုဂ္ဂတိနိမိတ်တို့ ဖြစ်ပါသည်။

➢ **ကမ္မဗလေန-၌ ကမ္မ အရ** ။ ။ ဘဝသစ်ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် ဇနကက်ကို ယူရပါမည်။

➢ **ဆန္ဒဒွါရာနံ-၌ ဒွါရ အရ** ။ ။ ဥပပတ္တိဒွါရကို ယူရပါမည်။ ကမ္မဒွါရကို မယူရ။

➢ **ဝိပစ္စမာနက ကမ္မာနုရူပ်-ဟု ဆိုရခြင်းအကြောင်း** ။ ။ ကုသိုလ်ဇနကက်အကျိုးပေးခွင့်ရလျှင် စင်ကြယ်သော ကုသိုလ်စိတ် အစဉ်မပြတ်ဖြစ်နေ၏။ အကုသိုလ်ဇနကက်အကျိုးပေးခွင့်ရလျှင် ညစ်နွမ်းသော အကုသိုလ်စိတ် အစဉ်မပြတ်ဖြစ်နေ၏ဟူသော အဓိပ္ပါယ်ကို ပြလိုသောကြောင့် ဝိပစ္စမာနက ကမ္မာနုရူပ်-ဟု ဆိုရပါသည်။

➢ **ဥပလဘိတဗ္ဗဘဝါနုရူပ် အဓိပ္ပါယ်** ။ ။ သုဂတိဘဝသို့ရောက်ထိုက်သောသူသည် ထိုသုဂတိဘဝကို သာယာသောအခြင်းအရာအားဖြင့်ရင်း, ဒုဂ္ဂတိဘဝသို့ရောက်ထိုက်သောသူသည် ထိုဒုဂ္ဂတိဘဝကို မသာယာအပ်သောအခြင်းအရာအားဖြင့်ရင်း, ဤသို့ရောက်ထိုက်သောဘဝအားလျော်စွာ စိတ်အစဉ်ဖြစ်နေခြင်းကို ဥပလဘိတဗ္ဗဘဝါနုရူပ်ဟု ဆိုပါသည်။

➢ **တဏ္ဍာဏတံဝ-၌ တဏ္ဍ အရ** ။ ။ ရောက်ထိုက်သောဘဝကို ယူရပါမည်။

➢ **တဏ္ဍာဏတံဝ စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန-၌ ဗာဟုလ္လေန သဒ္ဒါ ဆိုရခြင်းအကြောင်း** ။ ။ အသည်သတ်ပြဟ္မာသန္တာန်-၌ ဂ၊ -စသော အာရုံတစ်ပါးပါးကို အာရုံပြု၍ စိတ်အစဉ်ဖြစ်ခြင်းသဘောမရှိသောကြောင့် ယင်းအသည်သတ် ပြဟ္မာများကို စင်စေလို၍ "ဗာဟုလ္လေန"-သဒ္ဒါကို ဆိုရပါသည်။

(**တစ်နည်း**) ဆိုခဲ့ပြီး အဓိပ္ပါယ်ကို အထက်၌ ယထာရဟံပါ၌ဖြင့် ပြနိုင်သည်။ ထို့ကြောင့်-ဗာဟုလ္လေနသဒ္ဒါဖြင့် ဖြေးဖြေးနှေးနှေးသေသော သတ္တဝါသန္တာန်-၌ စိတ်အစဉ်အဖန်တလဲလဲ ဖြစ်နိုင်သကဲ့သို့ အဆောတလျင် ဇီဝိတိန္ဒြေပျက်သော သတ္တဝါတို့၌ စိတ်အစဉ်အဖန်တလဲလဲဖြစ်ခွင့်မရှိ, အနည်းငယ်သာဖြစ်ပြီး စုတိကျသည်ဟု ပြသည်။

➢ **ဒွါရပဒ္ဒေ ဗောဓိ-၌ ဒွါရ အရ** ။ ။ တဒ္ဓ မနောဒွါရဂ္ဂဟိတံ (စာပိဋ-၉၂) ဟူသော သင်္ဂဟပါဌ်ကိုထောက်၍ မနောဒွါရကို ယူရပါမည်။

http://www.dhammadownload.com

➢ **အဘိနုဝကရဏာဝသေန အဓိပ္ပါယ်** ။ ။ အဘိနုဝကရဏာဝသေနပါဠိဖြင့် ပဋိသန္ဓေကျိုးကိုပေးမည့်ကံသည် ရှေးဘဝပေါင်းများစွာက ပြုခဲ့သောကံဖြစ်စေကာမူ ယခုထပ်၍ အသစ်ပြုနေသကဲ့သို့ စိတ်ထဲ၌ထင်ယောင်မြင်ယောင်ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

➢ **ပစ္စာသန္နမရဏာသန္န အဓိပ္ပါယ်** ။ ။ မရဏာသန္နဝိထိ တစ်ဝိထိပမာဏမျှအသက်ကြွင်းကျန်သောသတ္တဝါ, မရဏာသန္နတစ်ဝိထိနှင့် ဘဝင်တစ်ကြိမ်မျှ အသက်ကြွင်းကျန်သောသတ္တဝါတို့ကို ပစ္စာသန္နမရဏာသန-ဟု ဆိုပါသည်။

➢ **မရဏာသန္န ၄-ဝိထိ** ။ ။ **ဝိထိစိတ္တာ ဝသာနေပါ၌ဖြင့်** ။ ။ တဒါရုံနောင် စုတိကျသော မရဏာသန္နဝိထိနှင့် ဇောနောင်စုတိကျသော မရဏာသန္နဝိထိကို ပြပါသည်။ **ဘဝင်ကွမယေဝါပါ၌ဖြင့်** ။ ။ တဒါရုံနောင် ဘဝင်ကျပြီး, စုတိကျသော မရဏာသန္နဝိထိ, ဇောနောင်ဘဝင်ကျပြီး စုတိကျသော မရဏာသန္နဝိထိ-တို့ကို ပြပါသည်။

➢ **မရဏာသန္နဝိထိ ပုံစံ**

၁။ နဒပစသံ ဏ ဝုဇဇဇဇဇ ရုံ ရုံ စုတိ+ပ-ဘဝင် ၁၅-၁၆။
ဗ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

၂။ နဒပစသံ ဏ ဝုဇဇဇဇ စုတိ+ပ-ဘဝင် ၁၅-၁၆။
ဗ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

၃။ နဒပစသံ ဏ ဝုဇဇဇဇ ရုံ ရုံ ဘဝင် စုတိ+ပ-ဘဝင် ၁၅-၁၆-။
ဗ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

၄။ နဒပစသံ ဏ ဝုဇဇဇဇ ဘဝင် စုတိ+ပ-ဘဝင် ၁၅-၁၆။
ဗ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်။

➢ **အာရုံဝတ္ထု-စသည် ဝေဖန်ပုံ**

➢ **အာရုံအားဖြင့်** ။ ။ အထက်ပါဝိထိများ၌ ဘဝဟောင်းမရဏာသန္နဝိထိဝယ် ရှေ့ဘဝ နောက်ဘဝနှင့် စုတိစိတ်တို့သည် ဘဝဟောင်း စုတိစိတ်နှင့်တူစွာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

ဝိထိစိတ်များသည် အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သမုတ်အပ်သော ပစ္စုပ္ပန်ရှုပါရုံကို အာရုံပြုပါသည်။

မှတ်ချက်။ ။မနောဒ္ဓါရိက ဝိထိစိတ်များသည် ပစ္စုပ္ပန်, အတီတ်, အနာဂတ်, ပညတ်, ကာလဝိမုတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို အာရုံပြုပါသည်။

➢ **မိုရောဝတ္ထုအားဖြင့်** ။ ။ စက္ခုဝိညာဉ်စိတ်သည် စုတိစိတ်မှပြန်၍ရေသော် ၁၇-

http://www.dhammadownload.com

ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထုကို မှီပါသည်၊ ကြွင်းသော စိတ်တို့သည် စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီပါသည်။

➢ **ဘဝသစ်မဦးသန္တေ ဝိထိ–၌** ။ ။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ရှေ့ဘဝက မရဏာသန္တဇောသည် အာရုံပြုအပ်သောက်, ကမ္မနိမိတ်, ဂတိနိမိတ်-သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

မနောဒ္ဓါရာဝဇ္ဇန်းနှင့် ဘဝနိကန္တိက လောဘဇောတို့သည် ဘဝသစ်-ဟု ဆိုအပ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရူပ်တို့ကို အာရုံပြုကုန်၏။

➢ **မှီရာဝတ္ထုအားဖြင့်** ။ ။ ပဋိသန္ဓေစိတ်သည် မိမိနှင့်ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏၊ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ နောက်ဖြစ်သော စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်ပြိုင်၍ ဌီသို့ရောက်ဆဲဖြစ်သော ဟဒယဝတ္ထုကို မှီပါသည်။

➢ **ပုဗ္ဗိုလ်အားလျှော်စွာ မရဏာသန္ဓဝိထိရနိုင်မုံ့** ။ ။ ကာမဘုံမှစုတေ၍ ကာမဘုံ၌ ဖြစ်မည့်သတ္တဝါများ သန္ဓာန်ဝယ် မရဏာသန္ဓဝိထိ ၄-မျိုးလုံး ရနိုင်၏။

၁။ ကာမဘုံမှစုတေ၍ ပြဟ္မာ့ဘုံသို့ ဖြစ်မည့်သတ္တဝါ။

၂။ ပြဟ္မာ့ဘုံမှစုတေ၍ ပြဟ္မာ့ဘုံ၌ ဖြစ်မည့်သတ္တဝါ။

၃။ ပြဟ္မာ့ဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်မည့် သတ္တဝါတို့သန္ဓာန်ဝယ် ဇောနောင်စုတိကျသော မရဏာသန္ဓဝိထိနှင့် ဇော ဘဝင်နောင် စုတိကျသော မရဏာသန္ဓဝိထိတို့သာ ရနိုင်၏။

အမှာ ။ ။ ကာမဘုံ၌ပင်စုတေ၍ ကာမဘုံ၌ဖြစ်မည့်သတ္တဝါများသန္ဓာန်၌ တဒါရုံကျသော နှစ်ဝိထိသာရကြောင်း, ကြွင်းသောသတ္တဝါများသန္ဓာန်၌ ဇောကျသော နှစ်ဝိထိသာရကြောင်း, ဓမ္မာနုသာရဏီကျမ်းအလို ဖွင့်ပြသောဦးကာကျော်စကားကို ဒီပနီကပယ်ထားသည်။

➢ **မရဏာသန္ဓဝိထိ–၌ အာဂန္တုကဘဝင် ရနိုင်ခြင်းအကြောင်း** ။ ။ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေသော ဒေါမနဿမရဏာသန္ဓဇော စောသောပုဂ္ဂိုလ်အား သောမနဿစုတိစိတ်ကျနိုင်ရန် ဒေါမနဿမရဏာသန္ဓဇောနောင် အာဂန္တုကဘဝင် ဖြစ်ရမည် ဖြစ်သောကြောင့် မရဏာသန္ဓဝိထိ၌ အာဂန္တုကဘဝင် ရနိုင်ပါသည်။

➢ **ဘဝင်ဧနောင် စုတိကျနိုင်စကြောင်း** ။ ။ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေသော ဒေါမနဿ မရဏာသန္ဓဇောစောသောပုဂ္ဂိုလ်အား သောမနဿစုတိစိတ်ကျနိုင်ရန် ဒေါမနဿမရဏာသန္ဓဇောနောင် အာဂန္တုကဘဝင် ဖြစ်ရမည်။ ယင်းသို့ အာဂန္တုကဘဝင်ဖြစ်နိုင်လျှင်, အခြားဘဝင် [မူလဘဝင်] လည်းဖြစ်နိုင်၏။ ထို့ကြောင့် ဘဝင်နောင်

http://www.dhammadownload.com

စုတိကျနိုင်ပါသည်။ (ဝါ) **ဘဝင်ကွေ့ယေဝါ**-ဟု သင်ဟာဆရာ မိန့်ဆိုသည်။

➢ **တဿာနန္တရဘဝေပါဠ်ဖြင့် ။ ။** အကြားဌ် တစ်ဘဝရှိ၏ဟု ပြောဆိုလေ့ရှိသူတို့၏ အယူကိုပယ်ဖြစ်သည်။

➢ **တဿာနန္တရဘဝ-ဟု ဆိုရခြင်း ။ ။** အန္တရာဘဝဝါဒီပုဂ္ဂိုလ်တို့က စုတိနှင့် ပဋိသန္ဓေအကြားဌ် အန္တရာဘဝတစ်ခုရှိသေး၏, ယင်းဘဝဌ်ဖြစ်သော သတ္တဝါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရသူကဲ့သို့ လိုရာအရပ်သို့လည်း တစ်ခဏချင်းသွားနိုင်၏။

ဤဘဝမှစုတေသော သတ္တဝါအချို့သည် ထိုအန္တရာဘဝဖြစ်ပြီး မိဘနှစ်ပါးတို့၏ ပေါင်းဖော်ခြင်း-စသော အကြောင်းညီညွတ်မှုကို စောင့်ဆိုင်းလျှက် ၇-ရက်ဖြစ်စေ, ထို့ထက်အလွန်ဖြစ်စေ တည်နေကြကုန်၏ဟု ဆို၏။ ထိုအန္တရာဘဝဝါဒီပုဂ္ဂိုလ်တို့၏ အန္တရာဘဝဝါဒီကို တားမြစ်ရန် တဿာနန္တရမေဝပါဠ်ကို သင်ဟာဆရာ မိန့်ဆိုပါသည်။ (ဒီ)

စုတိစိတ်ချုပ်ပြီးနောက် ပဋိသန္ဓေစိတ် ဆက်တိုက်ဖြစ်နေ၏။ စုတိစိတ်ချုပ်ပြီးနောက် အန္တရာဘဝဌ် ၇-ရက်နေပြီးမှ ပဋိသန္ဓေစိတ်ဖြစ်ရသည် မဟုတ်ဟု ဆိုလိုသည်။

➢ **ဘဝင်ကွေ့ကေမေဝေါ ယထာရဟံ-ဌ် ယထာရဟံ အဓိပ္ပါယ် ။ ။** ကံပြုရာကာလ အားလင်း, အကျိုးပေးရာကာလအားလင်း, လျော်စွာဖြစ်ထိုက်သော ဥပပဇ္ဇဝေဒနီယ အပရာပရိယဝေဒနီယ သင်္ခါရတစ်ခုခုက ပဋိသန္ဓေစေ့ဖြစ်မှုကို ယထာရဟံ-ဟု ဆိုသည်။

ဆိုလိုသည်မှာ- အတိတ်ဘဝဌ် ပြုလုပ်ခဲ့သောကံဖြစ်လျှင် အပရာပရိယဝေဒနီယ မည်သော သင်္ခါရ-က ပဋိသန္ဓေကို ဖြစ်စေသည်မည်၏။ ပစ္စုပ္ပန်ဘဝ-ဌ် ပြုလုပ်သောကံဖြစ်လျှင် ဥပပဇ္ဇဝေဒနီယကံမည်သော သင်္ခါရ-က ပဋိသန္ဓေကျိုးကို ဖြစ်စေသည်မည်၏။ [ဤကား ကမ္မကရဏကာလသ အနုရူပ ဖြစ်ပါသည်။]

အန္တရာဘဝ-ဌ် အကျိုးပေးမည်ဆိုလျှင် ဥပပဇ္ဇဝေဒနီယကံ သင်္ခါရ-က ပဋိသန္ဓေကို ဖြစ်စေသည်မည်၏။ အပရာပရာဘဝ-ဌ် အကျိုးပေးမည်ဆိုလျှင် အပရာပရိယဝေဒနီယကံ သင်္ခါရ-က ပဋိသန္ဓေကို ဖြစ်စေသည်မည်၏။ [ဤကား ဝိပါကဒါန ကာလသ အနုရူပ ဖြစ်ပါသည်။]

(**တစ်နည်း**) အနုသယ၏အစွမ်းဖြင့်ဝင်း, သဟဇာတ၏အစွမ်းဖြင့်ဝင်း, သင်္ခါရဌ် အဝိဇ္ဇာ တဏှာပါဝင်နေခြင်းကို "ယထာရဟံ" ဟု ဆိုပါသည်။

ဆိုလိုသည်မှာ- ကုသိုလ်ကံက အကျိုးပေးမည်ဆိုလျှင် အနုသယ၏အစွမ်းဖြင့် အဝိဇ္ဇာ တဏှာပါသော ကုသိုလ်ကံ သင်္ခါရက ပဋိသန္ဓေကို ဖြစ်စေ၏။ အကုသိုလ်ကံ အကျိုးပေးမည်ဆိုလျှင် အနုသယ၏အစွမ်းဖြင့်ဝင်း, သဟဇာတ်၏အစွမ်းဖြင့်ဝင်း,အဝိဇ္ဇာ တဏှာပါသော အကုသိုလ်ကံ သင်္ခါရက ပဋိသန္ဓေကို ဖြစ်စေသည်-ဟု ဆိုလိုသည်။

➢ **ကိလေသာ ၃-မျိုး ။ ။** မဂ်ဖြင့် မပယ်ရသေးသော ကိလေသာမှန်သမျှသည်

http://www.dhammadownload.com

(၁) ဥပါဒ်, ဌိ, ဘင်အားဖြင့် ထင်ရှားမဖြစ်ပေါ်သေးလျှင် **အနုသယကိလေသာ** မည်၏။ (၂) ထင်ရှားဖြစ်ပေါ်လာသောအခါ **ပရိယုဋ္ဌာနကိလေသာ** မည်၏။ (၃) ထင်ရှားဖြစ်ပေါ်ရုံမကဘဲ ကိုယ်ထိလက်ရောက် လွန်ကျူးမိသောအခါ **ဒိဋ္ဌိဝိတိက္ကမကိလေသာ** မည်၏။

ဇဝန သဟဇာတဝသေနဝါ-ဟူသော အဖွင့်၌ ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ, တဏှာတို့သည် ပရိယုဋ္ဌာနကိလေသာ မည်၏။ သင်္ဘာ-၌ကား အဝိဇ္ဇာနုသယ ပရိကို့ တွေ့နေ တဏှာနုသယ မူလကေန-ဟု အနုသယဖြစ်သော အဝိဇ္ဇာ တဏှာတို့ကိုသာ ပြထားသည်။ ထို့ကြောင့် ဇဝန သဟဇာတဝသေနဝါ-ဟူသော အဖွင့်၌ အဝိဇ္ဇာနှင့် တဏှာတို့သည် အဘယ်နည်းအားဖြင့် အနုသယကိလေသာမည်နိုင်ပါသနည်းဟု စောဒနာ ပြထားသည်။

➢ **အဝိဇ္ဇာနှင့်တဏှာတို့ အနုသယကိလေသာမည်နိုင်ခြင်းအကြောင်း**

အနုသယကိလေသာဖြစ်သော အဝိဇ္ဇာတဏှာတို့နှင့်တူသည်ဖြစ်၍ ပရိယုဋ္ဌာနဖြစ်သော အဝိဇ္ဇာ, တဏှာတို့ကိုလည်း (၀ါ) ဥပါဒ်, ဌိ, ဘင်အားဖြင့် ဖြစ်ပေါ်နေသော အဝိဇ္ဇာ, တဏှာတို့ကိုလည်း အနုသယ-ဟု ခေါ်ဝေါ်နိုင်သောကြောင့် ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ, တဏှာတို့သည် အနုသယကိလေသာ မည်နိုင်ပါသည်။

အမှာ ။ ။ ဆိုခဲ့ပြီးသောစကားအရ ထင်ရှားမဖြစ်ပေါ်သေးသော အနာဂတ်ကိလေသာများသည် မုချအနုသယကိလေသာမည်၏။ အတိတ်ကိလေသာနှင့် ပစ္စုပ္ပန်ကိ ်လသာတို့သည်လည်း ပရိယာယ်အားဖြင့် အနုသယကိလေသာမည်၏ဟု ပြပါသည်။

➢ **လဒ္ဓခေါသ ရောက်အပ်သောအဖြစ်** ။ ။ ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ တဏှာဟူသော ကိလေသာများကို ပရိယာယ်အားဖြင့် အနုသယမည်သေး၏ဟု မယူခဲ့လျှင်၊ (၁) ပဋိသန္ဓေအကျိုးပေးမည့် အကုသိုလ်ကံနှင့်တကွဖြစ်သော အဝိဇ္ဇာတဏှာ စသည်တို့ကိုဝင်း, (၂) ဘဝတဏှာနှင့်တကွဖြစ်သော အဝိဇ္ဇာ-စသည်တို့ကိုဝင်း, (၃) မရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာတဏှာ-စသည်တို့ကိုဝင်း အနုသယမည်၏-ဟု မယူနိုင်ခြင်း အပြစ်ရောက်၏။

➢ **အဝိဇ္ဇာသည် အနုသယမည်ခြင်းအကြောင်း** ။ ။ မဂ်ဖြင့် မပယ်အပ်သေးသည် အတွက် အဖန်ဖန်ကိန်းအောင်း ဖြစ်တတ်သောကြောင့် အဝိဇ္ဇာသည် အနုသယမည်၏။

➢ **သခါရသည် တဏှာနုသယမူလက မည်ခြင်းအကြောင်း** ။ ။ တဏှာနုသယသာ လျှင်ဖြစ်သော အတူတကွအကျိုးတရားကို ပြုလေ့ရှိသော အကြောင်းဖြစ်၍ဖြစ်သော ပြဌာန်းသောအကြောင်းရှိသောကြောင့် သခါရသည် တဏှာနုသယမူလက မည်၏။

➢ **သခါရေနေ ဇနိယမာနံ–၌ သခါရ ဟရ** ။ ။ ၁။ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်စေတနာ။ ၂။ ထိုစေတနာနှင့်တကွဖြစ်သော ဖဿ-စသော တရား

http://www.dhammadownload.com

အပေါင်း။ ၃။ မရဏာသန္ဓေနှင့်တကွဖြစ်သော စေတနာ၃။ ၄။ ထိုစေတနာနှင့်တကွ ဖြစ်သော ဖဿ-စသော တရားအပေါင်းကို ယူရပါမည်။

➢ **ဇနကသင်္ခါရ** ။ ။ ၁။ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် စေတနာ။ ၂။ ထိုစေတနာနှင့်တကွဖြစ်သော ဖဿ-စသော တရားအပေါင်း။

➢ **ဒီပနသင်္ခါရ** ။ ။ ၁။ မရဏာသန္ဓေနှင့်တကွဖြစ်သော စေတနာ။ ၂။ ထိုစေတနာနှင့်တကွဖြစ်သော ဖဿ-စသော တရားအပေါင်း ဖြစ်ပါသည်။

သင်္ခါရ အရဂေကာက် ၄-မျိုးတို့တွင် ပဋိသန္ဓေပါက် နာမကျန္ဓာ ကဋ္ဌတ္တာရူပ်အား တစ်နံပါတ်တရားက နာနာကွဏိက ကမ္မသတ္တိဖြင့်ရင်း, ကျန်တရား ၃-မျိုးက ပကတူပ နိဿယသတ္တိဖြင့်ရင်း ကျေးဇူးပြု၏။

မေး။ ။ သင်္ခါရေန ဇနိယမာနံ-ဟုသာ ဆိုသင့်သည်မဟုတ်ပါလော?၊ အဝိဇ္ဇာနုသယ ပရိကိ္ခတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ-ဟု ဆိုပါသနည်း။

➢ **အဝိဇ္ဇာနုသယ ပရိကိ္ခတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ-ဟု ဆိုရခြင်းအကြောင်း** ။ ။ အဝိဇ္ဇာသည် ကံ-စသောအာရုံနှင့် ဘဝတစ်ပါးခ်ိန်အပြစ်ကို ဖုံးလွှမ်း၏။ တဏှာသည် ထိုကံ-စသောအာရုံနှင့် ဘဝတစ်ပါးခ်ိန် စိတ်အစဉ်ကို ညွှတ်စေ၏။ မရဏာသန္ဓေနှင့်တကွဖြစ်သော သင်္ခါရတို့သည် စိတ်အစဉ်ကို ကံ-စသော အာရုံနှင့် ဘဝတစ်ပါးခ်ိန်ပြစ်ချက်နှင့်၏။ ထို့ကြောင့် အဝိဇ္ဇာနုသယပရိကိ္ခတ္တေန တဏှာ နုသယ မူလကေန သင်္ခါရေန ဇနိယမာနံ-ဟု ဆိုပါသည်။

➢ **အပါယ် ၄-ဘုံသို့ သွားရောက်မည့်ပုဂ္ဂိုလ်မျှားအတွက် အဝိဇ္ဇာ, တဏှာ, သင်္ခါရ တို့ လုပ်ဆောင်ချက်** ။ ။ အဝိဇ္ဇာသည် ထင်သောအာရုံ၏အပြစ်ကို ဖုံးလွှမ်းသည်။ တဏှာသည် အာရုံသို့ ညွှတ်စေသည်။ သင်္ခါရသည် ပဋိသန္ဓေဝိညာဉ်ကို ပစ်ချသည်။

➢ **အဝိဇ္ဇာ, တဏှာ, သင်္ခါရ-တို့၏ ကိစ္စမျှား** ။ ။ အပါယ်ဘုံသို့ သွားမည့်သတ္တဝါ အတွက် အဝိဇ္ဇာ တဏှာ သင်္ခါရတို့သည် ထင်လာသောအာရုံ၏အပြစ်ကို ဖုံးလွှမ်းခြင်း သည်ရင်း, ပဋိသန္ဓေဝိညာဉ်ကို အာရုံသို့ ညွှတ်စေခြင်းသည်ရင်း, ပဋိသန္ဓေဝိညာဉ်ကို ပစ်ချခြင်းသည်ရင်း ဖြစ်ပါသည်။

သုဂတိသွားမည့်ပုဂ္ဂိုလ်အတွက် အဝိဇ္ဇာ တဏှာ သင်္ခါရတို့သည် အာရုံ၏အပြစ်ကို ဖုံးလွှမ်းခြင်းသည်ရင်း, အာရုံသို့ ညွှတ်စေခြင်းသည်ရင်း ဖြစ်ပါသည်။

➢ **အဝိဇ္ဇာနုသယကို အခြံအရံ [ပရိကိ္ခတ္တ]-ဟု ဆိုရမုံ့** ။ ။ မတောင့်တထိုက်သည်ကို တောင့်တမှုပြုရာ၌ အဝိဇ္ဇာသည် အပြစ်ကို မမြင်အောင် ဖုံးလွှမ်းကာကွယ်ရုံသာ ဖြစ်သောကြောင့် အဝိဇ္ဇာနုသယကို အခြံအရံ [ပရိကိ္ခတ္တ]-ဟု ဆိုရပါသည်။

➢ **တဏှာနုသယကို မူလ-ဟု ဆိုရမုံ့** ။ ။ ကုသိုလ်, အကုသိုလ်ကံကိုပြုရာ၌

http://www.dhammadownload.com

များသောအားဖြင့် မျှော်လင့်ချက်တစ်ခုခုကို တောင့်တမှုတဏှာသည် အရင်းခံလျက်ရှိ တတ်သောကြောင့် တဏှာနုသယကို မူလ-ဟု ဆိုရပါသည်။

➢ **သမ္မယုတ္တေဟိ ပရိဠဿမာနံ–ဣ သမ္မယုတ္တ အရ ။ ။** မိမိဟူသော ပဋိသန္ဓေစိတ်နှင့်အညီအမျှ ဧကုပ္ပါဒ-အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော ဖဿ-စသော တရားတို့ကို ယူရပါမည်။

➢ **ဘဝङ्गရ ပဋိသန္ဓာနဝသေန–ဣ ဘဝङ्गရဘဝ–အရ ။ ။**ရှေ့ဘဝ, နောက်ဘဝ နှစ်ပါးကို ယူရပါမည်။

➢ **ပဋိသန္ဓေစိတ် မည်ပုံ ။ ။**ရှေ့ဘဝအထူး, နောက်ဘဝအထူးနှင့် တစ်စပ်တည်းကဲ့သို့ စပ်တတ်သောစိတ်သည် ပဋိသန္ဓေစိတ် မည်၏။ [ဋီကာကျော်]

➢ **ဥပဓိဒ္ဓမာနစမဝ ပတိဋ္ဌာတိ အဓိပ္ပါယ် ။ ။** ပဋိသန္ဓေစိတ်၌ ဥပါဒ်, ဌ, ဘင်-ဟု ခဏငယ်သုံးချက်ရှိရာ ယင်းပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ခြင်းဘဝတစ်ပါး၌ (နောက်ဘဝ၌) တည်လေ၏။ ရှေ့ဘဝ၌ ဥပါဒ်ခဲ့၍ ဌအခိုက်ရောက်မှ ဘဝတစ်ပါးမှာ တည်သည်မဟုတ်။

➢ **ဝါဒङ्गရ ။ ။** လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တစ်နေရာ၌တည်ပြီးလျှင် ခေါင်းပိုင်းဖြင့် တစ်ခြားတစ်နေရာကို ရှာဖွေ၏။ ရှာဖွေ၍မတွေ့သေးသမျှ အမြီးပိုင်းတည်ရာကိုမလွှတ်, တွေ့သည်အခါမှ ခေါင်းပိုင်းဖြင့်အခြားနေရာသို့ ပြောင်းရွှေ့သကဲ့သို့ ထို့အတူ ပဋိသန္ဓေဝိညာဉ်သည် ဥပါဒ်ပိုင်းဖြင့် ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ဌပိုင်းကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာ၏-ဟု ယူဆသော ဝါဒကို လောက်လန်းသဖွယ် ဝိညာဉ်တွယ် ဝါဒ-ဟု ခေါ်သည်၊ ယင်းဝါဒကို တားမြစ်လိုသောကြောင့် ဥပဓိဒ္ဓမာနမေဝ-ဟူသော ပါဠိကို သင်ဟဆရာ မိန့်ဆိုပါသည်။

အမှာ ။ ။ ဥပါဒ်လျှင် ဥပါဒ်ခြင်းဘဝသစ်၌တည်၏၊ ဘဝဟောင်းမှ ဥပါဒ်ပြီး ယင်းဘဝဟောင်းမှ ပြောင်းရွှေ့သွားသော ပဋိသန္ဓေစိတ် ဟူလို။

ဓမ်း။ ။ "ဓလောက်လန်းသဖွယ် ဝိညာဉ်တွယ်"ဟူသော လောကဝေါဟာရသည် ယထာဘူတ ကျ/မကျ အဌကထာဋီကာဆရာတို့အလိုကျ ရှင်းပြပါ။

ဓြေ။ ။ လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တစ်နေရာ၌တည်ပြီးလျှင် ခေါင်းပိုင်း-က အခြားတစ်နေရာကို ရှာဖွေကုတ်တွယ်ရ၏။ ခေါင်းပိုင်းက ကုတ်တွယ်မိမှ သာလျှင် အမြီးပိုင်းကို လွှတ်သကဲ့သို့ ပဋိသန္ဓေဝိညာဉ်သည်လည်း ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ဌအခိုက်ကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်ပါ။

ပဋိသန္ဓိသဒ္ဒါတံ မာနသံ ဥပဓိဒ္ဓမာနမေဝ ပတိဋ္ဌာတိ ဘဝङ्गရေ-ကိုထောက်၍ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်ပါသည်။ ထို့ကြောင့် "လောက်လန်းသဖွယ်

http://www.dhammadownload.com

ဝိညာဉ်တွယ်" ဟူသော လောကဝေါဟာရသည်-ယထာဘူတ မကျပါ။

➢ **ဘဝဟောင်းမှ ပြောင်းရွှေ့သွားသော ပဋိသန္ဓေမဟုတ်ကြောင်း ။ ။** ရှေးဘဝ၌ အကျိုးဝင်သော တစ်စုံတစ်ခုသောတရားမျှ ဘဝသစ်သို့ ပြောင်းရွှေ့သွားခြင်း မရှိသော ကြောင့် ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှ ပြောင်းရွှေ့လာသောစိတ် မဟုတ်ပါ။

ဘဝဟောင်းမှ တစ်စုံတစ်ခုသောတရားမျှ ဘဝသစ်သို့ ပြောင်းရွှေ့မသွား-ဟု ဆိုသော်လည်း ပဋိသန္ဓေစိတ်သည် ဘဝဟောင်း၌ အကျိုးဝင်သော အဝိဇ္ဇာ, တဏှာ, ကံ-ဟူသော အကြောင်းတရားများနှင့်ကင်း၍ မဖြစ်နိုင်ပါ။

➢ **ဒိဋ္ဌိ ၂-မျိုး ဖြစ်နိုင်ပုံ ။ ။** ဘဝဟောင်းမှ ရူပ်နာမ်တရားတစ်ခုခု (ပဋိသန္ဓေစိတ်) ဘဝသစ်၌ ဆက်လက်ပါလာသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိသက်ရောက်၏။ ဘဝဟောင်းမှ ရူပ်နာမ်တရားအားလုံးနှင့် ဘဝသစ်ရူပ်နာမ်တရားတို့ လုံးဝအဆက်အသွယ် မရှိဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိသဘော သက်ရောက်၏။ ထို့ကြောင့် ယင်းဒိဋ္ဌိနှစ်ပါးမှ လွတ်ရန် အောက်ပါအတိုင်း ဥပမာနှင့်တကွ မှတ်ရာ၏။

➢ **ပဋိစ္စသမ္မုပ္ပါ ဥပမာဗျားနှင့် ဥပမေယျ ။ ။** တောတောင်အနီး၌ ဟစ်အော်သောအသံသည် တောင်နံရံကို တိုက်ခိုက်မိသောအခါ ပဲ့တင်သံပြန်ထွက်လာ၏။ ယင်းပဲ့တင်သံသည် မူလအော်သံလည်း မဟုတ်, မူလအော်သံနှင့်လည်းကင်း၍ မဖြစ်နိုင်သကဲ့သို့ဌင်း, ငြိမ်းခါနီးဆီမီးတိုင်မှ နောက်ထပ်အသစ်တစ်တိုင် မီးကူးရာ၌ ဒုတိယမီးသည် ပထမဆီမီးတိုင်မှမီးလည်း မဟုတ်, [ပ`ထမဆီမီးတိုင်မှ မီးသည် ငြိမ်းပြီးဖြစ်၏။] ပထမဆီမီးတိုင်မှမီးနှင့်လည်း ကင်း၍ မဖြစ်နိုင်သကဲ့သို့ဌင်း။

စက္ကူပေါ်မှာ တံဆိပ်ရိုက်နှိပ်ရာ၌ စက္ကူပေါ်ရှိတံဆိပ်ရာသည် မူလတံဆိပ်လည်း မဟုတ်, မူလတံဆိပ်နှင့်လည်း ကင်း၍ မဖြစ်နိုင်သကဲ့သို့ဌင်း။

ထို့အတူ ပဋိသန္ဓေဝိညာဉ်သည် ဘဝဟောင်းမှဝိညာဉ်လည်း မဟုတ်, သို့သော် ဘဝဟောင်းမှ အဝိဇ္ဇာ, တဏှာ, ကံ-ဟူသော အကြောင်းနှင့်လည်း ကင်း၍ မဖြစ်နိုင်ဟု မှတ်ယူမှသာ အထက်ပါ ဒိဋ္ဌိနှစ်မျိုးမှ ကင်းလွတ်မည်။

➢ **မရဏာသန္နဇောများ မန္ဒ (နုံ့ခန့်းစွာ) ဖြစ်ခြင်းအကြောင်း ။ ။** မရဏာသန္နဝိထိ၌ မရဏာသန္နဇောများသည် ဣပ္ပါခါနီးဖြစ်သောကြောင့်ဌင်း, ဟဒယဝတ္ထုရူပ်အားနည်းသောကြောင့်ဌင်း, မန္ဒ [နုံ့ခန့်းစွာ] ဖြစ်ကြသည်။

➢ **မန္ဒပ္ပဝတ္တာ ။ ။** အဟုန်ရှောရဲ နုံ့နုံ့ဖြစ်၍ဖြစ်သော မရဏာသန္နဇောတို့ကို မန္ဒပ္ပဝတ္တာ-ဟု ဆိုပါသည်။

➢ **ပစ္စုပ္ပန္နာရမ္မဏောသု အရ ။ ။** ကမ္မံ ပန အတီတမေဝ-ဟူသည်နှင့်အညီ ကံအာရုံသည် အတိတ်သာဖြစ်ရကား ပစ္စုပ္ပန္နာရမ္မဏောသုပါဠိအရ-ပစ္စုပ္ပန်အာရုံ ဖြစ်နိုင်

http://www.dhammadownload.com

သော ကမ္မနိမိတ်နှင့်ဂတိနိမိတ်သာ ယူရမည်။ ထိုတွင် ဂတိနိမိတ်သည် မနောဒ္ဓါရ၌သာ ၎င်း, ပစ္စုပ္ပန်ကမ္မနိမိတ်သည် ပဥ္စဒ္ဓါရ၌ဝင်း ထင်လာပါသည်။

ဧမေ ။ ။ ပဋိသန္ဓိဘဝဂ်ါနဖွဲ့ ပစ္စုပ္ပန္နာရမ္မဏာ လဗ္ဘတိတိ-၌ ပစ္စုပ္ပန္နာရမ္မဏ-အရ ဂတိနိမိတ်ကို ယူခဲ့သော် ပဋိသန္ဓိဘဝဂ်ါနဖွဲ့-၌ ဘဝဂ်အရ-ယူသင့်သော ဘဝင်တို့ကို ဝိထိပုံစံနှင့်တကွ စုံလင်စွာဖော်ပြပါ။

➢ **"ပစ္စုပ္ပန်ဂတိနိမိတ်ကို အာရုံပြုစေသော မစနာဒ္ဓါရ မရဏာသန္နဝိထိများ"**

၁။ တိ နဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ပဋိ ဘ ဘ ဘ ဘ (ဘဝင် ၄-ကြိမ်)

၂။ တိ နဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ စု ပဋိ ဘ ဘ ဘ (ဘဝင် ၃-ကြိမ်)

၃။ တိ နဒ မ ဇ ဇ ဇ ဇ ဇ စု ပဋိ ဘ ဘ ဘ ဘ ဘ ဘ (ဘဝင် ၆-ကြိမ်)

၄။ တိ နဒ မ ဇ ဇ ဇ ဇ ဇ ဘ စု ပဋိ ဘ ဘ ဘ ဘ ဘ ဘ (ဘဝင် ၅-ကြိမ်)

အထက်ပါဝိထိတို့တွင် ပထမဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၄-ကြိမ်တို့သည်ဝင်း, ဒုတိယဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၃-ကြိမ်တို့သည်ဝင်း, တတိယဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၆-ကြိမ်တို့သည်ဝင်း, စတုတ္ထဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၅-ကြိမ်တို့သည်ဝင်း, ပစ္စုပ္ပန်ဂတိနိမိတ်ကို ဆက်လက်အာရုံ ပြုကြသည်။

➢ **"ပစ္စုပ္ပန်နိမိတ်ကို အာရုံပြုစေသော ပဥ္စဒ္ဓါရမရဏာသန္နဝိထိများ"**

၁။ တိ နဒ ပ စ သ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ပဋိ ဘဝင်

၂။ တိ နဒ ပ စ သ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ စု ပဋိ ဘဝင်

၃။ တိ နဒ ပ စ သ ဏ ဝု ဇ ဇ ဇ ဇ ဇ စု ပဋိ ဘ ဘ

၄။ တိ နဒ ပ စ သ ဏ ဝု ဇ ဇ ဇ ဇ ဇ ဘ စု ပဋိ ဘ

အထက်ပါဝိထိတို့တွင် ပထမဝိထိ-၌ ပဋိသန္ဓေသစ်တစ်ခုသည်သာဝင်း, တတိယဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၂-ကြိမ်တို့သည်ဝင်း, စတုတ္ထဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင် ၁-ကြိမ်တို့သည်ဝင်း, ပစ္စုပ္ပန်ကမ္မနိမိတ်ကို အာရုံပြုကုန်၏။

ဒုတိယဝိထိ-၌ ပဋိသန္ဓေသစ်နှင့် ဘဝင်တို့သည် ပစ္စုပ္ပန်ကမ္မနိမိတ်ကို အာရုံမပြုဘဲ ချွတ်သွားသောအတိတ် ကမ္မနိမိတ်ကိုသာ အာရုံပြုကြရသည်။

ပထမဝိထိ-စသည်တို့၌ ပဋိသန္ဓေ ဘဝင်များသည်ဝင်း, တတိယဘဝင်-စသည်တို့သည်ဝင်း, ဒုတိယဘဝင်-စသည်တို့သည်ဝင်း အတိတ်ကမ္မနိမိတ်ကို အာရုံပြုကုန်၏။

➢ **ဆဒ္ဒါရဏ္ဍဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဥ္စ–၌ နိမိတ်နှင့် ဒ္ဓါရတို့စပ်ပုံ** ။ ။ ကမ္မနိမိတ်ကို ၆-ဒ္ဓါရဖြင့် ယူအပ်ပါသည်။ ဂတိနိမိတ်ကို ၆-ခုမြောက် မနောဒ္ဓါရဖြင့် ယူအပ်ပါသည်။

➢ **ကာမာဝစရ ပဋိသန္ဓိယာ (၆) ဥပလဗ္ဘတိ–ဟူစသော သင်္ခါဟစကားကို ဦးကာကျော်အလိုရှိခဲ့ပုံ** ။ ။ ၁။ ကာမာဝစရ ပဋိသန္ဓိယာ ဆဒ္ဒါရဏ္ဍဟိတံ ကမ္မနိမိတ္တံ ပစ္စုပ္ပန္န

http://www.dhammadownload.com

မတိတာရမ္မဏံ ဥပလဒ္ဓတိ-ဟုဝင်း, ကာမာဝစရ ပဋိသန္ဓိယာ မနောဒ္ဓါရဂ္ဂဟိတံ ဂတိ နိမိတ္တံ ပစ္စုပ္ပန္နံ ဥပလဒ္ဓတိ-ဟုဝင်း, ဦးကာကျော်အလိုခွဲရသည်။

အပရေဆရာနှင့် သစ္စသံဒိပ်ဆရာတို့ကား ယင်းသို့နှစ်ဝါကျ မခွဲဘဲ တစ်ဝါကျ တည်းသာကြ၍ အဓိပ္ပါယ်ယူသည်။

➢ **ဝါဒနှစ်ပါးထူးခြားစေက်** ။ ။ ဦးကာကျော်အလို ဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ, မနောဒ္ဓါရဂ္ဂဟိတ ဖြစ်ပါသည်၊ အပရေနှင့်သစ္စသံဒိပ်အလို ဂတိနိမိတ်သည် ပစ္စုပ္ပန် အတိတ်ကာလ, ဆဒ္ဓါရဂ္ဂဟိတဖြစ်သည်။ ကမ္မနိမိတ်အတွက်ကား ထူးခြားချက်မရှိ။

➢ **အပစရဝါဒနှင့် သစ္စသံဒိပ်ဝါဒကို ဦးကာကျော်လက်မစံဖြင်းအကြောင်း**

ဝိဘင်းအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ဂတိနိမိတ္တံ မနောဒ္ဓါရေ အာပါထ မာဂစ္ဆတိ-ဟု မိန့်ဆိုထားသောကြောင့်ဂင်း, ဂတိနိမိတ်ကို အာရုံပြုသော ပဋ္ဌဒ္ဓါရိက ပဋိသန္ဓေစိတ်ကို မပြသောကြောင့်ဂင်း, မူလဦးကာစသည်တို့၌ "ကမ္မဗလေန ဥပဋ္ဌာပိတံ ဝဏ္ဏာယတနံ သုပိနံ ပဿန္တသဿဝိယ ဒိဗ္ဗစက္ခုသဝိယစ မနောဒ္ဓါရေယေဝ ဂေါစရဘာဝံ ဂစ္ဆတိ"ဟု ဒဝသဒ္ဓါဖြင့် သတ်မှတ်ပြီး မိန့်ဆိုထားသောကြောင့်ဂင်း အဆိုပါဝါဒကို လက်မခံပါ။

➢ **မရဏာသန္နဇဝသည် ပဋိသန္ဓေစိတ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း**

အဖန်ဖန်ဆည်းပူးခြင်း အာသေဝနသတ္တိမရှိသောကြောင့်ဂင်း, တဏှာဖြင့် မသာ ယာအပ်သောကြောင့်ဂင်း မရဏာသန္နဇဝသည် ပဋိသန္ဓေစိတ်ကို မဖြစ်စေနိုင်ပါ။

➢ **မရဏာသန္နဇဝက ဆောင်ရွက်နိုင်သော ကိစ္စ** ။ အာရုံကိုထင်စေခြင်း ကိစ္စ ဖြစ်ပါသည်။

➢ **မရဏာသန္နဇဝက မဆောင်ရွက်နိုင်သော ကိစ္စ** ။ ပဋိသန္ဓေကျိုးကို ပေးခြင်း ကိစ္စ ဖြစ်ပါသည်။

➢ **ပဋ္ဌဒ္ဓါရ-ဌဿဖြစ်သော ကံသည် ပဋိသန္ဓေကို မဖြစ်စေနိုင်ခြင်းအကြောင်း**

ထက်ဝန်းကျင်မှ အားနည်းသောကြောင့်-ပဋိသန္ဓေကို မဖြစ်စေနိုင်ပါ။

[ဦးကာကျော်ဆရာက ကမ္မနိမိတ် ဂတိနိမိတ်နှစ်မျိုးအနက် ဂတိနိမိတ်ကို ပစ္စုပ္ပန် ကာလ-ဟု ဆိုထားခြင်းကို လက်ခံ၏။ ကမ္မနိမိတ်ကို ပစ္စုပ္ပန်ကာလ-ဟု ဆိုထားခြင်းနှင့် ပက်သတ်၍ စောဒနာထုတ်ပြ၏။

ပစ္စုပ္ပန္နဇ္ဈာတိဇဋ္ဌမှ အဋ္ဌကထာယံ ဝုတ္တန္တိတိုင်အောင်သော စကားရပ်များကား စောဒကပုဂ္ဂိုလ်၏ စကားများဖြစ်သည်။ ထိုစကားရပ်များတွင် ကမ္မနိမိတ္တံပန-မှ သမ္ဘဝတိ တိုင်အောင်သော စကားရပ်သည်သာ လိုရင်းစကားရပ်ဖြစ်သည်။]

➢ **ကမ္မနိမိတ်ကို ပစ္စုပ္ပန်ကာလ-ဟု မဆိုနိုင်ပုံ** ။ ။ ကမ္မနိမိတ်-ဟူသည် ပဋိသန္ဓေ

http://www.dhammadownload.com

ကိုဖြစ်စေတတ်သောကံ၏ အာရုံကိုဆိုလိုသည်။ယင်းအာရုံသည် မရဏာသန္နဝိထိ မရောက်မီ ရှေးအဖို့၌ပင် ချုပ်ပျောက်ပြီးဖြစ်၍ ပစ္စုပ္ပန်-ဟု မဆိုနိုင်။

မချုပ်ပျောက်သေးသော မရဏာသန္နဇောကံကလည်း အာရုံကိုထင်စေခြင်းငှာ မစွမ်းနိုင်, ထို့အပြင် အဖန်ဖန်ဆည်းပူးခြင်း အာသေဝနသတ္တိမရှိသောကြောင့်ရင်း, တဏှာဖြင့် မသာယာအပ်သောကြောင့်ရင်း, ပဋိသန္ဓေကိုလည်း မပေးနိုင်ပါ။ထို့သို့ မပေးနိုင်လျှင် မရဏာသန္နဇောကံ၏ အာရုံကို မချုပ်ပျောက်သေး၍ ပစ္စုပ္ပန်-ဟု ဆိုနိုင်သော်လည်း ကမ္မနိမိတ်-ဟုကား မဆိုနိုင်တော့ပါ။

➢ **ပဋိသန္ဓေကျိုးပေးနိုင်စသော ကံ၏အဂါ ၂-ပါး** ။ ။ ၁။ ကတတ္တာ ဥပစိတတ္တာ ဟူသော ဓမ္မသင်္ဂဏီပါဠိတော်ကိုထောက်၍ အဖန်ဖန်မှီဝဲအပ်သော အာသေဝနသတ္တိရသော ကံဖြစ်ခြင်း။ ၂။ နိကန္တိကွဏော ဒွေဟေတု-စသော ပဋိသန္ဓိဒါမင်-ပါဠိတော်ကိုထောက်၍ အာသေဝနသတ္တိရသော ကံဖြစ်သော်လည်း တဏှာသည် သာယာအပ်ခြင်းဤအင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော ကံသည်သာ ပဋိသန္ဓေကျိုးကို ပေးနိုင်ပါသည်။

[မရဏာသန္နဇောများသည် ယင်းအင်္ဂါမရှိသောကြောင့် ပဋိသန္ဓေကျိုးမပေးနိုင်ပါ။ ပါဠိတော်နည်းဖြင့် မရဏာသန္နဇော၏ ပဋိသန္ဓေကျိုးမပေးနိုင်ပုံမှတစ်ပါး အဋ္ဌကထာနည်းအားဖြင့် ပဉ္စဒ္ဒါရိကမရဏာသန္နဇော၏ ပဋိသန္ဓေကျိုးမပေးနိုင်ပုံကို ပြလိုရ်ှ "အပိစ ပစ္စုပ္ပန္နံ"ဟူသော စကားရပ်ကို စောဒနာဆရာ မိန့်ဆိုပါသည်။

ပဉ္စဒ္ဒါရိကမရဏာသန္နဇောသည် ထက်ဝန်းကျင်အားနည်းသောကြောင့် ပဋိသန္ဓေကျိုးမပေးနိုင်ပါ-ဟု ဝိဘင်းအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ထို့သို့ ပဋိသန္ဓေကျိုးမပေးနိုင်လျှင် ယင်းမရဏာသန္နဇော၏ အာရုံကို ကမ္မနိမိတ်-ဟု မဆိုနိုင်ပါ။

ဆိုခဲ့ပြီး စောဒကဆရာစကားများ၌ စောဒနာလိုရင်းကား မချုပ်သေးသော မရဏာသန္နဇော၏အာရုံသည် ပဋိသန္ဓေကျိုးမပေးနိုင်သောကံ၏ အာရုံဖြစ်ရကား ကမ္မနိမိတ်အမည်မရသောကြောင့်ရင်း, မရဏာသန္နဝိထိမရောက်မီ ရှေးအဖို့၌ဖြစ်သော မနောဒ္ဒါရိကဇော၏ အာရုံသည် ကမ္မနိမိတ်အမည်ရသော်လည်း ချုပ်ပျောက်ပြီးဖြစ်သောကြောင့်ရင်း, ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်မရှိနိုင်ပါ-ဟု စောဒနာလိုရင်းဖြစ်သည်။]

➢ **ပဉ္စဒ္ဒါရိကစဇာ စစတနာသည် ပဋိသန္ဓေကျိုးကို မစေပးနိုင်ခြင်းအကြောင်း**

ပဉ္စဒ္ဒါရိကဇော စေတနာသည် အလွန်အားနည်းသောကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ။

➢ **ပစ္စုပ္ပန်ကမ္မနိမိတ်-ရနိုင်ပုံ** ။ ။ သေရာညောင်စောင်း၌ လဲလျောင်းနေသော ဂိလာနုဘား ဆွေမျိုး-စသော ကလျာဏမိတ္တတို့က ဂတိကောင်းစေလို၍ ပန်းစသော လှူဖွယ်ဝတ္ထုများကို ဆောင်ယူလာပြီး ပူဇော်ခိုင်းရာဝယ် ထိုလှူဖွယ်ဝတ္ထု၌တည်သော

http://www.dhammadownload.com

ရှုပါရုံကို အာရုံပြု၍ မနောဒွါရိကဝိထိများဖြစ်၏။

ယင်းဝိထိ၌ပါသော ကုသိုလ်ဇောများက အထက်၌ဆိုခဲ့ပြီးသော အဂါ ၂-ပါးနှင့် ပြည့်စုံသောကြောင့် ပဋိသန္ဓေကျိုးပေးနိုင်၏။ ထို့နောင် မနောဒွါရိကဝိထိ အဆက်ဆက်၏အဆုံး၌ ယင်းရှုပါရုံကို အာရုံပြု၍ပင် စက္ခုဒွါရိကမရဏာသန္ဓဝိထိကျ၍ စုတေလေ၏။

ထို့သို့ဖြစ်ရာဝယ် စက္ခုဒွါရိကမရဏာသန္ဓဝိထိ၏ အာရုံဖြစ်သော ပန်း၌တည်သော ရှုပါရုံသည် မချုပ်သေး၍ ပစ္စုပ္ပန်ဖြစ်၏။ သို့သော် ပဋိသန္ဓေကျိုးပေးနိုင်သောကံ၏ အာရုံမဟုတ်သောကြောင့် မုချအားဖြင့် ကမ္မနိမိတ်မမည်။

မရဏာသန္ဓဝိထိမရောက်မီ ရှေးအဖို့၌ဖြစ်သော ချုပ်ပျောက်ပြီးဖြစ်သော မနောဒွါရိကဇောကံ၏ ရှုပါရုံသည် ပဋိသန္ဓေကျိုးပေးနိုင်သောကံ၏ အာရုံဖြစ်သောကြောင့် **ကမ္မနိမိတ်အစစ်** မည်၏။

ယင်းကမ္မနိမိတ်အစစ်ဖြစ်သော ရှုပါရုံနှင့် မရဏာသန္ဓဇော၏အာရုံဖြစ်သော ရှုပါရုံတို့သည် ပရမတ္တအလို ကွဲပြားသော်လည်း လျှုဖွယ်ဝတ္ထုဒြဗ်အားဖြင့် မကွဲပြားသောကြောင့်ဝင်း, ရှုပါရုံချင်းတူသောကြောင့်ဝင်း, သဒိသူပစာအားဖြင့် မရဏာသန္ဓဇော၏ အာရုံကို ပစ္စုပ္ပန်ကမ္မနိမိတ်-ဟု ဆိုနိုင်ပါသည်။

ထို့သို့ သဒိသူပစာအားဖြင့် ပစ္စုပ္ပန်ကမ္မနိမိတ်ရနိုင်ကြောင်းကို မူလဋီကာ-၌ "ပဌဝိရေစ အာပါထ မာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိမိတ္တံ အာသန္နကတကမ္မာရမ္မဏ သန္တတိယံ ဥပ္ပန္နံ တံသဒိသဌ ဒဋ္ဌဗ္ဗံ"ဟု အာနန္ဒာဆရာမိန့်ဆိုသည်။

➢ **ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ-၌ ပညတ္တိ-အရ ။ ။** ကသိုဏ်းပညတ် ၁၀-ပါး, အသုဘပညတ် ၁၀-ပါး, ကာယအစုပညတ်, အာနာပါနပညတ်, အပ္ပမညာ ၄-ပါး၏အာရုံဖြစ်သော သတ္တဝါပညတ် ၄-ပါး ပေါင်း ၂၆-ပါးကို ထိုက်သင့်သလို ယူရပါမည်။

➢ **ကမ္မနိမိတ္တမေဝ ယထာရဟမာရမ္မဏံ ဧဟာတိ-၌ ယထာရဟံ အဓိပ္ပါယ် -**

အာရုပ္ပပဋိသန္ဓေ ၄-ပါးတို့တွင် ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပ ပဋိသန္ဓေတို့သည် မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာ အာရုံပြုကြ၏။ ပဌမာရုပ္ပ, တတိယာရုပ္ပပဋိသန္ဓေတို့သည် ပညတ်, ကမ္မနိမိတ်ကို အာရုံပြုကြ၏, ဤသို့ ထိုက်သင့်သလို အာရုံပြုကြသည်ကို ယထာရဟံ-ဟု ဆိုပါသည်။

➢ **တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဘဝ-၌ မဟဂ္ဂတဘူတ အရ ။ ။** အာကာသာနဉ္စာယတနကုသိုလ်နှင့် အာကိဉ္စညာယတနကုသိုလ်ကို ယူရမည်။

➢ **တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဘဝ-၌ ပညတ္တိဘူတ အရ ။ ။** ကောင်းကင်ပညတ်, နတ္ထိဘောပညတ်ကို ယူရပါမည်။

http://www.dhammadownload.com

➢ **ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃–မျိုးကို ကာလ–စသည်ဧဝနိုပ်ပုံ ။ ။** ၁။ ကံသည် [ကာမကုသိုလ် ၈-ခု, ဥဒ္ဓစ္စကြဉ် အကုသိုလ်စေတနာ ၁၁-ခု, ပေါင်း ၁၉-ပါးသည်] အတိတ်ကာလ, ဝမ္မာရုံ, မနောဒ္ဓါရ ဖြစ်ပါသည်။

၂။ **ကမ္မနိမိတ်သည်** ကာလအားဖြင့်-ပစ္စုပ္ပန်, အတိတ်, ပညတ် ဟူသော ကာလ ဝိမုတ်၊ အာရုံအားဖြင့်- အာရုံ ၆-ပါး။ ဒ္ဓါရအားဖြင့်- ၆-ဒ္ဓါရ ဖြစ်ပါသည်။

၃။ **ဂတိနိမိတ်သည်** ပစ္စုပ္ပန်ကာလ, ရူပါရုံ, မနောဒ္ဓါရ ဖြစ်ပါသည်။

➢ **ရူပဗြဟ္မာကြီးများစုတေခဲ့ခေသော် တိရစ္ဆာန်တိုက်ရိုက်ဖြစ်နိုင်/မဖြစ်နိုင်**

ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနှောင်းနိုင်သောကြောင့်- ရူပဗြဟ္မာကြီးများ စုတေခဲ့သော် တိရစ္ဆာန်တိုက်ရိုက်မဖြစ်နိုင်ပါ။ [သာဓက] ရူပါဝစရ စုတိယာ အဟေတု ရဟိတာသိယုံ။

➢ **ဖားသတ္တဝါ သေလျှင် နတ်ဖြစ်နိုင်ခွင့်ရှိ/မရှိ ။ ။** ကာမေသွေဝပနေတရာ ကိုထောက်၍ ကာမအဟိတ် ဒ္ဝိဟိတ်စုတိနောင် ကာမပဋိသန္ဓေ ၁ဝပါးနှောင်းနိုင်သော ကြောင့် ဖားသတ္တဝါသေလျှင် နတ်ဖြစ်နိုင်ပါသည်။

မေး ။ ။ "လူသေလျှင် လူဖြစ်ရမည်"ဟူသော စကားကို မုချအားဖြင့် မှတ်ထိုက်/မမှတ်ထိုက် သင်ဟသာဓကပြလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ ။ ။ မမှတ်ထိုက်ပါ။ တိဟိတ်လူသားသေလျှင် လူ, နတ်, ဗြဟ္မာ-အားလုံး ဖြစ်နိုင်ပါသည်။ [သာဓက-သဗ္ဗာကာမတိဟေတုမှာ] ဒ္ဝိဟိတ်, အဟိတ်လူသားသေလျှင် ကာမဘုံသား အားလုံးဖြစ်နိုင်ပါသည်။ [သာဓက-ကာမေသွေဝပနေတရာ]

➢ **အထက်အထက် အရှုပစုတိနောင် အောက်အောက် အရှုပပဋိသန္ဓေ မနှောင်းနိုင်ခြင်းအကြောင်း ။ ။** အထက်အထက် အရှုပဗြဟ္မာတို့သည် အောက်အောက်ဈာန်တို့၌ အပြစ်မြင်သဖြင့် တပ်ခြင်းကင်းသည်ဖြစ်၍ ယင်းအောက်အောက်ဈာန်တို့ကို အားမထုတ်သောကြောင့်-- အောက်အောက်အရှုပပဋိသန္ဓေ မနှောင်းနိုင်ပါ။

➢ **အရှုပစုတိနောင် ကာမတိဟိတ်ပဋိသန္ဓေစိတ်များ နှောင်းနိုင်ခြင်းအကြောင်း**

ဥပစာရဈာန်အားကောင်းသောကြောင့် ဥပစာရဈာန်၏ အကျိုးဖြစ်သော ကာမတိဟိတ်ပဋိသန္ဓေစိတ်များ နှောင်းနိုင်ပါသည်။

➢ **ဥပစာရဈာန်။ ။** အရှုပါဝစရဈာန်၏အနီးဌဖြစ်သော ကာမာဝစရကုသိုလ်ကို ဥပစာရဈာန်-ဟု ခေါ်သည်။

➢ **ဥပစာရဈာန် ၂–မျိုး ။ ။** (၁) ရူပါဝစရဈာန်၏ အနီးဌဖြစ်သော ကာမာဝစရကုသိုလ်-ဟူသော ဥပစာရဈာန်။ (၂) အရှုပါဝစရဈာန်၏ အနီးဌဖြစ်သော ကာမာဝစရကုသိုလ်-ဟူသော ဥပစာရဈာန်-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ရူပါဝစရစုတိနောင် ဒွိဟိတ်, တိဟိတ်ပဋိသန္ဓေသာ နှောင်းနိုင်ခြင်းအကြောင်း**

➢ **အဟိတ်ပဋိသန္ဓေ မနှောင်းနိုင်ခြင်းအကြောင်း** ။ ။ ရူပါဝစရစုတိနောင် ဥပစာရဈာန်၏ အာနုဘော်ကြောင့်ပင် ဒွိဟိတ်, တိဟိတ်ပဋိသန္ဓေများသာ နှောင်းနိုင်၏။ အဟိတ်ပဋိသန္ဓေ မနှောင်းပါ။

➢ **(သင်္ဘာအလို) ပဋိသန္ဓေ, ဘဝင်, စုတိ အဓိပ္ပါယ်** ။ ။ ၁။ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏အစွမ်းအားဖြင့် ဖြစ်သောစိတ်သည် ပဋိသန္ဓေစိတ်မည်၏။ [သင်္ဘာ-ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ိတံ မာနသံ]

၂။ ဥပပတ္တိဘဝ၏ မပြတ်ကြောင်း၏အဖြစ်ဖြင့် ဖြစ်ရေအလျဉ်ကဲ့သို့ ဝိထိစိတ်မဖြစ်သောအခါ မပြတ်ဖြစ်နေသော စိတ်အစဉ်သည် ဘဝင်စိတ်မည်၏။ [သင်္ဘာ-အသတိ ဝိထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သခ်ိတံ မာနသံ အဗ္ဘောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ။]

၃။ ရှေ့လျှောသည်၏အစွမ်းဖြင့်ဖြစ်သော ပစ္စုပ္ပန်ဘဝ၏အဆုံးဖြစ်သော စိတ်သည် စုတိစိတ်မည်၏။ [သင်္ဘာ-ပရိယောသာနေစ စဝနဝသေန စုတိစိတ္တံ ဟုတ္တာ နိရုဇ္ဈတိ]

➢ **တမေဝါရမ္ဘဏမာရဗ္ဘ တစေဝ စိတ္တံ–ဠ္ဟ တစေဝစိတ္တံ အရ** ။ ။ ပဋိသန္ဓေစိတ်နှင့် အတူ ဘူမိဇာတိ-စသည်၏အစွမ်းဖြင့် တူသည်ဖြစ်၍ ပဋိသန္ဓေဟူသော အခေါ်အဝေါ်ဖြစ်နိုင်သောကြောင့် သဒိသူပစာအားဖြင့် ပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်စိတ်ကို ယူရမည်။ ပဋိသန္ဓေစိတ်ကို မယူရ။ (ဥပမာ) စတုမဓူကို ဘုန်းပေးလေ့ရှိသော ဘုန်းကြီးက မနေ့ကစားပြီးနောက် ယနေ့တဖန် မနေ့ကဆေးကို ကပ်စမ်းပါ-ဟု စေခိုင်းရာ၌ မနေ့ကဆေးမှာ စားပြီးဖြစ်ရကား ထိုဆေးနှင့်တူသော ဆေးကိုပင် မနေ့ကဆေး-ဟု ပြောဆိုစေခိုင်း သကဲ့သို့တည်း။

➢ **ဖြစ်ရအလျဉ်ကဲ့သို့ ဖြစ်တတ်သောတရားများ** ။ ။ ဘဝင်စိတ်များနှင့် စတုဇရူပ်တို့ဖြစ်ပါသည်။ [ဝိထိမုတ်စာပိုဒ် ၉၉ နှင့်-ရူပ်စာပိုဒ် ၅၅။]

➢ **ယာဝစုတိစိတ္တုပ္ပါဒါ–ဠ္ဟ စုတိ အရ** ။ ။ စုတိစိတ်ကိုရင်း, စုတိစိတ်၏အနီးဖြစ်သော မရဏာသန္ဓဝီထိကိုရင်း ယူရပါမည်။ ထို့ကြောင့် ပဋိသန္ဓေစိတ် ချုပ်သည်မှစ၍ ၁။ စုတိတိုင်အောင်ရင်း, ၂။ စုတိအနီး မရဏာသန္ဓဝီထိစိတ်များတိုင်အောင်ရင်း ဝိထိစိတ်များမဖြစ်လျှင် "ဘဝင် ဖြစ်သည်"ဟု ယူရမည်။

မှတ်ချက် ။ ။ အထက်ပါသတ်မှတ်ချက် ၂-မျိုးတို့တွင် နံပါတ် ၁-စကားသည် ဘဝင်နောင် စုတိကျသော မရဏာသန္ဓဝီထိ နှစ်ဝီထိကို ရည်ရွယ်သည်၊ နံပါတ် ၂-စကားသည် တဒါရုံနောင် စုတိ, ဇောနောင် စုတိကျသော မရဏာသန္ဓဝီထိ နှစ်မျိုးလုံးကို ရည်ရွယ်ပါသည်။

http://www.dhammadownload.com

➢ **ဝိထိစိတ်မဖြစ်လျှင် ဘဝင်စိတ်ဖြစ်၏ဟူစသော စကားကို မုဒ္ဒ မမှတ်ရ** နိရောဃသမာပတ်ဝင်စားရာ၌ ဝိထိစိတ် ဘဝင်စိတ်လည်း မဖြစ်ပါ။

➢ **သံသရာစက် လည်ရာအရပ်** ။ ။ အဝိဇ္ဇာ-ဟူသော ဝဋ်မြစ်ပြတ်သည့် တိုင်အောင် သံသရာစက် လည်ပါသည်။

➢ **ပဋိသန္ဓိ ဘဝင် ဝိထိဟော-၌ ဝိထိ အရ** ။ ။ ဝိထိစိတ်တို့ကို ယူရပါမည်။ (**တစ်နည်း**) ကေစိဆရာတို့အလို အယဉ်ဟူသော အနက်ကိုယူရမည်။

ကေစိဆရာတို့က ပဋ္ဌမပရိစ္ဆေဒ-၌ ဝိထိမုတ္တသင်္ဂဟကိုသာ ပြအပ်သောကြောင့် ယင်းဝိထိမုတ်မည်သော ပဋိသန္ဓေ, ဘဝင်, စုတိ-တို့ကိုသာ (ဝိထိစိတ်များ မပါ) ယူသင့်၏ဟု ကြံဆပြီး, ပဋိသန္ဓိ ဘဝင်ဝိထိယောပါ၌-၌ ဝိထိသဒ္ဒါအတွက် ဝိထိစိတ်ဟူသော အနက်ကိုမယူဘဲ ပဝါဟ-အယဉ်ဟူသော အနက်ကို ဖွင့်ဆိုကုန်၏။

ထို့ကြောင့် ကေစိဆရာတို့အလို ပဋိသန္ဓိ ဘဝင်ဝိထိယော-ပဋိသန္ဓေဘဝင်, အယဉ်တို့ဝင်းဟု အနက်ပေးရမည်။

➢ **ယင်းဧကစိတ္တ မသင့်ခြင်းအစကြောင်း** ။ ။ ပဝတ္တိသင်္ဂဟကို ပြပြီးသည်၏ အဆုံး၌ ယင်းပဝတ္တိသင်္ဂဟနှစ်ပိုင်းဝယ် ရေတွက်အပ်ကုန်သော ဝိထိစိတ်, ဝိထိမုတ်စိတ်အားလုံးကို (၀၊) ပဋိသန္ဓေ, ဘဝင်, စုတိ-ဝိထိစိတ်တို့အားလုံးကို နိုင်ငုံးအုပ်ရန် လိုအပ်သောကြောင့် ယင်းကေစိ၀ါဒ မသင့်ပါ။

ယင်းသို့ယူမှသာလျှင် ပဋိသန္ဓိယ ပနေတ မဗ္ဗုဝံ-ဂါထာ၌ ဧတသဒ္ဒနာမ်ပုဒ်ဖြင့် ဝိထိစိတ်, ဝိထိမုတ်စိတ်တို့အားလုံးကို ပြည့်စုံစွာ စွဲယူသုံးသပ်နိုင်ခြင်းဟူသော အကျိုးရ၏။

➢ **ပဋိသန္ဓိနဲ့ နှင့် အဓိဂမအထူး** ။ ။ ပဋိသန္ဓိယ-ဟူသောပါ၌၌ ဝိပဿနာဉာဏ်ကို ပဋိသန္ဓိန-ဟု ခေါ်၏။ အဓိဂန္ဓာ-၌ မဂ်ဉာဏ် ၄-ပါးကို အဓိဂမ-ဟု ခေါ်သည်။

➢ **အဓိဂန္ဓာ-၌ အဓိဂမ အရ** ။ ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နှစ်ပါးစုံကို ယူရပါမည်။

➢ **ပဒံ နှင့် သမံ-အထူး** ။ ။ ပဒံ အရ-သဉ္ဇာတိဒေသေသနိဗ္ဗာန်ကိုသာ ယူရပါမည်။ သမံ အရ-အနုပါဒိသေသနိဗ္ဗာန်ကိုသာ ယူရပါမည်။ ဤသို့ ထူးပါသည်။

➢ **အဓိဂန္ဓာ-၌ နိဗ္ဗာန်ရပုံ** ။ ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသော အားဖြင့် နိဗ္ဗာန်ကို ရပါသည်။

➢ **သမမေဿန္တိ စိရာယ သုဒ္ဒတာ-၌ သမ အဓိပ္ပါယ်** ။ ။ ခန္ဓာငါးပါးတည်းဟူသော ဥပဓိ အကြွင်းအကျန် မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို "သမ" ဟု ခေါ်ပါသည်။

ဝိထိမုတ်ပိုင်း ဋီကာစကျော် အဓိပ္ပါယ်များ ပြီး၏။



http://www.dhammadownload.com

ရူပ်ပိုင်း ဋီကာကျော် အဓိပ္ပါယ်မျှား

➢ **ဘ္ဂဝတာ–စသော စကားရပ်ကို အားထုတ်တော်မူရခြင်းအကြောင်း**

စိတ်, စေတသိက်တို့၏အပြားအားဖြင့် ၂-ပါးအပြားရှိသော အဘိဓမ္မတ္ထကို ပြပြီး၍ ယခုအခါ၌ ရူပ်ကိုဂင်း, ထိုရူပ်၏အခြားမဲ့၌ နိဗ္ဗာန်ကိုဂင်း ပြလိုသောကြောင့် ဤ "ဘ္ဂဝတာ" စသော စကားရပ်ကို အားထုတ်တော်မူပါသည်။

➢ **သဗ္ဗဘောဒမ္ဗဝတ္ထိကာ–၌ ပဘောဒ ဟူသည်** ။ ။ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့၏အစွမ်းဖြင့်ဆိုအပ်သော စိတ်, စေတသိက်, ပကိဏ်းပိုင်းကို ဆိုလိုသည်။

➢ **သဗ္ဗဘောဒမ္ဗဝတ္ထိကာ–၌ ပဝတ္ထိ ဟူသည်** ။ ။ ပဝတ္တိအခါ, ပဋိသန္ဓေအခါ အစွမ်းဖြင့် ဆိုအပ်သော နှစ်ပါးသောဝိထိ, ဝိထိမုတ်ပိုင်းကို ဆိုလိုသည်။

➢ **သဗ္ဗဘောဒမ္ဗဝတ္ထိကာ–၌ သဗ္ဗစောဒ အရ** ။ ။ စိတ်, စေတသိက်, ပကိဏ်းပိုင်းတို့ဖြင့် ပြအပ်သော ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့ကို ယူရပါမည်။

➢ **သဗ္ဗဘောဒမ္ဗဝတ္ထိကာ–၌ ပဝတ္ထိကာ အရ** ။ ။ ဝိထိ, ဝိထိမုတ်တို့ဖြင့် ပြအပ်သော ပဝတ္တိ, ပဋိသန္ဓေ-တို့ကို ယူရပါမည်။

➢ **သဗ္ဗဘောဒမ္ဗဝတ္ထိကာ အရ** ။ ။ စိတ်, စေတသိက်တို့ကို ယူရပါမည်။

➢ **သမ္ဗဒ္ဓေသာ–စသော စကားကို မိန့်ဆိုရကျိုး** ။ ။ ဝန်ခံအပ်ပြီးသောရူပ်ကို ဝေဖန်ရန်အတွက် မာတိကာကိုထားခြင်းအကျိုးငှာ သမုद्देသာ-စသော စကားကို မိန့်ဆိုသည်။

➢ **သမ္ဗဒ္ဓေသ မည်ပုံ** ။ ။ အကျဉ်းအားဖြင့် သရူပ်အရ ထုတ်ပြခြင်းသည် သမုद्देသ မည်ပါသည်။

➢ **ဝိဘာဂ မည်ပုံ** ။ ။ ဇကေဝ-စသည်တို့၏ အပြားအားဖြင့် ဝေဖန်ခြင်းသည် ဝိဘာဂ မည်၏။

➢ **သမုဋ္ဌာန မည်ပုံ** ။ ။ အကျိုးတရား၏ ဖြစ်ခဲ့ရာဖြစ်သောကြောင့် အကြောင်းသည် သမုဋ္ဌာန မည်၏။

➢ **သမုဋ္ဌာန အရ** ။ ။ ရူပ်ကိုဖြစ်စေတတ်သော ကံ, စိတ်, ဥတု, အာဟာရ-တို့ကို ကောက်ယူရမည်။

➢ **ကလာပ မည်ပုံ** ။ ။ စက္ခုဒသက-စသော ရူပ်အပေါင်းသည် ကလာပမည်၏။

➢ **ကလာပ အရ** ။ ။ စက္ခုဒသက-စသော ကလာပ်တို့ကို ယူရပါမည်။

➢ **ရူပပဝတ္ထိကွမ ဧစ်ပုံ** ။ ။ ကာမ ရူပ-ဟူသော ဘဝ, ပဝတ္တိ ပဋိသန္ဓေ-ဟူသော ကာလ, သံသေဒ သြပပါတိက-စသော သတ္တဝါအပြားအားဖြင့် ရူပ်တို့၏ ဖြစ်ပုံအစဉ်ကို ရူပပဝတ္တိကွမ-ဟုခေါ်သည်။

➢ **မဟာဘူတ် မည်ပုံ** ။ ။ အသုရာ-စသော ဥပါဒိန္နကသန္တာန်, စက္ကြဝဠာ, မြင့်

http://www.dhammadownload.com

ဗိုရ်တောင်-စသော အနုပါဒိန္နကသန္တာန်တို့၌ ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်သောကြောင့် မဟာဘုတ် မည်၏။ (**တစ်နည်း**) များစွာသော အုံ့ညြဖွယ်အထူးကို ပြတတ်သောကြောင့် မျက်လှည့်သည် စသူတို့သည် မဟာဘုတ် မည်၏။

➢ **မဟာဘူတ အရ ။ ။** မျက်လှည့်သူ စသည်ရ၏။

(**တစ်နည်း**) များစွာသော မဟုတ်မမှန်သော အရာဝတ္ထုတို့ကို ပြတတ်သောကြောင့် မျက်လှည့်သည် စသူတို့သည် မဟာဘုတ်မည်၏။

➢ **မဟာဘူတ အရ ။ ။** မဟာဘုတ် ၄-ပါး ရ၏။

➢ **မဟာဘုတ်တို့ မျက်လှည့်သမားနှင့်တူပုံ ။ ။** မျက်လှည့်သမားသည် ပတ္တမြား မဟုတ်သော ရွှံ့ခဲကို ပတ္တမြားလုပ်၍ အုံ့ညြဖွယ်ကို ပြတတ်သကဲ့သို့ မဟာဘုတ်တို့သည် မိမိတို့ကိုယ်တိုင်က အညို, အရွှေ-စသော သဘောမဟုတ်ပါဘဲလျက် အညို, အရွှေ-စသော ဥပါဒါရူပ်ဖြစ်အောင် ပြတတ်၏။ ယင်းသို့ မဟာဘုတ်နှင့် မျက်လှည့်သမားတို့ ပြတတ်ပုံချင်း တူပါသည်။

အမှာ ။ ။ မဟာဘုတ်ကိုမှီ၍ ဝဏ္ဏ, ဂန္ဓ-စသော ဥပါဒါရူပ်တို့ဖြစ်ရသောကြောင့် ထိုအဆင်းရုပ်-စသည်တို့ကို မဟာဘုတ်က ပြသည်ဟု ဆိုသည်။

➢ **မဟာဘုတ်တို့ ဘီလူးမနှင့်တူပုံ ။ ။** ဘီလူးမသည် ပင်ကိုယ်ကကြောက်စရာ ကောင်းသော်လည်း မြတ်ဦးဖွယ် အဆင်းပုံသဏ္ဌာန် အစရှိသည်တို့ဖြင့် ဖန်ဆင်းပြ၍ သတ္တဝါတို့ကို လှည့်စားတတ်သကဲ့သို့ ပထဝီ-စသော ဓာတ်များသည်လည်း လှပသော မိန်းမ, ယောက်ျားပုံသဏ္ဌာန်ကို ပြခြင်းအစရှိသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သောကြောင့် မဟာဘုတ်မည်၏။

➢ **ဥပါဒါရူပ် မည်ပုံ ။ ။** မဟာဘုတ်တို့ကိုစွဲမှီ၍ ဖြစ်သောရုပ်သည် ဥပါဒါရူပ် မည်၏။

ဧမေ ။ ။ မဟာဘုတ်တို့ကိုစွဲမှီ၍ ဖြစ်သောရုပ်သည် ဥပါဒါရူပ်မည်၏ဟု ဆိုလျှင် ဧကဝ်
မဟာဘူတ ပဋိစ္စ တယော မဟာဘူတာ-ဟူသော စကားကိုထောက်၍ မှီတတ်
သော မဟာဘုတ်များသည် ဥပါဒါရူပ်မည်သလော?။

➢ **မဟာဘုတ်တို့ ဥပါဒါရူပ် အမည်မရနိုင်ခြင်းအကြောင်း ။ ။** မှီရုံမှီတတ်သော ရုပ်တို့သည် (၀၊) ဧကန်မှီတတ်သောရုပ်တို့သည် ဥပါဒါရူပ်-ဟူသော အမည်သည်ရပြီး ဖြစ်သောကြောင့် (၀၊) ဥပါဒါရူပ်ဟူသော အမည်သည်ရသောကြောင့် မဟာဘုတ်တို့ မှီတတ်သော်လည်း ဥပါဒါရူပ်အမည် မရနိုင်။

(**အကျယ်**) ပထဝီ-စသော မဟာဘုတ်တို့သည် မိမိတို့အချင်းချင်းလည်း အပြန်အလှန် မှီတတ်၏။ အခြားသောရုပ်တို့၏ အမှီကိုလည်း ခံတတ်၏။ ယင်းသို့ မှီတတ် မှီအပ်ရုပ်မျိုးကို ဥပါဒါရူပ်-ဟု မခေါ်ရ, မဟာဘုတ်မှကြွင်းသော ရုပ်များသည်ကား

http://www.dhammadownload.com

မဟာဘုတ် ၄-ပါးကို မှီ၍သာဖြစ်၏၊ အခြားသောရှင်ပ်တို့၏ အမှီကိုမခံ, ယင်းသို့ မှီရုံသာ မှီသော ရှင်ပ်များကိုသာ ဥပါဒါရှင်ပ်-ဟု ခေါ်သည်။ ထို့ကြောင့် အချင်ချင်းမှီတက်သော မဟာဘုတ်တို့ကို ဥပါဒါရှင်ပ်-ဟု မခေါ်ဆိုနိုင်ပါ။

(**ဓာတ်နည်း**) သင်ဟ-၌ ပြဆိုထားသော စတုန္ဓံ မဟာဘူတာနံ ဥပါဒါယရူပံ-ဟူသော စကားသည် ဥပါဒါရှင်ပ်၏ လက္ခဏာကိုပြသော စကားရပ်ဖြစ်၏၊ ယင်းလက္ခဏာ အရ မဟာဘုတ် ၄-ပါးလုံးကို မှီရမှသာ ဥပါဒါရှင်ပ်-ဟု ခေါ်ရသည်။ မဟာဘုတ်တို့အနှင်းချင်း မှီရာ၌ အလွန်ဆုံး သုံးပါးကိုသာ မှီကြ၏၊ ၄-ပါးလုံးကို မမှီကြရ, ထို့ကြောင့် ဆိုခဲ့ပြီး လက္ခဏာနှင့် မညီကြရကား မဟာဘုတ်တို့ကို ဥပါဒါရှင်ပ်-ဟု မခေါ်ရပါ။

ဓမ်း ။ ။ **စက္ခုဝတ္ထု**၏**မှီရာ**ကို သင်ဟထောက်၍ ဖြေဆိုပါ။ (၁၃၆၂-ခု လတ် ပဲခူး)

ဖြေ ။ ။ စတုန္ဓဇမဟာဘူတာနံ ဥပါဒါယရူပံကိုထောက်၍ မဟာဘုတ်ဖြစ်ပါသည်။

➢ **ပထဝီ မည်ပုံ** ။ ။ ပကတိမြေကြီးသည် သစ်ပင်တောတောင်အစရှိသော အရာဝတ္ထုတို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားသကဲ့သို့ ကက္ခဠလက္ခဏာရှိသော ပထဝီသည် သဟဇာတရှင်ပ်တရားတို့၏တည်ရာအဖြစ်ဖြင့် ထင်ရှားသောကြောင့် "ပထဝီ" မည်ပါသည်။

➢ **ဓာတု မည်ပုံ** ။ ။ ဖီမိ၏သဘောလက္ခဏာကို ဆောင်ခြင်း-အစရှိသော အကြောင်းကြောင့်ရင်း, သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်ရင်း, ကိုယ်၏အစိတ်အပိုင်းဖြစ်သော ရသ-အစရှိသောဓာတ်, ကျောက်တောင်၏ အစိတ်အပိုင်းဖြစ်သော ဆေးဒန်းမြင်းသီလာ-အစရှိသော ဓာတ်တို့နှင့် တူသောကြောင့်ရင်း ဓာတုမည်၏။

ကိုယ်၏အစိတ်အပိုင်းဖြစ်သော ရသ (**အရည်**) ဓာတ်, သောဏိတ (**အသွေး**) ဓာတ်-စသည်တို့ကို လောကဌ်ဓာတ်-ဟု ခေါ်၏။ ယင်းဓာတ်တို့နှင့် အစိတ်အပိုင်းခြင်းတူသောကြောင့် ခန္ဓာ ၅-ပါးဟူသော အတ္တဘော၏အစိတ်အပိုင်းဖြစ်သော ပထဝီ-စသော ၄-ပါးကို ဓာတ်-ဟု ခေါ်သည်။ (၇)

လောကဌ် ကျောက်တောင်၏ အစိတ်အပိုင်းဖြစ်သော ဆန်းကြယ်သော ဆေးဒန်းမြင်းသီလာကို ဓာတ်-ဟု ခေါ်သည်။ ယင်းဓာတ်တို့နှင့် အစိတ်အပိုင်းချင်းတူသောကြောင့် ဥယျ တရားတို့ဌ်ပါသော ဆန်းကြယ်သော အစိတ်အပိုင်းဖြစ်သော ပထဝီ-စသော ၄-ပါးကို ဓာတ်-ဟု ခေါ်သည်။

➢ **အာပေါ မည်ပုံ** ။ ။ သဟဇာတ်ရှင်ပ်တရားတို့ကို ပျံ့နှံ့တတ်သောကြောင့်ရင်း, ယင်းရှင်ပ်တရားတို့ကို တိုးပွားစေတတ်သောကြောင့်ရင်း အာပေါ မည်ပါသည်။

➢ **တေဇော မည်ပုံ** ။ ။ သဟဇာတ်ရှင်ပ်တရားတို့ကို ရင့်ကျက်စေသောကြောင့်

http://www.dhammadownload.com

ရင်း၊ ကြွင်းသော မဟာဘုတ် ၃-ပါးကို ထက်သည်၏အဖြစ်ဖြင့် ပူလောင်တတ်သော ကြောင့်ရင်း တေဇော မည်ပါသည်။

➢ **ဝါယော မည်ပုံ** ။ ။ အရပ်တစ်ပါး၌ အခြားရုပ်ကို ပြောင်းရွှေ့ဝှေ့ပါဝံနိုင်ခြင်း၏ အကြောင်း၏အစွမ်းဖြင့် မိမိနှင့်ဖြစ်ဘက် မဟာဘုတ်အပေါင်းကို အရပ်တစ်ပါးသို့ ရောက်စေတတ်, ပြောင်းရွှေ့စေတတ်သောရုပ်သည် ဝါယော မည်ပါသည်။

➢ **မဟာဘုတ် ၄-ပါး လက္ခဏာ** ။ ။ ၁။ ပထဝီဓာတ်သည် ကထိနတ္တ လက္ခဏာ- ကြမ်းတမ်းခက်မာခြင်း, ခိုင်မာခြင်းဟူသော လက္ခဏာ ရှိပါသည်။ ၂။ အာပေါဓာတ် သည် ဒ၀တ္တလက္ခဏာ- ပျော်ဝင်အိ ယိုစီးခြင်းဟူသော လက္ခဏာ ရှိပါသည်။

၃။ တေဇောဓာတ်သည် ဥဏှတ္တ လက္ခဏာ- ပူလောင်ခြင်းဟူသော လက္ခဏာ ရှိပါသည်။ ၄။ ဝါယောဓာတ်သည် ဝိတ္ထမ္ဘနတ္တ လက္ခဏာ- ထောက်ကန်ခြင်း, ထောက်ပံ့ ခြင်းဟူသော လက္ခဏာ ရှိပါသည်။

➢ **ပသာဒရူပ် မည်ပုံ** ။ ။ မဟာဘုတ် ၄-ပါးတို့ကို ကြည်လင်စေတတ်သော ကြောင့် ပသာဒရုပ် မည်၏။

➢ **ပသာဒရူပ် ၅-ပါးတို့၏ လက္ခဏာ** ။ ။ ၁။ စက္ခုပသာဒသည် ကြည့်ရှုခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ရူပတဏှာလျှင် အရင်းခံရှိသောကံကြောင့်ဖြစ်သော မဟာ ဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ-ရှိပါသည်။

၂။ **သောတပသာဒ**သည် ကြားခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော သဒ္ဒတဏှာ လျှင် အရင်းခံရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ -ရှိပါသည်။

၃။ **ဃာနပသာဒ**သည် နမ်းရှုခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ဂန္ဓတဏှာလျှင် အရင်းခံရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ- ရှိပါသည်။

၄။ **ဇိဝှါပသာဒ**သည် သာယာခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ရသတဏှာ လျှင် အရင်းခံရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ -ရှိပါသည်။

၅။ **ကာယပသာဒ**သည် ထိတွေ့ခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ဖောဋ္ဌ ဗ္ဗ တဏှာလျှင် အရင်းခံရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ-ရှိပါသည်။

➢ **စက္ခုပသာဒ၏ ဥပမာဆိုဆာန/စက္ခုပသာဒ၏ ပြစ်ဘည်ရာအရေမ်** ။ ။ စက္ခုပသာဒ သည် မျက်နှာဝန်းအလယ်၌ မိမိရှေ့၌ရပ်နေသူ၏ ပုံသဏ္ဌာန် အရိပ်ထင်ပေါ်ရာ၌

http://www.dhammadownload.com

သန်းဦးခေါင်းပမာဏရှိသောအရပ်၌ တည်ရှိသည်။

➢ **စက္ခုပသာဒ၏ ဥပဒ္ဒေနာကာရ / စက္ခုပသာဒ၏ ဖြစ်တည်ပုံအခြင်းအရာ**

ဆီသည် ဝါဂွမ်းလွှာ ၇-ထပ်တို့ကို ပျံ့နှံ့တည်သကဲ့သို့ စက္ခုပသာဒသည် မျက်လွှာ ၇-ထပ်တို့ကို ပျံ့နှံ့တည်ပါသည်။

➢ **စက္ခုပသာဒ၏ ဥပကာရ (စကျားဇူးဖြည့်) တရား ။ ။** အထိန်းတော် ၄-ယောက်တို့က မင်းသားငယ်အား ခိုဆောင်ခြင်း, ရေချိုးပေးခြင်း, တန်ဆာဆင်ခြင်း, ယပ်ခတ်ခြင်း-ဟူသော ကိစ္စ ၄-ပါးတို့ဖြင့် ကျေးဇူးပြုသကဲ့သို့ ပထဝီ-စသော ဓာတ်ကြီး ၄-ပါးတို့က စက္ခုပသာဒအား ကောင်းစွာ ဆောင်ထားခြင်း, ဖွဲ့စည်းခြင်း, ရင့်ကျက်စေခြင်း, ရွှေ့လျားစေခြင်း-ဟူသော ၄-ကိစ္စတို့ဖြင့် ကျေးဇူးပြုသည်။

➢ **စက္ခုပသာဒ၏ ဥပဏ္ဍမ္ဘက (အထောက်အပံ့) တရား ။ ။** မင်းသားငယ်ကို ခမည်းတော်, မယ်တော်နှင့် အမတော်, နောင်တော်တို့က ထောက်ပံ့သကဲ့သို့ ဥတုစိတ် အာဟာရတို့က ထောက်ပံ့ထားပါသည်။

➢ **စက္ခုပသာဒ၏ အနုပါလက (အစောင့်အရှောက်) တရား ။ ။** မင်းသားငယ်ကို ဒိသာပါမောက္ခဖြစ်သော မင်း-ဟုသုမုတ်အပ်သော ဆေးဆရာကြီးက ကောင်းစွာ စောင့်ရှောက်သကဲ့သို့ စက္ခုပသာဒကို အသက်ဟူသော ဇီဝိတိန္ဒြေက ကောင်းစွာ စောင့်ရှောက်ထားသည်။

➢ **စက္ခုပသာဒ၏ ပရိဝါရိတ (အခြံအရံ) တရား ။ ။** မင်းသားငယ်ကို ကစားဖော် ကစားဖက် အမတ်သားများက ခြံရံကြသကဲ့သို့ စက္ခုပသာဒကို ကလာပ်တူ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ-တို့က ခြံရံထားကြသည်။

➢ **စက္ခုပသာဒ၏ ကိစ္စ ။ ။** စက္ခုပသာဒရုပ်သည် စက္ခုဝိညာဉ်စိတ်၏ ဝတ္ထုကိစ္စ, ဒွါရကိစ္စကိုလည်း, သမ္ပဋိစ္ဆိုင်း-စသော စိတ်တို့၏ ဒွါရကိစ္စကိုသာလည်း ပြီးစေပါသည်။

➢ **သသမ္ဘာရ စက္ခု အဓိပ္ပါယ် ။ ။** သသမ္ဘာရစက္ခု-ဟူသည် မျက်လုံးအိမ်အတွင်း ဝယ် အောက်၌မျက်တွင်းနှီး, အပေါ်၌မျက်ခုံးနှီး, ဘေး၌မျက်တောင်စွန်းနှီး နှစ်ခုအတွင်း ဦးနှောက်အပြင်၌ မျက်တောင်မွေးတို့ဖြင့် ပိုင်းခြားအပ်သော အစိုင်ကို ခေါ်ပါသည်။

ဓမ်း ။ ။ စက္ခုဝိညာဏ်-၌ စက္ခုအရ-သသမ္ဘာရ စက္ခုယူခဲ့သော် ယင်းစက္ခုတွင် ပါဝင်နိုင်သော တရားများကို ဖော်ပြပါ။ (၁၃၂၅-ခု သက္ကသီဟ)

ဖြေ ။ ။ သသမ္ဘာရစက္ခု၌ အကျဉ်းအားဖြင့် မဟာဘုတ် ၄-ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ-သုက်သဏ္ဌာန် (ရှုပါရဲ့) ဇီဝိတ, ဘာဝရုပ် တစ်ခုခု, ကာယပသာဒ, စက္ခုပသာဒ-ဟူသော ရုပ် ၁၄-ပါးရှိ၏။ (ကျီ-၄-၃၄၅)

➢ **သောတပသာဒ-၏တည်ရာဌာန ။ ။** သောတပသာဒသည် နားချိုင့်အတွင်း

http://www.dhammadownload.com

၌ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော နုနယ်နီမြန်းသော အမွေးကလေးများ အစိအရီ ပေါက်ရောက်သောအရပ်၌ တည်ပါသည်။

➢ **ယာနပသာဒ တည်ရာဌာန** ။ ။ ယာနပသာဒသည် နှာခေါင်းအတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့၍ တည်နေပါသည်။

➢ **ဇိဝှါပသာဒ တည်ရာဌာန** ။ ။ ဇိဝှါပသာဒသည် လျှာလယ်များ၌ ကြာပွင့်ချပ် သဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့၍ တည်နေပါသည်။

➢ **ကာယပသာဒရုပ်၏ တည်ရာဌာန** ။ ။ ကာယပသာဒသည် ကမ္မဇတေဇော ဓာတ် တည်ရာအရပ်ကိုဝင်း, ဆံပင်အဖျား, အမွေးဖျား, ခြေသည်း, လက်သည်းဖျား, ခြောက်သောအရေတို့ကိုဝင်း, ချန်ထား၍ အလုံးစုံသောကိုယ်၌ ပျံ့နှံ့၍တည်ပါသည်။

➢ **လွှမ်းမိုးကိုယ်–၌ ကာယပသာဒရုပ် မရပ်တည်နိုင်သောနေရာဌာနများ**

ကမ္မဇတေဇောဓာတ်၏ တည်ရာအရပ်, ဆံပင်ဖျား, အမွေးဖျား, ခြေသည်း, လက်သည်းဖျား, ခြောက်သောအရေတို့ ဖြစ်ပါသည်။

➢ **ကာယပသာဒသည် တစ်ကိုယ်လုံးမှာ ပျံ့နှံ့၍တည်နေသော်လည်း စက္ခု–စသော အဓြားပသာဒတို့နှင့် မရောက်ယှက်ခြင်း အကြောင်း** ။ ။ ကာယပသာဒနှင့် ကျန်ပသာဒရုပ်တို့သည် ကွဲပြားသော မှီရာမဟာဘုတ်ကွဲပြားသော လက္ခဏာရှိသော ကြောင့် ဖြစ်ပါသည်။

ပသာဒရုပ်များသည် မဟာဘုတ်ကိုမှီသော်လည်း မိမိမဟာဘုတ်နှင့်သာ မှီကြ သည်၊ (၀၊) ကလာပ်အသီးသီး၌တည်သော ဘုတ်များကို မှီကြသည်၊ ထို့ကြောင့် မှီရာ မဟာဘုတ်အားဖြင့် ကွဲပြားသည်-ဟု ဆိုရသည်။

ဒဋ္ဌကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပွသာဒ လက္ခဏာ-စသည်ဖြင့် အထက်၌ ဆိုခဲ့ပြီးသည့်အတိုင်း ပသာဒရုပ်များသည် လက္ခဏာအားဖြင့် ကွဲပြားရသည်၊ ထို့ကြောင့် ပသာဒရုပ်အချင်းချင်း မရောယှက်ပါ။

ရူပရသ-စသည်တို့သည် တစ်ကလာပ်ထည်း၌ဖြစ်သဖြင့် မှီရာမဟာဘုတ်အားဖြင့် တူသော်လည်း လက္ခဏာကွဲပြားသောကြောင့် မရောက်ယှက်ပါ။

➢ **သဒ္ဒဌာနိက ပသာဒ** ။ ။ ကာယပသာဒသည် တစ်ကိုယ်လုံး ပျံ့နှံ့၍ တည် သောကြောင့် "သဒ္ဒဌာနိက ပသာဒ" ဖြစ်ပါသည်။

➢ **ပဒေသဌာနိကပသာဒ** ။ ။ ကြွင်းသော စက္ခု, သောတ, ယာန, ဇိဝှါပသာဒ တို့သည်ကား ခန္ဓာကိုယ်၏ တစ်စိတ်တစ်ဒေသ၌သာ ပျံ့နှံ့၍ တည်သောကြောင့် "ပဒေသဌာနိက ပသာဒ" ဖြစ်ပါသည်။

➢ **ဓမ္မာဒ္ဒဇ–၌ ပူသနု ဟူသည်** ။ ။ ပသာဒရုပ်နှင့်တကွ ထိခိုက်ခြင်း ကလာပ်

http://www.dhammadownload.com

တစ်ပါးခ်ဲ့ တည်သောရုပ်တို့နှင့်တကွ ထိခိုက်ခြင်းကို ဆိုလိုသည်။

၁။ ➢ **အာပေါဓာတ်သည် ဓဂါစရုပ်အမည် မရနိုင်ခြင်းအကြောင်း**

၂။ ➢ **အာပေါဓာတု ဝိဝန္ဓိတ်-၌ အာပေါဓာတ်ကိုကြည့်ရှုခြင်းအကြောင်း**

၃။ ➢ **ဖောဋ္ဌဗ္ဗာရုံ-၌ အာပေါဓာတ်မပါဝင်ရခြင်းအကြောင်း**

၄။ ➢ **အာပေါဓာတု ဝိဝန္ဓိတ် ဘူတတ္တယသခ်ါတ်-ဟု အဋ္ဌကထာ ဆိုရခြင်းအကြောင်း**

အာပေါဓာတ်သည် သိမ်မွေ့သည့်အတွက် တွေ့ထိခြင်းငှာ မတတ်ကောင်းသော ကြောင့် -- အာပေါဓာတ်ကို ကြည့်ရပါသည်။

စောဒနာဓျက် ။ ။ အာပေါဓာတ်ကို တွေ့ထိ၍ မရကောင်းဟူသော စကားနှင့်ပတ်သက်၍ ရေကိုလက်ဖြင့် စမ်းကြည့်သောအခါ အအေးဓာတ်ကို တွေ့ရ၏။ ယင်းအအေးဓာတ်သည် အာပေါဓာတ်ပင်ဖြစ်သည် မဟုတ်ပါလော? စောဒနာကြ၏။

မေး ။ ။ ရေထဲ၌ စမ်းသပ်ရသော အအေးဓာတ်ကို အာပေါ-ဟု ဆိုနိုင်/မဆိုနိုင် ရှင်းပြ၍ ယင်းကို အာပေါဓာတ်-ဟု ယူခဲ့သော် ဖြစ်နိုင်သော အပြစ်ကို ဖော်ပြပါ။

ယင်းတွေ့ထိရသော အအေးဓာတ်သည် အာပေါမဟုတ်, တေဇောဓာတ်သာတည်း တေဇောသည်၊ ၁။ သီတတေဇော ၂။ ဥဏှတေဇော-ဟု နှစ်မျိုးရှိရာဝယ် ရေထဲ၌ တွေ့ထိရကောင်းသော အအေးဓာတ်သည် အပူဓာတ်အားနည်းနေသော တေဇော (သီတတေဇော)ဓာတ်ဖြစ်သည်၊ တေဇောမှတစ်ပါးသော အအေးဓာတ်ဟူသော သတ္တိတစ်မျိုး အမြဲမရှိနိုင်သောကြောင့် ယင်းအအေးဓာတ်သည် အာပေါ မဟုတ်ပါ။

ယင်းအအေးဓာတ်သည် ရုပ်ကလာပ်တစ်ခုခုမှာ အမြဲမတည်နိုင်, ပါရ အပါရ အမည်ရပုံနှင့်တူ၏၊ ထို့အတူ တေဇောဓာတ် ရုပ်တစ်မျိုးထည်းကိုပင် အခါကာလအားလျော်စွာ အပူဓာတ်ရုပ်, အအေးဓာတ်ရုပ် အမျိုးမျိုးခေါ်နိုင်ပါသည်။

➢ **လဒ္ဓဓေါသ ဧရောက်အပ်သောအပြစ်** ။ ။ အအေးဓာတ်ကို အာပေါမည်၏ဟုဆိုလျှင် အာပေါသည် ဝိနိဗ္ဘောဂရုပ်ဖြစ်သောကြောင့် အပူဓာတ်နှင့်အတူ ကလာပ်တစ်ခုတည်းမှာ ရနိုင်ခြင်းဟူသော အပြစ်ရောက်၏။

ထို့သို့ အအေးဓာတ်နှင့် အပူဓာတ်နှစ်ပါးကို ကလာပ်တစ်ခုတည်းမှာ မရကောင်း အအေးဓာတ်သည် အာပေါမဟုတ်, တေဇော-ဟုသာ မှတ်ရမည်။

➢ **တေဇော-၌ ဥဏှဗုဒ္ဓိ သီတဗုဒ္ဓိဖြစ်မုံ** ။ ။ နွေအခါ နေပူထဲမှ အရိပ်ထဲသို့ ဝင်လာသောသူတို့အား ဝင်လာခါစ၌ အေး၏-ဟု အမှတ်ရှိ၏၊ (ဝါ) သီတတေဇောတို့ ခံစားရ၏၊ ထိုအရိပ်၌ ကြာမြင့်စွာ တည်နေသောအခါ နွေရာသီ သဘာဝအတိုင်း ပူ၏-ဟူသော အမှတ်သည်ဖြစ်၏၊ (ဝါ) ဥဏှတေဇောကို ခံစားရပြန်၏၊ ဤသို့တေဇောသည် သီတဗုဒ္ဓိ, ဥဏှဗုဒ္ဓိ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com

➢ **ဝိတက္ကဝါဒီ အယူအဆ** ။ ။ ယိုစီးသောရူပ်ကလာပ်ကို "**၁၀**"ဟု ခေါ်သည်။ ၁၀သည် ဘာဝေါ ၁၀တာ-ဟူသည်နှင့်အညီ ယိုစီးသောရူပ်ကလာပ်၏ ဖြစ်ကြောင်းဖြစ်ရာ သဘောကို "**ဘဝတာ**"ဟု ခေါ်သည်။

ဝိတက္ကဝါဒီပုဂ္ဂိုလ်တို့က "ဘဝတာ"ကို အာပေါဓာတ်ဟု ဆို၏၊ ယင်းအရေဟူသော သဘောဟူသော အာပေါဓာတ်ကို တွေ့ထိ၍ ရကောင်း၏ဟု မှားယွင်းစွာ ဆိုကြကုန်၏

➢ **အယူအဆ မှားယွင်းပုံ** ။ ။ အရေသဘောဟူသော အာပေါကိုတွေ့ထိ၍ မရကောင်းပါ၊ အမှန်စင်စစ်အားဖြင့် ရေကို တွေ့ထိရာဝယ် ရှေ့ပါသော ဖောဋ္ဌဗ္ဗာရုံမည်သော မဟာဘုတ်တစ်ပါးပါးကိုထိ၍ ကာယဒွါရိကဝိထိဖြစ်၏၊ ထို့နောင် ဆိုခဲ့ပြီး မဟာဘုတ်တစ်ပါးပါးကို တဒနုဝတ္တိက မနောဒွါရိကဝိထိဖြင့် သိ၏၊ ထို့နောင်မှ အရေသဘောဖြစ်သော အာပေါဓာတ်ကို မနောဒွါရိကဝိထိတစ်မျိုးဖြင့် သိ၏။

ဤကဲ့သို့ ဝိထိဖြစ်ပုံကို မသိသည့်အတွက် ဝိတက္ကဝါဒီတို့က ကာယဒွါရိကဝိထိဖြင့် ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်ကို တွေ့ထိစဉ်ခဏမှာပင် အရေသဘောဟူသော အာပေါဓာတ်ကိုလည်း တွေ့ထိကြ၏၊ဟု မှတ်ထင်ကြခြင်းဖြစ်သည်။

ဥပမာ ။ ။ ပစ္စည်းဝတ္ထုတစ်ခုခုကို ကိုင်ကြည့်သောအခါ ယင်းဌ်တည်သော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်သုံးပါးကို (သို့မဟုတ်) ပထဝီဓာတ်ကို ကာယဒွါရိကဝိထိဖြင့် သိ၏, ထို့နောင် ယင်းပစ္စည်းဝတ္ထု၏ ပုံသဏ္ဌာန် (ရှုပါ၍)ကို စက္ခုဒွါရိကဝိထိဖြင့် ကြည့်၏။

ထို့နောင် မနောဒွါရိကဝိထိများဖြင့် ပုံသဏ္ဌာန်ကို မှတ်သား၏၊ ယင်းပုံသဏ္ဌာန်ကား ရှုပါရုံဖြစ်သည့်အတွက် တွေ့ထိ၍ မရကောင်းပါ၊ ဤကဲ့သို့ ဝိထိစိတ်ဖြစ်ပုံအထူးကို မသိသူတို့အား ကိုင်ကြည့်ဆဲခဏမှာပင် ပုံသဏ္ဌာန်ကို ကိုင်မိ၏-ဟု အထင်မှားခြင်းမျိုးကဲ့သို့တည်း။

➢ **ဂေါစရရူပ် စစ်ပုံ** ။ ။ပဋ္ဌဝိညာဉ်စိတ်တို့၏ အာရုံဖြစ်သောကြောင့် ဂေါစရရူပ်-ဟု ခေါ်ပါသည်။

➢ **ဂေါစရ အရ** ။ ။ ဂါဝေါ ဣန္ဒြိယာနိ စရန္တိ ဒွာရာတိ ဂေါစရံ-ဟု ပြု၍ ပဋ္ဌာရုံ ရ၏။

➢ **ဂေါစရ-ဟူသော အမည်သည်** ။ ။ စက္ခုစသော ဣန္ဒြေတို့၏ဖြစ်ရာဖြစ်သောကြောင့် အာရုံ၏အမည်ဖြစ်ပါသည်။

➢ **လက္ခဏာ** ။ ။ ၁။ ရူပရူပ်သည် စက္ခုဝိညာဏသ ဂေါစရဘာဝလက္ခဏာ (၀ါ) စက္ခုပဋိဃနုဒ် လက္ခဏာ ဖြစ်ပါသည်။ ၂။ **သဒ္ဒရူပ်သည်** သောတဝိညာဏသ ဂေါစရဘာဝလက္ခဏာ (၀ါ) သောတပဋိဃနုဒ်လက္ခဏာ ဖြစ်ပါသည်။ ဤသို့ စသည်ဖြင့် လက္ခဏာကို သိရမည်။

➢ **ဣဋ္ဌတ္တ-ဌ် ဣဋ္ဌတ္တ အရ** ။ ။ မသန့်ရှင်းသော အခြင်းအရာအားဖြင့် တည်သော

http://www.dhammadownload.com

ခန္ဓာငါးပါးအပေါင်းကို ယူရပါမည်။

➢ **ဣတ္ထတ္တ [ဣတ္ထိဘာဝရူပ်] အဓိပ္ပါယ်** ။ ။ ခန္ဓာငါးပါးအပေါင်းကို မသန့်ရှင်းသော အခြင်းအရာအားဖြင့် တည်စေ, ဖြစ်စေတတ်သော ရှေးက်ကြောင့်ဖြစ်သော ရူပ်တစ်မျိုးကို ဣတ္ထတ္တ [ဣတ္ထိဘာဝရူပ်]-ဟု ခေါ်သည်။

➢ **ဣတ္ထိဘာဝ [မိန်းမဖြစ်စကြောင်း] လက္ခဏာ ၄-မျိုး** ။ ။ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပ-တို့၏ အကြောင်း၏အဖြစ်ဟူသော လက္ခဏာ ရှိပါသည်။

➢ **ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပ-အဓိပ္ပါယ်** ။ ။ ၁။ မိန်းမ၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင် မည်၏၊ ၂။ မိန်းမတို့၏ အသံနှင့်အလိုဆန္ဒသည် ဣတ္ထိနိမိတ္တ မည်၏။ အကြောင်းကား- ဣတ္ထိဟူ၍ သိမှတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် တည်း။ ၃။ မသန့်ရှင်းသော သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း-စသော အမူအရာသည် ဣတ္ထိကုတ္တ မည်၏။ ၄။ မိန်းမတို့၏ ပုံသဏ္ဌာန်သည် ဣတ္ထာကပ္ပ မည်၏။ **ဤကား- ဦးကာကျော် အလိုကျဖြစ်သည်။**

➢ **အဠသာလိနီ အဋ္ဌကထာအလို** ။ ။ ၁။ မိန်းမတို့၏ လက်အစရှိသော ပုံသဏ္ဌာန်သည် ဣတ္ထိလိင် မည်၏။ ၂။ ပြုံးရယ်ခြင်း-စသော အမှတ်အသားသည် ဣတ္ထိနိမိတ္တ မည်၏။ (တစ်နည်း) မှတ်ဆိတ်ကျင်စွယ်မရှိခြင်းဟူသော အမှတ်အသားသည် ဣတ္ထိနိမိတ္တ မည်၏။ ၃။ ဗန်းငယ်, စကောငယ်-စသည်ဖြင့် ကစားခြင်းအမူအရာသည် ဣတ္ထိကုတ္တ မည်၏။ ၄။ မသန့်ရှင်းသော သွားခြင်း-စသော အပြုအမူသည် ဣတ္ထာကပ္ပမည်၏

➢ **ပုရိသတ္ထ-ခ္ခ ပုရိသ အရ** ။ ။ သန့်ရှင်းသောအခြင်းအရာအားဖြင့် တည်သော ခန္ဓာငါးပါးအပေါင်းကို ယူရပါမည်။

➢ **ပုရိသတ္ထ [ပုရိသဘာဝရူပ်] အဓိပ္ပါယ်** ။ ။ ခန္ဓာငါးပါးအပေါင်းကို သန့်ရှင်းသောအခြင်းအရာအားဖြင့် တည်စေ, ဖြစ်စေတတ်သော ရှေးက်ကြောင့်ဖြစ်သော ရူပ်တစ်မျိုးကို ပုရိသတ္ထ [ပုရိဘာဝ]-ရူပ်ဟု ခေါ်ပါသည်။

➢ **ပုရိသဘာဝ [ယောက်ျားဖြစ်စကြောင်း] လက္ခဏာ ၄-မျိုး** ။ ။ ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပ-တို့၏ အကြောင်း၏အဖြစ်ဟူသော လက္ခဏာ ရှိပါသည်။

➢ **ဘာဝရူပ် မည်ပုံ** ။ ။ ဣတ္ထိပုရိသသဒ္ဒါနှင့် မိန်းမ, ယောက်ျားဟူသော အသိဉာဏ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘာဝရူပ် မည်၏။

➢ **ဘာဝရူပ် တည်ရာဌာန** ။ ။ ဘာဝရူပ်သည် ကာယပသာဒကဲ့သို့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့၍ တည်ပါသည်။

➢ **မိန်းမနှင့် ယောက်ျား ပုံသဏ္ဌာန် ကွဲပြားရခြင်းအစကြောင်း** ။ ။ ဣတ္ထိဘာဝရူပ်,

http://www.dhammadownload.com

ပုမ္ဗာဘာဝရုပ်ကြောင့် မိန်းမ, ယောက်ျား ပုံသဏ္ဌာန် ကွဲပြားရပါသည်။ [သာဓက] ဣတ္ထတ္တဲ့ ပုရိသတ္တဲ့ ဘာဝရုပ်နာမ။

➢ **ဟဒယဝတ္ထု မည်ပုံ** ။ ။ ဟဒယရုပ်သည်သာလျှင် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ဖြစ်ရာဖြစ်၍ ဝတ္ထုလည်းမည်သောကြောင့် ဟဒယဝတ္ထု မည်၏။

➢ **ဟဒယဝတ္ထုရုပ် မည်ပုံ** ။ ။ နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌တည်သော တလက်ဆွမ်းခွဲမျှလောက်သော သွေးကို မှီ၍ဖြစ်သော သဘောသည် ဟဒယဝတ္ထုရုပ် မည်၏။

➢ **ဟဒယဝတ္ထု၏ လက္ခဏာ** ။ ။ ဟဒယဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ်ဟူသော ဓာတ် ၂-ပါးအပေါင်း၏ မှီရာ၏အဖြစ်ဟူသော လက္ခဏာ ရှိပါသည်။

➢ **ဟဒယဝတ္ထု တည်ရာဌာန** ။ ။ ဟဒယဝတ္ထုသည် နှလုံးအိမ်အတွင်းဝယ် ပုန်းညက်စေ့၏ တည်ရာပမာဏမျှလောက်သောတွင်း၌ တည်ရှိသော တလက်ဖက်ထက်ဝက်မျှရှိသော သွေးများမှာ ဖြစ်တည်ပါသည်။

ဓမ ။ ။ အတွင်းသန္တာန်ရှိ နှလုံးသွေးကိုမှီ၍တည်သော ဟဒယဝတ္ထုရုပ်သည် အဗ္ဗတ္ထိက (**အတွင်း**)-ရုပ် ဖြစ်သင့် /မဖြစ်သင့်-ဟူသော ပြဿနာကို ဦးကာဆရာ မည်ကဲ့သို့ ဖြေရှင်းထားပါသနည်း၊ ပြည့်စုံစွာ ရှင်းလင်း ဖြေဆိုပါ။ (၁၃၄၇-ခု လတ်)

➢ **ဟဒယဝတ္ထုရုပ်သည် အဗ္ဗတ္ထိက (အတွင်း)-ရုပ် မဖြစ်သင့်ခြင်းအကြောင်း**

အတ္တဘော-ဟုဆိုအပ်သော အတ္တကိုစွဲမှီ ရည်းစူး၍ဖြစ်သော စက္ခု-စသော ငါးပါး၌သာ အဗ္ဗတ္ထိက-အမည်ထင်ရှားသောကြောင့်ငင်း, အတ္တဘောအား ကျေးဇူးမျှားသည့်အတွက် စက္ခု-စသည်တို့သည်သာ အထူးသဖြင့် အဗ္ဗတ္ထိကအမည်ရသောကြောင့်ငင်း, ဟဒယဝတ္ထုရုပ်သည် အဗ္ဗတ္ထိက (**အတွင်း**)-ရုပ် မဖြစ်သင့်ပါ။

➢ **ဟဒယဝတ္ထုဒ္ဒိရိန်ခ်ကြောင်း အာဂမယုတ္တိ–သဘာယဝယုတ္တိ စီစစ်ပုံ**

"ယံ ရူပံနိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ တံရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဟူသော ပဋ္ဌာန်းပါဠိသည် ဟဒယဝတ္ထုရှိနိုင်ကြောင်း အာဂမယုတ္တိ ဖြစ်ပါသည်

သဘာဝယုတ္တိ အားဖြင့် စီစစ်ပုံ--- ၁။ ကာမရူပ သတ္တဝါတို့သန္တာန်၌ဖြစ်သော မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ရူပ်နှင့်စပ်၍ဖြစ်သောကြောင့် ပဉ္စဝိညာဏဓာတ်တို့ကဲ့သို့ နိုပ္ပန္နဖြစ်သော ဥပါဒါရူပ်တစ်ခုခုကို မှီလိမ့်မည်ဟု သိရသည်။

မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဝတ္ထုရုပ်ကို စိရင်ရာဝယ်-**မဟာဘူတ် ၄-ပါးကို စီစစ်မှယ်လို့**---အကြောင်းကား- ဥပါဒါရူပ်များက ယင်း ၄-ပါးကို မှီထားပြီး ဖြစ်သောကြောင့်---တည်း။

http://www.dhammadownload.com

ပရမတ္ထအစစ် မဟုတ်သည့်အတွက် အနိုပ္ပန္န ၁၀-ပါးကိုလည်း စိစစ်ဖွယ်မလို---ထို့ကြောင့် ဆိုခဲ့ပြီး ၁၄-ပါးမှ ကြွင်းသောရုပ်တို့ကို စိစစ်ရမည်။

၂။ အထက်ပါ ၁၄-ပါးတို့တွင် ပသာဒရုပ် ၅-ပါးကို မှီသည်မဟုတ်, အကြောင်းကား- ပသာဒရုပ် ၅-ပါးသည် ပဋ္ဌာဝိညာဏာဓာတ်၏ မှီရာဖြစ်သောကြောင့်---တည်း။

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဩဇာရုပ်တို့ကိုလည်း မှီသည်မဟုတ်, အကြောင်းကား---ယင်းရုပ်ငါးပါးတို့သည် မြေကြီး, တောင်-စသော ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်ကြသောကြောင့်---တည်း။

၃။ ဇီဝိတရုပ်ကိုလည်းမှီသည်မဟုတ်, အကြောင်းကား- ဇီဝိတရုပ်သည် သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်းကိစ္စ တစ်မျိုးနှင့်ယှဉ်နေရသောကြောင့်---တည်း။

ဘာဝရုပ် ၂-ပါးကိုလည်း မှီသည်မဟုတ်, အကြောင်းကား- ဘာဝရုပ်ကင်းသော နပုံး, ပဏ္ဏာတ်သန္တာန်၌လည်း မနောဓာတ်, မနောဝိညာဏဓာတ်တို့ဖြစ်နေသောကြောင့် တည်း။ ၄။ ထို့ကြောင့် ဆိုခဲ့ပြီး နိပ္ပန္န ဥပါဒါရုပ် ၁၃-ပါးမှတစ်ပါးသော မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါး၏ မှီရာဟဒယဝတ္ထုမည်သော ဥပါဒါရုပ် တစ်မျိုး ရှိလိမ့်မည်ဟု သိနိုင်သည်။

➢ **ဟဒယဝတ္ထုရုပ်ကို ဘာဘဇာတ် မမူရခြင်းအကြောင်း** ။ ။ ဝတ္ထုဒုတ်, အာရမ္မဏဒုတ်တို့၏ ဒေသနာအစဉ်ပျက်မည့် အကြောင်းကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ဟဒယဝတ္ထုရုပ်ကို ဟောတော်မမူပါ။

➢ **မနောဓာတ်, မနောဝိညာဏဓာတ်တို့ စက္ခု-စသော ပသာဒရုပ်ကို မမှီနိုင်ခြင်းအကြောင်း** ။ ။ စက္ခု-စသော ပသာဒတို့သည် စက္ခုဝိညာဉ်စသည်တို့၏ တည်ရာဖြစ်သောကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်တို့ စက္ခု-စသော ပသာဒရုပ်ကို မမှီပါ။

➢ **ရူပါရုံ-စသည်ကိုလည်း မမှီနိုင်ခြင်းအကြောင်း** ။ ။ ရူပါရုံစသည်တို့သည် ခန္ဓာကိုယ်မှအပြင်ပဋ္ဌလည်း ဖြစ်နိုင်သောကြောင့် ရူပါရုံ-စသည်ကိုလည်း မမှီနိုင်ပါ။

➢ **ဇီဝိတရုပ်ကိုလည်း မမှီနိုင်ခြင်းအကြောင်း** ။ ။ ဇီဝိတရုပ်သည် သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်းကိစ္စ တစ်မျိုးနှင့် ယှဉ်နေရသောကြောင့် ဇီဝိတရုပ်ကိုလည်း မမှီနိုင်ပါ။

➢ **ဘာဝရုပ်ကိုလည်း မမှီနိုင်ခြင်းအကြောင်း** ။ ။ ဘာဝရုပ်ကင်းသော နပုံး, ပဏ္ဏာတ်သန္တာန်၌လည်း မနောဓာတ်, မနောဝိညာဏဓာတ်တို့ဖြစ်နေသော်ကြောင့် ဘာဝရုပ်ကိုလည်း မမှီနိုင်ပါ။

➢ **ဓိဝိတိခန္ဓာ-၌ ဓိဝိတ, ဣန္ဒြေယ-မည်ခြင်းအကြောင်း** ။ ။ မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ရှင်ကြောင်းဖြစ်သောကြောင့် "ဇီဝိတ"မည်၏။

http://www.dhammadownload.com

ကံကြောင့်ဖြစ်သောရုပ်တို့ကို စောင့်ခြင်းဌ အစိုးရသောကြောင့် ဣန္ဒြေယမည်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် ဇီဝိတိန္ဒြေ မည်၏။

➢ **ဇီဝိတိန္ဒြေ၏ လက္ခဏာ** ။ ။ ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိပါသည်။

➢ **ရုပ်ဇီဝိတ၏ တည်ရာဌာန/ဇီဝိတိန္ဒြေ၏ တည်ရာဌာန** ။ ။ ဇီဝိတိန္ဒြေသည် ပါစကဝမ်းမီးနှင့်တကွ ဥပါဒိန္နက တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်ပါသည်။

➢ **ဇီဝိတိန္ဒြေ၏ ကမ္မဇရုပ်တို့ကို စောင့်ရှောက်ပုံ** ။ ။ မိမိဥစ္စာဖြစ်သော ခဏမျှ တည်ခြင်းရှိသော သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရားတို့၏ ဖြစ်တည်ခြင်း၏အကြောင်း၏ အဖြစ်ဖြင့်သာလျှင် စောင့်ရှောက်ပါသည်။

စမေး ။ ။ အာဟာရဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်များအတွက် အာဟာရ, ဥတုဇနှင့်စိတ်တို့သည် ဌိတိကာရဏဖြစ်သကဲ့သို့ ကမ္မဇရုပ်အတွက် ကံသည်သာ ဌိတိကာရဏဖြစ်သင့်သည် မဟုတ်ပါလော, ဇီဝိတိန္ဒြေက အဘယ့်ကြောင့် ဌိတိကာရဏ ဖြစ်ရပါသနည်း။

➢ **ဇီဝိတိန္ဒြေက ကမ္မဇရုပ်တို့၏ ဌိတိကာရဏ ဖြစ်ရခြင်း အကြောင်း**

အာဟာရ, ဥတု, စိတ်တို့သည် အာဟာရဇ, ဥတုဇ, စိတ္တဇတို့ဖြစ်ချိန်ဌ ထင်ရှားရှိသေးသည့်အတွက် ယင်းရုပ်တို့၏ ဌိတိကာရဏဖြစ်နိုင်သကဲ့သို့ ကံသည် ကမ္မဇရုပ်များ ဖြစ်ချိန်ဌ ထင်ရှားမရှိသည့်အတွက် ဌိတိကာရဏ မဖြစ်နိုင်သောကြောင့် - ဇီဝိတိန္ဒြေ-က ကမ္မဇရုပ်တို့၏ ဌိတိကာရဏ ဖြစ်ရပါသည်။

➢ **ဓမ္မာကိုယ်တစ်နှုလုံး ပျံ့နှံ့၍တည်စသောရုပ်များ** ။ ။ ဘာဝရုပ် ၂-ပါး, ကာယပသာဒရုပ် , ဇီဝိတရုပ်, သုက်သွေး, သည်းခြေတို့-ဖြစ်ပါသည်။

➢ **ကဗဠိကာရ အာဟာရမည်ပုံ** ။ ။ အလုပ်အလွေ့ပြု၍ မျိုအပ်သောကြောင့် ကဗဠိကာရ အာဟာရမည်ပါသည်။

စမေး ။ ။ ကဗဠိကာရ အာဟာရသည် အာဟာရရုပ်မည်၏ဟု အဘယ့်ကြောင့် ဆိုအပ်ပါသနည်း, ကဗဠိကာရ အာဟာရသည် အာဟာရရုပ်မည်၍ ဆိုအပ်ပါသလော, အဘယ်တရားသည် အာဟာရရုပ်မည်ပါသနည်း, ရှင်းလင်းစွာ ဖြေဆိုပါ။

ဖြေ ။ ။ အာဟာရရုပ် အစစ်ဖြစ်သော အဆီ, အစေး, ညြောကို အလုပ်အလွေ့ပြု၍ မရကောင်းသောကြောင့် ဌာနီညြောဏ်၏ အမည်ကို ဌာနနှုပစာအားဖြင့် ကဗဠိကာရ အာဟာရသည် အာဟာရရုပ်မည်၏ဟု ဆိုထားခြင်း ဖြစ်ပါသည်။ကဗဠိကာရ အာဟာရသည် မုချအားဖြင့် အာဟာရရုပ်ဖြစ်၍ ဆိုထားခြင်း မဟုတ်ပါ။

➢ **အာဟာရရုပ်အစစ် (၁၊) အာဟာရ အရ** ။ ။ ရုပ်ဣန္ဒြေရှစ်ပါးနှင့်တကွဖြစ်သော

http://www.dhammadownload.com

ခန္ဓာကိုယ်ကို ထောက်ပံ့ခြင်း၏ အကြောင်းဖြစ်သော အင်္ဂါကြီးငယ်သို့ အစဉ်လိုက်သော ရသဓာတ်ကိုဆောင်သော စားမျိုအပ်သော အစာအာဟာရ၏ အဆီ, အစေးဖြစ်သော သြဇာသည်သာ မုချအားဖြင့် အာဟာရရုပ် မည်ပါသည်။

➢ **ကဗဠိကာရသဒ္ဒါ အပို့ထည့်၍ ကဗဠိကာရော အာဟာရော-ဟု ဆိုခြင်း အကြောင်း ။ ။** တည်ရာဝတ္ထုဖြင့်နှင့်တကွပြု၍ ပရမတ္ထအာဟာရကို ပြခြင်းငှာ (ဝါ) ပြလိုသောကြောင့် "ကဗဠိကာရော အာဟာရော" ဟု ဆိုရပါသည်။

➢ **စားဖွယ်စသော မျိုအပ်သော အစာအာဟာရသည်သာ အာဟာရရုပ်မည်ပါ လျှက် ကဗဠိကာရော အာဟာရော-ဟု ဟောတော်မူရကျေး**

ပရမတ္ထ အာဟာရကို အလုပ်အလွေ့ပြု၍ မျိုအပ်သော စားဖွယ်-စသော ဝတ္ထုနှင့် အတူပြု၍ပြခြင်းငှာဌင်း, ဌာနူပစာအားဖြင့် ထိုအာဟာရရုပ်၏ ကဗဠိကာရ အာဟာရ အဖြစ်ကို ပြခြင်းငှာဌင်း, "ကဗဠိကာရော အာဟာရော"ဟု ဟောတော်မူပါသည်။

➢ **စကားနှစ်ရပ် မဆန့်ကျင်မှု ။ ။ ကဗဠိကာရော အာဟာရော-ဟူသော** စကားရပ်သည် အလုတ်အလွေ့ပြု၍ စားမျိုအပ်သည့် ထမင်းစသော တည်ရာဝတ္ထုနှင့် တကွဖြစ်သော သြဇာ-ဟုဆိုအပ်သော ပရမတ္ထ အာဟာရကို ဌာနူပစာအားဖြင့် ပြသော စကားရပ် ဖြစ်ပါသည်။ **သြဇာသစ်ကော အာဟာရော-ဟူသော** စကားရပ်ကား မုချဆတ်ဆတ် ပရမတ်ဖြစ်သော အာဟာရကို ပြသောစကားရပ် ဖြစ်ပါသည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

➢ **အာဟာရရုပ် လက္ခဏာ ။ ။** အာဟာရရုပ်သည် ဇီဝတိန်ခြေနှင့်တကွဖြစ်သော ခန္ဓာကိုယ်ကို ထောက်ပံ့ခြင်း၏အကြောင်း၏ အဖြစ်ဟူသော လက္ခဏာရှိပါသည်။

တစ်နည်း--- သြဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရရုပ်ကို ဆောင်ထားခြင်း လက္ခဏာ ရှိပါသည်။

➢ **သဘာဝရုပ် မည်ပုံ ။ ။** ကက္ခဋတ္ထ-စသော မိမိသဘောအားဖြင့် ထင်ရှားသော ရုပ်သည် "သဘာဝရုပ်" မည်၏။

➢ **သဘာဝ အရ ။ ။** ကက္ခဋတ္ထအတ္ထ-စသော လက္ခဏာများကို ယူရပါမည်။

➢ **သလက္ခဏရုပ်-၌ လက္ခဏ အရ ။ ။** ဥပါဒ်-စသော လက္ခဏာ (ဝါ) အနိစ္စတာ-စသော လက္ခဏာများ ရ၏။

➢ **သလက္ခဏရုပ် မည်ပုံ ။ ။** ဥပ္ပါဒ-အစရှိကုန်သော (ဝါ) အနိစ္စတာ-အစရှိကုန်သော အမှတ်အသားတို့နှင့်တကွဖြစ်သောကြောင့် သလက္ခဏရုပ် မည်ပါသည်။

➢ **နိပ္ဖန္နရုပ် မည်ပုံ ။ ။** ပရိစ္ဆေဒ-အစရှိသော အဖြစ်ကိုကြည့်၍ မိမိတို့၏သဘောအားဖြင့် ကံ-စသော အကြောင်းတရားတို့သည် ဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ်

http://www.dhammadownload.com

မည်ပါသည်။

➢ **ရူပ မည်ပုံ** ။ ။ [ရူပ်-ပုဒ်ကို ရူပ္ပနံ ရူပ်-ဟုပြု] ဖောက်ပြန်ခြင်းသဘောသည် မုချအားဖြင့် ရူပမည်၏။ ထိုသဘောနှင့်ယှဉ်သော နိပ္ပန္နရူပ်သည် (ရူပ် အသဏ္ဌိတိ ရူပ်အရ) ရူပ မည်၏။ **ဥပမာ**--- အရိသ-သဒ္ဒါသည် အသားရောဂါတစ်မျိုးကို ဟော၏၊ အရိသံ အသဏ္ဌိတိ အရိသသော-ဟု ဝစနတ္ထပြုသောအခါ ယင်းရောဂါရှိသူ ပုဂ္ဂိုလ်ကို ဟောနိုင်သကဲ့သို့တည်း။

တစ်နည်း--- နီလုပ္ပလ-၌ နီလသဒ္ဒါသည် မုချအားဖြင့် အညိုဂုဏ်ကို ဟော၏၊ ဂုဏ္ဏပစာအားဖြင့် ကြာခြေပ်ကို ဟောသကဲ့သို့ ထို့အတူ---ရူပသဒ္ဒါသည် မုချအားဖြင့် ဖောက်ပြန်ခြင်းသဘောကိုဟော၍ ဂုဏ္ဏပစာအားဖြင့် ဖောက်ပြန်ခြင်းသဘောရှိသော ရူပ်ကို ဟော၏။

➢ **ရူပရူပ် မည်ပုံ** ။ ။ ဖောက်ပြန်ခြင်းသဘောနှင့်ယှဉ်သောကြောင့် ရူပရူပ်မည်၏။

➢ **ရူပသဒ္ဒါတစ်ခုဖြင့် ဝိသေသန ကူရေခြင်းအခကြောင်း** ။ ။ တစ်ခုတည်းသာဖြစ်သော ရူပသဒ္ဒါသည် ရှင်ဦးအားဖြင့် ဖောက်ပြန်ခြင်းသဘောရှိသော အနိပ္ပန္နရူပ်တို့ကိုလည်း ဟောနိုင်သောကြောင့် ယင်းရူပ်တို့မှကင်းစင်ရန် နောက်ထပ် ရူပသဒ္ဒါတစ်ခုဖြင့် ဝိသေသန-ကူ၍ "ရူပ ရူပ်" ဟု ဆိုပါသည်။

ဥပမာအားဖြင့်--- တစ်ပုဒ်တည်းသော ဒုက္ခသဒ္ဒါသည် ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခ-စသည်တို့ကိုလည်း ဟောသောကြောင့် ယင်းတို့မှကင်းစင်ရန် မာနသိကဒုက္ခ ကာယိကဒုက္ခကို ဒုက္ခဒုက္ခ-ဟု ခေါ်ဆိုသကဲ့သို့တည်း။

➢ **သမ္မသနရူပ် မည်ပုံ** ။ ။ ပရိစ္ဆေဒ-အစရှိသော အဖြစ်ကိုလွန်၍ သဘောအားဖြင့် သာလျှင် ရအပ်သည့်အတွက် လဲကွဏာယာဉ်သုံးပါး အပေါင်းသို့ တင်သဖြင့် သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် သမ္မသနရူပ် မည်၏။

➢ **အကာသ မည်ပုံ** ။ ။ တုတ်-စသည်တို့ဖြင့် မရေးခြစ်အပ်သောကြောင့် "အကာသ" မည်၏။

➢ **အာကာသ မည်ပုံ** ။ ။ ထိုထိုကလာပ်တို့၏ အဆုံးအဝိုင်းအခြား အကြားဟူသော ပရိစ္ဆေဒေါကာသသည် "အာကာသ" မည်၏။

➢ **အာကာသကို ဓာတ်-ဟု ခေါ်ဆိုရခြင်းအခကြောင်း** ။ ။ ဇီဝမဟုတ်သော အနက်သဘောကြောင့် အာကာသကို ဓာတ်-ဟု ခေါ်ပါသည်။

➢ **အာကာသဓာတ် မည်ပုံ** ။ ။ ရူပ်ကလာပ်မှန့်တို့၏ ပတ်လည်ဝန်းကျင် ဟင်းလင်း ဟာလာဖြစ်သော အကြားအပေါက်သဘောသည် ရေးခြစ်၍ မရသောကြောင့် "အာကာသဓာတ်" မည်၏။

http://www.dhammadownload.com

➢ **ပရိစ္ဆေဒရုပ် ဧည်ပုံ** ။ ။ စက္ခုဒသက-အစရှိသော တစ်ခုခုသော ရုပ်ကလာပ်၌ တည်ကုန်သောရုပ်တို့၏ ကလာပ်တစ်ပါးနှင့်ရောနှောခြင်း မရှိခြင်းသို့ ရောက်စေခြင်းဖြင့် ပိုင်းခြားတတ်သောရုပ်သည် "ပရိစ္ဆေဒရုပ်" မည်၏။

အမှာ ။ ။ ပရိစ္ဆေဒရုပ်၌ ပိုင်းခြားတတ်သော ကတ္တုသတ္တိမရှိသော်လည်း ထိုထိုရုပ်ကလာပ်ကို ပိုင်းခြားသကဲ့သို့ဖြစ်သောကြောင့် ပိုင်းခြားတတ်၏ဟု ဆိုထားသည်။

တစ်နည်း--- စက္ခုဒသက-စသော တစ်ခုခုသောကလာပ်၌ တည်သောရုပ်တို့သည် ပိုင်းခြားအပ်သောကြောင့် "ပရိစ္ဆေဒရုပ်" မည်၏။

တစ်နည်း--- စက္ခုဒသကကလာပ်-စသော တစ်ခုခုသောကလာပ်၌တည်သော ရုပ်တို့ကို ပိုင်းခြားကာမျှဖြစ်သောကြောင့် "ပရိစ္ဆေဒရုပ်" မည်၏။

➢ **ရုပ်ကလာပ် ရောယှက်မှု မရှိပုံ** ။ ။ ထိကပ် စပ်နေသော ရုပ်ကလာပ်တို့သည် အချင်းချင်းထိလျက်ရှိသော်လည်း ထိုထိုကလာပ်တို့၏ အဆုံးအပိုင်းအခြားဟူသော အာကာသကား---ရှိရမြဲတည်း၊ ဤစကားရပ်ဖြင့် ရုပ်ကလာပ်တို့သည် အချင်းချင်းထိကပ်နေသော်လည်း သဘာဝအားဖြင့် ရောယှက်ခြင်း မရှိ-ဟု ပြပါသည်။

ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့ကို ပိုင်းခြားရာ၌ မိမိနှင့်မထိဘဲ ပိုင်းခြားသည်, [မရောက်ယှက်ခြင်းကို မထိ-ဟု သုံးစွဲထားသည်]-အကယ်၍ ထိနေသည်ဟုဆိုလျှင် ပိုင်းခြားမှုမဖြစ်နိုင်၊ **အစကြောင်းကား**--- မိမိနှင့် မိမိပိုင်းခြားအပ်သော ရုပ်ကလာပ်တို့သည် ရောနှောပျံ့နှံ့ခြင်း ဖြစ်ရာသောကြောင့်---တည်း။

အသမ္ဘဝ်ဌ် စတူဟိ မဟာဘူတေဟိ-ပါဌ်ကိုထောက်၍ ရောနှောပျံ့နှံ့မှု မရှိခြင်း [အဗျာပိတာ]-ကိုပင် တွေ့ထိမှုမရှိ [အသမ္ဘဝ်ဌတာ]-ဆိုထားသည်။

➢ **အာကာသဓာတ်နှင့် အာကာသပညတ် အထူး** ။ ။ အာကာသဓာတ်သည် ပရိစ္ဆေဒရုပ်-ဟူသော ပရမတ်ဖြစ်သည်၊ အာကာသပညတ်သည် ပရမတ္ထအားဖြင့်မရှိ, သတ်မှတ်ချက် ပညတ်မျှသာ ဖြစ်သည်။ ဤသို့ထူးပါသည်။

➢ **ကာယဝိညတ္တိ-ဌ် ကာယ အရ** ။ ။ လက်-စသော လှုပ်ရှားသော ကိုယ်အစိတ်အပိုင်းကို ကေဒေသျှုပစာအားဖြင့် ယူရပါမည်။

➢ **ကာယဝိညတ် မည်ပုံ** ။ ။ လှုပ်ရှားသောကိုယ်ဖြင့် အလိုကိုသိစေတတ်သောကြောင့် ကာယဝိညတ် မည်၏။ **တစ်နည်း**--- မိမိဟူသော ဝိညတ်ကိုလည်း ထိုလှုပ်ရှားသော ကိုယ်ဖြင့် သိစေအပ်သောကြောင့် ကာယဝိညတ် မည်၏။

တစ်နည်း--- ရှေ့သို့တက်ခြင်းစသည်ကို ဖြစ်စေတတ်သော ဝါယောဓာတ်၏ တစ်ခုသော အမူအရာအထူးသည် ကာယဝိညတ် မည်၏။

➢ **ကာယဝိညတ် အရ** ။ ။ ရှေ့သို့တက်ခြင်းစသည်ကို ဖြစ်စေတတ်သော

http://www.dhammadownload.com

ဝါယောဓာတ်၏ တစ်ခုသော အမူအရာအထူးကို ယူရပါမည်။

➢ **ဝိကာရ၏ ဂုဏ်အင်္ဂါ ၃-မျိုး ။ ။ ၁။** ဝါယောဓာတ်က သဟဇာတ်ရုပ်တို့ကို ရောမသွားအောင် ထောက်ပံ့ထားခြင်း [သန္ဌမ္ဘန]-လဲကျမသွားအောင် ဆောင်ထားခြင်း [သန္ဓာရဏ]-ရှေ့သွားခြင်းဖြစ်အောင် လှုပ်ရှားစေခြင်း [စလိတ]-အမှုတို့၌ ဝိကာရရုပ်သည် ဝါယောဓာတ်နှင့်အတူ ပြုဘက်တရားဖြစ်သည်။

. ၂။ ဝိကာရသည် လှုပ်ရှားနေ သောရုပ်အပေါင်း [ဖန္ဒမာနကာယ]-လည်းမဟုတ်, လှုပ်ရှားခြင်းအမူအရာ [ဖန္ဒန]လည်း မဟုတ်, လှုပ်ရှားခြင်း၏အကြောင်းဖြစ်သော ဝါယောဓာတ် [တံ ဟေတုက ဝါယောဓာတု]-လည်းမဟုတ်, အဆိုပါသုံးမျိုးမှ လွတ်သည်။ ၃။ အားကစားသမားများ ကျောက်ခဲကြီးကို ကြွမြောက်ရာ၌ အားကုန်လွှဲ၍ အံသွားကြိတ်လျက် အားထုတ်အပ်သော အမှု အရာအထူးကဲ့သို့ ဝါယောဓာတ်ကြောင့် ရူပကာယလှုပ်ရှားရာ၌စိတ်အလိုက်လှုပ်ရှားအောင် အကြောင်းတစ်မျိုးအဖြစ်ဖြင့် သိအပ်သော အမှုအရာတစ်မျိုး ဖြစ်သည်။

အချုပ်အားဖြင့်ဆိုခဲ့ပြီး ဂုဏ်အင်္ဂါ ၃-မျိုးနှင့်ပြည့်စုံသော စိတ္တဇဝါယောဓာတ်၏ အမှုအရာအထူးသည် ကာယဝိညတ် မည်၏။

ဇမး ။ ။ လှုပ်ရှားသော ရုပ်အပေါင်းကသာ အလိုကိုသိစေသည် မဟုတ်လော? အဘယ့်ကြောင့် ဝိကာရ-က အလိုကို သိစေသည်ဟု ဆိုသနည်း, ရှင်းပြပါ။

➢ **ဝိကာရ-က အလိုကို သိစေသည်ဟု ဆိုရခြင်းအကြောင်း**

ဝိညတ်ဟူသော ဝိကာရ-သည် အလိုကိုသူတစ်ပါးတို့အား သိစေသည်မည်၏။ ဝိညတ်ဟူသော ဝိကာရကင်းသော သစ်ပင်လှုပ်ခြင်း-အစရှိသည်တို့၌ ဤသစ်ပင်က ဤအမှုကိုပြုစေလို၏-ဟု လှုပ်ရှားသော သစ်ပင်၏အလိုဆန္ဒကို တစ်စုံတစ်ယောက် သန္ဓာန်၌ သိမှုမတွေ့ရသောကြောင့် လှုပ်ရှားသော ရုပ်အပေါင်းသည် အလိုဆန္ဒကို သိစေသည် မမည်။ [ဝိညတ်ပါသော လက်လှုပ်ရှားခြင်း-စသည်တို့၌သာလျှင် လှုပ်ရှားသော ပုဂ္ဂိုလ်၏အလိုဆန္ဒကို သိမှုဖြစ်နိုင်သောကြောင့် ဝိကာရဟူသော ဝိညတ်သည်သာ အလိုဆန္ဒကို သိစေသည်မည်၏။]

➢ **ဝိညတ်ကို သိအပ်စသော သစ္စာတရား-ဟု ဆိုရခြင်း ။ ။** လက်လှုပ်ရှားရာ ဝယ် လှုပ်ရှားသောရုပ်အပေါင်း၌တည်သော ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍-----

၁။ တိ နဒ ပ စ သံ ဏ ဝု ၉ ၉ ၉ ၉ ၉ ၉ ၉ ရုံ ရုံ-ဟု စက္ခုဒ္ဒါရိကဝိထိ ဖြစ်၏။ ထို့နောင် အတိတ်ရူပါရုံကို အာရုံပြု၍-----

၂။ နဒ မ ၉ ၉ ၉ ၉ ၉ ၉ ၉ ရုံ ရုံ-ဟု တဒနုဝတ္တိက မနောဒ္ဒါရဝိထိ ဖြစ်၏။ ထို့နောင် ကာယဝိညတ်ကို အာရုံပြု၍-----

http://www.dhammadownload.com

၃။ နဝမ ၈ ၈ ၈ ၈ ၈ ၈ ၈ ရုံ ရုံ-ဟု သုဒ္ဓမနောဒ္ဓါရဝီထိ ဖြစ်၏။ ထို့နောင် အလိုဆန္ဒကို အာရုံပြု၍-----

၄။ နဝမ ၈ ၈ ၈ ၈ ၈ ၈ ၈ ရုံ ရုံ-ဟု သုဒ္ဓမနောဒ္ဓါရဝီထိ ဖြစ်၏။

ဤသို့---လက်လှုပ်ရှားခြင်း-အစရှိသည်တို့၌ လှုပ်ရှားသောရူပ်အပေါင်း၌တည်သော ရူပါရုံကို အာရုံပြုသော ပဌမဝီထိ, ဒုတိယဝီထိ၏ အခြားမဲ့၌ တတိယသုဒ္ဓမနောဒ္ဓါရဝီထိဖြင့် ယူအပ်သိအပ်သောကြောင့် ဝိညတ်ကို သိအပ်သော သဘောတရားဟု ဆိုသည်။ (၀၊) ဝိညာယတိတိ ဝိညတ္တိ-ဟု ကမ္မသာဓန ဝစနတ္တပြုရသည်။

ထို့သို့ သုံးခုမြောက် မနောဒ္ဓါရဝီထိဖြင့် ဝိညတ်ကိုသိရသော်လည်း လူအများက စက္ခုဒ္ဓါရဝီထိဖြင့် မြင်ဆဲခဏမှာပင် သိ၏ဟု မှတ်ထင်ကြ၏, တတိယ မနောဒ္ဓါရဝီထိဖြင့် သိ၏ဟု နားလည်ရန် ခဲယဉ်းသောကြောင့် အဝိညာယ မာနန္တရေဟိ မနောဒ္ဓါရ ဇဝနေဟိ-ဟု ဦးကာကျော်၌ မိန့်ဆိုသည်။

➢ **ဝိညတ်၏အစွမ်းဖြင့် လက်လှုပ်ရှားခြင်း-စသည်ဖြစ်ခဲ့** ။ ။ [ပဌဒ္ဓါရိကဝီထိများ ကား--- အားနည်းသောကြောင့် ဝိညတ်ကိုမဖြစ်စေနိုင်] **မနောဒ္ဓါရဝီထိ**ဝယ် ဇော ၇-ကြိမ် စောသောကြောင့် ၀ါယောဓာတ် ၇-လုံး ဖြစ်၏၊ ထိုရှေ့၀ါယောဓာတ် ၆-ခုတို့မှ အထောက်အပံ့ရသည့်အတွက် သတ္တမ၀ါယောဓာတ်သည်သာ ဝိညတ်ဟူသော ဝိကာရ နှင့် အတူတကွဖြစ်ဘက် စိတ္တဇရူပ်ကို ထောက်ပံ့၏၊ ကောင်းစွာဆောင်၏၊ အရပ်တစ်ပါး၌ဖြစ်အောင် လှုပ်စေ၏၊ ရှေ့ဇော ၆-ကြိမ်ကြောင့်ဖြစ်သော ၀ါယောဓာတ် ၆-ခုသည် တကွဖြစ်ဘက်ရူပ်ကို ထောက်ပံ့ခြင်း ကောင်းစွာဆောင်ထားခြင်းမျှကိုသာ ပြုလျှက် [မလှုပ်ရှားစေနိုင်ဘဲ] သတ္တမ၀ါယောဓာတ်အား ကျေးဇူးပြုသည်။

ဥပမာ--- နွားခုနှစ်ရှည်းဖြင့် ဆွဲအပ်သောလှည်း၀ယ် သတ္တမနွားတစ်ရှည်းသည်သာ ရှေ့နွားခြောက်ရှည်းတို့၏ အထောက်အပံ့ကိုရ၍ လှည်းကိုရွှေ့စေနိုင်၏၊ ရှေ့နွားခြောက်ရှည်းတို့သည် တောင့်ထားကြ ဆွဲဆောင်ကြသော်လည်း ရွှေ့ရှားအောင် မတတ်နိုင်ဘဲ သတ္တမနွားတစ်ရှည်း၏ အကူအညီသာ ဖြစ်ကြသည်။ ဤဥပမာကဲ့သို့---တည်း။ [၀ါယောဓာတ်ကို နွားနှင့်ငင်း, လှုပ်ရှားစေတတ်သော လက်-စသည်ကို လှည်းနှင့်ငင်းနှိုင်းယှဉ်သည်။]

➢ **စလန အဓိပ္ပါယ်** ။ ။ သတ္တမ၀ါယောဓာတ်က လှုပ်စေ၏ဟူရာ၌ စိတ္တဇရူပ်များ အရပ်တစ်ပါး၌ အသစ်ထပ်ဖြစ်ခြင်းကိုသာ စလန-ဟု ဆိုသည်၊ဤ၌အရပ်မှာ ဖြစ်ပြီး ထိုအရပ်သို့ ပြောင်းရွှေ့သွားခြင်းကို မဆိုလို၊ **အကြောင်းကား---** ပရမတ္တဓမ္မများသည် မိမိဖြစ်ရာအရပ်မှ ဆံချည်တစ်ဖျားမျှလောက် ပြောင်းရွှေ့သွားခြင်းမရှိသောကြောင့်။

➢ **လဒ္ဓဓေါသ ရောက်အပ်သော အပြစ်** ။ ။ နဂိုဖြစ်နေသောရူပ်က ပြောင်းရွှေ့နိုင်

http://www.dhammadownload.com

သည်ဟုဆိုလျှင် ပရမတ္ထဓမ္မများမှာ ဗျာပါရရှိခြင်း, ပရမတ္ထဌီဝဏမဟုတ်ဘဲ, ပဗန္ဓ ဌီဝဏရှိခြင်း မိမိအလိုသို့ လိုက်စေခြင်းဟူသော အပြစ်ရောက်၏။

➢ **ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝအဓိဋ္ဌါယ်** ။ ။ သတ္တမဇော်ကြောင့်ဖြစ်သော ဝါယောဓာတ်က, အခြားအရပ်က ဥပါဒ်လျှင် မိမိနှင့်အတူဖြစ်သော စိတ္တဇရူပ်များလည်း နဂိုဖြစ်ရာ၌ ထပ်၍ မဖြစ်ဘဲ အခြားအရပ်၌ ဖြစ်ကုန်၏။ ဤသို့လျှင် အတူ ဖြစ်ဘက်ရူပ်များ အခြားအရပ်၌ ဖြစ်နိုင်ရန် ယင်းရူပ်တို့နှင့်တကွ သတ္တမ ဇဝန သမုဋ္ဌာနဝါယောဓာတ်၏ အခြားအရပ်၌ဖြစ်ခြင်းကို "ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝ"ဟု ခေါ်သည်။

➢ **ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝ–အရ** ။ ။ သတ္တမဇဝန သမုဋ္ဌာနဝါယောဓာတ်ကို ယူရပါမည်။

ဝေး ။ ။ စိတ္တဇရူပ်က လှုပ်ရှားလျှင် ကမ္မဇ-စသော ရူပ်သုံးမျိုးကား မလှုပ်ရှားဘဲ တည်နေသလော?။

ဖြေ ။ ။ စိတ္တဇရူပ် လှုပ်သည်ရှိသော် ထိုစိတ္တဇရူပ်နှင့်ဆက်သွယ်နေသည့် ကြွင်းသော ကမ္မဇ, ဥတုဇ, အာဟာရဇရူပ်တို့သည်လည်း လှုပ်ရသည်။ (ဥပမာ) မြစ်ရေအလျှဉ် လှုပ်လျှင် ထိုရေပေါ်၌တည်နေသော နွားချေးခြောက်-စသော အမှိုက်များလည်း လှုပ်သကဲ့သို့တည်း။ [ရေအယဉ်နှင့် စိတ္တဇရူပ်, နွားချေးခြောက်နှင့် တိဇရူပ်တို့ကို ဤ၌ နှိုင်းယှဉ်သည်။]

➢ **ဝါဓောဓာတ်သည် စိတ္တဇရူပ်ကို လှုပ်စေရာ၌ စိတ္တဇရူပ်တစ်ခုသာ လှုပ်သင့်ပါလျက် တိသမုဋ္ဌာနိကရူပ်များ လှုပ်ရခြင်းအကြောင်း** ။ ။ မြစ်ရေယဉ်ကြောဝယ် ပစ်ချအပ်သော နွားချေးခြောက်တုန်းသည် ရေလှုပ်မှုကြောင့် လိုက်ပါလှုပ်ရသကဲ့သို့ စိတ္တဇရူပ် လှုပ်သော် စိတ္တဇရူပ်နှင့်စပ်သော အခြား တိသမုဋ္ဌာနိကရူပ်များသည် ဆက်စပ်သောကြောင့် လှုပ်ရပါသည်။

➢ **ရှေ့ဝါဓောဓာတ်များ၌လည်း ဝိညတ်ပါဝင်နိုင်မုံ** ။ ။ ပဌမဇော-စသည်တို့ကြောင့်ဖြစ်သော ဝါယောဓာတ် ၆-ခုတို့သည် သတ္တမဇော်ကြောင့်ဖြစ်သော ဝါယောဓာတ်ကဲ့သို့ လှုပ်စေခြင်းငှာ မစွမ်းနိုင်သော်လည်း ဝိညတ်ဟူသော ဝိကာရရူပ်ကား ယင်းဝါယောဓာတ်တို့၌ ပါရှိသည်သာတည်း။ **အကြောင်းကား---** အရှေ့အရပ်-စသည်သို့ သွားလိုလျှင် ရှေးရှေးဝါယောဓာတ် ၆-ခုတို့က ရှေ့ဘက်သို့ သဟဇာတ်ရူပ်တို့ကို ကောင်းစွာဆောင်ထားမှု ထောက်ပံ့မှုပြုခြင်းမှာ ဝိညတ်ဟူသော ဝိကာရရူပ်က စိတ္တဇဝါယောဓာတ်ကို ရှေ့ဘက်သို့ လမ်းညွှန်ပေးသောကြောင့်တည်း။

ဝေး ။ ။ ရှေ့ဇော ၆-ကြိမ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့၌လည်း ဝိညတ်ပါကြောင်းကို အဘယ်ကိုထောက်၍ သိနိုင်ပါသနည်း။

http://www.dhammadownload.com

ဓမ္မ ။ ။ ဝေါဌဗ္ဗနကာမာဝစရ ဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ-ကိုထောက်၍ ရှေ့ဇော ၆-ကြိမ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့၌ ဝိညတ်ပါကြောင်း သိရ၏။ ယင်းစကားရပ်၌ ဝုဋ္ဌော-ဟူသော မနောဒ္ဓါရာဝဇ္ဇန်းသော်မှ ဝိညတ်ကိုဖြစ်စေနိုင်သောကြောင့် ရှေ့ဇောများလည်း ဝိညတ်ကိုဖြစ်စေနိုင်ရကား ရှေ့ဇော ၆-ကြိမ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့မှာလည်း ဝိညတ်ပါ၏ဟု သိနိုင်ပါသည်။

➢ **ဝစီဝိညတ် မည်ပုံ** ။ ။ သဝိညာဏကသဒ္ဒ-ဟု ဆိုအပ်သော ဝါစာဖြင့် (ဝါ) သက်ရှိ အသံဟု ဆိုအပ်သော ဝါစာဖြင့် အလိုကိုသိစေတတ်သောကြောင့် ဝစီဝိညတ် မည်၏။ **တစ်နည်း---** မိမိဟူသောဝိညတ်ကိုလည်း ထိုသက်ရှိအသံ-ဟု ဆိုအပ်သော ဝါစာ ဖြင့် သိအပ်သောကြောင့် ဝစီဝိညတ် မည်၏။

➢ **ဝစီ အရ** ။ ။ သက်ရှိ အသံ-ဟုဆိုအပ်သော သဒ္ဒဝါစာကို ယူရပါမည်။

➢ **ဝစီဝိညတ္တိ အရ** ။ ။ စကားလုံးကွဲပြားခြင်းကို ပြုတတ်သော စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်၏ ဝိကာရတစ်မျိုးသည် ဝစီဝိညတ် မည်၏။ [သဝိညာဏက သဒ္ဒ-ဟု ဆိုအပ်သော စကားသည် ဝစီဝိညတ် မမည်ပါ။]

➢ **အကွ္ဂ္ဂမ္ပတ္တိဠာနဂတဥပါဒိန္နရူပမတိ-ပါ၌ဖြင့်** ။ ။ ဝိကာရသည် အကွ္ဂရာ ဖြစ်ပေါ်ရာ ဆိုင်ရာဌာန်ဖြစ်သော ဥပါဒိန္နဟု [**ကမ္မဇ**] ပထဝီနှင့် စိတ္တဇပထဝီတို့ ထိခိုက်ခြင်း၏ (ဝါ) အသံဖြစ်ပေါ်ခြင်း၏ **အကြောင်းတရား**ဖြစ်သည်-ဟု ပြသည်။

➢ **အသံ ဖြစ်ပေါ်လာပုံ** ။ ။ မနောဒ္ဓါရထိတစ်ခု၌ ဇော ၇-ကြိမ်စောရာ ပထဝီဓာတ် ၇-ခု ဖြစ်၏၊ ယင်း ၇-ခုသည် ကမ္မဇပထဝီ ၇-လုံးကို ထိခိုက်၏၊ ထိခိုက်လျှင် ထိခိုက်ခြင်း အသံဖြစ်ပေါ်လာ၏။ထို ၇-ကြိမ် ထိခိုက်သည့်အတွက် အသံ ၇-သံဖြစ်ပေါ်လာပါသည်။

➢ **ဝိညတ်ကိုသိပုံနှင့် အလိုဆန္ဒကိုသိပုံ** ။ ။ ရေရှားသောတော်ခရီးဌ ဤနေရာ၌ ရေရှိ၏-ဟု ခရီးသွားကိုသိနိုင်ရန် နွားဦးခေါင်း [သို့] ထန်းရွက်-စသော တစ်မျိုးမျိုးကို မြင်သောသစ်ပင်ထိပ်၌ ဖွဲ့ချည်ထားကြ၏၊ခရီးသွားတို့ကလည်း ထိုအမှတ်အသားသည် ရေရှိကြောင်း အထိမ်းအမှတ် ရှေးရှေးကပင် အမှတ်သင်္ကေတ ရှိခဲ့ကြ၏။

ထို့ကြောင့် သစ်ပင်ပေါ်က နွားဦးခေါင်း ထန်းရွက်တစ်မျိုးမျိုးကို မြင်သောအခါ စက္ခုဒ္ဒါရဝီထိ တဒနုဝတ္တိကမနောဒ္ဓါရဝီထိ ဖြစ်၏၊ ထို့နောင် နွားဦးခေါင်း ထန်းရွက်တို့က ရေနှင့်အဆက်အသွယ်ရှိသည်ကို အမှတ်ရသော မနောဒ္ဓါရဝီထိ ဖြစ်၏၊ ထို့နောင် စတုတ္ထမနောဒ္ဓါရဝီထိဖြင့် ရေရှိကြောင်းကို သိ၏။ (ဥပမာ)

ထို့အတူ လှုပ်ရှားသော ကိုယ်အမူအရာ ပြောဆိုသောအသံတို့ကို မြင်ရာ, ကြားရာ အခါ၌ စက္ခုဒ္ဒါရဝီထိ တဒနုဝတ္တိကမနောဒ္ဓါရဝီထိ [သောတဒ္ဓါရဝီထိ, တဒနုဝတ္တိက

http://www.dhammadownload.com

မနောဒ္ဓါရဝိထိ]-များ ဖြစ်၏။ ထို့နောင် ဝိညတ်ကိုသိသော တတိယမနောဒ္ဓါရဝိထိ ဖြစ်၏, ထို့နောင် အလိုဆန္ဒကိုသိသော စတုတ္ထမနောဒ္ဓါရဝိထိ ဖြစ်၏, ထို့သို့ အလိုဆန္ဒကို သိရာ၌ ရှေးက ဤသို့ လက်လှမ်းလျှင် လာစေလို၏, ဤစကားသည် ဤအဓိပ္ပါယ်ကို ဆို၏-ဟု သင်္ကေတပညတ်ရှိမှသာ သိနိုင်သည်, ယင်းသို့ သင်္ကေတပညတ်မရှိဘူးသော်သော ကလေးသူငယ်တို့မှာ အမှုအရာကိုမြင်သော်လည်း အလိုဆန္ဒကို မသိနိုင်။

➢ **လဟုတာ မည်ပုံ** ။ ။ ပေါ့ပါးသောနိုပ္ပန္နရူပ်၏ ဖြစ်ကြောင်းဖြစ်ရာ အမှုအရာသည် လဟုတာ မည်၏။ **တစ်နည်း**--- ရောဂါမရှိ ကျန်းမာသောသူသည် ပေါ့ပါးမှုရှိသကဲ့သို့ ဥတု, စိတ်, အာဟာရတို့ကြောင့်ဖြစ်သော နိုပ္ပန္နရူပ်တို့၏ လေးလံထိုင်းမှိုင်းမှုမရှိ ပေါ့ပါးခြင်းသည် လဟုတာ မည်၏။

➢ **မုဒုတာ မည်ပုံ** ။ ။ နုညံ့သော နိုပ္ပန္နရူပ်၏ဖြစ်ကြောင်းဖြစ်ရာ အမှုအရာသည် မုဒုတာ မည်၏။ **တစ်နည်း**--- ကောင်းစွာနယ်အပ်သော သားရေသည် ဆူးညံ့သကဲ့သို့ တိဇနိုပ္ပန္နရူပ်တို့၏ မခက်မာခြင်း, နုညံ့ခြင်းသဘောသည် မုဒုတာ မည်၏။

➢ **ကမ္မညတာ မည်ပုံ** ။ ။ ထိုထိုအမှု၌ ကောင်းသောနိုပ္ပန္နရူပ်၏ဖြစ်ကြောင်းဖြစ်ရာ အမှုအရာသည် ကမ္မညတာ မည်၏။ **တစ်နည်း**--- ကောင်းစွာလျော်ပြီး, ဦးပြည်းပြီးသော ရွှေသည် ပုတီး, နားဆောင်း-စသော တန်ဆာပြုလုပ်မှုအား လျောက်ပတ်သကဲ့သို့ ကိုယ်အမှုဆိုင်ရာ ကိစ္စတို့အား သင့်လျော်လျောက်ပတ် ကောင်းမြတ်သော သဘောသည် ကမ္မညတာ မည်၏။

➢ **ဝိကာရရှုပ် ၃-မျိုး ပြားရခြင်းအကြောင်း** ။ ။ ဝိကာရရှုပ် ၃-ခုတို့သည် တစ်ကလာပ်တည်းမှာ ဖြစ်သည့်အတွက် တစ်ပါးဖြစ်လျှင် အခြားတစ်ပါးလည်းဖြစ်ရ၏။ ထိုသို့ဖြစ်သော်လည်း အမှုအရာထူးခြားပုံ, [ဝိကာရ]-က ၃-မျိုးကွဲပြားသောကြောင့် ဝိကာရရှုပ် ၃-မျိုး ပြားရပါသည်။

အကျယ်--- **ဖွဲ့စည်းသော**သဘောရှိသော အာပေါဓာတ်ပျက်လျှင် ရှုပ်ခန္ဓာ လေး၏။ ထိုလေးလံမှုကိုပြု**တတ်သော** အာပေါဓာတ်ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ကား သပ္ပါယ ဥတု, **အာဟာရနှင့်** စိတ်တည်ကြည်ခြင်းတို့တည်း၊ ထိုသပ္ပါယ ဥတု-စသော အကြောင်း ၃-ပါးတို့ကြောင့်ဖြစ်သော တိဇနိုပ္ပန္နရူပ်တို့၏ ပေါ့ပါးခြင်းဟူသော အမှုအရာ သဘော, ဤနည်းအတိုင်း ပထဝီဓာတ် ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပါယ ဥတု, အာဟာရနှင့် စိတ်တည်ကြည်ခြင်းတို့ကြောင့် တိဇနိုပ္ပန္နရူပ်တို့၏ အမှုအရာသဘော, ဝါယောဓာတ်ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပါယ ဥတု, အာဟာရနှင့် စိတ်တည်ကြည်ခြင်းဟူသော အကြောင်းတို့ကြောင့် ကိုယ်အမှုအရာ ကိစ္စတို့၏ ခန့်ကျန်းသော အမှုအရာသဘော-ဟု သုံးမျိုးကွဲပြားသောကြောင့်

http://www.dhammadownload.com

ဝိကာရရူပ် ၃-မျိုး ကွဲပြားရပါသည်။

➢ **လဟုတာ, မုဒုတာ, ကမ္မညတာ အထူး** ။ ။ လေးလံသည်၏အဖြစ်ကို ပြုတတ်သော အာပေါဓာတ် ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတို့ကြောင့်ဖြစ်သော နိပ္ပန္နရူပ်တို့၏ ထူးခြားသော အမူအရာသည် **လဟုတာ** မည်၏။ ခက်မာသည်၏အဖြစ်ကို ပြုတတ်သော ပထဝီဓာတ် ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတို့ကြောင့်ဖြစ်သော နိပ္ပန္နရူပ်တို့၏ ထူးခြားသော အမူအရာသည် **မုဒုတာ** မည်၏။ ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အား မလိုက်ရောသည်၏အဖြစ်ကို ပြုတတ်သော ဝါယောဓာတ် ခြောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတို့ကြောင့်ဖြစ်သော နိပ္ပန္နရူပ်တို့၏ ထူးခြားသော အမူအရာသည် **ကမ္မညတာ** မည်၏။

➢ **ဥပစယ မည်ပုံ** ။ ။ ဥပညတ္တိ-စသော ပုံစံများကဲ့သို့ ၉-ဥပသာရပုဒ်သည် ပရမတ္ထကို ထွန်းပြတတ်သောကြောင့် ရှေးဦးစွာဖြစ်ခြင်းသဘောသည် ဥပစယ မည်၏။

➢ **သန္ဌတိ မည်ပုံ** ။ ။ ဆက်စပ်လျက် ဖြစ်ခြင်းသဘောသည် သန္ဌတိ မည်၏။

➢ **ဥပစယ နှင့် သန္ဌတိ–အထူး/ ဥပစယ နှင့် သန္ဌတိ–ဖြစ်ချိန်** ။ ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စက္ခု, သောတ, ဃာန, ဇိဝှါဒသကတို့ ဖြစ်ချိန်တိုင်အောင် ၆၄-ရက်, (**အဋ္ဌကထာနည်း**) ၉၂-ရက်, (**မူလဋီကာ**) ကာလအတွင်း၌ ကာယဒသက-စသော ဒသက ၇-ပါးတို့၏ဖြစ်ခြင်းသည် **ဥပစယ** မည်၏။ ယင်းဒသက ၇-ပါးဖြစ်ပြီးသည်မှနောက်၌ ရူပ်တရားများ အဆက်ဆက်ဖြစ်ခြင်းသည် **သန္ဌတိ** မည်၏။

[ဤကား ဂဒ္ဒသေယျက သတ္တဝါကို ရည်ရွယ်၍ ခွဲသည်။]

အစ်နည်း--- ပဋိသန္ဓေခဏ၌ ရူပ်တရားများဖြစ်ခြင်းသည် (၀ါ) စက္ခုဒသက-စသော ကလာပ် ၇-စည်းဖြစ်ခြင်းသည် **ဥပစယ** မည်၏။ ထိုပဋိသန္ဓေနောင်မှစ၍ စုတိတိုင်အောင် ရူပ်တရား အဆက်ဆက်ဖြစ်ခြင်းသည် **သန္ဌတိ** မည်၏။

[ဤကား သံသေဒဇနှင့် ဩပပါတိက သတ္တဝါတို့ကို ရည်ရွယ်၍ ခွဲသည်။]

➢ **ဇရာ မည်ပုံ/ဖြစ်ပုံ** ။ ။ မိမိဥစ္စာဖြစ်သော ခဏမျှတည်ခြင်းရှိကုန်သော ရူပ်တို့၏ ချုပ်ခြင်းသို့ ရှေးရှုဖြစ်ခြင်း၏အစွမ်းဖြင့် ဆွေးမြေခြင်းသည် "ဇရာ" မည်၏။

➢ **ဇရတာ မည်ပုံ** ။ ။ ခဏငယ် ၄၉-ချက်တည်ကုန်သော စတုဇရူပ်တို့၏ ချုပ်ခြင်းသို့ ရှေးရှုသည်၏အစွမ်းဖြင့် ဆွေးမြေရင့်ရော်ခြင်းသည် (၀ါ) ဌိတခဏသက်တမ်း ၄၉-ချက်သည် "ဇရတာ" မည်၏။

➢ **အနိစ္စ မည်ပုံ** ။ ။ မြဲသည်၏အဖြစ် ခိုင်မာသည်၏အဖြစ်ဖြင့် ဉာဏ်ဖြင့် မသိအပ်သောတရားသည် "**အနိစ္စ**" မည်၏။

http://www.dhammadownload.com

➢ **အနိစ္စတာ** မည်ပုံ ။ ။ နိပ္ပန္နရူပ်တို့၏ ချုပ်ကွယ်ပျောက်ဆုံး ကုန်ခမ်းပျက်စီးခြင်းသည် "အနိစ္စတာ" မည်၏။

➢ **အနိစ္စတာ ဘာရ** ။ ။ ရူပပရိဇောဒေါ-ဟု ဖွင့်သောကြောင့် ရူပကွန္ဓာ၏ အနိစ္စတာကို ယူရပါမည်။ [ခန္ဓာ၅-ပါး၏ **အနိစ္စတာ**ကို မယူရ။]

➢ **လက္ခဏာရှစ် မည်ပုံ** ။ ။ ရူပ်တရားတို့ကို ထိုထိုဖြစ်ဆဲရင့်ဆဲ ပျက်ဆဲအခိုက်အတန့်၏ အစွမ်းဖြင့် မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏာရှစ် မည်ပါသည်။

➢ **ဇာတိရူပမေဝ-ဌ် ဇာတိမည်ခြင်းဘာကြောင်း** ။ ။ ပဋိသန္ဓေအခါမှစ၍ ရူပ်တို့၏ ခဏတိုင်း ခဏတိုင်း၌ဖြစ်သောကြောင့် ဇာတိ မည်ပါသည်။

တစ်နည်း--- ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ၁။ ကမ္မဇရူပ်များသည် စိတ်၏ ခဏတိုင်း၌ဖြစ်ခြင်းကြောင့်ရင်း, ၂။ စိတ္တဇရူပ်များသည် စိတ်၏ဥပါဒ်ခဏတိုင်း၌ဖြစ်ခြင်းကြောင့်ရင်း, ၃။ ဥတုဇရူပ်များသည် တေဇောဓေါ် ဥတု၏ ပဌမဆုံး ဌီခဏတိုင်း၌ ရူပ်ကိုဖြစ်စေခြင်းကြောင့်ရင်း, ၄။ **အာဟာရဇရူပ်**များသည် သြဇာ၏ဌီခဏတိုင်း၌ ရူပ်ကို ဖြစ်ခြင်းကြောင့်ရင်း "ဇာတိ" မည်ပါသည်။

➢ **ဇာတိရူပမေဝ-ဌ် ရူပမည်ခြင်းဘာကြောင်း** ။ ။ ရူပ်၏ဥပါဒ်ခြင်း သဘော၏ အဖြစ်ဖြင့် ၄-ပါးသော သန္တတိရှည်နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် ရူပ မည်ပါသည်။

➢ **ဇာတိကို ရူပ်ဟုခေါ် ဆိုခြင်းဘာကြောင်း** ။ ။ ဇာတိရူပ်သည် စတုသန္တတိရူပ်နှင့် စပ်သောဖြစ်ခြင်းရှိသောကြောင့် ဌာနဖြစ်သော ရူပ်၏အမည်ကို ဌာနိဥပါဒ်ခဏ၌ တင်စား၍ ဌာနူပစာရားဖြင့် ရူပ်ဟုခေါ် ထားသည်။ [ထို့ကြောင့် ဇာတိသခ်ါရဲ့ ရူပ်ဇာတိရှုပ်-ဟု ကမ္မဓာရဲသမာသ်ပြုပါ။]

➢ **ဇာတိရှစ်ဆစ်ခုဆည်းကို ဥပစယ, သန္တတိ,ဇာမည် နှစ်မျိုးခွဲ၍ စဟာရခြင်းဘာကြောင်း** ။ ။ ဇာတိရူပ်ကို တစ်ခုတည်းဖြစ်သော်လည်း ရှေးဦးစွာဖြစ်ခြင်း အထက်အထက်၌ ဖြစ်ခြင်းဟု ဖြစ်ပုံအခြင်းဘရာ ကွဲပြားသည့်ဘတွက် ဝေနေယျရှာသယလိုက်၍ ဥပစယ, သန္တတိ-ဟု **ဘုရား**ရှင်ဟောတော်မူသောကြောင့် သင်ဟဆရာ နှစ်မျိုးခွဲ၍ ဆိုသည်။

ဘမှာ--- ထိုသို့**နှစ်**မျိုးခွဲ၍ ဆိုထားသော်လည်း ယော အာယတနာနံ အာစယောသော ရူပသ ဥပစယော, **ယော ရူပသ ဥပစယော** သာ ရူပသ သန္တတိ-ဟု ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟောထားသောကြောင့် သဘာဝဘားဖြင့် နှစ်မျိုးမကွဲပြား ဇာတိရူပ်တစ်ပါးတည်းသာ ဖြစ်သည်။

➢ **ဓောဓသဝိဓမ္မိ-ဟု ဆိုရပုံ** ။ ။ **သဘောတူ**သောရူပ်တို့ကို သိမ်းယူခြင်း၏ အစွမ်းဖြင့် "ဓောဓသဝိဓမ္မိ" ဟု ဆိုသည်။

http://www.dhammadownload.com

➢ **အနိပ္ပန္နရူပ် မည်ပုံ** ။ ။ နိပ္ပန္နရူပ်တို့၏ ပရိစ္ဆေဒဝိကာရ-စသော သဘောကို ကြည့်၍ သီးခြားအကြောင်းတို့ဖြင့် မဖြစ်သောကြောင့် "အနိပ္ပန္နရူပ်" မည်ပါသည်။

➢ **သဗ္ဗဗ္ဗပနေတ်-စသည်ကို ဆိုရကျိုး** ။ ။ ရူပသမုဋ္ဌေသ-၌ သရူပ်ထုတ်ပြအပ်ပြီးသော ရူပ်တို့၏ ဓေကဝိဓိအစရှိသောနည်းကို ပြခြင်းအကျိုးငှာ (ဝါ) ပြလိုသောကြောင့် သဗ္ဗဗ္ဗပနေတ်-စသည်ကို ဖိန့်ဆိုသည်။

➢ **သဗ္ဗဗ္ဗ ပနေတ် ရူပ် အဟေတုကာ-၌ ဓေတု-အရ** ။ ။ အလောဘ အစရှိသော သမ္ပယုတ်ဟိတ်တို့ကို ယူရပါမည်။

➢ **အဟေတုက မည်ပုံ** ။ ။ ယှဉ်ဘက်ဖြစ်သော အလောဘ-စသော ဟိတ်မရှိသောကြောင့် "အဟေတုက" မည်ပါသည်။

➢ **သပ္ပစ္စယ မည်ပုံ** ။ ။ ဖိဝိဉ္ဇာဖြစ်သော ကံ-စသော အကြောင်းရှိသောကြောင့် "သပ္ပစ္စယ" မည်ပါသည်။

➢ **သာသဝ မည်ပုံ** ။ ။ ဖိဝိကိုအကြောင်းပြု၍ ဖြစ်ကုန်သော ကာမာသဝ-စသည်တို့နှင့် တကွဖြစ်သောကြောင့် "သာသဝ" မည်ပါသည်။

➢ **သစိတ မည်ပုံ** ။ ။ ကံ-စသော အကြောင်းတို့သည် ပြုစီမံအပ်သောကြောင့် "သစိတ" မည်ပါသည်။

➢ **ဧလောကိယ မည်ပုံ** ။ ။ ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော သဒ္ဒါရလောကဌ ယှဉ်သောကြောင့် "လောကိယ" မည်ပါသည်။

➢ **ဧလောကိယ-၌ ဧလောက အရ** ။ ။ ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော သဒ္ဒါရလောကကို ယူရပါမည်။

➢ **ကာမာဝစရ မည်ပုံ** ။ ။ ကာမတဏှာ၏ သက်ဝင်ကျက်စားအပ်ရာ ဖြစ်သောကြောင့် "ကာမာဝစရ" မည်ပါသည်။

➢ **အနာရမ္မဏ မည်ပုံ** ။ ။ နာမ်တရားတို့ကဲ့သို့ တစ်စုံတစ်ခုသော အာရုံကို မယူနိုင်သည့်အတွက် ထိုရူပ်၏ အာရုံမရှိသောကြောင့် "အနာရမ္မဏ" မည်ပါသည်။

➢ **အပ္ပဟာတဗ္ဗ မည်ပုံ** ။ ။ တဒင်ပဟာန်-စသည်တို့၏ အစွမ်းဖြင့် ပယ်ထိုက်သည်၏အဖြစ် မရှိသောကြောင့် "အပ္ပဟာတဗ္ဗ" မည်၏။

ဓမ်း ။ ။ ရူပ် ဘိက္ခဝေ နု တုမှာကံ တံ ပဇဟထ-ဟူသော ဘုရားဟောနှင့် ရူပ် အပ္ပဟာတဗ္ဗမေဝ-ဟူသော သင်ဟအဆိုကိုငင်း, အနာရမ္မဏ-ဟူသည်နှင့် ဂေါစရဂ္ဂါဟိက ရူပ် ဟူသော ရှေ့နောက် သင်ဟအဆိုကိုငင်း, အချင်းချင်း မဆန့်ကျင်အောင် အသီး အသီး နှိုးနှောပြဆိုပါ။

➢ **အပ္ပဟာတဗ္ဗနှင့် ပဇေထ မဆန့်ကျင်ပုံ** ။ ။ ရူပ် အပ္ပဟာတဗ္ဗမေဝ-ဟူသော

http://www.dhammadownload.com

စကားသည် မုချတိုက်ရိုက်အားဖြင့် ဆိုသောစကား ဖြစ်သည်။ရှုပ် ဘိက္ခဝေ နု တုမှာကံ ပဇဟထ [ရှုပ်သည် သင်တို့ဥစ္စာမဟုတ်, ထိုရှုပ်ကိုပယ်စွန့်ကြကုန်လော့]-ဟူသော သံယုဂ် ပါဠိတော်စကားသည် ဌာနုပစာ, ကာရဏူပစာ စကားရပ်ဖြစ်သည်။ ရှုပ်ကို ပယ်စွန့်ရမည်ဟု ဆိုလိုသည်မဟုတ်ပါ။ အမှန်အားဖြင့် ရှုပ်ကိုအာရုံပြုသော ဆန္ဒရာဂကိုသာ ပယ်စွန့်ရမည်ဟု ဆိုလိုသည်၊ ထို့ကြောင့် အချင်းချင်း မဆန့်ကျင်ပါ။

➢ **အနာရမ္မဏာနှင့် ဂေါစရဂ္ဂါဟိတ မဆန့်ကျင်ပုံ** ။ ။ ရှုပ်တရားများသည် နာမ်တရားတို့ကဲ့သို့ အာရုံကိုယူတတ်သော သဘောမရှိသောကြောင့် အနာရမ္မဏ-ဟု ဆိုသည်။ ထို့သို့ အာရုံကို ကိုယ်တိုင်မယူတတ်သော်လည်း ဌာနီဖြစ်သော စက္ခုဝိညာဉ်, သောတဝိညာဉ်စိတ်တို့၏ (၀၊) ပဋိဝိညာဉ်တို့၏အာရုံယူတတ်သော သဘောတရားကို ဌာနဖြစ်သော စက္ခုပသာဒ, သောတပသာဒတို့၌ (၀၊) ပသာဒရှုပ် ၅-ပါးတို့၌ တင်စား၍ ဌာနူပစာအားဖြင့် ဂေါစရဂ္ဂါဟိကဟု ဆိုသည်။ထို့ကြောင့် အချင်းချင်း မဆန့်ကျင်ပါ

➢ **အပ္ပမဟေတုဓမ္ဓမေဝါတိ-၌** ။ ။ ဣတိသဒ္ဒါသည် ပကာရအနက်ကို ဟောသည်။ ယင်းပကာရအနက်ရှိသော ဣတိသဒ္ဒါဖြင့် အဗျာကတ, သံယောဇနိယ, ဂန္ထနိယ စသော ကေဝိမိနည်းများကို ပေါင်းယူရပါမည်။

➢ **အဗ္ဗတ္ထိကရှုပ် မည်ပုံ** ။ ။ **အတ္ထဘော-ဟုဆိုအပ်သော** အတ္ထကိုစွဲမှီရည်စူး၍ ဖြစ်သောကြောင့် ပသာဒရှုပ် ၅-ပါးသည် "**အဗ္ဗတ္ထိကရှုပ်**" မည်ပါသည်။

(တစ်နည်း) **အတ္ထ-ဟုဆိုအပ်သော** ပဋ္ဌာန်ရိုကစိတ်ကို စွဲမှီ၍ ယင်းစိတ်၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ပသာဒရှုပ် ၅-ပါးသည် "**အဗ္ဗတ္ထိကရှုပ်**" မည်ပါသည်။

➢ **အဗ္ဗတ္ထိက်-၌ အတ္ထ အရ ၊ အတ္ထဘော ရတ်။ တစ်နည်း---** ပဋ္ဌာန်ရိုကစိတ် ရတ်။

➢ **အဗ္ဗတ္ထ မည်ပုံ** ။ ။ **အတ္ထ-ဟုဆိုအပ်သော** စိတ်ကိုစွဲမှီရည်စူး၍ ထိုစိတ်၏ဌာဝရ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် "**အဗ္ဗတ္ထ**" မည်ပါသည်။

➢ **ဟဒယဝတ္ထု-စသော အဖြူးရှုပ်များရှိမါလျှင် ပသာဒရှုပ် ၅-ပါးကိုသာ အဗ္ဗတ္ထိ**ကရှုပ်-ဟု **ခေါ်ဆိုရခြင်း အကြောင်း** ။ ။ ရှင်ဗျို့၏အစွမ်းကြောင့်ရင်း, အတ္ထဘောအား အလွန်အကဲ ကျေးလူးများသောကြောင့်ရင်း, **အတ္ထ-ဟုဆိုအပ်သော** စိတ်ကို စွဲမှီ၍ ထိုစိတ်၏ ဌာဝရအဖြစ်အားဖြင့် ဖြစ်တတ်သောကြောင့်ရင်း, ပသာဒရှုပ် ၅-ပါးကိုသာ အဗ္ဗတ္ထိကရှုပ်-ဟု ခေါ်ပါသည်။

ပသာဒရှုပ် ၅-ခုမှတစ်ပါးကုန်သော **အဗ္ဗတ္ထသန္ဓာန်**ဖြစ်သော တရားများရှိပါသော်လည်း ၁။ ရှင်ဗျို့၏**အစွမ်း**ကြောင့် (၀၊) ပသာဒရှုပ် ၅-ပါး၌သာ **အဗ္ဗတ္ထိက**-ဟူသော အမည်ထင်ရှားသောကြောင့် ယင်း ၅-ပါးသည်သာ **အဗ္ဗတ္ထိကရှုပ်**မည်၏။ ၂။ ငါတို့ (ပသာဒရှုပ်)တို့ မဖြစ်လျှင် **သင်အတ္ထဘော**သည် ထင်းတုံးနှင့် အလားတူလိမ့်မည်ဟု

http://www.dhammadownload.com

ဆိုသည့်အလား အတ္တဘောအား အလွန်အကဲ ကျေးလူးများသောကြောင့် ပသာဒရုပ် ၅-ပါးသည်သာ အလျှတ္တိကရုပ် မည်၏။

➢ **ဟာဟိရရုပ် မည်ပုံ** ။ ။ အလျှတ္တိကရုပ်မှအပ၌ဖြစ်သောကြောင့် ပသာဒရုပ် ၅-ခုမှ တစ်ပါးသော ၂၃-ပါးသောရုပ်သည် "ဟာဟိရရုပ်" မည်၏။

➢ **ဝတ္ထုရုပ်မည်ပုံ** ။ ။ ဝိညာဏဓာတ် ၇-ပါးတို့၏ မှီရာဖြစ်သောကြောင့် ပသာဒရုပ် ၅-ခုနှင့် ဟဒယရုပ်တို့သည် "ဝတ္ထုရုပ်" မည်ပါသည်။

➢ **အဝတ္ထုရုပ် မည်ပုံ** ။ ။ ပသာဒရုပ်နှင့် ဟဒယဝတ္ထုမှတစ်ပါးသော ရုပ် ၂၂-ပါးတို့သည် ဝိညာဏဓာတ် ၇-ပါးတို့တွင် တစ်ပါးပါးသော ဓာတ်၏မျှလည်း မှီရာမဟုတ်သောကြောင့် "အဝတ္ထုရုပ်" မည်၏။ (၆)

➢ **ဒွါရရုပ် မည်ပုံ** ။ ။ ပသာဒရုပ်နှင့် ဝိညတ်ရုပ်တို့သည် အစဉ်အတိုင်းဝိထိစိတ်တို့၏ဌာန၊ ပါဏာတိပါတ-စသော အမှုတို့၌ဌာန ဖြစ်ကြောင်းဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ထိုတွင် ပသာဒရုပ် ၅-ပါးသည် ဥပမတ္ထိဒွါရ မည်၏။ ဝိညတ်ဒွေးသည် ကမ္မဒွါရ မည်၏။ (ဒီပနီ)

➢ **ပသာဒရုပ် ၅-ပါး, ဘာဝရုပ် ၂-ပါး, ဓိဝိတရုပ်တို့ ဣတ္ထိယရုပ် အမည်ရခြင်းအကြောင်း /ဣတ္ထိယရုပ် မည်ပုံ** ။ ။ ပဋ္ဌဝိညာဉ်တို့၌ဌာန၊ [**ပသာဒရုပ်အတွက်**] လိင်ဂုဏ်ရှိမိတ္တ စသည်တို့၌ဌာန၊ [**ဘာဝရုပ်အတွက်**]သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်း၌ဌာန၊ [**ဓိဝိတရုပ်အတွက်**] အစိုးရခြင်းကိစ္စနှင့်ယှဉ်သောကြောင့် ပသာဒရုပ် ၅-ပါး, ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ်တို့ ဣတ္ထိယရုပ် အမည်ရပါသည်။

➢ **ပသာဒရုပ် ၅-ပါးတို့ ဣတ္ထိယရုပ် အမည်ရခြင်းအကြောင်း** ။ ။ ပသာဒရုပ် ၅-ပါးတို့သည် ပဋ္ဌဝိညာဉ်တို့၌ အစိုးရခြင်းကိစ္စနှင့် ယှဉ်သောကြောင့် ဣတ္ထိယရုပ် အမည်ရပါသည်။

➢ **ဘာဝရုပ် ၂-ပါးတို့ ဣတ္ထိယရုပ် အမည်ရခြင်းအကြောင်း** ။ ။ ဘာဝရုပ် ၂-ပါးတို့သည် လိင်ဂုဏ်ရှိမိတ္တ စသည်တို့၌ အစိုးရခြင်းကိစ္စနှင့် ယှဉ်သောကြောင့် ဣတ္ထိယရုပ် အမည်ရပါသည်။

➢ **ဓိဝိတရုပ်သည် ဣတ္ထိယရုပ် အမည်ရခြင်းအကြောင်း** ။ ။ ဇီဝိတရုပ်သည် သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်း၌ အစိုးရခြင်းကိစ္စနှင့် ယှဉ်သောကြောင့် ဣတ္ထိယရုပ် အမည်ရပါသည်။

ဓမ်း ။ ။ ဗာဝိသတိန္ဒြိယာနိ-ဟု မိန့်တော်မူထားပါလျက် **အဌဝိဓမ္မီ ဣတ္ထိယရုပ်-ဟု သင်္ဂဟအဆရာ မိန့်ဆိုထားရခြေနှိုင်းခြင်းအကြောင်း**ကို ပေါ်လွင်အောင် ရေးသားပြပါ။

ဖြေ ။ ။ ပသာဒရုပ်တို့သည် မိမိတို့ထက်မှ, နံ့မှ-စသည်အားလျော်စွာ ပဋ္ဌဝိညာဉ်တို့

http://www.dhammadownload.com

အားလည်း ထက်မှု, နံ့မှု-စသော အဖြစ်သို့ ရောက်စေနိုင်ခြင်းကြောင့် **ပဌာဒရုပ် ၅-ခုတို့သည် စတ္ဘုဝိညာဉ်-စသည်တို့၌ အစိုးတရ ဣန္ဒြိယကိစ္စတပ်ကြပါသည်။**

ဣန္ဒတ္ထလိင်-စသည်တို့သည် မိမိဥစ္စာဖြစ်သော ကံစိတ်-စသော အကြောင်းတို့ကြောင့်ဖြစ်ရသော်လည်း များသောအားဖြင့် ဘာဝရုပ်ရှိသော သန္တာန်၌သာ လက်, ခြေသန္တာန်ကြီးခြင်း, ငယ်ခြင်း-စသော အခြင်းအရာတို့ဖြစ်တတ်သောကြောင့် **ဘာဝရုပ် ၂-ပါးသည် ဣန္ဒတ္ထလိင်စသည်တို့၌ အစိုးတရ ဣန္ဒြိယကိစ္စတပ်ကြပါသည်။**

ကမ္မဇရုပ်တို့၏ မိမိကိုယ်ပိုင်ခဏပတ်လုံး တည်ခြင်းသည် ဇီဝတိန္ဒြေနှင့် ဆက်စပ်နေသောကြောင့်ရင်း, ဇီဝတိန္ဒြေဟူသော မိမိသည်လည်း ဥပါဒ်မှ ဘင်တိုင်အောင် ထားအပ်သောတရားနှင့် စပ်၍သာ ဖြစ်သောကြောင့်ရင်း, **ဇီဝတိန္ဒြေသည် ကမ္မဇရုပ်တို့ကို စောင့်ရှောက်မှု၌ အစိုးတရ ဣန္ဒြိယကိစ္စတပ်ကြပါသည်။** ထို့ကြောင့် ဘဝိသတိန္ဒြိယာနိ-ဟု မိန့်တော်မူထားပါသော်လည်း အဌဝိဓမ္မိ ဣန္ဒြိယရုပ်-ဟု သင်ဟဆရာ မိန့်ဆိုထားရပြန်ခြင်း ဖြစ်ပါသည်။

➢ **ပဌာဒရုပ်တို့၏ ပဋ္ဌမိညာဉ်တို့အစပါ အစိုးရုံ ။ ။** ပဋ္ဌဝိညာဉ်တို့သည် မြင်ခြင်း, ကိစ္စ, ကြားခြင်းကိစ္စ-စသည်တို့ကို ပြီးစေနိုင်သော်လည်း ပဌာဒရုပ်တို့က အစွမ်းသတ္တိ ထက်မြတ်မှုသာ မြင်မှု, ကြားမှု-စသည်တို့ အားကောင်းကြသည်၊ ပဌာဒရုပ်တို့က အစွမ်းမထက်လျှင် မပီမပြင် မြင်ရ, ကြားရသည်၊ ဤကဲ့သို့ ပဌာဒရုပ်တို့က ပဋ္ဌဝိညာဉ်တို့ အပေါ်မှာ အစိုးရကြပါသည်။

➢ **ဘာဝရုပ် ၂-ပါး၏ လိင်္ဂနိမိတ္တ-စသည်တို့၌ အစိုးရုံ ။ ။** က်, စိတ်, ဥတု, အာဟာရ-ဟူသော ဆိုင်ရာအကြောင်းတို့ကြောင့် ဖြစ်ကုန်သော လိင်္ဂနိမိတ္တ-စသည်တို့သည် များသောအားဖြင့် ဣန္ဒတ္ထိဘာဝရှိသူသန္တာန်ရှိသူ၌သာ [**ယင်းရုပ်၏အမိန့်အတိုင်း**] ဣန္ဒတ္ထလိင်္ဂနိမိတ္တ-စသော အခြင်းအရာအားဖြင့်ရင်း၊ ပုရိသဘာဝရုပ်ရှိသူသန္တာန်၌သာ [**ယင်းရုပ်၏အမိန့်အတိုင်း**] ပုရိသလိင်္ဂနိမိတ္တ-စသော အခြင်းအရာအားဖြင့်ရင်း ဖြစ်ကြရသည်၊ ဤသည်ကို **အစိုးရသည်**ဟု ခေါ်သည်။ ဤသို့လျှင် ဘာဝရုပ် ၂-ပါးသည် လိင်္ဂ နိမိတ္တ-စသည်တို့ကို မိမိအလိုကျ အခြင်းအရာအားဖြင့် ဖြစ်စေသောကြောင့် ဣန္ဒြိယရုပ် မည်၏။

[**လိင်္ဂနိမိတ္တ** စသည်တို့ကို ဣန္ဒြိယသတ္တိဖြင့် ကျေးလူးပြုတတ်သောကြောင့် ဣန္ဒြိယရုပ် မဟုတ်ပါ၊ပဋိသန္ဓေခဏ၌ ဣန္ဒတ္ထလိင်္ဂ ပုရိသလိင်္ဂ-စသည်တို့ မရှိသောကြောင့် လိင်္ဂ နိမိတ္တ စသည်တို့ကို ဘာဝရုပ် ၂-ပါးသည် ဣန္ဒြိယပစ္စည်းဖြင့် ကျေးလူး မပြုနိုင်ပါ]

➢ **ဘာဝရုပ် ၂-ပါးတို့ ဣန္ဒြိယပစ္စည်း မတပ်မိခြင်းအကြောင်း ။ ။** ပဋိသန္ဓေခဏ၌ ဣန္ဒတ္ထလိင်္ဂ, ပုရိသလိင်္ဂ-စသည်တို့ ထင်ရှားမရှိသေးသောကြောင့် ဘာဝရုပ် ၂-ပါးတို့

http://www.dhammadownload.com

ဣန္ဒြိယပစ္စည်း မတပ်ပါ။

➢ **ကမ္မဇရူပ်တို့ကို ဇီဝိတရူပ်တို့က စောင့်ရှောက်ပုံ** ။ ။ တကွဖြစ်ဘက် ကမ္မဇရူပ်များ ဌိခဏသက်တမ်း ၄၉-ချက်ပြည့်အောင် တည်နိုင်ခြင်းသည် ဇီဝိတရူပ်နှင့် ဆက်စပ်၏၊ ဤသို့ တကွဖြစ်ဘက် ရူပ်တရားများ ဌိခဏသက်တမ်းပြည့်တည်နိုင်အောင် ဇီဝိတရူပ်က စောင့်ရှောက်သောအားဖြင့် အဖိုးရသည်၊ ဇီဝိတိန္ဒြေသည် တကွဖြစ်ဘက် ရူပ်တရားများကို စောင့်ရှောက်ရင်းဖြင့် ယင်းရူပ်များနှင့် ဆက်စပ်လျှက်ပင် မိမိကိုယ်ကိုလည်း စောင့်ရှောက်ပြီးသား ဖြစ်တော့၏။

ဥပမာ--- လှေကို တစ်ဘက်ကမ်းသို့ ပို့ဆောင်သော လှေသမားသည် လှေကိုပို့ဆောင်ရင်း လှေထဲမှာပါသွားသော မိမိကိုယ်ကိုပါ ပို့ဆောင်ပြီးသား ဖြစ်သကဲ့သို့တည်း။

➢ **ဩဠာရိကရူပ် မည်ပုံ** ။ ။ ဝိသယအဖြစ်, ဝိသယီအဖြစ်သို့ ရောက်ခြင်း၏ **အစွမ်းဖြင့် ရွန့်ရင်းထင်ရှားသောကြောင့် "ဩဠာရိကရူပ်" မည်၏။**

➢ **ပသာဒရူပ် ၅-ပါး ဝိသယရူပ် ၇-ပါးတို့ ဩဠာရိကရူပ် အမည်ရခြင်းအကြောင်း**

ပသာဒရူပ် ၅-ပါး ဝိသယရူပ် ၇-ပါးတို့သည် ဝိသယအဖြစ်, ဝိသယီအဖြစ်သို့ ရောက်ခြင်း၏ အစွမ်းဖြင့် ရွန့်ရင်းထင်ရှားသောကြောင့် ဩဠာရိကရူပ် မည်၏။

➢ **သန္ဌိဿကရူပ် မည်ပုံ** ။ ။ ထင်ရှားသည့်အတွက် အာရုံကို ယူလွယ်သောကြောင့် "သန္ဌိဿကရူပ်" မည်ပါသည်။

➢ **ပဋိယ မည်ပုံ** ။ ။ ကိုယ်တိုင်ဖြစ်စေ မှီရာမဟာဘုတ်၏ **အစွမ်းဖြင့်ဖြစ်စေ, ရောက်ကုန် မရောက်ကုန်သော** ဆိုင်ရာပသာဒရူပ်တို့၏ **အာရုံ၌ ရှေးရှုကျရောက်ခြင်း**သည် **အချင်းချင်းထိခိုက်ခြင်းနှင့် တူသောကြောင့် "ပဋိယ" မည်ပါသည်။**

➢ **သပ္ပဋိဃရူပ် မည်ပုံ** ။ ။ **အာရုံ အာရမ္မဏိကအားဖြင့် ထိပါးခြင်း, မဟာဘုတ်** အချင်းချင်း ထိပါးခြင်းနှင့်တကွဖြစ်သောကြောင့် "**သပ္ပဋိဃရူပ်**" **မည်ပါသည်။**

➢ **အပ္ပဋိဃရူပ် မည်ပုံ** ။ ။ **ကြွင်းသောရူပ်သည် ဆိုအပ်ပြီးသော ထိပါးခြင်း** မရှိ**သောကြောင့် "အပ္ပဋိဃရူပ်" မည်ပါသည်။**

➢ **သပ္ပဋိဃ ၉-မျိုး** ။ ။ သပ္ပဋိဃရူပ် ၁၂-ပါးတို့တွင်--- ၁။ ဖောဋ္ဌဗ္ဗာရုံသည် **သယံသမ္ဘူတ သပ္ပဋိဃ** [**မဟာဘုတ်ဖြစ်သောကြောင့် မိမိဘာသာ ထိရောက်နိုင်သည်**] ၂။ ယာန, ဇိဝှါ, ကာယ, ဂန္ဓ, ရသ-တို့သည် **နိဿယသမ္ဘူတ သပ္ဘဋိဃ** [**ထိုရူပ်တို့ကား** မဟာဘုတ်ကို **မှီရမှ ထိရောက်နိုင်ကြသည်။**] ၃။ **စက္ခု**, **သောတ**, **ရူပ**, **သဒ္ဒ**-**တို့သည် ဥဘယဘသမ္ဘူတ သပ္ဘဋိဃ** [**ဆိုင်ရာ ပသာဒ-၌ ထိုအာရုံတို့၏ ရှေးရှုမိခြင်း, ကျရောက်ခြင်းသည် အချင်းချင်း ထိခြင်းနှင့်တူသောကြောင့် ပဋိဃယာဝိယာတိ ဖဋိဃောဘရ ပဋိယ** မည်၏။]

http://www.dhammadownload.com

➢ **ရူပါရုံ-စသည်နှင့် စက္ခုပသာဒ-စသည်တို့ ထိနိုက်ပုံ** ။ ။ လောကၨ် ထိခိုက်ပြီကြသောအရာဝတ္ထုနှစ်ခုတို့တွင် အားနည်းသောအရာဝတ္ထုက လှုပ်ပြုဖြစ်၏။ရူပါရုံက စက္ခုပသာဒ-ၨ် ထိခိုက်သောအခါ ဘဝင်-ဟူသော မနောဒ္ဓါရၨ်လည်း ထိခိုက်မိ၏၊ ထို့ကြောင့် အားနည်းသော ဘဝင်သည် လှုပ်ရ၏၊ ထိုသို့ ဘဝင်လှုပ်ရပုံကိုထောက်၍ ရူပါရုံ စက္ခုပသာဒ-စသည်တို့ [စက္ခု-စသည်က အားရှိ၍ မလှုပ်ရစေကာမူ] ထိမိကြောင်းကား ထင်ရှားပါသည်။

➢ **ကမ္မဇရူပ် ၁၈-ခုတို့ ဥပါဒိန္နရူပ်မည်ခြင်းအကြောင်း** ။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော လောကီကုသိုလ်, အကုသိုလ်ကံသည် မိမိ၏အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် ကမ္မဇရူပ် ၁၈-ခုသည် ဥပါဒိန္နရူပ် မည်ပါသည်။

အဂ္ဂဟီတဂ္ဂဟဏ [မယူအပ်သေးသောရူပ်တို့ကို ယူခြင်း]-နည်းဖြင့် သဒ္ဒရူပ် ၁-ပါး, ဝိကာရရူပ် ၅-ပါး, လက္ခဏရူပ် ၄-ပါးအားဖြင့် ၁၀-ပါးသောရူပ်သည် **အနုပါဒိန္နရူပ်** မည်ပါသည်။

➢ **ကမ္မဇ ဥပါဒိန္နရူပ်-၌ ကမ္မဇ အရ** ။ ။ ဟဒယရူပ်, ဣန္ဒြိယရူပ် ၈-ခု, အဝိနိဗ္ဘောဂရူပ် ၈-ခု, အာကာသဓာတ် ပေါင်း ၁၈-ပါး ဖြစ်ပါသည်။ [ဆာဇက] တတ္တ ဟဒယ ဣန္ဒြိယရူပါနိ ကမ္မဇာနေဝ အဝိနိဗ္ဘောဂရူပါနိစေဝ အာကာသဓာတုစ စတူဟိ သမုဋ္ဌာနေဟိ ။ ။ ကမ္မဇ ဥပါဒိန္နရူပ်-၌ ကံ-အရကို ကောက်ပြပြီးလျှင်, ထိုကံသည် မည်သည့် အခါမှအစပြု၍ ဖြစ်သည်ကို သာဓကပြ၍ ဖြေဆိုပါ။

➢ **ကမ္မဇ ဥပါဒိန္နရူပ်-၌ ကံ-အရ** ။ ။ ကာမဂုသိုလ်ကံ ၈-ပါး, အကုသိုလ်ကံ ၁၂-ပါး, ရူပါဝစရကုသိုလ်ကံ ၅-ပါး, ပေါင်း ၂၅-ပါး ဖြစ်ပါသည်။

ထိုကံသည် ကမ္မဇရူပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒါမှအစပြု၍ ခဏတိုင်း, ခဏတိုင်း၌ ဖြစ်စေပါသည်။ **ဓမ္မနုဇ္ဇီး---** အတိသမ္ဘိတ်ကိုထောက်၍ နောင်အကျိုးပေးဘို့ရန် မိမိသန္တာန်၌ ပြုစီမံအပ်ပြီးသော အတိတ်စေတနာများသာဖြစ်၍ အတိတ်ကာလကစ၍ ဖြစ်ပါသည်။ **ဆာဇက---** တတ္တ ကာမာဝစရံ ရူပါဝစရဥေတိ ပဥ္စဝိသတိဝိဓမ္မိ ကုသလာ ကုသလကမ္မမဘိသမ္ဘိတံ အဗ္ဗတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပ် ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

➢ **သနိဒဿနရူပ် မည်ပုံ** ။ ။ မြင်ခြင်းနှင့်တကွဖြစ်သောကြောင့် (ဝါ) ကြည့်၍ မြင်ကောင်းသောကြောင့် ရူပါရုံသည် "သနိဒဿန" မည်ပါသည်။

➢ **နိဒဿန အရ** ။ ။ ရူပါရုံကိုရသော်လည်း ဤ၌ နိဒဿနသဒ္ဒါသည် ဘာဝပ္ပဓာန ဘာဝလောပဗုဒ္ဓိဖြစ်သောကြောင့် မြင်အပ်သော ရူပါရုံ၏ အဖြစ်ဟူသော အာရမ္မဏသတ္တိကို ယူရပါမည်။

http://www.dhammadownload.com

➢ **ရှုပါရှုံ့တစ်မျိုးတည်းသာဖြစ်ပါလျက် သနိဒဿန-ဟု ဆိုရခြင်းအကြောင်း**

ရှုပါရှုံ့တစ်မျိုးတည်းပင်ဖြစ်သော်လည်း အခြားကုန်သောတရားတို့မှ ထိုရှုပါရှုံ့ကို အထူးပြုလိုသောကြောင့် သနိဒဿန-ဟု ဆိုပါသည်။

ဆိုရကျိုး--- နိဒဿနအရ- ဖြင်အပ်သော ရှုပါရှုံ့၏ သတ္တိကိုလည်း, သနိဒဿနအရ-သတ္တိမန္တဖြစ်သော ရှုပါရှုံ့ကိုလည်း, ယူရမည်ဟု အနက်ထူးခြား ကွဲပြားမှုကို သိရခြင်းအကျိုး ရှိပါသည်။

➢ **အသမ္ဘတ္ထဝေဿန-၌ အသမ္ဘတ္ထဟူသည်** ။ ။ စက္ခု, သောတ-ဟူသော ပသာဒသို့ မရောက်သော ရှုပါရုံ, သဒ္ဒါရုံ-တို့ကို ဆိုလိုပါသည်။ **တစ်နည်း---** စက္ခု, သောတ-ဟူသော မိမိတို့က အာရုံရှိရာအရပ်သို့ မရောက်ခြင်းကို ဆိုလိုပါသည်။

➢ **အသမ္ဘတ္ထဝေါဓရဂ္ဂါဟိကရှုပ် မည်ပုံ** ။ ။ ပသာဒရုပ် ၅-ပါးတို့တွင် စက္ခု, သောတ ပသာဒရုပ်တို့သည် တစ်နုတစ်ခု ခြားကွယ်လျှက်ရှိသော၊ အာရုံနှင့် ကြီးမားသော အာရုံကို ယူနိုင်သောကြောင့် "အသမ္ဘတ္ထဝေါဓရဂ္ဂါဟိကရှုပ်" မည်ပါသည်။

➢ **စက္ခုပသာဒရှုပ်၏ အသမ္ဘတ္ထဝေါဓရဂ္ဂါဟိကဖြစ်ပုံ** ။ ။ စက္ခုပသာဒသည် ဝေးသောအရပ်၌တည်သော အဆင်းကိုလည်း၊ ဖလမ္ပန်စသည် ခြားကွယ်အပ်သော အဆင်းကိုလည်း၊ တောင်-စသည်တို့၏ ကြီးမားသောအဆင်းကိုလည်း မြင်နိုင်သောကြောင့် အသမ္ဘတ္ထဝေါဓရဂ္ဂါဟိက ဖြစ်ပါသည်။

➢ **သောတပသာဒရှုပ်၏ အသမ္ဘတ္ထဝေါဓရဂ္ဂါဟိကဖြစ်ပုံ** ။ ။ သောတပသာဒသည် ကောင်းကင်-စသော ဝေးသောအရပ်၌တည်သော အသံကိုလည်း၊ ဝမ်းရေ၏အခြားမဲ့၌တည်သော အသံကိုလည်း၊ ခေါင်းလောင်းစသည်တို့၏ ကြီးမားကျယ်လောင်သော အသံကိုလည်း ကြားနိုင်သောကြောင့် အသမ္ဘတ္ထဝေါဓရဂ္ဂါဟိက ဖြစ်ပါသည်။

၁။ ယူဇနာ ၄၂၀၀-(လေးသောင်းနှစ်ထောင်)ကွာဝေးသော နေလတို့၌တည်သော ရှုပါရုံ, မှန်ဘီရိုအတွင်း-စသည်၌တည်သော ရှုပါရုံ, သစ်ပင်, တော, တောင်-စသော ကြီးမားသော ရှုပါရုံများကို မိမိထံသို့ ရောက်မလာဘဲ **စက္ခုပသာဒက (၀ါ) စက္ခုဝိညာဉ်စိတ်တ** မြင်နိုင်ပါသည်။

၂။ ကောင်ကင်းက မြည်ဟိန်းသော မိုးချုန်းသံ, မိုးသံ, လေသံများ, ဝမ်းရေခြားကွယ်နေသော ဝမ်းတွင်းက ဝမ်းရွတ်သံများ ခေါင်းလောင်းသံ-စသည်များကို မိမိထံသို့ ရောက်မလာဘဲ **သောတပသာဒက (၀ါ) သောတဝိညာဉ်ဝ** ကြားနိုင်ပါသည်။

၃။ ဓာတ်မီးဖြင့် အာရုံတို့ကို ထိုးကြည့်သောအခါ အာရုံပေါ်သို့ မီးရောင် ရောက်သွားသလို စက္ခု, သောတ-ဟူသော အကြည်ဓာတ်တို့က အာရုံရှိရာအရပ်သို့ရောက်လျက် အာရုံယူသည်မဟုတ်လော?။

http://www.dhammadownload.com

ယင်းဆိုသည်အတိုင်းမှန်လျှင် ဒိဋ္ဌစက္ခု, ဒိဋ္ဌသောတ-ဟုဆိုအပ်သော အဓိဋ္ဌာန်ဝိထိကို ပြီးစေရာအခါ၌လည်း မဲ့သစက္ခု, မဲ့သသောတတို့၏ အရာမဟုတ်သော ဒူရသုခုမာဒိဘေဒဖြစ်သော ရူပါရုံနှင့် သဒ္ဒါရုံတို့ကို စက္ခုပသာဒ, သောတပသာဒတို့က (ဝါ) စက္ခုဝိညာဉ်, သောတဝိညာဉ်တို့က အာရုံပြုနိုင်ခြင်းဟူသော အပြစ်ဖြစ်ရာ၏။ ထို့ကြောင့် **စက္ခု, သောတတို့သည် အာရုံရှိရာအရပ်သို့ မရောက်ဘဲ အာရုံကိုယူနိုင်ပါသည်။**

➢ **ဂေါစရဂ္ဂါဟိကရှုပ် မည်ပုံ** ။ ။ ဝိညာဉ်၏တည်ရာဖြစ်၍ ထိုထိုအာရုံကိုယူခြင်းသဘောရှိသောကြောင့် ဂေါစရဂ္ဂါဟိကရှုပ် မည်ပါသည်။

➢ **အဂေါစရဂ္ဂါဟိကရှုပ် မည်ပုံ** ။ ။ ပသာဒမှတစ်ပါးသော ၂၃-ပါးသော ရုပ်တို့သည် အာရုံကိုယူခြင်းမရှိသောကြောင့် **အဂေါစရဂ္ဂါဟိကရှုပ်** မည်ပါသည်။

➢ **ဝဏ္ဏ မည်ပုံ** ။ ။ ရှုမြင်အပ်သောကြောင့် ရူပါရုံသည် ဝဏ္ဏ မည်ပါသည်။

➢ **သြဇာ မည်ပုံ** ။ ။ မိမိဖြစ်သည်၏အခြားမဲ့၌ (ဝါ) ဌိဇဏ်၌ ရုပ်ကိုဖြစ်စေတတ်သောကြောင့် အာဟာရရှုပ်သည် သြဇာ မည်ပါသည်။

➢ **အဝိနိဗ္ဘောဂရှုပ် မည်ပုံ** ။ ။ မည်သည့်အရပ်၌မှ အချင်းချင်း သီးခြားခွဲခြင်းသဘောမရှိသောကြောင့် အဝိနိဗ္ဘောဂရှုပ် မည်ပါသည်။

မူလဋီကာဆရာ အရှင်အာနန္ဒာကား--- ဂန္ဓ, ရသ, သြဇာတို့ ရှုပဘုံ၌မဖြစ်သောကြောင့် ယင်း ၃-ပါးကိုနုတ်၍ **အဝိနိဗ္ဘောဂရှုပ်** ၅-ပါးဟု ဆိုပါသည်။

➢ **ယင်းအဆိုမမှန်ခြင်းအကြောင်း** ။ ။ ဂန္ဓ, ရသ, သြဇာတို့ကို ရှုပဘုံ၌ မရှိဟူသော ဝါဒကို ဆရာတို့ပယ်ပြီးဖြစ်သောကြောင့် မမှန်ပါ။

➢ **ဣန္ဒြိယ-၆-၌** ။ ။ ဣန္ဒြတိသဒ္ဒါ ပကာရ (အတူ)-ဟူသော အနက်ကိုဟော၏။ယင်းဣန္ဒြတိသဒ္ဒါဖြင့် သဒ္ဒါဟိတ်ကျမ်း၌ မဆိုအပ်သော နိပ္ပန္န, အနိပ္ပန္န-စသည်၏အစွမ်းဖြင့်ဖြစ်သော ဒုကနည်း, ကမ္မဇ, အကမ္မဇ နေဝကမ္မဇ နာကမ္မဇ-စသည်၏အစွမ်းဖြင့်ဖြစ်သော တိကနည်း-စသည်ကို ပေါင်းယူရပါမည်။

➢ **ကမ္မံ, စိတ္တံ, ဥတု, အာဟာရေ-ဧ-ဒ္ဓ ကမ္မ-အရ** ။ ။ ကာမာဝစရံ ရူပါဝစရဠေတိ ပဋ္ဌာဝိသတိဝိဓမ္မိ ကုသလာကုသလကမ္မ မဘိသင်္ခတ-ကိုထောက်၍ ကာမကုသိုလ်ကံ, အကုသိုလ်ကံနှင့် ရူပကုသိုလ်ကံတို့ကို ယူရပါမည်။

➢ **စိတ္တ-အရ** ။ ။ အရူပဝိပါက ဒွိပဋ္ဌ ဝိညာဏဝဇ္ဇိတ ပဋ္ဌသတ္တတိ ဝိဓမ္မိ စိတ္တ-ကိုထောက်၍ အရူပဝိပါက ၄-ခု, ဒွေးပဋ္ဌဝိညာဉ် ၁၀-ကြဉ် ကျန် ၇၅-ပါးသော စိတ်တို့ကို ယူရပါမည်။ ➢ **ဥတု-အရ** ။ ။ သီတုဏှောတု သမညာတာ တေဇောဓာတု-ကိုထောက်၍ သီတဥတု, ဥဏှဥတု-ဟုဆိုအပ်သော တေဇော ဓာတ်ကို ယူရပါမည်။

http://www.dhammadownload.com

➢ **ကမ္ဘံ, စိတ္တံ, ဥတု, အာဟာရေ**ဟိ**-၌ အာဟာရ-အရ ။ ။** သြဇာသခါတော အာဟာရော-ကိုထောက်၍ သြဇာကို ယူရပါမည်။

➢ **တတ္ထ ကာမာဝစရံ ရူပါဝစရံ စသောစကားရပ်ကို မိန့်ဆိုရကျိုး**

(၁) ထို ကံ-အစရှိသော အကြောင်းတို့သည် အဘယ်သည်တို့နည်း? (၂) အဘယ် အခြင်းအရာအားဖြင့် ရူပ်ကိုဖြစ်စေကုန်သနည်း? (၃) အဘယ်သန္တာန်၌ ရူပ်တို့ကို ဖြစ်စေကုန်သနည်း? (၄) အဘယ်အခါ၌ ရူပ်တို့ကို ဖြစ်စေကုန်သနည်း? ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးပုစ္ဆာတို့ကို ဖြေဆိုခြင်းအကျိုးငှာ "တတ္ထ ကာမာဝစရံ ရူပါဝစရံ" စသော စကားရပ်ကို မိန့်ဆိုရပါသည်။

➢ **စတေဟေ-သည် ဥတု မည်ခြင်းအကြောင်း ။ ။** သတ္တလောက-စသော လောကသုံးပါးကို တိုးပွားစေတတ်သောကြောင့် တေဇောသည် ဥတု မည်ပါသည်။

➢ **ကံ-အမည်ရစသောတူသို့လ် ။ ။** လောကီကုသိုလ် ၁၇-ခု ဖြစ်ပါသည်။

➢ **ကံ-အမည်မရစသောကုသို့လ် ။ ။** လောကုတ္တရာကုသိုလ် ၄-ခု ဖြစ်ပါသည်။

➢ **ကမ္မဇရူပ်အား မဖြစ်စေစသောကုသို့လ် ။ ။** အရူပကုသိုလ် ၄-ခု ဖြစ်ပါသည်။

➢ **အကြောင်းတရားဗျပ်ပြီးမှသာ ဖြစ်သောရူပ် ။ ။** ကမ္မဇရူပ် ဖြစ်ပါသည်။

➢ **အကြောင်းတရား၏ ဖြစ်ဆဲဥပါဒ်ဇောဌ်သာ ဖြစ်သောရူပ် ။ ။** စိတ္တဇရူပ်။

➢ **အကြောင်းတရား၏ ဌီဇောဌ်သာ ဖြစ်သောရူပ် ။ ။** ဥတုဇရူပ်, အာဟာရဇရူပ်။

➢ **ကုသလာကုသလကမ္မမတီသစ်တံ-၌ အတီသစ်တံ-အရ ။ ။** အတိတ်ဘဝ၌ ပြုစီမံခဲ့သော ကုသိုလ်, အကုသိုလ်ကံနှင့် ပစ္စုပ္ပန်ဘဝဝယ် ရှေးအခိုက်အတန့်၌ ပြုစီမံခဲ့သော ကုသိုလ်, အကုသိုလ်ကံတို့ကို ယူရပါမည်။

➢ **ပဋိသန္ဓိမှုပါဒါယ-၌ ပဋိသန္ဓိ-အရ ။ ။** ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို ယူရပါမည်။

➢ **ခဏော ခဏော-၌ ခဏော-မှုသည် ။ ။** စိတ္တက္ခဏကို ဆိုလိုသည်။ ကံ၏ အကျိုးပေးခွင့်ရရာအခါ [ခဏ]-ကို မဆိုလို၊ **အကြောင်းကား---** သခ်တလက္ခဏာဖြစ်သော ခဏကိုသာ အလိုရှိအပ်သောကြောင့်---တည်း။ (၇)

➢ **ခဏော ခဏော အဓိပ္ပါယ် ။ ။** တစ်ပါးတစ်ပါးသောစိတ်၏ ၃-ပါး, ၃-ပါးကုန်သော ခဏတို့၌ အကြားမရှိသာလျှင် ကမ္မဇရူပ်ကို ဖြစ်စေသည်ကို "ခဏော ခဏော"-ဟု ဆိုပါသည်။

➢ **စိတ်၏ဌီခဏရှိသင့်ခြင်းအကြောင်း ။ ။** ဘင်သို့ရှေးရှုသော အခိုက်အတန့်သည် ဌိပင်ဖြစ်သောကြောင့် စိတ်၏ဌီခဏရှိသင့်ပါသည်။

➢ **အပရေဆရာတို့အလို ဘင်စခဏ၌ ရူပ်မဖြစ်နိုင်ပုံ ။ ။** အပရေဆရာတို့က သစ္စယမိုက်ပါဠိဝယ် ယသဝါပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တသ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိတိ

http://www.dhammadownload.com

ဟူသော ပုစ္ဆာကို ဘုရားရှင်ကိုယ်တိုင် ဖြေကြားရာ၌ "နော"-ဟု ဖြေကြားတော်မူသည်။

အကယ်၍ ဘင်ခဏာ၌ ရုပ်ဖြစ်နိုင်လျှင် အရှုပေတဏှာယ ဘဂ်ကွဏောတေသံ သမုဒယသစ္စံ နိရုဇ္ဈတိ၊ နောစ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ ပဠဝေါကာရေ တဏှာယ ဘဂ်ကွဏော တေသံ သမုဒယသစ္စဥ္စ နိရုဇ္ဈတိ၊ ဒုက္ခသစ္စဥ္စ ဥပ္ပဇ္ဇတိ-ဟူသော ဝိဘင်းထုတ်ပြတော်မူရာ၏၊ ယင်းသို့ကား ထုတ်မပြခဲ့, ထို့ကြောင့် စိတ်၏ဘင်ခဏတိုင်းမှာ ရုပ်မဖြစ်နိုင်ပါ။ ဥပါဒ်ခဏ၌သာ ကံ-စသော အကြောင်းတရားတို့က ရုပ်ကိုဖြစ်စေနိုင်ကြသည်-ဟု ဆိုကုန်၏။ ဤကား အပရေဆရာအလို ဘင်ခဏ၌ ရုပ်မဖြစ်နိုင်ပုံ ဖြစ်ပါသည်။

➢ **စိတ်၏ ဘင်ခဏ-၌ ရုပ်ဖြစ်နိုင်ပုံ** ။ ။ သစ္စယမိုက်ပါဠိတော်-၌ "နော"ဟု ဟောတော်မူခြင်းမှာ (၀ါ) ဘင်ခဏ-၌ ရုပ်မဖြစ်ဟု ဟောတော်မူခြင်းမှာ စိတ္တဇရုပ်ကိုသာ ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်ပါသည်။ ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်-တို့ကို မရည်ရွယ်ပါ။

ရုပ်မရှိသော အရူပဘုံ၌ဖြစ်သော သစ္စာကိုရည်ရွယ်၍ "နော"ဟု ဟောတော်မူခြင်း ဖြစ်သည်။ ပဠဝေါကာရဘုံကို ဓရည်ရွယ်ပါ, ယင်းသို့ သန္ဓာယ ဘာသိတအားလျော်စွာ ရသင့်သလို အဓိပ္ပါယ်ယူရခြင်းမှာ ယမိုက်ကျမ်း၏သဘာဝပင် ဖြစ်သည်၊ ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် စိတ်၏ဘင်ခဏ၌ ရုပ်ဖြစ်နိုင်ပါသည်။

➢ **အရူပဓိပါက်စိတ်တို့ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း** ။ ။ ရုပ်ကိုစက်ဆုတ်သော အရူပါ၀စရဘာ၀နာကြောင့် ဖြစ်ရသည့်အတွက် အကြောင်းဖြစ်သော အရူပါ၀စရ ကုသိုလ်စျာန် ဘာ၀နာသည် ရုပ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း, အရူပဘုံသည် ရုပ်၏ဖြစ်ရာဘုံမဟုတ်သောကြောင့်ရင်း, အရူပဝိပါက်စိတ်သည် ရုပ်ကိုမဖြစ်စေနိုင်

➢ **ဓွေးပဠဝိညာဉ် ၁၀-တို့ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း** ။ ။ ရုပ်ကိုဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်သော စျာနင်တို့နှင့်မယှဉ်သောကြောင့် ဓွေးပဠဝိညာဉ် ၁၀-တို့ ရုပ်ကိုမဖြစ်စေနိုင်ပါ။

မေး ။ ။ ပဋိသန္ဓေစိတ် စုတိစိတ်များလည်း ရုပ်ကိုမဖြစ်စေနိုင်ပါဘဲလျက် အဘယ်ကြောင့် **အရူပဝိပါက ဒွိပဠဝိညာဏဝဇ္ဇိတ်-ဟုသာ** ဆိုရပါသနည်း ရှင်းပြပါ။

➢ **ပဋိသန္ဓေစိတ် စုတိစိတ်တို့ကို မကြည့်ရှုခြင်းအကြောင်း** ။ ။ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်သော်လည်း ဘဝင်စိတ်ထဲ၌ အကျုံးဝင်သည်ဖြစ်၍ ဘဝင်မှာ အခြားသောစိတ်တစ်မျိုး မဟုတ်သောကြောင့် ယင်းပဋိသန္ဓေစိတ် စုတိစိတ်တို့ကို သီးခြားမကြည့်ပါ။ (၀ါ) သီးခြားမကြည့်ဘဲ အရူပဝိပါက ဒွိပဠဝိညာဏဝဇ္ဇိတ်-ဟုသာ ဆိုရပါသည်။

http://www.dhammadownload.com

➢ **ပဋိသန္ဓေစိတ်သည် ရူပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း** ။ ။ ပစ္စာဇာတပစ္စည်းမှ ကင်းသောကြောင့်ရင်း, အာဟာရ-စသော အကြောင်းတရားတို့သည် မထောက်ပံ့သောကြောင့်ရင်း, ပဋိသန္ဓေစိတ်သည် အားနည်းသော ဟဒယဝတ္ထုကို မှီ၍ဖြစ်သောကြောင့်ရင်း, ဘဝသစ်သို့ရောက်ခါစဖြစ်၍ မစွမ်းနိုင်သောကြောင့်ရင်း, ကမ္မဇရူပ်တို့က စိတ္တဇရူပ်တို့၏ တည်ရာဌာနကိုယူ၍ တည်သောကြောင့်ရင်း ပဋိသန္ဓေစိတ်သည် ရူပ်ကို မဖြစ်စေနိုင်ပါ။

➢ **ပဋိသန္ဓေစိတ်၏ မှီရာဝတ္ထု အားနည်းရခြင်းအကြောင်း** ။ ။ ပစ္စာဇာတပစ္စည်းဖြင့် ကျေးဇူးပြုမခံရသောကြောင့်ရင်း, ကပဋိကာရ အာဟာရက အာဟာရသတ္တိ-စသည်ဖြင့် မထောက်ပံ့သောကြောင့်ရင်း ပဋိသန္ဓေစိတ်၏ မှီရာဝတ္ထုသည် အားနည်းရသည်။

➢ **ရဟန္တာတို့၏ စုတိစိတ်သည် ရူပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း** ။ ။ ဝဋ်မြစ်ငြိမ်းပြီးသော ရဟန္တာသန္တာန်၌ လွန်ကဲစွာငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် (၀၊) အလုံးစုံသော ဘဝတို့၌ ဝဋ်မြစ်ငြိမ်းပြီးဖြစ်သောကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရူပ်ကိုမဖြစ်စေနိုင်ပါ။

➢ **စိတ္တသမုဋ္ဌာနရူပ် ပဌမဘဝင်မှပါ၀ါယ-၌ ပဌမဘဝင် အရ** ။ ။ ပဋိသန္ဓေနောင်ဖြစ်သော ပဌမဘဝင်ကို ယူရပါမည်။ * ဘဝနိကန္တိက လော့ဘဇောနောင်ဖြစ်သော ပဌမဘဝင်ကို မယူရပါ။

➢ **စိတ်သည် ဌိတိခဏ, ဘင်ခဏ-တို့၌ ရူပ်ကို မဖြစ်စေခြင်းအကြောင်း**

➢ **စိတ်သည် ဥပါဒ်ခဏ-၌သာ ရူပ်ကိုဖြစ်စေခြင်းအကြောင်း** ။ ။ အနန္တရ, သမနန္တရ-စသော ပစ္စည်းကို ရသည့်အတွက် ဥပါဒ်ခဏ၌သာလျှင် ရူပ်ကိုဖြစ်စေတတ်သော သတ္တိနှင့်ယှဉ်သောကြောင့် စိတ်သည် ဥပါဒ်ခဏ-၌သာ ရူပ်ကိုဖြစ်စေနိုင်ပါသည်။

➢ **ဣရိယာပထ မည်ပုံ** ။ ။ သွားခြင်းစသော ကိုယ်အမူအရာဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဣရိယာပထ မည်ပါသည်။

➢ **ဣရိယာပထ-အရ** ။ ။ ပရမတ္ထအားဖြင့် သွားခိုက်၌ ရူပ်တို့၏ဖြစ်ခြင်း, ရပ်, ထိုင်, လျောင်းခိုက်၌ ရူပ်တို့၏ဖြစ်ခြင်းကို ယူရပါမည်။ ပညတ်အားဖြင့် သွားခြင်း, လာခြင်း-စသည်ကို ယူရပါမည်။

➢ **ဣရိယာပထ်တို့ကို ကောင်းစွာဆောင်ခြင်းဟူသည်** ။ ။ စ၍ဖြစ်စေခြင်းမဟုတ်, နောက်လာမည့် ဝုဋ္ဌေစသော စိတ်များကြောင့် ဖြစ်နေသော ဣရိယာပုတ်ကို [ဖြစ်မြဲတိုင်း ရပ်လျှင်ရပ်မြဲတိုင်း, သွားလျှင် သွားမြဲတိုင်း-စသည်ဖြင့် မဖျက်အောင်] ထောက်ပံ့ထားခြင်းပင်ဖြစ်သည်။ **ဥပမာ--** အိပ်ပျော်နေသောအခါ၌ ဘဝင်စိတ်က ထိုကဲ့သို့ ဆောင်မထားနိုင်သောကြောင့် ကိုယ်အင်္ဂါများ ဆုတ်နစ်ရ လဲလျောင်း၍ နေကြရသကဲ့

http://www.dhammadownload.com

သို့တည်း။

➢ **ဓာဝရေဏစိတ်များ ။ ။** အပွနာဇော ဆဋ္ဌိသ, ဝုဋ္ဌော, ကာမဇော တစ်ခုယုတ် သုံးဆယ်, အဘိညာဉ်ဒွေးအားဖြင့် ၅၈-ပါး ဖြစ်ပါသည်။(ရှင်စာပိုဒ်-၃၂/၃၃)ထောက်

➢ **အဓာဝရေဏစိတ်များကား ။ ။** ဘဝင်စိတ်များ ဖြစ်ပါသည်။

➢ **အဂ်ါခြေလက်တို့ ဓောင့်တင်းနိုင်မာခြင်းအကြောင်း ။ ။** ဘဝင်စိတ်တို့ဖြစ်နေသောကြောင့် အဂ်ါခြေလက်တို့ ဓောင့်တင်းခိုင်မာရပါသည်။

➢ **အပွနာဓေန အရ ။ ။** အဘိညာဉ်ကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် အဘိညာဉ်တပ်ခိုက်ဖြစ်သော ပဌမဈာန်များ မပါဝင်နိုင်။ (ရှင်စာပိုဒ်-၃၃-ထောက်)

➢ **အဂ်ါခြေလက်တို့ ပေါ့ပါးသွက်လက်ခြင်းအကြောင်း ။ ။** ဝုဋ္ဌော, ကာမဇော, အဘိညာဉ်ဟူသော ၃၂-ပါးသော စိတ်တို့နှင့် အပွနာဇော ၂၆-ပါးတို့ ဖြစ်ပေါ်နေသောကြောင့် အဂ်ါခြေလက်တို့ ပေါ့ပါးသွက်လက်ရခြင်း ဖြစ်ပါသည်။

➢ **ဓဝါဠေ ဗွဟုန ကာမာဝစရေ ဓဝန–အရ ။ ။** ဝုဋ္ဌော, ကာမဇော-ဟု သာမညဆိုထားသော်လည်း မနောဒ္ဓါရဝိထိတွင် ပါဝင်သော ဝုဋ္ဌော, ကာမဇောတို့ကိုသာ ယူရပါမည်။

➢ **မနောဒ္ဓါရ–ဠဒ္ဌိဖြစ်သော ဝုဋ္ဌော, ကာမဇောတို့သာ ဝိညာဏ်နှင့် ရယ်ရွှင်မှုကိုဖြစ်စေနိုင်ခြင်းအကြောင်း ။ ။** မနောဒ္ဓါရ-ဠဒ္ဌိသာဖြစ်သော ဝုဋ္ဌော, ကာမဇောတို့သည် ထက်ဝန်းကျင်အားရှိသောကြောင့် ဝိညာဏ်နှင့်ရယ်ရွှင်မှုကို ဖြစ်စေနိုင်ပါသည်။

➢ **ပဠဒ္ဌါရဠ္ဌိဖြစ်သော ဝုဋ္ဌောနှင့်ဓဝေတို့သည် ဝိညာဏ်ကို မဖြစ်နိုင်, ဣရိယာပုထ်ကိုလည်း မဓောက်ပံ့နိုင်, ရယ်ရွှင်မှုကိုလည်း မဖြစ်စေနိုင်ခြင်းအကြောင်း**

ပဠဒ္ဌါရဠ္ဌိဖြစ်သော စိတ်တို့သည် ထက်ဝန်းကျင်အားနည်းသောကြောင့် -- မဖြစ်စေနိုင်ပါ။

➢ **ရှုပ်မှလွတ်သော ဣရိယာပုထ်နှင့် ဝိညာဏ်မရှိပါဘဲလျက် ဣရိယာပုထ်နှင့် ဝိညာဏ်ကို သီးခြားဆိုရခြင်းအကြောင်း ။ ။** ရှုပ်ကိုဖြစ်စေသောစိတ်အားလုံးသည် ဣရိယာပုထ်, ဝိညာဏ်ကို မဖြစ်စေနိုင်ပါ, ဝိညာဏ်ကိုဖြစ်စေသောစိတ်သည် ဣရိယာပုထ်၏ ဝိညာဏ်နှင့်ကင်း၍ **မဖြစ်**နိုင်သောကြောင့် ဓေနဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ပါသည်၊ ထိုသို့ ဣရိယာပုထ်ကို ထောက်ပံ့နိုင်သောစိတ်သည်လည်း ရှုပ်သာမညကို ဖြစ်စေနိုင်၏။ ဤအထူးကို ပြခြင်းအကျိုးငှာ (၀၁) ပြလိုသောကြောင့် ဣရိယာပုထ်နှင့် ဝိညာဏ်ကို သီးခြားယူရပါသည် (၀၁) ဆိုရပါသည်။

➢ **ဘုရားရှင်သည် မာသိတ္ထပ္ပါဒ်စိတ်ဖြင့် မြုံးတော်မူ/မမူ ။ ။** အပရေဆရာတို့အလို-အတိတ်အဘို့-စသော အာရုံတို့၌ မဝိတ်ပင်, မတားဆီးအပ်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်၍ ဂုဏ်တော်သုံးပါးတို့နှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ ကာယ

http://www.dhammadownload.com

ကံတော်သည် ဉာဏ်သို့ ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏ဟု ဟောတော်မူ သောကြောင့် ဘုရားရှင်တို့သည် သဟိတ် မဟာကြီယာ သောမနဿသဟဂုတ်စိတ် တို့ဖြင့်သာ ပြုံးတော်မူ၏။ အဟိတ် ဟသိတုပ္ပါဒ်စိတ်ဖြင့် ပြုံးတော်မမူပါ။ [ဝဒန္ဓိဝါဒ]

အဋ္ဌသာလိနီ အဋ္ဌကထာတို့အလို--- ဘုရားရှင်တို့၏ပြုံးရယ်မှုကို ပြုခြင်းသည် ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်တို့သို့ အစဉ်လိုက်သောကြောင့် ဉာဏ်တော်သို့ အစဉ်လိုက်သည်ဟု မှတ်ရပါမည်။ **အဋ္ဌကထာ၌---** ထိုဉာဏ်တို့၏ လေ့ကျင့်အပ်ပြီး အဆုံး၌ ဟသိတုပ္ပါဒ်စိတ်ဖြစ်၏ဟု ဆိုထားသောကြောင့် ဟသိတုပ္ပါဒ်စိတ် ၏ ဘုရားရှင်သန္တာန်၌ဖြစ်ခြင်းကို တားမြစ်ခြင်းငှာ မတတ်ကောင်း။ ထို့ကြောင့် ဘုရား ရှင်တို့သည် မဟာကြီယာ သောမနဿ ၄-ပါး, ဟသိတုပ္ပါဒ်စိတ် ၁-ပါး ပေါင်း ၅-ပါး တို့ဖြင့် ပြုံးတော်မူကြသည်။

➢ **ဧတေဧကာတု ဒ္ဒိဧကဗ္ဗာဝ–ဧဝေသာ စကားကိုသင်္ဂဟတ်ဆရာဆိုရကြောင်း**

➢ **ဥတုနှင့်အာဟာရတို့ ဒ္ဒိခဏ–၌သာ ရူပ်ကိုဖြစ်ခဲ့ခြင်းအခကြောင်း**

ပစ္စာဇာတ-စသောပစ္စည်းတို့၏ အထောက်အပံ့ကိုရသည့်အတွက် ဒ္ဒိခဏ၌သာ ဥတု, သြဇာတို့ အားရှိသောကြောင့် [တေဧာဝတု ဒ္ဒိတိပ္ပတ္တာဝ-စသော စကားကို ဆိုရပါသည်။]- ဥတုနှင့်အာဟာရတို့သည် ဒ္ဒိခဏ၌သာ ရူပ်ကိုဖြစ်စေနိုင်ပါသည်။

➢ **ဘဏ္ဍ ဟဒယဏ္ဍာ ဇိယရူပါနိ ကမ္မဇာဧနဝ–၌ ကမ္မ အရ ။ ။** အကုသိုလ်ကံ ၁၂-ပါး, မဟာကုသိုလ်ကံ ၈-ပါး, ရူပကုသိုလ်ကံ ၅-ပါး ပေါင်း ၂၅-ပါး ရ၏။ [သာဓက] တတ္ထ ကာမာဝစရံ ရူပါဝစရဇ္ဈေတိ ပဋ္ဌိဝမ္မိ ကုသလာ ကုသလကမ္မမဘိသင်္ခတံ။

➢ **ဟဒယရူပ်, ဣန္ဒြိယရူပ်တို့ ကမ္မဇရူပ်မည်ခြင်းအခကြောင်း ။ ။** ဟဒယရူပ်, ဣန္ဒြိယရူပ်တို့သည် ကံကြောင့်သာလျှင် ဖြစ်သောကြောင့် ကမ္မဇရူပ်မည်ပါသည်။

➢ **ကမ္မဇံ အရ ။ ။** ဒုဋ္ဌ-၌ ဒုဟာဓတ်, တပစ္စည်း, ဒုယ္ယတေ ဒုယ္ယိတ္ထ ဒုယ္ယိသ တေတိ ဒုဋ္ဌ-ညစ်အပ်ဆဲ ညစ်အပ်ပြီး ညစ်အပ်လတ္တံ့ဖြစ်သော နို့ရည်၊ ဤပုဒ်၌ တပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ၃-မျိုးနှင့် ဆက်ဆံသော ကာလသာမန်ကို ဟောသကဲ့သို့ ကမ္မတော ဇာတံ ကမ္မဇ-၌ ဇာတံဝယ် တပစ္စည်းလည်း ပစ္စုပ္ပန်, အတိတ်, အနာဂတ် ၃-မျိုးနှင့် ဆက်ဆံသော ကာလသာမန်ကို ဟောရကား **ကမ္မဇ-**အရ ကာလ ၃-မျိုးနှင့်ဆက်ဆံသော ကမ္မဇရူပ်ကို ယူရပါမည်။

➢ **လဟုတာဒိတ္ထယ–သည် ကမ္မဇရူပ် မဖြစ်ခြင်းအခကြောင်း**

➢ **လဟုတာ–ဧဝေသာ ရူပ် ၃–ခုတို့၏ ကမ္မဇရူပ်မဖြစ်ခြင်းအခကြောင်း**

ပစ္စုပ္ပန် အကြောင်းကို ငဲ့သောကြောင့် လဟုတာ-စသော ရူပ် ၃-ခုတို့သည် ကမ္မဇရူပ် မဖြစ်ပါ။ [ကမ္မဇ-ဟုဆိုခဲ့လျှင် အခါခပ်သိမ်းဖြစ်လေ့ရှိသော ရူပ်တို့ဟု

http://www.dhammadownload.com

မှတ်ထင်ခြင်းအပြစ် ဖြစ်ပါသည်။]

ဓမ်း ။ ။ လောကဌ် "သဠါရုံ" ပေါ်ပေါက်လာရခြင်း၏ အရင်းခံအကြောင်း တရားများကို သာဓကပေး၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ ။ စိတ်, ဥတု-ဖြစ်ပါသည်။ **သာဓက**--- သဒ္ဒါ စိတ္တောတုဇော။

ဓမ်း ။ ။ လေကောင်းလေသန့် ရှုရှိုက်၍ ကိုယ်လက်ပေါ့ပါး ကျန်းမာရေးလိုက်စားခြင်းသည် အဘိဓမ္မာ သဘာဝ ကျ, မကျ အကြောင်းပြခိုင်လုံစွာ ဝေဖန်သုံးသပ်ပြပါ။

ဖြေ ။ ။ လဟုတာဒိတ္တယသည် ဥတု, စိတ်, အာဟာရတို့ကြောင့်ဖြစ်၏ဟု အဘိဓမ္မတ္ထသင်္ဂဟ၌ ဆိုထားရာ လေကောင်းလေသန့် ရှုရှိုက်မှုသည် ဥတုအထောက်အပံ့ရယူခြင်း ပင်ဖြစ်၏။ ထို့ကြောင့် လေကောင်းလေသန့် ရှုရှိုက်၍ ကိုယ်လက်ပေါ့ပါး ကျန်းမာရေးကို လိုက်စားခြင်းသည် အဘိဓမ္မာ သဘာဝ ကျပါသည်။

➢ **လက္ခဏရူပ်တို့ နကုတောစိပြစ်ရခြင်းအကြောင်း**

➢ **လက္ခဏရူပ်တို့ အကြောင်းတရား ၄-ပါးကြောင့် မြစ်ခြင်းအကြောင်း**

ဖြစ်ဆဲ, ရင့်ဆဲ, ယုက်ဆဲရူပ်လလာပ်တို့၏ သဘောတံထွာ ဓမ္မတာဖြစ်သည့်အတွက် ဖြစ်ခြင်းစသော သဘောမျှကိုကြည့်၍ ဖိဖိ၏ဖြစ်ခြင်းစသော လက္ခဏာ မရှိသောကြောင့် လက္ခဏရူပ်တို့ နကုတောစိရူပ် ဖြစ်ရပါသည်။

➢ **အဘိဓမ္မာပါဠိတော်၌ ဥပစယနှင့်သန္တတိကို ကမ္မဇရူပ်-စသည်၌ သွင်းယူရခြင်းအကြောင်း** ။ ။ ရူပ်ကိုဖြစ်စေတတ်သောအကြောင်းတရားတို့၏ ဗျာပါရမကင်းမီ ဥပစယနှင့်သန္တတိတို့ ထင်ရှားသောကြောင့် - ကမ္မဇရူပ်-စသည်၌ သွင်းယူရပါသည်။

➢ **သုဒ္ဓဋ္ဌကပါဠိတော်၌ ဇာတိ, ဇရတာ, အနိစ္စတာတို့ကို "သခ်တ" နာမည်ပြင့် ဟောတော်မူရခြင်းအကြောင်း** ။ ။ သခ်တရူပ်ကလာပ်တို့၏ ဖြစ်ခြင်းသဘော, ရင့်ခြင်းသဘော, ယုက်ခြင်းသဘောဖြစ်သောကြောင့် ဇာတိ, ဇရတာ, အနိစ္စတာတို့ကို "သခ်တ" နာမည်ဖြင့် ဟောတော်မူရပါသည်။

➢ **ဧကူပ္ပါဒ-စသည်ကို ဆိုရခြင်းအကြောင်း** ။ ။ အပေါင်းဖြစ်သော ရူပ်ကလာပ်တို့၏ ဂဏန်းအပိုင်းအခြားကိုဂဏ်း, သရူပ်ကိုဂဏ်း ပြခြင်းငှာ (၀ါ) ပြလိုသောကြောင့် ဧကူပ္ပါဒ-စသည်ကို ဆိုရခြင်းဖြစ်ပါသည်။

➢ **သဟဝုတ္တိ အဓိပ္ပါယ်** ။ ။ တစ်ကလာပ်တည်း၌ဖြစ်သော ရူပ်တို့၏အတူတကွ ဖြစ်ခြင်းကို "သဟဝုတ္တိ"ဟု ခေါ်ပါသည်။

➢ **ဒသက မည်ပုံ** ။ ။ ထိုကလာပ်အား ဆယ်ပါးကုန်သော အတိုင်းအရှည်တို့ရှိသောကြောင့် "ဒသက" မည်ပါသည်။

➢ **စက္ခုဒသက ကလာပ်မည်ပုံ** ။ ။ စက္ခုပသာဒဖြင့် မှတ်အပ်သော ရူပ် ၁၀-ပါး

http://www.dhammadownload.com

အပေါင်းသည် စက္ခုဒသက ကလာပ်မည်ပါသည်။

တစ်နည်း--- စက္ခုသည်သာ အခြားသောကလာပ်များနှင့်မဆက်ဆံသောကြောင့်ရင်း, ထင်ရှားသောအမှတ်ဖြစ်သောကြောင့်ရင်း, ပြဋ္ဌာန်းသောကြောင့်ရင်း စက္ခုဖြင့်သာ မှတ်၍ စက္ခုဒသက ကလာပ်-ဟု ဆိုပါသည်။

➢ **ဇီဝိတနဝက ကလာပ်မည်ပုံ** ။ ။ ဇီဝိတဖြင့် မှတ်အပ်သောရှုပ် ၉-ခု အပေါင်းသည် ဇီဝိတနဝက ကလာပ်မည်ပါသည်။

➢ **ဝစီဝိညတ္တိသဒ္ဒါဖြင့် သဒ္ဒရှစ်ကို သိမ်းယူချေခြင်းအကြောင်း**

➢ **ဝစီဝိညတ္တိသဒ္ဒ ဒသက်-ဟု မဆိုဘဲ ဝစီဝိညတ္တိဒသက်ဟု ဆိုချေခြင်းအကြောင်း**

ဝစီဝိညတ်ရှုပ်သည် သဒ္ဒရှုပ်နှင့်ကင်း၍မဖြစ်နိုင်သောကြောင့်--တည်း။

➢ **လူသေကောင်-၌ ရနိုင်သောရှုပ်နှင့် ရှုပ်ကလာပ်** ။ ။ လူသေကောင်-၌ အဝိနိဗ္ဘောဂရှုပ် ၈-ပါးနှင့် သဒ္ဒရှုပ်တို့ ရနိုင်ပါသည်။ ရှုပ်ကလာပ်ကား--- ဥတုဇဖြစ်သော သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝက ကလာပ် ၂-စည်းတို့ ရနိုင်ပါသည်။

➢ **ထွက်သက်, ဝင်သက်, ဧလဆဲ-၌ ပါဝင်သောရှုပ်** ။ ။ အဝိနိဗ္ဘောဂရှုပ် ၈-ပါးနှင့် သဒ္ဒရှုပ်တို့ ပါဝင်သည်။

➢ **အသံထက်မြန်သော ဧလယာဉ်ပျံများ-၌ လဟုတာရှုပ် ပါဝင်နိုင်/မပါဝင်နိုင်**

ဗဟိဒ္ဓသန္တာန်၌ လဟုတာရှုပ် မရနိုင်သောကြောင့် အသံထက်မြန်သော လေယာဉ်ပျံ-၌ လဟုတာရှုပ် မပါဝင်ပါ။ **သာဓက---** တတ္တသုဒ္ဓဋ္ဌက် သဒ္ဒနဝကဠေတိ ဒွေဥတု သမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါဝိ လဗ္ဘန္တိ။

➢ **သဒ္ဓာနိပိ ပခနတာနိ-စသော စကားကိုဆိုချေခြင်းအကြောင်း** ။ ။ ရှုပ်ကလာပ်တို့၏ဖြစ်သင့်ခြင်း၏ အစွမ်းအားဖြင့်ရင်း, ပဝတ္တိအခါ, ပဋိသန္ဓေအခါ၏အစွမ်းဖြင့်ရင်း, ယောနိ၏အစွမ်းဖြင့်ရင်း, ဖြစ်ပုံကိုပြခြင်းငှာ (ဝါ) ပြလိုသောကြောင့်---တည်း။

➢ **ယထာရတ်နှင့်အနုနာနိတို့၏ ခြားနားချက်** ။ ။ အမဖြစ်လျှင် ပုရိသဘာဝရှုပ်မရ, အထီးဖြစ်လျှင် ဣတ္ထိဘာဝရှုပ်မရ၊ စက္ခု, သောတ-စသည် ချို့တဲ့သူတို့၌ စက္ခု, သောတ-စသော တစ်ချို့ရှုပ်များမရ ဤသို့ထိုက်သင့်သလိုရသည်ကို ရည်ရွယ်၍ **ယထာရတ်**-ဟု ဆိုပါသည်။ ထို့သို့ ပုဂ္ဂိုလ်အလိုက် အချို့ရှုပ်များမရထိုက်သော်လည်း ကာမဘုံအတွက်ကား ရှုပ် ၂၈-ပါးလုံးပင် ရနိုင်သောကြောင့် **အနုနာနိ**-ဟု ဆိုပါသည်။

➢ **သံဝေဒ အဓိပ္ပါယ်** ။ ။ ပဒုမ္မာကြာတိုက် ကိုယ်ဝန်အညစ်အကြေး-စသော စေးကပ်သော အရပ်တို့၌ဖြစ်သော သတ္တဝါတို့သည် "သံသေဒ" မည်၏။

➢ **ဩပပါတိက အဓိပ္ပါယ်** ။ ။ ဘဝဟောင်းမှခုန်လွှားသကဲ့သို့ ကျမ်းရောက်ခြင်းရှိသော သတ္တဝါသည် "ဩပပါတိက" မည်ပါသည်။

http://www.dhammadownload.com

➢ **ဩပပါတိက-အရ ။ ။** ဥပပါတ်ပဋိသန္ဓေဟုဆိုသော်လည်း စက္ခု-စသော ဒသက ၇-ပါးလုံးရထိုက်သော ဥပပါတ်ပဋိသန္ဓေဖြစ်ရမည်ဖြစ်သောကြောင့် စက္ခု-စသော အာယတနနှင့် ဘာဝရှစ်များရထိုက်သော ဥပပါတ်ကို ယူရပါမည်။ ဥပမာ---အာဘိရှေပယောက်ျားအား သတ္တိသွီးကိုပေးထိုက်၏ဟူရာ၌ ရှစ်ချောရုံမျှကို အာဘိရှေပဟု မဆိုလို၊ သတ္တိသွီးနှင့်ထိုက်တန်အောင် အမျိုးဇာတ်, စည်းစိမ်-စသည်တို့ဖြင့် ထူးကဲသာလွန်လှပသော အဆင်းလှသူကို ဆိုလိုသကဲ့သို့တည်း။

➢ **သံသေဒနှင့်ဩပပါတိကသတ္တဝါတို့အား ဒသက ၇-ပါးရနိုင်ခြင်းအကြောင်း**

သံသေဒ၏ ဩပပါတိက (ဥပပါတ်)-သတ္တဝါတို့မှာ ပဋိသန္ဓေအခါ၌ စက္ခာယတန စသည်တို့ အပြည့်အစုံရနိုင်ခြင်းကြောင့် ဒသက ၇-ပါးတို့ ရနိုင်ပါသည်။

➢ **ကဒါစိပိ နလဗ္ဘန္တိ အဓိပ္ပါယ် ။ ။** ပဋိသန္ဓေအားဖြင့် ကဏ်းသူ, ပဋိသန္ဓေအားဖြင့် နားထိုင်းသူ, ပဋိသန္ဓေအားဖြင့် ယာနပသာဒမရှိသူ, နပုံးပဏ္ဏုတ် ကမ္ဘာဦး၌ဖြစ်သူတို့၏အစွမ်းဖြင့် တစ်ရံတစ်ခါမရနိုင်သည်ကို ရည်ရွယ်၍ ကဒါစိပိ နလဗ္ဘန္တိ-ဟု ဆိုသည်

➢ **ပဒီသစန္ဓအစါ ချို့ကောင်းသော အာယတန-တို့ကို ပုဂ္ဂိုလ်အားလျော်စွာ ခွဲခြားပုံ ။ ။** သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသောကံကြောင့်ဖြစ်သော ဥပပါတ်ပဋိသန္ဓေနေသော နတ်လူတို့အား ဣန္ဒြေချို့တဲ့မှု မဖြစ်သင့်သောကြောင့် **သံသေဒ၏ ပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ယာနပသာဒတို့ မရနိုင်ပါ။ (ဝါ) ချို့ပါသည်။**

ကမ္ဘာဦး၌ဖြစ်သော ဥပပါတ်ပဋိသန္ဓေရှိသူ လူတို့အား ဘာဝရှစ် ၂-ပါး မရနိုင်ပါ။ (ဝါ) ချို့ပါသည်။ **ဒုဂ္ဂတိဘုံ၌** သံသေဒ၏, ဩပပါတိက သတ္တဝါတို့အား စက္ခု, သောတ, ဘာဝ ရှစ် ၂-ပါးတို့ မရနိုင်ပါ။ (ဝါ) ချို့ပါသည်။ **သံသေဒပုဂ္ဂိုလ်တို့အား** ယာနပသာဒ မရနိုင်ပါ။ (ဝါ) ချို့ပါသည်။

ဂဗ္ဘသေယ္ယကပုဂ္ဂိုလ် ၂-မျိုးနှင့် သံသေဒပုဂ္ဂိုလ်တို့သန္ဓာန်-၌ စက္ခု, သောတ, ယာန ဘာဝရှစ်တို့ ချို့ကောင်း၏။ **ဒုဂ္ဂတိအပါယ်ဩပပါတိကပုဂ္ဂိုလ်-တို့၌** စက္ခု, သောတ, ဘာဝ ချို့ကောင်း၏။ [**ယာန-ကား** မချို့ကောင်း။] **သုဂတိ ဩပပါတိကပုဂ္ဂိုလ်-တို့တွင်** ကမ္ဘာဦးလူတို့၌သာ ဘာဝရှစ် ချို့ကောင်းသည်။

➢ **သုဂတိဘုံ၌ ဩပပါတိကသတ္တဝါတို့အား စက္ခု, ဒသောတ, ယာန-တို့ မချို့ခြင်းအကြောင်း ။ ။** သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသော ကံကြောင့်ဖြစ်သော ဥပပါတ်ပဋိသန္ဓေနေသော နတ်လူတို့အား ဣန္ဒြေချို့တဲ့မှု မဖြစ်သင့်သောကြောင့်-တည်း။

➢ **ကာမဓာတ်, ပဋိသန္ဓေစကာ၌ရနိုင်ဒသာ အာယတနများ**

၁။ စက္ခု-စသော ဣန္ဒြေနှင့်ပြည့်စုံသော ဩပပါတိကသတ္တဝါတို့အား သဒ္ဒါယတန ကြဉ် အာယတန ၁၁-ပါး ရ၏။

http://www.dhammadownload.com

၂။ ပဋိသန္ဓေအားဖြင့် ကဏ်းသော [ဇစ္စန္ဓ]-ပုဂ္ဂိုလ်တို့အား စက္ခာယတန, သဒ္ဒါယတနကြောင့် အာယတန ၁၀-ပါး ရ၏။

၃။ ပဋိသန္ဓေအားဖြင့် နားထိုင်းသော [ဇစ္စဗဓိရ]-ပုဂ္ဂိုလ်တို့အား သောတာယတန သဒ္ဒါယတနကြောင့် အာယတန ၁၀-ပါး ရ၏။

၄။ ကဏ်းလည်းကဏ်း, နားလည်းထိုင်းသော [အန္ဓဗဓိရ]-ပုဂ္ဂိုလ်တို့အား စက္ခာယတန, သောတာယတန, သဒ္ဒါယတနကြောင့် အာယတန ၉-ပါး ရ၏။

၅။ ဂဗ္ဘသေယျကသတ္တဝါတို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, သဒ္ဒါယတနကြောင့် အာယတန ၇-ပါး ရနိုင်ပါသည်။

➢ **ဩပပါတိကပုဂ္ဂိုလ်တို့အား ဃာနစျှေ့တဲ့မှု ရှိ/မရှိ ။ ။** အဃာနက ဩပပါတိက သတ္တဝါရှိခဲ့ပြီးအုံ့, အန္ဓပုဂ္ဂိုလ်, ဗဓိရပုဂ္ဂိုလ်, အဃာနပုဂ္ဂိုလ် ၃-မျိုးတို့၏အစွမ်းဖြင့် ၃-ကြိမ် အာယတန ၁၀-ပါးတို့ကို ဟောတော်မူရာ၏၊ အန္ဓ, ဗဓိရပုဂ္ဂိုလ်, အန္ဓဃာနကပုဂ္ဂိုလ်, ဗဓိရာဃာနကပုဂ္ဂိုလ် ၃-မျိုးတို့၏အစွမ်းဖြင့် ၃-ကြိမ်, အာယတန ၉-ပါးတို့ကို ဟောတော်မူရာ၏၊ အန္ဓ, ဗဓိရ, အဃာနကပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အာယတန ၈-ပါးတို့ကို ဟောတော်မူရာ၏၊ ဤသို့ကား ဟောတော်မမူသောကြောင့် ဩပပါတိက ပုဂ္ဂိုလ်တို့အား ဃာနချေ့တဲ့မှုမရှိပါ။ [ဤကား အပရေဆရာတို့အလိုဖြစ်သည်။]

သာဓက--- ယမက အဋ္ဌကထာ-၌ အဃာနကော ဩပပါတိကော နတ္ထိ၊ ယဒိ ဘဝေယျ ကဿစိ အဋ္ဌာယတနာနိတိ ဝဒေယျ။

➢ **သံဝေသဝဇပုဂ္ဂိုလ်တို့အား ယာနစျှေ့တဲ့မှုတို့တားမြစ်ခြင်းငှာ မတတ်နိုင်ခြင်းအကြောင်း ။ ။** ကာမဂတုယာ ဥပပတ္တိကဒေ-စသော ပါဠိတော်သည် ဩပပါတိက ယောနိ-ကိုသာ ရည်ရွယ်တော်မူ၍ဝင်း, သတ္တာယတနသဒ္ဒါသည် ဂဗ္ဘသေယျကမှတစ်ပါးသော သတ္တဝါတို့အတွက် မဖြစ်သင့်သောကြောင့် ဂဗ္ဘသေယျကကိုသာ ရည်ရွယ်တော်မူ၍ဝင်း, ဟောတော်မူသောကြောင့်---တည်း။

➢ **သံဝေသဝဇသတ္တဝါတို့ကို ဩပပါတိက-၌ သွင်းယူရခြင်းအကြောင်း ။ ။** စက္ခာယတန-စသော အာယတနတို့နှင့်ပြည့်စုံသောကြောင့် သံသေဒဇသတ္တဝါတို့ကို ဩပပါတိက-၌ သွင်းယူရပါသည်။

➢ **ယာန, ဇိဝှါတို့ အစျင်းစျင်းကင်း၍ [ခွဲ၍]-မဖြစ်ခြင်းအကြောင်း ။ ။** ယာန, ဇိဝှါ-နှစ်မျိုးလုံးပင် ရူပဘုံ၌မဖြစ်ဘဲ ကာမဘုံ၌သာ ဖြစ်သောကြောင့် ယာန, ဇိဝှါတို့သည် အချင်းချင်းကင်း၍ [ခွဲ၍]-မဖြစ်ကြပါ။

➢ **ဂဗ္ဘသေယျက မည်ပုံ ။ ။** အဓိဝမ်း၌ ကိန်းတတ်သောကြောင့် ဂဗ္ဘသေယျက မည်ပါသည်။

http://www.dhammadownload.com

➢ **သတ္တ** မည်ပုံ ။ ။ ဂဿသေယျကတို့သည်ပင် ရှုပါရုံ-စသော အာရုံတို့၌ ငြိကပ်တတ်သောကြောင့် သတ္တ မည်ပါသည်။

➢ **ဂဿသေယျက သတ္တ** မည်ပုံ ။ ။ အမိဝမ်း၌ ကိန်းတတ် ဖြစ်တတ်သော သတ္တဝါတို့သည်ပင် ရှုပါရုံ-စသော အာရုံတို့၌ ငြိကပ်တတ်သောကြောင့် သတ္တလည်းမည်ရကား "ဂဿသေယျကသတ္တ" မည်ပါသည်။

➢ **ဂဿသေယျကသတ္တဝါ** မည်ပုံ ။ ။ အမိဝမ်းတိုက် သားအိမ်အတွင်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါသည် "ဂဿသေယျကသတ္တဝါ" မည်ပါသည်။

➢ **ဂဿသေယျက** ၂-မျိုး ။ ။ ၁။ အဏ္ဍဇ-အဉ-၌ဖြစ်သောသတ္တဝါ, ၂။ ဇလာဗုဇ - သားအိမ်အတွင်း၌ဖြစ်သော သတ္တဝါ-တို့ဖြစ်ပါသည်။

➢ **ကလလရေကြည်** (၁၀) **ကလလရှမ်** ။ ။ ကလလရေကြည်-ဟူသည် ဂဿသေယျက သတ္တဝါတို့၏ ပဋိသန္ဓေစိတ်ဖြစ်ရာခဏာ၌ဖြစ်သော ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ကလာပ် ၃-စည်း ဖြစ်ပါသည်။

➢ **ကလလရေကြည် ပမာဏ** ။ ။ မွေးကာစသိုး၏ အမွေးတစ်မျှင်ဖြင့် ကြည်လင်သော ဆီ၌နှစ်၍ ထုတ်ဆယ်ပြီးသောအခါ ဆီစက်များ စီးဆင်းယိုကျပြီး အဖျားဌ်ကျန်လျှက်တည်နေသော ဆီကြည်ပေါက် ပမာဏရှိပါသည်။

➢ **ကလလရေကြည်၏ သဘာဝ /အရောင်အဆင်း** ။ ။ ထိုကလလရေကြည်သည် ဆီကြည်အရောင်ကဲ့သို့ အထူးသဖြင့် ကြည်လင်ပါသည်။

➢ **ကဒါစိ နလဗ္ဗတိ အဓိပ္ပါယ်** ။ ။ ဘာဝရုပ်မဖြစ်သော သတ္တဝါတို့၏အစွမ်းဖြင့် ကဒါစိ နလဗ္ဗတိ-ဟု ဆိုပါသည်။

➢ **တဇတာ** ပရဲ့ **ပဝတ္တိကာဇလ-ဌ် ပဝတ္တိကာလ-အရ** ။ ။ ခုနှစ်ခုမြောက် သတ္တာဟ။ [**တစ်နည်း**] မူလဦးကာ ကျမ်းပြုဆရာ အရှင်အာနန္ဒာအလို ၁၁-ခုမြောက် သတ္တာဟ-ကို ယူရပါမည်။

➢ **တဇတာပရဲ့ ပဝတ္တိကာဇလ ကမေန-ဌ် ကမေန အဓိပ္ပါယ်** ။ ။ စက္ခုဒသက ထင်ရှားဖြစ်ပြီးနောက် ၇-ရက်လွန်သောအခါ သောတဒသက, သောတဒသက ထင်ရှားဖြစ်ပြီးနောက် ၇-ရက်လွန်သောအခါ ဃာနဒသက, ဃာနဒသက ထင်ရှားဖြစ်ပြီးနောက် ၇-ရက်လွန်သောအခါ ဇိဝှါဒသက ဤသို့အစဉ်အားဖြင့်ဖြစ်ခြင်းကို ကမေန-ဟု ဆိုပါသည်။

➢ **ဒုတိကာလမှပါဒါယ-ဌ် ဒုတိကာလ-အရ** ။ ။ ပဋိသန္ဓေစိတ်၏ ဒုကာလကို ယူရပါမည်။[ဒုတိယစိတ်ဖြစ်သော ပဌမဘဝင်၏ ဒုကာလကို မယူရပါ။]

➢ **ဥတုက ဂျပ်ကိုပြစ်စေပုံ** ။ ။ ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော ဥတုသည် ဌိခဏာ

http://www.dhammadownload.com

သို့ရောက်သောအခါ ပဋိသန္ဓေစိတ်၏ဌီခဏ၌ သုဒ္ဓဋ္ဌက ကလာပ်ကို ဖြစ်စေသည်၊ ဌီခဏ၌ဖြစ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ ဘင်ခဏ၌ သုဒ္ဓဋ္ဌက ကလာပ်ကိုဖြစ်စေပါသည်၊ ဤသို့သော အစဉ်အားဖြင့် ဥတုသည် ရူပ်ကိုဖြစ်စေပါသည်။

➢ **ဩဇာမျိုနှုန်း ရူပ်ကိုဖြစ်စေပုံ/ဩဇာ၏မျိုနှုန်းရောအခါ** ။ ။ ဂဗ္ဘသေယျသတ္တဝါတို့အား မိခင်စားမျိုအပ်သော အာဟာရမှဂင်း၊ သံသေဒဇ, ဩပပါတိကသတ္တဝါတို့အား ခံတွင်း၌ဖြစ်သော သလိပ်-အစရှိသည်မှဂင်း၊ ဩဇာသည် အာဟာရကိုဆောင်တတ်သော အကြောကို အစဉ်လျှောက်သဖြင့် ကိုယ်၌ဩဇာမျိုနှုန်ပါသည်။ ထိုဩဇာမျိုနှုန်သည်မှ စ၍ ရူပ်ကိုဖြစ်စေပါသည်။

➢ **ဩဇာပရဏာ မုပါဒါယ-၌ ဩဇာအရ** ။ ။ အစာအာဟာရ-၌ပါသော ဗဟိဒ္ဓ ဩဇာကို ယူရပါမည်။

➢ **စုတိစိတ္တောပရိ မည်ပုံ** ။ ။ ၁၇-ချက်မြောက်သောစိတ်၏ အထက်၌ဖြစ်သော စုတိစိတ်သည် စုတိစိတ္တောပရိ မည်၏။

➢ **စုတိစိတ်၏အထက်၌ ကမ္မဇရူပ်မဖြစ်နိုင်ခြင်းအကြောင်း** ။ ။ ကမ္မဇရူပ်ဖြစ်နေသေးလျှင် မသေနိုင်သောကြောင့် စုတိစိတ်၏အထက်၌ ကမ္မဇရူပ်မဖြစ်နိုင်ပါ။

ဓမ်း ။ ။ သတ္တဝါတစ်ဦးတစ်ယောက် "ကွယ်လွန်ပြီ"ဟု ဆုံးဖြတ်နိုင်ရန် လိုအပ်သော အချက်အလက်များကို မြတ်ဗုဒ္ဓအဘိဓမ္မာ-အရ တိကျစွာ ဖြေဆိုပါ။

ဓမ်း ။ ။ အဘယ်တရားများချုပ်ဆုံးမှ သတ္တဝါများ သေသည်-ဟု ဆိုရပါမည်နည်း၊ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။ [၁၃၆၂-ခု အလတ် ရန်ကုန်တိုင်း]

ဓမ်း ။ ။ လူတစ်ယောက် အမှန်တကယ်သေ/မသေ သိနိုင်ရန် မည်သည့်အရာတို့ဖြင့် တိုင်းတာဆုံးဖြတ်မည်နည်း၊

ဖြေ ။ ။ **သေ/မသေ တိုင်းတာရမည့်အရာများ**

၁။ အာယုခေါ်သော ရူပ်, နာမ်, ဇီဝိတ။

၂။ ဥသွာခေါ်သော ကမ္မဇတေဇော-ဟူသော ကိုယ်ငွေ့။

၃။ ဝိညာဏခေါ်သော ဝိပါက်ဝိညာဉ်, ဤ ၃-မျိုး ခန္ဓာကိုယ်မှ စွန့်ခွာသွားလျှင် သေသည်-ဟု ခေါ်ဆိုရပါသည်။ (တစ်နည်း) ကမ္မဇရူပ်တို့ ပြတ်စဲရာအခါ၌ "သေသည်"ဟု ဆုံးဖြတ်ရပါမည်။

➢ **လူနှင့်အတူဇသေဇသောရူပ်**--- ကမ္မဇရူပ် ဖြစ်ပါသည်။

➢ **လူဇသေပြီးမှ ဇသေဇသောရူပ်**--- စိတ္တဇရူပ် အာဟာရဇရူပ်-တို့ဖြစ်ပါသည်။

➢ **လူပင်ဇသေသော်လည်း မသေသဲ ဆက်လက်ဖြစ်ခနဆဲရူပ်**--- ဥတုဇရူပ်။

➢ **ကမ္မဇရူပ်တို့ ဇနာက်ဆုံးဖြစ်ရာဌာန**--- ကမ္မဇရူပ်တို့သည် စုတ်စိတ်မှပြန်၍ ရေသည်

http://www.dhammadownload.com

ရှိသော် တစ်ဆယ့်ခုနှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်-၌ နောက်ဆုံးဖြစ်ပါသည်။

➢ **စိတ္တဇရူပ်တို့ အစဆုံးဖြစ်ရာဌာန** ။ ။ စိတ္တဇရူပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ ဖြစ်ပါသည်။

➢ **စိတ္တဇရူပ်နှင့် အာဟာရဇရူပ်တို့ ဗျူပ်ရာကာလ** ။ ။ အသက်မရှိသော ရူပ်အစဉ်၌ စိတ္တဇရူပ်, အာဟာရဇရူပ်တို့ ဖြစ်ခြင်းမရှိသောကြောင့် စိတ္တဇရူပ်နှင့် အာဟာရဇရူပ်တို့သည် စုတိ၏ ဘင်ခဏမှနောက်၌ အနည်းငယ်ကာလမျှ ဖြစ်ပြီး ချုပ်ပါသည်။

➢ **အပရေ ဆရောတို့အလို** ။ ။ စိတ္တဇရူပ်သည် စုတိစိတ်မှ နှေးစွာသာလျှင် ပြတ်စဲပါသည် (၀ါ) ချုပ်ပါသည်။

➢ **ရူပဘုံ-၌ ဘာဝရူပ် ၂-ပါး မရနိုင်ခြင်းအကြောင်း** ။ ။ ဘာဝရူပ် ၂-ပါးသည် ထူထဲသော ကာမရာဂ၏ မှီရာအကြောင်းဖြစ်သောကြောင့်ရင်း, ပြဟ္မာတို့အား ထိုကာမရာဂ မရှိသောကြောင့်ရင်း ရူပဘုံ-၌ ဘာဝရူပ် ၂-ပါး မရနိုင်ပါ။

➢ **ရူပဘုံ-၌ အာဟာရဇကလာပ် မရနိုင်ခြင်းအကြောင်း** ။ ။ စားမျိုအပ်သော ဗဟိဒ္ဓ အာဟာရ မရှိသဖြင့် ကိုယ်နှင့်တည်သော အဗ္ဗတ္တအာဟာရ၏ ရူပ်ကိုဖြစ်စေခြင်း မရှိသောကြောင့် ရူပဘုံ-၌ အာဟာရဇကလာပ် မရနိုင်ပါ။

➢ **ရူပဘုံ-၌ ပဋိသန္ဓေအစ၊ ဇီဝိတနဝကကလာပ် ရနိုင်ခြင်းအကြောင်း**

➢ **ဇီဝိတနဝက-အရ** ။ ။ ရူပပြဟ္မာတို့သန္တာန်၌ ကာယပသာဒမရှိသောကြောင့် ကာယဒသကအရာ၌တည်သော ဇီဝိတနဝက-ကလာပ်ကို ရပါသည်, (၀ါ) ယူရပါမည်။

➢ **အတိရိစ္ဆတိ အဓိပ္ပါယ်** ။ ။ အတိရိစ္ဆတိ-ဟူသည် အသည်သတ်ပြဟ္မာမှကြွင်းသော ပြဟ္မာတို့၏ ပဋိသန္ဓေအခါ ပဝတ္တိအခါဝယ် ရထိုက်သောရူပ်မှ ကြွင်းကျန်ခြင်းကို ဆိုပါသည်။

➢ **ရူပပြဟ္မာကြီးများ ကွယ်လွန်သေဆုံးသည့်အစ၊ အသေခံကာင်ခြင်း ကျန်/ မကျန်**

ရူပပြဟ္မာကြီးများ ကွယ်လွန်သေဆုံးသည့်အခါ ခန္ဓာကိုယ်ကိုပစ်ချထားခြင်း မရှိသည့်အတွက် အလုံးစုံသော တိသမုဌာနရူပ်, ဒွိသမုဌာနရူပ်များသည် စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ကြလေသောကြောင့် အသေကောင်ခြင်း မကျန်ပါ။

ဓမ ။ ။ ယခုခေတ်သကြီ်နိ်စာများ၌ ပြဟ္ဗ ဦးခေါင်းကို နတ်သမီးတစ်ပါးမှ တစ်ပါးသို့ ပြောင်းသည်ဟူသော စကားမှန်/မမှန် ဦးကာကျော်အလိုကျ အကြောင်းပြ ဖော်ထုတ်ပြပါ။ [၁၃၆၂-ခု အလတ် ရှမ်းပြည်နယ်-အရှေ့]

ဓမ ။ ။ နတ်ပြဟ္ဗာ စုတေလျှင် အလောင်းကောင် မကျန်သောကြောင့် မမှန်ပါ။

➢ **ပြဟ္ဗာဘုံ-၌ ရူပ်အရေးများ ဗျူဟ်ပြီမ်းခုံ** ။ ။ သေရာအခါ၌ ပြဟ္ဗာတို့အား အလောင်းကောင်ကို ပစ်ချခြင်းမရှိသောကြောင့် အသည်သတ်မှတစ်ပါးသော ပြဟ္ဗာ

http://www.dhammadownload.com

တို့အတွက် ၃-ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရူပ်တို့သည်ရင်း, အသည်သတ် ပြဟ္မာ အတွက် ၂-ပါးသော အကြောင်းကြောင့်ဖြစ်သော ရူပ်တို့သည်ရင်း, အတူတကွ ချုပ်ငြိမ်းကြပါသည်။

➢ **ရူပဘုံ-၌ ရူပ် ၂၃-ပါးရနိုင်ခြင်းအကြောင်း** ။ ။ ယာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဘာဝရူပ် ၂-ပါးအားဖြင့် ၅-ပါးသောရူပ်တို့ မဖြစ်သောကြောင့် ရူပဘုံ-၌ ရူပ် ၂၃-ပါး ရနိုင်ပါသည်။

➢ **ဧကစိဆရာတို့အလို** ။ ။ လဟုတာ-အစရှိသော ရူပ် ၃-ပါးကိုလည်း ရူပဘုံ-၌ မရနိုင်ပါ။**အကြောင်းကား**--- ဒန္ဓတ္တကရ-စသော ဓာတ်ခြောက်ခြားခြင်းမရှိသော ကြောင့် တည်း။

➢ **ဧကစိဆရာတို့အလို ရူပဘုံ-၌ ရနိုင်စသောရူပ်** ။ ။ မဟာဘုတ် ၄-ပါး, စက္ခုပသာဒ, သောတပသာဒ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ-ဟူသော ဂေါစရရူပ် ၄-ပါး, ဟဒယရူပ်, ဇီဝိတရူပ်, အာဟာရရူပ်, ပရိစ္ဆေဒရူပ်, ဝိညတ်ရူပ် ၂-ပါး, လက္ခဏရူပ် ၄-ပါး ပေါင်း ၂၀-ရနိုင်ပါသည်။

➢ **ဧကစိတ္တ မမှန်ကန်ခြင်းအကြောင်း** ။ ။ ထိုဒန္ဓတ္တကရာဒိ ဓာတုကျွှာဘတို့၏ ဆန့်ကျင်ဘက်ဖြစ်သော လဟုတာ-စသော တရားတို့၏ဖြစ်ခြင်းသည် ငြိမ်းစေထိုက်သော ဓာတ်ခြောက်ခြားခြင်းကို ရှုင့်ခြင်းသည်မဟုတ်, ထိုဝူပသမေတဗ္ဗကို ရှုင့်လတ်သော် သဟိတ်မဟာကြိယာတို့၌ လဟုတာ-စသော စေတသိက်တို့ မဖြစ်ခြင်း၌ လျင်းပါး ဖွယ်ရှိသောကြောင့် ထိုကေစိတ္တ၁အယူ မမှန်ကန်ပါ။

➢ **သဒ္ဓါဒိကာရော-စသော စကားကို သင်ဟာဆရာမိန့်ဆိုရခြင်းအကြောင်း**

အလုံးစုံသော ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံခြင်း၏အစွမ်းမရှိသောကြောင့် သဒ္ဓါဒိကာရော-စသော စကားကို သင်ဟာဆရာ မိန့်ဆိုပါသည်။

➢ **နိဗ္ဗာန် ပန-စသော စကားကို မိန့်ဆိုရခြင်းအကြောင်း** ။ ။ စိတ်, စေတသိက်, ရူပ်-တို့ကို အကျယ်ဝေဖန်သောအားဖြင့် ညွှန်ပြပြီး၍ ယခုအခါ၌ နိဗ္ဗာန်ကို အကျယ် ညွှန်ပြလိုသောကြောင့် နိဗ္ဗာန် ပန-စသော စကားရပ်ကို မိန့်ဆိုပါသည်။

➢ **နိဗ္ဗာန်မည်ပုံ** ။ ။ လောကုတ္တရာ-ဟုဆိုအပ်သော ၄-ပါးသောမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါန-ဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် "နိဗ္ဗာန်" မည်ပါသည်။

ဝေး ။ ။ နိဗ္ဗာန်သည် လောကီတရားလော?, လောကုတ္တရာတရားလော?။

ဖြေ ။ ။ နိဗ္ဗာန် ပန လောကုတ္တရသခါတ်ကို-ထောက်၍ နိဗ္ဗာန်သည် လောကုတ္တရာ တရားဖြစ်ပါသည်။

http://www.dhammadownload.com

➢ **စတုမဂ္ဂဉာဏေန သစ္စာကာတဒ္ဒ-ပါဠိဖြင့် အဋ္ဌကထာဆရာ၏ သီဓေလိုရင်း အဓိပ္ပါယ်**

စတုမဂ္ဂဉာဏေန သစ္စာကာတဒ္ဒ-ပါဠိဖြင့် နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့် သိစေအပ်သည်၏အဖြစ်ကို ပြပါသည်။

➢ **မဂ္ဂပလာန မာရမ္ဘဏဘူတ-ပါဠိဖြင့် အဋ္ဌကထာဆရာ၏ သီဓေလိုရင်း အဓိပ္ပါယ်**

မဂ္ဂဖလာန မာရမ္ဘဏဘူတ-ပါဠိဖြင့် ကလျာဏပုထုဇဉ်တို့သည် အနုမာန-အားဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

➢ **အရိယာနှင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်သိမြင်မှု ထူးခြားပုံ**

အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မျက်မှောက်အားဖြင့် သိမြင်ပါသည်။ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မှန်းဆသောအားဖြင့် သိမြင်ပါသည်။

➢ **ပုထုဇဉ်များ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပုံ** ။ ။ သခ်တ တရားလျှင် အာရုံရှိသောဉာဏ်, ပညတ်တရားလျှင် အာရုံရှိသောဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း တဖန် ငြိမ်းစေခြင်း၌ မစွမ်းနိုင်, လောကဒ္ဒလည်း ကိလေသာကို အကြွင်းမဲ့ဖြတ်ခြင်း-စသော တရားသည်ရှိသောကြောင့် သခ်တ တရားလည်းမဟုတ်, ပညတ်တရားလည်း မဟုတ်သော ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်ခြင်း, တဖန်ငြိမ်းစေခြင်းကို ပြုတတ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မည်သောတရား တစ်မျိုးရှိ၏-ဟု မှန်းဆ၍ သိနိုင်ပါသည်။

➢ **နိဗ္ဗာနံ ပနေ ဧလောကဿ ရသစိတ် (၅) နိဗ္ဗာနန္တိ ပဒုဒ္ဓတိ-ဠ်ပါစသော နိဗ္ဗာန သဒ္ဒါ ၂-စု အထူး** ။ ။ ပထမ နိဗ္ဗာန-သဒ္ဒါသည် နိဗ္ဗာန်သဘောကိုပြသော ဒုတိယဝိဘတ္တိပုဒ် ဖြစ်ပါသည်။ ဒုတိယ နိဗ္ဗာန-သဒ္ဒါသည် နိဗ္ဗာန်အမည်ကိုပြသော နာမဝိဘတ္တိပုဒ် ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

➢ **နိဗ္ဗာန်သည် မရှိခြင်းပညတ်/အဘာဝမတ္တသာ-ဟု ဆိုသောစကား မမှန်ခြင်း အကြောင်း** ။ ။ စတုမဂ္ဂဉာဏေန သစ္စာကာတဒ္ဒ-ပါဠိဖြင့် နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့် သိနိုင်သောကြောင့်ရင်း, မဂ္ဂဖလာန မာရမ္ဘဏဘူတ-ပါဠိဖြင့် ကလျာဏပုထုဇဉ်တို့သည် အနုမာန-အားဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့်ရင်း နိဗ္ဗာန်သည် မရှိခြင်းပညတ်/အဘာဝမတ္တသာ-ဟု ဆိုသောစကား မမှန်ပါ။

➢ **တဏှာ၏ဝါနအမည်ရပုံ** ။ ။ ခန္ဓာ-စသော အပြားရှိကုန်သော တေဘူမက တရားတို့ကို အောက်အထက်၌ ဖြစ်ခြင်း၏အစွမ်းဖြင့် ချုပ်စပ်တတ်သောကြောင့် တဏှာသည် ဝါနအမည်ရပါသည်။

➢ **နိဗ္ဗာန်၏တဏှာမှထွက်ဝေးကြောင်းပုံ** ။ ။ တဏှာ၏နယ်ကို ကျော်လွန်ခြင်း၏ အစွမ်းဖြင့် လွန်မြောက်သည်ကို တဏှာမှထွက်မြောက်သည်-ဟု ဆိုပါသည်။

http://www.dhammadownload.com

➢ **နိဗ္ဗာန်၏တစ်မျိုးတည်းသာရှိပုံ ။ ။** နိဗ္ဗာန်သည် ငြိမ်းအေးခြင်းဟူသော လက္ခဏာအားဖြင့် တစ်မျိုးတည်းသာရှိပါသည်။

➢ **ဥပါဒိမည်ပုံ ။ ။** ကာမုပါဒါန်-စသော ဥပါဒါန်တရားတို့သည် ကပ်၍ယူအပ်စွဲလမ်းအပ်သောကြောင့် "ဥပါဒိ" မည်ပါသည်။

➢ **ဥပါဒိ–အရ ။ ။** လောကီခန္ဓာ ၅-ပါးကို ယူရပါမည်။

➢ **ဥပါဒိစသသမည်ပုံ ။ ။** အာသဝေါတရား ကင်းစင်ပျောက်တော်မူသောဘုရား, ရဟန္တာတို့၏ ခန္ဓာ ၅-ပါးသည် မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့မှကြွင်းကျန်သောကြောင့် "ဥပါဒိသေသ" မည်၏။

➢ **ဥပါဒိစသသ–အရ ။ ။** ကိလေသာတို့မှကြွင်းကျန်သော ခန္ဓာ ၅-ပါးကို ယူရပါမည်။

➢ **သဥပါဒိစသသမည်ပုံ ။ ။** ထိုကိလေသာတို့မှကြွင်းကျန်ရစ်သော လောကီခန္ဓာ ၅-ပါးနှင့်တကွဖြစ်တတ်သောကြောင့် နိဗ္ဗာနဓာတ်သည် "သဥပါဒိသေသ"မည်ပါသည်။

➢ **သဥပါဒိစသသ–အရ ။ ။** ကိလေသာတို့မှကြွင်းကျန်သော ခန္ဓာ ၅-ပါးနှင့်တကွဖြစ်သော နိဗ္ဗာနဓာတ်ကို ယူရပါမည်။

➢ **သဥပါဒိစသသနိဗ္ဗာနဓာတုမည်ပုံ ။ ။** ထိုသဥပါဒိသေသသည်ပင်လျှင် နိဗ္ဗာန်ဟု ဆိုအပ်သော ဓာတ်ဖြစ်သောကြောင့် "သဥပါဒိသေသနိဗ္ဗာနဓာတု" မည်၏။

➢ **ကာရဏပရိယာယေန အဓိပ္ပါယ် ။ ။** သဥပါဒိသေသ-စသည်တို့၏အစွမ်းဖြင့် ပညတ် ခြင်းခ်ိန်အကြောင်းဖြစ်သော ဥပါဒိသေသရှိခြင်း မရှိခြင်း၏ အမြွက်အားဖြင့် ပြားသည်ကို "ကာရဏပရိယာယေန" ဟု ဆိုပါသည်။

[**တစ်နည်း**] **ကာရဏပရိယာယေန**-ပါဠိဖြင့် နိဗ္ဗာန်သည် ပရမတ်သဘောအားဖြင့် မပြား၊ သန္တိသဘောမျှသာဖြစ်၍ တစ်ပါးတည်းသာဖြစ်၏, သို့သော် ခန္ဓာရှိမှု-မရှိမှုဟူသော အကြောင်းအမြွက်အားဖြင့်သာ နှစ်ပါးပြားရသည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

မေး ။ ။ ရာဂ-စသည်မရှိခြင်းသည် နိဗ္ဗာန်မည်၏ဟူသော အယူဝါဒကို လက်ခံရမည်လော? အကြောင်းပြ ဖြေဆိုခဲ့ပါ။

ဖြေ ။ ။ နိဗ္ဗာန်ကို လောကုတ္တရာတရားဟူ၍၎င်း, ၄-ပါးသောမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏ဟူ၍၎င်း, မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည်ဟူ၍၎င်း, အဘိမမ္မတ္ထသင်္ဂဟ-၌ ဖွင့်ဆိုထားပါသည်၊ ထိုမှ ၄-ပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏ဟူသော စကားဖြင့် ထိုထိုအရိယာပုဂ္ဂိုလ်တို့၏ ပစ္စက္ခသိဒ္ဓအဖြစ်ကိုပြကြောင်း, မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည်ဟူသော စကားဖြင့် ကလျာဏပုထုဇဉ်တို့၏ အနုမာနသိဒ္ဓအဖြစ်ကိုပြကြောင်း ဦးကာကျော်၌ ဖွင့်ဆိုထားပြန်ပါသည်၊ ထို့ကြောင့် ရာဂ-စသည် မရှိခြင်းမျှသည် နိဗ္ဗာန်မည်၏

http://www.dhammadownload.com

ဟူသော အယူဝါဒကို လက်မခံနိုင်ပါ။

➢ **သုညမည်ပုံ** ။ ။ အာရုံအားဖြင့်ရင်း, သမ္မယုတ်အားဖြင့်ရင်း, ရာဂ, ဒေါသ, မောဟ-တို့မှ ကင်းဆိတ်သောကြောင့် "သုညပ" မည်ပါသည်။

➢ **သုညတမည်ပုံ** ။ ။ အာရုံအားဖြင့်ရင်း, သမ္မယုတ်အားဖြင့်ရင်း, ကိလေသာ အနှောက်အယှက်မရှိ, ကိလေသာတို့၏ဆိတ်သုန်းရာဖြစ်သောကြောင့် နိဗ္ဗာန်သည် "သုညတ"မည်ပါသည်။ **တစ်နည်း**--- အလုံးစုံသော သင်္ခါရတို့မှ ကင်းဆိတ်သော ကြောင့် နိဗ္ဗာန်သည် "သုညတ"မည်ပါသည်။

➢ **အနိမိတ္တမည်ပုံ** ။ ။ ရာဂ-စသော ကိလေသာအကြောင်းတရားတို့၏ကင်းရာ ဖြစ်သောကြောင့် နိဗ္ဗာန်သည် "အနိမိတ္တ"မည်ပါသည်။ **တစ်နည်း**--- အလုံးစုံသော သင်္ခါရနိမိတ်တို့၏ မရှိခြင်းကြောင့် နိဗ္ဗာန်သည် "အနိမိတ္တ"မည်ပါသည်။

➢ **အပ္ပဏိဟိတမည်ပုံ** ။ ။ ရာဂ-အစရှိသော တောင့်တတတ်သော တရားမှကင်း သောကြောင့် နိဗ္ဗာန်သည် "အပ္ပဏိဟိတ"မည်ပါသည်။ **တစ်နည်း**--- တောင့်တတတ် သော တဏှာ-မရှိသောကြောင့် နိဗ္ဗာန်သည် "အပ္ပဏိဟိတ"မည်ပါသည်။

➢ **အစ္ဆုတမည်ပုံ** ။ ။ ရွှေ့လျောခြင်းမရှိသောကြောင့် နိဗ္ဗာန်သည် "အစ္ဆုတ"မည်၏။

➢ **အစ္ဆဋ္ဌမည်ပုံ** ။ ။ ဘင်ဟူသော အဆုံးကိုလွန်သောကြောင့် နိဗ္ဗာန်သည် အစ္ဆဋ္ဌမည်၏။

➢ **အသင်္ခတမည်ပုံ** ။ ။ ကံ-စသော အကြောင်းတို့သည် မပြုစီမံအပ်သော ကြောင့် နိဗ္ဗာန်သည် "အသင်္ခတ"မည်ပါသည်။

➢ **အနုတ္တရမည်ပုံ** ။ ။ မိမိဟူသော နိဗ္ဗာန်ထက်သာလွန်သော တရားမရှိသော ကြောင့် နိဗ္ဗာန်သည် "အနုတ္တရ" မည်ပါသည်။ **တစ်နည်း**- အကြောင်းယုတ္တိနှင့်တကွ ပြောဆိုထိုက်သော မိမိထက်မြတ်သောတရား မရှိသောကြောင့် နိဗ္ဗာန်သည် "အနုတ္တရ" မည်ပါသည်။

➢ **ဝါနမုတ္တမည်ပုံ** ။ ။ တဏှာမှလွတ်ပြီးသောကြောင့်ရင်း, အလုံးစုံကင်းပြီး ဖြစ်သောကြောင့်ရင်း ဘုရားရှင်တို့သည် "ဝါနမုတ္တ"မည်ပါသည်။

➢ **မဟေသယမည်ပုံ** ။ ။ မြတ်ကုန်သော သီလကွန္ဓ-စသော ဂုဏ်ကျေးဇူးတို့ကို ရှာဖီးတော်မူတတ်သောကြောင့် ဘုရားရှင်တို့သည် မဟေသယ/မဟေသီမည်ပါသည်။

➢ **သဗ္ဗဝါတို့ ဘိုခြင်း, နာခြင်းမရှိနိုင်သည့် ဘဝ** ။ ။ ပဒမစ္ဆရတ မစ္ဆဋ္ဌနှင့်အညီ နိဗ္ဗာန်-၌ ဘိုခြင်း, နာခြင်းမရှိသောကြောင့် နိဗ္ဗာန်သို့ ရောက်သောအခါ ဘိုခြင်း, နာခြင်း မရှိနိုင်ပါ။

ရှုပ်ပိုင်း ဦးကာကျော် အဓိပ္ပါယ်များ ပြီး၏။



http://www.dhammadownload.com

သမ္ဘုဇည်းမိုင်း ဦးကာဇကျော် အစီပွါယ်များ

➢ **သမ္ဘုဇယသဝဏ်တမြင့် ပေါင်းအပ်သောသဘောတရားများနှင့် ကိုယ်ပိုင်လက္ခဏာ**

အာရုံကိုသိတတ်သောစိတ် ၁ပါး, ဖုသန-စသော လက္ခဏာရှိသော စေတသိက် ၅၂-ပါး, ကက္ခဋ-စသော လက္ခဏာရှိသော နိပ္ပန္နရူပ် ၁၈-ပါး, သန္ဓိလက္ခဏာရှိသော နိဗ္ဗာန် ၁-ပါး ပေါင်း ၇၂-ပါး ဖြစ်ပါသည်။

စိတ်သည် အာရုံကိုသိခြင်းလက္ခဏာ, စေတသိက်တို့တွင် ဖဿသည် ဖုသနလက္ခဏာ, ဝေဒနာသည် ဝေဒယိတလက္ခဏာ-စသည်, နိပ္ပန္နရူပ်တို့တွင် ပထဝီသည် ကက္ခဋလက္ခဏာ, အာပေါသည် ပဋ္ဌရဏလက္ခဏာ-စသည်, နိဗ္ဗာန်သည် သန္ဓိလက္ခဏာ။

➢ **ဝတ္ထုမှာ သလက္ခဏာ-၌ လက္ခဏ-အရ ။ ။** စိတ်၏ စိန္တနလက္ခဏာ၊ ဖုသနစသော စေတသိက်လက္ခဏာ ၅၂-ပါး၊ ကက္ခဋတ္ထ-စသော နိပ္ပန္နရူပ်တို့၏ လက္ခဏာ ၁၈-ပါး၊ နိဗ္ဗာန်၏ သန္ဓိလက္ခဏာ-တို့ ဖြစ်ပါသည်။

➢ **အနိပ္ပန္နရူပ်တို့၏ ဒွါသတ္တတိအရတွင် မပါဝင်နိုင်ခြင်းအကြောင်း ။ ။** ဝတ္ထုမှာ သလက္ခဏာကိုထောက်၍ မိမိတို့ ကိစ္စလက္ခဏာအားဖြင့် အထည်ကိုယ်ဒြပ်ရှိသော တရားများသာ ဒွါသတ္တတိအရတွင် ပါဝင်နိုင်သောကြောင့်ဂင်း, ဣတိစ အဌာရသ ဝိဓမ္မေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ပန္နရူပ်, ရူပရူပ် သမ္ဘသနရူပန္တိစ-၌ သဘာဝရူပ် သလက္ခဏရူပ် ရူပရူပ်တို့ကို-ထောက်၍ နိပ္ပန္နရူပ်များသာ သဘောလက္ခဏာ ထင်ရှားရှိသော ရူပ်စစ်များဖြစ်၍ အနိပ္ပန္နရူပ်များသည် သဘောလက္ခဏာ ထင်ရှားရှိသော ရူပ်စစ်-မဟုတ်သောကြောင့်ဂင်း ဒွါသတ္တတိ-အရတွင် အနိပ္ပန္နရူပ်များ မပါဝင်နိုင်ပါ။

➢ **ဒွါသတ္တတိအရ အနိပ္ပန္နရူပ်ကို မယူခြင်းအကြောင်း ။ ။** အနိပ္ပန္နရူပ်တို့သည် နိပ္ပန္နရူပ်တို့၏ အခိုက်အတန့်မျှသာဖြစ်သောကြောင့် အနိပ္ပန္နရူပ်ကို မယူရပါ။

ဓမ္မ ။ ။ "ပရမတ်အစစ်, ဓာတ်အနှစ်"ဟူသော စကားအရ ပရမတ်တရားတို့ကို အစစ်, အတု ခွဲပြပါ။

ဖြေ ။ ။ ဒွါသတ္တတိ ၀ိဓာ ဝုတ္တာ ဝတ္ထုမှာ သလက္ခဏာကိုထောက်၍ ပရမတ်အစစ်ကား

စိတ် ၁-ပါး, စေတသိက် ၅၂-ပါး, နိပ္ပန္နရူပ် ၁၈-ပါး, နိဗ္ဗာန်တို့ဖြစ်ပါသည်။

အကြောင်း ကား--- အာရုံကို သိခြင်း-စသော မိမိလက္ခဏာရှိသောကြောင့်---တည်း။

ပရမတ်အတုကား--- အနိပ္ပန္နရူပ် ၁၀-ပါး ဖြစ်ပါသည်။

➢ **သမ္ဘုဇယသဝဏ်ဟ အခိုပွါယ် ။ ။** ၇၂-ပါးသော ပရမတ္ထသဘောတရားများကို အတူတကွ ပေါင်းစည်းရာ သဝဏ်ဟဖြစ်သောကြောင့် သမ္ဘုဇယသဝဏ်ဟမည်ပါသည်။

➢ **အကုသလသဝဏ်တမည်ပုံ ။ ။** အကုသိုလ်တရားတို့၏သာလျှင် သဘောတူသော

http://www.dhammadownload.com

ဓမ္မ၏ အစွမ်းဖြင့် သိမ်းယူရာသင်္ဂဟသည် "အကုသလသင်္ဂဟ"မည်၏။

ခ **မိဿကသင်္ဂဟမည်ပုံ** ။ ။ ကုသိုလ်, အကုသိုလ်၏အစွမ်းအားဖြင့် ရောနှောသော တရားတို့ကို သိမ်းယူရာသင်္ဂဟသည် " မိဿကသင်္ဂဟ "မည်ပါသည်။

➢ **ဗောဓိပက္ခိယ–၌ ဗောဓိ–အရ** ။ ။ သစ္စာ ၄-ပါးကို ထိုးထွင်း၍သိတတ်သော အရိယာမဂ်ကို ယူရပါမည်။

➢ **ဗောဓိပက္ခ–အရ** ။ ။ ထိုအရိယာမဂ်ဉာဏ်၏ အဖို့အစု အသင်းအပင်းဖြစ်သော တောဓိသမ္ဘာရတရားတို့ကို ယူရပါမည်။

➢ **ဗောဓိပက္ခိယ–အရ** ။ ။ သတိပဋ္ဌာန်-စသော ၃၇-ပါးသောတရားတို့ကို ယူရပါမည်။

➢ **ဗောဓိပက္ခိယသင်္ဂဟမည်ပုံ** ။ ။ သစ္စာ ၄-ပါးကို သိတတ်သော အရိယာမဂ်၏ အသင်းအပင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန်-စသောတရားတို့ကို သိမ်းယူရာသင်္ဂဟသည် "တောဓိပက္ခိယသင်္ဂဟ" မည်ပါသည်။

➢ **သဒ္ဓသင်္ဂဟမည်ပုံ** ။ ။ ခန္ဓာစသည်တို့၏အစွမ်းအားဖြင့် အလုံးစုံသောတရားတို့ကို သိမ်းယူရာသင်္ဂဟသည် "သဒ္ဓသင်္ဂဟ"မည်ပါသည်။

➢ **သဒ္ဓသင်္ဂဟ–၌ သဒ္ဓ–အရ** ။ ။ မိမိဆိုင်ရာ လက္ခဏာရှိကြသည့် ပရမတ်အလို အထည်ကိုယ်ရကောင်းသော ဝတ္ထုဓမ္မခေါ် တရား ၇၂-ပါးကို ယူရပါမည်။

➢ **အာသဝ အဓိပ္ပါယ်** ။ ။ ရှေးအစွန်း၏မထင်ရှားသည်၏အဖြစ်ကြောင့် ကြာမြင့်စွာ ထုံအပ်သည်၏အဖြစ်ဟူသော အနက်ကြောင့် "အာသဝ" မည်ပါသည်။

တစ်နည်း--- အနာဝ-မှ ယိုစီးသော ပြည်တို့ကဲ့သို့ စက္ခု-စသော ဒွါရ-မှ ရှုပါရုံ စသော အာရုံတို့၌ ယိုစီးတတ်သည်၏အဖြစ်ကြောင့် "အာသဝ" မည်ပါသည်။

တစ်နည်း--- ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင် "အာသဝ" မည်ပါသည်။

➢ **အာသဝါ–၌ အာ,အနက်** ။ ။ အာသဝါ-၌ အာသည် အဝဓိအနက်ရှိ၏။ ယင်းအဝဓိ သည် မရိယာဒအဝဓိ, အဘိဝိဓိအဝဓိ-ဟု ၂-မျိုးရှိ၏။ ထိုတွင် အာပါဒ္ဒလိ ပုတ္တံ ဝုဋ္ဌော ဒေဝေါကဲ့သို့ ကြိယာကို အပပြု၍ဖြစ်သော အဝဓိသည် မရိယာဒအဝဓိမည်၏။

အာဘဝဂ္ဂ သဒ္ဒေါ အဗ္ဘဂ္ဂတောကဲ့သို့ ကြိယာကိုမျှန့်၍ဖြစ်သော အဝဓိသည် အဘိဝိဓိ အဝဓိမည်၏။ **အာသဝါ–၌ အာ,ကား**--- အဘိဝိဓိ အဝဓိဖြစ်ပါသည်။

မှန်၏။ အာသဝတို့သည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ပျံ့နှံ့လျက်ဖြစ်ပါသည်။

ဓမ ။ ။ "ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှံ့သော အခြားသော မာန-စသော တရားများ" ရှိပါလျက် လောဘ, ဒိဋ္ဌိ, မောဟ-တရား

http://www.dhammadownload.com

၃-ပါးသာ အာသဝမည်ရကြောင်းကို ဋီကာအလိုကျ ရှင်းပြပါ။ [၁၃၄၈-ခု ကြီး]

➢ **လောဘ, ဒိဋ္ဌိ, မောဟတို့ကိုသာ အာသဝ-ဟု ခေါ်ရခြင်းအကြောင်း ဖြေ ။ ။** အတ္တ, အတ္တနိယကို ယူခြင်း၏အစွမ်းဖြင့် ပျံ့နှံ့တတ်သည်၏အဖြစ်ကြောင့်ရင်း, မူးယစ်ခြင်းကိုပြုတတ်သည်၏အဖြစ်ဖြင့် အာသဝနှင့်တူသောကြောင့်ရင်း, လောဘ, ဒိဋ္ဌိ, မောဟ-တရဲား ၃-ပါးသာ အာသဝအမည်ရပါသည်။မာန-စသည်ကို အာသဝ-ဟု မခေါ်ရပါ။

➢ **ကာမာသဝ အဓိပ္ပါယ် ။ ။** ကာမဂုဏ် ၅-ပါးတို့၌ လိုချင်တပ်မက်သော လောဘစေတသိက်သည် "ကာမာသဝ" မည်ပါသည်။

➢ **ကာမာသဝ-အရ ။ ။** ကာမရာဂကို ယူရပါမည်။

➢ **ဘဝါသဝ အဓိပ္ပါယ် ။ ။** ရူပဘဝ, အရူပဘဝတို့၌ လိုလားတပ်မတ်တတ်သော လောဘသည် "ဘဝါသဝ" မည်ပါသည်။

➢ **ဘဝါသဝေါ-ဣ ဘဝ-အရ ။ ။** ရူပဘဝ, အရူပဘဝတို့ကို ယူရပါမည်။

➢ **အာသဝ-အရ ။ ။** ဆန္ဒရာဂကို ယူရပါမည်။

➢ **ဘဝါသဝ-အရ ။ ။** ၁။ ရူပဘဝ, အရူပဘဝတို့၌ တပ်မက်တတ်သော ရာဂ, ၂။ ဈာနနိကန္တိကရာဂ, ၃။ သဿတဒိဋ္ဌိ သဟဂတရာဂတို့ကို ယူရပါမည်။

➢ **ဘဝါသဝ-ဣ သွင်းယူရမည့်တရားများ ။ ။** ဈာန်ကိုနှစ်သက်တတ်သော လောဘ, [ဈာနနိကန္တိရာဂ] သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂတို့ကိုလည်း ဘဝါသဝ-ဣ သွင်းယူရပါမည်။

➢ **အဃက်ပါစကားရပ်များအရ ။ ။** ၁။ ရူပဘဝ, အရူပဘဝတို့၌ တပ်မက်တတ်သော ရာဂ, ၂။ ဈာနနိကန္တိကရာဂ, ၃။ သဿတဒိဋ္ဌိ သဟဂတရာဂ-ဟု ၃-မျိုး ကွဲပြားလာသည်။ ထိုတွင် ပထမရာဂသည် ဥပပတ္တိဘဝ-၌ တပ်မက်နှစ်သက်တတ်သော ရာဂဖြစ်သည်။ဒုတိယရာဂသည် ကမ္မဘဝ-၌ တပ်မက်နှစ်သက်တတ်သောရာဂ ဖြစ်သည်။ တတိယရာဂသည် ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂ ဖြစ်သည်။

➢ **ဆန္ဒရာဂ+ ဈာနနိကန္တိကရာဂ+ သဿတဒိဋ္ဌိသဟဂတရာဂ ၃-ပါးအထူး**

ရူပဘဝ, အရူပဘဝ၌ဖြစ်သော ဆန္ဒရာဂသည် ဥပပတ္တိဘဝ၌ တပ်မက်သော ရာဂဖြစ်ပါသည်။ ဈာနနိကန္တိကရာဂသည် ကမ္မဘဝ၌ တပ်နှစ်သက်သောရာဂ ဖြစ်ပါသည်။ သဿတဒိဋ္ဌိသဟဂတရာဂ-သည် ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂ ဖြစ်ပါသည်

➢ **ဒိဋ္ဌာသဝ အဓိပ္ပါယ် ။ ။** ၆၂-ပါးသော ဒိဋ္ဌိသည် "ဒိဋ္ဌာသဝ" မည်၏။

➢ **ဒိဋ္ဌာသဝ-အရ ။ ။** ၆၂-ပါးသော ဒိဋ္ဌိကို ယူရပါမည်။

➢ **အဝိဇ္ဇာသဝ အဓိပ္ပါယ် ။ ။** သစ္စာ ၄-ပါးတို့၌ရင်း, အတိတ်ဖြစ်သော ခန္ဓာ,

http://www.dhammadownload.com

အာယတန, ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တ-၌ရင်း။ အနာဂတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ် အစွန်းဖြစ်သော အပရန္တ၌ရင်း။ အတိတ်, အနာဂတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တာပရန္တတို့၌ရင်း။ ပဋိစ္စသမုပ္ပါဒ်၌ရင်း မသိခြင်း မောဟသည် "အဝိဇ္ဇာသဝ" မည်ပါသည်။

➢ **အဝိဇ္ဇာသဝ–အရ ယူသင့်သော မောဟကား** ။ ။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် ဤ ၈-ဌာနတို့၌ မသိမှု မောဟဖြစ်ပါသည်။

➢ **အဝိဇ္ဇာ၏မုံးလွှမ်းရာ ၈–ဌာန** ။ ။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်-တို့ဖြစ်ပါသည်။

➢ **သြယ အဓိပ္ပါယ်** ။ ။ လွှမ်းမိုး၍ဆောင်တတ်သောကြောင့် ရေအယဉ်ကို သြယ-ဟု ခေါ်ပါသည်။ **တစ်နည်း---** အောက်၌ထားသည်ကိုပြု၍ ညှဉ်းဆဲတတ်သောကြောင့် ရေအယဉ်ကို သြယ-ဟု ခေါ်ပါသည်။ **တစ်နည်း---** လောဘ, ဒိဋ္ဌိ, မောဟ-တို့သည် ရေအယဉ်နှင့်တူသောကြောင့် "သြယ" မည်ပါသည်။

➢ **သြယသည် ရေအယဉ်နှင့်တူပုံ** ။ ။ လောဘ, ဒိဋ္ဌိ, မောဟ-တို့သည် သတ္တဝါတို့ကို လွှမ်းမိုးဆောင်ကုန်လတ်သော် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို နှစ်မြှုပ်သကဲ့သို့ဖြစ်ဘတ်၏။ ထို့ကြောင့် ရေအယဉ်နှင့် တူရကား သြယ-ဟု ခေါ်ပါသည်။

ပကတိရေသည် သတ္တဝါတို့ကို ပကတိရေထဲ၌နှစ်မြှုပ်၏။ လောဘ, ဒိဋ္ဌိ, မောဟ-ဟူသော သြယတရားများသည် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌နှစ်မြှုပ်၏။ ဤသို့ ရေအယဉ်နှင့် တူပါသည်။

➢ **ယောဂ အဓိပ္ပါယ်** ။ ။ ဝဋ်ဆင်းရဲ၌ရင်း, ဘဝတည်းဟူသော ယန္တရား၌ရင်း, သတ္တဝါတို့ကို ယှဉ်စေတတ်သောကြောင့် "ယောဂ" ဟု ခေါ်ပါသည်။

တစ်နည်း--- ကံ၏အကျိုးနှင့်ရင်း, ဘဝတစ်ပါး-စသည်တို့နှင့်ရင်း, ဒုက္ခနှင့်ရင်း, သတ္တဝါတို့ကို ယှဉ်စေတတ်သောကြောင့် "ယောဂ" ဟု ခေါ်ပါသည်။

➢ **ဂန္ထ အဓိပ္ပါယ်** ။ ။ စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့် ဝဋ် ၃-ပါး၌ ဆက်စပ်ထုံးဖွဲ့ဘတ်သောကြောင့် "ဂန္ထ" မည်ပါသည်။

➢ **ကာယဂန္ထ အဓိပ္ပါယ်** ။ ။ နာမကာယနှင့် ရူပကာယကို ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို အဖြေခက်အောင် ရစ်ပတ်ထုံးဖွဲ့တတ်သောကြောင့် "ကာယဂန္ထ" မည်၏။

➢ **သိလမ္ဘတပရာမာသော–၆** နွားတို့၏အလေ့အကျင့် အစရှိသော အလေ့အကျင့်များကို "သိလ" ဟု ခေါ်သည်။ နွားတို့၏ အကျင့်-စသော အကျင့်များကို "ဝတ" ဟု ခေါ်သည်။ နွားတို့၏အလေ့ အစရှိသော အလေ့များကို နွားတို့၏အကျင့်-စသော အကျင့်များကိုဖြင့် သံသရာမှစင်ကြယ်၏ဟု ယူဆသော ဒိဋ္ဌိများကို "သိလမ္ဘတ" ဟု

http://www.dhammadownload.com

ခေါ်သည်။ မှားသောအားဖြင့် (၀၊) သဘောမဟုတ်သောအားဖြင့် သုံးသပ်ခြင်းသည် "ပရာမာသ"မည်၏။

➢ **သီလဗ္ဗတပရာမာသ အဓိပ္ပါယ်** ။ ။ နွားတို့၏အလေ့ နွားတို့၏အကျင့်-စသည်ဖြင့် သံသရာမှ စင်ကြယ်၏-ဟု မှားသောအားဖြင့် သုံးသပ်ခြင်းကို "သီလဗ္ဗတ ပရာမာသ"ဟု ခေါ်ပါသည်။

➢ **သီလဗ္ဗတပရာမာဒေသ–ဒ္ဓ ပရ–အရ** ။ ။ နွားတို့၏အလေ့, အကျင့် အစရှိသော အလေ့, အကျင့်၏ သံသရာမှ စင်ကြယ်ကြောင်း မဟုတ်သည်၏အဖြစ်ဟူသော စစ်မှန်သဘောမှတစ်ပါး သံသရာမှ စင်ကြယ်ကြောင်း ဟုတ်သည်၏အဖြစ်ဟူသော အစစ်အမှန် မဟုတ်သော သဘောကို ယူရပါမည်။

➢ **ဂ္ဂဒ်သစ္စာဘိနိဝေသ အဓိပ္ပါယ်** ။ ။ ငါ့အယူသည်သာလျှင်မှန်၏ အခြားသော အယူသည် အချည်းအနှီးတည်းဟု မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း မြဲမြံစွာ ယူခြင်းသည် "ဂ္ဂဒ်သစ္စာဘိနိဝေသ" မည်ပါသည်။

➢ **ဥပါဒါန် အဓိပ္ပါယ်** ။ ။ မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ ပြင်းထန်စွာ မြဲမြံ စွာ အာရုံကို ယူတတ်သောကြောင့် "ဥပါဒါန်" မည်ပါသည်။

➢ **စမ္ပြိုနင့်ဥပါဒါန်ဥပုံ** ။ ။ မြွေသည် ဖားကို လွတ်ထွက်မသွားအောင် ပြင်းထန်စွာ ဖမ်းယူသကဲ့သို့ ဥပါဒါန်တရားများသည်လည်း အာရုံကို ပြင်းထန်စွာ ဖမ်းယူတတ်ကြပါသည်။

➢ **ကာမုပါဒါန် အဓိပ္ပါယ်** ။ ။ ဝတ္ထုကာမတို့ကို စွဲမြဲစွာယူတတ်သောကြောင့် "ကာမုပါဒါန်" မည်ပါသည်။

➢ **ကာမုပါဒါန်–ဒ္ဓ ကာမ အရ** ။ ။ ကိလေသာကာမကို ယူရပါမည်။ **ဓာတ်နည်း**-ဝတ္ထုကာမကို ယူရပါမည်။

➢ **ကာမုပါဒါန်–ဒ္ဓ ဥပါဒါန အရ** ။ ။ လောဘဟူသော ကိလေသာကာမကိုပင် ယူရပါမည်။ **ဓာတ်နည်း**--- ကိလေသာကာမ-ဟူသော လောဘကို ယူရပါမည်။

➢ **ကာမ ၂–စု အဌား** ။ ။ ကာမာသဝ-ဒ္ဓ ကာမ-အရ ကာမတဏှာကိုသာ ယူရပါသည်။ ကာမုပါဒါန်-ဒ္ဓ ကာမ-အရကား ကိလေသာကာမခေါ် ကာမတဏှာ, ရူပတဏှာ, အရူပတဏှာတို့ကိုဝင်း၊ ဝတ္ထုကာမခေါ် တေဘူမကတရားတို့ကိုဝင်း ယူရပါသည်။ ဤသို့ ထူးပါသည်။

➢ **သီလဗ္ဗတုပါဒါန် အဓိပ္ပါယ်** ။ ။ ဤနွားတို့၏အလေ့အကျင့်-စသည်တို့ဖြင့် သံသရာမှ စင်ကြယ်၏ဟု နှလုံးပြု၍ နွားတို့၏အလေ့အကျင့်-စသည်ကို စွဲမြဲစွာယူခြင်းသည် "သီလဗ္ဗတုပါဒါန်" မည်၏။

http://www.dhammadownload.com

➢ **ဒိဋ္ဌိပါဒါန်–ဒ္ဒ ဒိဋ္ဌိ အရ ။ ။** ဥပါဒါန်အမည်ရထိုက်သော အကုသိုလ်အရာဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို ယူရပါမည်။ [သမ္မာဒိဋ္ဌိကို မယူရ]

➢ **အတ္တဝါဒုပါဒါန်–ဒ္ဒ အတ္တဝါဒ အဓိပ္ပါယ် ။ ။** အတ္တကိုပြောဆိုကြောင်းဖြစ်သော အယူသည် "အတ္တဝါဒ" မည်ပါသည်။

➢ **အတ္တဝါဒုပါဒါန်–ဒ္ဒ အတ္တဝါဒ–အရ ။ ။** ခန္ဓာတို့မှကွဲပြားသော အတ္တ, မကွဲပြားသော အတ္တ-ဟုယူခြင်း ရှုခြင်း၏အစွမ်းအားဖြင့် တိတ္ထိတို့သည် ကြံဆအပ်သော ၂၀-သော အတ္တကို ယူရပါမည်။

➢ **အတ္တဝါဒုပါဒါန်–ဒ္ဒ ဝါဒ အဓိပ္ပါယ် ။ ။** မိစ္ဆာအယူတို့ဖြင့် ပြောဆိုတတ်သော ကြောင့် "ဝါဒ" မည်ပါသည်။

➢ **အတ္တဝါဒုပါဒါန် အဓိပ္ပါယ် ။ ။** တိတ္ထိတို့သည် ကြံဆအပ်သော ၂၀-သော အတ္တဒိဋ္ဌိ (ဝါ) သက္ကာယဒိဋ္ဌိကို ဆိုကြောင်းဖြစ်သော မှားသောအယူသည် "အတ္တဝါဒုပါဒါန်" မည်ပါသည်။

➢ **အတ္တဒိဋ္ဌိ ၂၀–ဧရေဒ္ဓက်ပုံ ။ ။** ၁။ ရူပ် အတ္တတော သမနုပဿတိ-ရူပ်ကို အတ္တ-ဟု ရှုခြင်း, ၂။ ရူပဝန္တံဝါ အတ္တာနံ- ရူပ်ရှိသော အတ္တ-ဟု ရှုခြင်း, ၃။ အတ္တနိဝါ ရူပံ-အတ္တ-၌ ရူပ်ကို ရှုခြင်း, ၄။ ရူပသ္မိ ဝါ အတ္တာနံ - ရူပ်၌ အတ္တကို ရှုခြင်း, ရူပကွန္ဓာနှင့် ပတ်သက်၍ ဤသို့ ၄-မျိုးထွက်လာ၏။ ထို့အတူ ခန္ဓာ ၁-ပါးစီ၌ ၄-မျိုးစီရသောကြောင့် အတ္တဒိဋ္ဌိပေါင်း (၂၀) ဖြစ်ပါသည်။

➢ **နိဝရဏ အဓိပ္ပါယ် ။ ။** ဈာန်-စသည်တို့အစွမ်းအားဖြင့် ဖြစ်လတ္တံ့သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် "နိဝရဏ" မည်ပါသည်။

တစ်နည်း--- ထိုဈာန်-စသည်တို့၏အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်သောကြောင့် နိဝရဏ-ဟု ခေါ်သည်။

တစ်နည်း--- ပညာမျက်စိကို ပိတ်ဆို့တတ်သောကြောင့် နိဝရဏ-ဟု ခေါ်သည်။

➢ **ကုသိုလ်စိတ်ကို တားမြစ်ဟူသည် ။ ။** ထိုဈာန်စသည်တို့၏အစွမ်းဖြင့် ဖြစ်လတ္တံ့ ဖြစ်သော ကုသိုလ်စိတ်ကို ဖြစ်ခွင့်မရအောင် အနှောက်အယှက်ပေးခြင်းပင် ဖြစ်ပါသည်။

➢ **ကာမစ္ဆန္ဒနိဝရဏ အဓိပ္ပါယ် ။ ။** ကာမစ္ဆန္ဒသည်ပင် ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် (ဝါ) ပညာစက္ခုကို တားမြစ်တတ်သောကြောင့် ကာမစ္ဆန္ဒနိဝရဏ မည်ပါသည်။

➢ **ကာမစ္ဆန္ဒ အဓိပ္ပါယ် ။ ။** ကာမဂုဏ် ၅-ပါးတို့၌ လွန်ကဲသောရာဂ-ဟုဆိုအပ်သော ကိလေသာကာမသည်ပင် လိုလားနှစ်သက်တတ်သောကြောင့် ဆန္ဒလည်း မည်၏။ထို့ကြောင့် "ကာမစ္ဆန္ဒ" မည်ပါသည်။

http://www.dhammadownload.com

➢ **ကာမစ္ဆန္ဒ-ဠ္ဍ ကာမ အရ ။ ။** ကာမဂုဏ် ၅-ပါးတို့၌ လွန်ကဲသော ရာဂ-ဟူဆို အပ်သော ကိလေသာကာမ [လောဘ]-ကို ယူရပါမည်။

➢ **ကာမစ္ဆန္ဒ-ဠ္ဍ ကာမ-အရ ဈာန နိကန္တိတဏှာကို မယူရခြင်းအကြောင်း**

မိမိဈာန်ကို မိမိနှစ်သက်တတ်သော ဈာနနိကန္တိကတဏှာ-သည် နှုးညံ့သော ကြောင့် ကာမစ္ဆန္ဒ-ဠ္ဍ ကာမ-အရ ဈာနနိကန္တိက တဏှာကို မယူရပါ။

➢ **ဆန္ဒ မည်ပုံ ။ ။** တပ်နှစ်သက်သောကြောင့် ဆန္ဒ မည်ပါသည်။

➢ **ဆန္ဒ ၂-ခုအထူး ။ ။** ကာမစ္ဆန္ဒ-ဠ္ဍ ဆန္ဒ-အရ ဆန္ဒစေတသိက်ကို မယူရ, လောဘကိုပင် အရကောက်ရသည်၊ စေတသိက်ပိုင်း **ဆန္ဒကား---** ဆန္ဒစေတသိက်ကို အရကောက်ရ၏။ ဤသို့ ထူးသည်။

➢ **ဗျာပါဒ အဓိပ္ပါယ် ။ ။** စိတ်ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်ကြောင်းဖြစ်သော ကြောင့် "ဗျာပါဒ" မည်ပါသည်။

➢ **ဗျာပါဒ-အရ/ဗျာပါဒတရားကိုယ် ။ ။** အနတ္တ မေ အစရှိ-စသည်ဖြင့် ၉-ပါး သော ရန်ငြိုးဖွဲ့ခြင်းလျှင် နီးစွာသောအကြောင်းရင်းရှိသောကြောင့် ၉-ပါးသော ဒေါသ သည် ဗျာပါဒ မည်ပါသည်။ **တစ်နည်း---** အရာမဟုတ်သည်၌ အမျက်ထွက်ခြင်းနှင့် တကွ ၁၀-ပါးအပြားရှိသော ဒေါသသည် "ဗျာပါဒ" မည်ပါသည်။

➢ **ထိန, မိဒ္ဓ-စေတသိက် ၂-မျိုးရှိပါလျှက် ထိန, မိဒ္ဓနိဝရဏတစ်မျိုးတည်း ယူရခြင်း အကြောင်း ။ ။** ကိစ္စ, အာဟာရ-ပဋိပက္ခတူသောကြောင့် တစ်မျိုးတည်း ယူရပါသည်။

[အကျယ်] ➢ **ထိန, မိဒ္ဓတို့၏ ကိစ္စ, အာဟာရ, ပဋိပက္ခအားဖြင့် သမာနဖြစ်ပုံ**

ထိန, မိဒ္ဓ ၂-ပါးလုံးသည် စိတ္တုပ္ပါဒ်၏ တွန့်ဆုတ်ခြင်းသို့ရောက်စေခြင်း ကိစ္စအားဖြင့် တူသည်၊ ထိန မိဒ္ဓ၏အကြောင်းကား- ပျင်းရိခြင်း, ကိုယ်တဆန့်ငင်ငင်ရှိခြင်းတည်း, ဤသို့အကြောင်းအားဖြင့်လည်း တူသည်၊ ထိန, မိဒ္ဓ၏ဆန့်ကျင်ဘက်ပဋိပက္ခတရား ကား- ဝီရိယတည်း၊ ဤသို့ပဋိပက္ခအားဖြင့်လည်း တူပါသည်။

ဤသို့ ကိစ္စ, အာဟာရ-ပဋိပက္ခတူသောကြောင့် [ထိနနိဝရဏ် မိဒ္ဓနိဝရဏ်-ဟု ခွဲမဆိုဘဲ] ထိန, မိဒ္ဓနိဝရဏ်-ဟု တစ်မျိုးတည်း ယူရသည်၊ (၀၊) ဆိုရပါသည်။

➢ **ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ ကိစ္စ, အာဟာရ, ပဋိပက္ခအားဖြင့် သမာနဖြစ်ပုံ**

➢ **ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ်-ဟု တစ်မျိုးတည်း ယူ/ဆိုရခြင်းအကြောင်း ။ ။** ဥဒ္ဓစ္စ ကုက္ကုစ္စ ၂-ပါးလုံးသည် မငြိမ်းအေးကုန်သည်၏အဖြစ်ကိုပြုခြင်း ကိစ္စတူသည်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ တို့၏ အကြောင်းကား- ဆွေမျိုးတို့၏ပျက်စီးခြင်းကို ကြံစည်ခြင်းတည်း, ဤသို့ အကြောင်းအားဖြင့်လည်းတူသည်၊ ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ဆန့်ကျင်ဘက် ပဋိပက္ခတရား ကား- သမထတည်း, ဤသို့ ပဋိပက္ခအားဖြင့်လည်း တူသည်၊ ဤသို့ ကိစ္စ, အာဟာရ-

http://www.dhammadownload.com

ပဋိပက္ခတူသောကြောင့် [ဥဒ္ဒစ္ စ နိဝရဏံ ကုက္ကုစ္စ နိဝရဏံ-ဟု ခွဲမဆိုဘဲ]-ဥဒ္ဒစ္စ ကုက္ကုစ္စ နိဝရဏံ-ဟု တစ်မျိုးတည်း ယူရပါသည်။/ဆိုရပါသည်။

ဓမ်း ။ ။ ကုသိုလ်တရားတို့မဖြစ်နိုင်အောင် ပိတ်ဆို့တားမြစ်ရာ လက္ခဏာအားဖြင့် ထိုင်းမှိုင်းခြင်းသဘောရှိသော ထိနနှင့် မိဒ္ဓ၊ ပျံ့လွင့်ခြင်း, ပူပန်ခြင်း, သဘောရှိသော ဥဒ္ဒစ္စနှင့် ကုက္ကုစ္စတို့၏ (က) တူသောအချက် ၃-ခု၊ (ခ) တူပုံ တူနည်းများကို ထုတ်ဖော်ခဲ့ပါ။

ဖြေ ။ ။ (က) ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်-တို့ဖြစ်ပါသည်။

(ခ) **ထိန, မိဒ္ဓ**–တို့သည် စိတ်, စေတသိက်တို့၏တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်းကိစ္စအားဖြင့် တူကြပါသည်၊ **ဥဒ္ဒစ္စ ကုက္ကုစ္စ**–တို့သည် မငြိမ်းအေးမှုကိုပြုခြင်း ကိစ္စအားဖြင့် တူကြပါသည်။

ထိန, မိဒ္ဓတို့သည် ပျင်းရိခြင်း ကိုယ်လက်ဆန့်တန်းခြင်းရှိသူဟူသော အကြောင်းအားဖြင့် တူကြသည်၊ **ဥဒ္ဒစ္စ ကုက္ကုစ္စ**တို့သည် ဉာတိဗျသန-စသည်ကို ကြံစည်ခြင်း အကြောင်းအားဖြင့် တူကြသည်။

ထိန, မိဒ္ဓတို့သည် ဝိရိယဟူသော ဆန့်ကျင်ဘက်အားဖြင့် တူကြသည်၊ **ဥဒ္ဒစ္စ ကုက္ကုစ္စ**တို့သည် သမထ (ဝါ) သမာဓိဟူသော ဆန့်ကျင်ဘက်အားဖြင့် တူကြပါသည်။

➢ **အနုသယ အဓိပ္ပါယ်** ။ ။ မဂ်ဖြင့် မပယ်အပ်သောအနက်ကြောင့် သတ္တဝါတို့၏ သန္တာန်၌ အဖန်ဖန်ကိန်းတတ်သောကြောင့် "အနုသယ" မည်ပါသည်။

လျှောက်ပတ်သောအကြောင်းကို ရခဲ့သော် ဖြစ်လာခြင်းကိုပင် အနုသယ-ဟု ခေါ်သည်။ **တစ်နည်း**--- မဂ်ဖြင့်မပယ်အပ်ကုန်သေးသော အကြောင်းကိုရခဲ့သော် ဖြစ်ခြင်းငှာထိုက်သော ကိလေသာတို့သည် သတ္တဝါတို့သန္တာန်၌ အဖန်ဖန်အထပ်ထပ် ကိန်းဝပ်ကုန်သကဲ့သို့ ဖြစ်တတ်၏၊ ထို့ကြောင့် ထိုကိန်းဝပ်ခြင်း အခိုက်အတန့်ရှိသော ကိလေသာ တို့ကို အနုသယ-ဟု ခေါ်ပါသည်။

➢ **ကိလေသာအဆင့် ၃–ဆင့်** ။ ။ ၁။ အနုသယ ကိလေသာ- ကိန်းဝပ်သော အခိုက် အတန့်, ၂။ ပရိယုဋ္ဌာန ကိလေသာ- ထကြွသောင်းကျန်းသော အခိုက်အတန့်, ၃။ ဝီ တိက္ကမ ကိလေသာ- လွန်ကျူးသော အခိုက်အတန်း။ ထို ၃-မျိုးတို့တွင် **အနုသယ ကိလေသာဟူသည်** ဥပါဒ်, ဌိ, ဘင်-ရှိသည်မဟုတ်, အကြောင်းအခွင့်သင့်သော် ဖြစ်နိုင်သော အစွမ်းသတ္တိကိုပင် အနုသယ ကိလေသာ-ဟု ခေါ်ဆိုခြင်းဖြစ်သည်။

➢ **ဋီကာ–၌ ဘဒဓဇ္ဇာပါ၌ဖြင့်** ။ ။ ပရိယုဋ္ဌာ ကိလေသာနှင့်ဝီတိက္ကမ ကိလေသာ တို့ကို ကန့်သည်ဟု မှတ်ရမည်။

➢ **အနုသယ–အရ** ။ ။ မုချအားဖြင့် အနာဂတ်ကိလေသာကို ယူရမည်။ ပရိယာယ်

http://www.dhammadownload.com

[ဥပစာ]-အားဖြင့် ကိန်းဝပ်ခြင်းသဘောရှိသောကြောင့် (၀၊) အနုသယသဘောရှိသော ကြောင့် အတိတ်ကိလေသာ, ပစ္စုပ္ပန်ကိလေသာတို့ကို ယူရပါမည်၊

➢ **အတိတ်, ပစ္စုပ္ပန်ကိလေသာ–တို့ကို ဥပစာအားဖြင့် အနုသယ–ဟု ခေါ်ရကြောင်း ။ ။** ပုရမတ္တတရားဟူသည် ကာလကွဲပြားသောကြောင့် သဘာဝကွဲပြား သည်ဟူ၍ မရှိ၊ ထို့ကြောင့် အတိတ်, ပစ္စုပ္ပန် ကိလေသာတို့ကိုလည်း ဥပစာအားဖြင့် **အနုသယ-ဟု ခေါ်**ရသည်။

➢ **မင်ဖြင့် မပယ်အပ်သေးသော အနိုက်အတန်ရှိသော ကိလေသာတို့ကို အနုသယ–ဟု ဆိုရကြောင်း ။ ။** မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာတို့သည် ကိလေသာ ဖြစ်ဖို့ရန် အာရုံ-စသော အကြောင်းကို ရခဲ့သည်ရှိသော် ဖြစ်ခြင်းငှာ ထိုက် ကုန်သည်ဖြစ်၍ သတ္တဝါတို့သန္တာန်၌ အဖန်ဖန်အထပ်ထပ် ကိန်းဝပ်ကုန်သကဲ့သို့ ဖြစ် ကြသောကြောင့်-- **အနုသယ-ဟု** ဆိုရပါသည်။

မေး ။ ။ မဂ်ဖြင့် မပယ်အပ်သောအနက်ကြောင့် **အနုသယ**မည်လျှင် ကိလေသာတို့ လည်း မဂ်ဖြင့် မပယ်ရသေးရကား- **အနုသယ**မည်သည် မဟုတ်ပါလော?။

ဖြေ ။ ။ မဂ်ဖြင့် မပယ်အပ်သေးကာမျှဖြင့် **အနုသယ-ဟု** မဆိုလို, မဂ်ဖြင့် မပယ်အပ် သေးသောအနက်ကြောင့် ထာမဂတ ကိလေသာတို့ကိုသာ **အနုသယ-ဟု** ဆိုလို ရင်း ဖြစ်သည်၊ ထို့ကြောင့် မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာအားလုံးကို **အနုသယ**ထဲ ဆွဲ မသွင်းရပါ။ (၀၊) **အနုသယ** **မ**မည်နိုင်ပါ။

➢ **အနုသယ–ဟု ခေါ်နိုင်သည့် ကိလေသာ ။ ။** (၁) မဂ်ဖြင့်လည်း မပယ်ရသေး ခြင်း၊ ၂။ ထာမဂတလည်းဖြစ်ခြင်း၊ ဤအဂါ ၂-ပါးနှင့်ညီသော ကိလေသာတို့ကိုသာ **အနုသယ-ဟု** ခေါ်နိုင်ပါသည်။

➢ **အင်အားကြီးမားစသော ကိလေသာ ။ ။** လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌ ဝိစိကိစ္ဆာ-တို့ ဖြစ်ပါသည်။ ။ **အင်အားနုည်းသော ကိလေသာ ။** ထိန, ဥဒ္ဓစ္စ, အဟိရိက အနောတ္တပ္ပ-တို့ ဖြစ်ပါသည်။

➢ **ထာမဂတ ကိလေသာ အဓိပ္ပါယ် ။ ။** အခြားသောစေတသိက်တို့နှင့် မဆက်ဆံ သော ကာမရာဂ-စသည်တို့၏သာလျှင် သီးခြားဖြစ်သော သဘောသည် ထာမဂတ ကိလေသာ မည်ပါသည်။

➢ **သံယောဇဉ် အဓိပ္ပါယ် ။ ။** လောဘ-စသော တရားတို့သည် သတ္တဝါတို့ကို နှောင်ဖွဲ့တတ်သောကြောင့် "**သံယောဇဉ်**" **မ**ည်ပါသည်။

➢ **ကိလေသာ အဓိပ္ပါယ် ။ ။** စိတ်ကိုပူလောင်စေတတ်သောကြောင့် ကိလေသာ-ဟု ခေါ်သည်။ **အစ်နုည်း**--- စိတ်ကို ညှဉ်းဆဲနှိပ်စက်တတ်သောကြောင့် "**ကိလေသာ**"

http://www.dhammadownload.com

ဟု ခေါ်သည်။

➢ **အာသဝါဒီသူ ပနေတ္ထ ကာမဘဝနာစမန် တဗ္ဗတ္ထုကာ တဏှာ အဓိဝုတ္တာပါ၌ ဖြင့် သိစေလိုစေသော အဓိပ္ပါယ်** ။ ။ အာသဝအရာ-စသည်တို့၌ ကာမာသဝ, ဘဝါသဝ-ဟု လာရှိရာ ကာမအရ ဝတ္ထုကာမကို, ဘဝအရ ကမ္မဘဝနှင့် ဥပပတ္တိဘဝကို ဟောရင်းဖြစ်သော်လည်း ၎င်းဝတ္ထုကာမ-စသည်တို့၏ အကြောင်းရင်းဖြစ်သော တဏှာကို သာဌာနုပစာအားဖြင့် ကောက်ယူရမည်ဟူသော အဓိပ္ပါယ်ကို သိစေသည်။

➢ **တထာပဝတ္ထံပါ၌ဖြင့် သိစေအပ်စေသော အဓိပ္ပါယ်** ။ ။ ဒိဋ္ဌိစေတသိက်တစ်ခုတည်းသည်ပင် ၁။ သီလဗွတပရာမာသအခြင်းအရာ, ၂။ ဣဒံသစ္စာဘိနိဝေသအခြင်းအရာ, ၃။ အတ္တဝါဒုပါဒါန်အခြင်းအရာအားဖြင့် ဖြစ်သည်ကို ရည်ရွယ်၍ တထာပဝတ္ထံ-ဟု ဆိုပါသည်။

➢ **ကာမာသဝ ဘဝါသဝ-စသည်၌ ကာမ-အရ ဘဝ-အရ** ။ ။ ကာမဘဝဟူသော မှီရာအာရုံရှိသောကြောင့် တဏှာကို ယူရပါမည်။ [အာသဝါဒီသူ ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ။]

➢ **ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် သီလဗွတပရာမာသ-စသည်ဖြင့် နာမည်အမျိုးမျိုး ဆိုရခြင်းအစကြောင်း** ။ ။ ဒိဋ္ဌိစေတသိက်သည် ၁။ နွားခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှစင်ကြယ် သံသရာမှလွတ်မြောက်လွယ်၏-ဟု ယူသောအခါ သီလဗွတပရာမာသဒိဋ္ဌိဖြစ်၏၊ ၂။ ကျန်ငါးအယူသာအမှန် ဤအယူအဆတွေ အမှားချည်းဘဲ-ဟု စွဲမြဲစွာယူသောအခါ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိဖြစ်၏။ ၃။ အတ္တရှိ၏ဟု စွဲလမ်းသောအားဖြင့် ယူသောအခါ အတ္တဝါဒုပါဒါန်ဒိဋ္ဌိဖြစ်၏။ ဤသို့ယူပုံ အခြင်းအရာအားဖြင့် ကွဲပြားလျှက် ဖြစ်ခြင်းကြောင့် ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် သီလဗွတပရာမာသ-စသည်ဖြင့် နာမည်အမျိုးမျိုးတပ်၍ ဆိုရပါသည်။ (ဋီကာကျော်)

➢ **နိဝရဏ ၆-ပါးရှိလျှက် တရားကိုယ် ၈-ပါးဖြစ်ရခြင်းအကြောင်း**

➢ **နိဝရဏာ အဋ္ဌသိယုံ-ဟု ဆိုရခြင်းအကြောင်း** ။ ။ ထိနနှင့်မိဒ္ဓ, ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့ကို သီးခြား ယူထားသောကြောင့် -- နိဝရဏာ အဋ္ဌ သိယုံ-ဟု ဆိုရပါသည်။

➢ **အနုသယ ၇-ပါးရှိပါလျှက် တရားကိုယ်အားဖြင့် ၆-ပါးသာရှိရခြင်းအကြောင်း**

➢ **ဆဒ္ဌဝါနုသယာ ဟောန္တိ-ဟု ဆိုရခြင်းအကြောင်း** ။ ။ ကာမရာဂါနုသယ ဘဝရာဂါနုသယတို့ကို တဏှာသဘောအားဖြင့် တစ်ပေါင်းတည်း ယူထားသောကြောင့် -- အနုသယ ၇-ပါးရှိပါသော်လည်း တရားကိုယ်အားဖြင့် ၆-ပါးသာ ရှိရပါသည်။

➢ **သံယောဇဉ် ၁၀-ပါးရှိပါလျှက် တရားကိုယ်အားဖြင့် ၉-ပါးသာရှိရခြင်းအကြောင်း**

➢ **နဝ သံစယာဇနာ မတာ-ဟု ဆိုရခြင်းအကြောင်း** ။ ။ သုတ္တန်နည်း, အဘိဓမ္မာ

http://www.dhammadownload.com

နည်းတို့၌ ဟောတော်မူသော တဏှာသဘောရှိသော သံယောဇဉ်တို့ကိုလည်း, ဒိဋ္ဌိသဘောရှိသော သံယောဇဉ်တို့ကိုလည်း, တစ်ခုစီ တစ်ခုစီ ပေါင်း၍ ယူထားသောကြောင့် --- သံယောဇဉ် ၁၀-ပါးရှိပါသော်လည်း တရားကိုယ်အားဖြင့် ၉-ပါးသာရှိရပါသည်။

မိဿက ဝဏ္ဏနာ

➢ **ဈာန [ဈာန်]-မည်ပုံ** ။ ။ အာရုံသို့ကပ်၍ သိခြင်းဟူဆိုအပ်သော ကပ်၍ ရှုတတ်သော အနက်သဘောကြောင့်လည်း, ထိုက်သည်အားလျော်စွာ ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်းစေတတ်သော အနက်သဘောကြောင့်လည်း ဈာန [ဈာန်]-မည်ပါသည်။

➢ **အင်္ဂမည်ပုံ** ။ ။ ဈာန်အင်္ဂါအပေါင်းတို့၏ အစိတ်အဖြစ်ဖြင့်သိအပ်သောကြောင့် "အင်္ဂ" မည်ပါသည်။

➢ **ဈာနင်္ဂ=ဈာနင် မည်ပုံ** ။ ။ ဈာန်ဟူသော တရားတို့သည်ပင် အစိတ်၏အဖြစ်ဖြင့် သိအပ်သော အင်္ဂ-တို့ဖြစ်သောကြောင့် "ဈာနင်္ဂ=ဈာနင်" မည်ပါသည်။

➢ **ဈာန်နှင့်ဈာနင် အထူး** ။ ။ သေနင် ရထင်-စသည်တို့ကဲ့သို့ ဝိတက်-စသော တရားများကို အသီးသီး (၀၊) တစ်ပါးစီ တစ်ပါးစီ ဖြစ်နေသည့်အခါ အင်္ဂါ-ဟု ခေါ်၏။ (၀၊) ဈာနင်-ဟု ခေါ်၏။ ၅-ပါးလုံး ပေါင်းသွားသည့်အခါ ဈာန်-ဟု ခေါ်သည်။

➢ **ဈာနင် ၃-ပါးကို ဇာတိဇာဒအားဖြင့်ခွဲပုံ** ။ ။ ဒေါမနဿသည် အကုသိုလ် ဈာနင်, ဒေါမနဿမှကြွင်းသော ဝိတက်-စသည်တို့သည် ကုသိုလ်, အကုသိုလ် အဗျာတ ဈာနင် ဖြစ်ပါသည်။

➢ **မဂ္ဂင်္ဂါနိ-ခ္ခ် မဂ္ဂ+အင်္ဂ မည်ပုံ** ။ ။ သုဂတိ, ဒုဂ္ဂတိသို့ဌင်း, နိဗ္ဗာန်သို့ဌင်း, ရှေးရှုရောက်တတ်သောကြောင့် "မဂ္ဂ"မည်၏။ သုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်တို့၏ လမ်းကြောင်းဖြစ်သော အစိတ်အပိုင်းများသည် "အင်္ဂ"မည်၏။ ဤနှစ်ပါးသောသတ္တိကြောင့် မဂ္ဂင် =မဂ္ဂင် မည်ပါသည်။

➢ **မဂ္ဂင်=မဂ္ဂင် မည်ပုံ** ။ ။ သုဂတိ, ဒုဂ္ဂတိ-တို့သို့ဌင်း။ နိဗ္ဗာန်သို့ဌင်း ရှေးရှုရောက်စေတတ်သောကြောင့် မဂ္ဂ-အမည်ရသော အစိတ်အင်္ဂါတို့ ဖြစ်သောကြောင့် မဂ္ဂင်=မဂ္ဂင် မည်ပါသည်။

➢ **သုဂတိ နိဗ္ဗာနမဂ္ဂင် (သုဂတိနိဗ္ဗာန်သို့ ရောက်စေတတ်သော မဂ္ဂင်)**

ဃမ္ဘာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါးတို့သည် သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် သုဂတိနိဗ္ဗာနမဂ္ဂင်-တို့ ဖြစ်ပါသည်။ ➢ **ဒုဂ္ဂတိမဂ္ဂင် (ဒုဂ္ဂတိသို့ ရောက်စေတတ်သော မဂ္ဂင်)** ။ ။ မိစ္ဆာဒိဋ္ဌိ-စသော မဂ္ဂင် ၄-ပါးတို့သည် ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သောကြောင့် "ဒုဂ္ဂတိမဂ္ဂင်"တို့ ဖြစ်ပါသည်။

ဓမ်း ။ ။ မဂ္ဂင်တရားများသည် သတ္တဝါများကို အပါယ်ဘုံသို့လည်း ပို့ဆောင်နိုင်သည်ဟု

http://www.dhammadownload.com

ဆိုလျှင် လက်ခံမည်လော, အကြောင်းပြ ရှင်းလင်းပါ။ [၁၃၃၄-ကြီး]

ဖြေ ။ ။ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့သည် ဒုဂ္ဂတိသို့ရောက်ကြောင်း အကုသိုလ်မဂ္ဂင်များဖြစ်သောကြောင့် လက်ခံရပါမည်။

စေး ။ ။ တိရစ္ဆာန်, သတ္တဝါများသန္တာန်၌ မဂ္ဂင်တရားများ ဖြစ်နိုင်/မဖြစ်နိုင် အဋ္ဌကထာ လာသည့်အတိုင် စိစစ်ပြပါ။ [၁၃၃၄-ကြီး]

ဖြေ ။ ။ တိရစ္ဆာန်များသန္တာန်၌ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ-ဟူသော အကုသိုလ်မဂ္ဂင်များ ဖြစ်နိုင်ပါသည်။ **တစ်နည်း---** တိရစ္ဆာန်များသန္တာန်၌ ဆိုခဲ့ပြီးသော အကုသိုလ်မဂ္ဂင် ၄-ပါးသာ အဖြစ်များသည်၊ မဟာကုသိုလ်မှာယှဉ်သော လောကီကုသိုလ်မဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါးတို့လည်း ရံခါရနိုင်သည်။

တိရစ္ဆာန်များဖြစ်သော အလောင်းတော်ယုန်မင်း, အလောင်းတော် သခ်ပါလ နဂါးမင်းတို့ ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်သောထုံးရှိသောကြောင့်ရင်း, တိရစ္ဆာန် ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တို့သန္တာန်မှာ မဟာကုသိုလ်စိတ်ဖြစ်နိုင်သောကြောင့်ရင်း, မဟာကုသိုလ်မှာယှဉ်သည့် သမ္မာဒိဋ္ဌိ-စသော လောကီကုသိုလ်မဂ္ဂင်တို့လည်း တိရစ္ဆာန်များသန္တာန်၌ ရနိုင်ပါသေးသည်။ [လောကိယေပိ ယထာယောဂံ ဆဒ္ဓိသုဒ္ဓိ ပဝတ္တိယ်-ကို ထောက်။]

➢ **သမ္မာဒိဋ္ဌိမည်ပုံ** ။ ။ မဖောက်မပြန်မှန်ကန်သောအားဖြင့် ရှုတတ်သောကြောင့် သမ္မာဒိဋ္ဌိမည်၏။

➢ **သမ္မာဒိဋ္ဌိ အပြား** ။ ။ သမ္မာဒိဋ္ဌိသည် "အတ္တိ ဒိန္နံ"စသည်တို့၏အစွမ်းအားဖြင့် ၁၀-မျိုးရှိပါသည်။ ပရိညာကိစ္စ, ပဟာနကိစ္စ, သစ္ဆိကရဏကိစ္စ, ဘာဝနာကိစ္စ-၏ အစွမ်းအားဖြင့် သမ္မာဒိဋ္ဌိ ၄-မျိုး ရှိပါသည်။

➢ **သမ္မာသင်္ကပ္ပမည်ပုံ** ။ ။ မဖောက်မပြန်မှန်ကန်စွာ ကြံစည်ကြောင်းဖြစ်သောကြောင့် "သမ္မာသင်္ကပ္ပ" မည်၏။

➢ **သမ္မာသင်္ကပ္ပ အပြား** ။ ။ သမ္မာသင်္ကပ္ပသည် နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိသာသင်္ကပ္ပ-အားဖြင့် ၃-မျိုး ရှိပါသည်။

➢ **သမ္မာဝါယာမ မည်ပုံ** ။ ။ မဖောက်မပြန် မှန်ကန်စွာ လုံ့လပြုကြောင်းဖြစ်သောကြောင့် "သမ္မာဝါယာမ" မည်၏။ | ဤသမ္မာဝါယာမ အပြားကို ဟောဓိပက္ခိယသင်ဟ၌ သမ္မပ္ပဓာန် ၄-ပါးဟု လာလတ္တံ့။]

➢ **သမ္မာသတိ မည်ပုံ** ။ ။ မဖောက်မပြန် မှန်ကန်စွာ အမှတ်ရကြောင်းဖြစ်သောကြောင့် "သမ္မာသတိ" မည်၏။ | ယင်းသမ္မာသတိ အပြားကို ဟောဓိပက္ခိယသင်ဟ-၌ သတိပဋ္ဌာန် ၄-ပါးဟု လာလတ္တံ့။ |

➢ **သမ္မာသမာဓိ မည်ပုံ** ။ ။ မဖောက်မပြန် ကိုယ်တိုင်စိတ်ကိုထားတတ်သော

http://www.dhammadownload.com

ကြောင့် "သမ္မာသမာဓိ" မည်၏။

➢ **သမ္မာသမာဓိ–အရ** ▪ ပဌမစျာန်-စသည်၏အစွမ်းအားဖြင့် ၅-ပါးအပြားရှိသော ဧကဂ္ဂတာ ဖြစ်ပါသည်။

➢ **မိစ္ဆာဒိဋ္ဌိ–စသည်ကို မဂ္ဂင်ဟူခေါ်ရကြောင်း** ။ ။ မိစ္ဆာဒိဋ္ဌိ-စသော မဂ္ဂင် ၄-ပါးကို ဒုဂ္ဂတိဘုံသို့ရောက်ကြောင်းဖြစ်သောကြောင့် မဂ္ဂင်-ဟု ခေါ်ပါသည်။

➢ **အကုသလဝိတက်ကို မဂ္ဂင်–ဟု ခေါ်ဆိုရခြင်းအကြောင်း** ။ ။ ဒုဂ္ဂတိဘုံသို့ရောက်ကြောင်းဖြစ်သောကြောင့် အကုသလဝိတက်ကို မဂ္ဂင်-ဟု ခေါ်ပါသည်။

➢ **စက္ခု–စသည်တို့ ဣန္ဒြေအမည်ရခြင်းအကြောင်း** ။ ။ မြင်ခြင်းစသောကိစ္စတို့၌ စက္ခုဝိညာဉ်-စသည်တို့ကို မိမိသို့ လိုက်စေကုန်သောတရားတို့သည် အစိုးရသည်၏ အဖြစ် တည်းဟူသော အနက်သဘောကြောင့် စက္ခု-စသည်တို့သည် ဣန္ဒြေ မည်၏။

➢ **ဣတ္ထိဘာဝ, ပုရိသဘာဝတို့ ဣန္ဒြေအမည်ရခြင်းအကြောင်း** ။ ။ များသောအားဖြင့် ဘာဝရုပ်နှင့်တကွဖြစ်သော သန္တာန်အစဉ်ဖြစ်ခြင်း၌ လိင်-စသည်တို့ကို မိမိသို့လိုက်စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် ဣတ္ထိဘာဝ, ပုရိသဘာဝတို့သည် ဣန္ဒြေ မည်ပါသည်။

➢ **ရူပ်ဇီဝိတ, နာမ်ဇီဝိတတို့ ဣန္ဒြေအမည်ရခြင်းအကြောင်း** ။ ။ အသက်ရှင်ဆဲခဏ၌ အသက်ရှင်ဆဲဖြစ်ကုန်သော ကမ္မဇရူပ်, သမ္မယုတ်တရားတို့ကို မိမိသို့လိုက်စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် ရူပ်ဇီဝိတ, နာမ်ဇီဝိတတို့သည် ဣန္ဒြေမည်ပါသည်။

➢ **စိတ်သည် ဣန္ဒြေမည်ခြင်းအကြောင်း** ။ ။ သိခြင်း၌ သမ္မယုတ်တရားတို့ကို မိမိသို့ လိုက်စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် စိတ်သည် ဣန္ဒြေ မည်ပါသည်။

➢ **ဝေဒနာ–သည် ဣန္ဒြေမည်ခြင်းအကြောင်း** ။ ။ သုခိတ-စသော အဖြစ်၌ သုခိတ-စသည်၌ တကွဖြစ်သော တရားတို့ကို မိမိသို့လိုက် စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် ဝေဒနာသည် ဣန္ဒြေ မည်ပါသည်။

➢ **သဒ္ဓါ–စသည်တို့ ဣန္ဒြေအမည်ရခြင်းအကြောင်း** ။ ။ ယုံကြည်ခြင်းစသည်တို့၌ ယုံကြည်ခြင်း-စသည်၏အစွမ်းဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို မိမိသို့လိုက်စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် သဒ္ဓါ-စသည်တို့သည် ဣန္ဒြေ မည်ပါသည်။

➢ **အနညာတညဿာမီတိဣန္ဒြေ–၌ ဣန္ဒြေမည်ခြင်းအကြောင်း** ။ ။ မသိအပ်ဘူးသော

http://www.dhammadownload.com

သစ္စာ ၄-ပါးကို သိအောင်ပြုလတ္တံ့-ဟု ဖြစ်ခြင်း၌ ထိုထိုသို့သော အခြင်းအရာအား ဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို မိမိသို့လိုက်စေကုန်သော တရားတို့သည် အစိုးရသည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် ဣဒ္ဓေမည်ပါသည်။

➢ **အညီဒ္ဓေ, အညာတာဝိဒ္ဓေ–၌ ဣဒ္ဓေမည်ခြင်းအကြောင်း** ။ ။ အပိုင်းအခြားကို မလွန်မူ၍ သိခြင်း၌ရင်း, (၀ါ) အောက်မဂ် ၃-ပါးသည် သိအပ်ပြီးသော အပိုင်းအခြား အတိုင်း သိခြင်း၌ရင်း, [**အညီဒ္ဓေ–အတွက်**]-သိပြီးဖြစ်သော ပုဂ္ဂိုလ်၏အဖြစ်၌ရင်း, [**အညာတာဝိဒ္ဓေ–အတွက်**]-အပိုင်းအခြားကို မလွန်မူ၍ သိခြင်း-စသည်၏အစွမ်းဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို မိမိသို့လိုက်စေကုန်သော တရားတို့သည် အစိုးရ သည်၏အဖြစ်တည်းဟူသော အနက်သဘောကြောင့် ဣဒ္ဓေမည်ပါသည်။

မှတ်ချက်/ဋီကာကျော်ဆရာက ဣဿရဋ္ဌေန ဣဒ္ဓြိယာနိ-ဟု ဣဒ္ဓြိယအနက် တစ်ချက်သာဖွင့်၏။ သမ္မောဒဋ္ဌကထာ နှာ-၁၁၉, ဝိသုဒ္ဓိမဂ်၌-၂ နှာ-၁၂၂-တို့၌ကား ဣဒ္ဓြိယ-သဒ္ဒါ၏အနက်ကို ဣဿရိဂ်-စသည်ဖြင့် များစွာဖွင့်ထားသေးသည်။

➢ **ဓိဝိတိဒ္ဓေအပြား** ။ ။ ၁။ ရူပ်ဇိဝိတိဒ္ဓေ, ၂။ နာမ်ဇိဝိတိဒ္ဓေတို့ ဖြစ်ပါသည်။

➢ **အနုညာတညဿာမိတိဒ္ဓေ မည်ပုံ** ။ ။ မသိအပ်သော အစရှိသော သံသရာ၌ မသိအပ်ဘူးသော အမြိုက်နိဗ္ဗာန်ကို (၀ါ) သစ္စာ ၄-ပါးတရားကို သိအောင်ပြုအံ့ဟု ကျင့်သောပုဂ္ဂိုလ်၏ ဣဒ္ဓေသည် "အနုညာတညဿာမိတိဒ္ဓေ" မည်ပါသည်။

➢ **သောတာပတ္တိမဂ်ဉာဏ်တို့ကို ဣဒ္ဓေ–ဟု ခေါ်ဆိုရခြင်းအကြောင်း**

မသိအပ်သော အစရှိသော သံသရာ၌ မသိအပ်ဘူးသော အမြိုက်နိဗ္ဗာန်ကို (၀ါ) သစ္စာ ၄-ပါးတရားကို သိအောင်ပြုအံ့ဟု ကျင့်သောပုဂ္ဂိုလ်၏ ဣဒ္ဓေဖြစ်သောကြောင့် သောတာပတ္တိမဂ်ဉာဏ်ကို "ဣဒ္ဓေ"ဟု ခေါ်ဆိုရပါသည်။

➢ **အနုညာတ–အရ** ။ ။ အမြိုက်နိဗ္ဗာန်နှင့် သစ္စာ ၄-ပါးတရားကို ယူရပါမည်။

➢ **အညီဒ္ဓေမည်ပုံ** ။ ။ သောတာပတ္တိမဂ်သည် မြင်အပ်သော အပိုင်းအခြားကို မလွန်မူ၍ သိတတ်သော ဣဒ္ဓေသည် "အညီဒ္ဓေ" မည်ပါသည်။

➢ **အညာတာဝိဒ္ဓေမည်ပုံ** ။ ။ သိအပ်သော သစ္စာ ၄-ပါးတို့ကို ထိုးထွင်းကာသိပြီး ၍ တည်သော ရဟန္တာပုဂ္ဂိုလ်၏ ဣဒ္ဓေသည် "အညာတာဝိဒ္ဓေ" မည်ပါသည်။

➢ **အညာတာဝိ–အရ** ။ ။ သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ယူရပါမည်။

➢ **တရားကိုယ်အားဖြင့် တစ်မါးတည်းသာဖြစ်ပါလျက် မညီဒ္ဓေ–စသည်ကို ၄-ပါးနွဲ့၍ ဟောရကြောင်း** ။ ။ တရားသရုပ်ကို ထင်စွာပြုခြင်းအကျိုးငှာ ပညီဒ္ဓေကို ဟောတော်မူသည်၊ ပုဂ္ဂလဏ္ဌာသယနှင့် ကိစ္စဝိသေသကို ထင်စွာပြုခြင်းအကျိုးငှာ အနုညာတသာ

http://www.dhammadownload.com

မိတိန္ဒြေ-စသော ၃-ပါးကို ဟောတော်မူပါသည်။

➢ **သတ္တဝါ-ဟု ဧေါ်ဧေါ်ပညတ်ခြင်း-၌ အထူးအဇရေးပါသည့် မိုရာအဇောက် အမုံ့ဖြစ်သော ဣန္ဒြေ ။ ။** စက္ခုဒ္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ-တို့ ဖြစ်ပါသည်။

➢ **စက္ခုဒ္ဒြေ-စသည်ကို အစထား၍ဟောခဲ့ရခြင်းအကြောင်း ။ ။** သတ္တပညတ်၏ ထူးသောမှီရာဖြစ်သောကြောင့် စက္ခုဒ္ဒြေကို အစထား၍ ဟောတော်မူသည်။

➢ **စက္ခုဒ္ဒြေ-စသည်/အရှင်ထွေ့ကာယတနမှ အခြားမဲ့-၌ ဣန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးကို ဟောခဲ့ရကျေး ။ ။** သတ္တဝါဟူသော နာမပညတ်သည် ဘာဝရုပ်တို့၏ အစွမ်းကြောင့် မိန်းမ, ယောကျ်ားဟူ၍ ဝေဖန်ခြင်းသို့ရောက်၏ဟူသော အနက်အဓိပ္ပါယ်ကို ပြတော်မူခြင်းအကျိုးငှာ စက္ခုဒ္ဒြေ-စသည်၏ အခြားမဲ့-၌ ဣန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးကို ဟောတော်မူရပါသည်။

➢ **ဇိဝှိတိန္ဒြေ၏ အခြားမဲ့-၌ မနိန္ဒြေ-ကို ဟောခဲ့ရကျေး ။ ။** မနိန္ဒြေကို အရှင်ထွေ့ကာယတနအဖြစ် တူသောကြောင့် ကာယိန္ဒြေ၏ နောက်၌ ဆိုသင့်သော်လည်း (ဝါ) ထားသင့်သော်လည်း နာမ်ဣန္ဒြေတို့နှင့်တကွ တစ်ပေါင်းတည်းပြတော်မူခြင်း အကျိုးငှာ ဇိဝှိတိန္ဒြေ၏ အခြားမဲ့၌ မနိန္ဒြေကို ဟောတော်မူပါသည်။

➢ **ဇိဝှိတိန္ဒြေ၏ အခြားမဲ့-၌ မနိန္ဒြေ-ကို ဆိုရခြင်းအကြောင်း ။ ။** မနိန္ဒြေကို အရှင်ထွေ့ ကာယတန အဖြစ်တူသောကြောင့် ကာယိန္ဒြေ၏ နောက်၌ ဆိုသင့်သော်လည်း (ဝါ) ထားသင့်သော်လည်း နာမ်ဣန္ဒြေတို့နှင့်တကွ တစ်ပေါင်းတည်းပြတော်မူလိုသောကြောင့် ဇိဝှိတိန္ဒြေ၏ အခြားမဲ့၌ မနိန္ဒြေကို ဆိုရပါသည်။

➢ **ဘာဝိန္ဒြေ ၂-ပါးနောင် ဇိဝှိတိန္ဒြေကို ဟောခဲ့ရကျေး ။ ။** ဥပါဒိန္နကမ္မဇရုပ်တရားတို့သည် ဤဇိဝှိတိန္ဒြေ၏အစွမ်းအားဖြင့် တည်ကြကုန်၏ဟူသော အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာ ဘာဝိန္ဒြေ ၂-ပါးနောင် ဇိဝှိတိန္ဒြေကို ဟောတော်မူပါသည်။

➢ **ဣန္ဒြေ, ပုရိသိန္ဒြေ-တို့၏ အခြားမဲ့-၌ ဇိဝှိတိန္ဒြေကို ဆိုရခြင်းအကြောင်း**

ဥပါဒိန္နကမ္မဇရုပ်တရားတို့သည် ဤဇိဝှိတိန္ဒြေ၏အစွမ်းအားဖြင့် တည်ကြကုန်၏ဟူသော အဓိပ္ပါယ်ကိုပြတော်မူလိုသောကြောင့် ဣန္ဒြေ, ပုရိသိန္ဒြေ-တို့၏ အခြားမဲ့၌ ဇိဝှိတိန္ဒြေကို ဆိုရပါသည်။

➢ **မိန်းမ, ယောကျ်ားဟု သိစေကြောင်းတရား ။ ။** ဣန္ဒြေဘာဝရုပ်, ပုဗ္ဗာဝရုပ်။

➢ **မနိန္ဒြေနောင် သုခိန္ဒြေ-စသော ဝေဒနိန္ဒြေ ၅-ပါးကို ဟောခဲ့ရကျေး**

သတ္တဝါ-ဟု သမုတ်အပ်သော တရားအစုသည် အစဉ်အဆက်၏အစွမ်းဖြင့် ဖြစ်လတ်သော် ဤဝေဒနာတို့ကြောင့် ညစ်နွမ်း၏ဟူသော အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာ

http://www.dhammadownload.com

(၀၊) ပြတော်မူလိုသောကြောင့် မနိုင်ခြေနောင် သုဒိခြေ-စသော ဝေဒနိခြေ ၅-ပါးကို ဟောတော်မူပါသည်။

➢ **ဝေဒနိခြေ ၅-ပါးနောင် သဒ္ဓိခြေ-စသော ၅-ပါးကို ဟောတော်မူရကျိုး**

ထိုဝေဒနာတို့မှ စင်ကြယ်ခြင်းကို အလိုရှိသူတို့၏ စင်ကြယ်ခြင်းအဆောက်အဦးကို ပြခြင်းအကျိုးငှာ(၀၊) ပြတော်မူလိုသောကြောင့် ဝေဒနိခြေ ၅-ပါးနောင် သဒ္ဓိခြေ-စသော ၅-ပါးကို ဟောတော်မူပါသည်။

➢ **အနုညာတညဿာမိတိခြေ-စသော ၃-ပါးကို နောက်ဆုံးထား၍ ဟောတော်မူရကျိုး**

ဆည်းပူးစုဆောင်းအပ်ပြီး ဝေါဟါရသမ္ဘာရရှိသော ပုဂ္ဂိုလ်တို့သည် ဤဣန္ဒြေတို့ကြောင့် စင်ကြယ်ဆဲလည်းဖြစ်ကုန်၏။ [အနုညာတညဿာမိတိခြေကို ရည်ရွယ်သည်] စင်ကြယ်ခြင်းသို့လည်း ရောက်ကုန်၏။[အညိခြေ]-ပြီးပြီးသော ကိစ္စလည်းရှိကုန်၏။ [အညာတာဝိခြေ]-ဤအဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာ အဆုံး၌ အနုညာတညဿာမိတိခြေ -စသော ၃-ပါးကို နောက်ဆုံးထား၍ ဟောတော်မူပါသည်။

➢ **အနုညာတညဿာမိတိခြေ-စသော ၃-ပါးကို နောက်ဆုံးထား၍ ဆိုရခြင်းအကြောင်း ။ ။** ဆည်းပူးစုဆောင်းအပ်ပြီး ဝေါဟါရသမ္ဘာရရှိသော ပုဂ္ဂိုလ်တို့သည် ဤဣန္ဒြေတို့ကြောင့် စင်ကြယ်ဆဲလည်းဖြစ်ကုန်၏။ စင်ကြယ်ခြင်းသို့လည်း ရောက်ကုန်၏။ ပြီးပြီးသော ကိစ္စလည်းရှိကုန်၏ဟူသော အဓိပ္ပါယ်ကို ပြလိုတော်မူသောကြောင့် အနုညာတညဿာမိတိခြေ -စသော ၃-ပါးကို နောက်ဆုံးထား၍ ဆိုရပါသည်။

➢ **ဖဿ-စသော အခြားတရားများကို ဣန္ဒြိယစသနာ-၌ မယူခြင်းအကြောင်း**

ဣန္ဒြေ ၂၂-ပါးဖြင့် အလိုရှိအပ်သော အကျိုးကိုပြီးစီးခြင်းကြောင့် ဖဿ-စသော အခြားတရားများကို ဣန္ဒြိယဒေသနာ-၌ မယူရပါ။

➢ **ဗီလ်မည်ပုံ/ သဒ္ဓါ-စသော ၃-ပါးတို့ ဗီလ်အမည်ရခြင်းအကြောင်း**

သဒ္ဓါတရားမရှိသူ၏အဖြစ်, ပျင်းရိသူ၏အဖြစ်, မေ့လျော့ခြင်း, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်သော ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေသည်၏အဖြစ်ကြောင့်ရင်း, သမ္မယုတ်တရားတို့၌ ခိုင်မြဲကုန်သည်၏အဖြစ်ကြောင့်ရင်း သဒ္ဓါ-စသော ၃-ပါးတို့ ဗီလ် အမည်ရပါသည်။

➢ **ဗီလ် ၃-ပါးတို့ကို ဆန့်ကျင်ဘက်တရားများနှင့်တကွ တွဲစပ်ပုံ**

➢ **သဒ္ဓါ-စသော ၃-ပါးတို့၏ ဆန့်ကျင်ဘက်တရားများ**

၁။ သဒ္ဓါဗီလ်၏ ဆန့်ကျင်ဘက်ကား--- အဿဒ္ဓိယ ဖြစ်ပါသည်။

၂။ ဝီရိယဗီလ်၏ ဆန့်ကျင်ဘက်ကား--- ကောသဇ္ဇ ဖြစ်ပါသည်။

၃။ သတိဗီလ်၏ ဆန့်ကျင်ဘက်ကား--- ပမာဒ ဖြစ်ပါသည်။

http://www.dhammadownload.com

၄။ သမာဓိဗိုလ်၏ ဆန့်ကျင်ဘက်ကား--- ဥဒ္ဓစ္စ ဖြစ်ပါသည်။
၅။ ပညာဗိုလ်၏ ဆန့်ကျင်ဘက်ကား--- အဝိဇ္ဇာ ဖြစ်ပါသည်။
၆။ ဟိရိဗိုလ်၏ ဆန့်ကျင်ဘက်ကား--- အဟိရိက ဖြစ်ပါသည်။
၇။ သြတ္တပ္ပဗိုလ်၏ ဆန့်ကျင်ဘက်ကား--- အနောတ္တပ္ပ ဖြစ်ပါသည်။

➢ **အရှက်-အကြောက် မရှိခြင်းကို ဗိုလ်-တူ ခေါ်နိုင်ခြင်းအကြောင်း**

➢ **အဟိရိကနှင့်အနောတ္တပ္ပ-တို့ ဗိုလ်မည်ခြင်းအကြောင်း** ။ ။ သမ္ပယုတ်တရားတို့၌ ခိုင်မြဲသောကြောင့် -- အဟိရိကနှင့်အနောတ္တပ္ပ-တို့သည် ဗိုလ်မည်ပါသည်။

➢ **အဓိပတိမည်ပုံ** ။ ။ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့၏အရှင်သခင် ဖြစ်သော တရားတို့သည် အဓိပတိမည်ပါသည်။

ဧမေ ။ ။ မိမိနှင့်စပ်ခြင်းရှိကုန်သော တရားတို့သည် အဘယ်သို့ အရှင်သခင် ဖြစ်ပါသနည်း။

ဖြေ ။ ။ ဆန္ဒအားကြီးလျှင် မည့်သည့်ကိစ္စမဆို ပြီးစီးအောင်မြင်နိုင်၏ဟု ဖြစ်သောစိတ်၌ ဆန္ဒက ပဓာနဝန်ဆောင်အဖြစ်ဖြင့် အဓိပတိတစ်ခု ဖြစ်သည်, ယင်းဆန္ဒကြောင့်ပင် သမ္ပယုတ်တရားများလည်း ဆိုင်ရာကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ကြ၏။ ထို့ကြောင့် သမ္ပယုတ်တရားတို့၏ ဦးစီးဝန်ဆောင်က ဆန္ဒပင်ဖြစ်ရကား--- ဆန္ဒသည် မိမိနှင့်စပ်သော တရားတို့၏ အရှင်သခင်အဖြစ်ဖြင့် ဖြစ်ပါသည်။

အမှာ/ ဝိရိယ, စိတ္တ, ဝိမံသ-တို့၏ ဆိုင်ရာသမ္ပယုတ်တရားတို့၏ အရှင်သခင် အဖြစ်ဖြင့် ဖြစ်ပုံကို ဆန္ဒနည်းမှီ၍ သိပါလေ။

➢ **အဓိပတိနှင့်ဣဒ္ဓိ အထူး** ။ ။အခြားသောအဓိပတိတရားတို့၏ အဓိပတိ၏ အဖြစ်ကို တားမြစ်သည်၏အစွမ်းဖြင့် အမိုးရခြင်းသည် အဓိပတိမည်၏။ ဣဒ္ဓေါ်တစ်ပါးတို့ ရှိကုန်သော် သက်သက်မြင်ခြင်းစသော ကိစ္စတို့၌ စက္ခုဝိညာဉ်-စသည်တို့ကို မိမိသို့ အစဉ်လိုက်စေကာမျှသည် ဣဒ္ဓေါ်မည်၏။ ဤသို့ ထူးပါသည်။

➢ **အာဟာရ အဓိပ္ပါယ်** ။ ။ သြဇာလျှင် ၈-ခုမြောက်သောရူပ်-စသည်တို့ကို ဆောင်တတ်သောကြောင့် အာဟာရ မည်ပါသည်။

ဧမေ ။ ။ ဆောင်တတ်သောကြောင့် အာဟာရမည်၏ဟုဆိုရာဝယ် အဘယ်အာဟာရက အဘယ်တရားများကို ဆောင်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

➢ **ကဗဠိကာရာဟာရ-စသော ဧလေးပါးတို့ဖြင့် ဆောင်အပ်သောတရားများ**

၁။ ကဗဠိကာရာဟာရသည် သြဇာလျှင် ၈-ခုမြောက်သောရူပ်ကို ဆောင်ပါသည်
၂။ ဖဿာဟာရသည် ဝေဒနာ ၃-ပါးကို ဆောင်ပါသည်။

[သာဓက- ဖဿပစ္စယာ ဝေဒနာ]

http://www.dhammadownload.com

၃။ မနောသင္ခေတနာဟာရ-ဟု ဆိုအပ်သော ကုသိုလ်, အကုသိုလ်ကံသည် ဘဝ ၃-ပါး၌ ပဋိသန္ဓေကို ဆောင်ပါသည်။ [သာဓက- သဒ္ဓါရပစ္စယာ ဝိညာဏံ]

၄။ ဝိညာဏာဟာရ-ဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဉ်သည် သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့ကို ဆောင်ပါသည်။ [သာဓက- ဝိညာဏပစ္စယာ နာမရူပံ]

➢ **ကဗဠိကာရာဟာရ-စသော ၄-ပါးကိုသာ အာဟာရ-ဟု ဆိုရခြင်းအကြောင်း**

[ဓိမိ, ဓိမိတို့၏ ပစ္စုပ္ပန်တရားတို့ကို ဆောင်တတ်သော အခြားတရားများရှိပါသော်လည်း] အဗျတ္တိက ခန္ဓာအစဉ်၏ထူးသောအကြောင်းဖြစ်သောကြောင့် ကဗဠိကာရာဟာရ-စသော ၄-ပါးကိုသာ အာဟာရ-ဟု ဆိုရပါသည်။

➢ **ကဗဠိကာရာဟာရဘက္ခ အဓိပ္ပါယ်** ။ ။ ပြင်ပမှစားသောက်ရသော အစာ အာဟာရ ရှိသူမှန်သမျှကို ကဗဠိကာရာဟာရဘက္ခ-ဟု ခေါ်ပါသည်။

သာမန်အားဖြင့် ကာမ ၁၁-ဘုံသားများကို **ကဗဠိကာရာဟာရဘက္ခ**-ဟု ခေါ်ပါသည်။ ပြဟ္မာများကို **ဓိတိဘက္ခ**-ဟု ခေါ်ပါသည်။

မေး ။ ။ ကာမဘုံသား သတ္တဝါများအတွက် လက်ရှိဘဝရပ်တည်နိုင်ရန် ကံ-စသော အကြောင်းတရားတို့ မျှားစွာရှိပါလျက် "ကဗဠိကာရာဟာရ"သာ ကာမဘုံသား သတ္တဝါများ၏ ရူပကာယ၏ထူးသောအကြောင်းဖြစ်ရပုံကို အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုပါ

၁။ ➢ **ကဗဠိကာရာဟာရသည် ရူပကာယ၏ ထူးခေါ်သော အကြောင်းဖြစ်ပုံ**

ကဗဠိကာရာဟာရ-သည် ကဗဠိကာရာဟာရကို စားမျိုသောသတ္တဝါတို့၏ ရူပကာယ၏ထူးသော အကြောင်းဖြစ်သည်။ဤရူပကာယသည် ကံ-စသော အကြောင်းကြောင့်ဖြစ်ရသော်လည်း ကဗဠိကာရာဟာရဟူသော အထောက်အပံ့၏အားအစွမ်းကြောင့် ၁၀-နှစ်, ၁၅-နှစ်စသည်ဖြင့် အသက်မသေဘဲ တည်နေကြရသည်၊ ထို့ကြောင့် ကဗဠိကာရာဟာရသည် ရူပကာယ၏ ထူးသော အကြောင်းဖြစ်သည်။

[ဥပမာ] ဤကဗဠိကာရာဟာရကို မင်းသား၏ (သို့မဟုတ်) ကလေးများ၏နို့ထိန်းနှင့်တူ၏ဟူ၍ရင်း, အိမ်ကိုထောက်ခံထားသော ကျားနှင့်တူ၏ဟူ၍ရင်း, အိမ်ယိုင်လဲမသွားအောင် ကျားများဖြင့်ထောက်ခံထားသကဲ့သို့ ဤခန္ဓာကိုယ်ရူပကာယကြီး ယိုင်လဲမသွားအောင် ကဗဠိကာရာဟာရဟူသော ကျားဖြင့် ထောက်ကန်ပေးထားသည်။

၂။ ➢ **ဖဿာဟာရ၏ထူးခေါ်သော အစကြောင်းဖြစ်ပုံ** ။ ။ ၂။ ဖဿာဟာရသည် သုခ-စသော ဝတ္ထုတို့၏တည်ရာဖြစ်၍ဖြစ်သော အာရုံကိုတွေ့ထိလျက်သာလျှင် သုခစသော ဝေဒနာများကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏တည်ခြင်း၏ထူးသောအကြောင်းဖြစ်သည်

၃။ ➢ **မနောသင္ခေတနာဟာရ၏ထူးခေါ်သော အကြောင်းဖြစ်ပုံ** ။ ။ ၃။ မနောသင္ခေတနာဟာရသည် ကုသိုလ်, အကုသိုလ်ကံ၏အစွမ်းအားဖြင့် အားထုတ်လျက်သာလျှင် ဘဝ၏

http://www.dhammadownload.com

အရင်းအမြစ်ဖြစ်သော ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေခြင်းအားဖြင့် သတ္တဝါတို့၏တည်ခြင်း၏ထူးသော အကြောင်းဖြစ်သည်။

၄။ ➤ ဝိညာဏဟာရ၏ထူးသော အကြောင်းဖြစ်ပုံ ။ ။ ၄။ ဝိညာဏဟာရသည် သိလျက်ပင်လျှင် နာမ်ရူပ်တရားတို့ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏တည်ခြင်း၏ထူးသော အကြောင်းဖြစ်သည်။

ဤဆိုအပ်ခဲ့သော ၁, ၂, ၃, ၄-အကြောင်းများကြောင့် ဤ ၄-ပါးသည်သာလျှင် အဗျတ္တိကခန္ဓာအစဉ်၏ ထူးသောအကြောင်းဖြစ်သောကြောင့် ဤကဗဠိကာရာဟာရ-စသော ၄-ပါးကိုသာ အာဟာရ-ဟု ဟောတော်မူပါသည်။

➤ **ဖဿာဟာရ-ဟု မဆိုဘဲ ပဿဒုတိယ-ဟု ဆိုရပုံ** ။ ။ ကဗဠိကာရာဟာရက ပထမ ဖြစ်၍ ဒေသနာအစဉ်အားဖြင့် ဖဿဒုတိယ-ဟု ဆိုပါသည်။ [ကဗဠိကာရာဟာရ, ဖဿာဟာရ-စသည်ဖြင့် ရှေ့နောက်စဉ်လာခြင်းသည် ဒေသနာတ္တမအားဖြင့်သာဖြစ်၏။ ဥပ္ပတ္တိတ္တမအားဖြင့် ရှေ့နောက်စဉ်ထားခြင်းမဟုတ်။]

➤ **မဇ္ဈိဝိညာဏေသု စ္စာနဂ်ါနိ နလဗ္ဘန္တိ အဓိပ္ပါယ်**

➤ **ဒွေးပဋ္ဌိဝိညာဉ် ၁၀-ခု်ယှဉ်နိုက် ဝေဒနာ, ဇောဋ္ဌဗာ-တို့ စ္စာနင်အမည်မရှိခြင်း အကြောင်း** ။ ။ ဒွေးပဋ္ဌိဝိညာဉ် ၁၀-တို့၏ ဝိတက်မှကင်းသောကြောင့် အာရုံတို့၌ ရှေ့ရှုကျရောက်ကာမျှသာဖြစ်၏။ ထို့ကြောင့် ယင်းစိတ်တို့၌ယှဉ်နေသော ဝေဒနာသည် ကပ်၍ရှုခြင်းဟူသော အခြင်းအရာ မရှိသောကြောင့် ဥပေက္ခာစ္စာနင်, သုခစ္စာနင်, ဒုက္ခ စ္စာနင်-ဟု မဆိုရတော့၊ ဝေဒနာသာမန်သာဖြစ်သည်။ [စ္စာနင်ဟူသည် ဝိတက်လျှင် နောက်ဆုံးအကွက်ရှိ၏၊ (၀ါ) ဝိတက်ပြဌာန်း၏။]

➤ **အဝိရိဇယသု ဗလာနိ နု လဗ္ဘန္တိ အဓိပ္ပါယ်** ။ ။ ဒွေးပဋ္ဌိဝိညာဉ် ၁၀-ပါး, မနောဓာတ် ၃-ပါး, သန္ဓိလရာ ၃-ပါး ဤ ၁၆-ပါးသောစိတ်တို့၌ယှဉ်သော ဇောဋ္ဌဗာ (၀ါ) သမာဓိသည် ဝိရိယနှင့်မယှဉ်သောကြောင့် သမာဓိဗိုလ် မထိုက်ပါ၊ [မှန်၏။ ဗိုလ်ဟူသည် ဝိရိယလျှင် နောက်ဆုံးအကွက်ရှိ၏၊ (၀ါ) ဝိရိယပြဌာန်း၏။]

➤ **အဓေဟတ္ထေကသု ဗဇ္ဈင်္ဂါနိ နု လဗ္ဘန္တိ အဓိပ္ပါယ်** ။ ။ အဟိတ်စိတ် ၁၈-ခု၌ ယှဉ်နေသည့် ဝိတက်, ဇောဋ္ဌဗာသည်, ဟိတ်နှင့်မယှဉ်သောကြောင့် မဂ္ဂင် အမည် မရပါ၊ (၀ါ) မဂ္ဂင်မရထိုက်၊ [မှန်၏။ မဂ္ဂင်တရားဟူသည် ဟိတ်လျှင် နောက်ဆုံး အကွက်ရှိ၏ (၀ါ) ဝိရိယပြဌာန်း၏။]

➤ **တထာ ဝိစိကိစ္ဆာစိတ္တေ ဇောဋ္ဌဗာ မဗ္ဘိန္ဒိယဗလဘာဝံ နဂ္ဂစ္ဆတိ အဓိပ္ပါယ်**

အဓိမောက္ခမှကင်းသောကြောင့် ဝိစိကိစ္ဆာစိတ်၌ ယှဉ်နေသည့် ဇောဋ္ဌဗာသည် စိတ်တည်ကြည်ရုံမျှသာဖြစ်၏။ မိစ္ဆာသမာဓိ, သမာဓိမ္ဆေ, သမာဓိဗိုလ်အမည် မရပါ။

http://www.dhammadownload.com

➢ **ဒွိဟေတုက တိဟေတုက ဇဝေနဇသွေဝ–၌ ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့် သိစေ လိုသော အဓိပ္ပါယ် ။ ။** ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့် ဇကဟိတ်ဇောတို့၌ အဓိပတိ မရှိသည်ကို သိစေပါသည်။

➢ **ဇဝေနဇသွေဝ–၌ ဝေသဒ္ဒါဖြင့် သိစေလိုသော အဓိပ္ပါယ် ။ ။** ဝေသဒ္ဒါဖြင့် လောကီ ဝိပါက်စိတ်တို့၌ အဓိပတိမဖြစ်သည်ကို သိစေပါသည်၊ [မှန်၏။ ထိုလောကီ ဝိပါက်တို့သည် ဆန္ဒ-စသည်ကို ရှေ့သွားပြု၍ မဖြစ်ကြကုန်။]

➢ **လောကီဝိပါက်စိတ်တို့၌ အဓိပတိ မဖြစ်သင့်ခြင်းအကြောင်း ။ ။** လောကီ ဝိပါက်စိတ်တို့သည် ဆန္ဒ-အစရှိသည်တို့ကို ရှေ့သွားပြု၍ မဖြစ်ကြသောကြောင့် -- လောကီဝိပါက်စိတ်တို့၌ အဓိပတိ မဖြစ်သင့်ပါ။

➢ **ဇဝေနဇသွေဝ–၌ ဇဝသဒ္ဒါထည့်ဆိုရကျိုး ။ ။** ဇဝသဒ္ဒါဖြင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိမဖြစ်သင့်ခြင်းကို ပြရခြင်းအကျိုးရှိပါသည်။

➢ **ယထာသမ္ဘဝ အဓိပတိ ဇဇောဝ လဇ္ဇတိ–၌ ယထာသမ္ဘဝ အဓိပ္ပါယ်**

ဝိမံသာဓိပတိ၏ ဒွိဟိတ်ဇောတို့၌ မဖြစ်သင့်သော ကြောင့်ရင်း, စိတ်ကိုပြုစိမ်ခြင်းဟူသော ဥပနိဿယရှိသောတရား၏ ဖြစ်သင့်သည်အား လျော်စွာ ရထိုက်သည်၏ အဖြစ်ကို ရည်ရွယ်၍ရင်း "ယထာသမ္ဘဝ" ဟု ဆိုရပါသည်။

➢**ဇဇောဝလဇ္ဇတိ အဓိပ္ပါယ် ။ ။** မဟာကုသိုလ် ပထမစိတ်၌ ဆန္ဒ, စိတ်, ဝီရိယ, ဝိမံသ-ဟု အဓိပတိအမည်ရသော တရား ၄-ပါးရှိရာ တစ်မျိုးသာလျှင် အဓိပတိ တပ်သည်-ဟု ပြသည်။ [ဥပမာ] ဆန္ဒက အဓိပတိတပ်လျှင် မဟာကုသိုလ်၌ရှိနေသည့် စိတ္တ, ဝီရိယ, ဝိမံသ-တို့သည် အဓိပတိမတပ်ကြတော့-ဟု ဆိုလိုပါသည်။

➢ **၂-စု ၃-စုပြုခြင်း၍ အဓိပတိမတပ်နိုင်ခြင်းအကြောင်း ။ ။** ၁-ပါးသာမဟုတ်ဘဲ ၂-ပါး, ၃-ပါး, ၄-ပါး အဓိပတိတပ်လျှင် အဓိပတိဖြစ်ခြင်း၏ မဖြစ်သင့်ခြင်းကြောင့်တည်း

➢ **ဈာနင် ၇–ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၅–ပါးသာရှိရခြင်းအကြောင်း**

➢ **ပဌမဈာနဂ်ါနိ–ဟု ဆိုရခြင်းအကြောင်း ။ ။** သောမနဿ, ဒေါမနဿ, ဥပေက္ခာ တို့ကို ဝေဒနာ၏အစွမ်းဖြင့် တပေါင်းတည်းယူထားသောကြောင့်--တည်း။

➢ **မဂ္ဂင် ၁၂–ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၉–ပါးသာရှိရခြင်းအကြောင်း**

➢ **မဂ္ဂဂ်ါနဝ–ဟု ဆိုရခြင်းအကြောင်း ။ ။** မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ တို့ကို ဝိတက်, ဝီရိယ, စိတ္တေကဂ္ဂတာ သဘောအားဖြင့် သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသမာဓိတို့နှင့်ပေါင်း၍ ယူထားသောကြောင့်---တည်း။

➢ **ဣန္ဒြေ ၂၂–ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၁၆–ပါးသာရှိရခြင်းအကြောင်း**

➢ **သောဠသိန္ဒြိယ ဓမ္မာစ–ဟု ဆိုရခြင်းအကြောင်း ။ ။** ဝေဒနိန္ဒြေ ၅-ပါးတို့ကို

http://www.dhammadownload.com

ဝေဒနာ ချင်းတူသောအားဖြင့် ပေါင်းရ၍ယူထားသောကြောင့်ရင်း, လောကုတ္တရာဣန္ဒြေ ၃-ပါးတို့ကိုရင်း, ပညိန္ဒြေကိုရင်း, ဉာဏ်ချင်းတူသည်၏အဖြစ်ဖြင့် ပေါင်းရ၍ယူထားသော ကြောင့်ရင်း, ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေတို့ကို သီးခြားယူထားသောကြောင့်ရင်း ဣန္ဒြေ ၂၂-ပါးရှိပါသော်လည်း တရားကိုယ်အားဖြင့် ၁၆-ပါးသာရှိရပါသည်။

ဓောဓိပက္ခိယဝဏ္ဏနာ

➢ **သတိပဋ္ဌာနံ-ဣ ပဋ္ဌာန-အဓိပ္ပါယ်** ။ ။ အာရုံ၌သက်ဝင်၍ဖြစ်တတ်သောကြောင့် ပဋ္ဌာန-ဟု ခေါ်သည်။ **တစ်နည်း---**အသုဘအခြင်းအရာကိုယူခြင်း၏အစွမ်းဖြင့် ကာယ စသော အာရုံ၌သက်ဝင်၍ဖြစ်တတ်, တည်တတ်သောတရားကို ပဋ္ဌာန-ဟု ခေါ်သည်။

➢ **သတိပဋ္ဌာန် ခေါ်ပုံ** ။ ။ ကာယ-စသော အာရုံ၌သက်ဝင်၍ တည်တတ်သော သတိတရားကို သတိပဋ္ဌာန်-ဟု ခေါ်ပါသည်။

➢ **စတ္တာရော သတိပဋ္ဌာနာ-ဟု မိန့်ဆိုရခြင်းအကြောင်း**

➢ **သတိစေတသိက်တစ်ပါးတည်းဖြစ်ပါလျက် သတိပဋ္ဌာန် ၄-ပါးပြားရခြင်း အကြောင်း** ။ ။ သတိတစ်ခုတည်းကိုပင် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ-အခြင်းအရာကိုယူခြင်း၏အစွမ်းအားဖြင့်ရင်း, သုဘ, သုခ, နိစ္စ, အတ္တ-ဟူသော သညာဝိပလ္လာသကို ပယ်ခြင်း၏အစွမ်းဖြင့်ရင်း, ၄-မျိုးပြားသောကြောင့် သတိပဋ္ဌာန် ၄-ပါးပြားရပါသည်။

➢ **ကာယာနုပဿနာ-ဣ ကာယမည်ပုံ** ။ ။ စက်ဆုပ်အပ်သော ဆံ-အစရှိသော ၃၂-ကောဋ္ဌာသတို့၏တည်ရာဖြစ်သောကြောင့် ကာယမည်ပါသည်။ **တစ်နည်း---** ထွက်သက်, ဝင်သက်တို့၏အပေါင်းသည် "ကာယ" မည်ပါသည်။

➢ **ကာယ-အရ** ။ ။ ခန္ဓာကိုယ်ကို ယူရပါမည်။

➢ **ကာယာနုပဿနာသတိပဋ္ဌာန်မည်ပုံ** ။ ။ ခန္ဓာကိုယ်ကို [သို့မဟုတ်] ထွက်သက်, ဝင်သက်အပေါင်းကို အဖန်ဖန်ရှုခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်မည်ပါသည်။

တစ်နည်း--- ခန္ဓာကိုယ်ကို [သို့မဟုတ်] ထွက်သက်, ဝင်သက်အပေါင်းကို သမထ ဘာဝနာ၏အစွမ်းဖြင့်ရင်း, ဝိပဿနာဘာဝနာ၏အစွမ်းဖြင့်ရင်း အဖန်ဖန်ရှုပွားခြင်း သည် "ကာယာနုပဿနာသတိပဋ္ဌာန်" မည်ပါသည်။

➢ **ကာယာနုပဿနာသတိပဋ္ဌာန်၏ကိစ္စ** ။ ။ သုဘဝိပလ္လာသကို ပယ်ရှားခြင်းကိစ္စ ရှိပါသည်။ * **အာရုံ** --- ကောဋ္ဌာသပညတ်ကို အာရုံပြုပါသည်။

မှတ်ချက်/ ပရိကမ္မဝေနေ ဝိပဿနာဝေနေ-ကိုရှု၍ အာနာပါနဟူသော ပိန်ဖောင်းသည် သမထလည်းဖြစ်နိုင်သည်, ဝိပဿနာလည်းဖြစ်နိုင်သည်။

➢ **ဝေဒနာနုပဿနာ-ဣ ဝေဒနာ အရ** ။ ။ ဒုက္ခ ဒုက္ခ, ဝိပရိဏာမ ဒုက္ခ, သင်္ခါဒုက္ခ-

http://www.dhammadownload.com

ဟူသော ဝေဒနာ ၃-မျိုးကို ယူရပါမည်။

➢ **ဒုက္ခ ဒုက္ခ–မည်ပုံ** ။ ။ ဒေါသမူဌေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ရှိသော ဝေဒနာသည် ဒုက္ခအစစ်ဖြစ်သောကြောင့် "ဒုက္ခ ဒုက္ခ" မည်ပါသည်။

➢ **ဝိပရိဏာမဒုက္ခ မည်ပုံ** ။ ။ သုခ, ဥပေက္ခာဝေဒနာတို့သည် ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသောကြောင့် "ဝိပရိဏာမဒုက္ခ" မည်ပါသည်။

➢ **သင်္ခါရဒုက္ခ မည်ပုံ** ။ ။ ထိုဒုက္ခ သုခ, ဥပေက္ခာဝေဒနာတို့သည် ဖြစ်အောင်ပြုစီမံရခြင်းဟူသော သင်္ခါရနှင့်မကင်းသောကြောင့် "သင်္ခါရဒုက္ခ" မည်ပါသည်။

➢ **ဝေဒနာနုပဿနာသတိပဋ္ဌာန် အဓိပ္ပါယ်** ။ ။ ဒုက္ခ ဒုက္ခ, ဝိပရိဏာမ ဒုက္ခ, သင်္ခါရဒုက္ခ-ဖြစ်သော ဝေဒနာတို့၏အစွမ်းဖြင့် အဖန်ဖန်ရှုတတ်သော သတိသည် "ဝေဒနာနုပဿနာ သတိပဋ္ဌာန်" မည်ပါသည်။

➢ **စိတ္တာနုပဿနာသတိပဋ္ဌာန် အဓိပ္ပါယ်** ။ ။ သရာဂစိတ်, မဟဂ္ဂတ်စိတ်-စသည်တို့၏အစွမ်းဖြင့်ရင်း, သမ္မယုတ်အပြား, ဘုံအပြားအားဖြင့်ရင်း, ကွဲပြားပြီးသောစိတ်ကို အဖန်ဖန်ရှုတတ်သော သတိသည် "စိတ္တာနုပဿနာသတိပဋ္ဌာန်" မည်ပါသည်။

➢ **ဓမ္မာနုပဿနာသတိပဋ္ဌာန် အဓိပ္ပါယ်** ။ ။ ပြားသောလက္ခဏာရှိသော သညာ, သင်္ခါရတို့ကို အဖန်ဖန်ရှုခြင်းသည် "ဓမ္မာနုပဿနာသတိပဋ္ဌာန်" မည်ပါသည်။

➢ **ဓမ္မာနုပဿနာ–ဌ် ဓမ္မ အရ** ။ ။ သညာ, သင်္ခါတို့ကို ယူရပါမည်။ **တစ်နည်း**-ကာယာနုပဿနာဖြင့် ရူပက္ခန္ဓာ, ဝေဒနာနုပဿနာဖြင့် ဝေဒနက္ခန္ဓာ, စိတ္တာနုပဿနာဖြင့် ဝိညာဏက္ခန္ဓာတို့ကို ကောက်ယူပြီးဖြစ်သောကြောင့် သညာက္ခန္ဓာနှင့်ဖသ-အစရှိသော သင်္ခါရက္ခန္ဓာတို့ကိုသာ ပါရိသေသနည်းအားဖြင့် ဓမ္မ-အရ ယူရပါမည်။

➢ **သမ္မပ္ပဓာန် မည်ပုံ** ။ ။ ကောင်းစွာအားထုတ်ကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်ပါသည်။ * **သမ္မပ္ပဓာန–အရ** ။ ။ ဝိရိယစေတသိက်ကို ကောက်ယူရပါမည်။

➢ **စတ္တာရော သမ္မပ္ပဓာနာ–ဟု မိန့်ဆိုရခြင်းအကြောင်း**

➢ **ဝိရိယစေတသိက်တစ်ပါးတည်းဖြစ်ပါလျက် သမ္မပ္ပဓာန် ၄–ပါးပြားရခြင်း အကြောင်း** ။ ။ သမ္မပ္ပဓာန်ဝိရိယသည် ကိစ္စ၏အပြားအားဖြင့် ၄-မျိုးပြားသော်ကြောင့် ဝိရိယ တစ်ပါးတည်းဖြစ်ပါသော်လည်း သမ္မပ္ပဓာန် ၄-မျိုး ပြားရပါသည်။

➢ **ဝါယာမ အဓိပ္ပါယ်** ။ ။ အသုဘကို နှလုံးသွင်းခြင်းဟူသော ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း-စသည်တို့၏အစွမ်းဖြင့် အားထုတ်ခြင်းသည် ဝါယာမ မည်ပါသည်။

➢ **ဣဒ္ဓိ မည်ပုံ** ။ ။ အဓိဋ္ဌာန်ခြင်း-စသည်ကို ပြီးစီးကြောင်းဖြစ်သောကြောင့် ဣဒ္ဓိ မည်ပါသည်။ * **ဣဒ္ဓိ–အရ**--- ဣဒ္ဓိဝိဘောဂ်ကို ယူရပါမည်။

➢ **ဣဒ္ဓိပါဒ် မည်ပုံ** ။ ။ တန်ခိုး၏အခြေခံဖြစ်သောကြောင့် ဣဒ္ဓိပါဒ် မည်ပါသည်။

http://www.dhammadownload.com

➢ **ပါဒ-အရ /ဏ္ဍာ**ဒ္ဒါ**ပါဒ-အရ** ။ ။ သဟဇာတ-စသော ပစ္စည်း၏အစွမ်းဖြင့် (တစ်နည်း) ဥပနိဿယပစ္စည်း၏ အစွမ်းဖြင့် တည်ရာအကြောင်းဖြစ်သော ဆန္ဒ, ဝီရိယ စိတ္တ, စိမ်သ-တို့ကို ယူရပါမည်။

➢ **ဆန္ဒဒ္ဒါ**ပါ**ဒ် မည်ပုံ** ။ ။ ဆန္ဒသည်ပင် တန်ခိုး၏အခြေခံဖြစ်သောကြောင့် ဆန္ဒိဒ္ဓိပါဒ် မည်ပါသည်။

➢ **ဗောဓိ မည်ပုံ** ။ ။ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိတတ်သောကြောင့် "ဗောဓိ" မည်ပါသည်။ ➢ **ဗောဓိ-အရ** ။ ။ အာရဒ္ဓဝိပဿကပုဂ္ဂိုလ်မှစ၍ ယောဂါ ဝစရပုဂ္ဂိုလ်ကို ယူရပါမည်။

တစ်နည်း--- သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိကြောင်းဖြစ်သောကြောင့် ဗောဓိ-ဟုခေါ်သည်။ * **ဗောဓိ-အရ**--- သတိ-စသော တရားအပေါင်းကို ယူရပါမည်။

တစ်နည်း-ကိလေသာ-ဟူသော အိပ်ပျော်ခြင်းမှ နိုးကြားကြောင်းဖြစ်သောကြောင့် ဗောဓိ-ဟု ခေါ်ပါသည်။ * **ဗောဓိ-အရ**--- သတိ-စသော တရားအပေါင်းကိုပင် ယူရပါမည်။

တစ်နည်း - ကိလေသာဟူသော တွန့်ဆုတ်ခြင်းမရှိသောကြောင့် မဂ်ဖိုလ်သို့ ရောက်ခြင်းအားဖြင့် ပွင့်ကြောင်းဖြစ်သောကြောင့် ဗောဓိ မည်ပါသည်။

➢ **ဗောဓိ-အရ** ။ ။ သတိ-စသော တရားအပေါင်းကိုပင် ယူရပါမည်။

➢ **ဗောဇ္ဈင် မည်ပုံ** ။ ။ သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် "ဗောဇ္ဈင်" မည်ပါသည်။ **တစ်နည်း**--- သစ္စာ ၄-ပါးတရားကို ထိုးထွင်း၍ သိကြောင်း ဓမ္မသာမဂ္ဂိ၏ အကြောင်းဖြစ်သောကြောင့် "ဗောဇ္ဈင်" မည်ပါသည်။ **တစ်နည်း**--- ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားကြောင်း ဓမ္မသာမဂ္ဂိ၏အကြောင်း ဖြစ်သောကြောင့် "ဗောဇ္ဈင်" မည်ပါသည်။ **တစ်နည်း**--- မဂ်ဖိုလ်သို့ ရောက်ခြင်းအား ဖြင့် ပွင့်ကြောင်းဓမ္မသာမဂ္ဂိ၏ အကြောင်းဖြစ်သောကြောင့် "ဗောဇ္ဈင်" မည်ပါသည်။

➢ **ဗောဓိ ၂-စု အထူး** ။ ။ ဗောဓိပက္ခိယ-၌ ဗောဓိ-အရ အရိယမဂ်ဥာဏ်ကို ယူရပါသည်။ ဗောဇ္ဈင်-၌ ဗောဓိ-အရကား ယောဂါဝစရပုဂ္ဂိုလ်၊ (တစ်နည်း) သတိ အစရှိသော တရားအပေါင်းကို ယူရပါသည်။ ဤသို့ထူးပါသည်။

➢ **အင် ၃-စု အထူး** ။ ။ စျာနင်, မဂ္ဂင်-တို့၌ အင်-သဒ္ဒါသည် အဝယဝအနက်ကို ဟော၍၊ ဗောဇ္ဈင်-၌ အင်-သဒ္ဒါကား ကာရဏအနက်ကို ဟောပါသည်။

➢ **ဗောဇ္ဈင် ၇-ပါးပြားရပုံ** ။ ။ သတိ-အစရှိသော ဓမ္မတို့၏အစွမ်းဖြင့် ဗောဇ္ဈင် ၇-ပါး ပြားရပါသည်။

➢ **သတိသမ္ဘောဇ္ဈင်၏ စသောစကားရပ်ကို မိန့်ဆိုရကျိုး** ။ ။ ထိုဗောဇ္ဈင်တို့သည်

http://www.dhammadownload.com

တရားကိုယ်ဓမ္မ၏အစွမ်းဖြင့် ၇-ပါးအပြားရှိသောကြောင့် ထို ၇-ပါးတို့ကို သရုပ်အားဖြင့် ထုတ်ပြခြင်းအကျိုးငှာ သတိသမ္ဗောဇ္ဈင်္ဂါ-စသောစကားရပ်ကို မိန့်ဆိုရပါသည်။

➢ **သတိသမ္ဗောဇ္ဈင်မည်ပုံ** ။ ။ သတိသည်သာလျှင် ကောင်းသောဗောဇ္ဈင်ဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်ပါသည်။ **တစ်နည်း**--- သတိသည်သာလျှင် ကောင်းသော ယောဂါဝစရပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် "သတိသမ္ဗောဇ္ဈင်" မည်ပါသည်။

တစ်နည်း--- ကောင်းသောပညာ-စသော တရားအပေါင်း၏အစိတ်ဖြစ်သောကြောင့် "သတိသမ္ဗောဇ္ဈင်" မည်ပါသည်။

➢ **ဓမ္မဝိစယ မည်ပုံ** ။ ။ အနိစ္စ-စသော တရားတို့ကို စူးစမ်းစိစစ်တတ်သောကြောင့် ဓမ္မဝိစယ မည်ပါသည်။ * **ဓမ္မဝိစယ-အရ**--- ဝိပဿနာပညာကို ယူရပါမည်။

➢ **ဥပေက္ခာ သမ္ဗောဇ္ဈင်-၌ ဥပေက္ခာ အရ** ။ ။ တတြမဇ္ဈတ္တုပေက္ခာကို ယူရပါမည်။

➢ **သက်ပွပသဿဒ္ধိ-စသော စကားကို မိန့်ဆိုရကျေး** ။ ။ သတ္တဓာ တတ္တသဂ်ဟောဟု မိန့်ဆိုပြီး၍ တဖန် ၇-ပါးသော သဂ်ဟကိုပြခြင်းအကျိုးငှာ သက်ပွပသဿဒ္ধိ-စသော စကားကို မိန့်ဆိုရပါသည်။

➢ **ဝိရိယ ၉-ဌာနရှိရခြင်းအကြောင်း** ။ ။ သမ္မပ္ပဓာန် ၄-ပါး, ဝိရိယိဒ္ধိပါဒ်, ဝိရိယိန္ဒြေ, ဝိရိယဗိုလ်, ဝိရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမ မဂ္ဂင်တို့၏အစွမ်းဖြင့် ကိုးကိစ္စရှိသောကြောင့် ဝိရိယ ၉-ဌာနရှိရပါသည်။

➢ **သတိသည် ၈-ဌာနရှိရခြင်းအကြောင်း** ။ ။ သတိပဋ္ဌာန် ၄-ပါး, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်တို့၏အစွမ်းအားဖြင့် ၈-ကိစ္စရှိသောကြောင့် သတိသည် ၈-ဌာနရှိရပါသည်။

➢ **သမာဓိ [ဇကဋ္ဌတာ]-သည် ၄-ဌာနရှိရခြင်းအကြောင်း** ။ ။ သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင်တို့၏အစွမ်းအားဖြင့် ၄-ကိစ္စရှိသောကြောင့် သမာဓိ [ဇကဋ္ဌတာ]-သည် ၄-ဌာနရှိရပါသည်။

➢ **ပညာသည် ၅-ဌာနရှိရခြင်းအကြောင်း** ။ ။ ဝိမံသိဒ္ধိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်တို့၏အစွမ်းအားဖြင့် ၅-ကိစ္စရှိသောကြောင့် ပညာသည် ၅-ဌာနရှိရပါသည်။

➢ **သဒ္ဓါသည် ၂-ဌာနရှိရခြင်းအကြောင်း** ။ ။ သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်တို့၏အစွမ်းအားဖြင့် ၂-ကိစ္စရှိသောကြောင့် သဒ္ဓါသည် ၂-ဌာနရှိရပါသည်။

➢ **လောကုတ္တရာစိတ်အားလုံး ရနိုင်သော ဗောဓိပက္ခိယတရား** ။ ။ ဝိတက်နှင့် ဝိတိမှတစ်ပါး ကြွင်းသော ဗောဓိပက္ခိယတရားကိုယ် ၁၂-ပါး ဖြစ်ပါသည်။

➢ **လောကုတ္တရာစိတ်အားလုံး မရနိုင်သော ဗောဓိပက္ခိယတရား** ။ ။ ဝိတက်သည်

http://www.dhammadownload.com

ဒုတိယဈာန်နှင့်ယှဉ်သောစိတ်၌ မဖြစ်သင့်သောကြောင့်ဝင်း, ပီတိသည် စတုတ္ထဈာန်, ပဉ္စမဈာန်နှင့်ယှဉ်သောစိတ်၌ မဖြစ်သင့်သောကြောင့်ဝင်း ဝိတက်နှင့် ပီတိ ဖြစ်ပါသည်

➢ **နဝါ သက်ပ္ပပိတိယော အဓိပ္ပါယ်** ။ ။ ဝိတက်သည် ဒုတိယဈာန်နှင့်ယှဉ်သော စိတ်၌ မဖြစ်သင့်သောကြောင့်ဝင်း, ပီတိသည် စတုတ္ထဈာန်, ပဉ္စမဈာန်နှင့်ယှဉ်သောစိတ်၌ မဖြစ်သင့်သောကြောင့်ဝင်း "နဝါ သက်ပ္ပပိတိယော" ဟု ဆိုပါသည်။

[ဝိတက်ကို တရားကိုယ်ကောက်ရသည့် သမ္မာသက်ပ္ပမဂ္ဂင်သည် လောကုတ္တရာ ပဌမဈာန်၌သာဖြစ်၏၊ ဒုတိယဈာန်-စသည်၌ မဖြစ်, ပီတိကို တရားကိုယ်ကောက်ရသည့် ပီတိသမ္ဘောဇ္ဈင်သည် လောကုတ္တရာ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌သာ ဖြစ်၏။ စတုတ္ထဈာန်, ပဉ္စမဈာန်တို့၌ မဖြစ်, ထိုကြောင့် နဝါသက်ပ္ပပိတိယော-ဟု ဆိုပါသည်။]

➢ **လောကိဝယပိ-ဣ လောကိယ အရ** ။ ။ လောကီကုသိုလ်, ကြိယာစိတ်တို့ကိုသာ ယူရပါမည်။

➢ **လောကိစိတ်၌ ဗောဓိပက္ခိယတရားတို့ ဖြစ်ပုံ+ မဖြစ်ပုံ**

➢ **လောကိဝယပိ ယထာယောဂံ ဆဒ္ဓိသုဒ္ဓိ ပဝတ္တိယံ အဓိပ္ပါယ်** ။ ။ ဗောဓိပက္ခိယတရားတို့သည် လောကီကုသိုလ်, ကြိယာစိတ်တို့၌ သီလဝိသုဒ္ဓိ-စသော ဝိသုဒ္ဓိ ၆-ပါး ဖြစ်ရာအခါ၌ ထိုက်သည်အားလျှော်စွာ အချို့ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီစိတ်၌ အသီးသီးဖြစ်ကြသည်, အချို့သောလောကီစိတ်၌ မဖြစ်သည်လည်းရှိကြသည်။

သဒ္ဓသင်္ခေပဝဏ္ဏနာ

➢ **ခန္ဓာ အဓိပ္ပါယ်** ။ ။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-စသော အပြားအားဖြင့်ပြားကုန်သော ထိုထိုသဘောတရားတို့သည် တပေါင်းတည်း အပေါင်းအစုဟူသော အနက်ကြောင့် ခန္ဓာ မည်ပါသည်။

➢ **ခန္ဓာကို ၅-ပါးသာ ဟောရခြင်းအကြောင်း** ။ ။ ရူပကၡန္ဓာကို ထည့်စရာခွက်-ဟု အထူးကြံခြင်း, ဝေဒနာကၡန္ဓာကို ဘောဇဉ်-ဟု အထူးကြံခြင်း, သညာကၡန္ဓာကို ဟင်းလျာ-ဟု အထူးကြံခြင်း, သင်္ခါရကၡန္ဓာကို စားဖိုသည်-ဟု အထူးကြံခြင်း, ဝိညာဏကၡန္ဓာကို စားတတ်သူ-ဟု အထူးကြံခြင်း၏အစွမ်းဖြင့် ခန္ဓာ ၅-ပါးသာ ဟောရပါသည်။

➢ **ခန္ဓာ ၅-ပါး၏ အိုးခွက်-စသည်နှင့်တူပုံ**

၁။ ရူပကၡန္ဓာ-သည် ဝေဒနာ၏မှီရာဖြစ်သောကြောင့် ခွက်အရာ၌တည်၏။ (ဝါ) ထည့်စရာခွက်နှင့်တူ၏။

၂။ ဝေဒနာကၡန္ဓာသည် ခံစားအပ်သောကြောင့် ဘောဇဉ်အရာ၌တည်၏။ (ဝါ)

http://www.dhammadownload.com

ဘောဇင်နှင့်တူ၏။

၃။ သညာကွန္ဓာသည် ဝေဒနာ၌သာယာခြင်းကို ရခြင်း၏အကြောင်းဖြစ်သော ကြောင့် ဟင်းလျှာအရာ၌တည်၏၊ (၀၊) ဟင်းလျှာနှင့်တူ၏။

၄။ သင်္ခါရကွန္ဓာတို့သည် ပြုပြင်စီမံတတ်သောကြောင့် စားဖိုသည်အရာ၌တည်၏၊ (၀၊) စားဖိုသည်နှင့်တူ၏။

၅။ ဝိညာဏကွန္ဓာသည် သုံးဆောင်ခံစားတတ်သောကြောင့် စားတတ်သူအရာ ၌ တည်၏၊ (၀၊) စားတတ်သူနှင့်တူ၏။ ဤမျှအတိုင်းအရှည်ရှိသော ခန္ဓာ ၅-ပါးဖြင့် လိုအပ်သော အကျိုးပြီးခြင်းကြောင့် ခန္ဓာ ၅-ပါးကိုသာ ဟောထားသည်။

➢ **ရူပကွန္ဓာ, ဝေဒနာကွန္ဓာ, သညာကွန္ဓာ–စသည်ဖြင့် ခန္ဓာ ၅–ပါး ရှေ့နောက်စဉ်ထား ရခြင်း၏အကြောင်း ။ ။** အကြင်ခွက်၌စားရ၏ အကြင်ဘောဇင်ကိုလည်း စားရ၏၊အကြင် ဟင်းလျှာဖြင့်လည်း စားရ၏၊ အကြင် စားဖိုသည်သည်လည်း ချက်ပြုတ် ကျွေးမွေးတတ်၏၊ အကြင်သူသည်လည်း စားတတ်၏၊ ထိုစားရာခွက်, စားအပ်သော ဘောဇင်, ဟင်းလျှာ, စားစေတတ်သူ, စားတတ်သူတို့ကို အစဉ်အားဖြင့် ပြခြင်းငှာ အလိုရှိသောကြောင့် ရူ, ဝေ, သဉ်-စသည်ဖြင့် ခန္ဓာ ၅-ပါးကို ရှေ့နောက်စဉ်ထား ရပါသည်။

[ခွက်နှင့်တူသောကြောင့် ရူပကွန္ဓာကို ရှေးဦးစွာ ထိုနောင် ဘောဇင်နှင့်တူသော ကြောင့် **ဝေဒနာကွန္ဓာ**ကို၊ ထို့နောင် ဟင်းလျှာနှင့်တူသောကြောင့် **သညာကွန္ဓာ**ကို ထို့ နောင် စားဖိုသည်နှင့်တူသောကြောင့် **သင်္ခါရကွန္ဓာ**ကို၊ ထို့နောင် စားတတ်သူနှင့်တူ သောကြောင့် **ဝိညာဏကွန္ဓာ**ကို ဤသို့ ရူပကွန္ဓာ, ဝေဒနကွန္ဓာ, သညာကွန္ဓာ-စသည်ဖြင့် ခန္ဓာ ၅-ပါးကို ရှေ့နောက် အစီအစဉ်ဖြင့် ဟောတော်မူသည်။]

➢ **တစ်ခုတည်းဖြစ်ပါလျက် ဝေဒနာ, သညာ–တို့၏ ခန္ဓာမည်နိုင်ခြင်း၏အကြောင်း**

အတိတ်, အနာဂတ်, ပစ္စုပ္ပန်-စသော အပြားဖြင့်ပြဌာန်းသော ဝေဒနာ သညာတို့ ကို တပေါင်းတည်းစုပေါင်းအပ်သောကြောင့် တစ်ပါးတည်းဖြစ်ပါသော်လည်း ဝေဒနာ သညာတို့သည် ခန္ဓာမည်နိုင်ပါသည်။

➢ **ဥပါဒါနကွန္ဓာ မည်ပုံ ။ ။** ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဥပါဒါနကွန္ဓာ မည်ပါသည်။

➢ **ရူပုပါဒါနကွန္ဓာ–စသော စကားကို မိန့်ဆိုရခြင်း။ ။** ဥပါဒါန်တို့၏ အာရုံ အဖြစ်ဖြင့် ယူအပ်, ဟောအပ်ကုန်သော ထိုရူပ်-အစရှိသည်တို့သည် ၅-ပါးတို့သာ ဖြစ် ကုန်၏ဟု သိစေလိုသောကြောင့် ရူပုပါဒါနကွန္ဓာ-စသော စကားကို မိန့်ဆိုရသည်။

➢ **ခန္ဓာနှင့် ဥပါဒါနကွန္ဓာ အထူး ။ ။** အလုံးစုံသော သဘောတူသောတရားကို

http://www.dhammadownload.com

သိမ်းယူခြင်းအကျိုးငှာ အာသဝ, အနာသဝတရားတို့ကို "ပဋ္ဌာန္ဓာ"ဟု သာမညအားဖြင့် ဟောကြားတော်မူသည်။ ဝိပဿနာ၏အာရုံကို ပြခြင်းအကျိုးငှာ သာသဝတရားတို့ကို သာလျှင် "ဥပါဒါနက္ခန္ဓာ"ဟု ဟောကြားတော်မူသည်၊ (ဝါ) "ပဋ္ဌာ၊ပါဒါနက္ခန္ဓာ"ဟု ဟောတော်မူသည်။ ဤသို့ ထူးပါသည်။

➢ **ခန္ဓာ+ဥပါဒါနက္ခန္ဓာ** ၂-မျိုးတို့တွင် - ဥပါဒါနက္ခန္ဓာကို ဝိပဿနာရှုရပါမည်။

➢ **ပဋ္ဌာန္ဓာ-အရ** ။ ။ သာသဝဖြစ်သော လောကီတရား, အနာသဝဖြစ်သော လောကုတ္တရာတရား ၂-မျိုးကို ယူရပါမည်။

➢ **ဥပါဒါနက္ခန္ဓာ-အရ** ။ ။ သာသဝဖြစ်သော လောကီတရားကိုသာ ယူရပါမည်။

➢ **ရူပ်သည် သာသဝ, အနာသဝ ၂-မျိုး မပြားခြင်းအကြောင်း** ။ ။ ရူပ်သည် ဇကန် ကာမာဝစရတရားဖြစ်သောကြောင့် သာသဝ, အနာသဝ ၂-မျိုး မပြားပါ။

➢ **ရူပ်သည် သာသဝ တစ်မျိုးတည်းသာ ဖြစ်ရခြင်းအကြောင်း** ။ ။ ရူပ်သည် ဇကန် ကာမာဝစရတရားဖြစ်သောကြောင့် သာသဝ တစ်မျိုးသာ ဖြစ်ရပါသည်။

ဇမေ ။ ။ ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ်တို့သည် သာသဝ, အနာသဝ ၂-မျိုးရှိသော ကြောင့် ခန္ဓာ, ဥပါဒါနက္ခန္ဓာ ၂-မျိုးလုံး၌ ပါဝင်သည်မှာ သင့်တန်စေ, ရူပ်တရား သည်ကား--- ဇကန်ကာမာဝစရဖြစ်သောကြောင့် သာသဝ တစ်မျိုးဖြစ်၏။ ယင်း ရူပ်တရား ကို အဘယ်ကြောင့် ခန္ဓာ, ဥပါဒါနက္ခန္ဓာတို့၌ ဟောကြားထားပါသနည်း။

➢ **ရူပ်တရားကို ခန္ဓာ-ဥပါဒါနက္ခန္ဓာတို့၌ ဟောကြားရခြင်းအကြောင်း**

သဘောတူသောရူပ်တရားအစု၏အစွမ်းဖြင့် ထိုရူပ်တရားတို့ကို ခန္ဓာတို့၌ ဟော ကြားထားသည်။ ဥပါဒါန်တို့၏အာရုံအဖြစ်ဖြင့်ရင်း, ရူပ်တရားအစု၏အစွမ်းဖြင့်ရင်း ဥပါဒါနက္ခန္ဓာတို့၌ ဟောကြားထားသည်။

➢ **အာယတန အဓိပ္ပါယ်** ။ ။ ထိုထိုဒွါရ, ထိုထိုအာရုံရှိကုန်သောစိတ်, စေတသိက်တို့ သည် ထိုထိုကိစ္စဖြင့် အားထုတ်ကြရာဖြစ်သောကြောင့် အာယတန မည်ပါသည်။

တစ်နည်း--- အာယမည်သောစိတ်, စေတသိက်တို့ကို စက္ခာယတန-စသည်တို့ သည် ချဲ့ထွင်တတ်သောကြောင့် အာယတန မည်ပါသည်။ ဤအလို -**အာယ အရ** စိတ်, စေတသိက်တရားများကို ယူရပါမည်။

တစ်နည်း--- ရှည်လျားသော သံသရာဆင်းရဲကို ဆောင်တတ်, ဖြစ်တတ်သော ကြောင့် အာယတန မည်ပါသည်။ ဤအလို- **အာယ-အရ** - သံသရာ ဆင်းရဲကို ယူရပါမည်။ **တစ်နည်း**--- စက္ခုဝိညာဉ်-စသည်တို့၏ အကြောင်းဖြစ်သောကြောင့် အာယတန မည်ပါသည်။

တစ်နည်း--ထိုထိုဒွါရ၌ဖြစ်ကုန်သော စက္ခုဝိညာဉ်-စသော တရားတို့၏ တည်ရာ

http://www.dhammadownload.com

ဌာနဖြစ်သောကြောင့် စက္ခာယတန-စသည်ကို အာယတန-ဟု ခေါ်ပါသည်။

ရောပြွမ်းသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သော စက္ခုဝိညာဉ်-စသည်တို့၏ ပေါ်ထွက်ရာဌာနဖြစ်သောကြောင့် စက္ခာယတန-စသည်ကို "အာယတန"-ဟု ခေါ်ပါသည်။

ဒွါရ အာရုံအားဖြင့် ပေါင်းဆုံသက်ရောက်ကုန်သော စက္ခုဝိညာဉ်စသောတရားတို့၏ ပေါင်းဆုံရာဌာနဖြစ်သောကြောင့် စက္ခာယတန-စသည်ကို "အာယတန"-ဟု ခေါ်ပါသည်။ ထိုဒွါရ အာရုံ၌ဖြစ်ကုန်သော စက္ခုဝိညာဉ်-စသောတရားတို့၏ ပေါက်ဖွားရာ ဌာနဖြစ်သောကြောင့် စက္ခာယတန-စသည်ကို "အာယတန" ဟု ခေါ်ပါသည်။

➢ **လောက–၌ အာယတန ၄–မျိုး** ။ ။ ၁။ နိဝါသဌာန--- နေရာအရပ်ကိုလည်း အာယတန-ဟု ခေါ်ပါသည်။ ၂။ အာကရဌာန--- ပေါ်ထွက်ရာဌာနကိုလည်း အာယတန-ဟု ခေါ်ပါသည်။ ၃။ သမောသရဏဌာန--- ပေါင်းဆုံရာအရပ်ကိုလည်း အာယတန-ဟု ခေါ်ပါသည်။ ၄။ သဠာတိဌာန--- ဖြစ်ပွားရာအရပ်ကိုလည်း အာယတန-ဟု ခေါ်ပါသည်။

မှတ်ချက်/ အာယတနသည် စက္ခာယတနမှ မနာယတနတိုင်အောင် **အဗ္ဗတ္တိကာယတန** ၆-ပါး, ရူပါယတနမှ ဓမ္မာယတနတိုင်အောင် **ဗာဟိရာယတန** ၆-ပါး, ဤသို့ ၁၂-ပါး ဖြစ်ပါသည်။

➢ **အာယတနတို့၏ စဋ္ဌနောက်ဟောကြားပုံ အစီအစဉ်**

အဗ္ဗတ္တိကာယတန, ဗာဟိရာယတန ၂-မျိုးတို့တွင် အဗ္ဗတ္တိကာယတနသည် အဗ္ဗတ္တသန္တာန်၌ ကျေးလူးများသောကြောင့် **အဗ္ဗတ္တိကာယတန**ကို ရှေးဦးစွာ ဆိုပါသည်။

အဗ္ဗတ္တိကာယတနတို့တွင် သနိဒဿန, သပ္ပဋိဃတရားလျှင် အာရုံရှိသောကြောင့် စက္ခာယတနသည် ထင်ရှား၏။ ထို့ကြောင့် **စက္ခာယတန**ကို ရှေးဦးစွာ ဟောထားသည်။

ထိုစက္ခာယတန၏အခြားမဲ့၌ အနိဒဿန သပ္ပဋိဃလျှင် အာရုံရှိသောကြောင့် **သောတာယတန**-စသည်ကို ဟောထားသည်။

အသမ္ဘတ္တဂ္ဂါဟကအဖြစ် တူသောကြောင့် စက္ခာယတန-၏ အခြားမဲ့၌ **သောတာယတန**-ကို ဟောတော်မူပါသည်။

လျှင်မြန်စွာ အာရုံကိုယူခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် ယာန, ဇိဝှါ, ကာယတို့တွင် **ယာနာယတန** ကို ရှေးဦးစွာ ဟောတော်မူသည်။

[ဥပမာ] ထမင်းပွဲတစ်ခု ရှေ့သို့ယူလာသည့်အခါ ယင်းထမင်းပွဲ၌ပါဝင်သည့် ဘောဇဉ်-စသည်တို့၏ အနံ့သည် လေသို့အစဉ်လျှောက်သဖြင့် ယာနပသာဒ၌ ထိခိုက်လာ၏။ ထို့ကြောင့် အာရုံကိုယူရာ၌ ယာနပသာဒသည် ဇိဝှါ စသည်တို့ထက် လျှင်မြန်၏။

ယာနနှင့် ဇိဝှါတို့သည် ခန္ဓာကိုယ်၏ တစ်စိတ်တစ်ဒေသအရပ်၌ ဖြစ်ပုံချင်းတူသော

http://www.dhammadownload.com

ကြောင့် ယာနာယတန၏အခြားမဲ့၌ ဇိဝှါယတနကို ဟောတော်မူပါသည်။

➢ **ဇိဝှာယတန၏အခြားမဲ့၌ ကာယာယတနကို ဟောတော်မူရခြင်းအကြောင်း**

အလုံးစုံသောဌာနဌာနတို့ဖြစ်သောကြောင့် (၀၊) တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်သော ကြောင့် ဇိဝှါယတန၏အခြားမဲ့၌ ကာယာယတနကို ဟောတော်မူပါသည်။

➢ **ကာယာယတန၏အခြားမဲ့၌ မနာယတနကို ဟောတော်မူရခြင်းအကြောင်း**

စက္ခာယတန-စသော အာယတန ၅-ပါးတို့၏ အာရုံကိုယူခြင်းဌာ စွမ်းနိုင်သော ကြောင့် ကာယာယတန၏အခြားမဲ့၌ မနာယတနကို ဟောတော်မူပါသည်။

➢ **ဓာတ်-ဟု ခေါ်ဆိုရခြင်းအကြောင်း**

၁။ မိမိသဘောကို ဆောင်တတ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၂။ ထိုက်သည့်အားလျော်စွာ များသောအပြားရှိသော သံသရာဆင်းရဲကို စီမံတတ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၃။ ဝန်ကိုဆောင်သောသူတို့သည် ဝန်ကိုဆောင်အပ်ကုန်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၄။ မိမိအလိုသို့ မလိုက်စေနိုင်ကြသည့်အတွက် သံသရာဆင်းရဲကို စီမံခြင်းမျှ ဖြစ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၅။ သတ္တဝါတို့သည် သံသရာဆင်းရဲကို စီမံရကြောင်းဖြစ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၆။ ထိုသို့ သတ္တဝါတို့ စီမံတိုင်းသော သံသရာဒုက္ခကို ဤစက္ခု-စသော ဓာတ်တို့၌သာ ထားအပ်ကြောင်းဖြစ်သောကြောင့် ဓာတ်-ဟု ခေါ်ပါသည်။

၇။ ကိုယ်၏အစိတ်အပိုင်းဖြစ်သော ရသဓာတ်, သွေးဓာတ်-စသော ဓာတ်နှင့်တူ သောကြောင့်ရင်း, ကျောက်၏အစိတ်အပိုင်းဖြစ်သော ဆေးဒန်း မြင်းသီလာ-စသော ဓာတ်နှင့်အစိတ်အပိုင်းအဖြစ်ဖြင့် တူသောကြောင့်ရင်း စက္ခု-စသည်ကို ဓာတ်-ဟု ခေါ်ပါသည်။

. **မှတ်ချက်**/ ဓာတ် ၁၈-ပါးကို ရှေ့နောက်စီစဉ်ခြင်းသည် အာယတန ၁၂-ပါးကို ရှေ့နောက် စီစဉ်ခြင်းနှင့်တူ၏။

➢ **ဓာတ် ၁၈-ပါး ဖြစ်လာရပုံ** ။ ။ မနာယတနကို ၇-ပါးသော ဝိညာဏဓာတ်တို့ ၏ အစွမ်းဖြင့် ခွဲခြား၍ ဟောတော်မူထားသောကြောင့် ကြွင်း အာယတန ၁၁-ပါးတို့နှင့် တကွ ဓာတ် ၁၈-ပါး ဖြစ်လာရပါသည်။

➢ **အရိယသစ္စာ-မည်ခြင်းအကြောင်း** ။ ။ ၁။ အရိယအဖြစ်ကို ပြုတတ်သော ကြောင့် **အရိယ** မည်ပါသည်။ မှန်ကန်သောကြောင့် **သစ္စာ** မည်ပါသည်။

http://www.dhammadownload.com

အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ် ပြီးစေတတ်သော မှန်ကန်သော သစ္စာတို့ ဖြစ်သောကြောင့် "**အရိယသစ္စာ**" မည်ပါသည်။ [ဤအလို] **အရိယ–အရ**--- အရိယာ ပုဂ္ဂိုလ်အဖြစ်ကို ပြုတတ်သော သစ္စာတရားကိုပင် ယူရပါမည်။

၂။ အရိယာတို့သည် ထိုးထွင်း၍သိအပ်သောကြောင့် အရိယာပုဂ္ဂိုလ်တို့၏သစ္စာ ဖြစ်ရကား "**အရိယာသစ္စာ**" မည်ပါသည်။ [ဤအလို] **အရိယ–အရ**--- အရိယာပုဂ္ဂိုလ် ကို ယူရပါမည်။

၃။ အရိယာမည်သောဘုရား၏ သစ္စာဖြစ်သောကြောင့် "**အရိယသစ္စာ**"မည်ပါ သည်။ [ဤအလို] **အရိယ–အရ**--- ဘုရားရှင်ကိုသာ ယူရပါမည်။

➢ **သစ္စာ ၄–ပါးတို့က အရိယာဖြစ်စေအောင် ပြုနိုင်ခြင်းအကြောင်း** ။ ။ သစ္စာကို ထိုးထွင်း၍မသိသော် အရိယာမဖြစ်နိုင်, သစ္စာကိုထိုးထွင်း၍သိမှ အရိယာဖြစ်နိုင် သောကြောင့် သစ္စာတရားတို့က အရိယာပုဂ္ဂိုလ်အဖြစ်ကို ပြီးစေတတ်သည်။ (၀၊) အရိယာဖြစ်အောင် ပြုနိုင်ကြပါသည်။

➢ **သစ္စာ ၄–ပါး၏ မှန်ကန်ပုံ**

၁။ ဒုက္ခသစ္စာ၏ ဗာဓကတ္တာ----- ညှဉ်းဆဲတတ်သည်၏အဖြစ်။

၂။ သမုဒယသစ္စာ၏ ပဘဝတ္တာ----- အမွန်အစ၏အဖြစ်။

၃။ နိရောဓသစ္စာ၏ နိဿရဏတ္တာ----- ဒုက္ခသမုဒယတို့မှ ထွက်မြောက်တတ် သည်၏အဖြစ်။ ၄။ မဂ္ဂသစ္စာ၏ နိယျာနိကတ္တာ--- ဝဋ္ဌဆင်းရဲမှ ထွက်မြောက်တတ် သည်၏အဖြစ်။ ဤသို့ သစ္စာ ၄-ပါး သူ့သဘောနှင့်သူရှိသောကြောင့် ယင်းသစ္စာ ၄-ပါးသည် မှန်ကန်ကြပါသည်။

➢ **ဒုက္ခသစ္စာ၏ မှန်ကန်ပုံ** ။ ။ ဒုက္ခသစ္စာသည် မိမိကိန်းရာသတ္တဝါကို ညှဉ်းဆဲနှိပ် စက်တတ်သော ဗာဓကသတ္တိရှိ၏။ ထိုဗာဓကသတ္တိသည် ဒုက္ခမှတစ်ပါး အခြားတရား ၌မရှိ၊ ထိုဒုက္ခ၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤလက္ခဏာအားဖြင့် ဒုက္ခသည် မှန်ကန်သော သစ္စာ ၁-ပါး ဖြစ်ပါသည်။

➢ **သမုဒယသစ္စာ၏ မှန်ကန်ပုံ** ။ ။ သမုဒယသစ္စာသည် ဒုက္ခ၏ ပဘဝတ္တာ-အမွန်အစ ဖြစ်ခြင်းသဘောရှိသည်၊ ထိုပဘဝတ္တာသတ္တိသည် တဏှာမှတစ်ပါး အခြား တရား၌ မရှိ၊ ထိုတဏှာ၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤလက္ခဏာအားဖြင့် တဏှာဟူသော သမုဒယသည် မှန်ကန်သော သစ္စာ ၁-ပါး ဖြစ်ပါသည်။

➢ **နိရောဓသစ္စာ၏ မှန်ကန်ပုံ** ။ ။ နိဗ္ဗာန်သည် နိဿရဏ- ဒုက္ခ, သမုဒယတို့၏ ထွက်မြောက်ရာဟူသော သဘောရှိ၏၊ ထိုနိဿရဏသတ္တိသည် နိဗ္ဗာန်မှတစ်ပါး အခြားတရားတို့၌မရှိ၊ ထိုနိဗ္ဗာန်၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤလက္ခဏာအားဖြင့် နိဗ္ဗာန်

http://www.dhammadownload.com

ဟူသော နိရောဓသည် မှန်ကန်သော သစ္စာ ၁-ပါး ဖြစ်ပါသည်။

➢ **မဂ္ဂသစ္စာ၏ မှန်ကန်ပုံ** ။ ။ မဂ္ဂင် ၈-ပါးသည် နိယျာနိက ဝင်ရောက်ဆင်းရဲမှ ထွက်မြောက်တတ်၏။ ထိုနိယျာနိကသတ္တိသည် မဂ္ဂင် ၈-ပါးမှတစ်ပါး အခြားတရားတို့၌မရှိ၊ ထိုမဂ္ဂင် ၈-ပါး၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤလက္ခဏာအားဖြင့် မဂ္ဂင် ၈-ပါးဟူသော မဂ္ဂသည် မှန်ကန်သော သစ္စာ ၁-ပါး ဖြစ်ပါသည်။

➢ **အရိယာတို့၏ သစ္စာ-ဟု ဆိုရခြင်းအကြောင်း** ။ ။ အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိထိုက်သောကြောင့် အရိယာတို့၏ သစ္စာ-ဟု ဆိုပါသည်။

➢ **မြတ်စွာဘုရား၏ သစ္စာ-ဟု ဆိုရခြင်းအကြောင်း** ။ ။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူသောကြောင့် မြတ်စွာဘုရား၏ သစ္စာ-ဟု ဆိုပါသည်။

➢ **သစ္စာ ၄-ပါး ပြားရခြင်းအကြောင်း** ။ ။ သံကိလိဋ္ဌ, အသံကိလိဋ္ဌ, ဖလ, ဟေတု-တို့၏ အပြားအားဖြင့် ၄-မျိုးပြားသောကြောင့် သစ္စာ ၄-ပါး ပြားရပါသည်။

➢ **သစ္စာ ၄-ပါးကို သံကိလိဋ္ဌ-အသံကိလိဋ္ဌခွဲပုံ**

၁။ ဒုက္ခသစ္စာ, သမုဒယသစ္စာတို့ကား သံကိလိဋ္ဌသစ္စာ ဖြစ်ပါသည်။

၂။ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကား အသံကိလိဋ္ဌသစ္စာ ဖြစ်ပါသည်။

➢ **သစ္စာ ၄-ပါး သံကိလိဋ္ဌ-အသံကိလိဋ္ဌ ခွဲပုံ**

၁။ သံကိလိဋ္ဌဖလ--- ညစ်နွမ်းသော အကျိုးဟူသည် ဒုက္ခသစ္စာတည်း။

၂။ သံကိလိဋ္ဌဟေတု- ညစ်နွမ်းသော အကြောင်းဟူသည် သမုဒယသစ္စာတည်း။

၃။ အသံကိလိဋ္ဌဖလ--- မညစ်နွမ်းသော အကျိုးဟူသည် နိရောဓသစ္စာတည်း။

၄။ အသံကိလိဋ္ဌဟေတု--- မညစ်နွမ်းသော အကြောင်းဟူသည် မဂ္ဂသစ္စာတည်း။

➢ **သစ္စာ ၄-ပါးကို အကြောင်းအကျိုး ခွဲပုံ**

၁။ သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ကား--- ဟေတု (အကြောင်း) သစ္စာ ဖြစ်ပါသည်။

၂။ ဒုက္ခသစ္စာ, နိရောဓသစ္စာတို့ကား---ဖလ(အကျိုး) သစ္စာ ဖြစ်ပါသည်။

➢ **ဒုက္ခမည်ပုံ** ။ ။ စက်ဆုပ်အပ်သောကြောင့်လည်းကောင်း, အချည်းနှီးဖြစ်သောကြောင့်လည်းကောင်း "ဒုက္ခ" မည်ပါသည်။

➢ **သမုဒယ မည်ပုံ** ။ ။ ကံ-စသော အကြောင်းတရားတို့၏ အနီးဌ် စုဝေးတည်နေခဲ့သော် ဒုက္ခဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် တဏှာ (၀ါ) လောဘ စေတသိက်သည် "**သမုဒယ**"မည်၏။(**မုဒ္ဒအားဖြင့်**--တဏှာသည်သာ သမုဒယသစ္စာ မည်ပါသည်။ **ဥပစာအားဖြင့်**--- လောကီကုသိုလ်, အကုသိုလ်အားလုံးကို သမုဒယသစ္စာ-ဟု ခေါ်ပါသည်။) [ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ]

➢ **ဒုက္ခသမုဒယ မည်ပုံ** ။ ။ ကံ-အစရှိသော အကြောင်းတို့ အနီးဌ် စုဝေးတည်

http://www.dhammadownload.com

နေလတ်သော် ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် "ဒုက္ခသမုဒယ" မည်၏။

➢ **ဒုက္ခနိရောဓ ဓေါ်ပုံ** ။ ။ ဒုက္ခ၏ အပြီးသတ်ချုပ်ငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာန်ကို "ဒုက္ခနိရောဓ"ဟု ခေါ်ပါသည်။

➢ **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဓေါ်ပုံ** ။ ။ ဒုက္ခ၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့် မဂ်တရားကို ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-ဟုခေါ်သည်

➢ **ဓမ္မာရုံ/ဓမ္မဓာတ် နှစ်မည်ရသောတရား** ။ ။ စေတသိက် ၅၂-ပါး, သုခုမရူပ် ၁၆-ပါး, နိဗ္ဗာန်၊ ဤ ၆၉-ပါးသော တရားတို့သည် ဓမ္မာရုံ, ဓမ္မာယတန, ဓမ္မဓာတ် အမည်ရသော ထရားတို့ဖြစ်ကြပါသည်။

➢ **ဝေဒနာနှင့်သညာတို့ကို ခန္ဓာသီးခြားပွဲ့ရခြင်းအကြောင်း** ။ ။ ဝဋ်တရားတို့၌ သာယာတတ်သော ဝေဒနာ, ထိုဝေဒနာ၏အကြောင်း အဆောက်အဦးဖြစ်သောကြောင့် ဝေဒနာနှင့်သညာတို့ကို ခန္ဓာသီးခြားဖွဲ့ရပါသည်။

တစ်နည်း--- သာယာတတ်သော ဝေဒနာကိုဂင်း, ထိုဝေဒနာ၌ သွန်းလောင်းထည့်ခတ်အပ်သော သညာကိုဂင်း, သီးခြားခွဲထုတ်၍ ညွှန်ပြလိုသောကြောင့် ဝေဒနာနှင့်သညာတို့ကို ခန္ဓာသီးခြား ဖွဲ့ရပါသည်။

တစ်နည်း--- ဝဋ်တရားတို့၌ သာယာတတ်သောကြောင့် ဝေဒနာကို ခန္ဓာသီးခြားဖွဲ့ရပါသည်။ ထိုဝေဒနာ၏အကြောင်း အဆောက်အဦးဖြစ်သောကြောင့် သညာကိုလည်း ခန္ဓာသီးခြား ဖွဲ့ရပါသည်။

[အကျယ်] တေဘူမကတရားတို့၌ ဝေဒနာသည် သာယာခြင်း၏အစွမ်းဖြင့်ဖြစ်၏၊ အသုဘ-စသည်တို့၌ သုဘအစရှိသော သညာဝိပလ္လာသ၏အစွမ်းဖြင့် ထိုဝေဒနာ၏ သာယာသော အခြင်းအရာအားဖြင့်ဖြစ်၏။ သညာသည် ထိုဝေဒနာ၏အကြောင်း အဆောက်အဦးဖြစ်၏။ ထို့ကြောင့် သံသရာ၏ ပဓာန အကြောင်းဖြစ်သောကြောင့် ဝေဒနာ သညာတို့ကို ခန္ဓာသီးခြား ဖွဲ့ရပါသည်။

ဓမ်း ။ ။ ခန္ဓာ ၅-ပါးရှိသည့်အနက် အဘယ်ခန္ဓာများသည် သံသရာလည်ရာ၌ ပဓာန အကျဆုံးဖြစ်သည်ဟု အကြောင်းပြ၍ ဋီကာကျော် အာဘော်သွင်းကာ ဖြေရှင်းခဲ့ပါ။

➢ **သံသရာလည်ရာ၌ ပဓာန အကျဆုံးဖြစ်သည့် ခန္ဓာများ**

တေဘူမကတရားတို့၌ ဝေဒနာသည် သာယာခြင်း၏အစွမ်းဖြင့်ဖြစ်၏၊ အသုဘ-စသည်တို့၌ သုဘအစရှိသော သညာဝိပလ္လာသ၏အစွမ်းဖြင့် ထိုဝေဒနာ၏ သာယာသော အခြင်းအရာအားဖြင့်ဖြစ်၏။ သညာသည် ထိုဝေဒနာ၏အကြောင်း အဆောက်အဦးဖြစ်၏။ ထို့ကြောင့် ဝေဒနာကွန္ဓာ, သညာကွန္ဓာ-တို့သည် သံသရာလည်ရာ၌ ပဓာန အကျဆုံး ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **နိဗ္ဗာန်ကို ဓန္ဓာ မဖွဲ့ရခြင်းအကြောင်း ။ ။** နိဗ္ဗာန်သည် အတိတ်, အနာဂတ်-စသော အပြားမရှိသောကြောင့် နိဗ္ဗာန်ကို ဓန္ဓာမဖွဲ့ရပါ။

➢ **အာယတန ၁၂-ပါး ပြားရခြင်းအကြောင်း ။ ။** ဒွါရ ၆-ပါး, အာရုံ ၆-ပါး ပြားသောကြောင့် အာယတန ၁၂-ပါး ပြားရပါသည်။

➢ **ဓာတ် ၁၈-ပါး ပြားရခြင်းအကြောင်း ။ ။** ဒွါရ ၆-ပါး, အာရုံ ၆-ပါး ထိုဒွါရ အာရုံကိုမှီသော ဝိညာဉ်တို့၏အစဉ်ဖြင့် ဓာတ် ၁၈-ပါး ပြားရပါသည်။

➢ **ဝဋ္ဋ- ဝဋ်မည်ပုံ ။ ။** ကံနှင့်ကံ၏အကျိုးတရား ဖြစ်ရာဖြစ်သောကြောင့် တေဘူမကတရားသည် ဝဋ္ဋ-ဝဋ်မည်ပါသည်။

အမှာ/ အကောင်းကို ခံစားနေရခြင်းသည် အကောင်းဝဋ်လိုက်ခြင်းဖြစ်၏၊ မကောင်းသော ဒုက္ခကို ခံစားနေရခြင်းသည် ‒မကောင်းဝဋ်လိုက်ခြင်းဖြစ်၏၊ ကာမ, ‒ရူပ, အရူပ-ဟူသော ဘုံ ၃-ပါး၌ ဖြစ်နေသရွေ့ ဝဋ်လိုက်နေသည်ဟု မှတ်ပါ။

➢ **တဏှာသမုဒယောဘဝ-၌ တဏှာအစစ် တရာ့ရှစ် (၁၀၈) ရေတွက်ပုံ**

တဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု ၃-ပါးရှိသည်၊ ၎င်း ၃-ပါးကိုတည် အာရုံ ၆-ပါးနှင့်မြှောက်သော် ၁၈-ပါး ဖြစ်ရာ၏။ ၎င်း ၁၈-ပါးကိုတည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါးနှင့်မြှောက်သော် ၅၄-ပါးဖြစ်၏၊ ၎င်း ၅၄-ပါးကိုတည်၊ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် ၂-ပါးနှင့်မြှောက်သော် တဏှာအစစ် (၁၀၈) ဖြစ်ပါသည်။ [၎င်း ၁၀၈-ပါးကို တဏှာ-အရ ယူရပါမည်။]

➢ **ဒုက္ခဖြစ်စရာတွေ မျှားစွာရှိရာတွင် "တဏှာ"ကိုသာ ဒုက္ခ၏အကြောင်း "သမုဒယ"ဟု ညွှန်ဆိုရခြင်းအကြောင်း/**

တဏှာကိုသာ သမုဒယသစ္စာ-ဟု ဆိုရခြင်း အကြောင်း ။ ။ ပဓာနအကြောင်းဖြစ်သောကြောင့် တဏှာကိုသာ သမုဒယသစ္စာ-ဟု ခေါ်ဆိုရပါသည်။

[**အကျယ်**] ကံ၏ဆန်းကြယ်စွာဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း, ကံ၏ အဖော်သဟဲအဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်ရင်း, ဒုက္ခ၏ ဆန်းကြယ်သည်၏အဖြစ်ဟူသော အကြောင်း၏အဖြစ်ကြောင့် တဏှာသည် ဒုက္ခ၏ထူးသော အကြောင်းဖြစ်သည်၊ (ဝါ) တဏှာကိုသာ သမုဒယသစ္စာ-ဟု ဆိုရပါသည်။

➢ **စဒေသနာ ၂-ခု မဆန့်ကျင်ပုံ ။ ။** မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စ ဝိနိဿဇ္ဇာ ဟူသော သင်ဟပါဠိအရ မဂ်စိတ္တုပ္ပါဒ် ၂၉-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် မုချအားဖြင့် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ထို့ကြောင့် မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စ ဝိနိဿဇ္ဇာကို မုချဒေသနာ-ဟု မှတ်ရပါမည်။

စတုသစ္စ ဝိနိမုတ္တောဿ, ဥ ယျောနာမ နတ္ထိကားဟု ဥပစာဒေသနာ ဖြစ်သည်၊

http://www.dhammadownload.com

ထို့ကြောင့် စကား ၂-ရပ် မဆန့်ကျင်ပါ။

[ဓမ္မသင်္ဂဏီပါဠိတော် အညာတာဝိန္ဒြိယနိဒ္ဒေသ-၌ မဂ္ဂင်္ဂ.မဂ္ဂပရိယာပန္နံ-ဟု ဟောထားသောကြောင့် ဖိုလ်၌ယှဉ်နေသည့် သမ္မာဒိဋ္ဌိ (၄) သမ္မာသမာဓိဟူသော စေတသိက် ၈-လုံးကို မဂ္ဂသစ္စာ၌ထည့်သွင်း ရေတွက်အပ်၏။ (၀ါ) မဂ္ဂသစ္စာဖွဲ့.အပ်၏။ ကျန်သော မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်များကို သခါရဒုက္ခအဖြစ်တူသောကြောင့် ဒုက္ခသစ္စာ-၌ ထည့်သွင်းရေ တွက်အပ်၏။ (၀ါ) ဒုက္ခသစ္စာ ဖွဲ့.အပ်၏။ ယင်းသို့ ပရိယာယ်အားဖြင့် သစ္စာဖွဲ့.လိုက်လျှင် သစ္စာဒေသနာ-၌လည်း တရား အားလုံးဝင်သွားပါသည်။]

➢ **မြတ်စွာဘုရားသည် ခန္ဓာ-စသော မျှားစွာစသောတရားတို့ကို ဟောတော်မူရခြင်းအကြောင်း ။ ။** [ဘုရားရှင်သည် ခန္ဓာစသည်ကို မျှားစွာဟောထားသောကြောင့် သင်ဟကျမ်း၌လည်း ဘုရားရှင်ဟောထားသည့်အတိုင်း ရေးထားခြင်းဖြစ်သည်။]

သုံးပါးအပြားရှိသော သတ္တဝါတို့ကို ခိုးမြှောက်တော်မူလိုသောကြောင့် ဘုရားရှင်သည် ခန္ဓာစသည်ကို မျှားစွာဟောကြားထားသည်။

➢ **ဘုရားရှင်၏ ခန္ဓာ, အာယတန, ဓာတုဒေသနာတို့ဖြင့် ခိုးမြှောက်အပ်သော သတ္တဝါ ၃-မျိုး ။ ။** ၁။ နာမသမ္မုဋ္ဌ-နာမ်၌ တွေ့ဝေသောပုဂ္ဂိုလ်, ၂။ ရူပသမ္မုဋ္ဌ -ရူပ်၌ တွေ့ဝေသောပုဂ္ဂိုလ်, ၃။ တဒုဘယသမ္မုဋ္ဌ - နာမ်ရူပ် ၂-ပါး၌ တွေ့ဝေသောပုဂ္ဂိုလ်။

တစ်နည်း – ၁။ တိက္ခိန္ဒြိယ - ထက်မြက်သော ပညာနှေးရှိသော သတ္တဝါ၊ ၂။ နာတိတိက္ခိန္ဒြိယ - မထက်မြက်သော ပညာနှေးရှိသော သတ္တဝါ၊ ၃။ မုဒိန္ဒြိယ- နုံ့သော ပညာနှေးရှိသော သတ္တဝါ၊ **တစ်နည်းအားဖြင့်**-- ၁။ သံခိတ္တရုစိ-အကျဉ်း ကြိုက်ပုဂ္ဂိုလ်, ၂။ မဇ္ဈိမရုစိ- အလယ်အလတ်ကြိုက်ပုဂ္ဂိုလ်, ၃။ ဝိတ္ထာရရုစိ- အကျယ်ကြိုက်သော ပုဂ္ဂိုလ်ဟု ၃-မျိုးစီရှိပါသည်။

ဓမ်း ။ ။ ဘုရားရှင်၏ ခန္ဓာ, အာယတန, ဓာတုဒေသနာတို့ဖြင့် ခိုးမြှောက်အပ်သော သတ္တဝါ ၃-မျိုးတို့ကို ဆိုင်ရာဒေသနာနှင့် တွဲစပ်ဖော်ပြပြီးလျှင် ယင်းဒေသနာတို့၏ အဆုံး၌ သစ္စာတရားကို ဟောကြားတော်မူခြင်း၏ ရည်ရွယ်ချက်ကိုလည်း ဖော်ပြခဲ့ပါ။

➢ **ဘုရားရှင်၏ ခန္ဓာ, အာယတန, ဓာတုဒေသနာတို့ဖြင့် ခိုးမြှောက်အပ်သော သတ္တဝါ ၃-မျိုးတို့ကို ဆိုင်ရာစဒေသနာနှင့် တွဲစပ်ပုံ**

နာမသမ္မုဋ္ဌပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်, သံခိတ္တရုစိပုဂ္ဂိုလ်တို့အတွက် ခန္ဓာဒေသနာတော်ကို ဟောတော်မူသည်။ [ယင်းခန္ဓာဒေသနာ၌ နာမ်ခန္ဓာ ၄-ပါးဟောကြားထားသောကြောင့် နာမသမ္မုဋ္ဌပုဂ္ဂိုလ်နှင့် သင့်လျော်သည်။]

ရူပသမ္မုဋ္ဌပုဂ္ဂိုလ်, နာတိတိက္ခပုဂ္ဂိုလ်, မဇ္ဈိမရုစိပုဂ္ဂိုလ်တို့အတွက် အာယတနဒေသနာကို ဟောတော်မူသည်။ [ယင်း အာယတနဒေသနာတော်၌ ရူပ် အာယတနကို

http://www.dhammadownload.com

၁၀-ပါးခွဲ၍ ဟောကြားထားသောကြောင့် ရူပသမ္ပဋ္ဌပုဂ္ဂိုလ်နှင့် သင့်လျော်ပါသည်။]

ဥဘယသမ္ပဋ္ဌပုဂ္ဂိုလ်, မုဒိန္ဒြိယပုဂ္ဂိုလ်, ဝိတ္ထာရရုစိပုဂ္ဂိုလ်တို့အတွက် ဓာတုဒေသနာကို ဟောတော်မူသည်။ [ယင်းဓာတုဒေသနာတော်၌ ရုပ်ဓာတ် ၁၀-ပါးခွဲ, နာမ်ဓာတ် ၇-ပါးခွဲ, ဟောကြားထားသောကြောင့် ဥဘယသမ္ပဋ္ဌပုဂ္ဂိုလ်နှင့် သင့်လျော်သည်။]

ဓမ ။ ။ မြတ်စွာဘုရားသည် အဘယ့်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့အတွက် အဘယ်ဒေသနာတော်ကို ဟောတော်မူပါသနည်း။

ဓမ္ဘ ။ ။ ခန္ဓဒေသနာ၌ နာမ်ခန္ဓာ ၄-ပါး ဟောကြားထားသောကြောင့် နာမသမ္ပဋ္ဌပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်, သံခိတ္တရုစိပုဂ္ဂိုလ်တို့အတွက် **ခန္ဓဒေသနာတော်** ကို ဟောတော်မူပါသည်။

အာယတန ဒေသနာတော်၌ ရုပ် အာယတနကို ၁၀-ပါးခွဲ၍ ဟောကြားထားသောကြောင့် -- ရူပသမ္ပဋ္ဌပုဂ္ဂိုလ်, နာတိတိက္ခပုဂ္ဂိုလ်, မဇ္ဈိမရုစိပုဂ္ဂိုလ်တို့အတွက် **အာယတနဒေသနာတော်** ကို ဟောတော်မူသည်။

ဓာတုဒေသနာတော်၌ ရုပ်ဓာတ် ၁၀-ပါးခွဲ, နာမ်ဓာတ် ၇-ပါးခွဲ, ဟောကြားထားသောကြောင့် ဥဘယသမ္ပဋ္ဌပုဂ္ဂိုလ်, မုဒိန္ဒြိယပုဂ္ဂိုလ်, ဝိတ္ထာရရုစိပုဂ္ဂိုလ်တို့အတွက် **ဓာတုဒေသနာတော်** ကို ဟောတော်မူသည်။

➢ နာမသမ္ပဋ္ဌပုဂ္ဂိုလ်တို့အား ခန္ဓဒေသနာကို ဟောတော်မူရခြင်းအကြောင်း

ခန္ဓဒေသနာ၌ နာမ်ခန္ဓာ ၄-ပါး ဟောကြားထားသောကြောင့် နာမသမ္ပဋ္ဌပုဂ္ဂိုလ် ခန္ဓဒေသနာကို ဟောတော်မူရပါသည်။

➢ ရူပသမ္ပဋ္ဌပုဂ္ဂိုလ်တို့အား အာယတနဒေသနာကို ဟောတော်မူရခြင်း

အာယတန ဒေသနာတော်၌ ရုပ် အာယတနကို ၁၀-ပါးခွဲ၍ ဟောကြားထားသောကြောင့် ရူပသမ္ပဋ္ဌပုဂ္ဂိုလ်တို့အား အာယတနဒေသနာကို ဟောတော်မူသည်။

➢ ဥဘယသမ္ပဋ္ဌပုဂ္ဂိုလ်တို့အား ဓာတုဒေသနာကို ဟောတော်မူခြင်းအကြောင်း

ဓာတုဒေသနာတော်၌ ရုပ်ဓာတ် ၁၀-ပါးခွဲ, နာမ်ဓာတ် ၇-ပါးခွဲ, ဟောကြားထားသောကြောင့် ဥဘယသမ္ပဋ္ဌပုဂ္ဂိုလ်တို့အား ဓာတုဒေသနာကို ဟောတော်မူ၏။

➢ သစ္စာဒေသနာတော်ကို ဟောတော်မူရခြင်းအကြောင်း ။ ။ ထိုခန္ဓာ, အာယတန ဓာတ်ဟူသော သဘောတရားသည် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ-ဟူသော သစ္စာ ၄-ပါးဖြင့် ထိုးထွင်းမြင်မှသာလျှင် (၀ါ) သစ္စာ ၄-ပါးကို ထိုးထွင်းသိမှသာလျှင် လျော်သောကျေးလူးကို ဆောင်နိုင်၏။ သစ္စာ ၄-ပါးကို ထိုးထွင်းမသိမူ လျော်သောကျေးလူးကို မဆောင်နိုင်သောကြောင့် သစ္စာဒေသနာတော်ကို ဟောတော်မူသည်။

သမုစ္စည်းပိုင်း ဋီကာကျော် အဓိပ္ပါယ်များ ပြီး၏။

http://www.dhammadownload.com

ပစ္စည်းပိုင်း ဦးကာဇကျော် အဓိပ္ပါယ်များ

➢ **ယေသံ သခ်ၿတဓမ္မာနံ–စသော စကားကို အားထုတ်တော်မူရခြင်းအကြောင်း**

ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း၏အစွမ်းဖြင့် ဆိုခဲ့ပြီး နာမ်ရူပ်တို့၏အကြောင်းတရားကို ပြလိုသောကြောင့် ယေသံ သခ်ၿတ ဓမ္မာနံ-ဟူသော ပစ္စည်းပိုင်းကို အားထုတ်တော်မူပါသည်။

➢ **သခ်ၿတ အဓိပ္ပါယ်** ။ ။ ကံ-စသော အကြောင်းတရားတို့သည် ပြုစီမံအင်သောကြောင့် သခ်ါရ-စသော, သဟိတ်စိတ္တုပ္ပါဒ်-စသော ပစ္စယုပ္ပန်တရားတို့ကို "သခ်ၿတ" ဟု ခေါ်ပါသည်။

➢ **ပစ္စည်း, ပစ္စယုပ္ပန် (၀ါ) အကြောင်း, အကျိုးခွဲပုံ** ။ ။ ယေသံ သခ်ၿတဓမ္မာနံ-ဟူသော သင်ဟပါဠိကိုထောက်၍ ပဋ္ဌာန်းနည်း၌ စိတ်, စေတသိက်, ရူပ်ဟူသော သခ်ၿတတရားများသာ ပစ္စယုပ္ပန် (၀ါ) အကျိုးတရား ဖြစ်ပါသည်။ ယေဓမ္မာ-ဟူသော သင်ဟပါဠိကိုထောက်၍ စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန် ပညတ်-ဟူသော သခ်ၿတ, အသခ်ၿတ တရားအားလုံးသည် ပစ္စည်း (၀ါ) အကြောင်း တရား ဖြစ်ပါသည်။

➢ **အသခ်ၿတ တရားများသည် ပစ္စယုပ္ပန် ဖြစ်နိုင်/မဖြစ်နိုင်**

ယေသံ သခ်ၿတဓမ္မာနံကိုထောက်၍ [သခ်ၿတတရားများသာ ပစ္စယုပ္ပန်ဖြစ်ရမည် ဖြစ်သောကြောင့်] အသခ်ၿတတရား [နိဗ္ဗာန်နှင့်ပညတ်]-များသည် ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

အမှာ/ နိဗ္ဗာန်နှင့်ပညတ်သည် မည်သည့်အခါ၌မျှ (၀ါ) မည်သည့်ပစ္စည်း၌မျှ ပစ္စယုပ္ပန်ဘက်၌ မနေပါ။

➢ **ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား ဟေတု–စသော သတ္တိဖြင့် ကျေးဇူးပြုရကျိုး** ။ ။ တည်ခြင်းအကျိုးဌာဝင်း, ဖြစ်ခြင်းအကျိုးဌာဝင်း, ကျေးဇူးပြုကြပါသည်။

➢ **ကျေးဇူးပြုပုံ**--- ကျေးဇူးပြုဟူသည် ပစ္စယုပ္ပန်အကျိုးတရားများ တည်ခြင်းဌာဝင်း, ပစ္စယုပ္ပန်အကျိုးတရားများ ဖြစ်ခြင်းဌာဝင်း, ကျေးဇူးပြုပါသည်။

ပဌာဝေတပစ္စည်းသည် ဖြစ်ပြီးပစ္စယုပ္ပန်အကျိုးတရားများ တည်မြဲနေအောင် ကျေးဇူးပြု၏။ ယင်းကို ဌိတိယာ-ဟု ဆိုပါသည်။

အနန္တရ-စသော ပစ္စည်းသည် ပစ္စယုပ္ပန်အကျိုးတရားများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ ယင်းကို ဥပ္ပတ္တိယာ-ဟု ဆိုပါသည်။

ဟေတု-စသော ပစ္စည်းကား--- ပစ္စယုပ္ပန်တရားများ ဖြစ်ပေါ်လာအောင်လည်း ကျေးဇူးပြုသည်။ တည်မြဲအောင်လည်း ကျေးဇူးပြုသည်။ ထို့ကြောင့် ဌိတိယာဥပ္ပတ္တိယာ ၂-မျိုးလုံးနှင့် သက်ဆိုင်သည်။

➢ **တဲ့ဒိဘာဂမိဇဟာနိ–ဆ္ဆ တဲ့ဒိဘာဂ အဓိပ္ပါယ်** ။ ။ ထိုပစ္စယုပ္ပန်တရားတို့အား

http://www.dhammadownload.com

ထိုပစ္စည်းတရားတို့၏ ထိုကျေးလူးပြုပုံ အခြင်းအရာ၏ ဝေဖန်အပ်သော အပြားကို "တံ ဝိဘာဂ"ဟု ဆိုပါသည်။

➢ **ဝေဒနာမိ ယထာရဟံ-ဣ ယထာရဟံ အဓိပ္ပါယ်** ။ ။ ထိုထို ဟေတုပစ္စယုပ္ပန် စသော အကျိုးတရားတို့ရှိလျှင် ထိုထိုဟိတ် ၆-ပါးစသော အကြောင်းတရားတို့၏ ထို ထို ဟေတုသတ္တိ-စသော ပစ္စယသတ္တိဖြင့် ကျေးလူးပြုတတ်သည်၏ အဖြစ်ဟူသော အခြင်းအရာအား လျော်စွာဖြစ်သည်ကို "ယထာရဟံ" ဟု ဆိုပါသည်။

➢ **ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်** ။ ။ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ အညီအမျှ ကပ်ရောက်၍ အကျိုးတရားတို့၏ဖြစ်ရာကို ပဋိစ္စသမုပ္ပါဒ်-ဟု ခေါ်သည်။

➢ **ပဋိစ္စသမုပ္ပါဒ-အရ** ။ ။ အဝိဇ္ဇာ-စသော အကြောင်းတရားတို့၏ ကျေးလူးပြုပုံ အခြင်းအရာသတ္တိကို ယူရပါမည်။

➢ **ပဋ္ဌာန်းမည်ပုံ** ။ ။ အထူးထူး အပြားပြားရှိသော အကြောင်းတို့၏ဖြစ်ရာဖြစ်သောကြောင့် "ပဋ္ဌာန်း" မည်ပါသည်။

➢ **ပဋ္ဌာန-အရ** ။ ။ အဆုံးမရှိသော နည်းရှိသော အလုံးစုံများပြားသော အကြောင်းရှိသော ပဋ္ဌာန်းကျမ်းကို ယူရပါမည်။

➢ **ပဋ္ဌာန်းဆက်-ဟူသောစကား၏ အဓိပ္ပါယ်** ။ ။ အကြောင်း-အကျိုးဆက်နွယ်မှု သဘောကို "ပဋ္ဌာန်းဆက်"ဟု ခေါ်ပါသည်။

➢ **"စိတ်ဆောင်းတော့ ကိုယ်ကြေ စိတ်ပျို့တော့ ကိုယ်နှ"ဟူသော စကားအရ စိတ်သည် ကိုယ်အား ကျေးလူးပြုပုံ** ။ ။ စိတ်သည် ကိုယ်ဟူသော စိတ္တဇရူပ် ကာယ ဝိညတ်အား သဟဇာတသတ္တိဖြင့် ကျေးလူးပြုပါသည်။

➢ **ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းအထူး** ။ ။ ထိုအဝိဇ္ဇာ-အစရှိသော အကြောင်းတို့၏ဖြစ်သဖြင့် ဖြစ်လေ့ရှိသော သခါရ-စသော အကျိုးတရားတို့၏ ဖြစ်သောအခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

အထူးပြု၍ဖြစ်သော ပစ္စည်း-ဟု ဆိုအပ်သော တည်ရာကိုအကြောင်းပြု၍ ဆိုအပ်သောနည်းသည် ပဋ္ဌာန်းနည်းမည်၏။ ဤသို့ ထူးပါသည်။

➢ **တဿာဝ-ဣ တ အရ** ။ ။ အဝိဇ္ဇာ-စသော အကြောင်းတရားကို ယူရပါမည်။

➢ **တဿာဝ မည်ပုံ** ။ ။ ထိုအဝိဇ္ဇာ အစရှိသော အကြောင်းတရား၏ ဖြစ်ခြင်းသည် "တဿာဝ" မည်ပါသည်။

➢ **တဿာဝဘာဝိဘာဝ အနက်ဓိပ္ပာယ်**--တဿာဝ- ထိုအဝိဇ္ဇာ-စသော အကြောင်းတရားတို့၏ဖြစ်သဖြင့်။ ဘာဝိ- ဖြစ်လေ့ရှိသော သခါရ-စသော အကျိုးတရား၏။ တဿာဝဘာဝိဘာဝါ- ထို အဝိဇ္ဇာ-စသော အကြောင်းတရားတို့၏ ဖြစ်သဖြင့် ဖြစ်လေ့

http://www.dhammadownload.com

ရှိသော သခ်ါရ-စသော အကျိုးတရားတို့၏ဖြစ်ခြင်း။

➢ **တဿာဝဘာဝိဘာဝ အဓိပ္ပါယ်** ။ ။ အဝိဇ္ဇာ-စသော အကြောင်းတရား၏ဖြစ်ခြင်းကြောင့် သခ်ါရ-စသော အကျိုးတရားတို့၏ဖြစ်ခြင်းသည် **တဿာဝဘာဝိဘာဝ** မည်ပါသည်။

➢ **တဿာဝဘာဝိဘာဝါကာရမတ္တောပလက္ခိတ မည်ပုံ** ။ ။ ထိုအဝိဇ္ဇာ အစရှိသော အကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သခ်ါရ-အစရှိသော အကျိုးတရား၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် မှတ်သားအပ်သော နည်းသည် "**တဿာဝ ဘာဝိဘာဝါကာရမတ္တောပလက္ခိတ**" မည်ပါသည်။

➢ **တဿာဝ-ဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ အဝိဇ္ဇာပစ္စယ်ာ သခ်ါရပစ္စယာ ဝိညာဏပစ္စယာ-စသည်ဖြင့် လာသော အကြောင်းတရားစုကို ပြပါသည်။

➢ **ဘာဝိ-ဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ သခ်ါရာ ဝိညာဏ် နာမရူပ်-စသည်ဖြင့် လာသော အကျိုးတရားစုကို ပြပါသည်။

➢ **ဘာဝါကာရ-ဖြင့်** ။ ။ အဆုံးက သမ္ဘဝန္တိကြိယာကို ပြပါသည်။

➢ **အဝိဇ္ဇာပစ္စယာ သခ်ါရာ-ဠ** ။ ။ ၁။ အဝိဇ္ဇာပစ္စယာ-သည် **တဿာဝ**, ၂။ **သခ်ါရာ**-သည် **ဘာဝိ**, ၃။ **သမ္ဘဝန္တိ**-သည် **ဘာဝါကာရ**။

➢ **တဿာဝ ဘာဝိဘာဝါကာရမတ္တော ပလက္ခိတောဖြင့် ပြအပ်သော အဓိပ္ပါယ်**

အဝိဇ္ဇာ-စသော အကြောင်းတရားဖြစ်လျှင် သခ်ါရ-စသော အကျိုးတရားဖြစ်သည်ဟု တိုက်ရိုက်ပြသည်၊ [အနွယ်] အဝိဇ္ဇာ-စသော အကြောင်းတရားမဖြစ်သော် **သခ်ါရ**-စသော အကျိုးတရားလည်း မဖြစ်-ဟု ဗျတိရေကအားဖြင့် ပြပါသည်။

➢ **အာဟစ္စ ပစ္စယဋ္ဌိတိ-ဠ** ။ ။ စွဲ၍အကျိုးတရားဖြစ်ရာ ဖြစ်သောကြောင့် အကြောင်းတရားကို **ပစ္စယ**-ဟု ခေါ်ပါသည်။ အကျိုးတရား၏ တည်ရာဖြစ်သောကြောင့် အကြောင်းတရားကို **ဋ္ဌိတိ**-ဟု ခေါ်ပါသည်။ အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော အကျိုး တရား၏ တည်ရာဖြစ်သောကြောင့် **အာဟစ္စ ပစ္စယဋ္ဌိတိ**-ဟု ခေါ်ပါသည်။ **ဥပမာ**နည်း--ကေစိဆရာတို့အလို လည်ချောင်း, အာစောက်-စသည်တို့၌ ထိ၍ ရွတ်ဆိုအပ်သော ပစ္စည်းသည် **အာဟစ္စပစ္စယဋ္ဌိတိ** မည်ပါသည်။

➢ **အာဟစ္စ ပစ္စယဋ္ဌိတိ-ဟု ဆိုရခြင်းအစကြောင်း** ။ ။ ပဋိစ္စသမုပ္ပါဒ်နည်းသည် ဟေတု-စသော ပစ္စည်းဖြင့် မှတ်သားအပ်သောအထူးကို မင့်မူ၍ သာမညအားဖြင့်သာ ဖြစ်၏။ ပဋ္ဌာန်းနည်းကမူ ထိုထိုဟေတု-စသော ပစ္စည်းတရားတို့၏ ထိုထိုပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သည်၏ အစွမ်းသတ္တိ-ဟု ဆိုအပ်သော အခြင်းအရာအထူးကို အကြောင်းပြု၍ အထူးအားဖြင့် ဖြစ်၏။ ထို့ကြောင့် **အာဟစ္စ ပစ္စယဋ္ဌိတိ**-ဟု ဆိုသည်။

http://www.dhammadownload.com

➢ **ကေစိဆရာတို့၏ အာဟာစ္စ ပစ္စယဋ္ဌိတိ ဖွင့်ပုံကို ဦးကာဆရာ ပြက်ရယ်ပြုခြင်း အကြောင်း** ။ ။ ကေစိဆရာတို့အလို- အာဟာစ္စပစ္စယဋ္ဌိတိ- ကဏ္ဌာတာလု-စသော ဌာန်တို့၌ထိခိုက်၍ ဟောတော်မူအပ်သောအကြောင်းကို-ဟု အနက်ပေးရမည်။ ယင်းကေစိဆရာတို့၏ ဖွင့်ပြချက်သည် ရယ်ဖွယ်ကောင်းသော ဖွင့်ပြချက်သာ ဖြစ်သည်။

[ဥပမာ] ပဋိစ္စသမုပ္ပါဒ်နည်းကို ဟောသည်ဖြစ်စေ, ပဌာန်းနည်းကို ဟောသည်ဖြစ်စေ, အခြားနည်းကိုဟောသည်ဖြစ်စေ, [သီချင်းဆိုသည်ဖြစ်စေ] ကဏ္ဌာတာလု-စသော ဌာန်၌ မထိခိုက်မူ၍ ဟောမဖြစ်၊ [သီချင်းဆို၍မဖြစ်] ထို့ကြောင့် ကေစိဆရာတို့ ဖွင့်ပြချက်သည် ရယ်ဖွယ်ရာဖြစ်ပါသည်။

➢ **ဝေါမိသေတ္တာ အဓိပ္ပါယ်** ။ ။ ပဌာန်းနည်းကို ပဋိစ္စသမုပ္ပါဒ်နည်း၌ ထည့်သွင်း၍ အဝိဇ္ဇာ-စသော အကြောင်းတရားတို့၏ဖြစ်ခြင်းကြောင့် သင်္ခါရ-စသော အကျိုးတရားတို့ဖြစ်ခြင်းဖြင့်ရင်း, ဟေတု-စသော ပစ္စည်း၏အစွမ်းဖြင့်ရင်း, ရောရ၍ပြသည်ကို ဝေါမိသေတ္တာ-ဟု ဆိုပါသည်။

➢ **အဝိဇ္ဇာ မည်ပုံ** ။ ။ ၁။ သစ္စာ ၄-ပါး-စသည်ကို မသိတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။ ၂။ မရအပ်သော ကာယဒုစရိုက်-စသည်ကို ရတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။ ၃။ ရထိုက်သော ကာယဒုစရိုက်-စသည်ကို မရတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။ ၄။ သိထိုက်သော သစ္စာ ၄-ပါးစသောတရားကို သိအပ်သည်ကို မပြုတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။ ၅။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ, ယောက်ျား-စသည်၌ သတ္တဝါတို့ကို လျှင်စွာဖြစ်စေတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။ ၆။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ-စသည်၌ သတ္တဝါတို့ကို လျှင်စွာမဖြစ်စေတတ်သောကြောင့် အဝိဇ္ဇာ မည်ပါသည်။

အမှာ/ ၁-အလို **အဝိဇ္ဇာပစ္စယာ** သစ္စာ ၄-ပါးကို မသိတတ်သော **အဝိဇ္ဇာ**ဟူသော အကြောင်းကြောင့်-ဟု အနက်ပေးပါ။ ကျန် ၅-နည်းကိုလည်း အထက်ပါ အဓိပ္ပါယ်ကို ကြည့်၍ ဦးကာနှင့်အညီ အနက်ပေးပါ။

➢ **အဝိဇ္ဇာ–အရ (၀၊) အဝိဇ္ဇာ၏ တရားကိုယ်** ။ ။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် ဤ ၈-ဌာနတို့၌ မသိမှု မောဟ-ကို ယူရပါမည်။

➢ **သင်္ခါရ မည်ပုံ** ။ ။ ပြုစီမံအပ်သော အကျိုးတရားကို တိုက်ရိုက်ပြုစီမံတတ်သောကြောင့် သင်္ခါရ မည်ပါသည်။ ➢ **သင်္ခါရ–အရ** ။ ။ ကုသိုလ်, အကုသိုလ်ကံကို ယူရပါမည်။ (၀၊) လောကီကုသိုလ်, အကုသိုလ်၌ရှိသော စေတနာကို ယူရပါမည်။

➢ **သင်္ခါရအပြားနှင့် အရေကောက်**

၁။ ကာမကုသိုလ် စေတနာ ၈-ခု, ရူပကုသိုလ် စေတနာ ၅-ခု, ဤ ၁၃-ချက်သော

http://www.dhammadownload.com

ကုသိုလ်စေတနာကို ပုညာဘိသင်္ခါရ-ဟု ခေါ်သည်။

၂။ အကုသိုလ် စေတနာ ၁၂-ခုကို အပုညာဘိသင်္ခါရ-ဟု ခေါ်သည်။

၃။ အရူပကုသိုလ် စေတနာ ၄-ခုကို အာနေဉာဘိသင်္ခါရ-ဟု ခေါ်သည်။

➢ **မဂ်ကုသိုလ်ကို သင်္ခါရ-အရ မဂေကာက်ရြေင်းအကြောင်း** ။ ။မဂ်ကုသိုလ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် သင်္ခါရ-အရ မကောက်ရပါ။

➢ **သင်္ခါရပစ္စယာ ဝိညာဏ်-၌ ဝိညာဏ-အရ [အကျိုးဝိညာဉ်-အရ]**

ပဋိသန္ဓေအစွမ်းအားဖြင့် ဝိပါက်စိတ် ၁၉-ပါးသည်ရင်း, ပဝတ္တိ၏အစွမ်းဖြင့် လောကီဝိပါက် ၃၂-ပါးသည်ရင်း ဝိညာဏ-အရ ဖြစ်ပါသည်။

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ နာမ-အရ** ။ ။ ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်သော ဝေဒနာ-စသော နာမ်ခန္ဓာ ၃-ပါးကိုသာ ယူရပါမည်။

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ ရူပ-အရ** ။ ။ ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်သော ဘူတရုပ်, ဥပါဒါရုပ်အားဖြင့်ပြားသော ကမ္မဇရုပ်ကိုသာ ယူရပါမည်။

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ ရူပ-အရ ကမ္မဇရုပ်ကိုသာ ယူရြေင်းအကြောင်း**

ပဋိသန္ဓေဝိညာဉ်နှင့်တကွ ဖြစ်ရမည်-ဟု ဆိုထားသော ကြောင့် ရူပ-အရ ကမ္မဇရုပ်ကိုသာ ယူရပါသည်။

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ ရူပ-အရ စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်-တို့ကို မယူရြေင်းအကြောင်း** ။ ။ ပဋိသန္ဓေဝိညာဉ်နှင့်တကွ ဖြစ်ရမည်ဟု ဆိုထားသောကြောင့် ရူပ-အရ စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်-တို့ကို မယူရပါ။

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ နာမရူပ-အရ** ။ ။ ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်သော ဝေဒနာ-စသော ခန္ဓာ ၃-ပါးနှင့် ကမ္မဇရုပ်တို့ကို ယူရပါမည်။

➢ **နာမရူပပစ္စယာ သဠာယတန်-၌ နာမ-အရ စိတ်ကို မဂေကာက်ရြေင်းအကြောင်း** ။ ။ အကျိုးပစ္စယုပ္ပန် သဠာယတန-၌ စိတ်တရားပါနေသောကြောင့် နာမရူပပစ္စယာ-၌ နာမ-အရ စိတ်ကို မကောက်ရပါ။

➢ **နာမရူပပစ္စယာ သဠာယတန်-၌ နာမ-အရ** ။ ။ ဝေဒနာ-စသော နာမ်ခန္ဓာ ၃-ပါး အပေါင်းကိုသာ ယူရပါမည်။

➢ **နာမရူပပစ္စယာ သဠာယတန်-၌ ရူပ-အရ** ။ ။ မိမိသန္တာန်၌ အကျုံးဝင်သော မဟာဘူတ် ၄-ပါး၊ ဝတ္ထုရုပ် ၆-ပါး၊ ဇီဝိတိန္ဒြေ-တို့ကို ယူရပါမည်။

➢ **နာမရူပပစ္စယာ သဠာယတန်-၌ သဠာယတန-အရ** ။ ။ ဦးကာကျော်အလို စက္ခု, သောတ, ဃာန, ဇိဇ္ဝါ, ကာယ, မန-ဟူသော အလ္လတ္တိကာယတန ၆-ပါးကို ယူပါ။

➢ **ဓကစိဆရာတို့အလို - စက္ခာယတန-စသော အလ္လတ္တိကာယတန ၆-ပါးနှင့်**

http://www.dhammadownload.com

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ-ဟူသော တဟိရာယတန ၆-ပါးကိုလည်း ယူရပါမည်။

➢ **ပဿ–အရ ။ ။** စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ-တို့ကို ယူရပါမည်။

➢ **သဠာယတနေ အဓိပ္ပါယ် ။ ။** စက္ခာယတန အစရှိသော အာယတန ၆-ပါးတို့နှင့် ၆-ခုမြောက် မနာယတနတို့သည် "သဠာယတန" မည်ပါသည်။

➢ **သဠာယတန ၂–စု အထူး ။ ။** နာမရူပပစ္စယာ သဠာယတနံ-၌ သဠာယတန အရ အဗ္ဗတ္တိကာယတန ၆-ပါးကို ယူရပါသည်။ သဠာယတနပစ္စယာ ဖဿော-၌ သဠာယတန-အရ အဗ္ဗတ္တိကာယတန ၆-ပါးနှင့် တဟိရာယတန ၆-ပါးတို့ကို ယူရသည်

➢**ဝေဒနာ–၌ ဝေဒနာ–အရ ။ ။** သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို ယူရပါမည်။

➢ **ဝေဒနာပစ္စယာ တဏှာ–၌ တဏှာ–အရ ။ ။** ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-ဟူသော တဏှာ ၃-ပါး၊ အာရုံ ၆-ပါး, ကာလ ၃-ပါး, သန္တာန် ၂-ပါးတို့၏ အစွမ်းဖြင့် (၁၀၈) ပါး အပြားရှိသော တဏှာကို ယူရပါမည်။

➢ **ဥပါဒါန်–အရ ။** ကာမုပါဒါန်-စသော ဥပါဒါန် ၄-ပါးကို ယူရပါမည်။

➢ **တဏှာနှင့် ဥပါဒါန် [ကာမုပါဒါန်]အထူး ။ ။** အားနည်းသော တဏှာသည် တဏှာမည်၏။ အားကြီးသော တဏှာသည် ဥပါဒါန် မည်၏။ ဤသို့ ထူးပါသည်။

တစ်နည်း--- မရောက်လာသေးသော အာရုံကို တောင့်တခြင်းသည် တဏှာမည်၏။ [ဥပမာ]- အမိုက်မှောင်၌ ခိုးသူတို့၏ လက်ဆန့်တန်းခြင်းကဲ့သို့တည်း။

ရောက်လာပြီးသော အာရုံကို ပြင်းစွာယူခြင်းသည် ဥပါဒါန်မည်၏။ [ဥပမာ]- ခိုးသူတို့၏ လက်သို့ရောက်ပြီးသော ဥစ္စာကို ယူခြင်းကဲ့သို့တည်း။

တစ်နည်း--- တဏှာသည် အပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်တည်း။ ဥပါဒါန်သည် သန္တောသဂုဏ်၏ ဆန့်ကျင်ဘက်တည်း။ ဤသို့ ထူးပါသည်။

တစ်နည်း--- တဏှာသည် ပရိယေသနဒုက္ခ၏ အရင်းခံတည်း။ ဥပါဒါန်သည် အာရက္ခ ဒုက္ခ၏ အရင်းခံတည်း။ ဤသို့ ထူးပါသည်။

➢ **ဘဝ ၂–မျိုး ။ ။** ကမ္မဘဝ, ဥပပတ္တိဘဝ-တို့ ဖြစ်ပါသည်။

➢ **ဘဝ အဓိပ္ပါယ် ။ ။** ကုသိုလ်၊ အကုသိုလ်တည်းဟူသော အကြောင်းကြောင့် ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရူပ်ဟုဆိုအပ်သော အကျိုးတရားဖြစ်တတ်သောကြောင့် ဘဝမည်ပါသည်။ **တစ်နည်း-**ကံကြောင့်ဖြစ်တတ်သောကြောင့် ဘဝမည်ပါသည်။

➢ **ကမ္မဘဝနှင့် ဥပပတ္တိဘဝ ခြားနားစေက်/ ဘဝ–ဝစနတ္ထနှင့် အရကောက်**

ဘဝတိ ဘေသွာ ဖလန္တိ ဘဝေါ။ ကမ္မဘဝ-ကို ကောက်ယူရပါမည်။ ယင်း ကမ္မဘဝ

http://www.dhammadownload.com

ဟူသည် ကာမကုသိုလ်၏ ၈-ခု, အကုသိုလ်၏ ၁၂-ခု, မဟဂ္ဂုတ်ကုသိုလ်၏ ၉-ခု, ဤ ၂၉-ပါး ဖြစ်ပါသည်။

ဘဝတိတိ ဘဝေါ--- ဥပပတ္တိဘဝကို ကောက်ရပါမည်။ ယင်းဥပပတ္တိဘဝဟူသည် ကာမဘဝ-စသည်ဖြင့် ၉-ပါး ရှိ၏။ (ဤသို့ ခြားနားပါသည်။)

➢ **ဥပါဒါနပစ္စယာ ဘဝေါ–ဒ္ဓ ဘဝ–အရ ။ ။** ဥပါဒါန်ကြောင့်ဖြစ်ရကား--- ကမ္မဘဝ, ဥပပတ္တိဘဝ ၂-မျိုးလုံးကို ယူရပါမည်။

➢ **ဘဝပစ္စယာ ဇာတိ–ဒ္ဓ ဘဝ–အရ ။ ။** ကမ္မဘဝကို ယူရပါမည်။

➢ **ဥပါဒါနပစ္စယာ ဘဝေါ–ဒ္ဓ ဘဝ–အရ ဥပပတ္တိဘဝကိုလည်း ယူရခြင်း**

ဥပါဒါန်သည် ထိုဥပပတ္တိဘဝ-၏လည်း အကြောင်းဖြစ်သောကြောင့်--တည်း။

➢ **ဘဝပစ္စယာ ဇာတိ–ဒ္ဓ ကမ္မဘဝကိုသာ ယူရခြင်းအကြောင်း ။ ။** ဇာတိ၏ အကြောင်းဖြစ်သောကြောင့် (ဝါ) ကမ္မဘဝသည် ပဋိသန္ဓေအား ကျေးဇူးပြုတတ်သော ကြောင့် ကမ္မဘဝကိုသာ ယူရပါမည်။

➢ **ဘဝပစ္စယာ ဇာတိ–ဒ္ဓ ဘဝ–အရ ဥပပတ္တိဘဝကို မယူရခြင်းအကြောင်း**

ဥပပတ္တိဘဝဟူသည် ရှေးဦးစွာဖြစ်သော ခန္ဓာတို့၏သဘောဖြစ်သော ဇာတိပင် တည်း။ ဥပပတ္တိဘဝနှင့် ဇာတိသည် အရတူနေသောကြောင့် ဘဝပစ္စယာ ဇာတိ-ဒ္ဓ ဘဝ-အရ ဥပပတ္တိဘဝကို မယူရပါ။

အကြောင်းဘဝကား--- ကမ္မဘဝ ဖြစ်ပါသည်။

အကျိုးဘဝကား--- ဥပပတ္တိဘဝ ဖြစ်ပါသည်။

➢ **ဇာတိ မည်ပုံ ။ ။** ထိုထိုသတ္တဝါတို့၏ ထိုထိုဂတိတို့ဒ္ဓ အတ္တဘောကို ရရှိလာ ခြင်းသည် "ဇာတိ" မည်ပါသည်။

➢ **ဇရာ မည်ပုံ ။ ။** ထိုထိုဖြစ်လာသော အတ္တဘော၏ ဟောင်းနွမ်းဆွေးမြေ့ ရင့်ရော်သည်၏အဖြစ်သည် "ဇရာ" မည်ပါသည်။

➢ **မရဏ မည်ပုံ ။ ။** တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော ထိုအတ္တဘော၏ အပြီးသတ်ချုပ်ဆုံးကွယ်ပျောက်ခြင်းသည် "မရဏ" မည်ပါသည်။

➢ **သောက မည်ပုံ ။ ။** ဉာတိဗျသန-စသည်တို့သည် တွေ့ထိသောသူအား စိတ်ပူပန်ခြင်းသည် [စိတ်ပူပန်ကြောင်း ဒေါမနဿသည်] "သောက" မည်ပါသည်။

➢ **ပရိဒေဝ မည်ပုံ ။ ။** ဉာတိဗျသန-စသည် တွေ့ထိသူ၏ နှုတ်မြွတ် ငိုကြွေးခြင်း သည်[ငိုကြွေးခြင်းကြောင့်ဖြစ်သော စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်သည်]ပရိဒေဝ မည်ပါသည်။

➢ **ဒုက္ခ မည်ပုံ ။ ။** ကိုယ်ဒ္ဓဖြစ်သော ဒုက္ခဝေဒနာသည် "ဒုက္ခ" မည်ပါသည်။

➢ **ဒေါမနဿ မည်ပုံ ။ ။** စိတ်ဒ္ဓဖြစ်သော ဒုက္ခဝေဒနာသည် ဒေါမနဿ မည်ပါသည်။

http://www.dhammadownload.com

➢ **ဥပါဃာသ မည်ပုံ ။ ။** ဉာတိဗျသန-စသည်တို့သည် တွေ့ထိသောသူအား လွန်ကဲသော စိတ်ဆင်းရဲမှုသည် ဖြစ်စေတတ်သော ပြင်းစွာပင်ပန်းခြင်းသည် [ပင်ပန်းကြောင်း ဒေါသသည်] ဥပါယာသ မည်ပါသည်။

➢ **အဝိဇ္ဇာ-စသည်ကို အကြောင်းတရားအဖြစ် ဟောတော်မူရခြင်းအကြောင်း**

ဝတ္ထုအာရုံ-စသော အကြောင်းတစ်မျိုးရှိသော်လည်း ပဓာနဖြစ်သောကြောင့်ရင်း, ထင်ရှားဖြစ်သောကြောင့်ရင်း, ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ-စသည်ကို အကြောင်းတရား အဖြစ် ဟောတော်မူထားသည်။

➢ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ-၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ ။ ။** အဝိဇ္ဇာနုသယ ကိန်းသူ ပုထုဇဉ် သေက္ခသန္တာန်၌သာ သင်္ခါရတို့၏အကျိုးကို ဖြစ်စေခြင်းသဘောရှိသည်၏အဖြစ်ဖြင့် ဖြစ်ကြသောကြောင့်- အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရပါသည်။ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟု ဟောတော်မူသည်။)

➢ **သင်္ခါရပစ္စယာ ဝိညာဏ်-၌ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပုံ ။ ။** သင်္ခါရသည် ဖြစ်စေအပ်သော ဝိညာဉ်သည်သာ ဘဝတစ်ပါး၌တည်နိုင်၏။ အကြောင်းသင်္ခါရမရှိသော် ဝိညာဉ်သည် ဘဝတစ်ပါး၌ မတည်နိုင်သောကြောင့် သင်္ခါရကြောင့် ဝိညာဉ် ဖြစ်ရပါသည်။ [သင်္ခါရပစ္စယာ ဝိညာဏ်-ဟု ဟောတော်မူသည်။]

➢ **ဝိညာဏပစ္စယာ နာမရူပ်-၌ ဝိညာဉ်ကြောင့် နာမ်ရူပ်ဖြစ်ပုံ ။ ။** ရှေ့သွားလည်းဖြစ် တည်ရာလည်းဖြစ်သော ဝိညာဉ်၏ အထောက်အပံ့ကိုရမှသာ နာမ်ရူပ်သည် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ တည်နိုင်၏။ ဝိညာဉ် အထောက်အပံ့ကို မရသော် မတည်နိုင်၊ ထို့ကြောင့် -- ဝိညာဉ်ကြောင့် နာမ်ရူပ် ဖြစ်ရပါသည်။ [ဝိညာဏပစ္စယာ နာမရူပ်-ဟု ဟောတော်မူသည်။]

➢ **နာမရူပပစ္စယာ သဠာယတနံ-၌ နာမ်ရူပ်ကြောင့် သဠာယတနဖြစ်ပုံ**

သဠာယတနသည် နာမ်ရူပ်အမှီရမှသာ ၆-ပါးသော ဖဿ၏ ဒွါရအဖြစ်ဖြင့် ဖြစ်နိုင်၏။ နာမ်ရူပ်ကိုအမှီမရလျှင် မဖြစ်နိုင်၊ ထို့ကြောင့်-- နာမ်ရူပ်ကြောင့် သဠာယတန ဖြစ်ရပါသည်။ [နာမရူပပစ္စယာ သဠာယတနံ-ဟု ဟောတော်မူပါသည်။]

➢ **သဠာယတနပစ္စယာ ဖဿာ-၌ သဠာယတနကြောင့် ဖဿဖြစ်ပုံ**

သဠာယတနဖြစ်မှသာလျှင် ဖဿသည် အာရုံကိုတွေ့ထိနိုင်၏၊ သဠာယတန မဖြစ်သော် မတွေ့ထိနိုင်၊ ထို့ကြောင့် --- သဠာယတနကြောင့် ဖဿ ဖြစ်ရပါသည်။ သဠာယတနပစ္စယာ ဖဿော-ဟု ဟောတော်မူပါသည်။]

➢ **ဖဿပစ္စယာ ဝေဒနာ-၌ ဖဿကြောင့် ဝေဒနာဖြစ်ပုံ ။ ။** ဣဋ္ဌ, အနิဋ္ဌ, ဣဋ္ဌ ၊ရွေ့ကွာဖြစ်သော အာရုံကိုတွေ့ထိရမှသာလျှင် ဝေဒနာသည် အာရုံကိုခံစားနိုင်၏။ မတွေ့

http://www.dhammadownload.com

ထိရသော် မခံစားနိုင်၊ ထို့ကြောင့် -- ဖဿကြောင့် ဝေဒနာ ဖြစ်ရပါသည်။[ဖဿပစ္စယာ ဝေဒနာ-ဟု ဟောတော်မူသည်။]

➢ **ဝေဒနာပစ္စယာ တဏှာ–၌ ဝေဒနာကြောင့် တဏှာဖြစ်ပုံ ။ ။** ဝေဒနာသည် ခံစားအပ်သောတရားတို့၌ သာယာဖွယ်-ဟု အဖန်ဖန်ရှုသောသူအား ဝေဒနာအကြောင်း ရှိသော တဏှာသည်ဖြစ်၏၊ ထို့ကြောင့် -- ဝေဒနာကြောင့် တဏှာ ဖြစ်ရပါသည်။ [ဝေဒနာပစ္စယာ တဏှာ-ဟု ဟောတော်မူသည်။]

➢ **ဝေဒနာ ၃–ပါးကြောင့် တဏှာဖြစ်ပုံ ။ ။** ၁။ ဒုက္ခရောက်နေသူသည် သုခကို တောင့်တလိုချင်၏, ဤသို့ ဒုက္ခဝေဒနာကြောင့် တဏှာ ဖြစ်ပါသည်။ ၂။ ချမ်းသာသော သူကလည်း ထို့ထက်ချမ်းသာမှုကို လိုလား၏၊ ဤသို့ သုခဝေဒနာကြောင့် တဏှာ ဖြစ်ပါသည်။ ၃။ ငြိမ်သက်သောသဘောရှိသောကြောင့် ဥပေက္ခာကို သုခ-၌သွင်း၍ သုခ ဝေဒနာကဲ့သို့ မှတ်ရပါမည်။

➢ **တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ (၁/၂/၃/၄)**

➢ **တဏှာပစ္စယာ ဥပါဒါနံ–၌ တဏှာသည် ကာမုပါဒါန်၏အကြောင်းဖြစ်ပုံ**

၁။ ➢ **တဏှာကြောင့် ကာမုပါဒါန်ဖြစ်ပုံ ။ ။** တဏှာတည်းဟူသောအစေးဖြင့် သုံးဆောင်ခံစားလိုသူတို့သည်သာ ဥပါဒါန်၏အာရုံဖြစ်ကုန်သော လောကီတရားတို့၌ ပြင်းစွာ စွဲလမ်းခြင်းငှာ ဖြစ်ကုန်၏။

တဏှာဖြင့် ရူပါရုံ-စသည်တို့ကို သာယာ၍ ကာမဂုဏ်တို့၌သုံးဆောင်ခံစားလိုသူတို့၏အဖြစ်သို့ ရောက်ကြ၏၊ထို့ကြောင့် - တဏှာကြောင့် ကာမုပါဒါန် ဖြစ်ရသည်။ (၀)တဏှာသည် ကာမုပါဒါန်၏အကြောင်း ဖြစ်ရပါသည်။(၀) တဏှာပစ္စယာ ဥပါဒါနံ-ဟု ဟောတော်မူသည်။

၂။ ➢ **တဏှာသည် ဒိဋ္ဌုပါဒါန်၏အကြောင်းဖြစ်ပုံ/တဏှာကြောင့် ဒိဋ္ဌုပါဒါန်ဖြစ်ပုံ**

ရူပါရုံ-စသောအာရုံ၌ မက်မောသောသူသည် နတ္ထိ ဒိန္နံ-စသည်ဖြင့် မိစ္ဆာအယူ ဖြစ်လာတတ်၏၊ ထို့ကြောင့် -- တဏှာကြောင့် ဒိဋ္ဌုပါဒါန် ဖြစ်ရပါသည်။[တဏှာသည် ဒိဋ္ဌုပါဒါန်၏အကြောင်းဖြစ်ရပါသည်။]

၃။ ➢ **တဏှာသည် သီလဗ္ဗတုပါဒါန်၏အကြောင်းဖြစ်ပုံ /တဏှာကြောင့် သီလဗ္ဗတုပါဒါန်ဖြစ်ပုံ ။ ။** ရူပါရုံ-စသောအာရုံ၌ မက်မောသူသည် သံသရာမှ လွတ်မြောက်လိုသည်ဖြစ်၍ စင်ကြယ်ခြင်း၏လမ်းကြောင်း မဟုတ်သော အလေ့အကျင့်၌ စင်ကြယ်ခြင်း၏လမ်းကြောင်းဟု မှားယွင်းစွာ ယူတတ်၏၊ ထို့ကြောင့် --တဏှာကြောင့် သီလဗ္ဗတုပါဒါန် ဖြစ်ရသည်။[တဏှာသည် သီလဗ္ဗတုပါဒါန်၏ အကြောင်းဖြစ်သည်။

၄။ ➢ **တဏှာကြောင့် အတ္တဝါဒုပါဒါန်ဖြစ်ပုံ ။ ။** ရူပါရုံ-စသည်၌ မက်မောသော သူ

http://www.dhammadownload.com

သည် ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့၌ အတ္တ (ဝါ) အတ္တနိယ [ငါ့ဥစ္စာ]-ဟု ပြင်းစွာ စွဲလန်းခြင်းသို့ရောက်၏၊ ထို့ကြောင့် တဏှာကြောင့် အတ္တဝါဒုပါဒါန်ဖြစ်ပါသည်။

➢ **ဥပါဒါနပစ္စယာ ဘဝေါ–၌ ဥပါဒါန်သည် ဘဝ၏အကြောင်းဖြစ်ပုံ /ဥပါဒါန်ကြောင့် ဘဝ ဖြစ်ပုံ ။ ။** ထိုက်သည့်အားလျော်စွာ သမ္ပယောဂ၏အစွမ်းအားဖြင့်ရင်း, အနုသယ၏အစွမ်းအားဖြင့်ရင်း, ဥပါဒါန်၌တည်ကုန်သူတို့သာလျှင် ကံကိုအားထုတ်ခြင်းငှာ ဖြစ်ကုန်၏၊ ထို့ကြောင့် -: ဥပါဒါန်သည် ဘဝ၏အကြောင်း ဖြစ်ပါသည်။ (ဝါ) ဥပါဒါန်ကြောင့် ဘဝ ဖြစ်ရပါသည်။[ဥပါဒါနပစ္စယာ ဘဝေါ-ဟု ဟောတော်မူသည်။]

➢ **ဘဝပစ္စယာ ဇာတိ–၌ ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်ပုံ**

မျိုးစေ့ကြောင့် အညွှန့်အညောက်ဖြစ်ရသကဲ့သို့ ထို့အတူ ဥပပတ္တိဘဝ-ဟု ဆိုအပ်သော ဇာတိသည် ကမ္မဘဝဟူသော အကြောင်းရှိမှသာလျှင် ထိုထိုဘဝ၌ ဖြစ်နိုင်၏၊ ထို့ကြောင့် ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်သည်။

➢ **ဇာတိသည် ဇရာမရဏ၏အကြောင်းဖြစ်ပုံ ။ ။** ဇာတိရှိမှ ဇရာမရဏရှိနိုင်၏၊ ဇာတိမရှိလျှင် ဇရာမရဏမဖြစ်နိုင်, ထို့ကြောင့် ဇာတိသည် ဇရာမရဏ၏အကြောင်းဖြစ်ရပါသည်။ [ဇာတိ ပစ္စယာ ဇရာမရဏံ-ဟု ဟောတော်မူသည်။]

➢ **သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဒ္ဓီ–ဟု ဟောတော်မူချေခြင်းအကြောင်း ။ ။** ဇာတိရှိလျှင် ဇရာမရဏသာမဟုတ်, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုဥပါယာသ-စသော မကောင်းသောအကျိုးဆက်များဖြစ်၏၊ ထို့ကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဒ္ဓီ-ဟု ဟောတော်မူပါသည်။

➢ **အဒ္ဓါ မည်ပုံ ။ ။** အမြဲမပြတ်ဖြစ်တတ်သော သဘောတရားကို အဒ္ဓါ-ဟု ခေါ်ပါသည်။ * **အဒ္ဓါ–အရ---** ကာလကို ယူရပါမည်။

➢ **အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အဒ္ဓန့် ဖြစ်ချေခြင်းအကြောင်း ။ ။** ပဋိစ္စသမုပ္ပါဒ်နည်း၌ အတိတ်ဘဝ၌ အကျိုးဝင်သောအကြောင်းတို့ကိုသာလျှင် အလိုရှိအပ်သောကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အဒ္ဓန့် ဖြစ်ရပါသည်။

➢ **အဒ္ဓါသဒ္ဓါပြင့် အဝိဇ္ဇာ–စသော တရားတို့ကိုသာ ယူချေခြင်းအကြောင်း**

အဝိဇ္ဇာ-စသော တရားတို့မှအလွတ်ဖြစ်သော တစ်စုံတစ်ခုသော ကာလကို ပရမတ္ထအားဖြင့် မရနိုင်သောကြောင့် အဒ္ဓါသဒ္ဓါဖြင့် အဝိဇ္ဇာ-စသော တရားတို့ကို ယူရပါသည်။ [မှန်၏, ချုပ်ပြီးတရားများကို အတိတ်ကာလ, မဖြစ်သေးသောတရားများကို အနာဂတ်ကာလ, ဥပါဒ်-စသော ခဏ ၃-ပါး၌ ရောက်ဆဲဖြစ်သော တရားများကို ပစ္စုပ္ပန်ကာလ-ဟု ခေါ်ပါသည်။]

➢ **ဇာတိ ဇရာမရဏတို့ အနာဂတ်အဒ္ဓန့် ဖြစ်ချေခြင်းအကြောင်း ။ ။** ပစ္စုပ္ပန်

http://www.dhammadownload.com

အကြောင်းကြောင့် အနာဂတ်ကာလ၌ဖြစ်ရသောကြောင့် ဇာတိ ဇရာမရဏာတို့ အနာဂတ် အခွန့် ဖြစ်ရပါသည်။

➢ **ဝိညာဉ် နာမ်ရူပ်စသည်တို့ ပစ္စုပ္ပန်အခွန့် ဖြစ်ရခြင်းအကြောင်း** ။ ။ အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကျိုးသဘောဖြစ်သောကြောင့်ရင်း, အနာဂတ် အကျိုး၏ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းသဘောဖြစ်သောကြောင့်ရင်း, ဝိညာဉ်, နာမ်ရူပ်, သင်္ဌာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဤ ၈-ပါးသည် ပစ္စုပ္ပန်အခွန့် ဖြစ်ရပါသည်။

➢ **အဂါ ၁၂-ပါးကို အကြောင်း + အကျိုးခွဲပုံ** ။ ။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ-တို့သည် အကြောင်းအဂါ။ ဝိညာဉ်, နာမ် ရူပ်, သင်္ဌာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ-တို့သည် အကျိုးအဂါ။

ဓမ်း ။ ။ သောက ပရိဒေဝ-အစရှိသည်တို့ကိုလည်း ပဋိစ္စသမုပ္ပါဒ်၌ အဂါအဖြစ်ထည့်သွင်းထိုက်သည် မဟုတ်ပါလော?, အဘယ့်ကြောင့် မထည့်သွင်းပါသနည်း။

➢ **စသောက စသည်ကို ပဋိစ္စသမုပ္ပါဒ်အဂါအဖြစ် မထည့်သွင်းရခြင်း**

သောက-စသည်တို့သည် ဇာတိ၏မုချအကျိုးမဟုတ်, အကျိုးဆက်မျှသာဖြစ်သောကြောင့် -- သောက-စသည်ကို ပဋိစ္စသမုပ္ပါဒ်အဂါအဖြစ် မထည့်သွင်းရပါ။

တစ်နည်း--- သောက-စသည်ကို ဆိုခြင်းသည် ဇာတိ၏မုချမဟုတ်, အကျိုးဆက်မျှကို ပြခြင်းဌာသာ ဆိုထားခြင်းဖြစ်၏, သီးခြားအဂါကို ပြလို၍ ဆိုထားခြင်းမဟုတ်, ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အဂါအဖြစ် မဟောပါ။

➢ **ဇာတိ၏ အကျိုးဆက်** ။ ။ သောက ပရိဒေဝ-စသည်သည် ကာမဘုံ၌သာဖြစ်၏။ ရူပ, အရူပဘုံ၌ မဖြစ်, ထို့ကြောင့် ဇာတိ၏အကျိုးဆက်ဟု ခေါ်ပါသည်။

➢ **ဇာတိ-၏ မူဓာအကျိုးဆက်** ။ ။ ဇရာ မရဏ-ဟူသော အကျိုးတရား ၂-ပါးကား ဇာတိဖြစ်ရာ ဘုံတိုင်း၌ ဖြစ်ကြ၏။ ထို့ကြောင့် ဇရာ မရဏကို ဇာတိ ၏မုချအကျိုးဆက်ဟု ခေါ်သည်။

➢ **မီး ၁၁-ပါး** ။ ။ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဤ ၈-ပါးနှင့် ရာဂ, ဒေါသ, မောဟ ၃-ပါးတို့ကို မီး ၁၁-တန်-ဟု ခေါ်သည်။

➢ **အဝိဇ္ဇာကိုယူသဖြင့် တဏှာဥပါဒါန်တို့ကို ယူရခြင်းအကြောင်း** ။ ။ အဝိဇ္ဇာနှင့် တဏှာဥပါဒါန်တို့သည် ကိလေသာအဖြစ်တူသောကြောင့် အဝိဇ္ဇာကိုယူသဖြင့် တဏှာဥပါဒါန်တို့ကိုလည်း ယူရပါသည်။

➢ **သင်္ခါရကိုယူသဖြင့် ကမ္မဘဝကိုလည်း ယူရခြင်းအကြောင်း** ။ ။ ကမ္မဘဝ အဖြစ်တူသောကြောင့် သင်္ခါရကိုယူသဖြင့် ကမ္မဘဝကိုလည်း ယူရပါသည်။

http://www.dhammadownload.com

➢ **တဏှာဥပါဒါနိ၊ကိုယူသဖြင့် အဝိဇ္ဇာကိုလည်း ယူရမြင်းအကြောင်း ။ ။** တဏှာဥပါဒါနိ၊နှင့် အဝိဇ္ဇာသည် ကိလေသာအဖြစ်တူသောကြောင့် တဏှာဥပါဒါနိ၊ကိုယူသဖြင့် အဝိဇ္ဇာကိုလည်း ယူရပါသည်။

➢ **ကမ္မဘဝကိုယူသဖြင့် သခါရကို ယူရခြင်းအကြောင်း ။ ။** ကမ္မဘဝအဖြစ်တူသောကြောင့် ကမ္မဘဝကိုယူသဖြင့် သခါရကိုလည်း ယူရပါသည်။

➢ **ဇာတိ ဇရာ မရဏကိုယူသဖြင့် ဝိညာဉ်-စသော ၅-ပါးကိုလည်း ယူရခြင်းအကြောင်း ။ ။** ဝိညာဉ်, နာမ်ရုပ်, သင်္ဌာယတန, ဖဿ, ဝေဒနာတို့၏ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းကိုသာလျှင် ဇာတိ, ဇရာ, မရဏ-ဟု ဟောထားခြင်းဖြစ်၏၊ ထို့ကြောင့် ဇာတိ ဇရာ မရဏကိုယူသဖြင့် ဝိညာဉ်-စသော ၅-ပါးကိုလည်း ယူရပါသည်။

➢ **အာကာရ မည်ပုံ ။ ။** အတိတ်-စသော ကာလတို့၌ ထင်ရှားစွာပြအပ်သောကြောင့် "အာကာရ" မည်ပါသည်။

➢ **တိသန္ဓိ-အရ /အစပ် ၃-ပါးကား ။ ။** (၁) အတိတ်အကြောင်း ၅-ပါးတွင်ပါဝင်သော သခါရနှင့် ပစ္စုပ္ပန်အကျိုး ၅-ပါးတွင်ပါဝင်သော ဝိညာဉ်တို့၏ အကြားသည် တစ်စပ်၊ [ဤအစပ်သည် သခါရပစ္စယာ ဝိညာဏ်-ဟူသော ပါဠိတော်အတိုင်းဖြစ်သည်။] (၂) ပစ္စုပ္ပန်အကျိုးတွင်ပါဝင်သော ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်းတွင် ပါဝင်သော တဏှာအကြားသည် တစ်စပ်၊ [ဤအစပ်သည် ဝေဒနာ ပစ္စယာ တဏှာ-ဟူသော ပါဠိတော်အတိုင်းဖြစ်သည်။] (၃) ပစ္စုပ္ပန်အကြောင်းတွင်ပါဝင်သော ဘဝနှင့် အနာဂတ်အကျိုးတွင်ပါဝင်သော ဇာတိအကြားသည် တစ်စပ်။ [ဤအစပ်သည် ဘဝပစ္စယာ ဇာတိ-ဟူသော ပါဠိတော်အတိုင်း ဖြစ်သည်။] **(ဋီကာကျော်-အလို)**

[အကျဉ်း] (၁) သခါရနှင့် ဝိညာဉ်တို့၏အကြား တစ်စပ်၊ [**အကြောင်းကြောင့် အကျိုး၏ မပြတ်မစဲ ဖြစ်ခြင်းရှိသောကြောင့် ဟေတုမလသမ္ဗန္ဓ-အကြောင်း+အကျိုး** အစပ်] (၂) ဝေဒနာနှင့် တဏှာတို့၏အကြား တစ်စပ်၊ [**အကျိုးကြောင့် အကြောင်း၏ မပြတ်မစဲ ဖြစ်ခြင်းရှိသောကြောင့် မလဟေတုသမ္ဗန္ဓ-အကျိုး+အကြောင်း**အစပ်] (၃) ဘဝနှင့် ဇာတိတို့၏အကြား တစ်စပ်၊ [ဟေတုဟလသမ္ဗန္ဓ-**အကြောင်း+အကျိုး** အစပ်] **(သမ္မောဟ-ဘဒ္ဒကထာ)**

➢ **သခေ်ပ မည်ပုံ ။ ။** အဝိဇ္ဇာ-စသော တရားတို့ကိုရင်း, ဝိညာဉ်-စသော တရားတို့ကိုရင်း, ချဉ်းအပ် ချုံးအပ်ရာဖြစ်သောကြောင့် "သခေ်ပ" မည်ပါသည်။

➢ **ကမ္မဘဝသစ်ဇာတ ဘဝကဇေသောပြင့်ပြအပ်သော အဓိပ္ပါယ် ။ ။** နောင်အခါ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သော စေတနာသည် ကမ္မဘဝ မည်၏၊ ကံဖြစ်ရာ ရှေးဘဝ၌ဖြစ်ခဲ့သော ဤဘဝပဋိသန္ဓေ၏ အကြောင်းစေတနာသည် သခါရ မည်၏။

http://www.dhammadownload.com

➢ **အဝေသသာစ ဝိပါကဝဏ္ဏ-ဒ္ဒ အဝေသသ-အရ ။ ။** ဝိညာဉ်-စသော အကျိုး ၅-ပါး အပေါင်း ဇာတိ, ဇရာ, မရဏ ဤတရားများကို ယူရပါမည်။

➢ **ဥပပတ္တိဘဝသဒ္ဒါတော ဘဝေကဒေသောဖြင့် ပြအပ်သော အဓိပ္ပါယ်**

အနာဂတ်ဘဝ-၌ အကျိုးဝင်သော ဝိညာဉ်-စသော တရားတို့ကိုပင် "ဥပပတ္တိဘဝ"ဟု ခေါ်သည်၊ ဘဝသဒ္ဒါဖြင့် ကမ္မဘဝကို ဆိုလတ္တံ့ဖြစ်သောကြောင့် "ဘဝေကဒေသော" ဟု ဆိုပါသည်။

➢ **ကမ္မဘဝသဒ္ဒါတော ဘဝေကဒေသော-ဟု ဆိုရခြင်းအကြောင်း**

ဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝ-ဟု ၂-မျိုးရှိသည့်အနက် ကမ္မဘဝတစ်စိတ်ကို ယူလိုသောကြောင့် ကမ္မဘဝသဒ္ဒါတော ဘဝေကဒေသော-ဟု ဆိုရပါသည်။

➢ **ဥပပတ္တိဘဝသဒ္ဒါတော ဘဝေကဒေသော-ဟု ဆိုရခြင်းအကြောင်း**

ဥပပတ္တိဘဝ တစ်စိတ်ကိုသာ ယူလိုသောကြောင့် ဥပပတ္တိဘဝသဒ္ဒါတော ဘဝေကဒေသော-ဟု ဆိုရပါသည်။

➢ **အဝိဇ္ဇာနှင့်တဏှာကို "မူလ"ဟု ခေါ်ရခြင်းအကြောင်း ။ ။** အဝိဇ္ဇာသည် ရှေးအတိတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ် အဘို့၏အကြောင်းတည်း၊ (၀၊) အမြစ်အရင်းတည်း, တဏှာသည် နောက်အနာဂတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ် အဘို့၏ အကြောင်းတည်း, (၀၊) အမြစ်အရင်းတည်း၊ ထို့ကြောင့် အဝိဇ္ဇာ, တဏှာ ၂-ပါးကို "မူလ"ဟု ခေါ်ပါသည်။

➢ **ဓာတသဓမ္ဓစ မူလာနံ, နိဓေါဓေန နိဗ္ဗတ္တိ-ပါဠိဖြင့်ပြအပ်သော အဓိပ္ပါယ်**

အဝိဇ္ဇာ တဏှာဟူသော မူလ ၂-ပါး၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် ဝင်ရတရားချုပ်သည်ဟု ပြပါသည်။

➢ **ဓာတသဓမ္ဓစ မူလာနံ, နိဓေါဓေန နိဗ္ဗတ္တိ-ဒ္ဒ အလိုရှိအပ်သော နိရောဓ**

သမုဒ္ဓေဒနိရောဓ ဖြစ်ပါသည်။ * **အလိုမရှိအပ်သော နိရောဓကား** - တဒင်္ဂ နိရောဓ၊ ဝိက္ခမ္ဘနနိရောဓ၊ ပဋိပဿဒ္ဓိ နိရောဓ၊ ခဏနိရောဓ-တို့ ဖြစ်ပါသည်။

➢ **နိဓေါဓေန= ချုပ်ဟူသည် ။ ။** တစ်ဖန် မဖြစ်ခြင်းသဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းပင် တည်းဟု ဆိုလိုပါသည်။

➢ **မုဒ္ဓာ = တွေ့ဝေမိန်းမောခြင်းဟူသည် ။ ။** ဇရာ မရဏ တရားပင်တည်းဟု ဆိုလိုပါသည်။

➢ **အဝိဇ္ဇာတစ်ပန် ဖြစ်ပေါ်လာရခြင်းအကြောင်း ။ ။** ဇရာ, မရဏ, မုဒ္ဓာ-၌ နှိပ်စက်အပ်သောသတ္တဝါတို့အား ကာမသဝ-စသော အာသဝေါတရားများ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည် တစ်ဖန်ဖြစ်ပေါ်လာရပါသည်။

http://www.dhammadownload.com

➢ **အဝိဇ္ဇာဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း /အဝိဇ္ဇာ၏အကြောင်းကား---** အာသဝ ဖြစ်ပါသည်။ **သာဓက---** အာသဝါနံ သမုဒယာဒိ, အဝိဇ္ဇာစ ပဝတ္တတိ။ **ဓမ်း** ။ ။ **အဝိဇ္ဇာကြောင့် သခါရဖြစ်၏**ဟု ဆိုလျှင် **အဝိဇ္ဇာ**သည် **အဘယ်**တရားကြောင့် ဖြစ်ပါသနည်း ဖြေဆိုပါ။ [၁၃၅၁-လတ်]

ဖြေ ။ ။ **အဝိဇ္ဇာ**သည် **အာသဝ**ကြောင့် ဖြစ်ပါသည်။

➢ **ဓေတဘူမက-အရ** ။ ။ **ကိလေသဝဋ်**, **ကမ္မဝဋ်**, **ဝိပါကဝဋ်-တို့**၏**အစွမ်း**ဖြင့် ၃-ပါးသောဝဋ်တရားကို ယူရပါမည်။

➢ **ဝဋ်ဖြတ်ပုံ** ။ ။ **အဝိဇ္ဇာ** တဏှာ-ဟုဆိုအပ်သော ဝဋ်မြစ်နှစ်ပါးတို့၏ နောင်တဖန် မဖြစ်ခြင်းသဘော ရှိသည်၏**အ**ဖြစ်သို့ ရောက်ခြင်းကြောင့် ဝဋ်ပြတ်ပါသည်။

➢ **ဝဋ်လည်ပုံ** ။ ။ ဇရာ မရဏ-ဟုဆိုအပ်သော တွေဝေမိန်းမောကြောင်းတရားသည် အမြဲမပြတ် **အထပ်ထပ်** နှိပ်စက်**အ**ပ်ကုန်သော, **သောက-အ**စရှိသည်တို့သည် **လွန်**စွာသက်ရောက်**အ**ပ် နှိပ်စက်**အ**ပ်ကုန်သော **သတ္တ**ဝါတို့**အား** ကာမာသဝ-စသော **အာ**သဝေါတရား**တို့**၏ ဖြစ်ခြင်းကြောင့် **တ**ဖန် **အ**ဝိဇ္ဇာ**ဖြ**စ်ပြန်ကာ ဝဋ်**လ**ည်ပါသည်။

➢ **ပဋိစ္စသမုပ္ပါဒ်ဟူ**သည် ။ ။ ဘုံ ၃-ပါး၌ဖြစ်သော **ကိ**လေသဝဋ်, **ကမ္ম**ဝဋ်, ဝိပါကဝဋ်-**တို့**၏**အ**စွမ်း**ဖြ**င့် ဝဋ်၃-ပါးပင်တည်းဟု ဆိုလိုပါသည်။

➢ **ဟေတု မည်ပုံ** ။ ။ **အ**ကျိုးတရား**တ**ည်ကြောင်း**၏** **အ**ဖြစ်ကြောင့် **ဟိ**တ် ၆-ပါးသည် **ဟေ**တု **မ**ည်ပါသည်။ [ဓာတ်သည် **အ**နက်**မ**ျားစွာကို **ဟော**နိုင်**သော**ကြောင့် **ဟိ**နောတိ-၌ **ဟိ**ဓာတ်, **ဟေ**တု-၌ **ဟိ**ဓာတ်သည် **ပ**တိဋ္ဌာ-**တ**ည်ခြင်း**အ**နက်ကို **ဟော**၏]

တစ်နည်း--- **သ**စ်ပင်**သ**ည် **အ**ထက်**သို**့**ဩ**ဇာကို **ပို**့**ဆော**င်**သော**အ**ဖြ**စ်ကြောင့် **ကြီ**းပွားစည်ပင်ရ**သ**ကဲ့**သို**့ **ကံ**၏ **အ**ရင်း**ခ**ံ**ဖြ**စ်**သော** **ဟိ**တ်**တ**ရား**ကြော**င့် **ထို**ကံ**လ**ျှင် **အ**ကြောင်းရှိ**သော** **အ**ကျိုး**တ**ရား**သ**ည် **ဖြ**စ်**ပေ**ါ်**လာ**ကြောင်း**ဖြ**စ်**သော**ကြောင့် **ဟိ**တ် ၆-ပါး**သ**ည် "**ဟေ**တု" **မ**ည်ပါ**သ**ည်။

➢ **ဟေတုနှင့် ပစ္စယ**အထူး/**ဟိ**တ်**နှ**င့်**ပ**စ္စည်း**အ**ထူး ။ ။ **အ**ခြေ**အ**မြစ်**ဟူ**သော **အ**နက်ကြောင့် **ဟေ**တု [**ဟိ**တ်] **မ**ည်ပါ**သ**ည်။ **ကျေ**းလူ**ပြ**ုတတ်**သ**ည်၏**အ**ဖြစ်**ဟူ**သော **အ**နက်ကြောင့် **ပ**စ္စယ [**ပ**စ္စည်း] **မ**ည်ပါ**သ**ည်။ ဤ**သို**့**ထ**ူ**း**ပါ**သ**ည်။

➢ **ဟေတုပ**စ္စည်း **မ**ည်ပုံ ။ ။ **အ**ခြေ**အ**မြစ်**ဟူ**သော **မ**ူ**လ**အ**နက်**အား**ဖြင့် **ကျေ**းလူ**ပြ**ုတတ်**သော**တရား**သ**ည် **ဟေ**တု**ပ**စ္စည်း**မ**ည်ပါ**သ**ည်။

➢ **ဟေတုပ**စ္စည်း**၏ ကျေ**းလူ**ပြ**ုပုံ ။ ။ **ဟေ**တု**ပ**စ္စည်း**သ**ည် **ပ**ဝတ္တိ**အ**ခါ **စ**ိတ္တ**ဇ**ရူပ်**တို**့**အား**ရင်း, **ပ**ဋိ**သ**န္ဓေ**အ**ခါ **ကမ္ম**ဇရူပ်**တို**့**အား**ရင်း, **ပ**ဝတ္တိ **ပ**ဋိ**သ**န္ဓေ**အ**ခါ **သ**ဟိ**တ**်**စ**ိတ် **ဇ**ကသ**တ**္တ**တ**ိ, **မော**ဟ**မ**ူ**ဌေ**း**၌ **မော**ဟ**ကြ**င့်**သော** **စ**ေ**တ**သိ**က** **ဌေ**ပ**ညာ**သ-**တို**့**အား**ရင်း

http://www.dhammadownload.com

ကျေးလူးပြုပါသည်။

➢ **အာရမ္မဏပစ္စယော ၌ အာရမ္မဏမည်ပုံ** ။ ။ အားနည်းသော အဖိုးအိုသည် တုတ်-စသည်ကိုစွဲကိုင်သကဲ့သို့ စိတ်, စေတသိက်တို့သည် စွဲယူအပ်သောကြောင့် အာရမ္မဏ မည်ပါသည်။

➢ **အာရမ္မဏပစ္စည်း၌ တရားအားလုံးပါဝင်နိုင်ခြင်းအကြောင်း** ။ ။ စိတ်, စေတသိက်တို့၏အာရုံအဖြစ်သို့ မရောက်သောတရားမည်သည် မရှိ, ထို့ကြောင့် အာရမ္မဏပစ္စည်း၌ စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်, ပညတ်-တရားအားလုံး ပါဝင်နေပါသည်။

➢ **အာရမ္မဏပစ္စည်း မည်ပုံ** ။ ။ အာရုံဖြစ်၍ ကျေးလူးပြုတတ်သောတရားသည် "အာရမ္မဏပစ္စည်း" မည်ပါသည်။

➢ **အဓိပတိ-၌ အဓိ-အရ** ။ ။ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော ပစ္စယုပ္ပန်တရားတို့ကို ယူရပါမည်။

➢ **အဓိပတိပစ္စည်း မည်ပုံ** ။ ။ မိမိနှင့်စပ်၍ဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ အရှင်သခင်အကြီးအမှူးဖြစ်၍ ကျေးလူးပြုတတ်သောတရားသည် အဓိပတိပစ္စည်း မည်ပါသည်။

➢ **အနန္တရပစ္စည်း မည်ပုံ** ။ ။ ပစ္စယုပ္ပန်နှင့်တကွ အကြောင်းမရှိသည်ဖြစ်၍ ကျေးလူးပြုတတ်သောတရားသည် "အနန္တရပစ္စည်း" မည်ပါသည်။

➢ **သမနန္တရပစ္စည်း မည်ပုံ** ။ ။ ပုံသဏ္ဌာန်မရှိခြင်းကြောင့် ကောင်းစွာ (ဝါ) လွန်စွာ အကြောင်းမရှိသည်ဖြစ်၍ ကျေးလူးပြုတတ်သောတရားသည် သမနန္တရပစ္စည်း မည်ပါသည်။

➢ **အနန္တရပစ္စည်း, သမနန္တရပစ္စည်းတို့-အရ** ။ ။ မိမိဟူသော ပစ္စည်းတရား၏ အခြားမဲ့၌ လျော်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော ရှေးရှေး၌ချုပ်ပြီးသော စိတ်, စေတသိက်, နာမကွန္ဓာတရားများကို ကောက်ယူရပါမည်။ [ဘုရား, ရဟန္တာတို့၏ စုတိစိတ်ကို မကောက်ယူရပါ။]

➢ **အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းအထူး** ။ ။ ဤ ၂-ပစ္စည်းသည် သဒ္ဒါအားဖြင့်သာ ထူး၏။ အနက်တရားကိုယ်အားဖြင့် အတူတူပင်ဖြစ်သည်။

ဓကစီဆရာအလို--- အနက်ခြင်း ပရမတ်တရား ခြားကွယ်ခြင်းမရှိသည်၏အဖြစ်သည် အနန္တရပစ္စည်း မည်ပါသည်။ အချိန်ကာလ ခြားကွယ်ခြင်းမရှိသည်၏အဖြစ်သည် သမနန္တရပစ္စည်း မည်ပါသည်။ ဤသို့ ထူးပါသည်။

[ယင်းကေစိဝါဒသည် နိရောဓဝုဋ္ဌဟန္တသ နေဝသညာ နာသညာယတနံ ဖလ သမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယောဟူသော ပဋ္ဌာန်းပါဠိနှင့်ဆန့်ကျင်သောကြောင့် မသင့်ဟု မှတ်ရပါမည်။

http://www.dhammadownload.com

နိရောဓသမာပတ် မဝင်စားမီ ရှေ့အဖို့၌ဖြစ်သော နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာသည် နိရောဓသမာပတ်မှထသောအခါ၌ဖြစ်သော အနာဂါမိဖိုလ် အရဟာတ္တဖိုလ်အား ၇-ရက်ကာလခြား၍ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် "ကာလာနန္တရတာယ သမနန္တရပစ္စယာ"ဟူသော ကေစိဆရာ၏ စကားသည် ပဋ္ဌာန်းပါဠိနှင့် ဆန့်ကျင်ရကား မသင့်ပါ။]

➢ **အနန္တရနှင့် သမနန္တရပစ္စည်းသည် သဒ္ဒါမျှသာလျှင် ထူး၍ တရားကိုယ်အားဖြင့် အထူး မရှိခြင်းအကြောင်း**

ရှေ့ဖြစ်သော ပစ္စည်းတရား၏ဘင်နှင့် နောက်ဖြစ်သော ပစ္စယုပ္ပန်တရား၏ ဥပါဒ် အကြားဌ၌ နာမ်တရားမခြားလျှင် အနန္တရ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ရှေ့ဖြစ်သော ပစ္စည်းတရား၏ဘင်နှင့် နောက်ဖြစ်သော ပစ္စယုပ္ပန်တရား၏ ဥပါဒ် အကြားဌ၌ ရူပ်တရားကား--ခြားချင်သလောက် ခြားနိုင်သည်။ထို့ကြောင့် အနန္တရနှင့် သမနန္တရပစ္စည်းသည် သဒ္ဒါမျှသာလျှင် ထူး၏။ တရားကိုယ်အားဖြင့် အထူး မရှိပါ။

➢ **အနန္တရပစ္စည်း, သမနန္တရပစ္စည်းနှစ်၍ ဟောရမ့် ။ ။** သရူပ်တရားကိုယ် မကွဲပြားသော်လည်း ထိုထိုအခြင်းအရာအားဖြင့် သိလတ္တံ့သော ဝေနေယျတို့၏အစွမ်းအားဖြင့် နှစ်ပစ္စည်းနှစ်ခြား၍ ဟောတော်မူသည်။

➢ **သဟဇာတပစ္စည်း မည်ပုံ ။ ။** ဆီမီးသည် ဆီမီးရောင်ကို ကျေးဇူးပြုသကဲ့သို့ တကွဖြစ်ဘက် ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် သဟဇာတပစ္စည်း မည်ပါသည်။

➢ **သဟဇာတပစ္စည်းတရား ။ ။** နာမက္ခန္ဓာ ၄-ပါး, မဟာဘူတ် ၄-ပါး, ပဋိသန္ဓေ အခါ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေ နာမက္ခန္ဓာကို ကောက်ယူရပါမည်။

➢ **အညမညပစ္စည်း မည်ပုံ ။ ။** ဖိုခနောက်ဆိုင် ထောင်ထားသည့် တုတ်သုံးချောင်းသည် တစ်ချောင်းက တစ်ချောင်းကို လဲကျမသွားအောင် ကျေးဇူးပြုသကဲ့သို့ မိမိအား ကျေးဇူးပြုတတ်သောတရားတို့ကို ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် အပြန်အလှန် ကျေးဇူးပြုတတ်သောပစ္စည်းသည် အညမညပစ္စည်း မည်ပါသည်။

➢ **အညမညပစ္စည်းနှင့် သဟဇာတပစ္စည်း အထူး ။ ။** အချင်းချင်းအဖြစ်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် အညမညပစ္စည်း မည်ပါသည်။ တကွဖြစ်ကာမျှဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် သဟဇာတပစ္စည်း မည်ပါသည်။ဤသို့ ထူးပါသည်။

➢ **သဟဇာတပစ္စည်းဖြစ်တိုင်း အညမညပစ္စည်း မဖြစ်ခြင်းအကြောင်း**

စိတ္တဇရူပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော နာမ်တရားတို့ကို

http://www.dhammadownload.com

ရင်း, ဥပါဒါရူပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးလူးပြုတတ်သော မဟာဘုတ်တို့ကို ရင်း အညမညပစ္စည်းအဖြစ်ဖြင့် မထုတ်ပြအပ်သောကြောင့် သဟဇာတပစ္စည်းဖြစ်တိုင်း အညမညပစ္စည်း မဖြစ်ပါ။

➢ **လဒ္ဓဒေါသ– ရောက်အပ်သောအပြစ်** ။ ။ အညမညပစ္စည်းကလည်း အတူတကွဖြစ်ကာမျှဖြင့် ကျေးလူးပြုသည်ဟုဆိုလျှင် သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း အထူးမရှိဟူသော အပြစ်ရောက်နိုင်ပါသည်။

➢ **နိဿယပစ္စည်း မည်ပုံ** ။ ။ ပန်းချီဆွဲရန်ဖြစ်သည့် အဝတ်ကားသည် အဆန်းတကျယ်ပြုလုပ်ထားသော ပန်းချီဆေးရေးရုပ်၏ မှီရာဖြစ်သကဲ့သို့ သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့၏ မှီရာဖြစ်သော ခန္ဓာ ၄-ပါးတို့သည် နိဿယပစ္စည်း မည်ပါသည်။

မြေကြီးသည် သစ်ပင် တောင်-စသည်တို့၏ မှီရာဖြစ်သကဲ့သို့ သဟဇာတ်ဖြစ်သော ရူပ်တရားတို့၏ မှီရာဖြစ်သော ဘူတရူပ် ၄-ပါးသည် [သဟဇာတ] နိဿယပစ္စည်း မည်ပါသည်။ * မြေကြီးသည် သစ်ပင် တောင်-စသည်တို့၏ မှီရာဖြစ်သကဲ့သို့ သတ္တဝါညာဏာဓာတ်တို့၏ မှီရာဖြစ်သော ဝတ္ထုရူပ် ၆-ပါးသည် [ပုရေဇာတ] နိဿယပစ္စည်း မည်ပါသည်။ * မှီတတ်သော ပစ္စယုပ္ပန်တရားတို့သည် မှီအပ်သောကြောင့် နိဿယပစ္စည်း မည်ပါသည်။ * ပစ္စယုပ္ပန်တရားတို့၏ မှီရာဖြစ်သောကြောင့် နိဿယပစ္စည်း မည်ပါသည်။

➢ **ဥပနိဿယပစ္စည်း မည်ပုံ** ။ ။ အားကြီးသော မှီရာဖြစ်၍ ကျေးလူးပြုတတ်သော ပစ္စည်းသည် "ဥပနိဿယပစ္စည်း" မည်ပါသည်။

➢ **ပုရေဇာတပစ္စည်း မည်ပုံ** ။ ။ ဝတ္ထုရူပ် ၆-ပါး, အာရုံ ၆-ပါးတို့သည် ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာဖြစ်ပြီး၍ ဖြစ်ဆဲတည်ဆဲ၏အဖြစ်ဖြင့် ကျေးလူးပြုတတ်သောကြောင့် "ပုရေဇာတပစ္စည်း" မည်ပါသည်။

➢ **ပစ္ဆာဇာတပစ္စည်း မည်ပုံ** ။ ။ ပစ္ဆာဇာတပစ္စည်းမရှိခဲ့သော် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ် မပြတ်တည်ခြင်း၏အကြောင်း အထောက်အပံ့အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့၏ နောက်မှဖြစ်၍ ကျေးလူးပြုတတ်သောကြောင့် ပစ္ဆာဇာတပစ္စည်း မည်ပါသည်။

[ဥပမာ] ပစ္ဆာဇာတပစ္စည်း ကျေးလူးပြုပုံသည် ငှင်းတယေလေးတို့၏ ခန္ဓာကိုယ်အား အာဟာရ၌တပ်မက်သော စေတနာက ကျေးလူးပြုပုံနှင့် တူပါသည်။

➢ **အာသေဝနပစ္စည်း မည်ပုံ** ။ ။ ဇာတ်တူသမ္ပယုတ်တရားတို့အား ကျေးလူးပြုတတ်သော ဇာတ်တူတရားတို့သည်သာလျှင် အာသေဝနပစ္စည်း မည်ပါသည်။ [ကုသိုလ် ကုသိုလ်ချင်း, အကုသိုလ် အကုသိုလ်ချင်း, အဗျာကတ အဗျာကတချင်းသာ အာသေဝနပစ္စည်းဖြင့် ကျေးလူးပြုသည်ဟု မှတ်ပါ။]

http://www.dhammadownload.com

➢ **အာဝေဝနေ မည်မုံ့** ။ ။ မိမိနှင့်တူသော ဇာတ်ရှိသည်၏အဖြစ်ကို ယူစေခြင်းသည် အာသေဝန မည်ပါသည်။

➢ **အာဝေဝနပစ္စည်း ကျေးဇူးဖြေမုံ့** ။ ။ ရှေးရှေးဌာသင်ယူလေ့လာဘူးသော ကျမ်းစာသည် နောက်နောက်ဌာ သင်ယူလေ့လာသော ကျမ်းစာအား သဘောတူလျှင် လွယ်ကူအောင် အထောက်အကူပြုသလို အာသေဝနပစ္စည်းသည်လည်း ဇာတ်တူတရားများကို သာ ကျေးဇူးပြုသည်, ဇာတ်ကွဲပြားနေလျှင် အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။

➢ **အာဝေဝနပစ္စည်းတရား** ။ ။ အခြားမဲ့ဖြစ်၍ လွန်ကုန်ပြီးသော လောကီ ကုသိုလ် အကုသိုလ်ဇောနှင့် ကြိယာဇောများ ဖြစ်ပါသည်။

➢ **ကမ္မပစ္စည်း မည်မုံ့** ။ ။ ကျေးဇူးပြုတတ်သော စေတနာသည် ကမ္မပစ္စည်း မည်ပါသည်။ * အတူတကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရူပ်တို့အား ကျေးဇူးပြုတတ်သော စေတနာသည် [သဟဇာတ] ကမ္မပစ္စည်း မည်ပါသည်။

➢ **နာနာက္ခဏိက ကမ္မပစ္စည်း မည်မုံ့** ။ ။ အထူးထူးသောခဏာ၌ဖြစ်သော ဝိပါက် ကဋ္ဌတ္တာရူပ်တို့အား ကျေးဇူးပြုတတ်သော စေတနာသည် နာနာက္ခဏိက ကမ္မပစ္စည်း မည်ပါသည်။

➢ **နာနာက္ခဏိကကမ္မ အဓိပ္ပါယ်** ။ ။ အကြောင်းစေတနာက အတိတ်ဘဝ၌ ဖြစ်ခဲ့၏။ အကျိုးဝိပါက် ကဋ္ဌတ္တာရူပ်က ပစ္စုပ္ပန်ဘဝ၌ ဖြစ်၏။ ဤသို့ ကာလကွဲပြားသောကြောင့် နာနာက္ခဏိကကမ္မ-ဟု ခေါ်ပါသည်။

➢ **ဝိပါကပစ္စည်း မည်မုံ့** ။ ။ မိမိကိုအားထုတ်ခြင်း ဗျာပါရမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် သဟဇာတ်ဖြစ်ကုန်သော နာမ်ရူပ်တို့အား အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းအကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်စိတ်, စေတသိက်တို့သည် ဝိပါကပစ္စည်း မည်ပါသည်။

➢ **ဝိပါက်တရားများ ဥဿာဟမရှိသည့်အတွက် ငြိမ်သက်သည်ဟု ဆိုရခြင်း အကြောင်း** ။ ။ ဝိပါက်တရားများသည် ပယောဂဖြင့် မပြီးစေအပ်သည်၏အဖြစ်ကြောင့်ဌင်း, ကံကိုပြုအပ်ပြီးသည်၏အဖြစ်ကြောင့် ဖြစ်လာရသော အကျိုးမျှဖြစ်သောကြောင့်ဌင်း "နိရုဿာဟ သန္တာဘာဝ" ဖြစ်ပါသည်။

အမှာ/ ဝိပါက်များသည် ကိလေသာငြိမ်းအေးသည့်အတွက် သန္တာဘာဝဖြစ်ခြင်း မျိုးကား မဟုတ်, ဝိပါက်သည် နိရုဿာဟ သန္တာဘာဝဖြစ်သောကြောင့် ဘဝင်-စသော ဝိပါက်များကိုလည်း သိနိုင်ခဲ့၏။ ပဠဝိညာဉ် သမ္မဋိဿိုင်း, သန္ဓိရဏ-စသော ဝိပါက်များကိုလည်း သိနိုင်ခဲ့၏။ ဝိထိအတွင်း၌ ဇောဖြစ်ခြင်းကြောင့်သာလျှင် ပဠဝိညာဉ်-စသည်တို့၏ ရူပါရုံ-စသည်ကို အာရုံယူတတ်သည်၏အဖြစ်ကို သိရ၏။

http://www.dhammadownload.com

➢ **အာဟာရပစ္စည်း မည်ပုံ** ။ ။ ရုပ်နာမ်တို့အား ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် ကျေးလူးပြုတတ်သော အာဟာရ ၄-ပါးသည် အာဟာရပစ္စည်း မည်ပါသည်။

➢ **ဥပတ္ထမ္ဘကဓမ္မာန–ဟု ဆိုရခြင်းအစကြောင်း** ။ ။ အာဟာရ ၄-ပါးအနက် ဖဿာဟာရဟူသည် ဖဿစေတသိက်ပင်တည်း, ယင်းဖဿစေတသိက်သည် စိတ်တိုင်းနှင့် ယှဉ်၏။ ဖဿသည် ကျန်သော သမ္ပယုတ္တဓမ္မအားဖြင့် ဖြစ်စေတတ်သော ဇနကသတ္တိ လည်းရှိ၏။ ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကသတ္တိလည်းရှိ၏။ ထို ၂-မျိုးအနက် အာဟာရပစ္စည်းအရာ၌ ဥပတ္ထမ္ဘကသတ္တိကသာ ပဓာနကျသည်ထို့ကြောင့် ဥပတ္ထမ္ဘကတ္ထေန-ဟု ဆိုပါသည်။

➢ **ဣန္ဒြေယပစ္စည်း မည်ပုံ** ။ ။ ထိုထိုကိစ္စတို့၌ ပစ္စယုပ္ပန်တရားတို့ကို မိမိသို့လိုက်စေခြင်းဟု ဆိုအပ်သော အစိုးရသည်၏အဖြစ်ဖြင့် ကျေးလူးပြုတတ်သောပစ္စည်းသည် ဣန္ဒြေယပစ္စည်း မည်ပါသည်။

➢ **ဈာနပစ္စည်း မည်ပုံ** ။ ။ အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်တို့၏ အစွမ်းဖြင့် ကပ်ရောက်၍ အာရုံကိုရှုတတ်သော ဝိတက်-စသော ဈာနင်တရားကိုယ် ၅-ပါးသည် ဈာနပစ္စည်း မည်ပါသည်။

➢ **ဝိတက်–စသော ဈာနင် ၅–ပါး၏စွမ်းရည်သတ္တိ** ။ ။ ဝိတက်-စသောဈာနင်တို့သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်၏အစွမ်းအားဖြင့် ကပ်ရောက်၍ အာရုံကိုရှုတတ်သော စွမ်းရည်သတ္တိရှိသည်။

➢ **မဂ္ဂပစ္စည်း မည်ပုံ** ။ ။ သုဂတိမှဂင်း, ကောင်းမှုမှဂင်း, ဒုဂ္ဂတိမှဂင်း, မကောင်းမှုမှဂင်း, ထွက်မြောက်အောင် ကျေးလူးပြုတတ်သောကြောင့် သမ္မာဒိဋ္ဌိ-စသော မဂ္ဂင်တရားကိုယ် ၉-ပါးသည် "မဂ္ဂပစ္စည်း" မည်ပါသည်။

➢ **မဂ္ဂင်မျှားက ကျေးလူးပြုပုံ** ။ ။ ထွက်မြောက်တတ်သည်၏အဖြစ်ဖြင့် ကျေးလူးပြုတတ်ပါသည်။

ဓမ်း ။ ။ အဘယ်မှ ထွက်မြောက်တတ်ပါသနည်း။

ဖြေ ။ ။ သုဂတိမှလည်းကောင်း, ကောင်းမှုမှလည်းကောင်း, ဒုဂ္ဂတိမှလည်းကောင်း, မကောင်းမှုမှလည်းကောင်း, ထွက်မြောက်တတ်သည်၏အဖြစ်ဖြင့် ကျေးလူးပြုပါသည်။

ကူသိုလ်မဂ္ဂင်သည် ဒုဂ္ဂတိမှ (၀ါ) မကောင်းမှုမှ ထွက်မြောက်တတ်သည်၏အဖြစ်ဖြင့် ကျေးလူးပြုတတ်ပါသည်။ * အကုသိုလ်မဂ္ဂင်သည် သုဂတိမှ (၀ါ) ကောင်းမှုမှ ထွက်မြောက်တတ်သည်၏အဖြစ်ဖြင့် ကျေးလူးပြုတတ်ပါသည်။

➢ **သမ္ပယုတ္တပစ္စည်း မည်ပုံ** ။ ။ ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တူသည်၏အဖြစ်သို့ ရောက်ကုန်သကဲ့သို့ ဧကုပ္ပါဒအစရှိသော သမ္ပယောဂလက္ခဏာဖြင့် ကျေးလူး

http://www.dhammadownload.com

ပြုတတ်သော နာမ်ခန္ဓာ ၄-ပါးတို့သည်သာလျှင် "သမ္မယုတ္တပစ္စည်း" မည်ပါသည်။

➢ **ဝိပ္ပယုတ္တပစ္စည်း မည်ပုံ** ။ ။ အချင်းချင်း ဆက်သွယ်သည်၏အဖြစ်ဖြင့် ယှဉ်ကြသော်လည်း မယှဉ်သည်၏အဖြစ်ဖြင့် (၀၊) မနှီးနှော့သည်၏အဖြစ်ဖြင့် အထူးထူးသော သဘောသို့ ကပ်ရောက်ခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သော ဝတ္ထုရုပ် ၆-ပါးနှင့် စိတ်, စေတသိက်တို့သည် "ဝိပ္ပယုတ္တပစ္စည်း" မည်ပါသည်။

➢ **အတ္ထိပစ္စည်း မည်ပုံ** ။ ။ ပစ္စုပ္ပန်သဘောဟုဆိုအပ်သော ထင်ရှားသည်၏ အဖြစ်ဖြင့် ထိုကဲ့သို့ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသော တရားကို ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော "သဟဇာတ, ပုရေဇာတ"-စသည်ဖြင့် ဆိုလတ္တံ့သော တရားတို့သည် "အတ္ထိပစ္စည်း" မည်ပါသည်။

အမှာ/ အတ္ထိပစ္စည်းမည်သည် ဇနကသတ္တိရှိသော်လည်း ဌိတိခဏ၌သာလျှင် အတ္ထိပစ္စည်းတို့၏ ဗျာပါရသည် လွန်ကဲ၏။ ထို့ကြောင့် ဥပတ္ထမ္ဘကအဖြစ်ကိုသာ ယူထားသည်။

➢ **နတ္ထိပစ္စည်း မည်ပုံ** ။ ။ တစ်ခုသော ဖယယစသော တရားအပေါင်းဖြစ်နေသည် ရှိသော် နှစ်ခုမြောက်သော ဖယယစသော တရားအပေါင်း မဖြစ်နိုင်သောကြောင့် မိမိတည်ရှိနေသဖြင့် ဖြစ်ခွင့်မရကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်တရားတို့အား ဖြစ်ခွင့်ပေးသည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်, စေတသိက်တို့သည် "နတ္ထိပစ္စည်း" မည်ပါသည်။

အမှာ/ နတ္ထိပစ္စည်း၌ ပစ္စည်းတရားထင်ရှားရှိနေစဉ် ပစ္စယုပ္ပန်တရားဖြစ်ခွင့်မရ, ပစ္စည်းတရား ချုပ်ပြီးမှသာလျှင် ပစ္စယုပ္ပန်တရားဖြစ်ခွင့်ရသည်။

➢ **ဝိဂတပစ္စည်း မည်ပုံ** ။ ။ မိမိ၏ အထည်ကိုယ်သဘောမှ မကင်းသေးခြင်းကြောင့် ဖြစ်ခွင့်မရသော နောက်နောက်တရားတို့အား မိမိက ကင်းကွာသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် "ဝိဂတပစ္စည်း" မည်ပါသည်။

➢ **အတ္ထာဒေါ သဘာဝါဝိဂမဒေနုပြိုင့်ပြိုအပ်သော အဓိပ္ပါယ်** ။ ။ မိမိတည်းဟူသော ပစ္စည်းတရားထင်ရှားရှိနေသေးလျှင် (၀၊) ပရမတ္ထသဘောမှ မကင်းသေးလျှင် အကျိုးပစ္စယုပ္ပန်တရားများ မဖြစ်နိုင်သေးဟု ပြပါသည်။

➢ **ဝိဂတဘာဝေနုပြိုင့်ပြိုအပ်သော အဓိပ္ပါယ်** ။ ။ မိမိဟူသော ပစ္စည်းတရား ပရမတ္ထအထည်ကိုယ်သဘောမှ ကင်းခြင်းကြောင့်သာလျှင် (၀၊) ကင်းသောအခါမှသာလျှင် ပစ္စယုပ္ပန်တရားများဖြစ်ခွင့်ရသည်ဟု ပြပါသည်။

➢ **အဝိဂတပစ္စည်း မည်ပုံ** ။ ။ ချုပ်ခြင်းသို့ မကပ်ရောက်နိုင်သည်၏အစွမ်းဖြင့် (၀၊) မချုပ်သေးသည်၏အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သော အတ္ထိပစ္စည်းတရားတို့သည်ပင် "အဝိဂတပစ္စည်း" မည်ပါသည်။

http://www.dhammadownload.com

➢ **အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်း အထူး ။** ။ မိမိ၏အထည်ကိုယ် ပရမတ္ထ သဘော ထင်ရှားရှိသည်၏အဖြစ်မျှဖြင့် ကျေးလူးပြုတတ်သည်၏အဖြစ်သည် အတ္ထိ ပစ္စည်း မည်ပါသည်။ ချုပ်ခြင်းသို့ မကပ်ရောက်သည်၏အစွမ်းဖြင့် ကျေးလူးပြုတတ် သည်၏ အဖြစ်သည် အဝိဂတပစ္စည်း မည်ပါသည်။ ဤသို့ ထူးပါသည်။

➢ **ဦးကာကျော်ဆရာ၏ တိုက်တွန်းချက် ။** ။ ၂၄-ပစ္စည်းအနက် အချို့သောပစ္စည်း များသည် တရားကိုယ်အတူတူပင်ဖြစ်၏၊ ယင်းပစ္စည်းတရားတို့၏ သတ္ထိအထူးကိုကား ဘုရားရှင်၌ ယုံကြည်သောအားဖြင့် ယုံကြည်ရမည်။

ထိုပစ္စည်းတို့၏အထူးကို ဘုရားရှင်ဟောတော်မူချက်အရ သိရခြင်း, အဌကထာ ဦးကာဖွင့်၍ သိရခြင်းသည် သုတမယဉာဏ်မည်၏, ထိုသုတမယဉာဏ်မှ တဆင့်တက်၍ စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်ဖြစ်အောင် အားထုတ်ကြရသည်။

အနုန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ-စသော ပစ္စည်းများသည် တရားကိုယ်လုံးဝ မထူးကြ၊ ယင်းသို့ မထူးသော်လည်း ဆုံးမထိုက်သောဝေနေယျပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အောက်၌ဟောအပ်ပြီးသော ပစ္စည်းတရားကို နောက်၌ အပြားတစ်မျိုးဖြင့် ထပ်မံဟော ကြားထားပါသည်။

➢ **ဆဓာ နာမန္တု နာမသေ–၌ နာမ်–အရ ယူရမည့်နာမ် ။** နာမက္ခန္ဓာ ၄-ပါးကို သာ ယူရပါမည်။ *** မယူရမည့်နာမ် ။** နိဗ္ဗာန်, ပညတ်တို့ ဖြစ်ပါသည်။

➢ **နိဗ္ဗာန်, ပညတ်, နာမက္ခန္ဓာတို့၏ နာမ်မည်ပုံ့ အထူး ။** ။ နိဗ္ဗာန်သည် အာရမ္မ ဏိက တရားတို့ကို မိမိ၌ ညွှတ်စေတတ်သောကြောင့် "နာမ်"မည်ပါသည်။ ပညတ် သည် အနက်သို့ ရှေးရှုညွှတ်တတ်သောကြောင့် "နာမ်"မည်ပါသည်။ နာမက္ခန္ဓာ ၄-ပါးသည် အာရုံ၌ ညွှတ်တတ်သောကြောင့် "နာမ်"မည်ပါသည်။ (၆)

➢ **ဝိပါက်စိတ်သည် အာသေဝနပစ္စည်းမတပ်ခြင်းအကြောင်း ။** ။ ဝိပါက် အဗျာ ကတသည် ကံ၏အစွမ်းကြောင့် ဝိပါက်အဖြစ်သို့ရောက်လာရသည်ဖြစ်၍ ကံ၏အဟုန် သည် ပစ်ချအပ်သည်ဖြစ်၍ ဖြစ်လာရသည့်အတွက် မိမိ၏သဘောကိုယူစေ၍ အခြား သော ဝိပါက်ကို မဖြစ်စေနိုင်, ထို့ကြောင့် အာသေဝနပစ္စည်း မတပ်ပါ။

➢ **ဝိပါက် အဗျာကတများ အာသေဝနပစ္စယုပ္ပန်တရား၌ မပါဝင်နိုင်ခြင်း အကြောင်း ။** ။ ရှေးဖြစ်သော ဝိပါက်၏ အာနုဘော်ကိုယူ၍ မဖြစ်သောကြောင့် ဝိပါက် အဗျာကတများသည် အာသေဝနပစ္စယုပ္ပန်တရား၌ မပါဝင်နိုင်ပါ။

➢ **အာဝဇ္ဇန်းခွေးသည် အာသေဝနပစ္စည်း၌ မပါဝင်နိုင်ခြင်းအကြောင်း**

နှ မဂ္ဂပစ္စယာ အာသေဝနေ ဇော်-ဟု ပဋ္ဌာန်း၌ ဟောထားသောကြောင့် အဟိတ် ကြိယာတို့တွင် ဟသိတုပ္ပါဒ်ကိုသာ အာသေဝနပစ္စည်းအဖြစ် ထုတ်ထားသောကြောင့်

http://www.dhammadownload.com

အာဝဇ္ဇန်းဌေး၌ အာသေဝနပစ္စည်း မပါဝင်နိုင်ပါ (၀ါ) မတပ်ပါ။

အမှာ/ နဂ္ဂပစ္စယာ အာသေဝနေဇက်-၌ အဟိတ်စိတ်အားလုံးသည် မဂ္ဂပစ္စည်းမရသောကြောင့် "နဂ္ဂပစ္စယာ" ဖြစ်သည်၊ ယင်းသို့ မဂ္ဂပစ္စည်းမရသော်လည်း အာသေဝနေ ဇက်-ဟု ဆိုသောကြောင့် အာသေဝနပစ္စည်းရသည်ဟု သိနိုင်၏။ အာသေဝနပစ္စည်းတပ်သောအဟိတ်စိတ်ဟူသည် ဇောကိစ္စတပ်သော ဟသိဇုပ္ပါဒ်စိတ်ပင်တည်း အာသေဝနေဇက်-၌ ဟသိတုပ္ပါဒ်စိတ်ကိုသာ ယူထိုက်သည့်အတွက် အာဝဇ္ဇန်းဌေးသည် အာသေဝနပစ္စည်း၌ မပါဝင်ဟု မှတ်ပါ။ **အကြောင်းကား---** ဇဝနာနေ၀ါကျဖြင့် ဆိုခဲ့ပြီး အကြောင်းများကြောင့် ဇောကိစ္စတပ်သော စိတ်တို့သည်သာ အာသေဝနပစ္စည်းတပ်ကြ၏၊ ထို့ကြောင့် သင်္ဂဟ၌ ပုရိမာနိ ဇဝနာနိ-စသည်ဖြင့် ဆိုထားပါသည်။

➢ **ပုရိမာနိ ဇဝနာနိ-အရ။ ။** လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်းအဖြစ် မထုတ်ထားသောကြောင့် ပုရိမာနိ ဇဝနာနိ-အရ လောကီကုသိုလ်, အကုသိုလ်, အဗျာကတဇောတို့ကိုသာ ယူရပါမည်။ [လောကုတ္တရာဇောတို့ကို မယူရ]

➢ **ဇလောကုတ္တရာဇောတို့ အာသေဝနပစ္စည်း မတပ်ခြင်းအကြောင်း**

လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်းအဖြစ် မထုတ်သောကြောင့်ဌင်း, ပဋ္ဌာန်းအဋ္ဌကထာ၌လည်း လောကုတ္တရာ ပန အာသေဝနပစ္စယောနာမ နတ္ထိ- လောကုတ္တရာဇောများ အာသေဝနပစ္စည်းမတပ်ဟု ဆိုထားသောကြောင့်ဌင်း လောကုတ္တရာဇောတို့သည် အာသေဝနပစ္စည်း မတပ်ပါ။

➢ **မဂ်ကုသိုလ်သည် ဖိုလ်စိတ်ကို အာသေဝနသဘ္ဘာဖြင့် ကျေးဇူးမပြုနိုင်ခြင်းအကြောင်း။ ။** မဂ်ကုသိုလ်သည် ပြားသောဇာတ်ရှိသော ဖိုလ်၏ရှေ့၌ဖြစ်သောကြောင့် ဖိုလ်စိတ်ကို အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။

➢ **ဖိုလ်စိတ်သည် အာသေဝနပစ္စယုပ္ပန် မဖြစ်နိုင်ခြင်းအကြောင်း။ ။** ဖိုလ်စိတ်သည် ဇောကိစ္စတပ်သော်လည်း ဝိပါကာ ဗျာကတ် ကမ္မဝသေန ဝါကျ-၌ ဆိုခဲ့သည့်အတိုင်း ရှေ့ဖြစ်သော ဝိပါက်၏အာနုဘော်ကိုယူ၍ မဖြစ်နိုင်သောကြောင့် အာသေဝနပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

➢ **ဖိုလ်ဇောသည် အာသေဝနပစ္စည်း မတပ်ခြင်းအကြောင်း။ ။** ဖိုလ်ဇောသည် ကံ၏အစွမ်းကြောင့် ဖြစ်လာရသည့်အတွက် အာသေဝနပစ္စည်း မတပ်ပါ။

အမှာ/ အာစရိယမမ္မပါလမထေရ်ကမူ "အာသေဝန ဝိနိမုတ္တံ ဇဝနံ နတ္ထိ" အာသေဝနပစ္စည်းမှလွတ်သော ဇောမည်သည်မရှိခဲ့ဟုဆို၏။ ယင်းစကားရပ်တို့ မုချဟုမမှတ်ရ၊ ယေဘုယျဟုသာ မှတ်ပါ။ အကယ်၍ မုချဟုယူလျှင် ဆရာမမ္မပါလမထေရ်သည် မဆင်မခြင် မစဉ်းမစား ဆိုမှားတတ်သည်၏အဖြစ်သို့ ရောက်လိမ့်မည်။

http://www.dhammadownload.com

ဧမေ ။ ။ မဂ္ဂဝိထိချရာ၌ ပ, ဥ, ခု, ဂေါ, မဂ်-ဟု စိတ်အစဉ်များဖြစ်ကြ၏။ ထိုတွင် ဂေါတြဘူသည် ကာမဘုံ, ကာမဇာတ်ဖြစ်၏။ မဂ်သည် လောကုတ္တရာအဝတ္ထာဘုံ လောကုတ္တရာဇာတ်ဖြစ်၏။ ဤသို့ကွဲပြားနေသောကြောင့် ဂေါတြဘူသည် မဂ်အား အာသေဝနပစ္စည်းဖြင့် ကျေးလူးပြုပါသလော?။

➢ **ဂေါတြဘူသည် မဂ်အား အာသေဝနပစ္စည်းဖြင့် ကျေးလူးပြုနိုင်ကြောင်း**

ဘုံစသည်တို့၏အစွမ်းဖြင့် ပြားသောဇာတ်ရှိသည်၏အဖြစ်ကို မလိုအပ်သော ကြောင့် ဂေါတြဘူသည် မဂ်အား, ဝေါဒါန်သည် မဂ်အား အာသေဝနပစ္စည်းဖြင့် ကျေးလူး ပြုသည်။ ထို့ကြောင့် ပဌာန်း၌လည်း ဂေါတြဘုမဂ္ဂသ အာသေဝနပစ္စယေန ပစ္စယော, ဝေါဒါန် မဂ္ဂသ အာသေဝနပစ္စယေန ပစ္စယော-ဟု ဟောကြားထားသည်။

➢ **သဟဇာတာ စိတ္တစေတသိကာဓမ္မာ အညမညံ သမ္ပယုတ္တဝေသေနတိ–၌ စိတ္တ စေတသိကာ–ဟူသာ ဆိုရမြင်းအကြောင်း/ စိတ်, စေတသိက်တို့သည် အတူတကွ ဖြစ်သော ရှုပ်တို့အား သမ္ပယုတ္တပစ္စည်းဖြင့် မတပ်မြင်းအကြောင်း ။ ။** ဇကုပ္ပါဒအစရှိ သော ၄-ပါးအပြားရှိသော သမ္ပယောဂလက္ခဏာ မရှိသောကြောင့် --- စိတ္တ စေတ သိကာ-ဟုသာ ဆိုရပါသည်။ (ဝါ) စိတ်, စေတသိက်တို့သည် အတူတကွဖြစ်သော ရှုပ်တို့အား သမ္ပယုတ္တပစ္စည်းဖြင့် မတပ်ပါ။

➢ **ဟေတုစ္စာနဝဂ် မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝေသနဖြင့်ပြုအပ် သော အဓိပ္ပါယ် ။ ။** ဟိတ်, စ္စာနင်, မဂ္ဂင်-တို့သည် ပဋိသန္ဓေအခါ ကမ္မဇရူပ်တို့အား ပဝတ္တိအခါ စိတ္တဇရူပ်တို့အား, ပဋိသန္ဓေ ပဝတ္တိအခါ တကွဖြစ်သော နာမ်တရားတို့ အား ဟေတု-စသောသတ္တိဖြင့် ကျေးလူးပြုပါသည်။

သင်ဟဆရာကိုယ်တိုင် ပစ္စည်းပိုင်းနောက်ပိုင်း၌ သဟဇာတရူပန္တိ ဟိ သဗ္ဗတ္ထ ပဋိသန္ဓိယံ ကမ္မသမုဋ္ဌာနာနံ ပဝတ္တိယံ စိတ္တသမုဋ္ဌာနာနံ-ဟု ဆိုလတ္တံ့။

➢ **ဟေတုစ္စာနဝဂ် မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ -၌ သဟဇာတရှုပ်ကား** ပဋိသန္ဓေအခါ၌ ကမ္မဇရူပ်, ပဝတ္တိအခါ၌ စိတ္တဇရူပ် ဖြစ်ပါသည်။

➢ **သဟဇာတ စေတနာ–အရ ။ ။** အောက်ထစ်ဆုံးအားဖြင့် စက္ခုဝိညာဉ်-စ သည်တို့နှင့်တကွဖြစ်သော စေတနာကိုလည်း ယူရပါမည်။ ထို့ကြောင့် စိတ် ၈၉-ခု၌ ယှဉ်သော စေတနာအားလုံးကို သဟဇာတ စေတနာ-အရ ယူရပါမည်။

➢ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ–၌ သဟဇာတကမ္မသတ္တိဖြင့် ကျေးလူးပြုပုံ /စေတနာအလိုက် အကျိုးပေးစြမ်းနားဟန်**

ပဋိသန္ဓေ ပဝတ္တိ ၂-ပါးစုံ၌ဖြစ်သော စေတနာသည် နာမ်တရားတို့အား သဟ ဇာတကမ္မသတ္တိဖြင့် ကျေးလူးပြုပါသည်။ ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော စေတနာသည်

http://www.dhammadownload.com

ကမ္မဇရူပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးလူးပြုပါသည်။

ပဝတ္တိအခါ ရူပ်ကိုဖြစ်စေတတ်သောစိတ်နှင့် တကွဖြစ်သော စေတနာသည် စိတ္တဇရူပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးလူးပြုပါသည်။

➢ **နာနာက္ခဏိကဖြစ်ပုံ ။ ။** နာနာက္ခဏိကဟူသည် အကျိုးပေးရာခဏမှ အသီးသီးသော ခဏဖြစ်ခြင်းပင်တည်း။ အကျိုးတရားမဖြစ်မီ ရှေးအတိတ်ဘဝ-စသည်၌ ဖြစ်ခဲ့သည် စေတနာကို နာနာက္ခဏိက-ဟု ခေါ်ပါသည်။

➢ **နာနာက္ခဏိက စေတနာ-၌ နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးလူးပြုပုံ**

နာနာက္ခဏိက ကုသိုလ်, အကုသိုလ်, စေတနာသည် နာမရူပါနံ-ဟူသော သင်ဟပါဠိအရ ကံကြောင့်ဖြစ်ရသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရူပ်တို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးလူးပြုပါသည်။

➢ **ဝိပါကက္ခန္ဓာ ဈာနမည် သဟဇာတာနံ ရူပါနံ-၌ ဝိပါကက္ခန္ဓာ (ခ) ဝိပါက-ဈာန ။ ။** ပဋိသန္ဓေဝိညာဉ်-အစရှိသော ဝိပါက်နာမက္ခန္ဓာကို ယူရပါမည်။

➢ **ကမ္မဇရူပ်တရားများကို ဝိပါက (ဝိပါက်)-ဟု မခေါ်ရခြင်းအကြောင်း**

နာမ်တရားတို့၏အဖြစ်ဖြင့်ငင်း, အာရုံကိုယူတတ်သောတရား၏အဖြစ်ဖြင့်ငင်း, ကံနှင့်တူကုန်သော နာမ်တရားတို့၌သာလျှင် ဝိပါကသဒ္ဒါကို တင်စားခေါ်ဝေါ်ထားသောကြောင့် ကမ္မဇရူပ်တရားများကို ဝိပါက [ဝိပါက်]-ဟု မခေါ်ဆိုနိုင်ပါ။

➢ **ပုဗ္ဗရောဘာသ ဣမသ ကာယဿ-၌ ပုဗ္ဗရောဘဖြစ်ပုံ ။ ။** ပစ္စည်းတရားရှေ့၌ဖြစ်နှင့်သည်ကို ပုရေရောတ-ဟု ခေါ်ပါသည်။

➢ **ပစ္ဆာဇာတသတ္တိဖြင့် ကျေးလူးပြုပုံ ။ ။** ပစ္စည်းတရား၏ရှေ့၌ဖြစ်နှင့်သော ရူပကာယကို နောက်၌ဖြစ်သော စိတ်, စေတသိက်များက ပစ္ဆာဇာတသတ္တိဖြင့် ကျေးလူးပြုပါသည်။

ဧမေ ။ ။ နောက်မှဖြစ်ရသော အကြောင်း[ပစ္စည်း]-တရားက ရှေ့၌ဖြစ်နှင့်သော အကျိုး[ပစ္စယုပ္ပန်]-တရားကို အဘယ်သို့ ကျေးလူးပြုပါသနည်း။

ဗြဲ ။ ။ အစဉ်သန္ဓာန်ဖြစ်တည်ခြင်း၏ အကြောင်း၏အဖြစ်ကို ထောက်ပံ့ခြင်း၌ ဤ ပစ္ဆာဇာတပစ္စည်း၏ ကြောင့်ကြဗျာပါရဖြစ်သည်၊ ထို့ကြောင့် နောက်မှဖြစ်ရသော ပစ္စည်းတရားက ရှေ့၌ဖြစ်နှင့်သော ပစ္စယုပ္ပန်တရားတို့အား ကျေးလူးပြုနိုင်ပါသည်။

➢ **ဆဝတ္ထုနိ ပဝတ္တိယံ-၌ ပဝတ္တိယံပုဗ္ဗ ထည့်ဆိုရခြင်းအကြောင်း**

➢ **ဝတ္ထုပုရေဇာတပစ္စည်းသည် ပဝတ္တိအခါ၌သာ ကျေးလူးပြုရခြင်းအကြောင်း**

ပဋိသန္ဓေအခါ၌ စက္ခု-စသော ဝတ္ထုတို့၏ မဖြစ်သင့်သောကြောင့်ငင်း, သံသေဒဇ ဩပပါတိကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ စက္ခု ဝတ္ထု-စသည်ဖြင့်သော်လည်း ထိုထို စက္ခုဝိညာဉ်စသည်တို့၏ အကြောင်း၏အဖြစ်သို့ မကပ်ရောက်ခြင်းကြောင့်ငင်း,

http://www.dhammadownload.com

ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်သော ဟဒယဝတ္ထု၏လည်း ပုရေဇာတ အဖြစ်မရှိသော ကြောင့်၎င်း ဆဝတ္ထုနှိ ပဝတ္တိယ်-၌ ပဝတ္တိယ်-ပုဒ်ကို ထည့်ဆိုရပါသည်။

အမှာ/ ပဠာရမ္မဏာနိ-ဟူသော ပါဠိအရ အာရမ္မဏပုရေဇာတ-၌ အာရုံ ၅-ပါး သာ ပါဝင်နေ၏၊ ဓမ္မာရုံ မပါဝင်သကဲ့သို့ ဖြစ်နေသည်။

➢ **ဓမ္မာရုံလည်း အာရမ္မဏပုရေဇာတ ဖြစ်နိုင်ခြင်းအကြောင်း**

➢ **အာရမ္မဏပုဗ္ဗရေဇာတဖြစ်သော ဓမ္မာရုံကို မစနာဝိညာဏဝီထိအတွက် ရနိုင်ခြင်းအကြောင်း** ။ ။ ပဠာဝါရ၌ သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခု၊ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပသဿန္တိ-စသည်ဖြင့် သာမည အားဖြင့် ပစ္စုပ္ပန်စက္ခု-စသည်ကိုလည်း ယူ အပ်သောကြောင့် ဓမ္မာရုံလည်း အာရမ္မဏပုရေဇာတ ဖြစ်နိုင်ပါသည်။

အမှာ/ ပဠာရမ္မဏာနိ ပဠဝိညာဏဝီထိယာ-ဟူသော စကားကို အာရမ္မဏ ပုရေဇာတနိဒ္ဒေသ-၌လာသော အာရမ္မဏပုရေဇာတကို ရည်ရွယ်၍ ဆိုပါသည်။

➢ **ပကတူပနိဿယပစ္စည်း မည်ပုံ** ။ ။ အာရမ္မဏူ အနန္တရ-ဟူသော ပစ္စည်းတရား မှ ကင်းသဖြင့် မိမိ၏ပင်ကိုယ်သဘောအားဖြင့်သာလျှင် အားကြီးသောမှီရာအကြောင်း ဖြစ်သော ပစ္စည်းသည် "ပကတူပနိဿယပစ္စည်း" မည်ပါသည်။

တစ်နည်း---မိမိသန္ဓာန်၌ဖြစ်စေအပ် မှီဝဲအပ်သော အားကြီးသောမှီရာအကြောင်း သည် "ပကတူပနိဿယပစ္စည်း" မည်ပါသည်။

➢ **ပကစတာ–၌ ပ, ဥပသာရပုဒ်ဖြင့်ပြုအပ်သော အဓိပ္ပါယ်** ။ ။ ပကတော-၌ ပ, ဥပသာရပုဒ်သည် မိမိ၏အကျိုးကိုဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ဖြင့် မိမိသန္ဓာန် ၌ ဖြစ်စေအပ်သည်၏အဖြစ်ကို၎င်း, မှီဝဲအပ်သည်၏အဖြစ်ကို၎င်း ပြပါသည်။

➢ **ပကတူပနိဿယပစ္စည်း၏သဘော်** ။ ။ မိမိသန္ဓာန်၌ဖြစ်စေအပ်သော ရာဂ-စ သောတရား သဒ္ဓါ-စသောတရား မှီဝဲအပ်သော ဥတု, ဘောဇဉ်-စသောတရားသည် ပကတူပနိဿယပစ္စည်း မည်၏။

➢ **ဂရုကတ [အလေးအမြတ်ပြု၍ ဆင်ခြင်အပ်သော] တရားဟူသည်**

ဒါန, သီလ, ဥပုသ်ကဲ့ပြုရန် ရှေးခ၌ပြုအပ်သော ကောင်းသောအမှုစာန် ဂေါတြဘူ ဝေါဒါန် မဂ်-စသော တရားများပင် ဖြစ်ပါသည်။

➢ **အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်းတို့၏ တူပုံ–ထူးပုံ**

အနန္တရပစ္စည်းနှင့်တကွ ကွဲပြားသည်၏အဖြစ်ကို မပြုဘဲ အနန္တရူပနိဿယပစ္စည်း ၏ ပစ္စယနိဒ္ဒေသ-၌လာသောကြောင့် အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်းသည် တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်ပါသည်။ (တူပုံ)

မိမိ၏အခြားမဲ့၌ လျော်သောစိတ်ကို ဖြစ်စေခြင်း၏အစွမ်းအားဖြင့် ကျေးလူးပြုခြင်း

http://www.dhammadownload.com

သည် အနန္တရပစ္စည်း မည်ပါသည်။ အားကြီးသောအကြောင်း၏အစွမ်းဖြင့် ကျေးဇူး ပြုခြင်းသည် အနန္တရဥပနိဿယပစ္စည်း မည်ပါသည်။ ဤသို့ ထူးပါသည်။

➢ **ယထာရဟံ အဗ္ဗတ္ထဗ္ဗ–ဒ္ဒ် ယထာရဟံ အဓိပ္ပါယ် / ယထာရဟံ–အရ စဉ်ပုံ**

ရာဂ-စသည်, သဒ္ဓါ-စသည် သုခ, ဒုက္ခ-စသည်သည် အဗ္ဗတ္ထသန္တာန်ဒ္ဒသာဖြစ်သော ပစ္စည်းတရားများဖြစ်သည်၊ ပုဂ္ဂလဘောဇန ဥတု သေနာသန-တို့သည် ဗဟိဒ္ဓ သန္တာန်ဒ္ဒသာဖြစ်သော ပစ္စည်းတရားဖြစ်သည်၊ ဤသို့ အဗ္ဗတ္ထ ဗဟိဒ္ဓထိုက်သည်အား လျော်စွာ ဖြစ်သည်ကို "ယထာရဟံ"ဟု ဆိုပါသည်။

တစ်နည်း--- မိမိ၏ရာဂ-စသောတရား, သဒ္ဓါ-စသောတရားများသည် မိမိ၏ ကုသိုလ်-စသောတရားတို့၏ အားကြီးသော မှီရာဖြစ်သည်။

မိမိ၏ရာဂ-စသောတရား, သဒ္ဓါ-စသောတရားတို့သည် ကလျာဏမိတ်၏ သဒ္ဓါ-စသည်တို့ကို အမှီပြု၍ ကုသိုလ်ပြုကြကုန်သော အခြားသူတို့၏ကုသိုလ်-စသော တရားတို့၏လည်း အားကြီးသောမှီရာ ဖြစ်သည်။

➢ **တတ္ထ ကာမရာဂါဒယော–စသော ဝါကျဖြင့်ဖြေဆိုအပ်သော အဓိပ္ပါယ်**

၁။ ကာမရာဂ-စသည်ကို အခြေပြု၍ ကာမဘုံ-စသည်တို့၌ ဖြစ်ခြင်းအကျိုးငှာ ဒါန, သီလ, ဥပုသ်ကံ, ဈာန်, အဘိညာဉ်, ဝိပဿနာ မဂ်တရားများကို ပွားများကြ၏။ ယင်းသို့ ပွားများရာ၌ မိမိသန္တာန်၌ဖြစ်သော ကာမရာဂ-စသောတရားများသည် ပဟာတူပနိဿယပစ္စည်း မည်ပါသည်။ ဒါန, သီလ, ဥပုသ်ကံ-စသောတရားများကား ပဟာတူပနိဿယ ပစ္စယုပ္ပန် ဖြစ်ပါသည်။

၂။ ကာမရာဂ-စသည်ကိုမှီ၍ ရာဂ-စသည်၏ ငြိမ်းအေးခြင်းအကျိုးငှာ ဒါန, သီလ, ဥပုသ်ကံ, ဈာန်, အဘိညာဉ်, ဝိပဿနာ မဂ်-တရားများကို ပွားများကြ၏။ ယင်းသို့ ပွားများရာ၌ ကာမရာဂ-စသည်ကား ပစ္စည်း, ဒါန, သီလ, ဥပေါသထ-စသည်ကား ပစ္စယုပ္ပန် ဖြစ်ပါသည်။

➢ **ဗဟုဓာ ဟောတိ ပဟာတူပနိဿယော အဓိပ္ပါယ်** ။ ။ ပဟာတူပနိဿယပစ္စည်းသည် ကျေးဇူးပြုပုံအရာကျယ်၏။ ထို့ကြောင့် ကုသိုလ်ကိုအကြောင်းခံ၍ ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုး, အကုသိုလ်ကိုအကြောင်းခံ၍ အကုသိုလ်, ကုသိုလ်, အဗျာကတ ၃-မျိုး, အဗျာကတကိုအကြောင်းခံ၍ အဗျာကတ, ကုသိုလ်, အကုသိုလ် ၃-မျိုးလုံး ဖြစ်နိုင်သည်၊ ထို့ကြောင့် သင်ဟဆရာကလည်း ဗဟုဓာ ဟောတိ ပဟာတူပနိဿယော-ဟု ဆိုပါသည်။

➢ **သဒ္ဓါဒယော–ဒ္ဒ် အာဒိ–အရ** ။ ။ သီလ, သုတ, စာဂ, ပညာ-တို့ကို ယူရပါမည်။

➢ **အတ္ထဓမ္မာ သဒ္ဓါဒိက ဥပနိဿယ–အရ** ။ ။ မိမိသန္တာန်ဒ္ဒဖြစ်သော သဒ္ဓါ-စ

http://www.dhammadownload.com

သော တရားက ပကတူပနိဿယပစ္စည်း။ * **အတ္တနော ဒါန သီလာဒယော ဟောန္တိ–အရ**--- မိမိသန္တာန်၌ဖြစ်သော ဒါန, သီလ-စသည်က ပကတူပနိဿယ ပစ္စယုပ္ပန်။

➢ **ကလျာဏမိတ္တာနံ သဒ္ဓါဒယော ဥပနိဿယ–အရ ။ ။** ကလျာဏမိတ်တို့၏ သဒ္ဓါ-စသော တရားကပစ္စည်း။ * **ပဓရသ် ဒါန သီလာဒယော ဟောန္တိ–အရ** --- သူတစ်ပါးတို့၏ ဒါန, သီလ- စသည်က ပစ္စယုပ္ပန်။

➢ **သုခ–အရ**--- ကာယိကသုခ, **ဒုက္ခ–အရ**--- ကာယိကဒုက္ခ, **ပုဂ္ဂလ–အရ**--- ကလျာဏမိတ္တ-စသော ပုဂ္ဂိုလ်, **ဘောဇန–အရ**--- သပ္ပါယ-စသော ဘောဇဉ်, **ဥတု–အရ**--- သပ္ပါယ-စသော ဥတုတို့ကို ယူရပါမည်။

➢ **ဂရုကတ အဓိပ္ပါယ် ။ ။** ဆင်ခြင်ခြင်း,သာယာခြင်း-စသည်ဖြင့် အလေးအမြတ်ပြုအပ်သည်ကို ဂရုကတ-ဟု ဆိုပါသည်။

➢ **အာရမ္မဏာဓိပတိပစ္စည်း မည်ပုံ ။ ။** စျာန်မဂ်ဖိုလ်, ဝိပဿနာ, နိဗ္ဗာန်-အစရှိသော အပြားရှိသော ထိုဂရုကတအာရုံသည် ဆင်ခြင်တတ်, သာယာတတ်သောတရား မဂ်ဖိုလ်-စသော တရားတို့ကို မိမိနှင့်စပ်သည်တို့ကို ပြုတတ်သောကြောင့် အာရမ္မဏာဓိပတိပစ္စည်း မည်ပါသည်။

➢ **အာရမ္မဏာဓိပတိပစ္စည်းနှင့် အာရမ္မဏူပနိဿယပစ္စည်း အထူး**

အလေးအမြတ်ပြုအပ်သည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုတတ်သော သဘောသည် အာရမ္မဏာဓိပတိပစ္စည်း မည်ပါသည်။ အလေးအမြတ်ပြုအပ်သည့်အပြင် အားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဘောသည် အာရမ္မဏူပနိဿယ-ပစ္စည်း မည်ပါသည်။ ဤသို့ ထူးပါသည်။

➢ **ဆဟဇာတ စတုဒ္ဓိဓော–အရ ။ ။** ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသ ၄-မျိုးကို ယူရပါမည်။

➢ **သဟဇာတာဓိပတိဖြင့် စကျေးဇူးပြုပုံ ။ ။** ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသတို့၏အပြားအားဖြင့် လေးဝါးအပြားရှိသော သဟဇာတာဓိပတိသည် ဆန္ဒဖြစ်ထိုက်လျှင် ဆန္ဒ, စိတ္တ ဖြစ်ထိုက်လျှင် စိတ္တ-စသည်အားလျော်စွာ သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ပဝတ္တိအခါသာ သဟဇာတာဓိပတိဖြင့် ကျေးဇူးပြုပါသည်။

➢ **ဝတ္ထုဝိပါကာ အညမညည်–ဟု သင်္ဂဟ–၌ ဆိုရခြင်းအစကြောင်း ။ ။** ရုပ်က နာမ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ် ၁-မျိုးသာ ရှိသောကြောင့် ဝတ္ထုဝိပါကာ အညမညည်-ဟု သင်္ဂဟ-၌ ဆိုပါသည်။

➢ **နိဿယပစ္စည်း၏အကျယ်၌ စိတ္တဇစတသိကာဇမှာ အညမညည်–ဟု ဆိုရခြင်းအကြောင်း ။ ။** အချင်းချင်း ထောက်ပံ့ခြင်း၏အစွမ်းဖြင့်သာလျှင် အညမညပစ္စည်းအဖြစ် **မည်၏။ တကွဖြစ်ကာမျှဖြင့်** အညမညပစ္စည်းမဟုတ်, ထို့ကြောင့် ပဝတ္တိအခါ၌

http://www.dhammadownload.com

ရူပ်တရားသည် နာမ်တရားတို့အား အညမည်သတ္တိဖြင့် ကျေးလူးမပြုနိုင်ရကား--- စိတ္တစေတသိကာဝမှာ အညမည်-ဟု ဆိုရပါသည်။

➢ **မဟာဘူတာ အညမည်-၆ ဥပါဒါရူပ် မပါဝင်ရခြင်းအကြောင်း**

➢ **မဟာဘူတာ အညမည်-ဟူသော ဆိုရခြင်းအကြောင်း** ။ ။ ဥပါဒါရူပ်များသည် မဟာဘုတ်တို့အား အညမည်သတ္တိဖြင့် ကျေးလူးမပြုနိုင်သောကြောင့် မဟာဘူတာ အညမည်-၆ ဥပါဒါရူပ်တို့ မပါဝင်နိုင်ပါ။

မေး ။ ။ အရှုပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ-ပါ၌အရ နာမ်, အာဟာရတို့ကသာ တကွဖြစ်ဘက် ရူပ်တရားတို့အား ကျေးလူးပြု၏ဟု ဟောထား၏၊ အသည်သတ်ဘုံ-၅ နာမ်အာဟာရမရှိ၊ ထို့ကြောင့် အသည်သတ်ရူပ်တရားများကို အဘယ်အာဟာရက ကျေးလူးပြုသနည်းဟု မေးဖွယ်ရှိ၏၊ မည်သည့် အာဟာရကမှ ကျေးလူးမပြုဟု ဆိုလျှင် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ--- သတ္တဝါဟူသမျှ အာဟာရကြောင့် တည်ကြရသည်ဟူသော သုတ္တန်ပါဠိတော်များနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော?။

➢ **သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာနှင့် အရှုပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ-ဟူစသော စကားနှစ်ရပ် မဆန့်ကျင်ပုံ** ။ ။သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ဟူသော စကားသည် အာဟာရပစ္စည်းကိုရည်ရွယ်၍ ဟောတော်မူအပ်သော မုချစကား မဟုတ်။ အသည်သတ်ဘုံသို့ ရောက်နေသော သတ္တဝါ၌ ရှေ့ဘဝကပြုခဲ့သော မနောသङ्खေတနာဟာရဟူသော အတိတ်က် တရားရှိ၏၊ ထိုကံနှင့်တကွဖြစ်သော ဖဿာဟာရ, ဝိညာဏာဟာရ တရားများလည်းရှိ၏၊ ထို့အာဟာရတို့က ကမ္မသတ္တိ, ဥပနိဿယသတ္တိတို့ဖြင့် အသည်သတ် ရူပ်တရားများကို ကမ္မာဇေါ်ရာတည်နေနိုင်အောင် ကျေးလူးပြုလျက်ရှိကြ၏၊ ထို့ကြောင့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-ဟု ဟောတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် မဆန့်ကျင်ပါ။

ဖေး ။ ။ **သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-**အရ ရူပ်သက်သက်ဖြစ်သော အသည်သတ်ငြဟ္မာတို့အား အသို့လျှင် 'အာဟာရဖြင့် တည်နေနိုင်ပါမည်နည်း။

ဖြေ ။ ။ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ-အရ ရူပ်သက်သက်ဖြစ်သော အသည်သတ်ငြဟ္မာတို့အား ရှေးဘဝက ပြုခဲ့ဘူးသော မနောသङ्खေတနာဟာရ-ဟူသော ကံ-တရားရှိ၏၊ ထိုကံနှင့်တကွဖြစ်သော ဖဿာဟာရ, ဝိညာဏာဟာရများလည်း ရှိကြ၏၊ ထိုတွင် ဖဿာဟာရ, ဝိညာဏာဟာရတို့သည် ပကတူပနိဿယသတ္တိ-ဖြင့်၎င်း, မနောသङ्खေတနာဟာရသည် နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ ဖြင့်၎င်း အသည်သတ်ရူပ်တရားများကို ကမ္မာဇေါ်ရာတည်အောင် ကျေးလူးပြု -သောကြောင့် --အသည်သတ်ငြဟ္မာများ တည်နိုင်ပါသည်။

http://www.dhammadownload.com

➢ **ဣန္ဒြေစန္ဒြေ, ပုရိသိန္ဒြေ–တို့သည် ဣန္ဒြိယပစ္စည်း မတပ်ခြင်းအကြောင်း**

ဣန္ဒြေဘာဝ, ပုရိသဘာဝတို့သည် (၀၊) ဣန္ဒြေနှေ့, ပုရိသိန္ဒြေ-တို့သည် ဣန္ဒြေလိင်စသည်တို့အား တစ်စုံတစ်ခုသော ကျေးဇူးပြုခြင်းဖြင့် ကျေးဇူးမပြုကြကုန်၊ ထို့ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါ။

(**အကျယ်**) ဇီဝိတိန္ဒြေသည် မိမိပစ္စယုပ္ပန်တရားတို့အား အစဉ်စောင့်ရှောက်တတ်သည်၊ အတ္ထိ, အဝိဂတပစ္စည်းလည်းဖြစ်သည်၊ ကဗဠိကာရာဟာရဟူသော ရူပ်အာဟာရသည် မိမိပစ္စယုပ္ပန်တရားတို့အား ထောက်ပံ့ကြသည်။ အတ္ထိ, အဝိဂတပစ္စည်းလည်းတပ်သည်၊ ဇီဝိတိန္ဒြေနှင့် ကဗဠိကာရာဟာရတို့သည် အတ္ထိပစ္စည်း,အဝိဂတပစ္စည်းတပ်ကြသလို၊ ဣန္ဒြိယပစ္စည်းမှန်သမျှလည်း အတ္ထိ, အဝိဂတပစ္စည်းတပ်ကြ၏။ အတ္ထိ, အဝိဂတပစ္စည်းသဘောကား--- ပစ္စည်း ပစ္စယုပ္ပန် ၂-ပါးစလုံး ဥပါဒ်အခိုက်မှာဖြစ်စေ, ဌိတိအခိုက်မှာဖြစ်စေ ထင်ရှားရှိစေရမည်၊ အတ္ထိပစ္စည်း, အဝိဂတပစ္စည်း, ဣန္ဒြိယပစ္စည်းတို့ဟူသည် ပစ္စည်း, ပစ္စယုပ္ပန် ၂-ပါးစလုံး ထင်ရှားရှိနေမှ ကျေးဇူးပြုသည်၊ ပဋိသန္ဓေအခိုက်၌ ဣန္ဒြေနှေ့, ပုရိသိန္ဒြေတို့ ထင်ရှားရှိကြ၏၊ ပစ္စယုပ္ပန်ဖြစ်ရမည့် ဣန္ဒြိယလိင်-စသည်တို့က ထင်ရှားမရှိကြ၊ ထို့ကြောင့် ဣန္ဒြိယလိင်-စသည်တို့ကို ကျေးဇူးမပြုနိုင်ရကား ဣန္ဒြေနှေ့, ပုရိသိန္ဒြေ-တို့သည် ဣန္ဒြိယပစ္စည်းမတပ်ပါ။

➢ **ဣန္ဒြိယပစ္စည်းမတပ်ပါဘဲလျှက် ဣန္ဒြေစန္ဒြေ, ပုရိသိန္ဒြေ–ဟု ဣန္ဒြေအမည်နှင့်ဆို ထားရခြင်းအကြောင်း** ။ ။ အကြင်အကြင် မိမိဥစ္စာဖြစ်သော ဂ်-စသော အကြောင်းကြောင့်ဖြစ်ကြရကုန်သော ဣန္ဒြိယလိင်, ပုရိသလိင်-စသည်တို့၏ အကြင်အခြင်းအရာဖြင့် ဖြစ်လတ်သော် ဣန္ဒြိ-စသည်ကို ယူခြင်း၏အကြောင်းဖြစ်၏၊ ထိုအခြင်းအရာမှ တစ်ပါးသော အခြင်းအရာဖြင့် ဘာဝရုပ်နှင့်တကွဖြစ်သော သန္တာန်မဖြစ်ခြင်းကြောင့် ထိုဣန္ဒြိယဘာဝရုပ်, ပုမ္ဘာဝရုပ်တို့၏ လိင်-စသည်တို့သည် အစဉ်လိုက်အပ်သည်၏အဖြစ်ကိုဂင်း, ဣန္ဒြိယနာမည်ကိုဂင်း ဆိုထားသည်၊ ထို့ကြောင့် ဣန္ဒြေအမည်နှင့်ဆိုထားသည်။

➢ **ပဋ္ဌဝတ္ထုကို ဆဝတ္ထုနှိ ပဝတ္ထိယံဟူသော ဝိပဿနာပစ္စည်း–၌ ထည့်သွင်း ဟောကြားရခြင်းအကြောင်း** ။ ။ စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကိုမှီ၏၊ (ပ) ကာယဝိညာဉ်သည် ကာယဝတ္ထုကိုမှီ၏၊ ယင်းသို့ မှီနေသောကြောင့် စက္ခုဝတ္ထု, (ပ) ကာယဝတ္ထု-ဟု ဆိုအပ်သော ပဋ္ဌဝတ္ထုနှင့် စက္ခုဝိညာဉ် (ပ) ကာယဝိညာဉ်ဟူသော ပဋ္ဌဝိညာဉ်တို့သမ္ပယုတ်ဖြစ်နေမည်လားဟု ယုံမှားဖွယ်ရှိသည်၊ ပဋ္ဌဝိညာဉ်သည် ပဋ္ဌဝတ္ထုကိုမှီနေသော်လည်း သမ္ပယုတ်မဖြစ်ဟု ပြလိုသောကြောင့် ပဋ္ဌဝတ္ထုကို ဆဝတ္ထုနှိ ပဝတ္ထိယံဟူသော ဝိပ္ပယုတ္တပစ္စည်း၌ ထည့်သွင်း၍ ဟောကြားတော်မူပါသည်။

http://www.dhammadownload.com

➢ **သြတ္တန္ဓိကွဇဏ ဝတ္ထု-စသည်ဖြင့်ရင်း, ပစ္စာဇာတာ စိတ္တစေတသိကာဓမ္မာဟူ၍ ရင်း ဝိပွယုတ္တပစ္စည်း-၌ ထည့်သွင်းဟောကြားရခြင်းအကြောင်း ။ ။** နာမ်ဟူသော မှီရာကြောင့်ဖြစ်ကြကုန်သော ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ်နှင့် နောက်နောက်သော စိတ်, စေတသိက်, နာမ်တရားတို့၏ ကျေးဇူးပြုခြင်းကိုခံရသော ပစ္စာဇာတ ပစ္စယုပ္ပန် ရုပ်တရားများသည် ဆိုင်ရာနာမ်တရားတို့နှင့် သမ္ပယုတ်ဖြစ်လေသလားဟု ယုံမှားဖွယ် ရှိသောကြောင့် ယင်းရုပ်တရားများကိုလည်း သြတ္တန္ဓိကွဇဏ ဝတ္ထု-စသည်ဖြင့်ရင်း, ပစ္စာ ဇာတာ စိတ္တစေတသိကာဓမ္မာဟူ၍ရင်း ဝိပွယုတ္တပစ္စည်း-၌ ထည့်သွင်းဟောကြားပါသည်။

➢ **မဟာဘူတ်တို့ကို ဝိပွယုတ္တပစ္စည်း-၌ ထည့်မဟာရခြင်းအကြောင်း**

မဟာဘူတ် ၄-ပါးတို့က ဥပါဒါရုပ်တို့အား ကျေးဇူးပြုရာ၌ သမ္ပယုတ်အဖြစ် ယုံမှား သံသယဖြစ်စရာမရှိထို့ကြောင့် မဟာဘူတ်တို့ကို ဝိပွယုတ္တပစ္စည်း-၌ ထည့်မဟောပါ။

➢ **ပဋ္ဌာန်ရုံကို ဝတ္ထုပုရေဇာတ ဝိပွယုတ္တပစ္စည်း-၌ ထည့်၍မဟောရခြင်းအကြောင်း**

စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကိုမှီ၍ဖြစ်၏၊ ရူပါရုံကို အာရုံပြု၏ (ပ) ကာယဝိညာဉ် သည် ကာယဝတ္ထုကိုမှီ၍ဖြစ်၏၊ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏၊ ထို့ကြောင့် ပဋ္ဌဝိညာဉ်နှင့် ပဋ္ဌာရုံတို့ သမ္ပယုတ်လေသလားဟု ယုံမှားစရာမရှိ၊ ယင်းသို့ ယုံမှားစရာမရှိသောကြောင့် ပဋ္ဌာရုံကို ဝတ္ထုပုရောဇာတ ဝိပွယုတ္တပစ္စည်း-၌ ထည့်၍မဟောပါ။

➢ **ဝိဒွယုတ္တ ၂-စု အထူး ။ ။** ဝိဒ္ဒိဂတဝိပွယုတ္တ-စသည်၌ ဝိပွယုတ္တကား- အဘာဝ ဝိပွယုတ္တဖြစ်သည်၊ ထိုစိတ်၌ ဗိဒ္ဒိမရှိခြင်း, ဗိဒ္ဒိမပါခြင်းကို ဝိပွယုတ်-ဟု ခေါ်ပါသည်။ ဝိပွယုတ္တပစ္စယော-၌ ဝိပွယုတ်ကား- ဝိသံသဋ္ဌဝိပွယုတ်ဖြစ်သည်, အချင်းချင်း တွေ့ဆုံ ဆိုင်မိကြသော်လည်း လိုက်လျောညီမျှမှု သံသဋ္ဌသဘောမရှိခြင်းကို ဝိပွယုတ္တ-ဟု ခေါ် ပါသည်။ ဤသို့ ထူးပါသည်။

➢ **နိဗ္ဗာန်သည် ထင်ရှားရှိဇသာ ပရမတ္ထတရားဖြစ်ပါလျက် အတ္ထိ [အဝိဂတ]-ပစ္စည်း-၌ မပါဝင်ရခြင်းအကြောင်း ။ ။** အတ္ထိပစ္စည်းဟူသည် ပစ္စုပ္ပန်သဘော ထင်ရှား ရှိသည့်အခါ၌သာ ကျေးဇူးပြု၏၊ ပစ္စုပ္ပန်သဘောထင်ရှားမရှိသည့်အခါ ကျေးဇူးမပြု၊ ပစ္စည်းမထိုက်, နိဗ္ဗာန်သည် အခါခပ်သိမ်း အမြဲတန်းထင်ရှားရှိနေသောကြောင့် အတ္ထိ [အဝိဂတ]-ပစ္စည်းတို့၌ မပါဝင်ပါ။

တစ်နည်း--- ဥပါဒ်-စသည်နှင့်ယှဉ်ကုန်သော ရုပ်နာမ်တရားတို့အား ကျေးဇူးပြု တတ်သည်၏အဖြစ်သည် အတ္ထိပစ္စည်း၏သဘောမည်၏၊ နိဗ္ဗာန်သည် ဥပါဒ်စသည်နှင့် မယှဉ်သောကြောင့် (ဝါ) ဥပါဒ်, ဌိ, ဘင်-ဟူသော ခဏ ၃-ပါးမရှိသောကြောင့် အတ္ထိ ပစ္စည်းသဘောမရှိ၊ အတ္ထိပစ္စည်းမတပ်, ထို့ကြောင့် အတ္ထိပစ္စည်း၌ မပါဝင်ပါ။

တစ်နည်း--- အချင်းခပ်သိမ်းဖြစ်လေ့ရှိသည်ဖြစ်၍ရင်း, ဥပါဒ်, ဌိ, ဘင်, ခဏ

http://www.dhammadownload.com

၃-ပါးနှင့်မယှဉ်သည်ဖြစ်၍ရင်း, အတ္ထိပစ္စည်းသဘောမရှိသောကြောင့် နိတ္ထာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ပါ။

➢ **ရူပ်ဇီဝိတိန္ဒြေကို သဟဇာတတ္ထိ-၌ သွင်းမယူဘဲ သီးခြားဆိုရခြင်းအကြောင်း**

ဩဇာသည် ဌိတိ-၌သာ ကျေးလူးပြုသကဲ့သို့ ရူပ်ဇီဝိတိန္ဒြေသည်လည်း ဌိတိ-၌သာ ကျေးလူးပြုသောကြောင့် ရူပ်ဇီဝိတိန္ဒြေကို သဟဇာတတ္ထိ-၌ သွင်းမယူဘဲ သီးခြားဆိုရပါသည်။

မေး ။ ။ အဘယ်အကြောင်းကြောင့် အလုံးစုံသော ပစ္စည်းတို့ကို လေးပါးသော ပစ္စည်းတို့၌ ပေါင်းနိုင်ပါသနည်း။

ဖြေ ။ ။ စိတ် စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်းမည်သည် မရှိသောကြောင့်ရင်း၊ မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်းမည်သည် မရှိသောကြောင့်ရင်း၊ ပစ္စည်းအားလုံးတို့သည် ကမ္မသဘောကို မလွန်ဆန်နိုင်သောကြောင့်ရင်း၊ ပစ္စည်းအားလုံးတို့သည် ပရမတ္ထအားဖြင့်ရင်း, လောကသမ္မုတိအားဖြင့်ရင်း အတ္ထိသဘော ထင်ရှားရှိသောကြောင့်ရင်း အလုံးစုံသော ပစ္စည်းတို့ကို လေးပါးသော ပစ္စည်းတို့၌ ပေါင်းနိုင်ပါသည်။

➢ **ပဋ္ဌာန်း ၂၄-ပစ္စည်းလုံးကို အာရမ္မဏ-စသော လေးပစ္စည်းတို့၌ သွင်းယူရခြင်းအကြောင်း**

➢ **ပစ္စည်းအားလုံးသည် အာရမ္မဏ-စသော ပစ္စည်း ၄-မျိုး၌ အကျုံးဝင်ခြင်းအကြောင်း** ။ ။ စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သောတစုံတခုသော ပစ္စည်းတရားမည်သည်မရှိသောကြောင့် ပစ္စည်းတရားအားလုံး **အာရမ္မဏပစ္စည်း၌ သွင်းယူရပါသည်။** (ဝါ) အကျုံးဝင်ပါသည်။

မိမိ-မိမိ၏ ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရား၏ ဥပနိဿယအဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်းတရားမည်သည် မရှိသောကြောင့် ပစ္စည်းအားလုံး **ဥပနိဿယ-ပစ္စည်း၌ သွင်းယူရပါသည်။** (ဝါ) အကျုံးဝင်ပါသည်။

လောကဖြစ်ခြင်း၏ ကံ-ဟူသောအကြောင်းရှိသည်၏အဖြစ်ကြောင့် အကျိုး၌ အကြောင်းကို တင်စားခြင်း၏အစွမ်းဖြင့် အလုံးစုံသောပစ္စည်းတို့သည် ကမ္မသဘောကို မလွန်မြောက်နိုင်သောကြောင့် ပစ္စည်းအားလုံး **ကမ္မပစ္စည်း၌ သွင်းယူရပါသည်။** (ဝါ) အကျုံးဝင်ပါသည်။

ထိုပစ္စည်းတရားတို့သည် ပရမတ္ထအားဖြင့်ရင်း, လောကသမ္မုတိအားဖြင့်ရင်း, ထင်ရှားရှိကြ၏။ ထို့ကြောင့် ပစ္စည်းအားလုံး **အတ္ထိပစ္စည်း၌ သွင်းယူရပါသည်။** (ဝါ) အကျုံးဝင်ပါသည်။

http://www.dhammadownload.com

➢ **ပစ္ဆာဇာတဲ့ သဒ္ဒဆာ-၌ သဒ္ဒဇောဒ သရုပ် ။ ။** သဟဇာတ ၃-မျိုး၊ ပုရေဇာတ ၂-မျိုး၊ ပစ္ဆာဇာတ ၁-မျိုး၊ ကဗဠိကာရ အာဟာရ၊ ရူပ်ဇီဝိတိန္ဒြေတို့ ဖြစ်ပါသည်။

➢ **သဟဇာတရှေ့ပ်-အရ ။ ။** ဤပစ္စည်းပိုင်း၀ယ် သဟဇာတရှေ့ပ်-ဟု ပါလေသမျှ၌ ပ၀တ္တိအခါ၌၀ယ် စိတ္တဇရူပ်ကိုသာ သဟဇာတရှေ့ပ-အရ ကောက်ရသည်၊ ပဋိသန္ဓေအခါ၌ ကဋတ္တာရူပ်-ဟုဆိုအပ်သော ကမ္မဇရူပ်ကို သဟဇာတရှေ့ပ်-အရ ကောက်ရပါသည်။

➢ **ပဋိသန္ဓေအခါ၌ စိတ္တဇရှေ့ပ်, ပ၀တ္တိအခါ၌ ကမ္မဇရှေ့ပ်တို့မဖြစ်ခြင်းအကြောင်း**

ပဋိသန္ဓေအခါ၌ စိတ္တဇရူပ် မရှိသည်၏အဖြစ်ကြောင့်ရင်း, ပ၀တ္တိအခါ၌ ကမ္မဇရူပ်တို့၏ စိတ်, စေတသိက်တို့နှင့် အတူတကွဖြစ်ခြင်း အမြဲ မရှိသောကြောင့်ရင်း ပဋိသန္ဓေ အခါ၌ စိတ္တဇရူပ်, ပ၀တ္တိအခါ၌ ကမ္မဇရူပ် မဖြစ်ကြခြင်း ဖြစ်ပါသည်။

➢ **သဟဇာတရှေ့ပ-အရ ပ၀တ္တိအခါ ကမ္မဇရှေ့ပ်ကို မယူရခြင်းအကြောင်း**

ပ၀တ္တိအခါ၌ ကမ္မဇရူပ်တို့၏ စိတ် စေတသိက်တို့နှင့် အတူတကွဖြစ်ခြင်း၏မြဲသော သတ်မှတ်ချက်မရှိသောကြောင့် ပ၀တ္တိအခါ ကမ္မဇရူပ်ကို သဟဇာတ-အရ မယူရပါ။

➢ **ပဋိသန္ဓေအခါ စိတ္တဇရှေ့ပ်ကို မယူရခြင်းအကြောင်း ။ ။** ပဋိသန္ဓေအခါ၌ စိတ္တဇရူပ်မရှိသောကြောင့် ပဋိသန္ဓေအခါ စိတ္တဇရူပ်ကို သဟဇာတရှေ့ပ-အရ မယူရပါ။

➢ **ကဋတ္တာရှေ့ပ် အဓိပ္ပါယ် ။ ။** ကံကိုပြုအပ်ခဲ့သည်၏အဖြစ်ကြောင့် ဖြစ်လာခဲ့သောရူပ်များကို ကဋတ္တာရူပ်-ဟု ခေါ်ပါသည်။

➢ ပဋ္ဌာန်း ၂၄-ပစ္စည်းကို ကာလအားဖြင့် ခွဲပုံ

၁။ အနန္တရ, သမနန္တရ, အာသေ၀နေ, နတ္ထိ, ဝိဂတ-အားဖြင့် ဤ ၅-ပစ္စည်းသည် "**အတီတကာလိကပစ္စည်း**" မည်၏။

၂။ ကမ္မပစ္စည်းသည် အတိတ်, ပစ္စုပ္ပန်၏အစွမ်းအားဖြင့် ကာလ ၂-ပါး၌ဖြစ်သော ကြောင့် "**ဒွိကာလိကပစ္စည်း**" မည်၏။ [နာနာက္ခဏိက ကမ္မပစ္စည်းသည် **အတီတကာလိကပစ္စည်း**, သဟဇာတကမ္မပစ္စည်းသည် **ပစ္စုပ္ပန္နကာလိကပစ္စည်း** ။]

၃။ အာရမ္မဏ, အဓိပတိ, ဥပနိဿယ-ပစ္စည်းများသည် ကာလ ၃-ပါး၌ဖြစ်သော ကြောင့် "**တိကာလိကပစ္စည်း**" မည်၏။

၄။ ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, သမ္မယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ ဤ ၁၅-ပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်သောကြောင့် "**ပစ္စုပ္ပန္နကာလိကပစ္စည်း**" မည်၏။

၅။ နိဗ္ဗာန်နှင့် ပညတ်သည် "**ကာလဝိမုတ္တပစ္စည်း**" မည်၏။

၆။ စက္ခု-စသော ရာဂ-စသော သဒ္ဓါ-စသော တရားများသည် **အဗျတ္တသန္ဓာန်**

http://www.dhammadownload.com

၌ဖြစ်သော ပစ္စည်းတရားများမည်၏။

၇။ ပုဂ္ဂိုလ်, ဥတု, ဘောဇဉ်-စသည်သည် **ဓမ္မဒိဋ္ဌပစ္စည်း** မည်၏။

➢ **သဓံတ အဓိပ္ပါယ်** ။ ။ ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရားကြောင့်ဖြစ်သော တရားမှန်သမျှကို သဓံတ-ဟု ခေါ်ပါသည်။

➢ **အသဓံတ အဓိပ္ပါယ်** ။ ။ ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရားတို့ မပြုပြင်အပ်သောတရားသည် အသဓံတ မည်ပါသည်။

ပစ္စည်းတရားများကို အကျဉ်းချုံးလိုက်လျှင် - ပညတ်, နာမ်, ရူပ်-ဟု ၃-မျိုးသာ ရှိပါသည်။

➢ **ပညာပိယတ္တာ–စသည်ဖြင့် သဂ်ဟ–၌ ဆိုရမုံ့** ။ ။ ပညတ်သည် ဟောအပ်သော အတ္ထပညတ်, ဟောတတ်သော သဒ္ဒပညတ်အားဖြင့် ၂-မျိုးရှိ၏။ ထို့ကြောင့် ပညာပိယတ္တာ-စသည်ဖြင့် သဂ်ဟ-၌ ဆိုရပါသည်။

➢ **အတ္ထပညတ် မည်မုံ့** ။ ။ ထိုထိုဘူမိ ပဋ္ဌတ-အစရှိသော အပြားအားဖြင့် သိစေထိုက်သောကြောင့် အတ္ထပညတ် မည်ပါသည်။

➢ **ပညာပိယတ္တာ, ပညတ္တိဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ပညာပိယတီတိ ပညတ္တိ-ဟု ဝစနတ္ထပြု၍ ပညတ္တိ-အရ အတ္ထပညတ်ကို ကောက်ရမည်။

ပညာပိယတ္တာ ပညတ္တိဟူသောပါဠိဖြင့် ရူပ်-အစရှိသော တရားတို့၏ အပေါင်းအစည် အခိုက်အတန့်, အထူးအစရှိသော အပြားရှိသော သမုတိသစ္စာဖြစ်၍ ဥပါဒါပညတ်ဟုဆိုအပ်သော အတ္ထပညတ်ကို ကောက်ယူရမည်ဟု ပြဆိုပါသည်။

➢ **ပညာမနတော ပညတ္တိပါ၌ဖြင့်**--- ပညာပေတိတိ ပညတ္တိ-ဟု ဝစနတ္ထပြု၍ ပညတ္တိ–အရ သဒ္ဒပညတ်, (ဝါ) နာမပညတ်ကို ကောက်ယူရပါမည်ဟု ပြပါသည်။

➢ **သဒ္ဒပညတ် မည်မုံ့** ။ ။ ဘူမိ ပဋ္ဌတအစရှိသောအပြားတို့ဖြင့် အတ္ထပညတ်ကို သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်ပါသည်။

➢ **သန္ဌာနပညတ် ခေါ်မုံ့** ။ ။ ထိုထို မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာစွဲ၍ ဘူမိ-မြေ, ပဋ္ဌတ-တောင်, ရုက္ခ-သစ်ပင်-စသည်တို့ကို သန္ဌာနပညတ်-ဟု ခေါ်ပါသည်။

➢ **သမူဟပညတ် ခေါ်မုံ့** ။ ။ သစ်မြေစိုင်-အစရှိသော အဆောက်အဦးတို့၏ စုဝေးသော အခြင်းအရာကိုစွဲ၍ ဂေဟ-အိမ်, ရထ-ရထား, သကဋ-လှည်း, ဂါမ-ရွာ, ယဋ-အိုး, ပဋ-ပုဆိုး-စသည်တို့ကို သမူဟပညတ်-ဟု ခေါ်ပါသည်။

➢ **ဇာတိပညတ် ခေါ်မုံ့** ။ ။ ခန္ဓာ ၅-ပါးအပေါင်းကိုစွဲ၍ ပုရိသ-ယောကျ်ား, ပုဂ္ဂလ-ပုဂ္ဂိုလ်-စသည်ကို ဇာတိပညတ်-ဟု ခေါ်ပါသည်။

http://www.dhammadownload.com

➢ **ကာလပညတ် စေါ်ပုံ** ။ ။ လ, နေ, နက္ခတ်-တို့၏ မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်းအစရှိသော အခြင်းအရာကိုစွဲ၍ အရှေ့အရပ်-စသည်ကို ဒီသာပညတ်, နံနက်-စသည်ကို ကာလပညတ်-ဟု ခေါ်ပါသည်။

➢ **အာကာသပညတ် စေါ်ပုံ** ။ ။ ရွှေပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်းအစရှိသော အခြင်းအရာကိုစွဲ၍ ကူပ-တွင်း, ဂုဟာ-လိုဏ်, ဆိဒ္ဓ-အပေါက် စသည်တို့ကို အာကာသပညတ်-ဟု ခေါ်ပါသည်။

➢ **နိမိတ္တပညတ် စေါ်ပုံ** ။ ။ ထိုထိုသို့သောအခြင်းအရာအားဖြင့် ထင်သော ပထဝီ, ကသိုဏ်း-အစရှိသော နိမိတ်ကိုဂင်း, ပရိကမ္မ-စသည်ဖြင့်ပြားသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုဂင်း စွဲ၍ ကသိုဏ်းနိမိတ်, အသုဘနိမိတ် [အသုကောင်] ယောဂီတို့အား ထင်လာသော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်-စသည်တို့ကို နိမိတ်ပညတ်-ဟု ခေါ်ပါသည်။

➢ **ပရမတ္ထတော အဓိစ္စာမာနာပိမါ၌ဖြင့်ဖြစ်ကို အပ်သော အဓိပ္ပါယ်** ။ ။ ပညတ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ-ဟု ပြဆိုပါသည်။

➢ **အတ္ထစ္ဆာယာကာရေနပါ၌ဖြင့်ဖြစ်ကို အပ်သော အဓိပ္ပါယ်** ။ ။ ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထနှင့် လုံးဝကင်းနေသော တရားမဟုတ်, ပရမတ္ထ၏အရိပ်အရောင် အတုဖြစ်သည်ဟု ပြဆိုပါသည်။

➢ **ပညာပနတော ပညတ္တိ မန နာမ နာမကမ္မာဒိ-ဠ္ဍ အာဒိ၏ အာဒိဝန်-အရ**

နာမဓေယ္ယ, နာမနိရုတ္တိ, နာမဗျဥ္ဇန, နာမာဘိလာပ-ဟူသော ၄-ပါးကို ယူရပါမည်။

သဒ္ဒပညတ်ဟူသော နာမပညတ်သည် ၁။ နာမပညတ်, ၂။ နာမကမ္မပညတ်, ၃။ နာမဓေယ္ယပညတ်, ၄။ နာမနိရုတ္တိပညတ်, ၅။ နာမဗျဥ္ဇနပညတ် ၆။ နာမာဘိလာပပညတ်-ဟု ၆-မျိုးနှင့် ခေါ်နိုင်ပါသည်။

➢ **နာမ မည်ပုံ** ။ ။ အနက်၌ ညွှတ်တတ်သောကြောင့် "နာမ" မည်ပါသည်။

➢ **နာမကမ္မ မည်ပုံ** ။ ။ အနက်၌ ညွှတ်သည်ဖြစ်၍-ပြုအပ်သောကြောင့် "နာမကမ္မ"မည်ပါသည်။ ➢ **နာမဓေယ္ယ မည်ပုံ** ။ ။ အနက်၌ ညွှတ်သည်ဖြစ်၍ ထားအပ်သောကြောင့် "နာမဓေယ္ယ" မည်ပါသည်။

➢ **နိရုတ္တိ မည်ပုံ** ။ ။ အကွရာကို အကြောင်းပြုသဖြင့် အနက်ကိုထုတ်၍ ဆိုခြင်းသည် "နိရုတ္တိ" မည်ပါသည်။

➢ **ဗျဥ္ဇန မည်ပုံ** ။ ။ အနက်ကို ပြတတ်သောကြောင့် "ဗျဥ္ဇန" မည်ပါသည်။

➢ **အဘိလာပ မည်ပုံ** ။ ။ အနက်သို့ ရှေ့ရှုဟောတတ်သောကြောင့် အဘိလာပ မည်ပါသည်။

http://www.dhammadownload.com

➢ **အဘိလာပ–ဟူသည်** ။ ။ သဒ္ဒါအဖြစ်ဖြင့်ဖြစ်သော အကျွှရာတို့၏အစုဝေးဟု ဆိုအပ်သော အစဉ်ပင်ဖြစ်သည်။

➢ **ဝိဇ္ဇမာနပညတ္တိ–စသော စကားကို မိန့်ဆိုရကျိုး** ။ ။ နာမပညတ်သည် ဝိဇ္ဇမာန ပညတ်, အဝိဇ္ဇမာနပညတ်, ထိုနှစ်ပါးစုံကိုရောစပ်အပ်သော ပညတ်တို့၏ အစွမ်းဖြင့် ၆-ပါးအပြားရှိ၏ဟု ပြခြင်းအကျိုးငှာ "ဝိဇ္ဇမာနပညတ္တိ" စသောစကားကို မိန့်ဆိုသည်

➢ **ဆဋ္ဌဘိညာ အဓိပ္ပါယ်** ။ ။ ဣဒ္ဓိဝိဓ-စသော လောကီအဘိညာ၌ ၅-ပါး, အာသဝက္ခယညာဏ်အားဖြင့် ၆-ပါးသော အဘိညာ၌ရှိသော ရဟန္တာပုဂ္ဂိုလ်သည် "ဆဋ္ဌ ဘိညာ" မည်ပါသည်။

➢ **ဆဋ္ဌဘိဇ္ဇာ–ဟူသော နာမပညတ်၏ "ဝိဇ္ဇမာနနှ အဝိဇ္ဇမာနပညတ်" အမည် ရဲ့** ။ ။ အဘိညာ၌ ၆-ပါးတို့က ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း, အဘိ ညာ၌ ၆-ပါးကိုရသော ရဟန္တာပုဂ္ဂိုလ်က ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် ရင်း ဆဋ္ဌဘိညော-ဟူသော နာမပညတ်သည် "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" အမည် ရပါသည်။

➢ **ဣတ္ထိသဒ္ဒါ–ဟူသော နာမပညတ်၏ "အဝိဇ္ဇမာနနှ ဝိဇ္ဇမာနပညတ်" အမည် ရဲ့** ။ ။ မိန်းမ-က ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့်ရင်း, အသံ (သဒ္ဒရုပ်) က ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း ဣတ္ထိသဒ္ဒါ-ဟူသော နာမပညတ်သည် "အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်" အမည် ရပါသည်။

➢ **စက္ခုဝိညာဏ်–ဟူစသော နာမပညတ်၏ "ဝိဇ္ဇမာနနှ ဝိဇ္ဇမာနပညတ်" အမည် ရဲ့** ။ ။ စက္ခုပသာဒ-က ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း, ထိုစက္ခုပသာဒ ကိုမှီသော စက္ခုဝိညာဉ်ကလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်ရင်း စက္ခု ဝိညာဏ်-ဟူသော နာမပညတ်သည် "ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်" အမည်ရပါသည်။

➢ **ရာဇပုတ္တော–ဟူသော နာမပညတ်၏ "အဝိဇ္ဇမာနနှ အဝိဇ္ဇမာနပညတ်" အမည် ရဲ့** ။ ။ မင်းနှင့် သားပါ သမ္မုတိသစ္စာ ဖြစ်သောကြောင့် ရာဇပုတ္တော-ဟူသော နာမပညတ်သည် "အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" အမည် ရပါသည်။

➢ **ဝစီဃောသ (ဝါ) ဝစီမယသဒ္ဒ** ။ ။ ဘူမိ, ပဗ္ဗတ, ရူပ, ဝေဒနာ-စသော စကားလုံးဖြစ်သော အသံကို ယူရပါမည်။

➢ **အနုသာရ–ဟူသည်** ။ ။ အစဉ်လျှောက်ခြင်း အာရုံပြုခြင်းပင်ဖြစ်သည်။

➢ **ဒသာဘဝိညာဏဝိထိယာ–အရ** ။ ။ သောတဒ္ဓါရဝိထိနှင့် တဒနုဝတ္တိက မနောဒ္ဓါရဝိထိ ၂-မျိုးလုံးကို ယူရပါမည်။

➢ **ဝစီဃောသာနုသာရေန ဒသာဘဝိညာဏဝိထိယာပါဠိဖြင့်** ။ ။ စကားလုံးဖြစ်

http://www.dhammadownload.com

သော အသံကို အာရုံပြု၍ ၁။ သောတဒ္ဓါရဝီထိ, ၂။ တဒနုဝတ္တိက မနောဒ္ဓါရဝီထိ ဖြစ်သည်ဟု ပြပါသည်။

➢ **ဝစီဃောသာနုသာဒေန ဧသောတဝိညာဏဝီထိယာ၌ ဧသောတဝိညာဏဝီထိ ယာ–အရ ။ ။** သောတဝိညာဏဝီထိနှင့် ထိုဝီထိ၏အခြားမဲ့၌ ဖြစ်လေ့ရှိသော တဒနုဝတ္တိက မနောဒ္ဓါရဝီထိတို့ကို ယူရပါမည်။

➢ **မနောဒ္ဓါရသ–မနောဒ္ဓါရိက ဝိညာဉ်အစဉ်ဟူသည် ။ ။** ဤအမည်သည် ဤအနက်ကို ဟော၏ဟု နှေးကပင်လျှင် ယူအပ်သော အမှတ်သင်္ကေတလျှင် အားကြီးသော မှီရာရှိသော နာမည်ကို ကြံစည်သောအခြင်းအရာအားဖြင့်ဖြစ်သော မနောဒ္ဓါရိက ဝိညာဉ်အစဉ် (၀၊) တတိယ မနောဒ္ဓါရိကဝီထိ ဖြစ်ပါသည်။

➢ **ပဝတ္တာနုန္ဓရ္ဗပ္ပန္န မနောဒ္ဓါရသ ဂေါစရာ၌ မနောဒ္ဓါရသ–အရ**

ဘူမိ, ပဗ္ဗတ-စသော အမည်ကိုသိသော အခြင်းအရာအားဖြင့်ဖြစ်သော မနောဒ္ဓါရ၌ဖြစ်သော ဝိညာဉ်အစဉ်ကို ယူရပါမည်။ (၀၊) နာမည်ကိုသိသော မနောဒ္ဓါရဝီထိကို ယူရပါမည်။

➢ **အတ္ထာယသသာ နုသာဒေန–၌ အတ္ထာ–အရ ။ ။** သမ္ပတ်အနက်, ပရမတ္ထအနက် အပြားရှိသော အနက်ဖြင်တို့ကို ယူရပါမည်။

➢ **ပညတ္တိ ဝိဇညယှာ–၌ ပညတ္တိ–အရ ။ ။** မနောဒ္ဓါရဖြင့်ယူအပ်သော အကွရာအစဉ်ဟုဆိုအပ်သော နာမပညတ်ကို ယူရပါမည်။

➢ **အကွရောတစ်လုံးရှိ "ဂေါ"သဒ္ဒါကိုကြားရာ–၌ အနက်ကိုသိပုံ**

ဂေါသဒ္ဒါကိုကြားရာ၌ ပစ္ဆပ္ပန်ဂေါသဒ္ဒါကိုအာရုံပြု၍ ပထမသောတဝိညာဏတစ်ဝီထိ, ထို့နောက် ချုပ်ပြီးသော အတိတ်ဖြစ်သော ဂေါသဒ္ဒါကိုအာရုံပြု၍ ဒုတိယ တဒနုဝတ္တိက မနောဒ္ဓါရ တစ်ဝီထိ, ထို့နောက် နွားဟူသော နာမပညတ်ကိုအာရုံပြု၍ တတိယသုဒ္ဓ မနောဒ္ဓါရ တစ်ဝီထိ, ထို့နောက် နွားခြေခ်အနက် အတ္ထပညတ်ကိုအာရုံပြု၍ စတုတ္ထသုဒ္ဓ မနောဒ္ဓါရ တစ်ဝီထိ, ပေါင်း ၄-ဝီထိကျပြီးမှ နွားခြေခ်အနက်ကို သိရသည်။

➢ **အကွရောနှစ်လုံးရှိ "ယဋ"သဒ္ဒါကိုကြားရာ၌ အနက်ကိုသိပုံ**

ယဋ-၌ ပစ္ဆုပ္ပန် ယ-သဒ္ဒါကိုအာရုံပြု၍ ပထမသောတဝိညာဏ တစ်ဝီထိ, ထို့နောက် ချုပ်ပြီးသော အတိတ်ဖြစ်သော ယ-သဒ္ဒါကိုအာရုံပြု၍ ဒုတိယ တဒနုဝတ္တိက မနောဒ္ဓါရ တစ်ဝီထိ, ထို့အတူ ဋ-သဒ္ဒါ၌ နှစ်ဝီထိ,ပေါင်း ၄-ဝီထိ, ထို့နောင် အိုးဟူသော နာမပညတ်ကိုအာရုံပြု၍ ပဉ္စမသုဒ္ဓ မနောဒ္ဓါရ တစ်ဝီထိ, ထို့နောင် အိုးခြေခ်အနက် အတ္ထပညတ်ကိုအာရုံပြု၍ ဆဋ္ဌသုဒ္ဓ မနောဒ္ဓါရ တစ်ဝီထိ, ဤသို့ ၆- ဝီထိကျပြီးမှ အိုးခြေခ်အနက်ကို သိရသည်။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းပိုင်း ဦးကာကျော် အဓိပ္ပါယ်များ

➢ **သမထ** **မည်ပုံ** ။ ။ နိဝရဏတို့ကို ငြိမ်းစေတတ်သောကြောင့် "သမထ" မည်ပ်သည်။ * **သမထ–အရ** ။ လောကီကုသိုလ် ကြိယာ၌ရှိသော သမာဓိ(ဧကဂ္ဂတာ) ကို ယူရပါမည်။

➢ **ဝိပဿနာ** **မည်ပုံ** ။ ။ အနိစ္စ-စသော အထူးထူးသော အခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် "ဝိပဿနာ" မည်ပါသည်။ * **ဝိပဿနာ–အရ** ။ မဟာကုသိုလ် မဟာကြိယာ၌ရှိသော ပညာကို ယူရပါမည်။

➢ **ဘာဝနာ** **မည်ပုံ** ။ ။ နိဝရဏကို ငြိမ်စေသောအားဖြင့်ရင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ-တည်းဟူသော အခြင်းအရာကို ရှုသောအားဖြင့်ရင်း ဖြစ်ပွားစေတတ်သော ကြောင့် "ဘာဝနာ" မည်ပါသည်။

➢ **ကမ္မဋ္ဌာန်း** **မည်ပုံ** ။ ။ ခန္ဓပါးအပြားရှိသော ဘာဝနာက်၏ဖြစ်ရာဖြစ်သော ကြောင့် ပထဝီကသိုဏ်းစသော ပညတ်အာရုံနှင့် တေဘူမကသခါရ-ဟူသော အာရုံ သည် "ကမ္မဋ္ဌာန်း" မည်ပါသည်။

တစ်နည်း--- နောက်နောက် အားထုတ်မှုကံ၏ နီးစွာသောအကြောင်းဖြစ်သော ကြောင့် ရှေးရှေးပွားများအားထုတ်မှုဟူသော ဘာဝနာအစဉ်သည် "ကမ္မဋ္ဌာန်း" မည်ပါသည်။

➢ **ကမ္မဋ္ဌာန်–၌** **ကမ္မ–အရ** ။ ။ ခန္ဓပါးအပြားရှိသော ဘာဝနာက်ကို ယူရပါမည်။

➢ **ဌာန–အရ** ။ ။ ဖြစ်ရာဌာနဖြစ်သော ပထဝီကသိုဏ်း-စသော ပညတ်အာရုံ နှင့် တေဘူမကသခါရ-ဟူသော အာရုံကို ယူရပါမည်။

တစ်နည်း--- **ကမ္မ–အရ** ။ ။ နောက်နောက် အားထုတ်မှုကံကို ယူရပါမည်။

ဌာန–အရ ။ ။ နီးစွာသော အကြောင်းဖြစ်သော ရှေးရှေးပွားများအားထုတ်မှု - ဟူသော ဘာဝနာအစဉ်ကို ယူရပါမည်။

➢ **စရိတ ဧဘာဝအမွှင့်**

➢ **စရိတ–စရိုက်ဟူသည်** ။ ။ သတ္တဝါတို့သန္တာန်၌ မပြတ်မလပ် အထပ်ထပ်ဖြစ်တတ်သော ပင်ကိုယ်သဘောကို "စရိတ-စရိုက်" ဟု ခေါ်ပါသည်။

➢ **စရိုက်နှင့် ဝါသနာ** **အထူး** ။ ။ ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကြထက် ပိုမို လွန်ကဲ၍ အဖြစ်များခြင်းသည် "စရိုက်" မည်၏။ သတ္တဝါတို့ သန္တာန်၌ အနုသယဓာတ် ကဲ့သို့ ဘဝတိုင်းမှာ ခွဲကပ်ပါနေတတ်သော သဘောသည် "ဝါသနာ" မည်၏။

➢ **ရာဂစရိုက်** **မည်ပုံ** ။ ။ မပြတ်မလပ်ဖြစ်တတ်သော ရာဂသည် "ရာဂစရိုက်" မည်ပါသည်။

http://www:dhammadownload.com

➢ **စရိတသင်္ဂဟ** မည်ပုံ ။ ။ မူလစရိုက် ၆-မျိုး၏အစွမ်းအားဖြင့် ပုဂ္ဂိုလ် ၆-မျိုးကို သိမ်းယူခြင်းသည် "စရိတသင်္ဂဟ" မည်ပါသည်။

➢ **ရာဂ စရိတ-အရ** ။ ။ ရာဂစရိုက်ကိုသာ မယူဘဲ ရာဂစရိုက်များသော ပုဂ္ဂိုလ် အထိ ကောက်ယူရပါမည်။

➢ **စရိုက် ၆၃-မျိုး (၀၊) ၆၄-မျိုး ရေတွက်ပုံ**

၁။ ရာဂစရိုက်, ၂။ ဒေါသစရိုက်, ၃။ မောဟစရိုက်, ၄။ ရာဂဒေါသစရိုက်, ၅။ ရာဂမောဟစရိုက်, ၆။ ဒေါသမောဟစရိုက်, ၇။ ရာဂမောဟစရိုက်, ဤသို့ ရာဂ-စသောတိတ်၌ "သတ္တက"တစ်ပါး ရလာပါသည်။ ဤသို့ တိက်နှစ်မျိုးကို မရောနှောဘဲ စရိုက် ၁၄-မျိုး ရလာသည်။ ထို့နောက် ရာဂ-စသောစရိုက်များနှင့် သဒ္ဓါ-စသော စရိုက်များကို ရောနှောပြီး ရာဂသဒ္ဓါစရိုက်, ရာဂဗုဒ္ဓိစရိုက်-စသည်ဖြင့် ဝေဖန်လိုက်သည့်အခါ ၁။ ရာဂမူ-၌ သတ္တကတစ်မျိုး, စရိုက် ၇-ပါး, ၂။ ဒေါသမူ-၌ သတ္တကတစ်မျိုး, စရိုက် ၇-ပါး, ၃။ မောဟမူ-၌ သတ္တကတစ်မျိုး, စရိုက် ၇-ပါး, ယင်းသို့လျှင် ဧကမူ-၌ သတ္တက ၃-မျိုး, စရိုက် ၂၁-ပါး ရလာပါသည်။

ဒွိမူ-၌လည်း ရာဂ ဒေါသ သဒ္ဓါ, ရာဂ ဒေါသ ဗုဒ္ဓိ, ရာဂ ဒေါသ ဝိတက်စရိုက်-စသည်ဖြင့် သတ္တက ၃-မျိုး, စရိုက် ၂၁-ပါး ရလာ၏။

တိမူ-၌ကား--- ရာဂ ဒေါသ မောဟ သဒ္ဓါစရိုက် သတ္တကတစ်မျိုး, စရိုက် ၇-ပါးသာ ရလာ၏။ ဤသို့လျှင် ၁။ ဧကမူ-၌ သတ္တက ၃-မျိုး, စရိုက် ၂၁-ပါး, ၂။ ဒွိမူ-၌ သတ္တက ၃-မျိုး, စရိုက် ၂၁-ပါး, ၃။ တိမူ-၌ သတ္တက တစ်မျိုး, စရိုက် ၇-ပါး, ပေါင်း စရိုက် ၄၉-ပါး ဖြစ်၏။ မရောနှောသော စရိုက် ၁၄-ပါးနှင့် ပေါင်းက ၆၃-ပါး ဖြစ်လာသည်။ **ကေစိဆရာများကမူ** ဒိဋ္ဌိစရိုက်ပါထည့်၍ ၆၄-မျိုးဟု ဆိုကြပါသည်။

➢ **ဘာဝနာဘေဒ အမွှင့်**

➢ **ပရိကမ္မဘာဝနာ** မည်ပုံ ။ ။ အပွနာဘာဝနာကိုပြုစီမံတတ်သော အလုပ်**ဖြစ်**သော ဘာဝနာသည် "ပရိကမ္မဘာဝနာ" မည်ပါသည်။

တစ်နည်း--- အပွနာဘာဝနာ၏အစအလုပ်ဖြစ်၍ဖြစ်သော ရှေ့အဖို့၌ဖြစ်သော ဘာဝနာသည် "ပရိကမ္မဘာဝနာ" မည်ပါသည်။

➢ **ဥပစာရဘာဝနာ** မည်ပုံ ။ ။ နီဝရဏာတို့ကို ပယ်ခွာသည်မှစ၍ ဂေါတြဘူ အဆုံးရှိသော ကာမာဝစရဘာဝနာသည် "ဥပစာရဘာဝနာ" မည်ပါသည်။

➢ **ဥပစာရဘာဝနာခေါ်ဆိုရခြင်းအကြောင်း** ။ ။ ရွာ၏ဥပစာ-စသည်ကဲ့သို့ အပွနာ၏အနီး၌ဖြစ်တတ်သောကြောင့် ဥပစာရဘာဝနာ-ဟု ခေါ်ဆိုရပါသည်။

➢ **အပွနာဘာဝနာ** မည်ပုံ ။ ။ မဟဂ္ဂတ်အဖြစ်သို့ရောက်သော ဘာဝနာသည်

http://www.dhammadownload.com

အပ္ပနာဘာဝနာ မည်ပါသည်။

➢ **အပ္ပနာဘာဝနာ–ဣ အပ္ပနာ–အရ** ။ ။ မုချအားဖြင့် ဝိတက်စေတသိက်ကို ယူရပါမည်။ ဥပစာအားဖြင့်----- အလုံးစုံသော မဟဂ္ဂုတ်လောကုတ္တရာဈာန်များကို ယူရပါမည်။

➢ **အပ္ပနာဘာဝနာခေါ် ဆိုရခြင်းအကြောင်း** ။ ။ အပ္ပနာဘာဝနာဟုဆိုအပ်သော ဝိတက်အကြီးအမှူးရှိသောကြောင့် အပ္ပနာဘာဝနာ-ဟု ခေါ်ဆိုရပါသည်။

➢ **ဝိတက်ကို အပ္ပနာဘာဝနာ–ဟု ခေါ် ဆိုရခြင်းအကြောင်း** ။ ။ သမ္မယုတ်တရားတို့ကို အာရုံ၌ထည့်သွင်းသကဲ့သို့ဖြစ်တတ်သောကြောင့် ဝိတက်ကို အပ္ပနာဘာဝနာ-ဟု ခေါ်ဆိုရပါသည်။

➢ **မဟဂ္ဂုတ်စလောကုတ္တရာဈာန်တရားအားလုံးကို အပ္ပနာ–ဟု ခေါ် ဆိုရခြင်းအကြောင်း** ။ ။ ထိုဝိတက်အကြီးအမှူးရှိသည်၏အစွမ်းဖြင့် မဟဂ္ဂုတ်လောကုတ္တရာဈာန်တရားအားလုံးကို အပ္ပနာ-ဟု ခေါ်ဆိုရပါသည်။

➢ **အပ္ပနာ–ဟု ခေါ် ဆိုရသော တရားများ** ။ ။ အပ္ပနာ-မည်သော ဝိတက်လျှင် အကြီးအမှူးရှိကြသောကြောင့် သဟစရဏနည်းအားဖြင့် အလုံးစုံသော မဟဂ္ဂုတ်, လောကုတ္တရာဈာန်တရားတို့ကိုလည်း အပ္ပနာ-ဟုပင် ခေါ်ဆိုရပါသည်။

➢ နိမိတ္တဒေဝ အပ္ပင်

➢ **ပရိကမ္မနိမိတ် မည်ပုံ** ။ ။ ပရိကမ္မဘာဝနာ၏အာရုံအကြောင်းတရားသည် "ပရိကမ္မနိမိတ်" မည်ပါသည်။

➢ **ပရိကမ္မနိမိတ်–အရ** ။ ။ ကသိုဏ်းစသော အာရုံကိုယူရပါမည်။

➢ **ဥဂ္ဂဟနိမိတ် မည်ပုံ** ။ ။ ကသိုဏ်းဝန်းစသော အာရုံကိုပင် မျက်စိဖြင့်မြင်အပ်သကဲ့သို့ စိတ်ဖြင့်ယူထိုက်သောနိမိတ်သည် ဥဂ္ဂဟနိမိတ် မည်ပါသည်။ **ဥပမာ**---- စိတ်ဖြင့်ယူတတ်သော ပုဂ္ဂိုလ်၏နိမိတ်သည် "ဥဂ္ဂဟနိမိတ်" မည်ပါသည်။

➢ **ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်အထူး** ။ ။ မျက်စိဖြင့်ကြည့်ရှုအပ်သော ကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်-ဟု ခေါ်ပါသည်။ မျက်စိမှိတ်၍ ရှုလိုက်သည့်အခါ မနောဒ္ဓါရ၌ထင်လာသော ကသိုဏ်းဝန်းအာရုံကို ဥဂ္ဂဟနိမိတ်-ဟု ခေါ်ပါသည်။

➢ **ပဋိဘာဂနိမိတ် မည်ပုံ** ။ ။ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏အာရုံဖြစ်သောကြောင့် ထိုဥဂ္ဂဟနိမိတ်နှင့်တူသော ဝဏ္ဏစသော ကသိုဏ်း အပြစ်မှကင်းသော နိမိတ်သည် "ပဋိဘာဂနိမိတ်" မည်ပါသည်။

➢ **ပဋိဘာဂနိမိတ်၏အာရုံ** ။ ။ ပဋိဘာဂနိမိတ်သည် ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏အာရုံ ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ပရိကမ္မနိမိတ်နှင့်ဥဂ္ဂဟနိမိတ်၏အာရုံ ။ ။** ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်သည် ပရိကမ္မဘာဝနာ၏အာရုံသာဖြစ်သည်။

➢ **ကသိဏ (ကသိုဏ်း) မည်ပုံ ။ ။** ဘာဝနာမနသိကာရအားဖြင့် နှံ့စေသည်ဖြစ်၍ တစ်စိတ်တစ်ဒေသကိုသာ အာရုံမပြုမူ၍ အလုံးစုံသော အရုပ်အဖို့ကို နှံ့နှံ့စပ်စပ် အာရုံပြုသော အနက်ကြောင့် ကသိဏ (ကသိုဏ်း) မည်ပါသည်။

➢ **ပထဝီကသိဏ [ပထဝီကသိုဏ်း] မည်ပုံ ။ ။** မြေကြီးသည်ပင် တစ်စိတ်တစ်ဒေသသော အရပ်၌ မတည်မူ၍ အဆုံးမရှိသောအရပ်သို့ ပျံ့နှံ့တတ်သည့်အတွက် အလုံးစုံဟူသော အနက်ကြောင့် ပထဝီကသိဏ (ဝါ) ပထဝီကသိုဏ်း မည်ပါသည်။

➢ **ပထဝီကသိဏ-အရ ။ ။** မုခ္ဃအားဖြင့် ပထဝီကသိုဏ်းဝန်း, ဥပစာအားဖြင့်-ပဋိဘာဂနိမိတ်, ထိုပဋိဘာဂနိမိတ်လျှင် အာရုံရှိသောစျာန်ကို ယူရပါမည်။

➢ **ဘူတကသိုဏ်း ။ ။** ကသိုဏ်း ၁၀-ပါးတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယောကသိုဏ်း ဤ ၄-မျိုးကို ဘူတကသိုဏ်း-ဟု ခေါ်ပါသည်။

➢ **ဝဏ္ဏကသိုဏ်း ။ ။** နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်း ဤ ၄-မျိုးကို ဝဏ္ဏကသိုဏ်း-ဟု ခေါ်ပါသည်။

➢ **အာကာသကသိုဏ်းခေါ်ပုံ ။ ။** ပရိစ္ဆိန္နာကာသကို အာကာသကသိုဏ်း-ဟု ခေါ်ပါသည်။

➢ **အာလောကကသိုဏ်းခေါ်ပုံ ။ ။** လ-စသည်တို့၏အရောင်ကို အာလောကကသိုဏ်း-ဟု ခေါ်ပါသည်။

➢ **ဥဒ္ဓုမာတ မည်ပုံ ။ ။** သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ ဖူးဖူးရောင်သော အလောင်းကောင်သည် "ဥဒ္ဓုမာတ" မည်ပါသည်။

➢ **ဥဒ္ဓုမာတ-အရ ။ ။** အလောင်းကောင်ကို ယူရပါမည်။

➢ **ဥဒ္ဓုမာတက မည်ပုံ ။ ။** သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ဖြစ်သော အကောင်ပုပ်သည် ဥဒ္ဓုမာတက မည်၏။

➢ **ဝိနီလက မည်ပုံ ။ ။** အဖြူ, အနီ-စသည်နှင့်ရောသော မျှားသောအားဖြင့် ညှိသောအဆင်းရှိသော သူသေကောင်သည် အထူးအားဖြင့် ညှိသောကြောင့် ဝိနီလက မည်ပါသည်။

➢ **ဝိပုဗ္ဗက မည်ပုံ ။ ။** ယိုစီးသော ပြည်ရှိသော စက်ဆုပ်ဖွယ် အကောင်ပုပ်သည် "ဝိပုဗ္ဗက" မည်ပါသည်။

➢ **ဝိစ္ဆိဒ္ဒက မည်ပုံ ။ ။** အလယ်၌နှစ်ဖြာဖြတ်အပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်သည် "ဝိစ္ဆိဒ္ဒက" မည်ပါသည်။

http://www.dhammadownload.com

➢ **ဝိကွာယိတက မည်ပုံ** ။ ။ ခွေး, မြေခွေး-စသည်တို့သည် အထူးထူးသော အခြင်းအရာအားဖြင့် ခဲစားအပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်သည် ဝိကွာယိတက မည်ပါသည်။

➢ **ဝိက္ခိတ္တက မည်ပုံ** ။ ။ ခွေး, မြေခွေး-စသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ပိုင်းဖြတ်၍ ထိုထိုအရပ်၌ ပစ်လွှင့်အပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်သည် "ဝိက္ခိတ္တက" မည်ပါသည်။

➢ **ဟတဝိက္ခိတ္တက မည်ပုံ** ။ ။ကြီးခြေသဏ္ဌာန်-အစရှိသော အခြင်းအရာအားဖြင့် ဓားငယ်နှင့်လီး၍ အထူးထူးအပြားပြား ပစ်လွှတ်အပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်သည် "ဟတဝိက္ခိတ္တက" မည်ပါသည်။

➢ **လောဟိတက မည်ပုံ** ။ ။ သွေးတို့ကို သွန်ချတတ်သော အလောင်းကောင်သည် "လောဟိတက" မည်ပါသည်။

➢ **ပုဠုဝက မည်ပုံ** ။ ။ ပိုးလောက်တို့ကို ယိုစေတတ်သော အကောင်ပုပ်သည် "ပုဠုဝက" မည်ပါသည်။

➢ **အဋ္ဌိက မည်ပုံ** ။ ။ အောက်ထစ်ဆုံးအားဖြင့် အရိုးတစ်ချောင်းသည်ပင် အဋ္ဌိက မည်ပါသည်။

➢ **အနုသတိ မည်ပုံ** ။ ။ အဖန်ဖန် အထပ်ထပ် အမှတ်ရခြင်း သတိသည် "အနုသတိ" မည်ပါသည်။

➢ **ဗုဒ္ဓါနုသတိ မည်ပုံ** ။ ။ ဘုရားရှင်၏ အရဟံ-စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် "ဗုဒ္ဓါနုသတိ" မည်ပါသည်။

➢ **ဗုဒ္ဓါနုသတိ–၌ ဗုဒ္ဓ–အရ** ။ ။ ဘုရားရှင်၏ အရဟတ်-စသော ဂုဏ်တော်ကိုးပါးကို ယူရပါမည်။

➢ **ဗုဒ္ဓါနုသတိကမ္မဋ္ဌာန်း စီးဖြန်းပုံ** ။ ။ သောဘဂဝါ ဣတိပိ အရဟံ, ဘောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ-စသည်ဖြင့် စီးဖြန်းခြင်းသည် ဗုဒ္ဓါနုသတိကမ္မဋ္ဌာန်း စီးဖြန်းသည်မည်၏။ [ဗုဒ္ဓါနုသတိ, ဗုဒ္ဓါနုသတိ-ဟု ဆိုရ၍ စီးဖြန်းခြင်းသည် ဗုဒ္ဓါနုသတိကမ္မဋ္ဌာန်း စီးဖြန်းသည်မဟုတ်။]

➢ **ဓမ္မာနုသတိ မည်ပုံ** ။ ။ တရားတော်၏ သွာက္ခာတတာ-စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် ဓမ္မာနုသတိ မည်ပါသည်။

➢ **ဓမ္မာနုသတိ–၌ ဓမ္မ–အရ** ။ ။ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟူသော ဆယ်ပါးသော တရားတော်၏ သွာက္ခာတတာ-အစရှိသော ဂုဏ်တော် ၆-ပါးကို ယူရပါမည်။

http://www.dhammadownload.com

➢ **နိဗ္ဗာန်ကို ဧမ္မာနုဿတိ–၌ ဧမ္မ–အရ ယူရမြင်းအကြောင်း** ။ ။ [နိဗ္ဗာန်ကို ဥပသမာနုဿတိ-ဟု သီးခြားကမ္မဋ္ဌာန်းအဖြစ် ဆိုထားပါသော်လည်း] ဧမ္မ အဖြစ်ဖြင့် တူသည့်အတွက် မဂ်, ဖိုလ်တို့နှင့်တကွ သိမ်းယူအပ်သောကြောင့်-- တည်း။

➢ **ဧမ္မာနုဿတိကမ္မဋ္ဌာန်း စီးပြန်းပုံ** ။ ။ သွာက္ခာတော ဘဂဝတာ ဧမ္မော-စသည်ဖြင့် ဆိုလ၊ စီးဖြန်းခြင်းသည် ဧမ္မာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသည် မည်ပါသည်။

➢ **သံဃာနုဿတိ မည်ပုံ** ။ ။ သုပ္ပဋိပ္ပန္နော-စသော သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် သံဃာနုဿတိ မည်ပါသည်။

➢ **သံဃာနုဿတိ–၌ သံဃ–အရ** ။ ။ သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်၏ ဂုဏ်တော် ၉-ပါးကို ယူရပါမည်။

➢ **သံဃာနုဿတိကမ္မဋ္ဌာန်း စီးပြန်းပုံ** ။ ။ သုပ္ပဋိပ္ပန္နော ဘဂဝတော သာဝက သံဃော-စသည်ဖြင့် ရွတ်ဆိုပွားများခြင်းသည် သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသည် မည်ပါသည်။

➢ **သီလာနုဿတိ မည်ပုံ** ။ ။မကျိုးမပေါက် မပြောက်မကျားသော မိမိ၏သီလ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် သီလာနုဿတိ မည်ပါသည်။

➢ **စာဂါနုဿတိ မည်ပုံ** ။ ။ မစ္ဆေရ အညစ်အကြေးကင်းသောစိတ်ဖြင့် မိမိ၏ စွန့်ကြဲမှုဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် စာဂါနုဿတိ မည်ပါသည်။

➢ **ဒေဝတာနုဿတိ မည်ပုံ** ။ ။ အကြင်သဒ္ဓါ-စသောဂုဏ်နှင့်ပြည့်စုံကုန်သော နတ်တို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါ-စသောဂုဏ်တို့သည် ငါ၌လည်းရှိကုန်၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါ-စသောဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် ဒေဝတာနုဿတိ မည်ပါသည်။

➢ **ဒေဝတာနုဿတိ–၌ ဒေဝတာ–အရ** ။ ။ နတ်ပြဟ္မာတို့၏ သဒ္ဓါ-အစရှိသော ဂုဏ်တို့နှင့်တူသော မိမိ၏ သဒ္ဓါ-အစရှိသော ဂုဏ်တို့ကို ယူရပါမည်။

➢ **ဒေဝတာနုဿတိကမ္မဋ္ဌာန်း မွားမျှားပုံ** ။ ။ အကြင်သဒ္ဓါ-စသောဂုဏ်နှင့်ပြည့်စုံကုန်သော နတ်တို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါ-စသောဂုဏ်တို့သည် ငါ၌လည်းရှိကုန်၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါ-စသောဂုဏ်ကို အဖန်ဖန် အောက်မေ့ရပါမည်။

မေး ။ ။ ယခုခေတ် ၄ာ်ပျောပွဲ, အုန်းပွဲ စသည်တို့ဖြင့် ပူဇော်ပသကြသော ပုဂ္ဂိုလ်တို့၏ နတ်ကို သတိရမှုမျိုးကို "ဒေဝတာနုဿတိ"ဟု ဆိုလိုပါသလော? ဦးကာ - အာဘော်ကျ ရှင်းပြပါ။

ဖြေ ။ ။ **အကြင်သဒ္ဓါ-စသောဂုဏ်နှင့်ပြည့်စုံကုန်သော နတ်တို့သည် နတ်အဖြစ်သို့**

http://www.dhammadownload.com

ရောက်ကုန်၏။ ထိုသဒ္ဓါ-စသောဂုဏ်တို့သည် ငါ၌လည်းရှိကုန်၏။ဟု နတ်တို့ကို သက်သေ အရာ၌ထား၍ မိမိ၏ သဒ္ဓါ-စသောဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းမျိုးကိုသာ ဒေဝတာနုဿတိ-ဟု ခေါ်ဆိုရသောကြောင့်-- ယခုခေတ် ဌက်ဗျောပွဲ, အုန်းပွဲ စသည် တို့ဖြင့် ပူဇော်ပသကြသော ပုဂ္ဂိုလ်တို့၏ နတ်ကို သတိရမှုမျိုးကို "ဒေဝတာနုဿတိ"ဟု မဆိုလိုနိုင်ပါ။

➢ **ဥပသမာနုဿတိ မည်ပုံ** ။ ။ အလုံးစုံသော ဒုက္ခ၏ အေးငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် ဥပသမာနုဿတိ မည်ပါသည်။

➢ **နိဗ္ဗာန်ကို ဥပသမာနုဿတိ–ဟု သီးခြားကမ္မဋ္ဌာန်းအဖြစ် ဆိုရခြင်း**

[နိဗ္ဗာန်သည် ဓမ္မာနုဿတိ-၌ ဓမ္မ-အရတွင် ပါဝင်ပြီးပါသော်လည်း] အသခ်တ, အမတ အစရှိသည်တို့၏အဖြစ်ဖြင့် မဂ်, ဖိုလ်တို့ထက် ထူးကဲလွန်မြတ်သောကြောင့် နိဗ္ဗာန်ကို ဥပသမာနုဿတိ-ဟု သီးခြားကမ္မဋ္ဌာန်းအဖြစ် ဆိုရပါသည်။

➢ **မရဏာနုဿတိ မည်ပုံ** ။ ။ ဇီဝိတိန္ဒြေပြတ်စဲခြင်းဖြစ်၍ဖြစ်သော သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်းသည် မရဏာနုဿတိ မည်ပါသည်။

➢ **ကာယဂတာသတိ မည်ပုံ** ။ ။ ဆံပင်-အစရှိသော ကိုယ်အစု၌ဖြစ်သော သတိသည် ကာယဂတာသတိ မည်ပါသည်။

➢ **ကာယဂတာသတိကမ္မဋ္ဌာန်း စီးပြန်းပုံ** ။ ။ ပါဠိလို- ကေသာ လောမာ နခါ ဒန္တာ တစော, မြန်မာလို- ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား-စသည်ဖြင့် စီးဖြန်းခြင်းသည် ကာယဂတာသတိကမ္မဋ္ဌာန်း စီးဖြန်းသည် မည်ပါသည်။

➢ **အာနာပါနုဿတိ မည်ပုံ** ။ ။ ထွက်သက်, ဝင်သက်လျှင် အာရုံရှိသော သတိသည် အာနာပါနုဿတိ မည်ပါသည်။

➢ **အာနာပါနုဿတိကမ္မဋ္ဌာန်း စီးပြန်းပုံ** ။ ။ ထွက်သက်, ဝင်သက်ကို (ဝါ) ထွက်လေ, ဝင်လေကို အာရုံပြု၍ နေခြင်းသည် အာနာပါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသည် မည်ပါသည်။

➢ **အာနာပါနုကို အားထုတ်ရုံမျှဖြင့် မဂ်ရနိုင်/မရနိုင်** ။ ။ အာနာပါန-သည် ပညတ်အာရုံဖြစ်သောကြောင့် အာနာပါနကို အားထုတ်ရုံမျှဖြင့် မဂ် မရနိုင်ပါ။

➢ **မေတ္တာ မည်ပုံ** ။ ။ ချစ်ခင်တတ်သောကြောင့် မေတ္တာ မည်ပါသည်။ **တစ်နည်း**- ချစ်အပ်သော မိတ်ဆွေတို့၌ဖြစ်တတ်သော တရားသည် "မေတ္တာ" မည်ပါသည်။

➢ **အမှုမည္သာ ၄–ပါး လက္ခဏာ/ဖြဿဝိဘာရတရား ၄–ပါး လက္ခဏာ**

၁။ မေတ္တာသည် သူတစ်ပါးတို့၏ စီးပွားချမ်းသာကို ဆောင်ခြင်းလက္ခဏာ ရှိသည်။

၂။ ကရုဏာသည် သူတစ်ပါးဆင်းရဲကို ပယ်လိုခြင်း လက္ခဏာ ရှိပါသည်။

http://www.dhammadownload.com

၃။ မုဒိတာသည် သူတစ်ပါးစည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာ ရှိပါသည်။

၄။ ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့မှ အလယ်အလတ်၌တည်သော အခြင်း အရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိပါသည်။

➢ **အပ္ပမညာ ဧေါ်မုံ ။ ။** အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့် မေတ္တာ-စသော ၄-ပါးကို အပ္ပမညာ [ကမ္မဋ္ဌာန်း]-ဟု ခေါ်ပါသည်။

➢ **ကဗျာ မုဒိတာ အပ္ပမညာဃာ နာမ-ဟူသော စေတသိက်ပိုင်းလာ စကားရပ်နှင့် စတဝေသာ အပ္ပမညာဃာ နာမ-ဟူသော ကမ္မဋ္ဌာန်းပိုင်းလာ စကားရပ်တို့ မဆန့်ကျင်မုံ ။ ။** အဒေါသစေတသိက်ဖြင့် မေတ္တာကို, တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူထားသောကြောင့် - စေတသိက်ပိုင်း၌ အပ္ပမညာ ၂-ပါးသာ ဆိုထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ စကားရပ်တို့ မဆန့်ကျင်ပါ။

➢ **အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာရ-ဟု ဧေါ်ဆိုခြင်းအကြောင်း**

➢ **ဗြဟ္မဝိဟာရ ဧေါ်မုံ ။ ။** မြတ်သောနေကြောင်းဖြစ်သောကြောင့် အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာရ ဟု ခေါ်သည်။ **တစ်နည်း--** မြတ်သောပုဂ္ဂိုလ်တို့၏ နေကြောင်းဖြစ်သောကြောင့် အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာ ရ-ဟု ခေါ်ပါသည်။

➢ **ဗြဟ္မ-အရ ။ ။** မြတ်သောပုဂ္ဂိုလ်ကို ကောက်ယူရပါမည်။

➢ **တဏှာဈာန်နှင့် ဓမ္မဇ္ဈာန် အထူး ။ ။** တဏှာဈာန်မှာ မောဟပြဋ္ဌာန်း၍ လိုချင် တပ်မက်နှစ်သက်တွယ်တာခြင်း သဘောရှိပါသည်။ မေတ္တာဈာန်ကား- မပြစ်မှားခြင်း သဘောရှိသည့် အလောဘနှင့်ယှဉ်သော အချစ်မျိုး ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

➢ **ဓမ္မဇ္ဈာဈာန်၏ တရားကိုယ် ။ ။** အဒေါသပြဋ္ဌာန်းသော ကုသိုလ်, ကြိယာ စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

➢ **သဒ္ဓါဈာန်၏ တရားကိုယ် ။ ။** သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ် ဖြစ်ပါသည်။

➢ **ကိလေသာတဏှာဈာန်၏ တရားကိုယ် ။ ။** ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

➢ **ဒေဟသိတဓမ္ဓ [မိဘချစ်, သားသမီးချစ်, ဆရာချစ်, တပည့်ချစ်, မိတ်ဆွေချစ် စသည်] ဧေါ် တဏှာဈာန် တရားကိုယ် ။ ။** ပီတိ သောမနဿပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

➢ **အာဟာရေ ပဋိကူလသညာ မည်မုံ ။ ။** အစာရှာသွားရခြင်း, ရှာဖွေခြင်း, သုံးဆောင်ရခြင်း-စသည်တို့ ဆင်ခြင်ခြင်း၏အစွမ်းဖြင့် စက်ဆုပ်ဖွယ်ဖြစ်သော သညာသည် အာဟာရေ ပဋိကူလသညာ မည်ပါသည်။

http://www.dhammadownload.com

➢ **အာဟာရေပဋိကူလသညာဖြစ်ခေါ်လာခဲ့ခြင်း**

၁။ ဂမန-အစာရှာ သွားရခြင်း။ ၂။ ပရိယေသန-ရှားမိုးရခြင်း။ ၃။ ပရိဘောဂ-သုံးဆောင်ရခြင်း စသည်တို့ ဖြစ်ပါသည်။

➢ **စတုဓာတုဝဝတ္ထာန် မည်ပုံ** ။ ။ ဓာတ် ၄-ပါးကို မိမိလက္ခဏာအားဖြင့်ရင်း, ဆံပင်-စသော အဆောက်အဦးနှင့်တကွဖြစ်သော ဓာတ်အားဖြင့်ရင်း, ပိုင်းခြားမှတ်သားခြင်းသည် စတုဓာတုဝဝတ္ထာန် မည်ပါသည်။

➢ **အာရုပ္ပ ကမ္မဋ္ဌာန်း မည်ပုံ** ။ ။ အရူပဘုံ၌ဖြစ်သော ကမ္မဋ္ဌာန်းသည် အာရုပ္ပကမ္မဋ္ဌာန်း မည်ပါသည်။

➢ **သမ္ပါယဓာတု အမွှင့်**

➢ **စရိတာသု ပန-စသော စကားကို ဆိုရကျိုး**။ ။ ထိုထိုပုဂ္ဂိုလ်၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပြခြင်းငှာ စရိတာသု ပန-စသော သင်ဟပါဠိကို ဆိုသည်။

➢ **ရာဂစရိုက် အားကြီးသူ** ။ ။ ရာဂအဖြစ်များသော ပုဂ္ဂိုလ်ကို ရာဂစရိုက်အားကြီးသူ-ဟု ခေါ်ပါသည်။

➢ **အသုဘကမ္မဋ္ဌာန်းသည် ရာဂစရိုက်ရှိသူအား လျော်ကန်ပတ်ခြင်းအကြောင်း**

ရာဂ၏ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အသုဘကမ္မဋ္ဌာန်းသည် ရာဂစရိုက်ရှိသူအား လျော်ကန်ပတ်ပါသည်။

➢ **အပွမညာ ၄-ပါး, နီလ-စသော ကသိုဏ်း ၄-ပါးတို့သည် ဒေါသစရိုက်ရှိသူအား လျော်ကန်ပတ်ခြင်းအကြောင်း** ။ ။ ဒေါသကို ပယ်ခွာခြင်း၏အကြောင်းဖြစ်သောကြောင့်ရင်း, မထိပါး မည့်ဉီးဆဲခြင်းလျှင် အာရုံရှိသောကြောင့်ရင်း အပွမညာ ၄-ပါး, နီလ-စသော ကသိုဏ်း ၄-ပါးတို့သည် ဒေါသစရိုက်ရှိသူအား လျော်ကန်ပတ်ပါသည်။

➢ **အာနာပါနကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူအား လျော်ကန်ပတ်ခြင်းအကြောင်း**

ဉာဏ်ပညာ၏ အာရုံအဖြစ်ဖြင့် မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အာနာပါနကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူအား လျော်ကန်ပတ်ပါသည်။

➢ **အာနာပါနကမ္မဋ္ဌာန်းသည် ဝိတက်စရိုက်ရှိသူအား လျော်ကန်ပတ်ခြင်းအကြောင်း**

ဝိတက်ဟူသော ပြေးသွားခြင်းကို တားမြစ်တတ်သောကြောင့် အာနာပါနကမ္မဋ္ဌာန်းသည် ဝိတက်စရိုက်ရှိသူအား လျော်ကန်ပတ်ပါသည်။

➢ **ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက်ရှိသူအား လျော်ကန်ပတ်ခြင်းအကြောင်း** ။ ။ သဒ္ဓါတိုးပွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက်ရှိသူအား လျော်ကန်ပတ်ပါသည်။

➢ **မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတု**

http://www.dhammadownload.com

ဝဝတ္ထာန်တို့သည် ဗုဒ္ဓိစရိုက်ရှိသူအား လျှောက်ပတ်ခြင်းအကြောင်း ။ ။ နက်နဲသည့်အတွက် အသိဉာဏ်၏သာ အာရုံဖြစ်သောကြောင့် (၀၊) အရာဖြစ်သောကြောင့် မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့သည် ဗုဒ္ဓိစရိုက်ရှိသူအား လျှောက်ပတ်ပါသည်။

မေး ။ ။ အောက်ပါပုဂ္ဂိုလ်တို့သည် မည်သည့်ကမ္မဋ္ဌာန်း အားထုတ်သင့်သည်ကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(က) ရာဂအားကြီးသူ, (ခ) မောဟအားကြီးသူ, (ဂ) အကြံအစည်များသူ, (ဃ) ရတနာ ၃-ပါးကို ယုံကြည်လွန်းသူ, (င) ဉာဏ်ရည်ဉာဏ်သွေးထက်မြတ်သူ။

(က) ရာဂ၏ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂအားကြီးသူ-သည် အသုဘကမ္မဋ္ဌာန်းကို အားထုတ်သင့်ပါသည်။

(ခ) ဉာဏ်ပညာ၏ အာရုံအဖြစ်ဖြင့် မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် **မောဟအားကြီးသူ**သည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သင့်ပါသည်။

(ဂ) ဝိတက်ဟူသော ပြေးသွားခြင်းကို တားမြစ်တတ်သောကြောင့် **အကြံအစည်များသူ**သည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သင့်ပါသည်။

(ဃ) သဒ္ဓါတိုးပွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ရတနာ ၃-ပါးကို **ယုံကြည်လွန်းသူ**သည် ဗုဒ္ဓါနုဿတိ-စသော အနုဿတိကမ္မဋ္ဌာန်း ၆-ပါးကို အားထုတ်သင့်ပါသည်။

(င) နက်နဲသည့်အတွက် အသိဉာဏ်သာ အာရုံဖြစ်သောကြောင့် (၀၊) အရာဖြစ်သောကြောင့် **ဉာဏ်ရည်ဉာဏ်သွေး ထက်မြတ်သူ** -သည် မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့ကို အားထုတ် သင့်ပါသည်။

➢ **ဧသသာနိ ပနု သဗ္ဗာနိပိ-ဠ္ဍ ဧသသ-အရ ။ ။** မဟာဘုတ် ကသိုဏ်း ၄-ပါး, အာကာသကသိုဏ်း, အာလောကကသိုဏ်း, အာရုပ္ပ ၄-ပါး ပေါင်း ၁၀-ပါး တို့ကို ယူရပါမည်။

➢ **မောဟစရိုက်ရှိသူအတွက် ပုထုလ ကသိုဏ်းဝန်းသည် သင့်လျော်ရခြင်းအကြောင်း ။ ။** ကျဉ်းမြောင်းသောအရပ်၌ စိတ်၏ အတိုင်းထက်အလွန် တွေဝေသောကြောင့် မောဟစရိုက်ရှိသူအတွက် ပုထုလကသိုဏ်းဝန်းသည် သင့်လျော်ပါသည်။

➢ **ဝိတက် [အကြံအစည်များသူ]စရိုက်ရှိသူအတွက် ခုဒ္ဓက ကသိုဏ်းဝန်းသည် သင့်လျော်ရခြင်းအကြောင်း ။ ။** ကျယ်ပြန့်သော အာရုံ၏ ဝိတက်ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိတက်စရိုက်ရှိသူအတွက် ခုဒ္ဓက ကသိုဏ်းဝန်းသည် သင့်လျော်ပါသည်။

http://www.dhammadownload.com

➢ သပ္ပါယဘောဇ–၌ ပုဂ္ဂိုလ်နှင့်စရိုက် တွဲစပ်ပေးရခြင်းအကြောင်း

[ဤသပ္ပါယဘောဇအခန်း-၌ ရာဂစရိုက်ပြောသူအား အသုဘကမ္မဋ္ဌာန်းနှင့်သင့်ရာ-စသည်ဖြင့် ပုဂ္ဂိုလ်နှင့်ကမ္မဋ္ဌာန်းကို တွဲစပ်ပေးထားခြင်းမှာ] ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း, အလွန်သင့်လျော်သောကြောင့်ရင်း တွဲစပ်ပေးထားခြင်း ဖြစ်သည်။

ရာဂစရိုက်တို့ကို မပယ်ခွာတတ်သော သဒ္ဓါ-စသည်တို့အား ကျေးလူးမပြုတတ်သော ကသိုဏ်း-စသော ဘာဝနာမည်သည်မရှိ ထို့ကြောင့် ကမ္မဋ္ဌာန်း ၄၀-ထဲမှ ကြိုက်နှစ်သက်ရာကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် ရာဂစရိုက်ကို ပယ်ခွာနိုင်ပါသည်။

➢ ဘာဝနာဘေဒ အပွင့်

➢ဘာဝနာသု သဒ္ဓတ္ထာပိ–၌ သဒ္ဓတ္ထ–အရ ။ ။ ကမ္မဋ္ဌာန်း ၄၀-ကို ယူရပါမည်။

➢ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရုံမျှဖြင့် ဈာန်မဂ်ဖိုလ် မရနိုင်ခြင်းအကြောင်း ဗုဒ္ဓါနုဿတိ–စသော အနုဿတိ ၈–ပါး, သညာ, ဝဝတ္ထာန် ကမ္မဋ္ဌာန်း ၁၀–ပါးတို့၌ အပွနာဘာဝနာ မရနိုင်ခြင်းအကြောင်း ။ ။ ဘုရားဂုဏ်-စသည်တို့၏ ပရမတ္ထဖြစ်သောကြောင့်ရင်း, တစ်ပါးမက များသောအပြားရှိသောကြောင့်ရင်း, တစ်ခုတစ်ခုသော ဂုဏ်တော်၏လည်း နက်နဲသောကြောင့်ရင်း, အပွနာ၏အစွမ်းဖြင့် သမာဓိတည်ကြည်ခြင်းငှာ မစွမ်းနိုင်, ထို့ကြောင့် ဗုဒ္ဓါနုဿတိ-စသော ကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် အပွနာစျာန်မရ၊ [ဥပစာရဘာဝနာ ပြည့်စုံရုံမျှသာ ဖြစ်သည်။]

မရဏာနုဿတိ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်-တို့သည် ပရမတ် အာရုံဖြစ်၍ နက်နဲသောကြောင့် အပွနာ၏အစွမ်းဖြင့် သမာဓိတည်ကြည်ခြင်းငှာ မစွမ်းနိုင်ရကား အပွနာစျာန်ကို မရနိုင်ပါ။

➢ ဈာန်, မဂ်, ဖိုလ် မရနိုင်စသော ကမ္မဋ္ဌာန်းများ ။ ။ ဘုရားဂုဏ်-စသည်တို့၏ ပရမတ္ထဖြစ်သောကြောင့်ရင်း, တစ်ပါးမက များသောအပြားရှိသောကြောင့်ရင်း, တစ်ခုတစ်ခုသော ဂုဏ်တော်၏လည်း နက်နဲသောကြောင့်ရင်း, အပွနာ၏အစွမ်းဖြင့် သမာဓိတည်ကြည်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်-တို့ ဖြစ်ပါသည်။

➢ စလောကုတ္တရာ သမာဓိသည် အပွနာသို့ ရောက်နိုင်ခြင်းအကြောင်း

လောကုတ္တရာ သမာဓိသည် နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မကို အာရုံပြုသော်လည်း ဘာဝနာအထူး၏အစွမ်းကြောင့် လောကုတ္တရာ အပွနာသို့ ရောက်နိုင်ပါသည်။

တစ်နည်း--- လောကုတ္တရာ သမာဓိသည် သီလ-စသော ဝိသုဒ္ဓိ, သမ္မသနဉာဏ်-စသော ဘာဝနာအစဉ်၏အစွမ်းကြောင့် လောကုတ္တရာ အပွနာသို့ ရောက်နိုင်ပါသည်။

http://www.dhammadownload.com

➢ ဒုတိယာရုပ္ပ-စတုဇ္ဈာရုပ္ပသမာဓိသည် အပ္ပနာသို့ ရောက်နိုင်ခြင်းအကြောင်း

ဒုတိယာရုပ္ပ-စတုဇ္ဈာရုပ္ပသမာဓိသည် မဟဂ္ဂုတ် ပရမတ္တဓမ္မကို အာရုံပြုသော်လည်း ဘာဝနာအထူး၏အစွမ်းကြောင့် [ဓာန်နည်း] အရူပသမာဓိသည် အာရုံကိုလွန်မြောက်နိုင်ခြင်း ဘာဝနာ၏အစွမ်းကြောင့် မဟဂ္ဂုတ် အပ္ပနာသို့ ရောက်နိုင်သည်။

➢ အသုဘ ၁၀-ပါး, ကာယဂတာသတိကို ပွားများလျှင် ပဋ္ဌမဈာန်ကိုသာ ရနိုင်ခြင်းအကြောင်း * ပဋ္ဌမဈာန်၏အာရုံဖြစ်ရခြင်းအကြောင်း

* ဝဋ္ဌမဈာနကိုက ဖြစ်ရခြင်း အကြောင်း

* အသုဘ ဘာဝနာကိုပွားများလျှင် ပဋ္ဌမဈာန်သာ ရနိုင်ခြင်းအကြောင်း

အသုဘဘာဝနာက စက်ဆုပ်ဖွယ်အာရုံရှိသောကြောင့် ရေစီး ကြမ်းသောမြစ်၌ ထိုးဝါး၏အစွမ်းဖြင့် လှေဖြစ်တည်ရသကဲ့သို့ ထို့အတူ ဝိတက်၏အစွမ်းဖြင့်သာလျှင် ထိုစက်ဆုပ်ဖွယ်အာရုံ၌ စိတ်အစဉ် တည်နိုင်ရကား အသုဘအာရုံကမ္မဋ္ဌာန်း၌ ဝိတက်မရှိသော ဒုတိယဈာန်စသည်ဟို့ မဖြစ်သင့်သောကြောင့် -- တည်း။

➢ ဥပမာ+ဥပဓမယ္ယ နိုးဓနာမုံ ။ ။ ၁။ ဝိတက်သည် ထိုးဝါးနှင့်တူ၏, ၂။ အသုဘကမ္မဋ္ဌာန်းနှင့် ရေစီးကြမ်းသောမြစ်တူ၏, ၃။ စိတ်ဖြစ်တည်ရခြင်းနှင့် လှေဖြစ်တည်ရခြင်းတူ၏။

➢ ဓေတ္ထာ, ကရုဏာ, မုဒိတာတို့ စတုတ္ထဈာနကိုကဖြစ်ရခြင်း အကြောင်း

* ဓေတ္ထာ-စသော ကမ္မဋ္ဌာန်း ၃-ပါးကို စီးဖြန်းလျှင် ပ-ဒု-တ-စ-ဈာန် ၄-ပါးသာ ရနိုင်ခြင်း အကြောင်း * ပဋ္ဌမဈာန်ကို မရနိုင်ခြင်းအကြောင်း

ဓေတ္ထာ, ကရုဏာ, မုဒိတာ--တို့၏ သောမနဿနှင့်တကွ ဖြစ်ရခြင်းအကြောင်း

ဓေတ္ထာ-သည် ဒေါမနဿနှင့်တကွဖြစ်သော ဗျာပါဒကို ပယ်တတ်၏။ ကရုဏာသည် ဒေါမနဿနှင့်တကွဖြစ်သော ဝိဟိသကို ပယ်တတ်၏။ မုဒိတာသည် ဒေါမနဿနှင့်တကွဖြစ်သော အနဘိရတိကို ပယ်တတ်၏။ ထို့ကြောင့် ဒေါမနဿ၏ဆန့်ကျင်ဘက်ဖြစ်သော သောမနဿဈာန်နှင့်ယှဉ်ခြင်းသည်သာလျှင် သင့်၏။ ထို့ကြောင့် --ဓေတ္ထာ စသော ကမ္မဋ္ဌာန်းကိုစီးဖြန်းလျှင် သောမနဿဈာနင်ပါဝင်သော ပ-ဒု-တ-စ-ဈာန်များကိုသာ ရနိုင်ပါသည်။ ဥပေက္ခာဈာနင်ပါဝင်သော ပဋ္ဌမဈာန်ကို မရနိုင်ပါ။

➢ "ဓေတ္ထာ, ကရုဏာ, မုဒိတာ" ဗြဟ္မာနိုရ်တရား ၃-ပါး၏ ဗျာပါရ ၃-မျိုး

၁။ သတ္တေ သတ္တာ သုခိတာ ဟောန္တု--- သတ္တဝါအားလုံးတို့သည် ချမ်းသာကိုယ်စိတ် ရှိကြစေကုန်သတည်း။ [ဓေတ္ထာ]

၂။ ဒုက္ခာ မုစ္စန္တု--- ဆင်းရဲမှ လွတ်ပါစေကုန်သတည်း။ [ကရုဏာ]

၃။ လဒ္ဓ သုခ သမ္ပတ္တိတော မာ ဝိဝစ္ဆန္တု--- - ရအာဝ်သော စည်စိမ်းချမ်းသာနှင့်

http://www.dhammadownload.com

ပြည့်စုံခြင်းမှ မလျော့ပါးစေကုန်သတည်း။ [မှုဒိတာ]

➢ **ဥပေက္ခာသည် ပဌမဈာနိက ဖြစ်ရခြင်းအကြောင်း**

➢ **ဥပေက္ခာကမ္မဋ္ဌာန်းကို မွှားမျှားလျှင် ပဌမဈာန်သာ ရနိုင်ခြင်းအကြောင်း**

➢ **ဥပေက္ခာကမ္မဋ္ဌာန်းသည် ပဌမဈာန်၏ အာရုံဖြစ်ရခြင်းအကြောင်း**

၁။ သတ္တေသတ္တာ သုခိတာဟောန္တု, ၂။ ဒုက္ခာမုစ္စန္တု, ၃။ လဒ္ဓ သုခ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ဤသို့ မေတ္တာ-စသည် အစွမ်းကြောင့်ဖြစ်သော ကြောင့်ကြစိုက်မှု ၃-မျိုးကို ပယ်၍ ကံသာလျှင် မိမိဥစ္စာဖြစ်သည်၏အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့၌ အလယ်အလတ် ၌တည်သော သဘောတူသော အခြင်းအရာအားဖြင့်ဖြစ်သော ဘာဝနာကြောင့်ဖြစ်သော တဏှာမရှိတ္တုပေက္ခာ အားကောင်းသောကြောင့် ဥပေက္ခာပြဟ္မာဝိဟာရ-အား သုခသဟဂုတ်မဖြစ်သင့်သောကြောင့် -- ဥပေက္ခာသည် ပဌမဈာနိက ဖြစ်ရပါသည်။

➢ **ဧဂါဒရုဘာဒ အတွင်**

➢ **ယထာရဟံ ပရိယာဒယေန–၌ ယထာရဟံ အဓိပ္ပါယ်** ။ ။ ထိုထိုအာရုံအား လျော်စွာဖြစ်ခြင်းကို "ယထာရဟံ"-ဟု ဆိုပါသည်။

➢ **ပရိယာဒယေန အဓိပ္ပါယ်** ။ ။ အချို့သော ဗုဒ္ဓါနုဿတိ-စသော အာရုံ၏ မထင်ရှားသောကြောင့် ယင်း ဗုဒ္ဓါနုဿတိ-စသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်ကို ပရိယာယ်အားဖြင့် ရကောင်းသည် ဆိုပါသည်။

➢ **ပရိယာဒယေန–ဟု ဆိုရခြင်းအကြောင်း** ။ ။ အချို့သော ဘုရားဂုဏ်တော်-စသော အာရုံသည် မထင်ရှားသောကြောင့် "ပရိယာယေန"-ဟု ဆိုပါသည်။

➢ **ပဋိဘာဂနိမိတ္တ–စသော သဒ်တပါဠိဖြင့်** ။ ။ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိပညတ်, အာနာပါနဿတိပညတ် ဤ ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ရသည်ဟု ပြသည်။ **အကြောင်းကား**--- ယင်း ၂၂-ပါး သော ကမ္မဋ္ဌာန်းတို့၌သာ ထင်ရှားသောနိမိတ်ဖြစ်သင့်သောကြောင့် ပဋိဘာဂနိမိတ် ရသည် [မှုဒ]

➢ **ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်–ရကောင်းသော ကမ္မဋ္ဌာန်းကား** ။ ။ ဗုဒ္ဓါနုဿတိ -စသော အနုဿတိ ၈-ပါး, အပ္ပမညာ ၄-ပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်, အာရုပ္ပ ၄-ပါး ဤ ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ အာရုံမထင်ရှားသောကြောင့် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်လည်း ရကောင်းပါသည်။

➢ **ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်–မျှစ္ဈရကောင်းသော ကမ္မဋ္ဌာန်းကား**

ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိပညတ်, အာနာပါနဿတိ ပညတ် ပေါင်း ၂၂-ပါး မျှစျှရကောင်းပါသည်။

http://www.dhammadownload.com

➢ ပရိယာယ်အားဖြင့် [ဥပစာ] အားဖြင့် ရေကောင်းစသော ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး, အပ္ပမညာ ၄-ပါး, အာဟာရေ ပဋိကူလ သညာ, စတုဓာတုဝဝတ္ထာန်, အာရုပ္ပ ၄-ပါး ပေါင်း ၁၈-ပါး ရနိုင်ပါသည်။

➢ ပရိယာဧယနေ လဗ္ဘနေ္တ ဘဒိပ္ပါယ်

ထိုကမ္မဋ္ဌာန်း ၁၈-ပါးအနက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသူသည် "သောဘဂဝါ ဣတိပိ အရဟံ"စသည်ဖြင့် မူလစ၍ စီးဖြန်းစကပင် စိတ်ဖြင့်မှန်း၍ စီးဖြန်းရသည်၊ ထို့ကြောင့် မည်သည့်အခိုက်အတန့်၌ ဥဂ္ဂဟနိမိတ်-ဟု အတိအလင်း မခွဲခြားနိုင်။

ဂုဏ်တော်-စသော အာရုံများ စိတ်ထဲ၌ ကောင်းစွာမထင်သေးခင် ပြုအပ်သော အာရုံကို ပရိကမ္မနိမိတ်, စိတ်ထဲ၌ ကောင်းစွာထင်ရှားလာသည့်အခါ ပြုအပ်သော အာရုံကို ဥဂ္ဂဟနိမိတ်-ဟု ပရိယာယ်အားဖြင့်သာ ခွဲခြားရကောင်းသည် ထို့ကြောင့် "ပရိယာဧယနေ လဗ္ဘနေ္တ"ဟု ဆိုပါသည်။

➢ မနောဒ္ဓါရသ အာပါထမာဂတ-၌ မနောဒ္ဓါရ-အရ ။ ။ မနောဒ္ဓါရိကဇော-တို့ကို ယူရပါမည်။

➢ ပရိကမ္မနိမိတ်၏ မနောဒ္ဓါရအား ထင်ခြင်းသို့ ရောက်ပုံ ။ ။ ကသိုဏ်းဝန်း အနီးအပါး၌ မျက်စိကို မှိတ်၍သော်၎င်း, ကသိုဏ်းဝန်းရှိရာအရပ်မှ တစ်ပါးသောအရပ်သို့ သွား၍သော်၎င်း နှလုံးသွင်းသော ယောဂိပုဂ္ဂိုလ်၏သန္တာန်၌ ကသိုဏ်းဝန်းနှင့် တူသည်သာလျှင်ဖြစ်၍ မနောဒ္ဓါရိကဇောတို့အား ထင်ခြင်းသို့ ရောက်ပါသည်။

➢ ပထဝီကသိုဏ်း မစီးဖြန်းစင် ရှေးဦးစွာ ပြုရမည့်ကိစ္စများ

➢ ပထဝီဇျောလာဒိသု နိမိတ္တဲ့ ဥဒ္ဓကၖန္ဓသ အဓိပ္ပါယ်

➢ ပထဝီကသိုဏ်း စီးဖြန်းပုံ

၁။ ကမ္မဋ္ဌာန်းစီးဖြန်းလိုသူသည် ရှေးဦးစွာ စတုပါရိသုဒ္ဓိသီလကို သုတ်သင်ရမည်။ ၂။ ကျောင်းဆောက်ရခြင်း, ကျောင်းပြင်ရခြင်း-စသော ပလိဗောဓ ၁၀-ပါးကို ဖြတ်တောက်ရမည်။ ၃။ ဝိယဂရှဘာဝနီယ-စသော ဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ်ဆွေကောင်း ဆရာသမားများထံ ဆည်းကပ်ရမည်, ၄။ မိမိစရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို ကောက်ယူရမည်။, ၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် မသင့်လျော်သော ကျယ်စွာသော ကျောင်းကြီး အသစ်ဖြစ်သောကျောင်း ဤသို့စသော ၁၈-မျိုးသော ကျောင်းကို ပယ်ရမည်, ၆။ မြေဝေ, နီးမော၊ မရော လူရှင်၊ မှတ်, ခြင်, ပါးနည်း၊ ပစ္စည်း, မိတ်ဆွေ၊ ရလွယ်ပေ၊ ငါးထွေ ကျောင်းအင်္ဂါဟူသော လက်ာနှင့်အညီ] အင်္ဂါ ၅-ချက်နှင့်ပြည့်စုံသော ကျောင်း၌နေရမည်, ၇။ ဆံပင်ရိတ်ခြင်း, လက်သည်းဖြတ်ခြင်း-စသော ပလိဗောဓ-ငယ်များကိုလည်း ဖြတ်တောက်ရမည်, ၈။ ပထဝီကသိုဏ်းစီးဖြန်းလျှင် ကသိုဏ်း

http://www.dhammadownload.com

ဝန်း ပျဉ်ချပ်ကို ရှေ့၌ထားရမည်, ၉။ အထက်ပါကသိုက်ဝန်းကို မျက်စိဖြင့်ကြည့်၍ ပထဝီ, ပထဝီ-စသည်ဖြင့် နှုတ်ကဆိုပြီး စီးဖြန်းရမည်, [နှုတ်ကမဆိုဘဲ စိတ်ထဲကဆို၍ လည်း စီးဖြန်းနိုင်သည်၊ ယင်းသို့ ပထဝီ, ပထဝီ-စသည်ဖြင့် စီးဖြန်းနေခြင်းသည် ပထဝီမဏ္ဍလာဒိသု နိမိတ္တံ ဥဒ္ဓကဏ္ဍသေ ဖြစ်၏] ကသိုက်ဝန်းကို မျက်စိဖြင့် ရှု၍ ပထဝီ, ပထဝီ-ဟု စီးဖြန်းနေသမျှကာလပတ်လုံး "ပရိကမ္မနိမိတ်"သာ ဖြစ်၏ ဘာဝနာသည် လည်း ပရိကမ္မဘာဝနာ အဆင့်အတန်းပင် ဖြစ်သေး၏။

မှတ်ချက်/ အာနာပါနကမ္မဋ္ဌာန်း, ကောဋ္ဌာသကမ္မဋ္ဌာန်း စီးဖြန်းလိုသူအတွက် နံပါတ် ၁-မှ-၇-အထိ အထက်ပါအစီအစဉ်တိုင်း ပြုလုပ်ရပါမည်။

➢ ပရိကမ္မနိမိတ်အဆင့်မှ ဥဂ္ဂဟနိမိတ်အဆင့်သို့ ဈေးပြောင်းသွားပုံ

မျက်စိမှိတ်၍ ပထဝီ, ပထဝီ-စီးဖြန်းသည့်အခါ ကသိုက်ဝန်းနိမိတ် စိတ်ထဲ၌ ထင်လာလျှင်ထင်း, ကသိုက်ဝန်းရှိရာအရပ်မှ အခြားအရပ်သို့သွား၍ စီးဖြန်းသည့်အခါ ကသိုက်ဝန်းနိမိတ် စိတ်ထဲ၌ ထင်လာလျှင်ထင်း, ဥဂ္ဂဟနိမိတ် အဆင့်အတန်းသို့ ရောက်သည်, ထိုအချိန် သမာဓိလည်း အတော်တည်ကြည်လာသည်ဖြစ်၏။ ထိုအချိန်၌ ဘာဝနာကား ပရိကမ္မဘာဝနာသာ ဖြစ်သေး၏။

➢ ဥဂ္ဂဟနိမိတ်မှ ပဋိဘာဂနိမိတ်သို့ အဆင့်ပြောင်းသွားပုံ

တသို့ ဥဂ္ဂဟနိမိတ္တေ ပရိကမ္မသမာဓိနာ-ဟူသော ပါဠိ-အရ, ဥဂ္ဂဟနိမိတ်အခိုက်၌လည်း ပရိကမ္မဘာဝနာအဆင့်သာရှိသေး၏။ ယင်းဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာ ဖြင့် ဆက်လက်အားထုတ်သည့်အခါ ယင်းဥဂ္ဂဟနိမိတ်နှင့်တူသော ပရမတ္ထဓမ္မမှလွတ်သော ပညတ်ဟုဆိုအပ်သော ဘာဝနာကြောင့်ဖြစ်သော အာရုံသည် စိတ်၌ကောင်းစွာ စုဝေးလာ၏။ (ဝါ) ကောင်းစွာ သက်ဝင်လာ၏။ ထိုအခါ၌ ပဋိဘာဂနိမိတ်အဆင့်သို့ ရောက်သည်။

➢ တထာ သမာဟိတသ–ဟု ဆိုရခြင်းအကြောင်း ။ ။ စိတ်တည်ခြင်း၏အစွမ်းဖြင့် ပုဂ္ဂိုလ်လည်းတည်ကြည်လာ၏။ ထို့ကြောင့် တထာ သမာဟိတသ-ဟု ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးသပ်ထားပါသည်။

➢ ဘာဝဋ္ဌိဘာဂ–ဣ တ–အရ ။ ။ ဥဂ္ဂဟနိမိတ်ကို ယူရပါမည်။

➢ တဘဝဋ္ဌိဘာဂ အဓိဗျာယ် ။ ။ ဥဂ္ဂဟနိမိတ်နှင့်တူသော အာရုံသည် တဘဝဋ္ဌိဘာဂ မည်ပါသည်။

➢ ပဋိဘာဂနိမိတ်ဟု ဓေါ်ဆိုရကြောင်း ။ ။ ဥဂ္ဂဟနိမိတ်နှင့် တူသောကြောင့် ပင် ဥဂ္ဂဟနိမိတ်၌ ပရိကမ္မသမာဓိဖြင့် ဘာဝနာပွားသော ယောဂိပုဂ္ဂိုလ်၏ အာရုံကို "ပဋိဘာဂနိမိတ်"ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

➢ ဥဂ္ဃဟနိမိတ်နှင့် ပဋိဘာဂနိမိတ် **အထူး** ။ ။ ဥဂ္ဃဟနိမိတ်သည် ပဋိဘာဂနိမိတ်လောက် မစင်ကြယ် မသန့်ရှင်းပါ။ ပဋိဘာဂနိမိတ်ကား ဥဂ္ဃဟနိမိတ်ထက် သာလွန်၍ အဆ ရာ,ထောင်မက စင်ကြယ်သန့်ရှင်းပါသည်။

➢ **ဝဏ္ဏဓမ္မ ဝိမုန္စိတံ–၌ ဝဏ္ဏဓမ္မ–အရ** ။ ။ ပရမတ္တဓမ္မ။ **တစ်နည်း**--- ကသိုဏ်းဝန်း၌တည်ရှိသော.ကသိုဏ်းဝန်းအပြစ်ကို ယူရပါမည်။

➢ **ဝဏ္ဏဓမ္မဝိမုန္စိတံ အဓိပ္ပါယ်** ။ ။ ဝဏ္ဏ-သဒ္ဒါသည် 'သဘာဝ'အနက်ကို ဟော၏။ ထို့ကြောင့် ပဋိဘာဂနိမိတ်သည် ပရမတ္တ သဘောတရားမှ လွတ်သော ပညတ်သာ ဖြစ်၏ဟု ဆိုလိုပါသည်။

➢ **ပရိဗန္ဓ ဝိပ္ပတိနှာ–၌ ပရိဗန္ဓ–အရ** ။ ။ နိဝရဏဘေးရန်ကို ယူရပါမည်။ **ဓမ** ။ ။ ပဋိဘာဂနိမိတ်သည် ပရမတ်, ပညတ် ၂-မျိုးတို့တွင် အဘယ်နည်း, ပဋိဘာဂနိမိတ်ပေါ်လာချိန်တွင် ရောက်နေသော ဘာဝနာအဆင့်အတန်းကို ဖော်ပြပါ။ **ဖြေ** ။ ။ ဝဏ္ဏဓမ္မ ဝိမုန္စိတံ ပညတ္တိသဒ်ါတံ-ကို ထောက်၍ ပဋိဘာဂနိမိတ်သည် ပညတ်ဖြစ်ပါသည်။

➢ **ပဋိဘာဂနိမိတ်ပေါ်လာချိန်တွင် ဈာန်စနေသော ဘာဝနာ အဆင့်အတန်း**

ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာချိန်၌ ဥပစာရဘာဝနာအဆင့်အတန်းသို့ ရောက်ရှိနေပါသည်။ ထို့နောက် ၎င်းပဋိဘာဂနိမိတ်ကို အဖန်ဖန်ပွားများသောအခါ အပ္ပနာဘာဝနာအဆင့်သို့လည်း ရောက်နိုင်ပါသည်။ **သာဓက**--- ပဋိဘာဂနိမိတ္တ မာရဗ္ဗ ဥပစာရသမာဓိ အပ္ပနာသမာဓိစ ပဝတ္တန္တိ။ (ကမ္မဋ္ဌာန်းစာပိုဒ်-၂၇)

➢ **ဥပစာရဘာဝနာအဆင့်သို့ ပြောင်းသွားစေ့ခ်ိန်** ။ ။ ကာမာဝစရ သမာဓိ သဒ်ါတာ ဥပစာရ ဘာဝနာ-ဟူသော သင်ဟပါဠိ-အရ--- ပဋိဘာဂနိမိတ်အခိုက်၌ ဥပစာရ ဘာဝနာအဆင့်သို့ ပြောင်းသွားသည်။

➢ **ဝသီဘော် ၅–ပါး အဓိပ္ပါယ်** ။ ။ ၁။ ပဌမဈာန်၏ အင်္ဂါ ၅-ပါးတို့တွင် တစ်ခုတစ်ခုသောဈာန်အင်္ဂါဟူသော အာရုံ၌ဖြစ်သော မနောဒ္ဓါရာဝဇ္ဇန်း၏ အခြားမဲ့၌ ၄-ကြိမ်, ၅-ကြိမ်သော ဇော, ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်ထက်အလွန် မသွားမူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းဌာ စွမ်းနိုင်သည်၏အဖြစ်သည် **အာဝဇ္ဇနဝသီဘော်** မည်ပါသည်။

➢ **ဝိတက်ဈာန်အင်္ဂါကို ဆင်ခြင်စေသော ပစ္စဝေက္ခဏာဝိထိ ဖြစ်ဟန်ကား**

နာ ၁ မ ပစ္စဝေက္ခဏာဇော ၄-ကြိမ်, "သို့မဟုတ်" ၅-ကြိမ်, ဘဝင် ၂-ကြိမ်, "သို့မဟုတ်" ၃-ကြိမ်ဖြစ်၍ ချုပ်၏။

အမှာ/ပစ္စဝေက္ခဏာတစ်ခုနှင့် တစ်ခုအကြား၌ ဘဝင် ၂-ကြိမ်, ၃-ကြိမ်ခြား၍

http://www.dhammadownload.com

ဈာန်အင်္ဂါများ ဆင်ခြင်နိုင်ခြင်းကို **အာဝဇ္ဇနဝေသီဇော်**ခိုင်သည်ဟု ခေါ်သည်။

၂။ ဈာန်ဝင်စားလိုသည်၏အခြားမဲ့၌ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်ထက်အလွန်သို့ မသွားမူ၍ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ဈာန်ဝင်စားနိုင်သည်၏အဖြစ်သည် "**သမာပဇ္ဇနဝေသီဇော်**" မည်ပါသည်။

၃။ တံတားသည် (ဝါ) ရေကာတာသည် လျှင်သောရေအယဉ်ရှိသောမြစ်၌ ရေအယဉ်ကို ဖြတ်တောက်သကဲ့သို့ ဘဝင်အယဉ်ကို ဖြတ်တောက်၍ အကြင်အကြင်ပိုင်းခြားတိုင်းသော ကာလပတ်လုံး ဈာန်ကို ထားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် (ဝါ) ဘဝင်ကျခြင်းမှ စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် **အဓိဋ္ဌာနဝေသီဇော်** မည်ပါသည်။

တစ်နည်း--- အကြင်အကြင်ပိုင်းခြားအပ်သော ကာလမှ အထက်သို့သွားခြင်းငှာ မပေးမူ၍ ဈာန်အစဉ်ကိုထားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် **အဓိဋ္ဌာနဝေသီဇော်** မည်ပါသည်။

၄။ အကြင်အကြင် ပိုင်းခြားအပ်သော ကာလကိုမလွန်မူ၍ ဈာန်မှ ထခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် "**ဝုဋ္ဌာနဝေသီဇော်**" မည်ပါသည်။

တစ်နည်း--- အကြင်အကြင် ပိုင်းခြားအပ်သော ကာလမှ (ဝါ)ကာလအတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသောကာလ၏ အစွမ်းဖြင့်သာလျှင် ဈာန်မှ ထခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည် "**ဝုဋ္ဌာနဝေသီဇော်**" မည်ပါသည်။

၅။ မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ဖြစ်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာ ဇောမည်သောကြောင့် **အာဝဇ္ဇနဝေသီဘော်**သည်ပင် **ပစ္စဝေက္ခဏာဝေသီဇော်** မည်၏။

[**ပစ္စဝေက္ခဏာဝေသီဇော်**ကား--- **အာဝဇ္ဇနဝေသီဘော်**၏အစွမ်းကားဖြင့် ပြီးစီး၏၊ မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ပစ္စဝေက္ခဏာဇောများ ဖြစ်ကြရသည်။ ထို့ကြောင့် **အာဝဇ္ဇနဝေသီဘော**ဖြင့် ပြီးစီးသည်ဟု ဆိုလိုသည်။]

➢ **ပစ္စဝေက္ခဏာဝေသီဇော်**သည် **အာဝဇ္ဇနဝေသီဇော်**ကြောင့်သာလျှင် ပြီးစီးရခြင်း **အကြောင်း** ။ ။ **အာဝဇ္ဇန်း**၏ အခြားမဲ့၌ဖြစ်သော ဇောတို့သည်ပင် ပစ္စဝေက္ခဏာဇော တို့ မည်သောကြောင့် -- ပြီးစီးရပါသည်။

➢ **ဝသီဇော် အဓိပ္ပါယ်** ။ ။ ဆင်ခြင်ခြင်းစသည်ကို ပြုခြင်းငှာ စွမ်းနိုင်သော ယောဂိပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဆင်ခြင်ခြင်း စသည်ကို ပြုနိုင်သော စွမ်းရည် သတ္တိသည် "**ဝသီဘော်**" မည်ပါသည်။

➢ **ဘာဝနာမယမဟရှုတ်--၌ ဘာဝနာမယ အဓိပ္ပါယ်** ။ ။ ပဋိဘာဂနိမိတ်-ဟူ သည် ဘာဝနာကြောင့် ဖြစ်ပေါ်လာသော အာရုံဖြစ်သည်ကို "**ဘာဝနာမယ**" ဟု ဆို

http://www.dhammadownload.com

ပါသည်။

➢ **ဝိတက္ကာဒီ ဩဠာရိကင်ပဟာနာယ–ဟူသည် ။ ။** ဒုတိယဈာန်-စသည်တို့ကြောင့် ဝိတက်စသော ရုန်ရင်းသောဈာန်အင်္ဂါတို့၏ ဆိုင်ရာဈာန်ခဏ၌ မဖြစ်အောင် အားထုတ်ခြင်းပင် ဖြစ်သည်။

➢ **ဝိတက်–စသော ရုန်ရင်းသော ဈာန်အင်္ဂါတို့ကို ပယ်ရာခဏ**

ဒုတိယဈာန်-စသော ဈာန်တို့၏ ဖြစ်ဆဲခဏ၌သာလျှင် ဝိတက်-စသော ရုန်ရင်းသော ဈာန်အင်္ဂါတို့ကို ပယ်ပါသည်။

➢ **ဝိစာရာဒိသုခုမဋ္ဌိမ္ပတ္ထိယာ ပဒတေတော–ဒ္ဒု ပဒတေတော အဓိပ္ပါယ်**

ပရိကံပြုသော ယောဂီပုဂ္ဂိုလ်ကို "ပဒဟတော" ဟု ဆိုပါသည်။

➢ **ဈာန်အဆင့်ဆင့်ရရှိပုံ ။ ။** ဈာန်အင်္ဂါ ၅-ပါးဒ္ဒ ဝိတက်သည် အကြမ်းတမ်းဆုံးသော ဈာန်အင်္ဂါဖြစ်၏။ ယင်းဝိတက်ကိုပယ်မှ ဒုတိယဈာန်ရသည်, ဒုတိယအကြမ်းတမ်းဆုံး ဝိစာရကိုပယ်မှ တတိယဈာန်ရသည်၊ တတိယအကြမ်းတမ်းဆုံး ပီတိကိုပယ်မှ စတုတ္ထဈာန်ကိုရသည်။ စတုတ္ထအကြမ်းတမ်းဆုံး သုခကိုပယ်မှ ပဉ္စမဈာန်ကိုရသည်။

➢ **ဥပစာရဘာဝနာနှင့်ပြည့်စုံသူ ။ ။** ဝိတက်-စသော ရုန်ရင်းသောဈာန်အင်္ဂါတို့ကို ပယ်ခွာဖို့အတွက် အားထုတ်နေသူအား ဝိတက်-စသည်တို့၌ နိကန္တိကိုပယ်ခွာသည်မှစ၍ ဥပစာရဘာဝနာ ပြည့်စုံသည်မည်၏။ [ယင်းသို့ ပြည့်စုံနေသည့်အတွက် ဒုတိယဈာန်-စသော အပွနာဘာဝနာများလည်း ယထာရဟ ဖြစ်ပေါ်လာကြသည်။]

➢ **ဒုတိယဈာနာဒယော ယထာရတ မဒပ္ပဒ္ဓိ–ဒ္ဒု ယထာရဟံ အဓိပ္ပါယ် - ကသိုဏ်း** ၁၀-ပါး, အာနာ ပါန, ပြဟ္မဝိဟာရ၏ ရှေ့ ၃-ပါးအာရုံဖြစ်သော သတ္တဝါပညတ် ၃-မျိုးသည် ဒုတိယ, တတိယ, စတုတ္ထဈာန်နှင့်ယှဉ်၏။ ဤသို့ စသည်ဖြင့် တတ္ထာပိ ဒသကသိဏာ-စသည်၌ ဆိုခဲ့သည့်အတိုင်း ထိုထိုဈာန်နှင့်ယှဉ်သော အာရုံအားလျော်စွာ ဒုတိယဈာန်-စသော အပွနာများ ဖြစ်ကြသည်ကို ယထာရဟံ-ဟု ဆိုပါသည်။

➢ **အာကာသဝဍ္ဎိတ ကသိဏော–စသော ပါဠိကို ရေးသားရေးခြင်းအကြောင်း**

ရူပဈာန်ရပြီးနောက် အရူပဈာန်များ အဆင့်ဆင့်ရလာပုံကို ပြလိုသောကြောင့် အာကာသဝဍ္ဎိတ ကသိဏော-စသော ပါဠိကို ရေးသားရပါသည်။

➢ **အာကာသဝဍ္ဎိတ ကသိဏောသု–ဟု ဆိုရခြင်းအကြောင်း**

➢ **အာကာသ ကသိဏ်းကို ကြည့်ရခြင်းအကြောင်း ။ ။** အာကာသကသိဏ်းကို ခွာခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် အာကာသ ကသိဏ်းကို ကြည့်ရပါသည်။

➢ **အာကာသကသိဏ်းကို ခွါခြင်းငှာ မတတ်စောင်းခြင်းအကြောင်း**

အာကာသကသိဏ်းသည် ပင်ကိုယ်ကပင် ဟင်းလင်းပြင်ဖြစ်နေသောကြောင့် -

http://www.dhammadownload.com

ရင်းကို အာရုံ မပြုဘဲ ခွါလိုက်သော်လည်း မူလဟင်းလင်းပြင် အတိုင်းပင်ဖြစ်၍ မထူးခြားပါ။ ထို့ကြောင့် အာကာသကသိုဏ်းကို ခွါခြင်းငှာ မတတ်ကောင်းပါ။

➢ **ယံကိဉ္စိ ကသိဏံ ဥဋ္ဌိဒေတ္တာ–ဒ္ဒ ကသိဏ–အရ ။ ။** ကသိုဏ်းပဋိဘာဂနိမိတ်ကို ယူရပါမည်။

➢ **ဥဋ္ဌိဒေတ္တာ–ဒ္ဒ ပယ်ခွာဟူသည် ။ ။** နှလုံးမသွင်းသည်၏ အစွမ်းဖြင့် ပယ်ခွာသည် မည်၏။

➢ **အနန္တဝေသနေ ပရိကမ္မ ကစရာန္တသဟူသည် ။ ။** ကောင်းကင်ပညတ်ကို အာရုံပြု၍ အနန္တံ အာကာသံ, အနန္တံ အာကာသံ-ဟု စီးဖြန်းပွားများနေခြင်းပင် ဖြစ်ပါသည်။

➢ **အာရုပ္ပစျာန်ရေ အောင် အားထုတ်ရာ၌ မှတ်သားပွယ် ။ ။** ပဌမာရုပ္ပစျာန်ရ အောင်-အားထုတ်ရာ၌ အာကာသံ မပါဘဲ အနန္တံ အနန္တံ-ဟူ၍ မစီးဖြန်းရပါ။

အာစရိယဝါဒအားဖြင့် ပဌမာရုပ္ပစျာန်ရအောင် စီးဖြန်းရာ၌ အနန္တံ မပါဘဲ အာကာသော အာကာသော-ဟုလည်း စီးဖြန်းနိုင်သည်။ ဒုတိယာရုပ္ပစျာန်ရအောင် စီးဖြန်းရာ၌လည်း အနန္တံ မပါဘဲ ဝိညာဏံ ဝိညာဏံ-ဟု စီးဖြန်းနိုင်ပါသည်။

➢ **ပဌမာရုပ္ပ အာကာသစျာန်ရအောင် အားထုတ်ပုံ ။ ။** အာကာသသည် ကြည့်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ အနန္တံ အာကာသံ အနန္တံ အာကာသံ-ဟု စီးဖြန်းနေသူအား ပဌမာရုပ္ပစျာန် (၀၊) အာကာသာနဉ္စာယတနစျာန် ရနိုင်ပါသည်။

ပဌမာရုပ္ပဝိညာဉ်ကို အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံ-ဟု စီးဖြန်းနေသူအား ဒုတိယာရုပ္ပစျာန် (၀၊) ဝိညာဏဉ္စာယတနစျာန် ရနိုင်ပါသည်။

ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ နတ္ထိကိဉ္စိ-ဟု စီးဖြန်းသူအား တတိယာရုပ္ပစျာန် (၀၊) အာကိဉ္စညာယတနစျာန် ရနိုင်သည်။

တတိယာရုပ္ပစျာန်ကို (၀၊) အာကိဉ္စညာယတနစျာန်ကို ဧတံသန္တံ ဧတံပဏီတံ-ဟု စီးဖြန်းသူအား စတုတ္ထာရုပ္ပစျာန် (၀၊) နေဝသညာနာသညာယတနစျာန် ရသည်။

➢ **တတိယာရုပ္ပဝိညာဉ်သည် သန္တ, ပဏီတ ဖြစ်ခြင်းအကြောင်း ။ ။** နတ္ထိဘောပညတ်မျှ အာရုံရှိသည်၏အဖြစ်ကြောင့် တတိယာရုပ္ပဝိညာဉ်သည် သန္တ, ပဏီတ ဖြစ်ရပါသည်။

➢ **အဝေသဝေသသုစ ဒသသု ကမ္မဋ္ဌာနေသု–ဒ္ဒ အဝေသသ–အရ ဒသ–အရ**

ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါးနှင့် အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ၁၀-ပါးတို့ကို ယူရပါမည်။

အမှာ/ အထက်ပါ ကမ္မဋ္ဌာန်း ၁၀-မျိုးကို စီးဖြန်းလျှင် အပ္ပနာစျာန်မရ၊ ပရိကမ္မ

http://www.dhammadownload.com

ဘာဝနာနှင့် ဥပစာရဘာဝနာမျှသာ ဖြစ်သည်။

➢ **အဝေသေသအပါဒါန်–အရ ။ ။** ကသိုဏ်းတို့နှင့်တကွ အပ္ပနာကိုဆောင်နိုင်သော ကမ္မဋ္ဌာန်းတို့ကို ယူရပါမည်။ (၀၊) ကြွင်း ကမ္မဋ္ဌာန်း ၃၀-ကို ယူရမည်။ ၎င်း ၃၀-ကို အပ္ပနာ၀ဟကမ္မဋ္ဌာန်း-ဟု ခေါ်သည်။

➢ **ဗုဒ္ဓဂုဏာဒိကမာရမ္မဏာမာရ ဇ္ဇ မရိကမ္မံ ကတ္တာ–ဠ္ဍ မရိုက်ပြုပုံ**

မြတ်စွာဘုရား၏ ဂုဏ်တော်စသည်ကို အာရုံပြု၍ "သောဘဂ၀ါ ဣတိပိ အရဟံ သော ဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် ဝိသုद्ध်မဂ်ဠ္ဍလာသော အစီအစဉ် အတိုင်း ပရိုက်ပြုရပါမည်။

➢ **မရိကမ္မံ ကတ္တာဟူသည် ။ ။** ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ သောဘဂ၀ါ ဣတိပိ အရဟံ, ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ-စသည်ဖြင့် စီးဖြန်းရမည်ဟု ဆိုလိုပါသည်။

➢ **သာခုကမ္မဋ္ဌာဟိဇတ [ကောင်းစွာယူ]-ဟူသည် ။ ။** ဘုရားဂုဏ်တော်-စသည်ဠ္ဍ ညွှတ်ကိုင်း ရှိုင်းသော စိတ်ရှိသည်၏အစွမ်းဖြင့် ကောင်းစွာအာရုံယူခြင်းပင် ဖြစ်သည်။

➢ **ပရိကမ္မဠ္ဍ သမာဓိယတိ–ဠ္ဍ ပရိကမ္မ–အရ ။** ပရိကမ္မဘာ၀နာကို ယူရပါမည်။

➢ **ဥပစာရော သမ္ပဇ္ဇတိ အဓိပ္ပါယ် ။ ။** နိ၀ရဏတို့ကိုခွာလျက် ဥပစာရသမာဓိ သည်လည်း ဖြစ်ပေါ်လာသည်ကို ဥပစာရော၀ သမ္ပဇ္ဇတိ-ဟု ဆိုပါသည်။

➢ **ဥပစာရော သမ္ပဇ္ဇတိ–ဠ္ဍ ဥပစာရ–အရ ။** ဥပစာရသမာဓိကို ယူရပါမည်။

➢ **အဘိညာ၀ေသန–စသော သင်ဟပါဠိကို ရေးသားချိန်ခြင်းအကြောင်း**

ပဌမစျာန်မှ နေ၀သညာနာသညာယတနစျာန်အထိ စျာန်အဆင့်ဆင့်ရပုံကို ပြပြီး နောက် အဘိညာဉ်စခန်းသို့ တက်လှမ်းပုံကို ပြလိုသောကြောင့် အဘိညာ၀သေန-စသော သင်ဟပါဠိကို ရေးသားရပါသည်။

➢ **အဘိညာ၀ေသန ပ၀ေဇ္ဇမာနံ ပန ရူပါ၀စရ ပဌမစျာနံ အ၀ပ္ပတိ–ပါဠိဖြင့်**

အဘိညာဉ်ဟူသည် ရူပါ၀စရပဌမစျာန်ကိုပင် ခေါ်ဆိုကြောင်းပြသည်။

➢ **အဘိညာပါ၀က ပဌမစျာနာ ၀ုဋ္ဌဟိတ္တာ–ပါဠိဖြင့် ။ ။** အဘိညာဉ်ဝိထိမကျမီ အဘိညာဉ်၏အခြေခံဖြစ်သော ရူပါ၀စရပဌမစျာန်ကို ဝင်စားရမည်ဟု ပြပါသည်။

➢ **ဣ–ပါဠိ–အရ ပါ၀ကစျာနဝိထိဖြစ်ပုံ ။ ။** နဒ မ ပ ဥ နု ဂေါ--- ရူပါ၀စရပဌမစျာန် အကြိမ်များစွာ ထို့နောက် ဘ၀င်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

➢ **အဓိဋ္ဌေယျာ၀ဟိက မာ၀ေဇ္ဇတ္တာ–ပါဠိဖြင့် ။ ။** ပါ၀ကစျာန် ဝိထိကျပြီးနောက် အဓိဋ္ဌာနဝိထိချရမည်ဟု ပြပါသည်။

➢ **ယင်းပါဠိအရ အဓိဋ္ဌာနဝိထိဖြစ်ပုံ ။ ။** နဒ မ, မဟာကုသိုလ်ဇော ၈-ခုတို့တွင် တစ်ခုခု၏အဓိဋ္ဌာန်ဇော ၇-ကြိမ်, ထို့နောက် ဘ၀င်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

http://www.dhammadownload.com

➢ **အဓိဓဋ္ဌယျာဒိကံ-ဌ္ဌ အာဒိသဒ္ဒါဖြင့် ။ ။** အဓိဌာနဝိထိချပြီးနောက် အဘိညာဉ်၏ အခြေခံဖြစ်သော ပါဒကဈာနဝိထိ ထပ်မံချရမည်ဟု ပြပါသည်။

➢ **အဘိညာဉ်၏အခြေခံပါဒကဈာနဝိထိဖြစ်ပုံ ။ ။** နဒ မ ပ ဥ နု ဂေါ--- ပဌမဈာန် အကြိမ်များစွာ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ထို့နောက်မှ အဘိညာဝသေန ပဝတ္တမာနံ ဝန ရူပါဝစရ ပဌမဈာနံ အပ္ပေတိ--- သင်ဟပါဠိ-အရ အဘိညာဉ်ဝိထိ ဖြစ်ပါသည်။

➢ **အဘိညာဏဝိထိဖြစ်ပုံ ။ ။** နဒ မ ပ ဥ နု ဂေါ--- အဘိညာဉ် ပဌမဈာန်ဇော ၁-ကြိမ်, ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ထိုဝိထိပြီးနောက် နဒ မ, မဟာကုသိုလ်ဇော ၇-ကြိမ်, ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ ယင်းဝိထိဖြင့် စေတောပရိယ အဘိညာဉ်ဖြစ်က သူတစ်ပါး စိတ်ကိုသိသည်။ ဤသို့ စသည်ဖြင့် မှတ်လေ။

➢ **နိယံ ။ ။** ပါဒကဈာန် [ပါဒကဈာနဝိထိ] အဓိဌာန်နှင့် [အဓိဌာနဝိထိ] တစ်ဖန် ပါဒက [အဘိညာဉ် ပါဒကဝိထိ] ဖြစ်ပြီးမှ ကျတဲ့အဘိညာဉ်။ [အဘိညာဝိထိကို ပြသည်]

➢ **အဘိညာဉ် မည်ပုံ ။ ။** အထူးအားဖြင့် သိတတ်သောကြောင့် ရူပါဝစရကုသိုလ်, ကြိယာ ပဌမဈာန်နှင့်ယှဉ်သော ပညာသည် "အဘိညာဉ်" မည်ပါသည်။

➢ **အဘိညာဉ်-အရ ။ ။** ရူပါဝစရကုသိုလ်, ကြိယာ ပဌမဈာန်ဌ္ဌိသော ပညာကို မုချအားဖြင့် ယူရပါမည်။ ထိုပညာနှင့်အတူတကွဖြစ်သော စျာန်စိတ် ၂-ပါးကို ဥပစာအားဖြင့် ယူရပါမည်။

➢ **အဘိညာပါဒက ပဌမဈာနာ-ဌ္ဌ ပဌမဈာန-အရ ။ ။** ပဌမဈာန်က ဥပေက္ခာ ဧကဂ္ဂတာနှင့်ယှဉ်သည့်အတွက် အဘိညာဉ်အားလျော်သောကြောင့် ရူပါဝစရပဌမဈာန်ကိုသာ ယူရပါမည်။

➢ **အဘိညာပါဒက ပဌမဈာန်ဝင်စားပုံ ။ ။** ကသိုဏ်းအနုလုံ-စသော ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမ၍ အဘိညာဉ်သို့ ရှေးရှုဆောင်ခြင်း၌ ခုံသည် စွမ်းနိုင်သည်ကို ပြုပြီး အဘိညာပါဒက ပဌမဈာန်ကို ဝင်စားရပါသည်။

➢ **အဘိညာပါဒက ပဌမဈာန်၏ အာရုံ ။ ။** ပထဝီကသိုဏ်း-စသော ကသိုဏ်း အာရုံ ဖြစ်ပါသည်။

➢ **အဘိညာဉ်ရဖို့ရန် မရိုက်ပြုရာ၌ ဆင်ခြင်ရမည့် အာရုံများ**

➢ **အဓိဓဋ္ဌယျာဒိက မာဝစဒ္ဒတ္ထော အဓိပ္ပါယ် ။ ။** ဣဒ္ဓိဝိဓ အဘိညာဉ်ဖြစ်အံ့၊ အထူးထူး ပြုစီမံထိုက်သော ရူပ်ပွားတစ်ရာ, တစ်ထောင်-အစရှိသော အာရုံကိုင်း,

http://www.dhammadownload.com

သူယေယ်အသွင်, နဂါးအသွင်-အစရှိသော အာရုံများကိုရင်း, အာရုံပြု၍ အဓိဋ္ဌာန်ရမည်။

ဒိဗ္ဗသောတ အဘိညာဉ်အတွက် ကြီးမားသောအသံ, သိမ်မွေ့သောအသံ-အပြားရှိသော သဒ္ဒါရုံကို အာရုံပြုဆင်ခြင်၍ အဓိဋ္ဌာန်ရမည်။

စေတောပရိယ အဘိညာဉ်အတွက် သူတစ်ပါး၏ သရာဂ-စသည်အပြားရှိသော စိတ်ကို အာရုံပြုဆင်ခြင်၍ အဓိဋ္ဌာန်ရမည်။

ပုဗ္ဗေနိဝါနုဿတိ အဘိညာဉ်အတွက် ရှေးဘဝတို့၌ စုတိစိတ်-စသည်အပြားရှိသော ရှေး၌နေအပ်ခဲ့ဘူးသော ခန္ဓာ-စသည်ကို အာရုံပြုဆင်ခြင်၍ အဓိဋ္ဌာန်ရမည်။

ဒိဗ္ဗစက္ခု အဘိညာဉ်အတွက် အရောင်အလင်းပြန့်နှံ့ရာဌာနဖြစ်သော ရူပါရုံကို အာရုံပြုဆင်ခြင်၍ အဓိဋ္ဌာန်ရမည်။

➢ **ပရိကမ္မံ ကရောန္တသ အဓိပ္ပါယ်** ။ ။ သတ်ဟောမိ, သဟသ်ဟောမိ-စသည်ဖြင့် စီးပြန်းခြင်းကို ပြုခြင်းကို ပရိကမ္မံ ကရောန္တသ-ဟု ဆိုပါသည်။

➢ **ပရိကမ္မံ ကရောန္တသ ၌ ပရိက်ပြုံ** ။ ။ သတ် ဟောမိ-တစ်ရာဖြစ်လို၏၊ သဟသ် ဟောမိ-တစ်ထောင်ဖြစ်လို၏ စသည်ဖြင့် ပရိက် ပြုရပါမည်။

➢ **ရူပါဒီသု-၌ အာဒိ-အရ** ။ ။ ပရိက်၏အာရုံဖြစ်သော ရူပါရုံ ပါဒကစျာန်, သဒ္ဒါရုံ, သူတစ်ပါးစိတ်, ရှေး၌နေအပ်ခဲ့ဘူးသော ခန္ဓာ-စသည်ကို ယူရပါမည်။

➢ **ရူပါဒီသု အာရမ္မဏေသု ယထာရဟ မဇ္ဈတိ-၌ ရူပါဒီ အာရမ္မဏ-အရ**

ပရိက်ဇော၏ အာရုံဖြစ်သော ရူပါရုံ, ပါဒကစျာန်, သဒ္ဒါရုံ, သူတစ်ပါးတို့၏ စိတ် ရှေးဘဝ၌ နေအပ်ခဲ့ဖူးသော ခန္ဓာ-စသော အပြားရှိသော အာရုံကို ယူရပါမည်။

၁။ ➢ **ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံ** ။ ။ ပါဒကစျာန်, ကာယ, ရူပါရုံ-စသည်ကို အဓိဋ္ဌာန်ခြင်း၌ ရူပါရုံ-စသော အာရုံ ၆-ပါးဖြစ်သည်။

[ထိုအာရုံများအနက် ပါဒကစျာန်သည် အတိတ်ကာလ၊ ကာယ-သည် ပစ္စုပ္ပန်ကာလ၊ ရူပါရုံ-စသည်သည် ပစ္စုပ္ပန်ကာလ, အနာဂတ်ကာလ-ဟု ခွဲပါ။]

၂။ ➢ **ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ** ။ ။ သဒ္ဒါရုံသာ ဖြစ်သည်။ ယင်းသဒ္ဒါရုံသည် ပစ္စုပ္ပန်ကာလ ဖြစ်သည်။

၃။ ➢ **ပရစိတ္တဝိဇာနနအဘိညာဉ်၏အာရုံ** ။ ။ လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌တည်သော သူတစ်ပါးတို့၏စိတ်ဖြစ်ပါသည်။ [ဤကား မဟာအဋ္ဌကထာဝါဒ] * သင်ဟဆရာတို့အလို ခန္ဓာ ၄-ပါးလုံးသည် ပရစိတ္တဝိဇာနန အဘိညာဉ်၏အာရုံဖြစ်သည်-ဟု ဆိုပါသည်။

၄။ ➢ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၏အာရုံ** ။ ။ ရှေး၌နေအပ်ခဲ့ဘူးသော ခန္ဓာ, ခန္ဓာနှင့်စပ်သော အမည်အနွယ် နိဗ္ဗာန်အာရုံများ ဖြစ်သည်။

http://www.dhammadownload.com

၅။ ➢ **ဒိဗ္ဗစက္ခုအဘိညာဉ်၏အာရုံ** ။ ။ ပစ္စုပ္ပန်ရူပါရုံ ဖြစ်ပါသည်။

➢ **ယထာရဟ မစ္ဆတိ–ဠ် ယထာရဟံ အဓိပ္ပါယ်** ။ ။ ထိုထိုပရိကံအားလျော်စွာ ဖြစ်ခြင်းသည် ယထာရဟံ မည်ပါသည်။

➢ **ဣဒ္ဓိဝိဓံ–စဇော စကားရပ်ကို မိန့်ဆိုရကျိုး** ။ ။ အာရုံတို့၏ အပြားအားဖြင့် အဘိညာဉ်အပြားကို ပြခြင်းအကျိုးငှာ "ဣဒ္ဓိဝိဓံ" စသော စကားရပ်ကို မိန့်ဆိုသည်။

➢ **အဘိညာဉ် ၅–ပါး ပြားရခြင်းအကြောင်း** ။ ။ အာရုံ ၅-မျိုးပြားသောကြောင့် အဘိညာဉ် ၅-ပါး ပြားရပါသည်။

➢ **အဘိညာဉ် ၅–ပါး အဓိပ္ပါယ်** ။ ။ ၁။ အဓိဌာန်-အစရှိသော တန်ခိုးအပြားရှိသော အဘိညာဉ်သည် " **ဣဒ္ဓိဝိဓအဘိညာဉ်** "မည်ပါသည်။

၂။ နတ်တို့၏ ပသာဒသောတနှင့်တူသောကြောင့်ရင်း, ဒိဗ္ဗဝိဟာရကိုမှီသောကြောင့်ရင်း " **ဒိဗ္ဗ** " မည်ပါသည်။ * နတ်နားကဲ့သို့ အဝေးမှအသံကိုကြားစွမ်းနိုင်သော အဘိညာဉ်သည် " **ဒိဗ္ဗသောတအဘိညာဉ်** " မည်ပါသည်။

၃။ သူတစ်ပါးစိတ်ကို သိကြောင်းဖြစ်သော အဘိညာဉ်သည် "**ပရစိတ္တဝိဇာနနာ အဘိညာဉ်**" မည်ပါသည်။

၄။ မိမိသန္တာန်၌ နေအပ်ခဲ့ဘူးသော ခန္ဓာ၏အစွမ်းဖြင့်ရင်း, ဂေါစရနိဝါသ၏အစွမ်းဖြင့်ရင်း, အတိတ်ဘဝ၌ နေအပ်ခဲ့ဘူးသော ခန္ဓာ-စသည်တို့ကို အောက်မေ့နိုင်သော အဘိညာဉ်သည် " **ပုဗ္ဗေနိဝါသုဿတိအဘိညာဉ်** " မည်ပါသည်။

၅။ နတ်တို့၏ပသာဒစက္ခုနှင့်တူသောကြောင့်ရင်း, ဒိဗ္ဗဝိဟာရကိုမှီသောကြောင့်ရင်း " **ဒိဗ္ဗ** " မည်ပါသည်။ * နတ်တို့၏မျက်စိကဲ့သို့ အဝေးမှရူပါရုံကိုမြင်နိုင်စွမ်းသော အဘိညာဉ်သည် " **ဒိဗ္ဗစက္ခုအဘိညာဉ်** " မည်ပါသည်။

➢ **ဒိဗ္ဗစက္ခုအဘိညာဉ်၏အစွမ်းဖြင့်ပြီးသော အဘိညာဏ်များ** ။ ။ ယထာကမ္မူပဂအဘိညာဉ်, အနာဂတံသအဘိညာဉ်-တို့ ဖြစ်ပါသည်။

➢ **စုတူပပါတဉာဏ်မူသည်** ။ ။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ခေါ်ပါသည်။

[ယထာကမ္မူပဂဉာဏ်, အနာဂတံသဉာဏ်တို့သည်လည်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သာလျှင် ပြီးစီးကြ၏။ ထိုဉာဏ်တို့အား သီးခြားပရိကံမရှိပါ။]

➢ **စုတူပပါတဉာဏ်ကို သီးခြား မပြဆိုရခြင်းအကြောင်း** ။ ။ စုတိ, ပဋိသန္ဓေတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ပင် သိအပ်သည်ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟု ခေါ်ဆိုရသောကြောင့် စုတူပပါတဉာဏ်ကို သီးခြား မပြဆိုပါ။

➢ **စုတူပပါတဉာဏ်, ယထာကမ္မူပဂဉာဏ်, အနာဂတံသဉာဏ်တို့ မပြဆိုရခြင်းအကြောင်း** ။ ။ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်-ဟု ခေါ်ဆိုရသောကြောင့်ရင်း,

http://www.dhammadownload.com

ယထာကမ္မူပဂညာဏ်, အနာဂတ်သညာဏ်တို့သည် ၎င်းတို့၏ပရိကံ အသီးအခြားမရှိ၊ ဒိဗ္ဗစက္ခုအဘိညာဉ်၏အစွမ်းဖြင့်သာလျှင် ပြည့်စုံသည်ဖြစ်၍ ဒိဗ္ဗစက္ခုညာဏ်၌ အကျုံးဝင်ပြီးဖြစ်သောကြောင့်၎င်း, မပြဆိုခြင်း ဖြစ်ပါသည်။

➢ **အနာဂတ်သအဘိညာဉ်၏အာရုံ** ။ ။ အနာဂတ်သ အဘိညာဉ်သည် အနာဂတ်-၌ ၇-ရက်မှနောက်၌ ဖြစ်လတ္တံ့သော အမှတ်မရှိသောတရားကိုလည်း ဒုတိယနေ့မှစ၍ ဖြစ်လတံ့သော အမှတ်မရှိသော တရားကိုလည်း အာရုံပြုသည်။

➢ **သဗ္ဗညုတညာဏ်နှင့် အလားတူသော ညာဏ်** ။ ။ အနာဂတ်သညာဏ် (၀၊) အနာဂတ်သအဘိညာဉ်သည် မိမိဆိုင်ရာအာရုံ၌ သဗ္ဗညုတညာဏ်နှင့် အလားတူသော ညာဏ် ဖြစ်ပါသည်။

➢ **ယထာကမ္မူပဂအဘိညာဉ်၏အာရုံ** ။ ။ ယထာကမ္မူပဂအဘိညာဉ်သည် ကုသိုလ်, အကုသိုလ်, စေတနာကိုလည်း, နာမ်ခန္ဓာ ၄-ပါးကိုလည်း, အာရုံပြုပါသည်။

➢ **သမထကမ္မဋ္ဌာန်းနည်း၌ မဂ်ဖိုလ်ရပုံ နည်းလမ်းကို မပြခြင်းအကြောင်း**

သမထကမ္မဋ္ဌာန်းသည် လောကီစျာန်နှင့် လောကီအဘိညာဉ်ကိုသာ ရနိုင်သော စွမ်းရည်သတ္တိရှိသောကြောင့် သမထကမ္မဋ္ဌာန်းနည်း၌ မဂ်ဖိုလ်ရပုံ နည်းလမ်းကို မပြပါ။

➢ **ဝိပဿနာ ကမ္မဋ္ဌာန်း**

➢ **ဝိသုဒ္ဓိဘေဒ အတွင်**

➢ **ဝိပဿနာ ဓေါ်ပုံ** ။ ။ အနိစ္စ-စသည်၏ အစွမ်းအားဖြင့် အထူးထူးသော အပြားအားဖြင့် ရှုတတ်သောကြောင့် "ဝိပဿနာ" ဟု ခေါ်ပါသည်။

➢ **ဝိပဿနာ–အရ** ။ ။ အနိစ္စာနုပဿနာ-စသော ဘာဝနာပညာကို ယူရမည်။

➢ **ဝိပဿနာကမ္မဋ္ဌာန်း မည်ပုံ** ။ ။ ဝိပဿနာ၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်း မည်ပါသည်။ **တစ်နည်း---** ရှေးရှေးဝိပဿနာသည်ပင် နောက်နောက် အားထုတ်မှု၏တည်ရာအခြေခံအကြောင်းဖြစ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်း မည်ပါသည်။

➢ **အနိစ္စလက္ခဏာ မည်ပုံ** ။ ။ မမြဲခြင်း အမှတ်အသားသည် အနိစ္စလက္ခဏာ မည်ပါသည်။

➢ **အနိစ္စလက္ခဏ–၌ အနိစ္စ–ဟူသည်** ▪ ခန္ဓာ ၅-ပါး ဖြစ်ပါသည်။

➢ **အနိစ္စတာ–ဟူသည်** ▪ ထိုခန္ဓာ ၅-ပါးတို့၏ အမြဲမရှိသည်၏အဖြစ် ဖြစ်သည်။

➢ **အနိစ္စလက္ခဏာ–ဟူသည်** ▪ ထိုခန္ဓာ ၅-ပါးတို့၏ အမြဲမရှိသည်၏အဖြစ် ပင်ဖြစ်ပါသည်။

➢ **အနိစ္စလက္ခဏ–၌ အနိစ္စ–အရ** ။ ။ အနိစ္စ-သဒ္ဒါသည် ဘာဝပွတနပုဒ် ဖြစ်

http://www.dhammadownload.com

သောကြောင့် ခန္ဓာ ၅-ပါးတို့၏ မမြဲသည်၏အဖြစ်ဟူသော "အနိစ္စတာ"ကို ယူရမည်။

➢ **ဒုက္ခလက္ခဏာ မည်ပုံ** ။ ။ ဖြစ်ခြင်း, ပျက်ခြင်း, နှိပ်စက်ခြင်း-ဟု ဆိုအပ်သော ဒုက္ခအဖြစ်သည်သာလျှင် မှတ်သားထိုက်သော သဘောဖြစ်သောကြောင့် ဒုက္ခလက္ခဏာ မည်ပါသည်။

➢ **အနတ္တလက္ခဏာ မည်ပုံ** ။ ။ တိတ္ထိတို့ကြံဆအပ်သော အတ္တမရှိသောကြောင့် **အနတ္တ** မည်ပါသည်။ အတ္တမရှိသည်၏အဖြစ်ဟူသော အမှတ်အသားသည် **အနတ္တ**လက္ခဏာ မည်ပါသည်။

➢ **အနတ္တလက္ခဏ-၌ အတ္တ ၂-မျိုး** ။ ။ (၁) ပရမရိကပ္ပိတအတ္တ • သာသနာဝင် ပုဂ္ဂိုလ်တို့မှ တစ်ပါးသော တိတ္ထိတို့သည် ကြံဆအပ်သော အတ္တ။ (၂)ဝေါဟာရအတ္တ• အတ္တာ ဟိ အတ္တနော နာထော-စသည်ဖြင့် ဘုရားရှင် ဟောကြားတော်မူအပ်သော ပြောရိုးဆိုစဉ် အတ္တ-တို့ ဖြစ်ပါသည်။

➢ **အနိစ္စာနုပဿနာ မည်ပုံ** ။ ။ အနိစ္စ-ဟု အဖန်ဖန်ရှုခြင်းသည် **အနိစ္စာနုပဿနာ** မည်ပါသည်။

➢ **ဒုက္ခာနုပဿနာ မည်ပုံ** ။ ။ ဒုက္ခ-ဟု အဖန်ဖန်ရှုခြင်းသည် **ဒုက္ခာနုပဿနာ** မည်ပါသည်။

➢ **အနတ္တာနုပဿနာ မည်ပုံ** ။ ။ အနတ္တ-ဟု အဖန်ဖန်ရှုခြင်းသည် **အနတ္တာနုပဿနာ** မည်ပါသည်။

➢ **သမ္မသနဉာဏ် မည်ပုံ** ။ ။ ခန္ဓာ-စသည်တို့ကို အပေါင်းအစည်းအားဖြင့် သုံးသပ်သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် "**သမ္မသနဉာဏ်**" မည်ပါသည်။

➢ **ဥဒယဗ္ဗယဉာဏ် မည်ပုံ** ။ ။ ဥပါဒ်ဘင်ကို အဖန်ဖန်ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် "**ဥဒယဗ္ဗယဉာဏ်**" မည်ပါသည်။

➢ **ဘင်ဉာဏ် မည်ပုံ** ။ ။ ဖြစ်ခြင်းဥပါဒ်ကို လွှတ်၍ ပျက်ခြင်းဘင်၌ ဖြစ်သောဉာဏ်သည် "**ဘင်ဉာဏ်**" မည်ပါသည်။

➢ **ဘယဉာဏ် မည်ပုံ** ။ ။ သင်္ခါရတရားတို့ကို ဘေးအားဖြင့် အဖန်ဖန် ရှုသည်၏အစွမ်းအားဖြင့် ဖြစ်သောဉာဏ်သည် "**ဘယဉာဏ်**" မည်ပါသည်။

➢ **အာဒီနဝဉာဏ် မည်ပုံ** ။ ။ မြင်အပ်သော ဘေးရှိသော သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **အာဒီနဝဉာဏ်** မည်ပါသည်။

➢ **နိဗ္ဗိဒါဉာဏ် မည်ပုံ** ။ ။ မြင်အပ်သော သင်္ခါရတို့၌ ငြီးငွေ့သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် "**နိဗ္ဗိဒါဉာဏ်**" မည်ပါသည်။

➢ **မုစ္စိတုကမ္မတာဉာဏ် မည်ပုံ** ။ ။ ငြီးငွေ့၍ သင်္ခါရတို့မှ လွှတ်လိုသည်၏

http://www.dhammadownload.com

အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် "မုန်စွိတုကမျတာဉာဏ်" မည်ပါသည်။

